သုဘာသုတ၊ မူလပဝတ္တိ၊ ကိန်း၊ ဗိုဟ်အဆင့်၊ ဟောဆိုခွင့်ကို၊
မလင့်မဆိုင်း၊ ဉာဏ်မြင့်ပိုင်း၊ ရုံ့ ဟုတ်တိုင်းမှန်ရာ၊
ဟောပြောနိုင်စေခြင်း အကျိုးငှါ၊

ဗေဒဝိဇ္ဇာဆရာကြီးသည်

အသီးသီးသော ဂြိုဟ်၊ ဟစ်၊ ရာဇမတ္တန် ကျမ်းဝေဒလ်တို့မှ၊
ဆန်းဘက်အသစ်၊ အဆီအနှစ်တို့ကို
ယူညှစ်ထုတ်နုတ်ပြီးခါ၊ ပေါ်လွင်စွာ ကာဗျာစကားတို့ဖြင့်
ရေးသားစီရင်အပ်သော

ဗေဒဝိဇ္ဇာလင်္ကာရကျမ်း

စာအုပ်ပိုင်ရှင်၊ ကိုစိန်မြင့်-မသန်း၊
သင်္ကန်း၊ ပရိက္ခရာ နှင့် စာအုပ် ကုန်သည်။

အတိုး (၁၀)

မူပိုင်ရှင် ဗေဒဝိဇ္ဇာဆရာကြီး။
၁၃၄၃-ခု၊ တော်သလင်းလ (၈၂)ကြိမ်မြောက် ပုံနှိပ်သည်။

စာအုပ်မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေ ခွင့်ပြုလက်မှတ်
အမှတ် (၆၇၇)

ကျိုဘင်ပုံနှိပ်ထုတ်ဝေခွင့်ပြု လက်မှတ် အမှတ် (၃၄၀)

ထုတ်ဝေသူ — ဦးမျိုးမြင့်၊ (မြ-၀၁၄၈၉) ခနဝတီစာပေတိုက်
မာကလာခြံရပ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊
မန္တလေး။

ပုံနှိပ်သူ — ဦးမျိုးမြင့်၊ (မြ-၀၁၃၅၅) ခနဝတီ ပုံနှိပ်တိုက်
မာကလာခြံရပ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊
မန္တလေး။

(၁၂) ကြိမ်မြောက် ပုံနှိပ်ခြင်း အုပ်ရေ (၃၀၀၀)

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ပဏာမ	၃
၂။	ဗေဒင်မည်ဖြင်းအကြောင်း	၆
၃။	မဟာဘုတ်အဟော	၁၂
၄။	ဇနကကိန်းအဟော	၁၆
၅။	သက်ရောက်ဟော	၂၅
၆။	ကေတုပကာရက် ဒသာတွက်ပုံ	၅၅
၇။	ဂြိုဟ်စား၊ဂြိုဟ်ပျက် တွက်ပုံနှင့်အဟော	၅၈
၈။	ဒသာ(၈)ပါး အကြောင်း	၆၈
၉။	ဘုမ္မိဂြိုဟ်စားအဟော	၈၁
၁၀။	သက်ရောက်ဟော တနည်း	၈၃
၁၁။	အင်္ဂဝိဇ္ဇာ သက်ရောက်ဟောကိန်း	၈၆
၁၂။	ရွှေတသိန်းစသော သက်ရောက်အဟောများ	၉၂
၁၃။	သုံးတန်ပေါ် နိစ် တွက်နည်းနှင့်အဟော	၉၇
၁၄။	စီးပွားရှာဖွေရန် အဟော	၁၂၆
၁၅။	ထီး၊တံခွန်၊စက်ရ-မရကို တွက်နည်း	၁၂၈
၁၆။	မှန်ကန်သော ထီဟောတေးထပ်	၁၂၉
၁၇။	မွေးဖွားရမည့်နေ့သားကို တွက်နည်း	၁၂၉
၁၈။	ကုန်ရောင်းဝယ် မြတ်၊မမြတ် တွက်နည်း	၁၃၀
၁၉။	သူနာအတွက် ယတြာပြုတွက်နည်း	၁၃၀
၂၀။	နေ့ရထား ကျွဲခတ်ကိန်းတွက်နည်း	၁၃၀
၂၁။	(၁၂)ရာသီခွင်ပုံနှင့် အဓိပ္ပါယ်	၁၃၁
၂၂။	ကာလမည်သော ယောကျ်ားအင်္ဂါနှင့်ဝေပုံ	၁၃၇
၂၃။	စတုရပါဒ် နက္ခတ်တည်ဟန်ပုံစံ	၁၃၈

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၄။	(၁၂)ရာသီခွင်၌ လက်နေအဟောများ	၁၄၁
၂၅။	လက်နှင့် တနင်္ဂနွေစသော ဂြိုဟ်ပူးအဟော	၁၄၇
၂၆။	(၁၂)ရာသီ၌ စန်းတည်ခြင်းအဟော	၁၄၉
၂၇။	စန်းစီးနက္ခတ်အဟော	၁၅၂
၂၈။	လူ့နတ် ဘီလူး နက္ခတ်ဖွားအဟော	၁၅၇
၂၉။	တနုအိမ်၌ ဂြိုဟ်နေအဟော	၁၅၈
၃၀။	ကဋုမ္ဗအိမ်၌ ဂြိုဟ်နေအဟော	၁၆၀
၃၁။	သဟဇအိမ်၌ ဂြိုဟ်နေအဟော	၁၆၁
၃၂။	ဗန္ဓုအိမ်၌ ဂြိုဟ်နေအဟော	၁၆၂
၃၃။	ပုတ္တရအိမ်၌ ဂြိုဟ်နေအဟော	၁၆၄
၃၄။	အာရီအိမ်၌ ဂြိုဟ်နေအဟော	၁၆၆
၃၅။	ပထနီအိမ်၌ ဂြိုဟ်နေအဟော	၁၆၇
၃၆။	မရဏအိမ်၌ ဂြိုဟ်နေအဟော	၁၆၉
၃၇။	သုဘအိမ်၌ ဂြိုဟ်နေအဟော	၁၇၀
၃၈။	ကမ္မအိမ်၌ ဂြိုဟ်နေအဟော	၁၇၂
၃၉။	လာဘအိမ်၌ ဂြိုဟ်နေအဟော	၁၇၄
၄၀။	ဗျာယအိမ်၌ ဂြိုဟ်နေအဟော	၁၇၅
၄၁။	(၁၂)ရာသီတို၏ ဆောင်စွမ်းနိုင်ခြင်း	၁၇၆
၄၂။	အရွယ်သုံးပါးကို ခွဲခြား၍ အဟော	၁၇၈
၄၃။	ဓာတ်ဆန်း၊ ဓာတ်ပျက် စသည်တွက်နည်း	၁၈၂
၄၄။	ဓာတ်ဖို၊ ဓာတ်မ၊ နံဓာတ် ရာသီအဟော	၁၈၇
၄၅။	ဂြိုဟ်တို၏ အားငါးပါးကို ခွဲခြား၍ပြပုံ	၁၈၉
၄၆။	ပကတိ အမြဲစားသော နေသင်္ကြန်ဒသာပုံ	၁၉၂

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၇။	ဂြိုဟ်တို့၏ အားကိုပြခြင်း	၁၉၃
၄၈။	ဂြိုဟ်တို့၏ မြင့်သောအတန့်ကိုပြခြင်း	၁၉၄
၄၉။	မင်း, သူဌေး, အမတ်, ရဟန်း အဟော	၁၉၆
၅၀။	ဗေသိယုဂ်ရခြင်းနှင့် ၎င်းတို့အဟော	၁၉၈
၅၁။	သုနဘာ စသော ယုဂ်တို့ အဟော	၁၉၉
၅၂။	ကာသစ်အကြောင်း	၂၀၂
၅၃။	ကာသစ်(၁၂)ပွင့်အဟော	၂၀၄
၅၄။	ကာသစ်ဟော စကားပြင်	၂၀၆
၅၅။	နေသင်္ဂက မိတ်, ရန်, ဥဒါသိန် ခွဲခြား၍ ပြပုံ	၂၀၉
၅၆။	ဥစ်အကြောင်း ဟောဆိုရန်	၂၁၂
၅၇။	ဥစ်ရ၍ ကောင်းကျိုးပေးပုံအဟော	၂၁၅
၅၈။	တြိဂုဏ်းအကြောင်း	၂၂၀
၅၉။	စမ္ဘဏ်း, ယမ္ဘဏ်း, ရွေးချယ်ရန်	၂၂၂
၆၀။	အကျော်ငါးပါး သဘောနှင့်အဟော	၂၂၄
၆၁။	ဇာတာကောင်းများ ဟောဆိုရန်လင်္ကာ	၂၂၇
၆၂။	လဂ်နှင့် ဂြိုဟ်ကွာအဟော	၂၂၇
၆၃။	ဂြိုဟ်တို့၏ နဝင်းစီးကို ရှာပုံ	၂၃၀
၆၄။	မည်မျှ အသက်ရှည်မည်ကို တွက်နည်း	၂၃၂
၆၅။	မူလရတနာပုံ တွက်နည်းနှင့်အဟော	၂၃၃
၆၆။	မင်းဖြစ်အဟော	၂၃၄
၆၇။	မင်းကတော်ဖြစ် အဟော	၂၃၅
၆၈။	ခင်ပွန်းကောင်း ရ,မရ အဟော	၂၃၆
၆၉။	မိန်းမများကို ဟောဆိုရန်	၂၃၇

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၀။	အပျို့ကြီးဇာတာ အဟော	၂၃၈
၇၁။	အိမ်ထောင်ဘက် အဟော	၂၃၉
၇၂။	ကျိုး,ကန်းခြင်းစသော ဂြိုဟ်တို့၏အဟော	၂၄၁
၇၃။	အာရီအိမ် ဂြိုဟ်နေအဟော	၂၄၄
၇၄။	မိန်းမတို့၏ ဇာတာကို ဟောဆိုရန်	၂၄၅
၇၅။	မိန်းမတို့၏ မူလဇာတာ ဂြိုဟ်နေအဟော	၂၄၉
၇၆။	မိန်းမတို့၏ မူလ လဂ်မှထောက်၍ ဂြိုဟ်အတန့်ရေ အဟော	၂၅၀
၇၇။	မိန်းမတို့၏ဇာတာ၌ တူ့မိဿာအိမ်နေသော လဂ်စသည် အဟော	၂၅၁
၇၈။	နရ,ပဿ,ကိဋ္ဌ,အမ္ဗု လဂ်အဟော	၂၅၁
၇၉။	အာယုစန်း တွက်နည်းနှင့် အဟော	၂၅၄
၈၀။	စတုရပါဒ် နက္ခတ်ပုံစံ	၂၅၅
၈၁။	သာမည အာယုစန်း အဟောလင်္ကာ	၂၅၇
၈၂။	တန့,ကဋ္ဌမ္ဗ စသည်အဟော	၂၅၇
၈၃။	အာယုစန်း,ရက်,ဥပါဒ် ဝိသေသ အဟော	၂၆၁
၈၄။	မူလ လဂ်,စန်း,ဂြိုဟ်နှင့် အာယုစန်းယှဉ်အဟော	၂၆၃
၈၅။	အာရီအိမ်၌ ဂြိုဟ်(၇)လုံး နဝင်းအဟော	၂၆၈
၈၆။	ဗျာယအိမ်၌ ဂြိုဟ်(၇)လုံးတို့ စားနဝင်းဟော	၂၇၀
၈၇။	အာယုစန်းနက္ခတ် ပါဒ်ခိုက်အကြောင်း	၂၇၁
၈၈။	နက္ခတ်(၉)ခိုင်အကြောင်း	၂၇၅
၈၉။	စားနဝင်း တွက်နည်းနှင့်ဟောပုံ	၂၈၁
၉၀။	ရက်စားနဝင်းအဟော	၂၈၂

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၉၁။	ရှစ်ပင်စန်းနက္ခတ် တွက်နည်းနှင့်ဟောပုံ	၂၈၇
၉၂။	သက်ဆစ်၊ သက်ပိုင်း တွက်နည်းနှင့်အဟော	၂၈၉
၉၃။	တိုင်၊ ဆည်၊ မိတ္တူ အဟော	၂၉၁
၉၄။	ကိုယ်လေးပါး သဘောနှင့်အဟော	၂၉၅
၉၅။	ဒိဋ္ဌမမ္မစန်း အဟော	၂၉၈
၉၆။	သုံးပင်တိုင်အဟော	၃၀၀
၉၇။	ကြိုယက်မစန်း တွက်နည်းနှင့်အဟော	၃၀၃
၉၈။	အဓိပတိတိုင်နှင့် အာယုစန်းအဟော	၃၀၇
၉၉။	နက္ခတ်(၆)ပါးအဟော	၃၀၉
၁၀၀။	ဂေါ်ဇာရတနာပုံ တွက်နည်းနှင့်အဟော	၃၁၂
၁၀၁။	အာယုစန်း(၁၀)ပါး နဝင်း(၁၀)ပါးဟော	၃၁၃
၁၀၂။	အာယုစန်းပေါ်သို့ ဂေါ်ဇာဂြိုဟ်စီးအဟော	၃၁၅
၁၀၃။	မူလလက်တွင် ဂေါ်ဇာဂြိုဟ်စီးခြင်းအဟော	၃၁၆
၁၀၄။	၁-နေ့၊ အင်္ဂါ ရန်ဂြိုဟ်ချင်းအစီးနင်းဟော	၃၂၀
၁၀၅။	တနင်္လာနှင့် ကြာသပတေး ရင်း	၃၂၁
၁၀၆။	သောကြာနှင့် စနေ ရင်း	၃၂၁
၁၀၇။	ဗုဒ္ဓဟူးနှင့် ရာဟု ရင်း	၃၂၂
၁၀၈။	၁-နေ့နှင့် ၅-တေး မိတ်ဂြိုဟ်စီးအဟော	၃၂၂
၁၀၉။	တနင်္လာနှင့် ဗုဒ္ဓဟူး ရင်း	၃၂၃
၁၁၀။	တရာသီတွင် ဂြိုဟ်(၈)လုံးတို့တည်နေကြဟန်	၃၂၃
၁၁၁။	တနင်္ဂနွေချင်း အစီးအနင်းဟော	၃၂၄
၁၁၂။	တနင်္လာချင်း အစီးအနင်းဟော	၃၂၄
၁၁၃။	အင်္ဂါချင်း အစီးအနင်းဟော	၃၂၅

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁၄။	ဗုဒ္ဓဟူးချင်း အစီးအနင်းဟော	၃၂၆
၁၁၅။	ကြာသပတေးချင်း အစီးအနင်းဟော	၃၂၆
၁၁၆။	သောကြာချင်း အစီးအနင်းဟော	၃၂၇
၁၁၇။	စနေချင်း အစီးအနင်းဟော	၃၂၈
၁၁၈။	ရာဟုချင်း အစီးအနင်းဟော	၃၂၉
၁၁၉။	မူလဂြိုဟ်(၈)လုံးတွင် တနင်္ဂနွေစီးအဟော	၃၃၀
၁၂၀။	၎င်း တနင်းလာစီးအဟော	၃၃၂
၁၂၁။	၎င်း အင်္ဂါစီးအဟော	၃၃၃
၁၂၂။	၎င်း ဗုဒ္ဓဟူးစီးအဟော	၃၃၄
၁၂၃။	၎င်း ကြာသပတေးစီး အဟော	၃၃၅
၁၂၄။	၎င်း သောကြာစီး အဟော	၃၃၆
၁၂၅။	၎င်း စနေစီး အဟော	၃၃၇
၁၂၆။	၎င်း ရာဟုစီး အဟော	၃၃၈
၁၂၇။	ဥဒါသိန်ဂြိုဟ်ချင်း အစီးအနင်းဟော	၃၃၉
၁၂၈။	လက်၊စန်း၊စသည်၌ ဂေါဇာရာဟု သံဒေါင်းစီး အဟော	၃၄၃
၁၂၉။	ထိမ်းမြားသင့်မထိမ်းမြားသင့်လ ရွေးနည်း	၃၄၄
၁၃၀။	အိမ်ထောင်ပြုသင့် မပြုသင့် လက်ရွေးနည်း	၃၄၄
၁၃၁။	နက္ခတ္တိက မဟာဒသာအဟော	၃၄၅
၁၃၂။	အန္တရဒသာ တွက်နည်း	၃၄၇
၁၃၃။	သာဝနအသက်တွက်ပုံ	၃၄၇
၁၃၄။	နက္ခတ္တိက သထူလဂြိုဟ်ဒသာစား အဟော	၃၄၈
၁၃၅။	နိဂုံး	၃၅၁

နိဒါန်း

ဤလောက၌ အနုတ္တရထွဋ်ထား ဘုရား ရှေ့ဉာဏ်တော်က လွှဲလျှင်၊ ပျံ့ဝဲကောင်းကင် အဘိညာဉ်ဖြင့် ဝန်းကျင်လောကဓာတ် နက္ခတ်နေလ၊ ဂြိုဟ်တာရာအဖြာဖြာတို့ကို ကောင်းစွာဒိဋ္ဌ သိမြင်တော်မူကြသော၊ တာပသမုနေ့ ရသေ့ ရှစ်သောင်းအရှင်ကောင်းတို့၏ ရှေးနှောင်းနိုင်းညှိ မြင်သိကြေန် ဝေဒဉာဏ်သည် အထက်သန့်ဆုံး ပညာရပ်ကြီးဖြစ်ရကား၊ ဘုရားလောင်းလျာ သုမေဓာမှ အရင်းစ၍ ဘဝတိုင်းပင်အတတ်ပညာသင်ရာတွင် ဗေဒင်သုံးပုံကို လက်မလွှတ်၊ အထွက်တိုင်လတ် ကမ်းတဖက် ကူးခတ်အောင် ထူးမြတ်စွာ သင်ကြားတော်မူလေ့ရှိကြလေသည်။

ဤသို့လျှင် ကမ္ဘာဦးမှ အစထင်လင်း၊ ဤလောက အတွင်းဝယ် ခပင်းရှင်လို ပညာတတ်ဖြစ်လိုသူတို့ ရေးယူအားခဲ သင်ကြားလေ့ လာမြဲဖြစ်သော ဗေဒင်ပညာကို အခါမဖင့် ကြာမမြင့်ပဲ၊ လွယ်လင့်တကူ သူသူ ငါငါ တကျမ်းတည်း ကြည့်ရှုကာဖြင့် ကောင်းစွာစုံလင်သိမြင်ထိုးထွင်းတတ်မြောက်ခြင်းရှိကြပါစေရန် ရည်သန်ချင့်မှိုး အကျွန်ုပ် "ဗေဒဝိဇ္ဇာဆရာကြီးသည်" အပြီးပိုင်နိုင် လက်ကိုင်အမြဲ များသုံးစွဲဘို့ လွန်ကဲစေတနာ သမ္မာဆန္ဒ ပုဗ္ဗင်္ဂမ မနော ယောနိသောဖြင့် အဟောအစ္ဆရိ အံ့ဘွယ်ရှိလှသော မိပတိဂုဏ် ဆန့်စုန် ကောင်းကင် စျာန်ယာဉ်ပျော်မွေ့ ရှစ်သောင်း

နိဒါန်း

ကျော်ရသော့တို့ ကိုယ်တွေ့ထင်ရှား အသီးသီးရေးသားတော်မူခဲ့ကြသော ထူးခြားနက်နဲ ခက်ခဲမှန်မြတ် ဗြို့ဟာဇ်, ရာဇမတ္တဏ်များပြားစွာသော ကျမ်းဂန်တို့မှ ဝေဘန်ရွေးချယ် သိမှတ်ဖွယ်လမ်း အရေးကြီးသမျှ ကိန်းခန်းတို့ကို တကျမ်းတည်းဖြင့် ပေါင်းစည်း ထူးလည် "ဗေဒဝိဇ္ဇာ လက်ာရကျမ်း" ဟူသော အမည်ဖြင့် စိတ်ကြည်ရွှင်ပြုံး အများသုံးကြစေရန် စာလုံး,မင်ကျ လှပ သေသပ် ဘိလပ်စက္ကူကောင်းအပြင်တွင် စက်တင်ပုံနှိပ်ခြင်း ပြုလိုက်ပါသည်။

ဗေဒင်ဘက် ဆိုင်ရာတွင် သမ္ဘာ ထူးလှသည့် ကမ္ဘာဦးကသိကြား, ဗြဟ္မာတို့တောင် အနားလာ၍ ခုံတင်ကြရသည့် ဂုဏ်အထင်ကရ ကဝေါလမိုင်းတို့လို ဇာတာတိုင်း လတ်တလောဖြင့် အတတ်ဟောနိုင်သည့် အခြေမကြာရောက်လျက် ကာဝေပါမောက်တံခွန်စိုက် တဦးဖြစ်ရအောင် အထူးမလစ် အားထုတ် ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

ကောဒသမအကြိမ်ရိုက်နှိပ်သော ဤဗေဒဝိဇ္ဇာလင်္ကာရကျမ်းမှာ ယခင်ရိုက်နှိပ်ပြီးစာအုပ်များထက်ပိုမိုစုံလင်နိုင်စေရန် စာမျက်နှာနံပါတ်များ ပိုမိုတိုးချဲ့ထားသည်ကတကြောင်း၊ စက္ကူဈေးနှုန်းများ အဆမတန် ပိုမို ကြီးလာသည်က တကြောင်းတို့ကြောင့် မူလ ရောင်းရင်းငွေထက် အနည်းငယ် ပိုထားရခြင်းဖြစ်ပါကြောင်း။

ဗေဒဝိဇ္ဇာဆရာကြီး

ဗေဒဝိဇ္ဇာလက်ခရကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

ဝေဒတ္တယေ ပါရဂ်တော၊
သဗ္ဗညူ မုနိဇေဋ္ဌကော။
လောကဝိဒူ ဘူရိပညော၊
ဇိနော ဒေတု ဝရံ မမ။ ။

ဝေဒတ္တယေ၊ သာမ, ယဇု, ဣရုသျှ, အာတပ္ပန, နာမလေးခဏ်း ဗေဒင်ကျမ်းတို့၌။ ပါရဂ်တော၊ ကမ်းတဘက်ရောက် တတ်မြောက်တော်မူထသော။ သဗ္ဗညူ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော် မူပြီးထသော။ မုနိဇေဋ္ဌကော၊ အဘိညာဉ် ဈာန်ရ အဋ္ဌက, ဝါမက စသည်များစွာ သာသနာပ ရသေ့ ဆရာတို့ထက် ဆထက်လွန်ကြူး အထူးသဖြင့် မြတ်တော်မူထသော။ ဝါ၊ မုနိ ငါးပါးတို့ထက် ဆထက်လွန်ကြူး အထူးသဖြင့် မြတ်တော်မူထ

သော။ လောကဝိဒူ၊ နက္ခတ်တာရာ ကမ္ဘာလောကခေါတ် မလပ် ဥဒဟို မြင့်မိုရ်သတ္တရဘန် တဖန်နေ့လ ခပ်သိမ်းသော လောက၏ အကြောင်းကို သိတော်မူပြီးထသော။ ဘူရိပညော၊ မြေကြီးအထု ကဲ့သို့ နှိုင်းတုစရာကြီးကျယ်သော ဉာဏ်ပညာရှိတော် မူထသော။ ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မမ၊ ဗေဒင်ကျမ်းကို ကြိုးပမ်းသမှု ရေးပြု ပါငြား အကျွန်ုပ် ဗေဒဝိဇ္ဇာဆရာကြီးအား။ ဝရံ၊ အန္တရာယ် ကင်းပျောက် ကျမ်း ပြီးမြောက်၍ ကျိုးရောက်မင်္ဂလာ မြင့်မြတ်သော အောင်ချမ်း သာကို။ ဒေတု၊ ခဏလျင်စွာ ပေးတော်မူပါစေသတည်း။

ဤ ဂါထာဖြင့် ဗုဒ္ဓ ဓမ္မသံဃာ ကို သာ ပြသော်ငြားလည်း ကြွင်းကျန်သော ဓမ္မ သံဃာများတို့ကို ထောမနာအမှု ပြု၏ ဟူ၍ လည်း မှတ်လိုက်ကြပါကုန်။

ပုရာတနေဟိ ဝေဒေဟိ၊
ဥဒ္ဓရိတွာ သုနိစ္ဆယံ။
ဗေဒင်္ဂ ပကာသိ၊
သုဘာသုဘပကာသကံ။ ။

ပုရာတနေဟိ၊ ကမ္ဘာအစ ရှေးကာလက ပဓာနအစစ် ပေါ် ဖြစ်၍လာကြကုန်သော။ ဝေဒေဟိ၊ ဗြိဟ်ဟာင့်၊ ထုဇမတ္တက်၊ သုရိယ သိဒ္ဓန္တ အစရှိသော အထူးထူးသော ဗေဒင်ကျမ်းကြီး ကျမ်းခိုင် တို့မှ။ သုနိစ္ဆယံ၊ မှန်ကန်တည့်မတ် ကောင်း မြတ်သော အဆုံး အဖြတ် ဟောပုံ နည်းမျိုးစုံကို။ ဥဒ္ဓရိတွာ၊ ပေ့ခါမရှုပ် သေအချာ ထုတ်နုတ်၍။ သုဘာသုဘပကာသကံ၊ ကောင်းမည်မကောင်းမည်

နှစ်လီနှစ်ဝ ဟောဆိုဘော်ပြတတ်သော်။ ဗေဒဝိဇ္ဇာ၊ (ဗေဒဝိဇ္ဇာ လင်္ကာရကျမ်း) ကို။ ပဝက္ခာမိ၊ ဘွေးခမြှော်သနား ရေးဘော် ကြား၍ ထူးခြားသေချာ မြွက်ဆိုပါ၍ ပြလိုက်ပါ၊ တဘ့်အံ့။

ဤ ဂါထာဖြင့် ရှေးရှေး ကာလ ခါသမယက တာပသ ရှင်ရသေ့တို့ အစဉ်မလေ့ ကိုးပမ်းခဲ့သည့် အစောင်စောင်သော ဗေဒင်ကျမ်းကြီးများကို မှိုင်ငြမ်းတခု ပြုကြီးပြုလျက်၊ ယခုအခါ များစွာဖုံဖုံဗေဒင်ကျမ်းအစုံတို့မှ ကောင်းစွာစီစဉ် တီထွင်မယုတ် အသင့်ထုတ်ပြီးလျှင် လောကီ၏အစီးအပွားကို လိုလားတောင့်တ ကြကုန်သောအမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏စီးပွား ဥစ္စာ လယ်ယာချောင်းမြောင်းကောင်း မကောင်းစသည်၊ ရာထူး ရာခံ ဌာနန်ပွင့်လင်း မပွင့်လင်းစသည်၊ ဘေးဥပဒ် ကင်းမကင်း၊ စုတ်လတ်ဝင် မဝင်၊ အလုပ်အကိုင် ဖြစ် မဖြစ်စသည်တို့ကိုသိမြင် မှန်းဆ ကျမ်းအရဖြင့် ပြောရ ဟောပြနိုင်ခြင်း၏ အကြောင်း စိတ်ကောင်း ပဏိမိ ရှိသည်အားလျော်စွာ ဗေဒဝိဇ္ဇာလင်္ကာရ မည်သော ကျမ်းကို ကျွန်ုပ် (ဗေဒဝိဇ္ဇာဆရာကြီး)က ထင်ရှား ပေါ်လွင် ရေးသားစီရင်အံ့ဟု ပဏ္ဏာမနှင့်တကွ ပဋိညာဉ်ကိုပြဆို သော စကားရပ်များ ဟူ၍သာ မှတ်သားသတိပြု အပ်လှပေ သတည်း။

ဗေဒင် မည်ခြင်း၏ အကြောင်း

ဗေဒင်ဟူသည် သိကြောင်းဖြစ်သောဉာဏ်ပညာဟုအဓိပ္ပါယ်ရသော 'ဝေဒ'ဟူသောမာဂဓဘာသာမှ(ဝ)နှင့်(ဗ)ကို သဒ္ဒါနည်းအရ ပြောင်းလဲ၍ (ဗေဒင်) ဟု မြန်မာဘာသာအားဖြင့် ခေါ်တွင်ဘို့ရာ ဖြစ်လာရလေသည်။

၎င်း ဗေဒင်ကျမ်းကို ကောင်းစွာကျွမ်းကျင် သိမြင် တတ်မြောက် လိမ္မာခြင်းအဖြစ်သို့ ရောက်ရှိသော ပုဂ္ဂိုလ်သည်လူတဦးတယောက်၏ ရှေးဖြစ်နောက်ကြောင်း ကောင်းမကောင်းစသည်များကို ထုတ်ဘော်ညွှန်ပြ အတိညာဉ်ဈာန်ရသလို ဟောပြောပြသနိုင်သော စွမ်းရည်သတ္တိ တစိတ်တဒေသရှိလေသည်။

သို့ကြောင့် အတတ်ကြီး (၁၈)ရပ်တွင်လည်း တပါး အပါအဝင်ဖြစ်သဖြင့် ဤဗေဒင်ပညာကို ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့မှ ကြွင်းသော ပုထုဇ္ဇန် ရှင်လူခပင်းတို့သည် မချို့မယွင်းသော နည်းမှန်လမ်း ကျဖြင့် မုချတတ်သင့်တတ်ထိုက်သော ပညာရပ်တခုအစစ်ဖြစ်သည်အားလျော်စွာ အကျွန်ုပ်(ဗေဒဝိဇ္ဇာဆရာကြီး)သည်ဗေဒင်ပညာကို လိုလားကြကုန်သောပုဂ္ဂိုလ်တို့၏ အကျိုးငှါ ဤ "ဗေဒဝိဇ္ဇာလင်္ကာရ" မည်သော ကျမ်းကို ထင်လင်းသေချာစွာ ဗေဒင်ကိန်း အဖြာဖြာတို့ကို ရှုပ်ထွေးခြင်း မရှိရအောင် တကန့်စီတကန့်စီ ပိုင်းခြား၍ ရေးသားဖော်ပြပေအံ့သတည်း။

ရှေးဦးစွာ လေ့ကျင့်ရန်

ဗေဒင်ပညာကို မလေ့လာဘူးသေးသူ ဟူသမျှတို့သည် ရှေးဦး အစ ပထမ၌ အလေးတမူ မှတ်ယူဘို့ရန်များကို ရေးသား ဘော်ပြလိုက်ပေဦးအံ့။

(၁) တစ် — တနင်္ဂနွေဂြိုဟ်။
(၂) နှစ် — တနင်္လာဂြိုဟ်။
(၃) သုံး — အင်္ဂါဂြိုဟ်။
(၄) လေး — ဗုဒ္ဓဟူးဂြိုဟ်။
(၅) ငါး — ကြာသပတေးဂြိုဟ်။
(၆) ခြောက် — သောကြာဂြိုဟ်။
(၇) ခုနစ် — စနေဂြိုဟ်။

ဗေဒင်ကျမ်း၌ ၇-ကို (၀)သုညဟု ရေးရသည်။ (၈) ရာဟု ဂြိုဟ်၊ နေ့အားဖြင့် (ခုနစ်နေ့သာ ရှိသော်လည်း) ၎င်းရာဟုကို ဗုဒ္ဓဟူးနေ့ မွန်းလွဲကာဇ၍ သန်းခေါင်တိုင်အောင် မှတ်ယူရမည်။

က ခ ဂ ဃ င	(တနင်္လာ)	၂-ခု သင်္ချာ။
စ ဆ ဇ ဈ ည	(အင်္ဂါ)	၃ ။
ဋ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န	(စနေ)	၀ ။
ပ ဖ ဗ ဘ မ	(ကြာသပတေး)	၅ ။
ယ ရ လ ဝ	(ဗုဒ္ဓဟူး)	၄ ။
သ ဟ	(သောကြာ)	၆ ။
အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား	(တနင်္ဂနွေ)	၁-ခု သင်္ချာ။

ဂြိုဟ်တို့၏ ပရိယာယ်

(၁) တနင်္ဂနွေဂြိုဟ်ကို သတ္တဝါတို့အမည်အားဖြင့်(ဂဠုန်)၊ အရပ်အမည်အားဖြင့် (အရှေ့မြောက်အရပ်)၊ ဂြိုဟ်သက်အားဖြင့် (ခြောက်နှစ်)ရှိသည်။

(၂) တနင်္လာဂြိုဟ်ကို သတ္တဝါအမည်အားဖြင့်(ကျား)၊ အရပ်အမည်အားဖြင့် (အရှေ့စူးစူးအရပ်)၊ ဂြိုဟ်သက်အားဖြင့် (တဆယ့်ငါးနှစ်)ရှိသည်။

(၃) အင်္ဂါဂြိုဟ်ကို သတ္တဝါ အမည်အားဖြင့် (ခြင်္သေ့)၊ အရပ်အမည်အားဖြင့် (အရှေ့တောင်အရပ်)၊ ဂြိုဟ်သက်အားဖြင့် (ရှစ်နှစ်)ရှိသည်။

(၄) ဗုဒ္ဓဟူးဂြိုဟ်ကို သတ္တဝါအမည်အားဖြင့် (စွယ်စုံဆင်)၊ အရပ်အမည်အားဖြင့် (တောင်စူးစူးအရပ်)၊ ဂြိုဟ်သက်အားဖြင့် (တဆယ့်ခုနစ်နှစ်)ရှိသည်။

(၅) ကြာသပတေးဂြိုဟ်ကိုသတ္တဝါအမည်အားဖြင့်(ကြွက်) အရပ်အမည်အားဖြင့် (အနောက်စူးစူးအရပ်)၊ ဂြိုဟ်သက်အားဖြင့် (တဆယ့်ကိုးနှစ်)ရှိသည်။

(၆) သောကြာဂြိုဟ်ကို သတ္တဝါအမည်အားဖြင့် (ပူး)၊ အရပ်အမည်အားဖြင့် (မြောက်စူးစူးအရပ်)၊ ဂြိုဟ်သက်အားဖြင့် (နှစ်ဆယ့်တနှစ်)ရှိသည်။

(၀) စနေဂြိုဟ်ကို သတ္တဝါအမည်အားဖြင့်(နဂါး)၊ အရပ်အမည်အားဖြင့် (အနောက်တောင်အရပ်) ဂြိုဟ်သက်အားဖြင့် (ဆယ်နှစ်)ရှိသည်။

(၈) ရာဟု ဂြိုဟ်ကို သတ္တဝါ အမည်အားဖြင့် (ဟိုင်း)၊ (ဟိုင်းဆိုသည်ကား အစွယ်မပေါက်သော ဆင်ကိုပင်ခေါ်သည်)၊ အရပ်အားဖြင့် (အနောက်မြောက်အရပ်)၊ ဂြိုဟ်သက်အားဖြင့် (တဆယ့်နှစ်နှစ်) ရှိသည်။

(၆) သောကြာဂြိုဟ်ကို သင်္ကေတဝါ အမည် အားဖြင့် (ပုး)၊ အရပ်အမည်အားဖြင့် (မြောက်စူးစူးအရပ်)၊ ဂြိုဟ်သက်အားဖြင့် (နှစ်ဆယ့်တနှစ်) ရှိသည်ဟူ၍ အသီးသီးမှတ်ယူအပ်ကုန်၏။

ရင်းပြင် တနင်္ဂနွေစသည့် ဂြိုဟ်တို့၏ သဘောလက္ခဏာတို့ကိုလည်းတနည်းမှတ်ရန်ကား၊

(၁) တနင်္ဂနွေ၊ အသက်ဝိညာဉ်, အဘ, ရဲစွမ်းသတ္တိ, ကျန်းမာခြင်း။

(၂) တနင်္လာ၊ စိတ်နှလုံး, အမိ, အမိနှင့်တူသော မိကြီး မိထွေး, ဥစ္စာစည်းစိမ်။

(၃) အင်္ဂါ၊ ကိုယ်အင်္ဂါ, ခွန်အားဗလ, ညီ, အကို, မောင်နှမ, အောက်လူ, ကျေးကျွန်, အနိုင်အထက်လုပ်ခြင်း, ခိုက်ရန်ဒေါသဖြစ်ခြင်း။

(၄) ဗုဒ္ဓဟူး၊ စကား, ပဋိသန္ဓေ, ဉာဏ်, အတတ်ပညာ, လိမ္မာခြင်း, ဆွေမျိုးများခြင်း, ကူးသန်းရောင်းဝယ်မှုပြုခြင်း။

(၅) ကြာသပတေး၊ မြော်မြင်ဉာဏ်, သားသ္မီးများ, စိတ်ချမ်းသာခြင်း, ဆုတောင်းခြင်း, ပဋ္ဌာန်းပူဇော်ခြင်း။

(၆) သောကြာ၊ လင်, မယား, အကြောင်း, ရမ္မက်ကာမဂုဏ်ခံစားခြင်း, စည်းစိမ်ခံစားခြင်း, ပျော်မွေ့ခြင်း။

(၇) စနေ၊ အသက်သေခြင်း, စိတ်ဒုက္ခရောက်ခြင်း, ဝမ်းနည်းခြင်း, ဆင်းရဲခြင်း။

(၈) ရာဟု၊ အဘ၏အဘိုးအဘွား, ခရီးသွားခြင်း,စွန့်ပစ်ခြင်း, ရှက်ဘွယ်အကြောင်း, ဘေးအန္တရာယ်။

(၉) ကိတ်၊ အမေ၏ အဘိုးအဘွား,ဘုရားဖူး သွားခြင်း, မြေမြှုပ်ဘဏ္ဍာ, နိဗ္ဗာန်ရောက်ခြင်း, ဤသို့လည်း မှတ်ယူအပ်၏။

(ဗြိဟ်သင်္ကေတ)

(၁) တနင်္ဂနွေဂဠုန်၊ ရှေ့မြောက်ကြုံ၊ နေတုံ ခြောက်နှစ်မျှ။
(၂) တနင်းလာကျား၊ တဆယ့်ငါး၊ နေငြားရှေ့ရပ်က။
(၃) အင်္ဂါခြင်္သေ့၊ ရှေ့တောင်ကွေ့၊ မရွေ့ရှစ်နှစ်မျှ။
(၄) ဗုဒ္ဓဟူးဆင်၊ တောင်ရပ်ခွင်၊ နေလျှင်ဆယ့်ခွန်ရ။
(၀) စနေနဂါး၊ နောက်တောင်ပါး၊ နေငြားဆယ်နှစ်ရ။
(၅) ကြာသပတေး ကြွက်မျိုး၊ တဆယ်ကိုး၊ နေရိုး အနောက်က။
(၈) ရာဟုဟိုင်းကို၊ နောက်မြောက်ဆို၊ နေလိုဒွါဒသ။
(၆) သောကြာမှာပူး၊ မြောက်စူးစူး၊ တစ်ကြူးနှစ်ဆယ်ပ။

မဟာဘုတ်တိုင် ထူပုံ

ဗေဒအချုပ်မဟာဘုတ်ဟု ဆိုရိုးစကားရှိသည်အားလျော်စွာ ဤမည်သော "ဗေဒဝိဇ္ဇာလင်္ကာရ" ကျမ်းတွင် မူလဘူတဖြစ်သော မဟာဘုတ်တိုင် ထူပုံနှင့်တကွ အဟောကိန်းများပါ အမြွက်မျှ ရေးသား ဖော်ပြလိုက်ပေဦးအံ့။

မိမိတို့ဘွားရင်း မူလသက္ကရာဇ်ကို တည်ပြီးလျှင်(၇)ခုနှင့်စား, အကြွင်းကို (အောင်-လံ-ထူ-စစ်-သူ-ကြီး-ပွဲ) ဟူသော လင်္ကာ အတိုင်း ဘင်္ဂအိမ်ကစ၍ ဘင်္ဂ,မရဏ,အထွန်း,သိုက်,ရာဇတံခွန်, ပုတိ အိမ်များတွင် အစဉ်လိုက်ချရမည်။

တခုကြွင်း တိုင်ချဟန် ပုံစံကား

	အဓိပတိ ၅	
အထွန်း ၀	သိုက် ၃	ရာဇတံခွန် ၆
မရဏ ၄	ဘင်္ဂ ၁	ပုတိ ၂

ဤသို့လျှင် တခုကြွင်း တိုင်ထူပုံကို နားလည်သိရှိပါက၊ ၂-ခုကြွင်း၊ ၃-ခုကြွင်းစသော တိုင်များကိုလည်း အလွယ်တကူ နှင့် ထူတတ် လိမ့်မည် ဖြစ်ပါကြောင်း။

၂-ခုကြွင်းလျှင် ဘင်္ဂအိမ်ကစ၍ (ကြီး၊ပွဲ၊အောင်၊လံ၊ထူ၊စစ်၊သူ) ဟူသော လင်္ကာအရကျရောက်ရာက ကရွတ်ကာင်း ရှောက်ဆိုခါ၊ ယခင်အတိုင်း ဘင်္ဂအိမ်ကပင်စ၍ ချရလေသည်။

တိုင်ထူပုံမှာ များစွာမခဲယဉ်းသဖြင့် အကျဉ်းနှင့် ရပ်ထားပြီး၊ ဟောပြောဘို့ရာ စကားများကိုသာလျှင် ရေးသား ဘော်ပြပေတော့အံ့။

မဟာဘုတ်တိုင် အဟော

ဘင်ဘွား သားသမီးများမှာကြောက်ရွံ့တတ်သည်၊ ပစ္စည်းဥစ္စာမှာ ခိုင်မြဲစွာ မတည်တတ်၊ ပျက်ပြား ဆုံးပါးတတ်သည်၊ ငယ်စဉ်အခါက မကျန်းမမာ ရောဂါဥပဒ်စွဲကပ်ခြင်း များပြားသဖြင့် မိဘနှစ်ပါးတို့က ပြိုင်ခဲယဉ်းစွာမွေးမြူခဲ့ရတတ်သည်။

နှုတ်တက်ဆောင်ရန် အချီး

ဘွားဘင်မှာဖြင့် များနှင်ပျမရှိချေ၊ ငယ်စဉ်ခါရောဂါများတယ် ရွံ့ကြောက်တတ်ပေ၊ မကြီးပွါးနိုင်ဘူ စီးပွါးက ပျက်လို့သွေ့ အခြေက ချို့ယွင်း၊ လုပ်လေသမျှမှာလ ဒုက္ခအပူတွေနှင့်လူကဝေ ပညာခဲသော်မှ လွဲလို့ညှံ့ဖျင်း။

ပုတိဘွား သားသမီးများမှာ ခရီးအသွားအလာ များမည်၊ တရပ်တကျေး အဝေး၊ မိန်းမ၊ မိန်းမဖြစ်လျှင် အရပ်တခြားက ယောကျ်ားများနှင့် အိမ်ထောင် ပြုရတတ်သည်။ ငယ်စဉ်အခါက အနာအဖျားများတတ်သည်။ ခရီးသွား၍အသက်မွေးရတတ်သည်။ သို့မဟုတ် ရပ်ခြား ဝေးကွာ၌ သွားလာ၍ အရောင်းအဝယ်သော်လည်း ပြုလုပ်နေထိုင်ရတတ်သည်။

နှုတ်တက်ဆောင်ရန် အချီး

ပုတိဘွား မှတ်သားတော့ သေချာ၊ ထင်ပေါ်ရန် လွန်ခက်ခဲတယ် လွဲတဲ့ကြမ္မာ၊ ငယ်စဉ်ခါအနာကလွန်များ။ သွားလာခါ တခြားတနေရာ၌ ရောင်းဝယ်ခါ အိမ်ထောင်မှုကို ပြုလိမ့်မမှား။

မရဏာဘွား သားသွီးမှာ ကြော်ကံရှိတတ်သည်၊ စိုးရိမ်သောက များတတ်သည်၊ ငယ်စဉ်က ဥပဒ္ဒ အန္တရာယ်ငြိတွယ်ခြင်း များတတ်သည်၊ ငယ်စဉ်အခါက မသေသော် မင်းဖြစ်တတ်သည်။ ပစ္စည်းဥစ္စာ ကြွယ်ဝစွာရှိတတ်သည်။ မယားဦး လင်ဦး သေတတ်သည်။ မိဘ နှစ်ပါးတို့က ငြိုငြင်စွာ မွေးမြူခဲ့ရတတ်သည်။

နှုတ်တက်ဆောင်ရန် အချိုး

မရဏာ သောကတဲ့ ထပ်ပွေ၊ ငယ်စဉ်ခါ ရောဂါ များခဲ့မယ် ဟောပကာဝေ။ မသေသော် အခြေပလွန်ကြီး၊ ကြွယ်ဝစွာ မင်းစိုးရာဇာနှင့် မြတ်ဆရာဖြစ်မည်နှော့လို့ ဟောတော့အပြီး။

အထွန်းဘွား သား သမီးများမှာ နာမည် ဘုန်းတန်ခိုး သတင်းကျော်ဇောထင်ရှားခြင်းဖြစ်သည် ဂုဏ်ဒြပ်နှင့် ပြည့်စုံတတ်သည်။ ဉာဏ်ပညာ ဗဟုသုတရှိတတ်သည်။ သတ္တိဗျတ္တိနှစ်ပါး ရှိတတ်သည်။ ကပ်ကြီးသုံးပါးမှ လွတ်မြောက်၍ အသက်ရှည်တတ်သည်။

နှုတ်တက်ဆောင်ရန် အချိုး

အထွန်းဘွား ထင်ရှားငဲ့ ဒြပ်ဂုဏ်၊ ပညာဉာဏ် ဗဟုသုတရမှု ပြည့်စုံ၊ သတ္တိငယ်လုံ မဖြုံတဲ့စိတ်ထား။ ရန်ငါးမျိုး ဖျက်ချိုးနှိမ်ပယ်လို့၊ ကပ်သုံးသွယ် မသီဝေးတယ် အေးမှဲ့ လူစား။

သိုက်ဘွား သားသမီးများမှာ အကြံကြီး အစည်ကြီးများကို ကြံစည် လုပ်ကိုင်တတ်သည်။ မင်း, ဘုန်းကြီး, သူဌေး, ဆရာ, တခုခုအမည်သတင်းနှင့် ကျော်ဇော ထင်ရှားခြင်း ဖြစ်တတ်သည်၊ အလှူအတန်း အပေးအကမ်းများမည်၊ သူတပါးတို့၏ ပူဇော်ချီးမြှောက်ခြင်းကို ခံရတတ်သည်။

နှုတ်တက်ဆောင်ရန် အချိုး

သိုက်အဘွားများပါဘိကြံအစည်၊ ဘုန်းကြီး မင်းရယ်နှင့် မယှဉ်းနော် ရွှေသဌေး အေးစွ ဖြစ်မည်၊ ဒါနလမ်း ကြံမှန်းလို့ စိတ်ကရည်၊ ဉာဏ်ဆီက တောက်လျှမ်း။ များပူဇော် ခံရမည် လူမော်မို့၊ ဇမ္ဗူပေါ် အမည်လွှမ်းလိမ့်မယ်ဟောတော့လက်တန်း။

ရာဇဘွား သားသမီးများမှာ လက်မှုစက်မှုအရာ ဝါသနာပါတတ်သည်၊ မိန်းမဖြစ်လျှင်ဇာထိုး, ပန်းထိုး ယောက်ျားဖြစ်မူ ပန်းချီ, ပန်းပုအထူးဝါသနာပါမည်။ သို့မဟုတ် စာရေးစာချီ ပြုလုပ်လိုမည်။ လက်မှုပညာနှင့် အသက်မွေးရတတ်သည်။

နှုတ်တက်ဆောင်ရန် အချိုး

ရာဇဘွား မှတ်သားတော့ သူ့မှာ၊ စာရေးပန်းချီနှင့် အလီလီသည်စရိုက်ကို ကြိုက်တတ်လှပါ။ ဝါသနာ ပါရှာငဲ့ လက်မှုများ၊ ခက်ရေးကွာ သက်မွေးရန် ဤပညာနှင့်၊ ကြည့်ရှင်စွာ ထိုအမှုကို ပြုလိမ့်မများ။

အဓိပတိဘွား သားသွီးများမှာ စိတ်နေ မြင့်တတ်သည် အမည်ထင်ရှား ကျော်ကြားခြင်း ဖြစ်မည်၊ အကြောက်အလန့်မရှိ စွမ်းရည်သတ္တိနှင့် ပြည့်စုံမည်။ စကား အပြောအဆို ကောင်းမည်။ ဘုန်းကြီးဖြစ်မူ တရားဟောပုဂ္ဂိုလ် ဖြစ်မည်။ လူဖြစ်လျှင် သီချင်းအဆိုကောင်းမည်။

နှုတ်တက်ဆောင်ရန် အချိုး

အဓိပတိ ဘွားရှိတဲ့သူမှာ၊ ကြီးတတ်စွာသည်မာန မိုးမကပါ။ မည်သတင်း ကျော်သင်းတဲ့နာမာ၊ကြီးပါဘိစွမ်းပကား။ လုပ်ပြုံ မှာ နှုတ်မှုငယ်ပညာနှင့်၊ ထာဝရာ အသက်မွေးတတ်တယ် တွေး မှတ်တော့လား။

တနင်္ဂနွေ-မဟာဘုတ်ဟောတေးထပ်
ပုတိ၊ ဘင်္ဂ၊ မရဏ အဟော

အပုတ်ဂြိုဟ်ပုတိ တုမရှိတွန့်တို၊ နှမြောလှ သဘောအိုတယ်၊ ပြောမချိစကား၊ သူ့ပစ္စည်းအရယူတယ်၊ ကိုယ့်ဟာမူဖုံးကွယ် လို့ထား။ ဘွားဘင်္ဂတွေ့ကြုံ မမွေ့တုံစိတ်များ၊ ပူဗျာပါ ဆူခါ ပွါး ဖျူထွားမှာခက်တယ်။ သဘောတော် တည်မကျ မှီသောက မောက်လို့သာကြွယ်၊ မရဏဂြိုဟ်တသွယ်၊ ပျိုအရွယ်ငယ်တုန်းက ဆုံးတတ်လှ သက်ခန္ဓာ၊ မှတ်တော့မှန်စွာ၊ မသေကြွင်းလို့ လွတ် ကင်းပါလျှင်၊ လူမင်းရာဇာ အို....ဖြစ်ပါလိမ့်လေး။

အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိ အဟော

အထွန်းဂြိုဟ် ထိပ်ဖျား၊ ကပ်သုံးပါးလွတ်ဘွယ်၊ ရန်ငါးမျိုး ကင်းဘွယ် တင့်တယ်တဲ့တံခိုး၊ ဒီဃာယုသက်တမ်းရှည် စက်စန်း ရည် ရှပ်ရည်ကဖြိုး။ သာသနာ့သိုက်ဘုံ ဆိုက်ကြုံလျှင်တမျိုး၊ ဝတ်ကြောင်ကိုလွတ်အောင်လျှိုးလို့ နောက်ကောင်းကျိုးကြုံရှယ် စိတ်ဖြူဖြူ။ ဘိက္ခုလမ်း မြတ်ရဟန်းပြုလိမ့်ထင်တယ်။ ဂြိုဟ်ရာဇ တံခွန်ဆွယ်လျှင် အလွန်ကွယ် ကြွယ်ဝလို့၊ ငယ်စဉ်က ဓါသနာ လက်မှုပညာ။ ဓိပတိ ဘွားမြောက်ပါလျှင် များမောက်ခါ ဟန် ကြီးလှလေး။

မှတ်ချက်။ ။အထွန်း, သိုက်, ရာဇတံခွန်, အဓိပတိဘွားများပင် ဖြစ်သော်လည်း ပုတိ, ဘင်္ဂ, မရဏဟုဆိုအပ်သော အောက်တန်း အိမ်များ၌ ဂြိုဟ်အိပ်၍နေသည့်အခါ ကောင်းကျိုးချမ်းသာကို များစွာမပေးတတ်။ အကယ်၍ပေးစေကာမူ အနှောက်အယှက် မကင်း၊ ရှင်းရှင်းလင်းလင်း အကျိုးကိုဖွံ့ဖြိုးစွာ ပေးလိမ့်မည် မဟုတ်ချေ။　　(ဤကားအမှာ)

ဤသည်လျှင် မဟာဘုတ်တိုင်အဟော ပြီး၏။

ဇနက ဟောကိန်း

မဟာဘုတ်ကို ဟောသောအခါ အလောင်းတော်ဇနကမင်း ကိန်းနှင့် ညှိနှိုင်း၍ဟောရာ၏။

ဇနကကိန်း ဟူသည်ကား

ရှေးပညာရှိ ကဝိအမွန်တို့ ဟောကိန်းတခု ပြုလုပ်၍ ထားခဲ့သော ဘုရားအလောင်းဇနကမင်း၏ ဖြစ်ပျက်ခြင်း (၇)ဌာနပင်တည်း။ ထို(၇)ဌာနနှင့် စပ်လျဉ်း၍ ဟောဆိုဘို့ရန် လင်္ကာနှင့် ချနည်းချပုံမှာ အောက်ပါအတိုင်းဖြစ်လေသည်။

ချရန်လင်္ကာ

တည်၊ လွင့်၊ ပျက်၊ ဆယ်၊ ကျောက်၊ နန်း၊ စံ၊ လမ်းမှန်အရှိ ထုံးပုံညှိ၍၊ ဗောဓိသတ္တာ၊ ဇနက၏၊ ဖြစ်ရအလို၊ ကိန်းပြဆိုအံ့။ နံ့ကိုတည်ကုန်၊ ထားပြီးတုံမှ၊ ပညာပညာ ဒွယရောစွက်၊ ၇-ချက်ရောက်၊ တို့ခေါက်ပြန်ချ၊ သင်္ချာရဖြင့်၊ ဒုက္ခဟောပါ၊ မှန်လှစွာသည်၊ လောင်းလျာဇနက်၊ ကိန်းတော်တည်း။

ရင်း(၇)ဌာနအရ အမြွက်ဟောရန်မှာ

တည် သို့ကျလျှင် ဇနကမင်း သဘော်ာတည်သည်ကို ယူရသောကြောင့် အရာရာ၌ အမှုကိစ္စကြောင့်ကြ များပါရများ၍နေတတ်သည်။

လွင့် သို့ကျလျှင် စမ္ပါနဂိုရ်မှ သဘော်ာလွင့်သည်ကို ယူရသောကြောင့် အသွားအလာ ခရီးယာယီ အားကြီးနေတတ်သည်။

ပျက် သို့ကျလျှင် သဘော်ာပျက်သည်ကို ယူရသောကြောင့် စီးပွါးဥစ္စာ ယုတ်လျော့ပျက်ပြား၍၊ အနာရောဂါ ပွါးပြီး စိတ်ဒုက္ခများရတတ်သည်။

ဆယ် သို့ကျလျှင် မေခလာနတ်သမီး ချီပွေ့၍ ဆယ်တင်သည်ကို ယူရသောကြောင့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောလူတို့၏ စောင်မကြည့်ရှုခြင်းကိုခံရမည်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာရှိမည်။

ကျောက် သို့ကျလျှင် ကျောက်ဖြာထက် တင်သည်ကို ယူရသောကြောင့် စိတ်အေးချမ်းသာရှိမည်၊ အကြီးအကဲဖြစ်မည်၊ ပြောသမျှစကား အောင်မြင်ရမည်။

နန်း သို့ကျလျှင် နန်းတော်ကြီး ပိုင်သည်ကို ယူရသောကြောင့်အိုးသစ် အိမ်သစ် နေရာသစ်ရမည်၊ ကြက်သရေတိုးမည်၊ အမွေအနှစ်သော်သည်း ရမည်။

စံ သို့ကျလျှင် မင်းစည်းစိမ်ကို ခံစံရသည်ကို ယူရသောကြောင့် ဥစ္စာပစ္စည်းဖွံ့ဖြိုး၍စည်းစိမ်ချမ်းသာ တိုးမည်၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာရမည်၊ ရဟန်းဖြစ်သော် ကျောင်းကန်များကို ရရှိမည်။

တနင်္ဂနွေသားအမှို ပုံစံဇယား ချ၍ ပြဦးအံ့

တည်	လှင့်	ပျက်	ဆယ်	ကျော်	နန်း	စံ
၁	၃	၅	၇	၉	၁၁	၁၃
၁၅	၁၇	၁၉	၂၁	၂၃	၂၅	၂၇
၂၉	၃၁	၃၃	၃၅	၃၇	၃၉	၄၁
၄၃	၄၅	၄၇	၄၉	၅၁	၅၃	၆၉
၅၇	၅၉	၆၁	၆၃	၆၅	၆၇	၅၅
၇၁	၇၃	၇၅	၇၇	၇၉	၈၁	၈၃

တနင်္ဂနွေသား၏ ပုံစံနမူနာ အတိုင်း . တနင်္လာသားဖြစ်မူ ၂-ကိုတည်၊ အင်္ဂါသားဖြစ်မူ ၃-ကိုတည်၊ ဗုဒ္ဓဟူးသားဖြစ်မူ ၄-ကိုတည်၊ ကြာသပတေးသားဖြစ်မူ ၅ကိုတည်၊ သောကြာသားဖြစ်မူ ၆-ကိုတည်၊ စနေသားဖြစ်မူ ၇-ကိုတည်၊ နှစ်ခုနှစ်ခု တိုး၍ချပြီးမှ အဆိုးအကောင်းကို ဟောပြောရာ၏။

မဟာဘုတ်နှင့် ဇနကကိန်း ညှိ၍ဟောပုံ

မဟာဘုတ်က အောက်တန်းကျ၍ ဇနကကိန်းက တည်, လွှင့်, ပျက်, ကျမူ အလွန်ညံ့သည်ဟု ဟောဆိုရာ၏။

မဟာဘုတ်က အောက်တန်းကျ၍ ဇနကကိန်းက ဆယ်, နန်း, စံ, ကျ, မူ သာမည ညံ့သည်ဟု ဟောဆိုရာ၏။

မဟာဘုတ်က အထက်တန်းကျ၍ ဇနကကိန်းက တည်, လွှင့်, ပျက်, ကျမူ သာမည ကောင်းသည်ဟု ဟောဆိုရာ၏။ မဟာဘုတ်ကလည်း အထက်တန်းကျ၊ ဇနကကိန်းကလည်း ဆယ်, ကျောက်, နန်း, စံ, ကျမူ အလွန်ကောင်းသည်ဟု ဟောပြောရာ၏။

ဤသည်လျှင် ဇနကကိန်းနှင့် မဟာဘုတ် ညှိနှိုင်း၍ဟောပုံ အလုံးစုံ ပြီးပေ၏။

ဂြိုဟ်တို့၏ ပရိယာယ်သဘော

ဂြိုဟ်စားသက်ရောက် ဟောပြောသည့်အခါ၌ ပရိယာယ် အမျိုးမျိုးကို သိရှိနားလည်လျှင် သာပြီးမှန်နိုင်သည်။ သို့ဖြစ်၍ ပရိယာယ်များကို ဇယားအချုပ်ပြုလုပ်၍ပြဆိုပေအံ့။

ပရိယာယ်ဇယားအချုပ်

ကြိုပ်စဉ်	သားချင်း	ပြည်အင်္ဂါ	ကိုယ်အင်္ဂါ	စိတ်စသည်
၁	အဘ	ပြည်ရှင်	အရိုး	စိတ်
၂	အမိ	မိဖုရား	အသွေး	လှုပ်ရှားခြင်း
၃	လင်၊ကျွန်	စစ်သူကြီး	ချင်ဆီ	ခွန်အား
၄	သားအမိ	အိမ်ရှေ့မင်း	အရေထူ့ပါး	အသံ
၅	မိတ်ဆွေ	အမတ်	အဆီခဲ	ပညာ
၆	မယား	အမတ်ကြီး	သုက်သွေး	ရမက်
၇	အစေခံ	မင်းလုလင်	အကြော	ပူပန်ခြင်း

ဇယားအချုပ်

ကြိုပ်စဉ်	အဆင်း	ရသာစိုးခြင်း	အရပ်ကို စိုးခြင်း
၁	အနီ	အစပ်	အရှေ့
၂	ဖြူဖွေး	အငန်	အနောက်မြောက်
၃	နီဖြူ	အခါး	တောင်
၄	အစိမ်း	ချဉ်ခါး	မြောက်
၅	အဝါ	အချို	အရှေ့မြောက်
၆	အံဖြူ	ချဉ်အဆိမ့်	အရှေ့တောင်
၇	အမည်း	အဖန်	အနောက်.

ဇယာ၊ အချုပ်

ဂြိုဟ်စဉ်	သတ္တုစိုးခြင်း	အဝတ်စိုးခြင်း
၁	ကြေးနီ	အပေါ်ရုံ
၂	ပတ္တမြား	ပုဆိုးသစ်
၃	ဓနု	မီးလောင်ပုဆိုး
၄	စုံစချယ်သောကျောက်သံ	ပွပ်ပြီးပုဆိုး
၅	ငွေ	မတိုမရှည်ပုဆိုး
၆	ပုလဲ	နိုင်သောပုဆိုး
၇	သံ	စုတ်သောပုဆိုး

ဇယာ၊ အချုပ်

ဂြိုဟ်စဉ်	ယောကျ်ား မိန်းမ	လကျ်ာ လက်ဝဲ	ကျွန် အရှင်	နဂို ယာယီ	ဓါတ် လေးပါး
၁	ယောကျ်ား	လကျ်ာ	ကျွန်	နဂို	မီး
၂	မိန်းမ	လက်ဝဲ	အရှင်	ယာယီ	မြေ
၃	ယောကျ်ား	လကျ်ာ	ကျွန်	နဂို	လေ
၄	ယောကျ်ား	လက်ဝဲ	အရှင်	ယာယီ	ရေ
၅	ယောကျ်ား	လက်ဝဲ	အရှင်	နဂို	မြေ
၆	မိန်းမ	လက်ဝဲ	အရှင်	ယာယီ	ရေ
၇	မိန်းမ	လကျ်ာ	ကျွန်	နဂို	မီး
၈	မိန်းမ	လကျ်ာ	အရှင်	ယာယီ	လေ

ပရိယာယ်စကားများကို အတိုကောက် မှတ်ယူစေလိုသော ကြောင့် ဇယားအချုပ်ပြုလုပ်၍ အကျဉ်းအားဖြင့် ရေးသားကာ ပြလိုက်သည်။

ဤသို့ ပြဆိုခဲ့ပြီးသော ပရိယာယ်အစားစားကို မှတ်သား ကြည့်ရှုလျက် အမျိုးအလိုက်ထိုက်သည်အားလျော်ညီစွာ ဌာန ဌာနကောသလ္လဉာဏ်ဖြင့် စဉ်းစား၍ ညွှန်ကြားဟောပြောအပ်လှ ပေသည်၊

ဥပမာ တနင်္ဂနွေအညံ့တွေ့လျှင် သားချင်းပရိယာယ် အလို အဘကြောင့်ဘေးရန်တွေ့မည်။ပြည်အင်္ဂါ ပရိယာယ် အလို မင်းမှဘေးဖြစ်မည်။ ကိုယ်အင်္ဂါ ပရိယာယ်အလို အရိုးမှာ ရောဂါရမည်။ စိတ်စသောပရိယာယ်အလို စိတ်ပူပန် တွေ့မည်။ အဆင်းပရိယာယ်အလို အနီကြောင့် ဘေးရန်တွေ့မည်။ ရသာ စိုးခြင်းပရိယာယ်အလို အစပ်ကြောင့် ဘေးတွေ့မည်။ အရပ်ကို စိုးခြင်းပရိယာယ်အလို အရှေ့သွားမိ၍ ဘေးတွေ့မည်။ သတ္တု စိုးခြင်းပရိယာယ်အလို ကြေးနီကြောင့် ဘေးတွေ့မည်။ အဝတ် စိုးခြင်းပရိယာယ်အလို အပေါ်ရုံပုဆိုးပျက်စီးမည်။ ယောကျ်ား မိန်းမ စသောပရိယာယ်အလို ယောကျ်ားကြောင့်ရင်း၊ လက်ျာ အတွက်ကြောင့်ရင်း၊ ကျွန်အတွက်ကြောင့်ရင်း၊ သောကရောက် တတ်သည်၊ယာယီအတွက်စိတ်ချောက်ချားတတ်သည်၊ မီးလောင် တတ်သည် စသောအားဖြင့် ဟောပြောရာ၏။

တနင်္ဂနွေ အကောင်းတွေ့သောအခါ၌ ဆိုအပ်ခဲ့ပြီးသည်များ ကိုပြောင်းပြန်ပြု၍ သားချင်းပရိယာယ်အလို အဘကြောင့်၊အဘ နှင့် အလားတူလူကြောင့် ချမ်းသာသုခရမည် စသည်ဖြင့် ဟော

ပြောရာ၏။ တနင်းလာစသောဂြိုဟ်များကိုလည်း တနင်္ဂနွေဂြိုဟ် နည်းတူ ပရိယာယ်ဖြင့် အကျယ်ဝေဘန်၍ ကောင်းမကောင်း အကျိုးအပြစ်ကို သိနိုင်စေရာ၏။

မဟာဘုတ် ဂြိုဟ်စားသက်ရောက်စသည်ဖြင့် ဟောပြောသည့် အခါ၌ မိတ်,ရန်,စသည်တို့ကို ဆင်ခြင်တိုင်းထွာ၍ ဟောပြောမှ သာလျှင် မှန်ကန်နိုင်မည်ဖြစ်သောကြောင့် ၎င်းမိတ်,ရန် စသည် တို့ကိုလည်း ဇယားအချုပ်ပြုလုပ်၍ ပြလိုက်ပေဦးအံ့။

မိတ်	အိမ်ထောင်မိတ်	ရန်	အိမ်ထောင်ရန်	ဓါတ်	ဓါတ်ရန်
၁၅	၁ ၆	၁၃	၀ ၅	၁၀	၁၄
၂၄	၃ ၅	၂၅	၆ ၂	၂၅	၃၂
၃၆	၀ ၄	၆၀	၁ ၄	၃၈	၈၅
၀၈	၂ ၈	၄၈	၈ ၃	၄၆	၀၆

(မိတ်) အောင်ပ, ကုလား, ဆွေသား, တော်ရင်း။

(အိမ်ထောင်မိတ်) ဥသာ, စိန်ပန်း, ဒန်းလှ, ကိုရှာ။

(ရန်) ဦးညို, ခေမာ, သုတာ, ဝေရီ။

(အိမ်ထောင်ရန်) မမွှာ, သောကာ, အင်းဝ, ရာဇာ။

(ဓာတ်) အန္တော, ဂဗ္ဘော, စရေ, ဝံသော။

(ဓာတ်ရန်) ဦးဝေ, စံကူး, ရေဘူး, တောသူ။

ဤနေရာ၌ နယဂ္ဂါဟ အမြွက်မျှစကား ရေးသားရ၍ ပြလိုက်ဦးအံ့

အောင်ပ, ကုလားစသော မိတ်၊ရန်၊ ခေတ်တို့ကို တနင်္ဂနွေ သားသည် ကြာသပတေးသားနှင့် မိတ်ဖြစ်၏။ အင်္ဂါသားနှင့် ရန်ဖြစ်၏ စသော အားဖြင့် အသုံးပြုသည်ထက် ဂြိုဟ်စား သက် ရောက်စသည်တို့၌ အသုံးပြုခြင်းသည်သာလျှင် သာ၍ သဘော သင့်မြတ်၏။ ထို့ကြောင့် တနင်္ဂနွေသားသည် ကြာသပတေး၌ ဂြိုဟ်စားသက်ရောက်ဖြစ်အံ့၊ဧင်းကြာသပတေးသည်လည်း ပုတိ, ဘင်္ဂ,မရဏလွတ်အံ့၊ ကြင်ယာကြင်ဘက် ရတတ်သည်။ အင်္ဂါ၌ ဂြိုဟ်စားသက်ရောက်ဖြစ်အံ့၊ ဧင်းအင်္ဂါသည်လည်း ပုတိ, ဘင်္ဂ, မရဏဖြစ်အံ့၊ ခိုက်ရန်ဖြစ်ပွါးတတ်သည်။ဗုဒ္ဓဟူး၌ ဂြိုဟ်စားသက် ရောက်ဖြစ်အံ့၊ ဧင်းဗုဒ္ဓဟူးသည်လည်း ပုတိ, ဘင်္ဂ, မရဏဖြစ်အံ့၊ အိမ်ထောင်ရန်အလို လင်မယား မသင့်မတင့် ဖြစ်ရတတ်သည်၊ ကွာရှင်းရတတ်သည်။ စနေ၌ ဂြိုဟ်စားသက်ရောက်ဖြစ်အံ့၊ ဧင်း စနေသည် မကောင်းကျိုးကို ပေးတတ်သော်လည်း မီးခေါတ်ချင်း အဖိုအမဖြစ်ရကား မထောင်းတာလှ၊ ဗုဒ္ဓဟူး၌ ဂြိုဟ်စားသက် ရောက်ဖြစ်အံ့၊ ဧင်းဗုဒ္ဓဟူးသည်လည်း အထွန်း, သိုက်, ရာဇတံခွန်, အဓိပတိမဟုတ်သည်ဖြစ်အံ့၊ခေတ်ရန်အလိုတနင်္ဂနွေမီးခေတ်သည် ဗုဒ္ဓဟူးဟူသောရေခေတ်နှင့်တွေ့သောကြောင့်(မီးနှင့်ရေမိတ်ဆွေ မစပ် ပဋိဃာတ်)ဟူသည်နှင့်အညီ ခိုက်ရန်ဖြစ်တတ်သည်ဟု ဟော ပြောရာ၏။

တနင်္ဂနွေသားအား ဟောပြောသည့်နည်းကို ပုံစံမှီးပြီးလျှင် ကျန်တနင်္လာစသော ၇-ရက်သားများကိုလည်းမိတ်,ရန်,ခေတ်စသည်ကိုရှု၍တခုမကျန် ဟောဇပြောနိုင်ရန် အကြောင်းရှိလောက်ပေပြီ။

အင်္ဂလက် သက်ရောက်တွက်ပုံ ဟောနည်းကား

မည်သူမဆို မိမိတို့ ယခုရောက်ရှိဆဲဖြစ်သော အသက်ကိုတည်၊ ရှစ်ခုနှင့်စား၊အကြွင်းကို မိမိဇမွေးနံဂြိုဟ်ရှိရာအရပ်ကစ၍ လက်ျာရစ်ရေ၊ ကျရောက်ရာအခွင်ကို ကြည့်ပြီးလျှင် ဟောဆိုရာ၏။

အင်္ဂလက် ဂြိုဟ်အိမ်ပုံ

တနင်္ဂနွေ ၁	တနင်္လာ ၂	အင်္ဂါ ၃
သောကြာ ၆		ဗုဒ္ဓဟူး ၄
၈ ရာဟု	၅ ကြာသပတေး	၀ စနေ

ဟောဆိုတို့ရန် စကားအပြင်, လက်ာ, သဖြန့်, ပျို့များမှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

တနင်္ဂနွေသင်္ကြောက်ဟော စကားပြင်

ကလျာရွှေစင်၊ မေတခင်က၊ ဗေဒင်ကိန်းခန်း၊ ဆိုးကောင်းဖြာဖြာ၊ အရာရာကို၊ လေ့လာ ကျွမ်းသည်ဟု၊ ထောက်လှမ်းဆေးလေး တွက်ပါချက်ပါ၊ ဟောမြွက်ပါဟု၊ ဆရာကိုမေးသောကြောင့် အင်ရေးကိစ္စကုန်စေပုံသော၊ လုံတမေကို၊စုံအခြေတွက်ဆ၍ဟောရသည့်အချက်ကို နားရွက်တော်မူပါ၊ တနင်္ဂနွေဂြိုဟ်အခြေထက်၊ ပျိုတမေ ဆွေကလျာနှင့်၊ စေတနာသစ် ထွေနှောင်တဲ၊ ရစ်ရွှေရောင် မောင်မောင်လှတို့ကို၊ ဘိုးရာဇကိန်းအလို၊ အစဉ်အလာ ယဉ်ကဗျာနှင့်၊လင်္ကာချီပြီးလျှင်စာဆို၏မူအရာမတော့။

(ပျို့လင်္ကာ)

ယူဇနာငါးဆယ်၊ လမ်းသုံးသွယ်ဖြင့်၊ ရှုံးလှယ်မပြတ်၊ မြင့်မိုရ်ပတ်သား၊ဂြိုဟ်မြတ်တိတျာ၊ သင်္ကြောက်လာမူ၊ဟသာညီနှောင်၊ဆောင်သည် လိပ်အား၊ မြေခွေးသားလျှင်၊ စားသည်ကာလ၊ ဘုရားအလောင်း၊ စာပေါင်းသောင်းကို၊ မကောင်းစိတ်စက်၊ မျောက်သူပျက်လျှင်၊ ဖျက်သောအခါ၊ ကိန်းကြုံသာ၏။ မာလာပန်းဦး၊ ပွင့်ရောင်မြူးသား၊ တန်ခူး ကဆုန်၊ နှင်းမှုံရီမှောင်၊ တန်ဆောင်သာရဒ၊ ပြာသိုလန္တိက်၊ ဒေသမစပ်၊ တံခြားရပ်က၊ ပေါ့သွပ်စကား၊မသာကြားအံ့၊ မယားသားက၊ ဆွေမျိုးစသည်၊ ထိုမျှသူကြောင့်၊တမှောင့်မှောင့်နှင့်၊ စိုးနှောင့်ဗျာပါဥစ္စာယိုယွင်းစိတ်ပူပြင်းလိမ့်၊ ဆင်မြင်းကျွဲနွား၊ မြင်းလားကျွန်ကျေး၊ ရွှေငွေချေးလည်း၊ ပြေပျောက် တတ်စွာ၊ မဝယ်ရာတည်း၊ ယုတ်မာဘိခြင်း၊ ခြေခတ်ခြင်းနှင့်၊ ရုပ်ဆင်းမလှ၊အရလွှဲလက်၊မိန်းမဖျက်၍၊

နှောက်ယှက်ဖြင့်ဖြီး၊ ကြောင့်ကြကြီးလိမ့်၊ မီးလည်းမြဲစေ၊ လောင်တတ်ချေ၏။ မျိုးဆွေနီးဝေး၊ သူ့သားမြေးကို၊ မြတ်လေးချစ်ခင်၊ အိမ်တွင်ရှုစား၊ မတင်ထားနှင့်၊ ရှေ့ပါးမြောက်ကူး၊ တောင်စူးစူးက၊ နဖူး ခပ်မောက်၊ နှာယောင် ကောက်နှင့်၊ တယောက်လူညို၊ တကိုယ်မှတ်ယူ၊ ချစ်သောသူပင်၊ ဆာပူချောက်ချား၊ မွှေသောအားဖြင့်၊ တရားတပေါင် ဖွဲ့နှောင်ခြံသွင်း၊ ယိုယွင်းကြေးငွေ၊ ကျတတ်ချေသည်၊ ရှောင်လေသေနှ် ခန်းဝါတည်း။

ဟောနည်းသက်သက် စဉ်အလာဖြင့် လက်ာထွက်ကို အသက်သင့် တွေးစပ်၍ တေးထပ်ကလေးယဉ်ယဉ်နှင့် ညာဏ်ဆင်၍ ဟောလိုက်ရန်မှာမူကား ...။

(တေးထပ်)

မောရဂ်ီ ဖာလ်ရဝိ အလျှံညီလင်းထိန်၊ စိတမိ ယမင်းစိန်မှာ ခင်းကြိမ်တော်မူဆဲ။ ရွှေဟင်္သာ ငှက်ညီနှောင်ငယ် လိပ်မောင်ကို ဆောင်ကိန်းပို့ခဲ့။ မြတ်ဗုဒ္ဓ လောင်းရွှေစာကို မကောင်းစွာ မျှောက်မှဲ့၊ နန်းသိုက်တော်ဖျက်ယူဆဲ့ ပျက်ဆူပွဲကိန်းကြုံ။ ပွင့်မာလာမြအဖူး့လတန်ခူး ရာသီကဆုန်၊ တန်ဆောင်လ ပြာသိုလုံးလျှင် ဗျာပိုပုံတွေပြားလို့ စကားမသာယာ ကြားတတ်လှပါ။ မိန်းမက ဆဲ့တရာငယ် လှကလျာ ပူကိန်းမို့လေး...။

ဆွေးစ့တွေးစ့မအေးရတဲ့ လေးမကလျာ ခင်သူဇာကို ယဉ်မူရာဖန် တပုံဆန်း တနည်းကြံ၍ သဖြန်ကလေး ကူပြန်တော့။

- (လေးဆစ်သဖြန်)

ဥက္ကာဂူ ဖာလ်ရဝိပေမို့ ဘုံတဆူလျှံ အညီမှာလ စံတမိ သက်ခတ်လာ။ ရွှေခပင်းငယ်က ရွှေဟသာ ညိနောင်တို့ မြင့် သီခေါင် အာကာရိပ်ဆီက ဆွေလိပ်ကိုယူဆောင်ထိန်းတယ် ကိန်း ကြုံတဲ့ခါ။ နွတ်မငြိမ် ယုတ်ချိန်ရက်ကယ်မို့ မြေခွေးမောင် ရန်သူ လက်မှာလ အသက်ကယ်တဲ့ ဆုံးရရှာ သည်မှာဘော့ ကြုံတကိုန်း၊ ရွှေစာပေါင်းငယ်တဲ့လေ အလောင်းတော်စုံ သိုက်နန်းကိုလ သရမ်းစွာ မျောက်သူပျက်ကယ်က ဖျက်လေတယ် ပျက်ကြေပြုန်း ပါလို့ သက်မသေ စက်ရွှေအုံးငယ်ကွယ် ဆုံးရဖာငြိမ်း။

တနင်းလာ သင်္ကြိုန်ရောက်ဟော စကားပြင်

သီးသန့် ကြီးခန့် ခြီးတအုံ့ထွင်မှ၊ နည်းကန့်တပုံ ဂြိုဟ်စန္ဒသိန် ပန္နရိန်ဟုန်၊ လျှံထိန်ငယ်ခြုံသည်၊ ငွေယုန်ပြသာဒိ သိတဂူစက် မြူမယှက်တွင်မှ ယူသက်နေခတ်သောကြောင့် ဟောရပ်ထွေလာ၊ အခြေကိုရှာလိုက်သော် ရှေးအခါက္ကာလ သူဌေးတယောက် ယူ မွေးမြောက်သည့် မောင်ကောက်ရတဲ့၊ ဘ-သူဌေးမင်း နောက် ကိုဖွားသည့် သားအရင်းကြောင့် ထားခြင်းမလျော်သေကြောင်း ဖန်ဖန် အတန်တန်ဖြင့် ကြံပါသော်သည်း ကံတော်ကကြီးသဖြင့် မသေအမှန် သပြေရံတွင် တစေကန်တင့်ပြီးလျှင်၊ ကြီးမြင့်လုပေ ဘာအမွေကို ခံရပေကြောင်း မတိမ်းမပြို ယိမ်းမလိုဘဲ ကိန်းဆိုနှင့် ပေါင်းပြီးလျှင် ဝင်းဘိုးရာဇာ၏လင်္ကာအသွဲ ရှေးနည်းကို ဖွဲ့လိုက် သော်....။

(ပျိုလင်္ကာ)

လေးဆယ့်ကိုးယူဇနာ၊ ထွန်းပစ္စသား၊ သော်တာစန္ဒ၊ ဂြိုဟ်ထက်ကျမူ ကာလရှည်ဝေး လွန်လေရှေးက သူဌေးလင်မယား သူ၏သားကို မြောက်စားဖွဲ့ချီး မွေးစားပြီးမှ၊ ကြီးလျှင်တဖန် သေကြောင်းကြံလည်း သူကံကောင်းလှ၊ ကောက်ရလျှင် မိဘအမွေ ခံလေသောအခါ ကိန်းကြုံလာ၏။ ဒေဝါပစ္စုန် မိုးသားကုန်သည့် ကဆုန်ဝါခေါင်၊ လတန်ဆောင်နှိုက် မလောင်မပူ ကြည်ဖြူရွှင်ပြုံးနှလုံးမထိတ် ကိုယ်စိတ်ချမ်းသာ စီးပွားရှာလည်း ဗျာပါကင်းပျောက် ဆောင်တိုင်းမြောက်လိမ့်။ ရွှေနောက်တူရူ သွားလာမူလည်း ဖြူသည်ဥစ္စာ လာဘ်ရရာ၏။ ကြာသပတေး ရန်ဘေးရှင်းလင်း၊ တနင်းလာသား ဤနှစ်ပါးကို ချစ်အားကဲဆ မှီတတ်ခလော၊ မိဘဥစ္စာ လယ်ယာမိုယ်းမြေ ရွှေငွေကျောက်သံ မြမြဲလောက်လေ့ ဟူသရွေ့မူ ရွှေစူးစူးက လာဘ်ဦးရ၍၊ ပြုဗ္ဗာပစ္ဆာ မျက်နှာနှစ်ရပ် ရှာဖွေအပ်သည် ရလာဘ်အောင်မျှ မင်္ဂလာတည်း။

(စကားပြေ)

ကမ္ဘည်းနိဒါန်း။ ထင်စွာ စဉ်လာ ယဉ်ကဗျာနှင့် လင်္ကာကျမ်းကို ထောက်လှမ်းဝေငှ၊ သဘောအပြီး မနေခါးချီး ဟောပြီးမှလျှင်၊ ကာလမောင်မောင် ရစ်ရွှေရောင်ကို သစ်ထွေနှောင် ရေးစပ်သည့် တေးထပ်နှင့် တဖန်ချိန်လိုက်တော့။

(တေးထပ်)

ပန္နရိန် ယုန်တံဆိပ် ဂုဏ်နိမိတ်ရောင်လျှံ ငွေးသေဌမောင်နှံ့ယ် မွေးမြူရန်ငယ်က၊ ကြီးတော့မှ သေကြောင်းကြံသည် မသေမှုန် ငွေးမောင်ကောက်ရ၊ ရွှေ့, စိန်, ကျောက်, များရတနာငယ်ပွားဖြာဖြာကြွယ်ဝ မှုန်အမွေ ခံပေရ စံပေပကိန်းဝင်၊ ရှေ့ကဆုန်တန်ဆောင်ကျ ဝါခေါင်လသည်သို့ခါတွင် အရှေ့ရပ် အနောက်ခွင်မှာ ရောက်ဝင်ရန် ထုပ်တိုးလို့ လာဘ်မိုးဃ်းတောင်လိုပုံ ဘုန်းမောင်သိန်ဂုဏ်၊ ကညာနု လာခုအုံမယ် ကြာပြဒုလ္လုံ စက်ကိန်းပါတဲ့လေး။

(စကားပြင်)

ယဉ်ကျေးလှစွာ၊မောင်မယ်အများ၊ကာလသားနှင့် ပြာထွားသက်လှယ်၊ ကာလမယ်တို့၊တသွယ်ပိုလျှံ၊ ဆိုသဖြန်နှင့်၊ ချီတဖန် လှစ်လိုက်ဖြန်တော့။

(လေးဆစ်သဖြန်)

သစ်အခါ ဇာတာတိုးပါလိမ့်၊ နှစ်သပြာ ရတနာမိုးဃ်းငယ်နှင့် ကညာမျိုး မောင်မှာအုံ။ တွေ့အထင် မောက်မကြွားပါဘု၊ အရှေ့ခွင် အနောက်များငယ်က ယောကျ်ားမောင်ဇမ ဘေတဦးကိုဖြင့် ကညာတော် ရာကျော်ကြူးလိမ့်မယ်ကွယ် ထူးတဲ့ခေတ်ကြုံ လဝါခေါင် တန်ဆောင်မုန်းငယ်နှင့် ကဆုန်ခါလုံရာပုန်းပေတော့ အုံလာထုံး အုံမဲ့ပုံ ယုံပါတော့မှန်မလွဲ။ တနင်းလာ ဂြိုဟ်မင်းငယ် ကြိမ်အခါမို့၊ သိန်သမ္ဘာ ရှိန်ဝါလန်းပါဘိ ဝတိန်သာ ဣန္ဒာငြိမ်းကဲ့သို့ကွယ် စန်းပွင့်သေနဲ့။

(စကားပြင်)

မလွဲမုချ၊ ကဲထုတ်ပြရှု၊ နှုတ်မြွက်လာ၊ တညြဘာဖြင့်၊ ဆောမနာမေ့ ကိန်းလာအခြေ၊ တိမ်းကွာငယ်ထွေသည်၊ သွေ့မရှေ့ အောင် စေ့မြေ့သဘော ကာလမောင်ခင် နှောင်သဇင်တို့ကို ဆောင်တင်ခါနှောပြီးမှယဉ်စေကညာ တင်ဟောရာကိုချောစွာ ပြစ်ပြေ၊ တကြံတခန်း သဖြန်ဆန်းငယ်နှင့် ဉာဏ်တလမ်း ထွေလိုက်ပ ဦးအံ့။

(လေးဆစ်သဖြန်)

မဟာဆွေ ညာမေတို့မှာတဲ့၊ ဇာတာနေ သာပေမို့ ငယ်ပ၊ ရွှာစွေသို့ မိုးငဲ့ သွင်၊ လာဘ်လာဘမှာဖြင့် ဌာန ပြုဗ္ဗာခွင်နှင့်၊ နောက်ဂေါယင် ထိန်ပင်ကျွန်းဆီက တင့်ရှန်းငယ် တဝေဝေနှင့် ကြေးရွှေငွေ သပြာတုင့်ပြင်၊ ပုလဲစိန် သဲထိန်စုပါလိမ့် ဟော ခုမျက်မြင်။ တနင်းလာ ကြာသပတေးပါတဲ့ မင်းနှစ်ဖြာ မောင်ကလေးတို့ကနှောင်ရေးဘို့စကားဆင်၊ထားခင်ငဲ့ စိတ်တော်ကူး။ ဖေါ်ဆယူ သောကတော် ဘဝင်မဆူနှင့် ကြင်သူကို ခင်ကူလို့ ယိမ်းပါတော့၊ နှစ်ဆွေမောင် ရွှေယောင်တိမ်းတို့မှာကွယ် စိမ်းဘို့ ရှိဘူး....။

(စကားပြင်)

မကူးသက္ကရာဇ် ယခုနှစ်တွင်မှ အချစ်မြဲချိန် ပုလဲစိန်မှာ ကဲမှိန် မညိုး မင်္ဂလာကိန်းဆင်ခါ ငယ်ထိန်းသည် ယိမ်းမယိုပြီမို့ စိမ်းဘို့ သဘော မရှိသင့်ပါ၊ သိခွင့်သာအောင် ဆရာက ဟောပေသည် သဘောသာ ပိုက်တော်မူပါတော့ အမိငယ်။

(ယတြာမှုရန် ပျို့လင်္ကာ)

မအိမသာ သူငယ်နာ၍ ချမ်းသာရဆေး လာ၍မေးသော် ဘထွေးဘကြီး ဝရီးချင့်ခင် ဆင်သည်ဥစ္စာ ကိုယ်မှာမရှိ၊ ခြွတ်ဘိ ရကား ညွန့်ထွားလူလူ စုတ်လာဘ်ထူ၏၊ အဖြူအပြောက် ခွက် ရောက်ခင်းကျင်း တနင်းလာသား တည်ကြားဇလ္လမြွေ ရှေ့ကနေ၍ ပေးစေဆက်ဆက် ရှေးသုံးရက်နှင့် ၄-ရက်တိုင်က ရလိမ့်ချမ်းသာ ခြေမှာ လက်မှာ ယားယံစွာ၍ အနာဇာတ ဖြစ်တတ်လှ၏။ မစ္ဆ ရှေ့ကို ငှက်ညို ခွေးနီ စုံစီချယ်လှယ်၊ စားဘွယ်ထူးလည် ၇-မည်နှင့် တလည်မြောက်ချောင် အရှေ့တောင်သို့ ရောက်အောင်ပို့သ သုံး ပန်လှအား ဆုရရှယ်ရှယ် ရည်ကိုးကွယ်က အလွယ် ဆက်လက် ရှေ့သုံးရက်နှင့် လေးရက်တိုင်က ချမ်းသာရလိမ့် ထိုမျှ ခပ်သိမ်း အနာတည်း။

တနင်းလာ သက်ရောက်ဟော ပြီး၏။

အင်္ဂါသက်ရောက်ဟော စကားပြင်

ဟောမဝါသီ ကောသရာပြီလှသည့် စာဂီမယှင်း အစဉ်ခလေ့ အင်ပြကတော့ငယ်နှင့် ခြသေ့မင်းတဲ့ ဂြိုဟ်တွင်းပါလ ခက်ခက်စရာ ရက်ရက်ကယ်ကြာ သက်လာ၍ ခံ့သောကြောင့်၊ မမပျိုခင် ချိုမရှင်သည် ပြိုပြင်ဒုက္ခ မောင်မောင့်စိတ်မှာ တရိတ်ကြာတွင် ထိတ်စရာရသည့်ပြင် ကြောင့်ကြမူစိုး အပူမျိုးငယ်နှင့် ဆူဖြိုးသည့် ဒုက္ခပုံကို မုချယုံကိန်းသေမှတ်ပါတော့၊ဟောမဝါသေလာရပ်တွင်မှ

ဓေဝဒတ်ကျွဲအဘကို မြဲလှစွာအကြံထုတ်ပါလို့ သမ္ဗုဒ္ဓအလောင်းတော် ပုန်းရှောင်မခြား ခိုပြီးငြားမှ အားပြည့်တော်မူ မလျော်စွာလှ ထိုအဘကို ချိုမြကသိုဏ်း မကြာမကြာ ခါတခါတွင် ခွာရာကို ထွက်ခါ တိုင်းပြီးမှ ရက်ပိုင်းနှာရီ ဘဲ့ကျွဲမင်းငယ်နှင့်၊ ခွာရာချင်းညီသောအခါ မထီရွှံ့စား အတင်းငယ်ကြပ်၍ ခတ်လေငြားသောကြောင့် ဘဘွားယိမ်းကုန် ကြွေခန္ဓာ ငြိမ်းပါတဲ့ ထွေမရဏာ ကိန်းကြုံသည်ကို တပုံသွင်းချွဲ လက်ာရင်းဖွဲ့လိုက်သော်။

(ပျို့လင်္ကာ)

တဆယ့်သုံးယူဇနာ ထွန်းပစ္စာသား အင်္ဂါထင်ရှား သက်ရောက်ငြားမူ ကျွဲသားအဘ ရန်ဖြစ်ကြ၍ အဘရှုံးလေသေသည် ကာလ ဒသင်္ဂိရိ ဒိဋ္ဌိယူမှား သူ့မယားကို ခိုးစားသည်ဖြင့်လေးနှင့်ပစ်၍ စစ်လည်း ပျက်ရှုံး ခေါင်းဆယ်လုံးလျှင် ဆုံးသော အခါ ကိန်းကြုံလာ၍၊ မှန်စွာ နယုန် ဆီးမှုံမှိုင်းစို ပြာသို တပေါင်း မကောင်းစွာဘိ ယာယီ ရှိ၏၊ သွားမိ သော်လည်း ကိုယ်ချုပ်တည်းလော့၊ကြည်းလည်းကြည်းနေ ရေလည်းရေသူ ဖမ်းယူသတ်စား ဘေးရန်များအံ့၊ တရားတပေါင်တွေ့မအောင်၍ချည်နှောင်တုပ်ဆွဲ ခေါင်းကွဲသွေးထွက် ရိုက်နှက်ပြီးလေ့ ရန်လျှင်တွေ့လိမ့်၊ အရှေ့တောင်ထောင့် လူနိုကြောင့်လျှင်နှောက်နှောက်ယှက်ယှက် အမှုထွက်လိမ့်၊ ငြိမ်သက်မတည် မကြည်နှလုံး ကြိမ်မီးအုံးသို့၊ ညှိုးချုံးလိုက်လဲ ဆင်းရဲကျဉ်းမြောင်း မကောင်းနှုတ်ထွက် ဆိုးအိပ်မက်နှင့် ကြုံဘက်မပြား လင်မယားလည်း မုန်းထား ခိုက်ရန်ကွာစစ်မှန်သည် ဧကန်မလွဲဘွယ်သာတည်း။

[စကားပြင်]

နည်းအ၀၀ ကမ္ဘည်းရကို စည်းကျတိုက်ရိုက် ကျယ်မလိုက်ရ ပြီဘူး၊ ဆယ်မကိုင်ရှုဖူး ဂီရိဒသ ယိမ်းပျိုလှပါတဲ့ သိန်းဆိုင်ဇ္ဇက ဘီလူးတည် ရစ်ကြူးကာမာ ဆင်းကြန်ညီတဲ့ မင်းသီတာကို ယိပြာတိမ်တိုက် ရထားဆောင်တင်ရှောင်မကြည်ပဲ ဘောင်ခွင်မှာ ပိုက်မည်ဟု မထိုက်မရာ ညှိုးဆူအပြင်း ခိုးယူခြင်း၏ ယင်းတွက် တာကြောင့် လောင်းရာမထွင်ရ္ဌ သံတိုင်ကွေးကွေး ဆိုတ်ချိုလေး နှင့် အရေးသင့်လွှတ်သောကြောင့်မချွတ်ခဏကြောင်းနွယ်အဆုံး ခေါင်းဆယ်လုံး ပျက်ပြုန်းရသည့် ထုံးအကျမှတ် ရှေးဖြစ်ရပ်ကို တေးထပ်နှင့် လာပြန်တော့။

(တေးထပ်)

ကောသရာစံ ရှင်မွေ့နံခြသော့ ပါပင့်ဂိုဟ် ကံ့စင်ရှိလာကြွခိုလျှင် ဇာတကိုယိုယွင်း၊ သားပုတ္တ မဟိံသာငယ် ချိန်အခါ ကြီးရှယ် ရောက်ခြင်း၊ မွေးသဘာ ကျွဲရာဇာကို စဲခန္ဓာပြတ်ကင်း၊ ခဲမကြာ ခတ်ခြင်းနှင့် ထပ်မယှဉ်းနိုင်ပေ၊ မကိုဋ္ဌဆူ ဆယ်ပြိုင်ကုံး ရှယ်တိုင် ဆုံး စံဥပဒေ။ကာမေသုမ္မနှစ်စေကိုပြုဖြစ်လေပြုအားလို့ သူ့သား သူ့အိမ်ယာ ထွေးရှုပ် တတ်စွာ။ နယုန်လ, တဲ့ပေါင်း ပြာဝယ် မကောင်းစွာ ရန်ကြီးရဲ့လေး။

[စကားပြင်]

ထွေးအရှုပ်ရှုပ် ရေးမဟုတ် ကာယ်နှင့် သေးနုတ် ဖျင်းသိန် သတင်းငယ်မှိန် ခင်းကြိမ်သည့်အခါ မချွတ်မလွဲ စွပ်အစွဲ များကို ငွတ်အမြဲခံရရှာ၍၊ ကြံကာလည်းပြု လက်စွပ်မှုနှင့်ဆံစုတမျိုးကို

ပုဆိုးခြုံစောင် အင်္ဂါနံ့ရ မှန်သမျှကြံဆ၍ ရှောင်ပါတော့။ မယ်မောင်အစုံ မတည်ငယ် ယိမ်းပါတဲ့ သည်ကိန်းနဲ့ ကြုံကြပါလျှင် တဖုံသဘော ဆိုသဖြန်နှင့် လိုရန်ကိုဟောစေဘို့ သာမောဘွယ်ခြေအဆင်းမတော့။

(လေးဆစ်သဖြန်)

တမေခင်ရွှေဘာဝင်အိုက်ပါဘိ၊ နေမရွှင် သေချင်လိုက်အောင်ပခေစဉ်တိုက်ပေ့တော့သာ။ ဘောမကျနိုင်ဘု၊ ဘောမ-ငယ်အင်္ဂါ ဂြိုဟ်ကြောင့် ခင်ပြာညို ယာယီရွှေ့ပါလိမ့်၊ ကြင်ယာကို သာကီဘော့ငယ်နှင့် လွှဲလေ့သည်ခါ ဒုတ်တဖြာ နှောင်ချည်ကြိုးငယ်နှင့် ယုတ်အမာ ဆောင်သည်ပိုးပါလို့ နှောင်ရှည်မျိုးစခန်းမှာ လမ်းသာဘို့ခက်ခဲ၊ တရားငယ်ဆောင် အမှားငယ် ကိုယ်မှာပေါင်လို့ လိုရာတောင် အောင်မငြိမ်းနိုင်ဘူး မီးရှေ့ကြိမ် ပေ့လီကိန်းဟာမို့ ကွယ် ယိမ်းယိုင်ဘို့ပဲ။

(စကားပြင်)

မြေ့မြေ့ အဆွေးငွေ့ မအေးပြီဘု၊ လေးတမေခင် ဖြေမရွှင်အောင် ပေ့ ချင်သမျှ စိုးရိမ်တချက် ဆိုးအိပ်မက်ကယ်နှင့်၊ ငှက်ယုတ်ကလည်း နားကျပ့်ျသန်း ကြံတလမ်းငယ်နှင့် သဖြန်ဆန်းကလေး ကြိမ်သံညည်မတော့။

[လေးဆစ်သဖြန်]

ဗျာပါရှိန် ချိန်မတွက်နိုင်ဘု၊ မဟာသိမ် တကြိမ်စက်မီရင် အိပ်မက်က အသချော်၊ ထူးမသာတ်နိုင်ဘူး ဦးပြတ်ကယ် လည်တိုနှင့် မျက်ရည်ယို ငိုတအားငံ့ပြင် ကြောက်စရာ နှောက်ခါပွါး

ပါလို သွားကကျွတ်ကြွေ။ တိရစ္ဆာန် သည်ငှက်မျိုးတွေက အတိတ်ဖန် မြည်ချက်ဆိုးပါတို ရှည်သက်ကျိုးမရှိလေ၊ သေခါတဲ့ ယောင်မိမှား၊ အင်္ဂါကြိုပ်ကြင်ယာကလေး-ဖေတကိုယ်နှင့်မသေ လို ရှင်လျက်ကွဲမတဲ့ မိပူကောင်လောင်မစဲပြီ ကိန်းနေကို ကျိန်း ချေလို့ ဆွဲရလျှင်ကွယ် လွဲပါလိမ့်လား။

(စကားပြင်)

သနားစရာ ထားကလျာငယ် ပွားရာဒုက္ခစကားဖြာဖြာ များ လှပါ၏။ အားနာလှချေငဲ့ ထွက်သမျှကိန်း ကျွက်ကျွက်ကယ်ဆူ ပူမငြိမ်းမည်ကြောင့် သိမ်းတော့မည်ယခု ဆရာကို မယုံတယ်လို့ ထိုတဖုံဗေဒင်သမားကိုဖြင့် သွား၍များမရှုပါနှင့်၊ ဗေဒင်တု ဆရာ နောက်တွေက မြှောက်၍သာဟောတတ်လှ နှမငယ်။

ဗုဒ္ဓဟူးသက်ရောက်ဟော စကားပြင်

ပြောင်နာဂဝင် ဂဇာသင်ဟု မာတင်အရိုး၊ အစဉ်မပြယ် ရှင်စမ္ပာယ်သည့်ဆင်ဆယ်မျိုးတွင်မှ တန်ခိုးဂုန်ပြင်းလောင်းတော် ဆဒ္ဒန် ပျော်မှတ်စံသည့် ရပ်ဌာန်တွင်းငယ်သို့ ကပ်ခြင်းသက်ထိ၊ ဖေမောင်ရွှေရောင် ဝေဟာန်ဆောင်တို့မှာ ဆွေနှောင်မိငယ်နှင့် ကာသိကောရှုံ၊ ရထည်ယှက်သန်း ကြည်သက်ကယ် မြန်းပါတဲ့ စက်ခန်းဘုံတွင် လွှမ်းခြုံပိုက်သိမ်း လာဘ်သပ္ပကာ ထပ်ထပ်ကယ် လာ ဆပ်ဆပ်သာ သွေမယိမ်းပြီဘု၊ ဝေကိန်းမုချ ဝတ္ထုကိုထုတ် ပြီးလျှင် သချပ်နှင့်ပြလိုက်သော် လုဒ္ဒကသောနုတ္တိုရ် သုဘဒ္ဒါမိ

ငြိုးရန်ငယ် ရှိသောကြောင့် မချိလိုသည်၊ လောင်းပျို ဆဒ္ဒန် ရွှေစွယ်နှစ်ချောင်း ငွေသွယ်ပြောင်းကို နားခေါင်းငယ် ဖြင်၍ ဆင်တော်ရန်တဲ့ အကြံမှောက်မှား မုဆိုးအားလျှင် သွားချေ ယူချေ မြို့ရွာကျေး ဖို့ကာငယ်ပေး အခရေးသင့်စေသောကြောင့် မနေအားက စွယ်တော်လှကို ရသည့်အခါ ကိန်းကြုံလာသော ကြောင့် များစွာလာဘ်မိုးသည်း ထပ်ထပ်ကယ်တိုးမည်ဟု ဘိုးရာဇာ-လကာနှင့် ယဉ်ကဗျာချိုလိုက်သော် ။

((ပျို့လင်္ကာ))

တဆယ့်ငါးယူဇနာ ယုဂန်ချာငယ် တိမ်ပြာဝေမြူး ဗုဒ္ဓဟူးတည့်၊ ဂြိုဟ်ထူးရှိရာ သက်ရောက်လာမူ နွေခါနှင်းအန် ဟိမဝန်၌ ဆဒ္ဒန်ဆင်ကောင်း ရံရှစ်သောင်းနှင့် နှစ်ထောင်းဝမ်းသာ စံလှည့်ရာတွင်၊ သုဘဒ္ဒါယုတ် ငြိုးမျက်ကြုတ်နှင့် သောနုတ္တိုရ်ရ လုဒ္ဒကကြောင့် ဘုရားအလောင်း ဆင်ကောင်းလည်းသေ၊ မုဆိုးလေလည်း ရွှေငွေဥစ္စာ မြို့ကျေးရွာနှင့် နေရာဌာန ရသောအခါ နရာလူ့ဖျား မင်းသားထီးနန်းရဟန်းရွှေကျောင်းမှုထမ်းကောင်း အား ပန်းပေါင်းလှိုင်ပျံ ကဆုန်လနိုက် မြို့ပြလောင်းထပ် ဘွဲ့သစ်တပ်၍ ကွမ်းကြပ်ထီးစည် မျိုးမည်ကောင်းထွတ် ကညာမြတ်နှင့် အဝတ်တန်ဆာ ပရိက္ခရာခြိမ့်သဲ ရစမြဲတည့်၊ ဆင်းရဲသားမှာ ဇတာင်လကျာက လယ်ယာမိုးမြေ ကြေးရွှေငွေနှင့် အခြေနှစ်ချောင်း ရစုတ်ကောင်း၏။ဆင့်လောင်းခြီးချဲ့ အပြစ်မဲ့လည်း ကဲ့ရဲ့သင်္ဂြိုဟ် သူစုပ်ဆို၍၊ ပြာသိုဆီရှဲ တပို့တွဲဝယ် ဆင်းရဲငြိုငြင် မရှင်မြောက်မျဉ်း ပိတ်လက်ကျဉ်းသည်စိုးစဉ်းနည်းများဗျာပါတည်း။

(စကားပြေ၂)

သဖြည်းညုံညုံ့ လင်္ကာဖြန့်၍ တကန့် တကန့် သက်တင်ရဲရဲ မြွတ်စဉ်ရှိတွင်မှ ဆင်ပုလဲတန့်သည့်နှယ်၊ပျံ့ပျံ့ညှင်းညှင်း ရေးမှတ်ကယ်သွင်း တေးထပ်ရင်းတပုဒ် ဝေဝေသောသော ပြေပြေငယ် ချော ရွှေသဘောပိုက်ရန်ဘို့ အလိုက်သင့်ကြံစည်ပြီး ဉာဏ်ရည်နှင့် ဝင့်လိုက်ပေဦးအံ့။

[တေးထပ်]

ပြောင်ဆဒ္ဒန် ရံရှစ်သောင်း စံသစ်ကြောင်းဒက္ခိဏော၊ ဖန်လှစ် ပြောင်း သက်ထိနေလျှင်မဂ်ကိလေမှောင်ကြီး။ခင်ခင်ပုယဉ်ယဉ်နဲ့ ကြင်ကြင်သူ့ မိတ်ကလျာငယ် ရိပ်မကွာ မြဲဘို့ရွယ်ပြီး၊ ဘော ချုပ်လို့ ဟောထုတ်ဘို့ သောနုတ္တိုရ် မုဆိုးကျော်ကို ထုတ်ကျိုးမျှော် ဉာဏ်မှီး၊ သုဘဒ္ဒါဖန်တီး၍ ကြံအပြီးခိုင်းစေ။လောင်းဆဒ္ဒန်စွယ်တော်ဆက် ကြွယ်မော်ရက် ကိန်းကြုံလာပေ။ ဖြိုးတင့်တင့်ထိုးဆင့်ဆင့် မိုးသဲစွင့်စွင့်ကြက်သရေငယ်၊ တက်ပစေ မောက်ကဲလို့ ကျောက်,ပုလဲ,ရွှေ,လျှော်အမှန် မျှားဗုဒ္ဓနံ။ သွေ့မညောင်းမျှ မေအပေါင်းက ခြေနှစ်ချောင်းပ စုတ်ကောင်းမှန်တယ် ထုတ် လောင်းဖန်ဖန် ပြန်ဟောပါတော့လေး။

(စကားပြေ)

ယဉ်ကျေးလှစွာ ခင်လေးသာမြ ဘွင်အေးစရာပ ကာလခေတ် တွင် သည်ဗေဒင်ကို ကြည်လင်နှစ်သက် မေးအချက်ကယ်ကြောင့် ဖွေးယှက်မရှုပ် ကောဝုစ်သာပ၊ ဖွေထုတ်အမြန် မတိမ်းတချက် ယိမ်းမကွက်သည့် ကိန်းချက်မှန်ကို သဖြန်နှစ်ပိုဒ် အယဉ်ကြိုက် ကယ်တို့ စဉ်တိုက်ကလေး ဝေးလိုက်ကြဦးစို့။

လေးဆစ်သဖြန်

ခင်တမေ ယဉ်ကေကြော့မှာလ၊ ကြင်တဆွေ သင်ဘွေမော့ တွင်ဖြင့် ဆင်စေတော့ကိုန်းရောက်ကြုံ။ ရတနာ ရွှေစင်နှစ်ကယ်နှင့် ပုလဲပုံ ကဲလျှံသစ်ပါဘိ၊ ခဲအကြံ စွဲသန်ချစ်သူက သည်နှစ်တွင် မှန်အထူးပါတဲ့ ရွှေ့တခို ရွှေ့ပိုကူးပါဘူး ဦးလကဆုန်၊ ဒက္ခိဏော တောင်အရပ်ကယ်နှင့် ဥတ္တရေ စုတ်တွေ ထပ်ပါလို့ ရုပ်ရွှေခါတ် ခြေရုပ်စုံတယ်၊ဒြပ်ဂုဏ်ကွဲ ငြိမ့်ပြောင်း၊ဗုဒ္ဓနံထုတ်ပြခါလျှံပိုမဘူး လှည်းတတန် လှေနာဝါငဲ့ပြင်၊ ဆင်တန်ဆာ ပဏ္ဏာပွဲ တွေနှင့် ကွယ် သဲခြိမ့်ခြိမ့်သောင်း။

လေးဆစ်သဖြန်

ခေတ်အကြုံ သစ်ဂုဏ်ပျို ပါဘိ၊ နှစ်အစုံ ဖြစ်ပုံတို့ကိုလ ရစ် ခြုံလို့ ဟောမပိုင်။ ဖေ တမောင် ရွှေယောင်ဝိုက် မှာလ ရွှေ တထောင် ထွေနှောင်ခိုက်ကယ်မို့၊ ထိုက်သူကို ပိုက်ယူ ထွေးပါ တော့ ကြိုက်သူမှာ လှိုက်ဆူကြွေးပါလို့ ရေးကြုံချက်ဆိုင်။ ရတနာ ရွှေငွေမိုးသည်းငယ်နှင့် ကညာမှာဝေဝေဖြိုးပါလို့ စွေမည်ျုးသတင်း လှိုင် သင်းကြိုင်တဲ့ဒါရုပန်း။ သို့ပါကို ညို့ဗျာပို မကြည်သက်ပါ လို့ သည်ရက်ဆီ ပြာတပို့တွင် ချုန်းပစေ ဘုန်းဖေတို့ကိုကွယ်.... ကုန်းမပွလို့ဆန်း။

ဗုဒ္ဓဟူးသက်ရောက်ဟော ပြီး၏။

စနေသင်္ကြန်ရောက်မဟာ စကားပြင်

ဘုဇင်္ဂသိန် ဆူတွင်ငယ်ချိန်သည်၊ နာဂိန်မတရ၌ ဂြိုဟ်ရေနတ်ကယ်သို့ ခွေပတ်လှည့်ခါစဉ်ဆက်မခြားဝင်ထွက်ကယ်သွားပါလို့ဆက်နားလာသော်၊လောင်းလျာဇနက်ပြင်ကျယ်အခင်းပင်လယ်တွင်းတွင်မှရွှေသဘော်ပျက်သည်နှင့်တချက်တည်းစပ်၊နည်းတရပ်မတော့လှိုင်းဖြတ် ရိုးသား ကိုက်ချိုးငယ်ဝါး စားတတ်စွာလှ။ သွယ်သွယ်ဖြူးဖြူးစွယ်ဖူးဖူးဘီလူးမသည်၊ ထူးစွအကြံလူယောင်ဖန်၍ သဏ္ဌာန်ပြီးငြား ခရီးသွားကိုဆီးတားသမှုစဉ်ဆက်မခြားကြင်သက်ထား လင်သား ပြုသည် ယခုကိန်းကြုံ မသွေမယိမ်းအခြေငယ်တိမ်း ပေွတကိန်းဆိုသောကြောင့် ဟောပုံမချွဲ၊ လင်္ကာဘွဲ့လိုက်သော်။

ပျို့လင်္ကာ

တဆယ့်သုံးယူဇနာ ထွန်းပစွာသား၊ ရောင်ဝါ တောက်ပသောရိကျမှု ဇနကမင်း ပင်လယ်တွင်းဝယ်သဘော်ပျက်ခါ ဥစ္စာရှာသော် တောမှာစွဲလမ်း ဘီလူးဖမ်း၍၊ ကြင်ကျွမ်းမျက်ရှု လင်ပြုသောနှစ် စင်စစ် ဖြောင့်ဖြောင့် နောက် တောင် ထောင့်ဝယ်၊ မှောင်ရောင့်ကားကြီးခိုးသူဆီးလိမ့်။ခရီးဝေးစွာ မသွားရာတည့်၊ လမ်းမှာခြိမ်းချောက်ဥပဒ်ရောက်လိမ့်၊ကျောက်ပတ္တမြားရွှေသားငွေကြေး ကျွန်ကျေးကျွဲနွား မဝယ်ငြားနှင့် စီးပွားချော်ချွတ်ပြေးပျောက်တတ်စွ။ မိုဃ်းနတ်မြူးခုန် လကဆုန်ဝယ် ကြေးငွေကုန်ကျ ပျောက်ရှဥစ္စာ ရန်ရှာခိုက်စစ် တရားဖြစ်လိမ့်၊ အပြစ်တထောင့် မိန်းမကြောင့်လျှင် စိတ်နှောင့်ငြင်ငြို၊ လဝါဆိုဝယ် တပိုတပါး တရွာသွားလိမ့် ဆွေဝါးခိုက်ရန် ပြင်းစွာတည်း။

(စကားပြေ)

ဗျာသီးကြွေရာ ဆွေကလျာ၏ ပွေခါအချက် မောင်မောင့် ဖြစ်ပုံ သနစ်စုံကို ကုန်ကုန်မြွက်၍ အချက်ကျကျ မချန် မချင်း အမှန်ကို လင်းပြီးလျှင် စံခင်း၍ ပြလိုက်သော်၊ ဆရာနတ်ကလျာ မှန်လွန်းလှပါသည်ဟု ဆိုရာမကုန် တေးထပ်အမြွက် ရေးမှတ်ချက်ကာ ကယ်နှင့် တွေးစပ်လျက် ခြုံလိုက်ဦးစို့။

[တေးထပ်]

နဂါးရို-ရွှေယဉ်မွေ့ ငယ်သို့ ဖေခင်လေ့ သက်ကြုံ၊ ဆွေကြင်မေ့ ခက်ပုံမှာ စနက်ကုန်လောင်မီး။ ကောင်းမဖက် ကြောင်းအချက် လောင်းဇနက်ဗုဒ္ဓင်ငယ် သမုဒ်ပြင် ဩဃအနီး ကိန်းအရ တိမ်းပမ ယိမ်းသမျှ ပျက်ပြားရန်မှာ ထွက်သွားမှန်အပြီး ယတြာယာယီကြီးစေတော့ ဘယ်ခရီး မလှမ်းသာ။ အုပ်ဝနေ နယ်အကူးမယ်ဘီလူးဖမ်းတတ်သည့်ခါ ခြောက်ရောင်မှောင့် နောက်တောင်ထောင့်ကြောက်ရှောင်မောင့် မလည်ရာတယ်၊ ကြည်မသာ နီ အားသားနှင့်တရားတပေါင်လို ရှူးလိမ့်မောင့်ကိုယ်။ ကျမ်းမှီသင့် လမ်းညီဖြင့် နှမ်းဆီနှင့်နွားဆိုလျှင် မစားလိုရှောင်တိမ်းကွဲ့လေး။

(စကားပြေ)

အေးခွင့်-ဓဝးမြင့် အဆွေးငယ်ဆင့်သည် ဘေးနှင့် မကင်းကြုံချေ လိုမေ စုံနှစ်ဆွေတို့မှာ ဂုဏ်သရေကင်းမလောက် ပွေခင်းကြုံတွေ့ လိုတမေ့နှင့် စုံပေ့ဇာတာ သာမသာကို ကဗျာအလိုက် မလျှံ မပို အမှန်ငယ် ချိပါတဲ့ သဖြန်ဆို သည်နှစ်ပိုဒ်ကိုလည်း နားစိုက်တော်မူဦးတော့။

(လေးဆစ်သဖြန်၊)

ပူအဆွေ-ဆူဝေခ,ပါလို့ ဇမ္ဗူမြေလူနေမျှပြီဘူး၊ သက်တရာ နေရငြားသော်လဲ မှုတွေကတရာပို၊ လကာဆုန် သည်မာသငယ်နှင့် ခါအလို ဝါဆိုကျပြန်တော့ ခင့်လှမောင် မြေတကျေးကိုဘဲ ယတြာယာယီသွေးပါလို့ ဝေးလိမ့်ထွက်ဆို။ မျိုးတကာဆွေ ညာစုကာယ်နှင့် ငြိုးမသာပွေခါပြုလို့ ဝေရာမှုရန်ကြီးလို မချိုတဲ့ ခါအတွင်း။ ကြောက်ရှောင်ပါ နောက်တောင်သာ အရပ်တိမ်း ဆီကာ မိန်းမလေး ခြေမလှုပါတဲ့၊ အသားနီ နက်ထည်မ့ငယ်နှင့် ခင်လှမောင် ပျက်ပြိုယိမ်းမယ်တဲ့ ကြင်ပနောင် ရှက်ကိုသိမ်းမယ် ကွယ် ကိန်းကထင်လင်း။

(လေးဆစ်သဖြန်၊)

တနယ်မြေ တရေခြားငယ်သို့၊ တကာယ်ဖေ မနေသွားတော့ မလား မေးထားတဲ့အဖြစ်တွေ။ ပယ်မငြင်းပါနှင့် နွယ်ရင်းငယ် ဗုဒ္ဓင်ကူသို့၊ ရင်တဆူ ပွင့်မူညောင်းပါတဲ့ အလောင်းတော်ဇနက မင်းသော်မှ မိမာတာ အာဏာငြင်းသောကြောင့် ပျက်ယွင်း သကွဲ့ သဘော်လှေ။ ခါတလီ ယာယီသွားပါတဲ့ ခရီးသည် တယောက်အားကိုလ မှောက်မှားအောင် ကြုံလီဆယ်ရှဲယကွမယ့် သက်လှယ်ပြုပါတဲ့ ကိန်းစုဥပဒေ-ပြုပွေတဲ့ခါပဲ။ သူ့ရွာရောက် လျှင်လှလေ မှုပေါက်ကာယ်ရှာကြုံလို့ ခုထောက်ခံ ဟန်မရငယ်နှင့် သူ့နောက်ကျန် အမှန်ကျလိမ့်မယ်ကွယ် သောကမစဲ။

ကြာသပတေးသက်ရောက်ဟော စကားပြင်

တနည်းတနည်း လိပ်ကမ္ဗည်းငယ်နှင့် သိပ်သည်း သေချာ တပိုဒ်ပိုဒ် ယဉ်အလိုက်ကယ်နှင့် စဉ်ထိုက်ဖြာ၍၊ လက်ာစကား ညွှန့်စေ လွန့်စေ ကွန့်ကွန့်ငယ်ဝေသည် အခြေထားလျက် ထွေပြား စိစစ် ကိန်းသနစ်ကို တိမ်းပစ်မပယ် နိပါတ်ခင်း၍ ဇာတ်ရင်းကို သွယ်လိုက်တော့၊ ဘုန်းကြွယ်မြတ်လှ တသောင်းအတု တောင်း သည်ဆုငယ်နှင့် လောင်းကုသတဲ့ ဘုရားအလျှာ အဆင်းမြမြ ဝင်း ဝင်းငယ်လှပါတဲ့ မင်းပပကို ရတနာဘိုးထိုက် နဝရတ်ပေမောင်း လျှပ်ချေငယ် ပြောင်းပါတဲ့ မြတ်ရွှေစောင်းကို ပိုက်ပြီးလျှင် သောင်းထိုက်နဂရသာဂလငယ်သို့ ခွါကြသည့်အခါ၊ ယူဇနာလျှင် တရာတိုင်မြောက် မြေ့မြေ့ငယ်ညွှင်း နေ့ချင်းရောက် အထောက် သင့်စွာ မင်းပဘာကို ထိုခါသမယ စက်တော်ရင်းငယ်သို့ ဆက် သွင်းရသည် ကိန်းကျစဉ်လာ မညှိုးပပ အကျိုးပြသည့် ဘိုးရာဇ လက်ာမတော့။

[မျှိုလက်ာ]

တဆယ့်နှစ်ယူဇနာ နောက်ဒိသာက ရောင်ဝါတောက်ပ ဂုရု ကျမ္မကုသရာဇာ လောင်းမြတ်စွာလျှင် ပဘာတဝ နတ်ထက်လှကို ရမည်နှစ်ပေ ကဆုန်နွေနှင့် တောင်လေပြောင်းစ တပေါင်းလ ဝယ် မြို့ပြကျေးရွာ နေရာမည်ရည် ထီးစည်ကွမ်းခွက် ဆောင် ရွက်ကြီးမား မင်းသနားအုံ။ ဆေ့ဝါးတကာ ယှဉ်လာမစပ် ခပ် သိမ်းလာဘ်လည်း နောက်ရပ်ကသာ စီးပွားလာ၍ မိရာ ဘရိုက် သိမ်းပိုက်ရမြဲ၊ ဖွိုးကဲပြ၀ိုးထူ စိတ်တူကညာ လိုရာကြံနိုင် ပြီးစီး

တိုင်အံ့၊ ဘက်ပြိုင်မဆွယ် သွီးငယ်နှင် အရွယ်နုမျစ် လူပျိုဖြစ်မူ ကြိုက်ချစ်သောသူ တူရှုတည့်လှ ပစ္စိမနှင့် ပြုဗ္ဗရပ်ခွင် ရှိမြဲပင်တည့်၊ သည့်ပြင်တဆစ် ယမန်နှစ်က ချစ်သည့်သူနှင့် မသင့်သောအားကွဲပြားလေပြီ၊ နောက်တောင်ဆီက ဝေမြဲတချက် မိန်းမဖျက်၍ နေ့ရက်ခေါင်ဖျား ဂုရုသားနှင့် ပြာထွားနတ်တူ ဂုရုသူတို့ မွေးမြူ မစ နှုတ်ရလက်ပါ ညီညာသောင်းသဲ ခြီးပမြဲသည် မလွဲထိုသူ့ တံထွာတည်း။

(စကားပြင်)

စဉ်လာကမ္ပည်း လင်္ကာနည်းငယ်နှင့် ဆာ ဖြည်း ငြိမ့်ငြိမ့် ဆောင်ဘွယ်ပတ္တမြား မောင်မယ်ဘွားတို့ကို နှောင်ချယ် နားစိမ့် စေ၍၊ သိမ့်သိမ့်တဆွေ ခင်ခင်မေနှင့် မသွေစတမ်း၊ မေတ္တာငယ် မှန်း၍ သစ္စာပန်းစိုက် ယဉ်မကိုင်္ဂကယ်နှင့် ဆင်ထိုက်သည့်ခါ မသွေ မကွက် ဂဟေဆက်မည့် ဖေသက်လျာကို ရက်ကြာမလုတရေးငယ် မှတ်ရန်ဘို့ တေးထပ်နှင့် ရှုပြန်တော့။

[တေးထပ်]

ဂုရုသိန်ရှိန်တမျ တိမ်ပပ-သူရကန် ထွန်းတက်သစ် ပုံသဏ္ဍာန်လို ယုန်စန္ဒာငွေဝန်း လောင်းကုသ တောင်းဆုရ ပေါင်းရှုကြ ယင်း ဇာတာကို မင်းပဘာရကိန်းမို့ ထွန်း။ သိန်တမျ ချိန်အဆ မိန် သမယ တပေါင်းကြုံတယ်၊ ပြောင်းကဆုန်နွေယွန်း ပေါင်းအစုံ ထွေထွေမွန်းပါလို့ ရွှေငွေညွန်းလာဘ်လာဘ် မြို့ရွာပြည် ထီးစည် ညောင်း ရွှေကွမ်းလောင်း ကွမ်းခွက်သာလျှ၊ ဝင်းတောက်ပ မင်းမြှောက်ရ ခင်းထောက်ဆ သာလှည့်ရန်မှာ ဉာတိမှန် ဆွေဝါး

နှင့် အလားမောင်မတူ တိုးဆယ်ဆလူ၊ နောက်ခွင်အရှေ့ ရောက် ဝင် ပြုကတော့ မြောက်တင်ကြွေ့ကြွေ့ လာဘ်မျိုးထူတယ် မှတ် ကိုးရှယ်ချို ယူစွဲပါတော့လေး။

(၂၈,ကား ပြင်၂)

တရေးထင့်ထင့် လေးခင်ခင့်မှာရှေးနှင့်မတူ ဘွင်တမူငယ်လို့ ထင်ယူအပြီး ဆွေသဟာမြတ်၊ ရွှေညာနတ်ကယ်တို့မှတ်တသီးတွင် မှာ တတ်မှီးကျေန်။ ဘိသိက်ကယ်လျှံ မိဿ မောင်းမ ရွှေပေါင်း ခလျက်၊ သောင်းမြမိပတိ အတည်မငြိမ်း လည်မတိမ်း သည်ကိန်း နှင့် ငြိသောကြောင့် မိဘမျက်မှန် ပိုမလျှံပဲ ဆိုသဖြန် သိန်းထိုက် သည့် ကိန်းနှစ်ပိုဒ်ချိလိုက်သော်။

(လေးဆစ် သဖြန်)

မြကေသီ ဒေဝီလောင်းမှာလ ခ,ရွှေညီထွေလီပေါင်းငယ်နှင့် ရွှေစည်မောင်းငြိမ့်လို့ညီ။ ဘမရာလယ် ဘိသေကငယ်နှင့် ကညာ မယ် မိဆွေလျှငယ်တို့ ရခဲသူ ထောင်ခြွေရွှေနှင့် အောင်သမြေ တောင်ဒီပတွင်မှ ခေါင်မဟော ညောင်သီဟမှာတဲ့ ချမ်းမြရိပ်စံ။ ငွေးကုန်သည် သူတော်တန်းမှာလ ရေးစုံစီ ရှုမျှော်လှမ်းပါတော့ ဆောင်ခန်းဗွေ့ရဝေရိပ်မှာလနောင်လှမ်းခြွေ တဖေမှိုတ်ကယ်နှင့် မထွေစိတ် ဗွေ့ရိပ်လျှံမှာ ရွှေစိတ်သံနှစ်ပါး။ နှစ်အုံးငယ်ပြိုင် အဆုံးတိုင် ကြံရည်ရွှယ်လို့၊ ဖန်လီဆယ်ပြုဗွေ့ရပ်ကယ်နှင့် ပန္တိခွင် မောင်ခင်လတ်ကယ်တို့ မှတ်မသွေ ရဝေပြန့်မှာလ၊ ထပ်မသွေ တမေခန့်တယ်ကွယ် ဆိုင်းငံ့မျှော်စား။

(လေးဆစ်သဖြန်)

ကိန်းတလီ ဖန်အလှစ်မှာလ စိမ်းမကြည် ယမန်နှစ်ကယ်က ကြင်ချစ်သူ ရွှေစာဆွဲငယ်နှင့် တင်ပြစ်ယူ အခြေလွဲပါလို့ မေ ကွဲခဲ့ရလေပြီ။အနောက်တောင် စနေယိမ်းဆီကတယောက်မြှောင် အခြေတိမ်းအောင်လို့ မိန်းမညာဏ် ရန်တမှောင့်ပေပ တကိန်းမှန် ကြံတထောင့်ငယ်ကြောင့် စိုးနှောင့်ဝေရီ။ သည်အခါ ကွာမဝေး စေနှင့်၊ ကြည်အသာ ကြာသပတေးကိုလ ရန်အေးအောင် မိုကာ ကပ်လေတော့ ကြံရေးဆောင် ညီညာတတ်ပါသတဲ့ ဤခါမှတ် ဤနှစ်ဆီဝယ် ချစ်ညီတဲ့ မိတ်ခင်ပွန်း။ သာရေးငယ်ဖန် ကြာသ ပတေးဆို သည်နံမှ ကူတတ်ရန် ခိုရန်ရေးပါတဲ့၊ ဖြူလာဘ်မှန် ကြာသပတေးငယ်ကွယ် ငွေးမဲ့နှစ်ထွန်း။

ကြာသပတေးသက်ရောက်ဟော ပြီး၏။

— —

ရာဟုဂြိုဟ်သက်ရောက်ပုံ စကားပြေ

တုန်ကြောက်စဖွယ် ဂုဏ်မောက်ကြွယ်အံ့ဘွယ်ထူးလှဆိုင်းညီး ထင်ထင် ဟိုင်းကြီးဆင်စီးယာဉ်မြန်နှင့် ပါပခေါ် ဆို အသူရိန်နတ် ပူရှိန်ငယ်ထပ်ပါတဲ့၊ ပါယပ်ဂြိုဟ်သို့ ကပ်ခိုသက်ဝင် ရောက်သည့် အင်ကြောင့် ကိန်းစဉ်တရပ် သူရာနတ်ကို ယစ်လပ်သောအခါ ဝတိန်သာမှ ဣန္ဒာသက္ကဝါသဝ တွန်းချဆွဲပစ် မြင့်မိုရ်အောက်ခွင် အရောက်ကယ်နှင့်၊ နောက်ဘဝင် ချစ်စေဘို့ ဖြစ်သည်ကိန်းရှူ၊ သဗ္ဗညုတဲ့ သုံးလူ့ဘုန်းကြွယ် သက်တော်ဝယ်လည်း ရှစ်ဆယ် အပြည့် ဝက်ပျိုသားပွမ်း တက်အရမ်း လှူဒါန်းသည်ကြောင့်၊ လျှမ်းပြည့်ကိုင်အေး ကိုယ်တော်မြတ် ဘုဉ်းပေးသဖြင့် အရေး မှုန်လှ ပြည်နိဗ္ဗာန်ကြွသည်ဟု ယဉ်ခေါင်နတ်ဆွေ မောင်ခင်မေသို့ ရှောင်ကြဉ်စေရာ ဘိုးရာဇာလင်္ကာမတော့။

(ပျို့လင်္ကာ)

အာဏာပြင်းထိန် အသူရိန်ဟု စက်ရှိန်ထွန်းတောက် နေ့လကြောက်သား အနောက်မြောက်က ဂွိုဟ်ထက်ကျမူ သိကြားတန်ခိုး မြင့်မိုရ်မိုဃ်းက စောက်ထိုးကိုင်ခါ အသူရာကို မာန်ပါပြင်းပြ တွန်းလိုက်ချ၍ ကျသောအခါ ကိန်းကြုံလာ၏။ သံဝါမိုဃ်းတွင်း တော်သလင်းနှင့်ဆောင်းကြွင်းနွေစ တပေါင်းလန္တိုက်ရွာမှန်းဝေးထွက်ပြေးပြောင်းသွားလင်မယားလည်း ဆွဲထားမမီကွာစစ်ရှိ၏။ ကတိဖောက်ပြန် ကျေးကျွန်ကျွဲနွား ပျောက်ပြေးသွား၍ တရားလည်းရှုံး နှလုံးလည်းပူ ရန်လူနှိပ်စက် ပြုန်းတီးပျက်လိမ့်။ အသက်ကိုမျှ မရ,ရမှု, လူလွှပြုလေ၊ ပါယ်ပေကအဆွေခင်ပွန်းရဟန်းမိန်းမ မိဘ,သခင်အရှင်မြတ်စွာဆရာသမားစကားချီ၍ အပြစ်မဲ့ကိုကဲ့ရဲ့ရှုတ်ချ ခိုက်ရန်ဖွိုလိမ့်၊ တပို့တွဲလရောက်ပြန်ကလည်း ရအံ့လာဘ်သပ္ပကာတည်း။

((စကားပြေ))

နည်းအချက်ချက် ကမ္ဘည်းထွက်ကာယ်နှင့် စည်းလျက်ပုံသေ မပြိုမယိမ်း အဆိုကိန်းငယ်က ဂြိုဟ်စိမ်းနှင့် ကြုံချေသောကြောင့် လုံမေခင်ပုသမင်နုငယ်တို့ရင်ထုမနာ ငယ်ကြင်သက်ထားမောင်တပါးငယ်နှင့် ရှောင်ရှားငယ်ခွါ ရှင်းကွာပျက်ယွင်း၊ စခန်းအမူမှန်းသသူနှင့် နှမ်းဆူဘွယ် ကင်းတာတ်ပါသတဲ့၊ ကျမ်းရင်းအလိုကာဗျာဆိုနှင့်သာချီသည့်တေးထပ်ကိုတွေးစပ်ခါချိန်လိုက်တော့။

(တေးထပ်)

အသူရိန်ဂြိုဟ်ရာဟု၊ ခိုအာယုရောက်ကြိမ်၊ ပိုဗျာထု နောက်ရှိန်မှာ၊ တောက်ထိန်ထိန်လောင်ကျွမ်း။ စန္ဒရ ဖန်သမျှ ရန်တဝပြုတတ်ချေသည်၊ လူ့ရပ်မြေ စိုးကြောက်ခမန်း။ မြင်းမိုရ်က ဆင်းဖြိုချ ယှဉ်းယိုကျ အသူရာငယ်၊ တဘူမှာအောက်ခန်း၊ မတူရာ ရောက်လှမ်းလို့ နောက်အစွမ်းမပြုနိုင်။ မာဃဝိန် နှိမ်ကာချိုး ကြိမ်လာမျိုး ကိန်းနှင့်သာဆိုင်။ မိုးတမျှ, ဆီးမဆ, ကြီးမားလှ ပျက်ဆုံးတိုင်တယ် ရက်ကုန်းပိုင် မျှော်တင်းတော့ တော်သလင်း ဟိုကန်ရာသီ တပေါင်းလဆီ။ ဆွေးဗျာခ စေးဌာန ပြေးခွာရ ရပ်တလီကို ကပ်မသီ ရှောင်ကိန်းမို့လေး။

(စကားပြင်)

မအေးပါလို့ ဆွေးဗျာပို၊ သည်ဂြိုဟ်ရာဟု အဆက်မကွာ ခက်တကာတွင် သက်လာ၍စုသောကြောင့်ပူမှုဗျာဆင်။ မျက်ရည်စီးကျ မိုးမကသည် ကြီးလှသည့် ဖြစ်အင်ကြောင့် ပူပင်ညှိုးလျ။ ဆိုးသမျှကို တိုးဆကာဆိုသဖြန်နှင့် ငိုဟန်သာ နှစ်ကြိမ်ဟာစ်လိုက်ချင်တော့သတည်း။

(လေးဆစ်သဖြန်)

ပြစ်အမြင် ထင်အရှားပေမို့၊ ချစ်အကြင် လင်မယားသော်မဆိုတားသူ မနိုင်ရှန်းပါလို့၊ ညှိုးအားယူ တိုင်အဆုံးသာပ ယိုင်အမုန်းကွာတော့မယ်။ ကြေး, ရွှေ, ငွေ, လယ်ယာ, နှစ်ကယ်တို့ ဝေးလေစေတွယ်တာချစ်ပြီဘု၊ သည်နှစ်တွင် ပျက်ကြေပြုန်းပါလို့

ကြည်သစ်အင် တွက်ခြေရှုးမယ်တဲ့ ဘုန်းဖေတိုင်ယ်၊ ပုအလျှ ကူပြန်ထပ်ပါလို့ သူရကန် တူစံမှတ်ပါတော့၊ ကြံကပ်ဘွယ် ဟန်မရလေဘူ၊ ရန်ထပ်ကြွယ်မှန်တဝငယ်တို့ စံတမျှမဒေဘွယ် ဆွေးနယ်စသတ်မဆုံး။ ရာဟုဂြိုဟ် ခါသူ့ကိုမကြိမ်ပရစေနှင့် နှိမ်သကာလက်စုံမိုးပါငံ့၊ နောက်မြောက်ခွင် သည်ဂြိုဟ်ဆိုးကိုလ ရောက်ပေါက်ဝင် တည်းခိုကိုးမိတယ်ရှင် စိုးကြောက်လှဘုန်း။

(လေးဆစ်သဖြန့်)

ရှုပ်လိမ်စွာ သည်ရာဟုငယ်ကြောင့်၊ ကုသိန္နာ ပြည်သာနတွင်မှ အာယုတော် သခ်ါလွှတ်ရတယ်၊ သာရှုမျှော် ထင်စွာချွတ်ပြီဘူး စဥ်လာဝဋ် ငြိမ်းမကုန်။ ဘဂဝါ အစိန္တိသော်မှ အမတာတသိန်ရှိပါတဲ့ အိန္ဒိဘုံ နိဗ္ဗာန်နန်းငယ်သို့ ကြိမ်ဘိစုံ ရိပ်စခန်းကိုကွယ်လှမ်းကြွရတုံ။ ယုံပါ့နောင် ထက်ကိုမှားကြနှင့် စုန္ဒမောင် ဝက်ပျိုသားငယ်ကြောင့် မြတ်ဖျားမှာ ငမ်းတော်ကြုံ၊ လှမ်းမျှော်ရုံမှ ဝံ့ပြီဘူး။ ပိုအသာ ဂြိုဟ်တကာလာမတုပါနှင့် ရာဟုကိုဆလံတင်ပါမယ်၊ ကံငင်ရာ ခုတင်ရွှေ့သည်သို့ စံခွင်မှာ မရှင်မွေ့တယ်ရှင် ဆိုးပေ့ဂြိုဟ်ထူး။

ရာဟုဂြိုဟ်သက်ရောက်အဟောပြီး၏။

သောကြာဂြိုဟ်သက်ရောက်ဟော စကားပြင်

ညွန့်ဘရဂုဂြိုဟ် လွန်နုပျို ခေါ်ဆိုသောကြာ မြောက်ခွင်တည့်တည့် အစဉ်ငယ်လှည့်ပါတဲ့ ဤသည့်အခါသို့ ရောက်လာကြုံကြိုက် ကိန်းပုံငယ် ဆိုက်သောကြောင့် သောင်းထိုက် မျက်ရှုသုခနေပါတဲ့ ဇမ္ဗူပတ္တာမြား ထိုမင်းသားနှင့် တိုင်းကားသာစည် ငွေတောင်ပြည်ကို အောင်စည်တီးမှုမင်းထီးငယ်ပြုပါတဲ့ ဓမရာဇာ ရွှေရင်တော်ဘွား(၇)ပါးတွင်မှ ငယ်ငြားစွာသည် ဆင်းဝါသီဂီ နတ်ထက်ကာယ် လှပါတဲ့ ဒွေးမယ်လျ မနော်ခင်နှင့် ပျော်ရွှင်နှစ်သက် ဆောင်မဲ့ထက်တွင်မှ လည်ယှက်ခါစံပျော်၍ မောင်တော်နှမတော် သည်ကိန်းနှင့် လျော်သောကြောင့် ခုသော်နှစ်တွင်း ချစ်မယွင်းပါတဲ့ ပြစ်ကင်းသူ လှတမူနှင့် မျှတူမေတ္တာရွှေသစ္စာ ထိန်းပေသည့် ကိန်းကြုံလာသည်ကို ဘိုးရာဇလက်ာကျမ်းငယ်နှင့် စခန်းပုံဘွဲ့မည်မတော့။

(ပျိုလင်္ကာ)

နှစ်ဆယ့်တယူဇနာ ဝင်းဝင်းဝါသည်သောကြာဘရဂုဂြိုဟ်ထက်စုက သုနေ့မင်းလှ မနော်ဟာကိုရသောအခါ ဆင်တန်ဆာနှင့် မသာစတောင်း လတာပေါင်းဝယ် ထီးဆောင်းသောသူ ပြည်ရှင်မူကား ဆင်ဖြူရတနာ မြင်းပျံလာ၍ ကညာစက်အောက် ဆက်သ့ရောက်အံ့။ ပျိုပေါက်နုမျစ် မင်းသားစစ်မူ မင်းဖြစ်လေရာ မူထမ်းမှာကား နေရာတိုးတက် မြို့ကျေးလက်နှင့် ကွမ်းခွက်လျှမောင်း ဆင့်လောင်း လေးမြှတ် လည်ပတ်စလွယ် လိုဘွယ်မတာ ထီးစည်ရလိမ့်။မုချမည်ကား ဆင်းရဲသားမူ စပါးဆန်ရေ ရွှေနှင့်ငွေလည်း မိုးမြေယာလယ် ကြံတိုင်းကြွယ်လိမ့်၊ ညှိုးငယ်ပူပန် သူ့စေကျွန်မူ တော်လှန်စင်စစ် ယင်းသည့်နှစ်တွင် ဖြစ်လိမ့်သူကောင်း၊ ရဟန်းပေါင်းကား ရွှေကျောင်းရစစ်၊ ပျိုသူဖြစ်မူ ချစ်ကြည်ဖြူသား စိတ်တူဝမ်းမျှ ခင်ပွန်းရလိမ့်၊ မြောက်ကလာဘ်ကြီး ဟောရိုးမှီးသည် အတီးရှေးသူ့အမှာတည်း။

(စကားပြေ)

ဖြည်းတည့်ညံ့ နည်းအာ်ခန့်တွင်မှ ဇည်းသန့်ရှိတပုံ၊ ကာလအကြိုက် ဝါဒကိုလိုက်ပြီးလျှင် သိုက်မြှိုက်ဖွယ်စုံသည့်ပြင် တဂုဏ်ဆင်ခါရေးစပ်ကယ်ထုတ်ပါတဲ့ တေးထပ်တပုဒ်လာသည်မတော့။

(တေးထပ်)

ဥတ္တရာမြောက်ညာထွန်း၊ သောကြာကွန်း ကိန်းခို။ ထောက်စာညွှန်း ယိမ်းမယိုသည် ကျိန်းအလိုပျော်ရှု။မခနော်ဟာ့ကဖော်မျှ အကျော်ရ ငွေတောင်သူကို ဖွေဆောင်ယူ မင်းသုမန။ ထူးပါလှ

ကြူးသာစွာ ကူးမာသ လနယုန်ငယ် မြရဂုံ ပြာနုံ့ သပုံခါ-ခါအစု တွင်မှ သာရတု-တပေါင်းမိန်။ကေရာ ဃုဉ်သူကြောက် ဆင်ဖြူ ရောက် ကိန်းနှင့်သာကြိမ်။ ဘဏ္ဍာဥ နံ့သာစု ကညာနစံတသိန် မှာ ဖလ်ရဝိန်စက်ဝန်းနှင့် တက်ထွန်း ယုန်သော်တာ ဘုန်းဘုန့် ထံမှာ။ လိုအင်မျက်မှောက်ကြိုတင်ရက်မြောက်ခိုဝင်ဆက်ရောက် စက်အောက်သာဝယ်မျက်ကျောက်ရတနာထိန်ညီးလျှံလို့လေး။

((စကားပြင်))

မထွေးမယှက် အရေးငယ်ဆက် လေးနက်လှစွာ ချီကာဗျာနှင့် လက်ာငြိမ့်ညောင်း နတ်ရွှေစောင်းကဲ့သို့၊ ပျောင်းတပျော့ပျော့ သာယာချောင် တေးသဖြန် ကျော့ပြန်၍ တော်တော့တန်ဆောင် မော်မော့ကာ ထောင်သည်မတော့။

((လေးဆစ်သဖြန်))

ကာလမောင် ရွှေယောင်ရစ်မှာလ၊ သည်အခါကြည်ရာခေတ် ပေပို့မည်ရာသစ်–ဘွဲ့တန်ဆောင်။ လာဘ်အမျိုးတွင်မှ ထပ်တိုးခါ ရွှေငွေကယ်လို့ ပေါင်းစလှယ် စည်နှင့်ထီးပါတဲ့၊ သောင်းတနယ် ကြည်ပွင့်ညီးတယ် ကြီးမြင့်အခေါင်။ ဟာ-သူ့တွင် အုံခါထပ် ဝါလို့ စုံကြာရပ် ခန်းဗွေဆောင် နွှမ်းခွေအောင်ပ စံမဆုံး။ လာဘ်မိုဃ်းငယ်ရွာ မြတ်မျိုးကွယ်'စုံရတနာက မကုန်ပါသွန်ကာ ကြဲစေတော့ တပုံသာ လွန်စွာကဲတယ်ဗျာ သဲခြိမ့်ခြိမ့်အုံး။

(၁၂-လေးဆစ်သဖြန်)

ယဉ်ကညာ သွင်မှာညက်မှာလ၊ ဆင်စရာ သဒ္ဓာထက်တွင်မှ-
ကြင်ရတနာခက် ပန်းနှစ်ခိုင်။ မြောက်ခွင်ရပ်ကယ်နှင့် တလတ်-
ကလေး ဟိုတောင်ဆီက် ချိန္ဒောင်ကြည် မေတ္တာသက်ပါလို့
လက်လက်ထိန်၊ စိန်ပုလဲငယ်နှင့် ရှက်ရှက်လိန် ရှိန်မစဲပြိဘူး၊ ခဲကြ
အပြိုင်။ သူ့ထက်ပို ကိုယ်ပင်ရမည်ဟု ရှုလျက်ကြို လိုအင်ကျ
အောင်ပ ချိရှင်ပျ အလုံးပိုင် နှစ်အုံးပြိုင်ကွဲ့-ယှဉ်ဘို့ပဲ။ ရပ်-
နှစ်သွယ် မှတ်တကယ် ဘယ်မှာဧးမယ်လို့ ထပ်မပြယ်-မယ်သာ-
သိပါတော့ ကပ်နှစ်သွယ် ရွယ်ကာရှိတယ်ကွယ် လေးမိပုလဲ။

သောကြာဂြိုဟ်သက်ရောက်ဟော ပြီး၏။

ဤသည်လျှင်ဂြိုဟ်ရှစ်ခွင်၏သက်ရောက်ဟောပုံအလုံးစုံပြီးပြတ်၏။း

ကေတုပက-ရက်ဒသာတွက်ပုံ

သက်ရောက်သော ဂြိုဟ်ကို အစိတ်အစိတ် ခွဲခြားလျက် မည်သည့် နေ့ ရက် လတွင် ညံ့သည်၊ မည်သည့် နေ့ ရက် လတွင် ကောင်းသည်ဟု ပြဆိုအပ်သော ကေတုပက ရက်ဒသာ တွက်ပုံကား....။

(၂၀၀)တည် မိမိဂြိုဟ်သက်နှင့် အသီးသီးမြှောက်၊ (၆၀)စား လဒ်ကားရက်၊ အကြွင်းနာရီဖြစ်၏။

တနည်း ဂြိုဟ်သက်ကိုတည်၊ (၁၂)ခုနှင့် မြှောက်၊ ၎င်းကို (၃၀) မြှောက်၊ (၁၀၈)ခုစား၊ လဒ်ကားရက်၊ အကြွင်းနာရီ ဖြစ်၏။

ကေတုပက-ဒသာဇယားပုံ

ဂြိုဟ်စဉ်	၁	၂	၃	၄	၀	၅	၆	၈
ရက်	၂၀	၅၀	၂၆	၅၆	၃၃	၆၃	၄၀	၇၀
နာရီ			၄၀	၄၀	၂၀	၂၀		

ချရန်လင်္ကာ — ကံနှုန်းမြန်ချယ် ကြံသုံးမယ်ဟု ဉာဏ်စွယ်သောင်စ သတ္တာသုညာ ကိတ်မှာရာဟု လေးဆယ်ပြု။

ဘောမေဗုဒ္ဓါ (၄၀)သာဟု ချပါနာရီ သောရီဇီဝါ (၂၀) မှာကား စွန်းလာနာရီ အတည်မှတ်ဖို့ မယွင်းတည်း။

[တွက်ပုံကား]

မိမိမွေးလကာစ၍ ရောက်လ တိုင်အောင်ရေ၊ ရောက်လနှင့် မွေးလကိုလွှတ်၍ ကျန်သော လ(၂)ဘော်ထား၊ အထက်တဘော် ကို(၃၀)မြှောက်၊ အောက်တဘော်ကို (၂)ခုစား၊ လဒ်သေသ နှစ်ပါးပေါင်း၍ အထက်တွင်နှုတ်၊ မွေးလကရခဲ့သောရက်ပေါင်း နှင့် ယခုရောက်လတွင်ရသော ကျန်ရက်နှော၊ ရက်ပေါင်းဖြစ်၏။ မိမိသက်ရောက်သော ဂြိုဟ်ကာစ၍ ဒသာ ရက်စဉ်အတိုင်း ပြထား သော ဒသာဇယားတွင် ရက်နာရီတို့နှင့်နှုတ်။ မနှုတ်လောက်ရာ ဒသာမူ၏ဟု မှတ်လေ။

(သော်မဒသာဟော တေးထပ်)

စန်းဇီဝါ သောကြာပ၊ ရောက်လာကဗုဒ္ဓါ၊ ဂြိုဟ်သောမ ရက်ဒသာမှာ မက်စရာစုတ်ကြီး၊ လေးခင်ကျော့ တသူဇာမှာ ပူဇျာပါ ငြိမ်းလိမ့်အပြီး၊ ကိုယ်စိတ်များ ချေမ်းသာ ဘေးဘျမ်း မှာမနီး၊ စံမမှီ နာမည်ကြီးလို့မို့ စလွယ်ထီးဘောင်းတော်ရလိမ့် မည် တန်ခိုးဆိုက်သော်ကြောင့် မျိုးအလိုက်ထိုက် သင့်လျော် စီးပွားနှင့်လာဘ်သပ်မျှော်လျှင် ထပ်ထပ်နော်-ပွေ့ရှုပ်လို့ ကောဝုစ် သောမ့ဒသာ ဟောပမကြာ တိမ်ကင်းတဲ့ စန်းလပမာလို လျှမ်း ပစွာ တောက်လင်းလိမ့်လေး။

အချိုး စန်းအကျ မြန်းကြွတဲ့ ရွှေဇီဝါ၊ သော်ကြာမှာ ထောက်ခါနား စားတဲ့ဒသာ၊ မြတ်ဗုဒ္ဓါ ရုပ်ဝါ မယ်လျှ ပျိုပေါင်းကုမ္ဘာရီနှင့် မှုန်ဒါလီ ရွှေတလေးတို့မှာ အေးတဲ့ ခါပ။

((ပါပဒသာဟော တေးထပ်))

တိတ္ဗျာသီဟနှင့် နာဂတဲ့ဟိုင်းပါ၊ ကိတ်ဂြိုဟ်မင်း ထိုဒသာ မှာပိုဘယာရှုပ်ထွေး၊ ကျွဲနွားနှင့်အစေခံ မနေမှန်ဝေးရပ်သို့ပြေး။ ရရှိသည့်ဥစ္စာ အထုပ်ပါပျောက်ဝေး၊ ယုတ်တမာ ရန်ဘေးတို့ မနေးပပေါ်မည်၊ ဆိုးပလေ ညှိုးခေချက်ကာယ်ကြောင့် မျိုးဆွေ ပျက် တွေ့လိမ့်အတည်။ တရပ်ခြား ဝေးတပြည်မှာ နေးမကြည် အနေခက်လို့ ပွေချက်ကာအနန္တာ၊ ကိန်းဆိုက်လို့လာ၊ ဆွမ်းဒါန မြတ်ဘာဂဝါကို ကပ်ပါလျှင် ပူငြိမ်းလိမ့်လေး။

အချီး　ခါအကျပါပတဲ့သက်ဝင်၊ ရတက်ပွေခက်ရွှေသွေး ရယ်တို့ အေးကွက်မမြင်။ အရေးငယ်ထင်ရှေ့လျှင် ဘယ်သို့၊ လင်ကွဲ့သားသေနှင့်ထားတမေပဋ္ဌာလှုလိုကိန်းကျပြီမို့။

ကောတု ပက ဒသာဟောပြီး၏။

ဂြိုဟ်စား ဂြိုဟ်ပျက် တွက်ပုံနှင့်တကွ ဟောနည်းကို ပြပေအံ့

ဧသန် တနင်္ဂနွေ ၆	ပုရတ္ထိမ တနင်္လာ ၁၅	အဂ္ဂိ အင်္ဂါ ၈
ဥတ္တရ သောကြာ ၂၀		ဒက္ခိဏ ဗုဒ္ဓဟူး ၁၇
၁၂ ရာဟု ပါယပ်	၁၉ ကြာသပတေး ပစ္ဆိမ	၁၀ စနေ နရတိ

ပြထားသော အဋ္ဌလက် အိမ်တွင် အတွင်း ဂဏန်း(၆)(၁၅)(၈)(၁၇) (၁၀) (၁၉) (၁၂)(၂၀)တို့ကိုဂြိုဟ်သက် ဟူ၍ မှတ်ရမည်။ အပြင် ထပ်၌ ရှိသော စည်းကို ဂြိုဟ် နေရာ အရပ်ဟု မှတ်ရမည်။

တနင်္ဂနွေ- ဧသန်၊ တနင်္လာ- ပုရတ္ထိမ၊ အင်္ဂါ- အဂ္ဂိ၊ ဗုဒ္ဓဟူး- ဒက္ခိဏ၊ စနေ- နရတိ၊ ကြာသပတေး- ပစ္ဆိမ၊ ရာဟု- ပါယပ်၊ သောကြာ- ဥတ္တရ၊ ဤသို့လည်း အရပ်အားဖြင့် မှတ်သား၍ ထားရမည်။

(ဂြိုဟ်စား ဂြိုဟ်ပျက်တွက်ရန် လင်္ကာ)

ဂြိုဟ်စား, ဂြိုဟ်ပျက်၊ ဂြိုဟ်ထွက်, ဂြိုဟ်ဝင်၊ နိဒါန်းဆင်ပိမ့်။ ဆင်ခြင်ဖွေနှည် ရောက်သက်တည်၍ ပင်စည်မူလ နံဂြိုဟ်ကလျှင် စ၍ဆက်ဆက် ဂြိုဟ်အသက်ဖြင့် ချေဖျက်ငင်ထုတ် စဉ်တိုင်းနှုတ်လော့။ မနှုတ်လောက်လာ ဂြိုဟ်စားလာသည် မှန်စွာစင်စစ် ကိန်းဝင်ဖြစ်၏။ တထစ်မှချ ကျန်သမျှဖြင့် နှစ်, လ, နေ့ရက် ချင့်တွက်နာရီ ပါဒ်ဗီဇနာ သိလေရာ၏။ သချာထွက်ဆို စားသောဂြိုဟ်၏ သက်ကိုတည်ထား (၈)ခုစားက လဒ်ကားစင်စစ် နှစ်လျှင်ဖြစ်၏။ ကြွင်းလစ်သမျှ ဒွါဒသနှင့် မြှောက်ထဆင့်ပွား (၈)ပင်စားလော့၊ လဒ်ကား ငေကန် လလျှင်မှန်၏။ ကြွင်းကျန်သမျှ မြှောက်တိံသနှင့် စားထ (၈)ချက် လဒ္ဒကား ရက်တည့်။ ၃-ရက် လဒ်တည် ထိုယင်းသည်လျှင် ခေါ်မည်စင်စစ် ကိန်းစိတ်ဖြစ်၏။ စိစစ်တိုရှည် ကိန်းဝင်တည်၍ စဉ်ရှည်ထုံးပိုင်း ကိန်းစိတ်တိုင်းဖြင့် မဆိုင်းမတွ စားဂြိုဟ်ကလျှင် စ၍တည်ထွင် မစင်မကျေ မခြင်းချေပြောက် မချေလောက်က ဂြိုဟ်ပျက်ကျသည် မုချမယွင်း မှန်ဖြောင့်စင်း။

ရင်းလက်ခ၏ အဓိပ္ပါယ်ရှင်းချက် တွက်ပုံ

ဂြိုဟ်ပျက်နေဟန် ပုံစံဇယား

၀ ၉ ၀	၁ ၁၀ ၁၅	၁ ၀ ၀
၂ ၇ ၁၅	နှစ် လ ရက်	၂ ၁ ၁၅
၁ ၆ ၀	၂ ၄ ၁၅	၁ ၃ ၀

အသက်ကိုတည်၊ မူလမွေးဂြိုဟ်ကာစ၍ အစဉ် အတိုင်း နှုတ်၊ မနှုတ်လောက်ရာ ဂြိုဟ်စား၏။

ရင်း စားဂြိုဟ်သက်ကိုတည်၊ ဂခု စား၊ လဒ်ကား နှစ်။ အကြွင်း ၁၂-နှင့် မြှောက်။ ဂ-ခုစား လဒ်ကားလ။ အကြွင်း (၃၀)နှင့်မြှောက်၊ (ဂ)ခု စား လဒ်ကား ရက်ဖြစ်၏။

အထက်က ဂြိုဟ်ပျက်နေဟန် ပုံစံဇယားကွက်တွင်ကြည့်၍

တနင်္ဂနွေ—ကိန်းစိတ်သုည(၀)နှစ်၊ ၉ လ၊ သုည(၀)ရက်။
တနင်းလာ—ကိန်းစိတ် ၁-နှစ်၊ ၁၀-လ၊ ၁၅-ရက်။
အင်္ဂါ—ကိန်းစိတ် ၁-နှစ်၊ သုည(၀)လ၊ သုည(၀)ရက်။
ဗုဒ္ဓဟူး—ကိန်းစိတ် ၂-နှစ်၊ ၁ လ၊ ၁၅-ရက်။
စနေ—ကိန်းစိတ် ၁-နှစ်၊ ၃-လ၊ သုည(၀)ရက်။
ကြာသပတေး—ကိန်းစိတ် ၂-နှစ်၊ ၄-လ၊ ၁၅-ရက်။
ရာဟု—ကိန်းစိတ် ၁-နှစ်၊ ၆-လ၊ သုည(၀)ရက်။
သောကြာ—ကိန်းစိတ် ၂-နှစ်၊ ၇-လ၊ ၁၅-ရက်။
ဖြစ်ကြောင်းကို အသီးသီးမှတ်သား၍ ထားအပ်လှပေ၏။

ဥပမာ　အသက်ဆယ်နှစ်ရှိ တနင်္ဂနွေသား၏ ဂြိုဟ်စား ဂြိုဟ်ပျက်ကို တွက်လိုမူ မိမိဘွားရင်းဖြစ်သော တနင်္ဂနွေ ဂြိုဟ်သက်(၆)နှစ်နှုတ်၊ ၄ခုကျန်၏။ ၎င်း(၄)နှစ်ကို တနင်္လာ ဂြိုဟ်သက် ၁၅-မနှုတ်လောက်သဖြင့် တနင်္လာဂြိုဟ်စားသည်ဟု သိရာ၏။

တဖန် ဂြိုဟ်ပျက်ကို တွက်လိုပြန်မူ ၎င်းစားသော တနင်္လာ ဂြိုဟ်သက်(၁၅)ကို တည် (၈) ခုနှင့်စား လဒ်ကား (၁) ရ၏။ ၎င်းကို နှစ်ဟုမှတ်။ အကြွင်း (၇)ကိုတည် (၁၂)နှင့် မြှောက်၊ (၈)ခုနှင့်စား၊ လဒ်ကား(၁၀)ရ၏၊၎င်းကိုလ,ဟုမှတ်။ အကြွင်း (၄)ကို တည် (၃၀)နှင့် မြှောက်၊ (၈) ခုနှင့် စား၊ လဒ်ကား (၁၅)ရ၏၊ ၎င်းကို ရက်ဟုမှတ်၏။ ဤသို့လျှင် တနင်္လာ ကိန်း စိတ် ၁-နှစ်၊ ၁၀-လ၊ ၁၅-ရက်ဖြစ်ကြောင်း ထင်ရှားလှ၏။

ယခင်ကကျန်ရှိသော(၄)နှစ်တွင် စားလျက်ရှိသော တနင်္လာ အိမ်ကစ၍ ကိန်းစိတ်အတိုင်း အစဉ်လိုက် နှုတ်သော်ဗုဒ္ဓဟူး ဂြိုဟ်ပျက်၍နေသည်ဟု မှတ်ရာ၏။ဤနည်းကိုမှီ၍ဂြိုဟ်စား ဂြိုဟ် ပျက် တွက်ချက်နိုင်စရာ အကြောင်းရှိလောက်ပေပြီ။

———

ဂြိုဟ်စားအဟောများ
(တနင်္ဂနွေ ဂြိုဟ်စားဟောတေးထပ်)

သူရကန် ဖလ်ဂယက် မှန်မပျက်စားလျှင်၊ ရန်စနက် ပွားမြင်အများပင်ခနေ။ ရွှေကျလို့ ငွေကကုန်၊ နေရပုံ ဧဒ္ဓင့်မရ။ ပူဗုက္ခ ရောဂါတွယ် ဟောရာဝယ် တဝ၊ ကျွန်ပူလောင် ဒါသကြောင့် ဗျာယနှင့် တွေ့ဟန်။ နေအိမ်ရာ ညီးပြောင်လစ် မီးလောင်စစ် ကိန်းရောက်ခဲ့ပြန်။ အရှေ့မြောက် သေန်ကို မနေမှန်ရှောင်ရှားမှ နောက်များခိုးသူတွေ ငြိမ်းပါ့မယ်လေ။ ကျမ်းအထွက် ပုံအခြေ ကုန်မသွေ မှန်ဆုံးကွဲ့ လေး။

(ရှင်းဂြိုဟ်စားဟောလင်္ကာ)

တနင်္ဂနွေ ဂြိုဟ်စားလေမူ ရွှေငွေဥစ္စာ ကုန်တဘ် စွာလျက် ရောဂါလည်းရ သောကလည်းနှောင့် တခမှာင့်ခမှာင့်လျှင် ကျွန်ကြောင့်မငြိမ် အိမ်ထောင် မီးတောက် အရှေ့မြောက်က မွေနှောက်ခိုးသူ ဖျက်ဆီးယူလိမ့်။

(တနင်္လာ ဂြိုဟ်စားဟောတေးထပ်)

ဆန်းနုဂိုရ်ကျမ်းဆိုပြ စန်းဂြိုဟ်မျှော့စားစရာ၊ ရွှေငွေနှင့်ထည်ပုဝါ ကြည်အသာမစဲ။ ရှေ့ရပ်ကာဝင်စစ်မြင် ကြင်ချစ်ခင် ပေါ်လိမ့် မလွဲ။ ဥပဇ်နှင့် အန္တရာယ် ရန်မဆွယ် လွတ်ရှဲ၊ မှန်တကယ်

ချွတ်မလွဲသာပ ကျွန်ခပဲခြေရံ၊ လာဘ်လာဘ် ဆိုသမျှ လိုမတာ များလိမ့်ကေန်။ ညိုအလှကောဆံဝယ် ဆင်ပန်ရန် ခများရမယ်လို့ ဆရာက သည်ကိန်းဝင် ဟောချည့် ထင်ထင်။ ဇောပီတိ မနော ရွှင်အောင် သဘောတွင် မှတ်စမ်းတော့လေး။

(ရှင်း ဂြိုဟ်စားဟော လင်္ကာ)

ရောင်ဖြူ ကြွားကြွား စန်းဂြိုဟ်များမူ ပယ်ရှားဥပဒ် ရှေ့မတ်မတ်မှ အဝတ်ကာစ လာဘ်လာဘနှင့် ဒါသကျွန်နွား ကြေးငွေများနှင့် ရပြား မစောင်း ဦးခေါင်း ဆင်ရန် ပန်းမာလ်စုံပ တန်ဆာရအံ့။

(အင်္ဂါဂြိုဟ်စားဟော တေးထပ်)

ကောသံရာဂြိုဟ်အစ ခိုခဏစားမူ၊ ချိမလှအများမူ တပါးသူ လွန်မုန်း။ ချစ်သူမှ သွေဖောက်ရှောင်တယ်၊ သေလောက်အောင် ဆွေးလိမ့်နှလုံး၊ ချည်နှောင်ဖွဲ့ အမှုမြင် ယခုပင်ရှောင်အုံး၊ မျိုးအဆွေ စုရုံးလို့ ပြုဂုန်းတိုက် ရန်ရှာ၊ ဒုက္ခိတာ ထိုအရပ်ကိုဖြင့် ခိုမကပ် ကွင်းတော့မြန်စွာ၊ မပွင့်တဲ့ တမျက်နှာကို ခက်ဗျာပါ ခံစားလို့ လှံ့ထားထိ ဘေးကိုမြင် ဆိုးတဲ့ကိန်းဝင်။ နတ်စက္ကူ ပမာထင် ဆရာပင် ဟောလိုက်တဲ့လေး။

(ရှင်းဂြိုဟ်စားဟော လင်္ကာ)

ဘောမတာမူ ချစ်သော သူနှင့် အတူမနေ ကွင်းကွေခုံငြင်း နှောင်ဖွဲ့ခြင်းနှင့် ရှန်းရင်းခတ်ငြား လှံ့ထား၊ လည်းသင့် မပွင့်မျက်နှာ ဗျာပါ ဆင့်လောင်း မျိုးပေါင်းဆွေဝါး မုန်းထားရန်သက် အရှက်ရှက်နှင့် ထောင့်အင်္ဂါက ဖြစ်တတ်လှ၏။

(ပုဿဖွား ဂြိုဟ်စားဟော တေးထပ်)

ငွေဆဒ္ဒန် ဂြိုဟ်များ အိုစားတဲ့အခါ၊ ပျိုထားနဲ့ ကညာကို မကြာပချက်ခြင်း၊ မုချအပြီး စုတ်ကောင်းဝင်မယ် ဟုတ်ကြောင်း ပင် ဟောတော့ မယွင်း။ ထည်အဝတ် ဖြူဖွေးစွာ သူပေးလာ မကင်း၊ ပုဆွေးတာအရှင်းပ သတင်းကောင်းကျော်မယ်၊ လာဘ် ပါဒေခြေစတု မသွေခု ဖြိုးမောက်လို့ကြွယ်။ ဖလ်မြေထု မိုဃ်း အောက်နယ် စိုးကြောက်ဘွယ်ပါမရှိပြီဘူး၊ ငါကဝိ ကိန်းအလာ ဟောတော့အခါ။ စောင်းမင့် မြတ်ဇာတာမှာ နတ်သမာမှ တုန်း မို့လေး။

(ရှင်းဂြိုဟ်စားဟောလင်္ကာ)

ဗုဒ္ဓထင်ရှား ဂြိုဟ်လျှင်စားမူ မယားကညာ ဝတ်ဖြူစွာနှင့် ပါဒါစတု လာဘ်အစုတို့ ရမှုမှန်စွာ တောင်ကလာသည် ဆံလွှာ မြူမှ မတိမ်းတည်း။

(စနေဂြိုဟ်စားဟောတေးထပ်)

ရေနာဂိန် ဂြိုဟ်ရောက် အိုကြောက်ဖွဲ့အခါ ခိုဖောက်လဲ့ မသာ ဖုတ်,ပြိတ္တာ,နတ်,စုန်း။ နောက်ရပ်က ကံဆိုးငင် ရန်ငြိုးပင် ပွဲကြီး တွေ့တုန်း။ ပူဒုက္ခကိုးကုဋေ မျိုးအဆွေစုရုံး ကြိုးမဟော ရစ်ထုံးသို့ နှလုံးခုမကြည်။ သတ်ခိုက်ရန် တကယ်များချည်ငံ့ နည်းတခြား ပြေးထွက်သင့်သည်။ ဧဘက်နှင့်ခွင့်မလည် မြင့်အရှည်မကြာတွေ့ မည်လို့ ဇင္ဈာမေ့ အသိဉာဏ် ဟောချက်အမှန်၊ သဘောခက် ပရိက်ံ သတိဉာဏ် စွဲလေတော့လေး။

(ရှင်းဂြိုဟ်စားဟော လင်္ကာ)

စနေဂြိုဟ်မှာ ဖုတ်ပြိတ္တာနှင့် ဒေဝါရုက္ခ စုန်းမအတတ်တစ္ဆေနတ်တို့ နောက်တောင်ရပ်က ငြိုးတတ်လှ၏။ ဆွေမျိုးဘော်တို့နှင့်သော်လည်း ငွေလျော်စလောက် လက်ရောက်ပုတ်ခတ် ရန်ဖြစ်တတ်၏။

(ကြာသပတေးဂြိုဟ်စားဟော တေးထပ်)

ဂြိုဟ်ရာဇာဇီဝ တညီကျစားမူ၊ ဝသီလှစကားထူ တပါးသူစံကာင်း။ စိုးမင်းမြတ် ပူဇော်မြင်တယ်၊ သူတော်စင် ကောင်းတဲ့ သတင်း။ လယ်ယာချောင်း မြို့ကျေးရွာ ပို့ပေးလာမယ္ဘင်း။ ဝတ်ဖြူစွာခပင်းနှင့် ဆင်မြင်းခုန္တားမှုန်၊ ပစ္စိမအနောက်များရယ်က မှောက်မမှား ရမည်ကောန်၊ သည်ကိန်းနှင့် ကြုံပြန်လျှင် ငုံ ညွှာတံ လေခူးတဲ့ ငွေပွင့်ဖူး ပန်းစမ္ပါယ်လို လန်းမယ်တဲ့ကိုယ်။ ကျမ်းကျယ်ချဲ့ ဆရာဆိုမယ် ကဗျာချို ရှုစမ်းကွဲ့လေး။

(ရှင်းဂြိုဟ်စားဟော လင်္ကာ)

ဂြိုဟ်မြတ်ဇီဝါ စားသောခါမူ ရာဇာ ပူဇော် ထင်ပေါ်သတင်း၊ လယ်ခင်းချောင်းတာ မြို့ကျေးရွာနှင့် ဖြူစွာဝတ်စားလာဘ်များ ပြည့်မည်၊ ခြေလေးခုလည်း ခုခုမကြာ နောက်ကလာအံ့။

(ရာဟုဂြိုဟ်စားဟော တေးထပ်)

ဆိုင်းမကြာ ဟိုင်းရာဟု နှိုင်းစရာမှုအမှန်၊ ခိုမှားလို့ ဂြိုဟ်စားပြန်လျှင် ကိုယ်ယားယံမလွဲ။ သက်ဆုံးခွင့်ကြိမ်ပေလာစိန္တေယျာကိုးတော့အမြဲ။ ရွှေအဆက် ငွေတက်ပြောင် ပွေရက်တောင်မြူချွဲ၊

နေ့ခက်အောင်ပူစွဲလို့ တစုထဲလေနာ။ ဂြိုဟ်ရပ်ခွင် မရှောင်ရှား လျှင် နောင်မမှား တွေ့လိမ့်မြန်စွာ၊ ခေါင်းထားဘဲကိန်းအလာ တိမ်းစရာ ဘယ်မရှိပြီဘူ့၊ ယာယ်ပရိကျမ်းအလို ဟောလိုက်သည်ကို၊ သဘောကိုက်ဖေကြားဆိုမယ်ရွှေနားချိဆင်အုံးကွဲ့လေး။

ရင်းဂြိုဟ်စားဟော လင်္ကာ

အာဏာကြီးမား ရာဟုစားမူ ရွှေ့ရှားခန္ဓာ ဆုံးတတ်စွာ၏။ ဥစ္စာပျက်ပြုန်း နှလုံးမသာ ဝမ်းအနာလည်း ထောင့်ပါယပ်က ပေးတတ်လှ၏။

သောကြာဂြိုဟ်စားဟော တေးထပ်

ရောက်မကြာ မြောက်ညာဆို့ သောကြာသို့စားမူ ထောက်စားလို့သနားကူ-တပါးသူချစ်ကိန်း။ကျွန်ကျေးနှင့်မြင်းနွားဆင် သွင်းငြားဝင် ပေါလိမ့်မတိမ်း။ မြောက်ရပ်က ဝတ်ဖြူစွာ ညွတ်သူပါမယိမ်း၊ မင်းပူဇော်ခံကျိန်းမို့ သိမ်းပေတော့မသွေ။ ပုဏ္ဏားတော် ဆရာများငယ်က လာမမှားပေးလိမ့်မလေ။ စုတ်လာဘ်သပ် ထန်မိုးဃ်းစွေ တိုးသရေရောင်တင့်လို့ ခေါင်မြင့်တဲ့ သည်ခါဘေးရန်နှင့်ကွာ။ နေရန်ခွင့်ကြုံလာတယ်ယုန်စန္ဒာငွေနန်းသို့လေး။

ရင်းဂြိုဟ်စားဟော လင်္ကာ

သောမထင်ရှား သောကြာစားမူ မြင်း၊နွား၊ကျွန်၊ကျေး၊ ဖြူဖွေးဝတ်စား မြောက်တလွှားကပုဏ္ဏားသူတော်သူမြတ်ကျော် တို့ပူဇော်သက္ကာခံစားရာသည် မျက်နှာစိတ်တွင်းကြည်ပွင့်လင်း။

ဂြိုဟ်စားဟော ပြီး၏။

ဂြိုဟ်ပျက်အဟော လင်္ကာများ

အဋ္ဌဒိသာ ရှစ်မျက်နှာတွင် ချာချာပတ်စက် ရစ်လည်ယှက်သည် ဂြိုဟ်ပျက်ဟောနည်း နိသျှည်းကို ကမ္ဗည်းလင်္ကာ မေဘ်ကွန်းဖြာ၍ ပညာမျက်စိ မှတ်သားမိစိမ့်။

(၁) ရဝိဂြဟာ ပျက်သောခါမူ၊ ရှေ့ညာမြောက်ဆန် ရပ်သေန်က ရန်သတ္တုရ ဖျက်ဆီးပြု၍၊ အမှုမဖြောင့် ကျေးကျွန်ကြောင့်လည်း မှော င့်နှောင့်ပူပြင်း ချစ်သူကင်းလိမ့်။

(၂) တနင်းလာထက် ဂြိုဟ်လျှင်ပျက်မူ၊ ရှေ့ မျက်နှာက မိတ်ဆွေရ၍၊ ဒါသဒါသီ များအချီနှင့် ဖြူနီမဏိ ရှိရှိသမျှ လာဘ်များရအံ့။

(၃) ဘောမဂြဟာ ပျက်သောခါမူ၊ တောင်ညာရှေ့စပ် အဂ္ဂိရပ်က ရန်ခပ်သိမ်းနှင့် ကြုံသဖြင့်လျှင် ပျောက်လွင့် ဥစ္စာ ကျေးရွာ,ကျွန်ရင်း ဆင်, မြင်း, ကျွဲ, နွား ပြေးထွက်သွားအံ့။

(၄) ဂြိုဟ်ဗုဒ္ဓမူ တောင်ကတူရူ ဥစ္စာဖြူနှင့် စိတ်တူကညာ များစွာခြွေရံ ပရိက်လည်း ကုံတံကြွယ်ဝ ကျွဲနွားရလိမ့် ကာလ မယွင်း နှစ်လတွင်း။

(၀) စနေသောရီ ပျက်သည်ရှိမူ၊ နရတိက ဋ္ဌတ္တိယကြောင့် ဒေါသဖြစ်ပွား ခိုက်ရန်များလိမ့်၊ တရားလည်းရှုံး နှလုံးလည်းပူ ရန်သူလည်းဖျက် ပြုန်းတီးပျက်လိမ့်။

(၅) တချက်ဇီဝါ ဂြိုဟ်ပျက်ရှာမူ၊ ပစ္ဆာနောက်ရပ် ဖြူသော လာဘ်နှင့် ကွမ်းကြပ်ထီးစည် မည်ရည်နေရာမြို့ကျေးရွာနှင့် ရာဇာပူဇ ခံယူရလိမ့်။

(၈) သည်ကာတခါ ရာဟုမှာမူ၊ ထောင့်ပါယပ်နေ မိန်းမလေ ကြောင့် ဆူဝေပြင်းပြ ခိုက်ရန်စနှင့် ဒေါသမှုပြစ် ကိုယ်မှာဖြစ်၍ စိတ်ညစ်သောအား တရှာသွားအံ့။

(၉) အလားမတူ ဘရဂုကား၊ တူရှုမြောက်က ကျွန်ကောင်း ရ၍၊ မင်းမှုဆုလာဘ် ကျေးရှာထပ်လျက် နှင်းအပ်ဝန်စု ကြီးထု ပညာ ဘုန်းသမ္ဘာနှင့် ကာယသုခ စိတ္တသုခါ ငြိမ်းချမ်းသာသည် ရောဂါခပင်း စင်လွှင့်စင်း။

(မှတ်ချက်)။ ။ဂြိုဟ်ပျက် ဟောရာ၌လည်း သက်ရောက် အဟောကဲ့သို့ မိန့်, ရန်, ဥဒါသိန်အိမ်တို့ကို ဆင်ခြင်၍ဟောရာ၏၊ မိတ်လည်းမဟုတ်၊ ရန်လည်းမဟုတ်ကို ဥဒါသိန်ခေါ်သည်။

ဂြိုဟ်ပျက်ဟော ပြီး၏။

ဒသာ (၈)ပါး အကြောင်း

သက်ရောက်ဒသာ တွက်ပုံ

၂၀	၅၀	၂၆ .... ၄၀
၃၀		၅၆ .... ၄၀
၄၀	၆၃ .... ၂၀	၇၃ .... ၂၀

ဂြိုဟ်စားဒသာတွက်နည်း

ဂြိုဟ်စားဒသာ(၈)ပါးကိုနှစ်,လ,ရက်,နာရီများနှင့်ပြပေအံ့၊ ဂြိုဟ်စားဒသာကို နှစ်ဒသာဟူ၍၎င်း၊ ဂြိုဟ်စားဒသာ ဟူ၍၎င်း ခေါ်ဝေါ်ကြ၏။

တွက်နည်းကား တနင်္ဂနွေဂြိုဟ်သက် (၆) နှစ် ကိုတည်၊ သက်ရောက် ဒသာ ဇယား၌ ပါသော အတိုင်း ၂၀-နှင့်မြှောက်၊ ၃၆၀ နှင့်စား လဒ်ကားနှစ်။ အကြွင်းကို(၃၀)နှင့်စား၊ လဒ်ကားလ။ အကြွင်းကားရက်ဖြစ်၏။ တနင်္လာမှာ ၎င်းဂြိုဟ်သက်(၁၅)ကိုတည်၊(၅၀)နှင့်မြှောက်၊အထက်ပါ စားနည်းအတိုင်း စားမြဲစား။ ရာဟုမှာ ၎င်းဂြိုဟ်သက် ၁၂ကို တည်၊ (၄၀)နှင့်မြှောက် စားမြဲစား။ သောကြာမှာ ၎င်းဂြိုဟ်သက် ၂၁-ကိုတည်၊ ၇၀-နှင့်မြှောက် စားမြဲစား။ ဤဂြိုဟ် လေးလုံးတို့သည် မြှောက်ခြေ၌ နာရီစွန်းမပါသောကြောင့် သုဒ္ဓဂြိုဟ်များ မည်ကုန်၏။

အင်္ဂါမှာ ၎င်းဂြိုဟ်သက် (၈)ကိုတည်၊ (၂၆)နှင့် မြှောက်၊ ၃၆၀-နှင့် စား လဒ်ကား နှစ်။ အကြွင်းကို (၃၀)နှင့်စား လဒ်ကားလ။ အကြွင်းကို ရက်ဟုမှတ်ထားဦး။ ၎င်းဂြိုဟ်သက်ကို ပြန်တည်၊ နာရီ၄၀နှင့်မြှောက်၊ ၆၀ နှင့်စား လဒ်ကားရက်။ အကြွင်းကားနာရီ။ ၎င်းတွက်ရရက်ကို အထက်က မှတ်ထားခဲ့သော ရက်နှင့်ရော၊ ၃၀ ပြည့်လျှင် လသို့တခုတိုး၍ပေး။ ဗုဒ္ဓဟူး,စနေ,ကြာသပတေးတို့မှာလည်း ၎င်းနည်းအတိုင်း တွက်ရာ၏။ ဗုဒ္ဓဟူး၌ ရက်မြှောက်ခြေ ၅၆၊ နာရီမြှောက်ခြေ၄၀။ စနေ၌ ရက်မြှောက်

ခြေ၃၃။ နာရီမြောက်ခြေ ၀။ ကြာသပတေး၌ရက်မြောက်ခြေ ၆ ၃။ နာရီမြောက်ခြေ ၂၀။ ၎င်း ဂြိုဟ်များတို့သည် နာရီစွန်းပါသောကြောင့် မိဿကဂြိုဟ်များ မည်ကုန်၏။

ဒသာဇယားကွက်ပြုပုံမှာ အလျားရှစ်ကွက် အနံငါးကွက်ရေးပြီး ပထမရှစ်ကွက် တန်း၌ ဂြိုဟ်စဉ်ချ၊ ဒုတိယရှစ်ကွက်တန်း၌ နှစ်စဉ်ချ၊ တတိယရှစ်ကွက်တန်း၌လစဉ်ချ၊ စတုတ္ထရှစ်ကွက်တန်း၌ ရက်စဉ်ချ၊ ပဥ္စမရှစ်ကွက်တန်း၌ နာရီစဉ်ချ၊ အောက်ပုံစံကို ကြည့်ပါလေ။

တနင်္ဂနွေသား၏ ပုံစံဇယား

ဂြိုဟ်စဉ်	၁	၂	၃	၄	၀	၅	၇	၆
နှစ် လ ရက် နာရီ	၀ ၄ ၀ ၀	၀ ၁၀ ၀ ၀	၀ ၅ ၁၀ ၀	၀ ၁၁ ၁၀ ၀	၀ ၆ ၂၀ ၀	၁ ၀ ၂၀ ၀	၀ ၇ ၀ ၀	၁ ၂ ၀ ၀

မည်သည့်ဂြိုဟ်ခွင်တွင် မိမိဂြိုဟ်အိပ်က မည်သည့် ဒသာစားသည်ဟု သိလိုက မိမိအသက်ကိုတည် မွေးနံ ဂြိုဟ်သက်ကစ၍ အစဉ်အတိုင်းနှုတ်၊ မနှုတ်လောက်သောဂြိုဟ်တွင် နှစ်ပေါင်းမည်မျှ ဝင်သည်ဟုရှု။ ဝင်သောနှစ်ကို ၎င်းဂြိုဟ်ဇယားပုံရှိ အထက်အတိုင်း အစဉ် နှုတ်သွား၊ မနှုတ်လောက်ရာ၌ ဒသာစား၏။ ဥပမာ တနင်္ဂနွေဂြိုဟ်ထဲ၌ ၁-နှစ် ဂြိုဟ်အိပ်၏။ ၁-နှစ်ကို တည် (တနင်္ဂနွေပုံစံကိုကြည့်) ၎င်းဂြိုဟ်အတွက် ၄-လနှုတ်၊ တနင်းလာ

အတွက်(၁၀)လမနှုတ်လောက်သဖြင့် တနင်းလာ၌ ဒသာစား၏ ဟုမှတ်၊ ရက်စွန်း,နာရီစွန်းပါသော ဂြိုဟ်များကို ရက်စွန်း,နာရီ စွန်းပါထည့်၍ နှုတ်ပါလေ။ တနင်းလာ,အင်္ဂါစသော ကြွင်းသော ဂြိုဟ်များကိုလည်း ၎င်းနည်းအတူ စိတ်လေ။

တနင်းလာ စသော ဂြိုဟ်တို့မှာလည်း ၎င်းတို့၏ ဂြိုဟ်သက် အသီးသီးကိုတည်၍ တနင်္ဂနွေအတူ မြှောက်ခြေ,စားခြေ ပြုပြီး လျှင်ရသော ဒသာတို့ကို တနင်္ဂနွေသား ဇယားကွက် သွင်းသည့် အတိုင်း ဇယားကွက်ပြုလုပ်၍ ဂြိုဟ်စဉ် နှစ်,လ,ရက်,နာရီတို့ကို သွင်းရမည်၊ အလွယ်တကူမှတ်ယူရန် အောက်ပါဇယားပြုလုပ်ပြီး ကို ကြည့်ပါ။

တနင်းလာဒသာ ဇယားပုံ

ဂြိုဟ်စဉ်	၂	၃	၄	၀	၅	၈	၆	၁
နှစ်	၂	၁	၂	၁	၂	၁	၂	၀
လ	၁	၁	၄	၄	၇	၈	၁၁	၁၀
ရက်	၀	၁၀	၁၀	၂၀	၂၀	၀	၀	၀
နာရီ	၀	၀	၀	၀	၀	၀	၀	၀

အင်္ဂါဒသာ ဇယားပုံ

ဂြိုဟ်စဉ်	၃	၄	၀	၅	၈	၆	၁	၂
နှစ်	၀	၁	၀	၁	၀	၁	၀	၀
လ	၇	၃	၈	၄	၁၀	၆	၅	၃
ရက်	၃	၃	၂၆	၂၆	၂၀	၂၀	၁၀	၁၀
နာရီ	၂၀	၂၀	၄၀	၄၀	၀	၀	၀	၀

ဗုဒ္ဓဟူးဒသာ ဇယားပုံ

ဂြိုဟ်စဉ်	၄	၀	၅	၈	၆	၁	၂	၃
နှစ် လ ရက် နာရီ	၂ ၈ ၃ ၂၀	၁ ၆ ၂၆ ၄၀	၂ ၁၁ ၂၆ ၄၀	၀ ၁၀ ၂၀ ၀	၃ ၃ ၂၀ ၀	၀ ၁၁ ၁၀ ၀	၂ ၄ ၁၁ ၀	၁ ၃ ၃ ၂၀

စနေဒသာ ဇယားပုံ

ဂြိုဟ်စဉ်	၀	၅	၈	၆	၁	၂	၃	၄
နှစ် လ ရက် နာရီ	၀ ၁၀ ၃ ၂၀	၁ ၉ ၃ ၂၀	၃ ၁ ၁၀ ၀	၁ ၁၁ ၁၀ ၀	၀ ၆ ၂၀ ၀	၁ ၄ ၂၀ ၀	၀ ၈ ၂၆ ၄၀	၁ ၆ ၂၆ ၄၀

ကြာသပတေးဒသာ ဇယားပုံ

ဂြိုဟ်စဉ်	၅	၈	၆	၁	၂	၃	၄	၀
နှစ် လ ရက် နာရီ	၃ ၄ ၃ ၂၀	၂ ၁ ၁၀ ၀	၃ ၈ ၁၀ ၀	၁ ၀ ၂၀ ၀	၂ ၇ ၂၀ ၀	၁ ၄ ၂၆ ၄၀	၂ ၁၁ ၂၆ ၄၀	၁ ၉ ၃ ၂၀

ရာဟုဒသာ ဇယားပုံ

ဂြိုဟ်စဉ်	၈	၆	၁	၂	၃	၄	၀	၅
နှစ်	၁	၂	၀	၁	၀	၁	၁	၂
လ	၄	၄	၈	၈	၁၀	၁၀	၁	၁
ရက်	၀	၀	၀	၀	၂၀	၂၀	၁၀	၁၀
နာရီ	၀	၀	၀	၀	၀	၀	၀	၀

သောကြာဒသာ ဇယားပုံ

ဂြိုဟ်စဉ်	၆	၁	၂	၃	၄	၀	၅	၈
နှစ်	၄	၁	၂	၁	၃	၁	၃	၃
လ	၁	၂	၁၁	၆	၃	၁၁	၈	၄
ရက်	၀	၀	၀	၂၀	၂၀	၁၀	၁၀	၀
နာရီ	၀	၀	၀	၀	၀	၀	၀	၀

(အထူးသတိပေးချက်)

သက်ရောက် ဂြိုဟ်စားနှင့် ဒသာစား ဟောသောအခါသက်ရောက်ဂြိုဟ်စားသောအခွင်နှင့်ဒသာစားသောဂြိုဟ်ခွင်တို့ကိုမိတ်ရန်,ဥဒါသိန်ဟပ်ပြီး အကျိုးအပြစ်တို့ကို ဆင်ခြင်၍ ဟောလေ။ ရင်းပြင် မိမိတို့မွေးနံနှင့်ဒသာစားသောဂြိုဟ်ကိုမိတ်,ရန်,ဥဒါသိန်ဟပ်ပြီး အကျိုးအပြစ်တို့ကို ဆင်ခြင်၍ ဟောကုန်ရာ၏။

တနင်္ဂနွေသားဟောာ ဂါထာ ပါဠိအနက်

ရဝိဒသာ ပတ္တာ ယဿ၊
ရာဇကုလံ ဘဝေ လာဘံ။
သေမှ ပိတ္တာ ဝါတာဗာဓံ၊
ဉာတြဲတ္ထ ဝိဂတံ ဘိန္နံ။ ။

ယဿ၊ အကြင်သူအား။ ရဝိဒသာ၊ တနင်္ဂနွေ ဒသာသို့။ ပတ္တာ၊ ရောက်သည်ဖြစ်အံ့။ ရာဇကုလံ၊ မင်းမျိုးမှ ဖြစ်သော။ လာဘံ၊ ရွှေငွေကေစ လာဘ်လာဘသည်။ ဘဝေ၊ပေးကမ်း ချီးမြှင့်ခံရမည်ဖြစ်အံ့။သေမှပိတ္တာ ဝါတာဗာဓံ၊ သလိပ်,သည်းခြေ, လေအနာ နှိပ်စက်အံ့။ ဉာတြဲတ္ထဝိဂတံဘိန္နံ၊ အဆွေအမျိုးတို့နှင့် ကွေကွင်း၍ ကိုယ်၏ပျက်စီးခြင်းသို့ ရောက်တတ်အံ့။

တနင်္ဂနွေဒသာ အဟော လင်္ကာ

ရဝိဒသာ စားခါမယွင်း မင်းမှပူဇ လာဘ်ကြီး ရလျက် သောကရောဂါ ကိုယ်မှာလည်းကပ် နေရပ်ကွေကွင်း သားချင်းဆွေဝါး ပျက်စီးငြားသည် ထင်ရှားမှတ်ဖွယ် မလွဲတည်း။

တနင်္လာဒသာဟော ပါဠိအနက်

စန္ဒရဒသာ သုဘိတ္တိ၊
ဝတ္ထဖရဏာဒိ လာဘာ။
ကညာယ သဇနာ ဝေရီ၊
နိဒ္ဒါယ ပရမိဿံ တုံ။ ။

စန္ဒရဒသာ၊ တနင်္လာဒသာသို့၊ပတ္တာ၊ ရောက်သည်ဖြစ်အံ့။ သုဘိတ္တိဝတ္ထဖရဏာဒိလာဘာ၊ကောင်းသောမိန်းမကောင်းသော

အဝတ်တန်ဆာ စသည်တို့ကို ရအံ့။ ကညာယ၊ သတို့သမီးကြောင့်။ သဇနာ၊ မိမိအချင်းအရင်းသူငယ်ချင်းနှင့်။ ဝေရိ၊ ရန်သူရန်ဘက် ကြီးဖြစ်ကြတတ်အံ့။ တု၊ ထိုမှတပါး။ နိဒ္ဒါယ၊ ဖွားစအခါနိူက် ကြောင့်ကြမရှိ အိပ်ရဘိသကဲ့သို့။ ပရမိဿ၊ နှလုံးမွေ့လျော် ရွှင်ပျော်စွာနေထိုင်ရအံ့။

ရင်းဟော လက်ာ

တနင်းလာမှာ ကညာရှယ်လှ အိမ်ရှင်မကြောင့် ချစ်လှ မိတ်ဆွေ ရန်ငြိုးပွေ၏။ တတွေဥစ္စာ ဝတ်တန်ဆာကို လွယ်ခါခဏ ကြုံတိုင်းရလျက် ရာဇပီတာ ချစ်ကြင်နာ၍ ချမ်းသာတိုးပွား ပျော်မွေ့ငြားသည် ကောင်းစားချိန်ရောက် ကြုံခါတည်း။

အင်္ဂါဒသာဟော ပါဠိအနက်

ဘောမေ ဝေရိနော ပိဠိတာ၊
သ,ညာတီဟိ ဝိဝါဒဥ္စ။
သေမှ ပိတ္တာ ဝါတာဗာဓံ၊
ပရဒါရံပိ ဒုဿိတံ။ ။

ဘောမေ၊ အင်္ဂါဒသာနိူက်။ ဝေရိနော၊ ရန်သူတို့သည်။ ပိဠိတာ၊ နှိပ်စက်ကြကုန်အံ့။ သ,ညာတီဟိ၊ မိမိ၏ ဆွေမျိုးတို့နှင့်။ ဝိဝါဒဥ္စ၊ ငြင်းခုံစကား ခိုက်ရန်များ၍ နေငြားတတ်ရာ၏။ သေမှ ပိတ္တာ ဝါတာဗာဓံ၊ သလိပ်သည်းခြေ လေအနာ နှိပ်စက်အံ့။ ပရဒါရံပိ၊ သူတပါး၏ မယားကိုသော်လည်း။ ဒုဿိတံ၊ အချစ်ပွား၍ ပြစ်မှားတတ်၏။

((ရှင်းဟော လင်္ကာ))

ဘောမဒသာ စားသောခါမူ ငါးဖြာရန်သူ ကလူနှောင့်ယှက်ငယ် ဘက်တသင်း ဆွေဝါးချင်းနှင့် ခိုင်ငြင်းရစွာ သွေးရောဂါလည်း ကိုယ်မှာကပ်ငြား သူ့မြောက်သားကို ယဉ်ပါးမိသည့်အခါတည်း။

ဗုဒ္ဓဟူးဒသာဟော ပါဠိအနက်

ဗုဒ္ဓေ ဓမ္မယုတ္တာနေဝ၊
မိတ္တေဟိ ဝိစိတြလာဘံ။
သုပညံ ပညာဝေဿ၊
သေမှာဒိ ရောဂပီဠိတံ။　　။

ဗုဒ္ဓေ၊ ဗုဒ္ဓဟူးဒသာ၌။ ဓမ္မယုတ္တာနေဝ၊ တရားနှင့်လျော်စွာကျင့်မှသာလျှင်။ မိတ္တေဟိ၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူတို့ထံမှ။ ဝိစိတြလာဘံ၊ ဆန်းကြယ်ထူးပြား လာဘ်အများကိုရရှိအံ့။ သုပညံ၊ အသက်မွေးကျောင်း ပညာကောင်းကို ရအံ့။ ပညာဝေဿ၊ ပညာပွားများ တတ်မြောက်ငြားအံ့။ သေမှာဒိ ရောဂပီဠိတံ၊ သလိပ်စဖြာ ရောဂါကပ်ငြိ နှိပ်စက်ဘိအံ့။

ရှင်းဟော လင်္ကာ

ဗုဒ္ဓဟူးကား အထူးအားလျှင် တရားရှင်လျက် များဖြင်လှူဒါမဟာပုည မနတိုးပွား ဆွေဝါးမိတ်ကောင်း ပေါင်းရတတ်စွာပညာလည်းရ ကျော်ဇောလှ၏၊ အန္တရ,အန္တရာ သလိပ်နာသည်ကပ်လာလိမ့်မည် မလွဲတည်း။

စနေဒသာဟောပါဋ္ဌ်အနက်

သော်ရီ ဒါဟ ရောဂပိဋ္ဌိတာ၊
ပုတ္တဒါရေဟိ ဝိဝါဒေါ၊
ယုတ္တော ဒဏ္ဍဗျသနာယ၊
မနဟာနိ ဝိဒေသကံ။　။

သော်ရီ၊ စနေဒသာနှိုက်။ ဒါဟ ရောဂ ပိဋ္ဌိတာ၊ ပူလောင်ခြင်း အနာနှိပ်စက်အံ့။ ပုတ္တဒါရေဟိ၊ သားမယားတို့နှင့်။ ဝိဝါဒေါ၊ ငြင်းခုံစကား ခိုက်ရန်ပွားအံ့။ ဒဏ္ဍဗျသနာယ၊ ဒဏ်သင့်၍ ပျက်စီးခြင်းနှင့်။ယုတ္တော၊ ရှောင်မလွှဲသာ တွေ့တတ်ပါ၏၊ မနဟာနိ၊ လျော့ကျဉစွာ ကုန်တတ်ပါ၏။ ဝိဒေသကံ၊ ရပ်တပါးသို့ မမှား မှန်စွာ သွားရပါအံ့။

ရင်းအဟော လင်္ကာ

စနေဒသာ ကြီးကဲလာမူ ချမ်းသာမနား လွှန်ပျက်ပြား၍ မယားတမူ ရန်သူလည်းပြု အမှုလည်းပေါ် ပျက်ချော်ရမ်းကား သူတပါးကြောင့် ထားသည့်မင်းဒဏ် ကေန်မချွတ် ခံရတတ်သည် မြဲမှတ်ပုံသေ မလွဲတည်း။

ကြာသပတေး ဒသာဟောပါဋ္ဌ်အနက်

ဇီဝေ သဗ္ဗေ မမာယိတာ၊
သုဏ္ဏာဒိ မနလာဘီစ။
ပုညကမ္မံ ဘဝိဿတိ၊
ကောဋ္ဌဂါရေဒိဟုပေတံ။　။

ဇိမေ၀၊ ကြာသပတေး ဒသာန္တိုက်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ မမာယိတာ၊ ချစ်မြတ်နိုးကုန်၏။ သဒ္ဓဏ္ဏာဒိမနလာဘိစ၊ ရွှေငွေစသော ဥစ္စာတို့ကို ရရှိတတ်ခြင်းငှင်း။ ပုညကမ္မံ၊ ကုသိုလ် ကောင်းမှုကိုငှင်း။ ဘဝိဿတိ၊ ပြုလုပ်မည် ဖြစ်လတ္တံ့။ ကောဋ္ဌဂါရာဒိဟုပေတံ၊ ကျီ,ကျ, အစရှိသည်တို့နှင့် ပြည့်စုံခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ငှင်းဟော လင်္ကာ

ဂုရုဂ္ဂိုဟ်မြတ် ဒသာကပ်မူ များလာဘ်ထွေထွေ ရွှေငွေဥစ္စာ ရရှိခါဖြင့် မဟာကုသိုလ် တွန့်တိုမရှိ ပြုရဘိဟူ ခပ်သိမ်းသူတို့ ကြည်ဖြူ၊ မြတ်နိုး ဂုဏ်ဟိတ် တိုးသည် တမျိုး ကောင်းမည် အခါတည်း။

ရာဟုဒသာဟော ပါဠိအနက်

ရာဟုမှိ ဉာတိမရဏာ၊
ကာယတု ဓနဟာနိစ။
ဝိဒေသဂမနံ ဘဝေ၊
သဗ္ဗေသံ အဝမာနကံ။ ။

ရာဟုမှိ၊ ရာဟုဒသာန္တိုက်။ ဉာတိမရဏာ၊ ဆွေမျိုးပေါက်ဖော်စပ်တော်သောသူများ သေအံ့။ ကာယတုဓနဟာနိစ၊ ကိုယ်လက်ကျင်နာခြင်း ပစ္စည်းဥစ္စာ လျော့ကွာ ဆုတ် ယုတ် ခြင်း ငှင်း။ ဝိဒေသဂမနံ၊ အရပ်တပါးသို့ ပြောင်းသွားရခြင်းငှင်း။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော သူတို့၏။ အဝမာနကံ၊ မထေမဲ့မြင် ပြစ်တင်အမှု ကဲ့ရဲ့ခြင်းပြုသည်ကိုငှင်း။ ဘဝေ၊ ခံရမည်ဖြစ်အံ့။

ရှင်းဟောလင်္ကာ

ရာဟုမှာကား မျိုးဆွေ ဝါးတို့ သေဌြားတတ်စွာ ဘေးရောဂါလည်း ကိုယ်မှာ ကပ်ငြိ ပြင်းစွာထိလိမ့်၊ မချိထန်ပြင်း ယိုယွင်းဥစ္စာ လူတကာလည်းဌျူခါစောင်းမဲ့ ရန်ငြိုးဖွဲ့၍ ကဲ့ရဲ့မည်ရေး ရပ်တကျေးသို့ မနှေးမှန်စွာ ပြောင်းရွှေ့ခွါသည် ပူကာလောင်မည့် ဂြိုဟ်ဆိုးတည်း။

သောကြာဒသာဟောပါဌ်အနက်

သုက္ကေ　သုဘိတ္ထိလာဘီစ၊
ဓမ္မကာမော ဓနပုဏ္ဏော။
ရောဂါသေမှ ဝါတာရူဋ္ဌာ၊
မဟာကိတ္တိ နိဓိလာဘာ။　　။

သုက္ကေ၊ သောကြာဒသာနှိုက်။ သုဘိတ္ထိ လာဘီစ၊ မိန်းမကောင်းရအံ့။ ဓမ္မကာမော၊ တရားနှင့်လျော်သော။ ဓနပုဏ္ဏော၊ ဥစ္စာပြည့်စုံအံ့၊ ရောဂါသေမှ ဝါတာရူဋ္ဌာ၊ သလိပ်လေတက်သော ရောဂါအနာလည်းဖြစ်အံ့၊ နိဓိလာဘာ၊မြှုပ်ထားသော ရတနာရွှေအိုးကိုလည်း ရရှိတတ်အံ့။

ရှင်းဟောလင်္ကာ

သောကြာဂြိုဟ်မင်း ဒသာချင်းမူ ရုပ်ဆင်း အင်္ဂါ တင့်တယ်စွာနှင့် ကညာမိန်းမ ဘာမှန်ရလိမ့်၊ ဓနကုံလုံ လွန်ပြည့်စုံ၍ အဟုန်ပြင်းစွာ လေရောဂါလည်း ကိုယ်မှာကပ်ငြား လွန်ဆိုးဝါးလည်း မြှုပ်ထားဥစ္စာ ရတတ်ပါသည် ဤခါ ဂုဏ်ထူး တိုးမည်တည်း။

ဒသာ ညှံ့သူအား ယတြာပြုနည်း

ယတြာကောင်းက မင်းလောင်း ပျောက်ရသည် ဟူ၍ ဝှင်း၊ အင်းကောင်း တကွက်၊ ဆေးကောင်း တစက်၊ ယတြာကောင်း တချက် ဟူ၍ဝှင်း ရှေးပညာရှိတို့ မိန့်ခဲ့ကြသည်နှင့်အညီ ဗေဒင် ဆရာတို့သည် ဗေဒင်ဟောသောအခါတိုင်း ယတြာကို အလျဉ်း မမေ့အပ် သတိပြုရမည်။ ထို့ကြောင့်ဤဒသာအဟော၌ယတြာ ပြုလိုသူများအတွက် အလွယ် တကူ မှတ် ယူ ရန် အောက် ပါ သံပေါက်များကို မှတ်သားထားရာ၏။

(၁) ဂြိုဟ်စီးဒသာ၊ ညှံ့သောခါ၊ ရောဂါဘေးရန်များ။
(၂) သက်စေ့နံတူ၊ ပန်းကိုဟူ၊ လှူလေမြတ်ဘုရား။
(၃) နံစေ့မီးတိုင်၊ ညီးညီးပြိုင်၊ ဆိုင်ရာထွန်းညှိထား။
(၄) ဤသို့ယတြာ၊ ပြုသောခါ၊ ရောဂါရန်ပျက်ပြား။

ဆိုင်ရာထွန်းညှိထားဆိုသည်မှာ....ဒသာစားရာ ဂြိုဟ်အရပ်ကို ဆိုလိုသည်။ ဤကား နည်းရရှိအကျဉ်းမျှ ပြဆိုခြင်း ပေတည်း။ သက်ရောက်ဒသာဂြိုဟ်စားတို့နှင့် ညှိနှိုင်း၍ ဟောရာဖြစ်သော

ဒသာပိုင်း ဤတွင်ပြီးပြီ။

——

ဘုမ္မိဂြိုဟ်စား အဟော

ဘုမ္မိဂြိုဟ်ဇယားပုံ

ပရိဝါရ	အာယု	နဂရ
သိရီ	(၁)	ဘုမ္မိ
ဌာန	တေဇ	ဂဟပတိ

(၁) ပရိဝါရ၊ အခြံအရံများခြင်း။

(၂) အာယု ၊ အသက်ရှည်ခြင်း။

(၃) နဂရ၊ မြို့ပြည်ရွာရခြင်း။

(၄) ဘုမ္မိ၊ မကောင်းသော အညစ်အကြေးတို့ကို စွန့်ပစ်ရာအရပ်။

(၅) ဂဟပတိ၊ ကျီ,ကျ ဘဏ္ဍာတို့ကို ထားရာအရပ်။

(၆) တေဇ၊ ကုသိုလ်ကောင်းမှု ပြုရာအရပ်။

(၇) ဌာန၊ နေရာဌာနမြဲစွဲရာ။

(၈) သိရီ၊ ကြက်ရေမင်္ဂလာ ဥယျာဉ်, ပန်းမာလ် စိုက်ပျိုးရာ အရပ်။

(၂ ဆောင်ပုဒ်)

ပရိဝါရ နေကျမြဲပင်။ အာယုတွင် နံ့ပင်စိုက်သင့်ပါ။ နဂရ ရွာပြည် တည်ထောင်လေဘိ။ ဘုမ္မိညစ်ကြေး စွန့်ပစ်သွေး ထားရေး သမိုင်းသာ။ ဂဟပတိ ထားဘိကျီကျ။ တေဇရပ်မွန် ထီးတံခွန်,ကျောင်း,ကန်တည်ယူရာ။ ဌာနဒွိကား ကျွဲ,နွား,မြင်း,ဆင် ထားလျှင်သင့်မြတ်။ သိရီရပ် ထားအပ်လယ်မြေယာ။

မိမိမွေးနံ ဂြိုဟ်ရှိရာ အရပ်ကစ၍ ပရိဝါရ၊ အာယု၊ နဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သိရိဟူ၍ လက်ျာရစ် ချပြီးလျှင် ၎င်းမွေးနံ့ရှိရာ အရပ်ကစ၍ ရေလေ။

ဥပမာ တနင်္ဂနွေသားဖြစ်လျှင် တနင်္ဂနွေ အရပ်ကစ၍ ပရိဝါရ၊ အာယု၊ နဂရ၊ ဘုမ္မိ စသည်ဖြင့် လက်ျာရစ်ရေသွားသော် တောင်အရပ်သည် ဘုမ္မိကျ၏။ တနင်္လာသား ဖြစ်လျှင် အနောက်တောင်ထောင့် အရပ်သည် ဘုမ္မိကျ၏။ အင်္ဂါသားဖြစ်လျှင် အနောက်အရပ်သည် ဘုမ္မိကျ၏။ ဗုဒ္ဓဟူးသား ဖြစ်လျှင် အနောက်မြောက်ထောင့် အရပ်သည် ဘုမ္မိကျ၏။ ဤနည်းကိုမှီ၍ ကြွင်းသောနေ့သားတို့၏ ဘုမ္မိအရပ်ကိုလည်း သိနိုင်လောင်ပြီ။

(ဘုမ္မိအဟော)

ဥလုရွာ၊ ကြာတောသား၊ စမ္ပာအေး၊ လေးရွာက၊ မြဦးလူ၊ သူဇမောင်၊ ထောင်သာစွ ဟူသော လက်ာကို တနင်္ဂနွေကစ၍ တနင်္လာစသည်အတိုင်း ရေတွက်ရာ၏။

တနင်္ဂနွေသားသည် (ဥလုရွာ) အရ ဗုဒ္ဓဟူး၌ ဂြိုဟ်စား၍ ရာဟု၌ သက်ရောက်ကူးမှ မကောင်းဟူ၍ဟောရမည်။ တနင်္လာသားသည် (ကြာတောသား) အရ စနေဂြိုဟ်စား၍ သောကြာ၌ သက်ရောက်ကူးမှ မကောင်းဟူ၍ ဟောရမည်။ ဤနည်းကိုမှီ၍ (ဥလုရွာ၊ ကြာတောသား) ဟူသော လက်ာအတိုင်း ဂြိုဟ်စား သက်ရောက်ကူးလျှင် မကောင်းကျိုးကို ပေးတတ်သည်ဟု ဟောရမည်။ သို့ရာတွင် ဤကဲ့သို့ ဂြိုဟ်စားသက်ရောက် ကူးသောအခါ

မဟာဘုတ်ကလည်းအောက်တန်းဖြစ်လျှင်အလွန်ညံ့ဖျင်းသည်ဟု ဟော၏။ အထက်တန်းဖြစ်လျှင် အနည်းငယ်သာ ညံ့ဖျင်းသည်ဟု ဟော၏။ ဂြိုဟ်စား သက်ရောက်ဂြိုဟ်တို့သည် သောမဂြိုဟ်များပင် ဖြစ်ငြားသော်လည်း မဟာဘုတ်က အောက်တန်း၌ကျရောက်နေလျှင် အထက်ပါလက္ခဏာအတိုင်းကြုံပါမူ အနည်းငယ်မျှညံ့သည်။ သောမဂြိုဟ်တို့တွင် ဂြိုဟ်စား သက်ရောက်ဖြစ်၍ မဟာဘုတ်က လည်း အထက်တန်းဖြစ်ခဲ့လျှင်အထက်ပါလက္ခဏာအတိုင်းမကြုံပါမူ အလွန်ကောင်း၏။ ပါပဂြိုဟ်တို့တွင် ဂြိုဟ်စား သက်ရောက်ဖြစ်၍ မဟာဘုတ်ကလည်း အောက်တန်းကျနေလျှင် အထက်ပါလက္ခဏာ အတိုင်းလည်းကြုံမူ ညံ့သည်။ ပါပဂြိုဟ်တို့တွင် ဂြိုဟ်စားသက် ရောက်ဖြစ်၍ မဟာဘုတ်က အထက်တန်းဖြစ်သော်လည်း အထက် ပါလက္ခဏာအတိုင်းကြုံမူ သာမန် မကောင်းကျိုးကိုပေးတတ်သည် ဆင်ခြင်၍ ဟောဆိုရာ၏။

ဘုမ္မိဂြိုဟ်စားအဟော ပြီး၏။

တနည်း သက်ရောက်အဟော

မိမိ၏ မဟာဘုတ်တိုင်တွင်အထွန်းဂြိုဟ်ကစ၍ အမဲ့ ,ကျွဲ ,သား ,ဆိ ,နှင့် ,လားဟု အောက်ကို အစဉ်အတိုင်း ခရေးစောက်ချ၍ ဟောဆိုရသော ကိန်းဖြစ်သည်။

(ရှုပုံ တိုင်မှာ)

ဤပုံကား... မဟာ ဘုတ်တိုင်၌ တနင်္ဂနွေ
၁·ပဝတ္တိ အထွန်း ဖြစ်သော သူ၏ အဖွဲ့သာမှတ်။ တနင်း
၅·ရေကြည် လာထွန်းသူမှာ ကျဲ့, သား, ဆီ,နှင့်, လား, အ,မဲ,
၂·ကာလလ ဟူ၍ ၎င်းလကၤာကို ပတ်မိအောင် ဆိုခါချရ၏။
၆·သောက ဤကဲ့သို့ချပြီးလျှင် မေးလာသော သူ၏ သက်
၃·ရောဂ ရောက်ကို တည်း ရှစ် ခု နှင့် စား၊ အကြွင်းကို
၀·ဘင်္ဂ ယခင် ချထားသော တိုင်တွင်ကြည့်၊ ပဝတ္တိ,
၄·မရဏ ရေကြည်,ကာလလ ကျလျှင် အထူးကောင်း၏။

အလယ်တည့်တည့် သောကအိမ်သို့ အသက် ကျရောက်လျှင် ချစ်ခင်သောသူများအတွက်စိတ်လက်မအေးပူဆွေးရတတ်သည်။

ရောဂ,ဘင်္ဂ,မရဏ အောက်အိမ် (၃)ခုသို့ ကျရောက်လျှင် စီးပွါးပျက်ပြုန်း လူအလုံးတို့၏ မုန်းထားခြင်းကိုခံရမည်။

၎င်းအဟော အကျယ်ကို အမိပ္ပါယ်နှင့်တကွ အလွယ်တကူ မှတ်မိသိရှိနိုင်ရန် တေးထပ်ပုဒ်များဖြင့် ရေးသားဖော်ပြ လိုက်ပေအံ့။

ပဝတ္တိ, ရေကြည်, ကာလလ ကျရောက်သည့်အခါ ဟောဆိုရန် တေးထပ်

ပဝတ္တိ,ရေကြည်·ပ၊ ကာလလသက်ဝင် လှပျိုပေါက်မဒီခင်ကို အတည်ပင် ဂျမြဲ။ ချမ်းမြေ့စွာ-အိုမပူ၊ နှစ်ကိုယ်တူ ချစ်ဖို့မလွဲ။ ဆိန်,ကျောက်နှင့် မြတ်ရွှေငွေ လာဘ်တွေထွေ မစဲ၊ မပြတ်လေ

ရဆဲမို့ အလွန်ဘဲကောင်းတာ။ သုံးခုံနှံ ဂြိုဟ်အရှိကိုဖြင့် အို-ကြည့်၍ဟောသင့်လှပါ။ အဟုတ်ပ ပျက်မကွာ တသက်မှာ ဂုဏ်မောက်လို့ ယုံလောက်ဖို့ ဟောပြ သည်ခါ ပြောမှ ကြည်သာ၊ တလောက ပြည်ရွာမှာ မည်နာမာ ရကိန်း ကွဲ့လေး။

သောကကျရောက်သည့်အခါဟောဆိုရန်တေးထပ်

ဂြိုဟ်မဇ္ဈေ သက်နေကျ ခက်ပေစကံဖီ၊ မျက်ဖြေလှ ပျံ့သည်ကို ညှံ့စီအောင်ငိုပွဲ။သုမနေ့ တွေးရှယ်မြွော်သည် ဒွေးမယ်နော်ကွဲသည့်ပုံပဲ။ တားလျက်မနေသာ ပွေဗျာပါပူကဲ၊ ခေကြမ္မာ သူနဲ့တော့အူအသဲလှိုက်ခုံ၊ ခင်မင်ကာပူဇော်ပြုပေမဲ့ သူပျော်မှုရွေးမျှမဆုံး။ အော်-ရင်ဝက ဘွင်ကြွခုံအောင် ကြင်ရပုံမြန်လှလို့ ပျံ ရတဲ့-ငွေတောင်ပြည် ကိန်းဆိုက်ခဲ့ပြီ။ အို—သွားရမည့် သည်ယာဃိဟာကြည်သာမည် ဟုတ်ဖူးထင့်လေး။

ရောဂ, ဘဂ်, မရဏ ကျရောက်သည့်ခါ ဟောဆိုရန် တေးထပ်

ရောဂလေ-ဘဂ်နှင့်မရဏကိန်းပေါ် တခဏ-ကျိန်းပျော်လျှင်ကိန်းချော်ချော် ရွှံ့စောင်း။ နေရင်းပ အိုးအိမ်ယာမှာ စိုးရိမ်ခါရွှေ့လို့သူပြောင်း။ စီးပွားနှင့်ဥစ္စာဟာအထုပ်ပါပျက်ကြောင်း၊ ယုတ်တမာလူဆုံပေါင်းရယ်က ဖြူစောင်းလို့ဆဲဆို၊ ကံမသာ-ခံပါရ မှန်စွာပကြုံရမကို။တွေးထောက်လို့ အို....ဘေးပျောက်ဖို့ရန်တကာပြုအောင် မြန်စွာကို ထွင်ရှာဘုရားမှာလ ညွတ်တွား၍ဆုတောင်းပန်ဆင် ခုကောင်းရန်ပင်ဇွတ်မကဲနှင့်ချွတ်လွှဲမြင်တယ်လွတ်ခဲချင် သည်ကိန်းမို့လေး။

သက်ရောက်အဟောတနည်း ပြီး၏။

အင်္ဂဝိဇ္ဇာ သက်ရောက်ဟောကိန်း ဇယားပုံ

၅	၇	၁
၄		၂
၆	၀	၈

ကိန်းချပုံမှာ မိုး၊ စွေ၊ အုံ့၊ ခါ၊ ရွာ၊ တုံ၊ သာ၊ လှ၊ ဟူသောလင်္ကာကိုတနင်္ဂနွေအိမ်က စ၍တနင်္လာစသောအိမ်များသို့ လင်္ကာရစ် အစဉ် အတိုင်း ချရာ သည်။

သမသတ်ကား

စောထွေနှဲ့နှောင်း စုတ်ကောင်းနဂိုရ် သူအိုယာယိ ကောလိ စုက်ကြီး ရှားမိးတွင်ကျ မရှက။

တွက်ပုံကား မိမိတို့ရောက်သောအသက်ကိုတည် (၈)ခုနှင့် စား၊ အကြွင်းကို မိမိမွေးနံအိမ်ကစ၍လင်္ကာ ရစ်ရေ၊ ကျရာအခွင် အမြင်ဂြိုဟ်ကို ကြည့်၍ဟောရာ၏။

အင်္ဂါခွင်သို့ သက်ရောက် အဟော

(၃) အင်္ဂဝိဇ္ဇာ မည်သာတွင်ထ ဂြိုဟ်ရှစ်ဝတွင်ဘောမအင်္ဂါ သက်ရောက်လာမူ ဥစ္စာရွှေငွေ လယ်မြေကျွန်ကု ဥယျာဉ်စသည် များလှတန်ဆာ ရတနာဆင်မြင်းယာဉ်သန်လျင်းနှင့် ခပင်းကြေ ငြာ ဗိုလ်ပါအုံ့ပြီး ကျော်ထင်ညီးလျက် ရှိန်စော်တက်သည် နှစ်သက် ထိုသူ့ဇာတာတည်း။

စနေဒွင်သို့ သက်ရောက်အဟော

(၀)၊ စနေမှာကား ယောကျ်ားဖြစ်သော် ပုဇော်သကာ ပြုံကျေးရွာနှင့်သော်တာပြောင်ရှန်းထွန်းသည့်အရောင်ထိုနောင် တခြား ဆင်းရဲသား၊ ကုန်သည်၊ သူဌေးသည်ကား ကျွန်၊ နွား၊ မြင်း၊ ဆင် ယာဉ်နှင့် လှည်း၊ လှေ၊ ရွှေ၊ ငွေ စပါး မျိုးအား အလျောက် ရမြောက်လိမ့်မည် မှတ်နားလည်လော့ ဟောမည် မချွတ် မယိမ်းတည်း။

တနင်္ဂနွေဒွင်သို့ သက်ရောက်အဟော

(၁) ဂြိုဟ်ကြီးသူရဇ္ဇ အိမ်သို့ကျမူ ရောဂါဘယာ သွေးရင်နာ နှင့် ခေါင်းမှာခဲရင်း နာခြင်းသည်းစွာ ဥစ္စာပျက်ပြုန်း နှလုံး မသာ ဗျာပါသောက သွားထယာယီ ရှိသည်တခြား ရငြားဥစ္စာ မတည့်ပါတည့်၊ ကြီးရာသောသူ ကလူနှိပ်စက် အမျက်ငြိုးထား တရားတပေါင်တွေ့မအောင်တည့်၊ချည်နှောင်တုပ်သွင်း အတွင်း ပြင်ပါး အသားနီ့နက် သူပျက်သုံးယောက် မွေ့နှောက်ရန်ရှာ ဒိသာရှေ့မြောက် လူရောက်နွားမြင်း ဝင်လျှင်းအနေ မခံချေနှင့်၊ ခံချေမိငြား မှုဖြစ်ပွားလိမ့်၊ ပယ်ရှားရှောင်မှ လွတ်အံ့သောဝ်။

သောကြာဒွင်သို့ သက်ရောက် အဟော

(၆) သောကြာအိမ်တွင် ကျရောက်လျှင်မူ၊ ပေါ်ခင်နှု ဟောင်းရွှေ့ပြောင်းယာယီ အညီတွေ့ရပျောက်ရှုဥစ္စာ၊ ကိုယ်မှာ နာဖျား ဆေးဝါးကုသ ကျနသေပျောက်၊ လူရောက် လူဝင် မြင်သည်တခြား အိမ်ရာများလည်း ဖယ်ရှားအသစ် ဖြစ်မည့် တချက်၊ စိတ်စက်ပူရာ ထပ်ကာဆင့်ပွား ရှမ်းကုလားတို့

ကားရန်ရှာ နှောင့်ရာမကောင်း မြေ့မြင်း၊မိန်းမ ရှုပ်ထွေးကြလျက် စစတရား ဖြစ်ဟန်များသည် ရှောင်ရှားနိုင်မှ လွတ်အံ့သောဝ်။

တနင်္လာခွင်သို့ သင်္ကြန်ရောက်အဟော

(၂) ပုဏ္ဏစန္ဒရာအိမ်၌မှာကား မှန်စွာစင်စစ် မင်းလျှင်ဖြစ်အံ့၊ ဠုတ္တိယစစ် မိန်းမဖြစ်မူ မြို့ရွာအကြီး ကတော်ကြီးတည့်။ တသီး ကညာ မိန်းမမှာမူ ရွှေနန်းသူဟု ရိပ်ဖြူမိုးကာ ဘမယာစံ ဖြစ်မည်မှန်၏။ တဖန်တခြား ဆင်းရဲသား၊ကုန်သည် အသည်လူများ သူဌေးသားတို့ထင်ရှားထိုက်လျော်ကျ ချမ်းသာရောက်၍ကျော်ကျ သံပတ္တမြား ရွှေသား၊ ငွေထည်၊ ဆန်၊ဆီ၊စပါး၊ကျွန်၊နွား၊မြင်း၊ ဆင်၊ ဥယျာဉ်လယ်ယာ ရတို့ရာ၏ မှန်စွာတသီး အကြီးအငယ် ပြုဘွယ်ကောင်းမှု ပြုရမည်သာ မှန်မကွာသည် ဇာတာထူးမြတ် အခေါင်သောဝ်။

ဗုဒ္ဓဟူးခွင်သို့ သင်္ကြန်ရောက်အဟော

(၄) ဆဒ္ဒန္တခွင် ကျရောက်ချင်မူ ပေါ်ထင်တန်ခိုး ကျော်ဟိုး စည်းစိမ် ရိပ်ငြိမ်ချမ်းသာ ရတနာ၊ဆင်၊မြင်း၊ ပြည့်စုံလျှင်းအံ့။ မင်း၏အပါး ခစားသူမှာ ကျေးရွာမြို့ပြည် ထီးစည်စလွယ် ကွမ်းခွက်၊ ကွမ်းလောင်း၊ ပေါင်း နားဒေါင်းနှင့် သူကောင်းဖြစ်မည် မချွတ်ပြီတည့်။ သူဌေး၊ သူကြွယ်၊ ကုန်သွယ်၊ လယ်လုပ် တဆယ် ထုတ်၍ အဟုတ်ရင်းရာ ရာထောင်မက ပွားစီးကြကျက် မိဘအမွေ ခံလေမြဲစွာ ထိုသူမှာကား စန္ဒာမုဒ္ဒ မ၊စ နေ့သား လွန်စည်ကား လျက် အများချမ်းသာ ရှာပေရာလိမ့်၊ မှန်စွာမချွတ် ကေန် သောဝ်။

ရာဟုခွင်သို့ သက်ရောက်အဟော

(၈) ရာဟုပြင်းရှိန် ထိုဂြိုဟ်အိမ်၌ စည်းစိမ်ပျက်ကြေ နာလျှင်သေအံ့၊ ရှောင်လေနှောက်မြှောက် ဝင်ရောက်ပုဂ္ဂိုလ် ကိုယ်လည်း မအား စကားရှုပ်ထွေး မင်းဘေး,ခိုးယူ ကလူနှိပ်စက် အိမ်ထက်ရှိသူ ထွက်မည်ဟူ၏။ မသင့်မလျော် မတော်လေမှု လက်မခံရာ၊ ပါသည်အမှု စတုပါဒ ရမည်အမြဲ ပြောင်းလွဲပြောင်းပြန်ဖြစ်ရန်မုချ ကျေးကျွန်သင်းပင်း ဆင်,မြင်း,ကျွဲ,နွား, စပါး,ရွှေ,ငွေ, ပျောက်လေ တာဝ၊ နံ့ဇီဝက မုန်းလာရန်ငြိုး မီးယပ်နာကစသည်လေနာ ဝမ်းရောဂါနှင့် စွဲလာအနေ ဖြစ်တတ်ချေသည်။ မှန်ပေရာဟု အိမ်မှာတည်း။

ကြာသပတေးခွင်သို့ သက်ရောက်အဟော

(၅) ဂုရုအိမ်မှာ မငြိမ်မတည် တိုရှည်ခရီး နီးဝေးသွားလာ မှန်စွာမယွင်း အပြင်းဖမ်းယူ ရန်သူစုန်းမ ဖျက်ကုန်ကြ၏၊ ကိုယ်မှ ဝမ်းနာကျောက်ရောဂါနှင့်မသာမလန်း ညှိုးနွမ်းကျုံ့လှို့၊ တလီမီးယပ် ပွါးထပ်ဗျာပါ အိမ်မှာလူဆုံး နှလုံးမသာ ပူဆာဖြစ်မြဲ၊ ရုက်ကွဲကျိုးယုတ် နှောင်တုပ်ကြိုးတဲ၊ စွပ်စွဲကဲ့ရဲ့ ဖြစ်မဲ့ပါကိုငြင်ငြိုမိဘ ဉာတိစသား သူတို့အားလည်း ခိုက်ပွါးရန်စရှာတတ်လှ၏။ ရေးကုမှုဟောင်း ကြောင်းလမ်းစကား ပေါ်လာငြား၏။ တခြားကိုယ်ပိုင် ဆိုင်သည့်ဥစ္စာ တောင်းပါမရ ရန်စထပ်ပွါးဟာရားတော်လှန် ပြုကြောင်းခံသည်၊ ပြင်းထန်ဂုရု အိမ်မှာတည်း။

အင်္ဂဝိဇ္ဇာအတွင်းစက်ဟောပြီး၏။

၎င်းအစ္ဆလ်က် တနည်းအဟော

စောထွေန္တိ နေ့ခင်း စုက်ကောင်းနဂိုရ် ဆိုသည်အိမ်တွင် ရောက်လျှင်မုချ သူရဇ္ဇနှင့် စန္ဒရမှာ ဇာတာမျိုးတူ ကြည်ဖြူ နှစ်သက် တိုးတက်စီးပွါး ရငြားဥစ္စာ နေ့အင်္ဂါလည်း ၎င်းနည်းပင် ဟောလေလျှင်တော့ ဗုဒ္ဓရှင်ကား ငြိုငြင်ဖျားနာဝင်လာကပ်ပါး ရောက်ငြားတောင်က နေထအိမ်တွင် ဒုက္ခမြင်၏။ သုခမဖြစ် ချစ်ကြည်ယောင်သာ ဆောင်ကာပြုလုပ် ကောင်းကျိုးယုတ်၏။ နေ့ဇီဝမူ သုခမပျက် ချစ်ဖက်ကြည်ညို နှစ်ကိုယ်တစိတ်အရိပ်တူမျှ ရှိတတ်ကြ၏။သောကြာသားလည်းဖြစ်ငြားတူကွ ထိုနည်းကျ၏။ ဒိဝ,စနေ ရွှေငွေလာဘ်ကြီးအပြီးရမှတ် စီးပွားရပ်လည်းထူးမြတ်ပြည့်စုံ ကုံလုံဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး ကျွဲ, နွား, ဆင်မြင်း ယာဉ်သန်လျှင်းနှင့် အခင်းထိုက်လျောက် ရတုံမြောက်သည်၊ ချင့်ထောက်မိတ်ရန် ဟောလေသတည်း။

သူအိုယာယီ အညီအိမ်တွင် ကျရောက်လျှင်မူ ခေါ်တွင်သူရဇ္ဇ ဗုဒ္ဓစန္ဒရာ ဂြိုဟ်တို့မှာကား ကျအံ့ကြေးငွေ ပေါ်လေမှုဟောင်း မကောင်းမိတ်ဆွေ စနေ, အင်္ဂါ မပေါင်းရာဘူး၊ မကွာရန်နှင့် အသင့်တွေ့မည် မိတ်ကောင်းတွေ့မှ ချမ်းသာရလိမ့်။ စနေ,အင်္ဂါ လဲခဲ့ပါမူ မိတ်ကောင်းဟူ၏ မှတ်ယူကြပါ။ ယာယီသူအို အစဉ်ဆိုရာ သူအိုမှာလည်း ၎င်းနည်းပင် ဟောစေချင်သည်။ မိတ်, ခတ်, ရန်နှင့် ချင့်ဟောတည်း။

ကောလိစုက်ကြီး ခေါ်သီးမည်မှတ် အိမ်သို့ကပ်ငြား ရဝိသားမူ ရငြားစုက်လာဘ် လယ်,ဆင်,မြင်း, နွား,ရထား,လှည်း,

လှေ့,ရွှေ,ငွေ,စပါး,ကျေးကျွန်များနှင့် ဆွေသားမျိုးက မိတ္တခင်ပွန်း ပြည့်န်းအစ ထောက်မကြည်ဖြူ နှစ်သက်သူကို ရမည်ဆိုလော။ တနင်းလာလည်း ဂုဏ်နည်းတည်း။ တနည်းဘောမာ နေ့သားမှာကား နေထအိမ်တွင် စီးပွားမြင်၏။ ချစ်ကြင်မေတ္တာ ကညာလည်းရ မင်းမှစ၍ မိတ္တချစ်ဆွေ အိမ်ကောင်းနေရမှန်မုချတည်း- တဆွေရာဟု ပျက်မှုမမှား ဗုဒ္ဓသားမူ တွန်းရန်သူနှင့် ငြူစူတတ်စွာ၊ နာလျှင်တောင်ရပ် မသွားအပ်တည့်။ မှတ်လောဇီဝါ နေ့သောကြာကား ချမ်းသာငြိမ်သက် တိုးတက်စီးပွါးများပြားရွှေငွေ ဆန်ရေစပါး ကျွဲ, နွား, ဆင်, မြင်း, လယ်ခင်း ဥယျာဉ် မကျန်လှည်း, လှေ ထွေထွေရာရာဥစ္စာဓနထိုက်သမျှလျှင် ရမည်မြင်၏။ စနေသားမူ တင်ပြားသူ့မည် ဒါသီဒါသာ ဖြစ်ရစမြဲ ချော်လွဲလွဲတည်း။ မှတ်စွဲကောလီအညီကျလာ လီကောမှာလည်း မှန်စွာသမသတ် ယူတတ်ပါစေသွန်းအပ်ပေသည် ဖြစ်ထွေမိတ်ရန် ညာဏ်သွားတည်း။

ရှားမီးအိမ်တွင် ရောက်လျှင်တနင်္ဂနွေ နေ့သားပေမူ ပူထွေပြင်းပြ ရန်စခိုက်ပွါး ပျက်ပြားအိမ်ယာ ဗျာပါထပ်ပို ယာယီဆိုလော့။ ရောင်ညိုစန္ဒရ လာဘ်ရမကောင်း ကျွန်ကောင်းကျွဲနွား စပါးဆန်ရေ ရွှေငွေလယ်ယာ ရမည်သာတည်း၊ အင်္ဂါရန်ပွား စကားရှုပ်ထွေး မင်းဘေး,ခိုးသူ ကလူနှိပ်စက် ထွက်အံ့ရွှေငွေ ဖြစ်လာချေ၏။ ဗုဒ္ဓဟူးမူရှင်မြူးကြည်လင်ချစ်ခင်မိတ်ကောင်းရကြောင်း တသီးစုတ်ကြီးလာဘ်ရများထထွေရာ နေ့ဇီဝါမူ ဆရာအယောင် ဂုဏ်မထောင်နှင့်၊ လောင်သည့်မီးတူ ပူလိမ့်မမှား တရားတပေါင် တွေ့မအောင်ဘူး၊ ချည်နှောင်တုပ်ဆွဲ ရန်ခပဲလည်း မလွဲကြုံလာ

ဖြစ်မည်သာတည်း။ သေံကြာသားကား သွားဘိုယာယီ မှန်ပြီ မယွင်း ဆင်းရဲဒုက္ခ တွေ့ရအနေ ဖြစ်တတ်ချေ၏။ စနေသားမှာ မထောင်တာဘူး ချမ်းသာသုခ ရမည်အမှန် ကြံသမျှ မြောက်၊ ပင့်ထောက်မ,စ တွေ့ရမိတ်ကောင်း ရွေးအကြောင်းဆိုက် ကံကောင်းလိုက်၏။ ရှားမီးတွင်ကျ မရဏနှင့် ရှားမီးပျက်လွှဲဖြစ်စမြဲကို နှစ်တွဲသမသတ် ဖက်ခါစပ်၍ ခေတ်,မိတ်,ရန်နေ ဟောအပ်ပေသည်၊ မသွေစုက်နှင့် ဥပဒ်သောစ်။

အင်္ဂဝိဇ္ဇာ သက်ရောက်ဏဟောပြီး၏။

ရွှေတာ်သိန်း သက်ရောက်ဟော သံပေါက်

၁။ အသက်တည်ထ၊ နှောနဝ၊ ရာမမြောက်တုံပါ။
၂၊ စားခြေသတ္တ၊ ကြွင်းကော၊ ရန်စဘေးဖြစ်ရာ။
၃။ နှစ်ခုကြွင်းက၊ လာဘ်ကြီးရ၊ မှန်လှဝပြောစွာ။
၄။ သုံးခုကြွင်းက၊ မီးလောင်ကျ၊ မုချပျက်ပြုန်းရာ။
၅။ လေးခုကြွင်းက၊ ဝတ်စားရ၊ မှန်လှ ဟောတိုင်းသာ။
၆။ ငါးခုကြွင်းက၊ ကွေ့ကွင်းရ၊ အစဉာတကာ။
၇။ ခြောက်ခုကြွင်းက၊ မှန်မုချ၊ ကြွယ်ဝလွန်ချမ်းသာ။
၈။ သုညကြွင်းသော်၊ ရဟာန်းသော်၊ မပျော်လူထွက်ရာ။

အဓိပ္ပါယ်ကား

အသက်ကိုတည် ကိုးခုနှော၊ သုံးခုမြှောက်၊ ခုနစ်ခုစား —

(၁) ခုကြွင်းမူ ရန်သူရန်ဘက် တွေ့ရတတ်သည်။

(၂) ခုကြွင်းမူ ဥစ္စာပစ္စည်း လာဘ်ကြီးများရတတ်သည်။

(၃) ခုကြွင်းမူ ကိုယ်စိတ်နှစ်ဖြာ လွန်စွာပူပန်ရတတ်သည်။

(၄) ခုကြွင်းမူ ဝတ်စား တန်းဆာလယ်ယာမိုးမြေရွှေငွေရတနာ ရတတ်သည်၊

(၅) ခုကြွင်းမူ ဆွေမျိုးဉာတိတို့နှင့် ကွဲကွာရတတ်သည်။

(၆) ခုကြွင်းမူ ပစ္စည်းဥစ္စာနှင့် ပြည့်စုံစွာခံနေရတတ်သည်။

(၇) ခုကြွင်းမူ စုက်, လာဘ်နှစ်ပါး ရငြား တတ်သည်။ ရဟန်း သော်လည်း လူထွက်ရသောဟူ၏။

ရွှေတသိန်းသက်ရောက် အဟောပြီး၏။

တနည်းသက်ရောက် ခနောက်ကိန်းဟောပုံ



ခနောက်ကိန်း ဆိုသည်ကား ကြက်ခြေ ရှစ်လုံးကို တနင်္ဂနွေ, တနင်္လာ, အင်္ဂါ ဗုဒ္ဓဟူး, စနေ, ကြာသပတေး ရာဟု, သောကြာ ဟူသော ဂြိုဟ်ကြီး ရှစ်လုံး တို့ ကို လက်ျာရစ်ချ၍ ဟောသော ကိန်းဖြစ်သည်။

အသက်တည် ရှစ်ခုစား၊ အကြွင်းကို အင်္ဂါကစ၍ လက်ဝဲရစ်ရေ၊ ကျရာမှတ်၍ အောက်ပါလင်္ကာအတိုင်း ဟောလေ။

အဟောကား
ဂဠုန်နာဂေ၊သမသတ်ခြေတွင်ကျထွေအာယု
အခင်းရှုသော်၊ သုခနေမင်း ဒွေးနော်ကာင်း။

မင်းလောင်းဇနက် သဘော်ပျက်သို့၊ တချက်စီးပွါး ဆုံးပါးဥစ္စာ အနာပြင်းထန် ခိုက်ရန်ဖြစ်တတ် သတိချပ်လော့။ ထိပ်ခတ်ချည်နှောင် တောင်နှင့်မင်းဘေး ရောထွေးပြီးခါတရွာတပြည် မတည်ပြောင်းသွား အခင်းများ၏။

တခြားထိုမှ သမသတ်ကျ ဗျဿဂုရု ဂြိုဟ်နှစ်ခုတွင် အာယုကြိမ်မြောက်အခြေရောက်သော် ဘုန်းတောက်ဇာနိန္ဒ မျိုးနရိန်ဟု သမ္ဘိန်,ခတ္တိယ မှန်လေကမူ သည်နှစ်မှာစစ် ကောရောင်ဖြစ်မည် မခြား မိန်းမကားဒေဝီ တလည်ဆင်းရဲသား စီးပွါးဥစ္စာ လယ်ယာမိုဃ်းမြေ ရွှေငွေရတနာ တန်ဆာ, ဆင်မြင်း ရခြင်းတဖုံ ကြင်ဘက်စုံ၍ သိမ်ဂုဏ်တိုးတက် အကျိုးဆက်လည်း တချက်မလွှဲ ရစမြဲတည်း။

ထူးကဲကြေငြာ ကေသံရာ မဟာဘောမ သမသတ်ကျ နာဂဟိုင်းကို ဆိုသည့်ဂြိုဟ်၌ ကြုံကြိုက်လတ်သော် မထိုက်မလျောက်ကမ်းပါးချောက်နှင့်မြင့်မောက်နေရာ ပင်ရုက္ခာကလိမ့်ကာလျှောကျ ထိရှစုတ်ပြတ် တရပ်ဖျားနာဗျာပါလည်းများတရားတပေါင် တွေ့မအောင်တည့်။

ထို့နောက်ဗုဒ္ဓါ သောကြာသမသတ် နင်းတုံ့လတ်သော် တန်ဆောင်ထိန်ညီး သမီးကညာ ရတနာကို မှန်စွာရကြောင်းအခြေကောင်းသည် ကျမ်းဟောင်း ဤသို့ဆိုသတည်း။

ခနောက်ကိန်း အဟောပြီး၏။

တနည်းသက်ရောက် မြင်းအဟော

နောင်အစဉ် မှတ်ရာကြောင်း ရှစ်သောင်းတဲ့ မြတ်ဆရာ။ နာဂတ်ကို ရှုမြော်တွေး ရေးထားသည့်တာ၊ သက်တည်ပါသတ် နှင့်သာစား၊ အကြောင်းစာဆိုနှင့် နတ်မြင်းညို သိန္ဓဝဟောကြမမှား။

(၁) တခုကြွင်း နတ်မြင်းတဲ့ သီဿ၊ ပဒုမ္မာ ရွှေကြာပန်းလို လန်းလိမ့်ဤခါ။ လူများစွာ သဂါရဝ ရှိသေစွာ ပူဇော်ပြုလိမ့် မည် ကိန်းနှင့်အကျ။

(၂) နှစ်ခုကြွင်း နတ်မြင်းတဲ့ နူတ်သီးမှာ ရှောင်ပါလေ ကိုယ်စကားနှင့်တရားတပေါင်ဖြစ်မည်၊ စိုးရိမ်စစ်သာ။ ချစ်ကြည် စွာ ဖြစ်ပါလူများ၊ နူတ်မှုမဆင်ခြင်လို့ အစဉ်ပင် ရန်မအေးတယ် ရှေးမိန့်စကား။

(၃) သုံးခုကြွင်း နတ်မြင်းတဲ့ရှေ့ခွါ၊ မှန်ရာကိုဟောပါလိမ့် နားစိမ့်စိမ့်နာ။ မပျော်ပါ ပြောင်းရှာတတ်ဘိ၊ ခရီးယာယီ ရှိငဲ့ ဟောချက်က၊မိ။

(၄) လေးခုကြွင်း နတ်မြင်းတဲ့ သိုမှာနေ၊ မြတ်အဆွေရှင် ရဟန်းငယ်တို့တခန်းလူထွက်လျှင် ထွက်ချည်ငဲ့ ဟောချက်ကထွေ။ လူဖြစ်ပေး အိမ်နေမယား အချစ်ကယ် လျင်မြန်ခလိမ့် ဟောကြ အများ။

(၅) ငါးခုကြွင်း နတ်မြင်းတဲ့ လက်၊ခြေ၊ အကွေ့ထွေ ဟော ရန်ထား များသည့်အနေ။ ပျော်ပေ ပြောင်းပေတတ်ဗွေ၊ ခရီး ယာယီသွား များသည့်အရေ။

(၆) ခြောက်ခုကြွင်း နတ်မြင်းတဲ့ အမြိုးမှာ၊ စိတ်မကြည် တောင်မြောက်ကယ်နှင့် တွေးထောက်သင့်ပါ၊ ကြေးငွေရှာ ရရာ မလွဲ၊ နတ်မြင်းညို သိန္ဓဝ ဟောကြအမြဲ။

၀။ သတ္တမော မြင်းချောတဲ့ ကျောက်ကုန်းမှာ၊ အကောင်း တွေစုလာတတ် ဟောလတ်မကြာ။ မှူဆောင်တာ အောင်ပါမည် လို့ ဆိုဘွယ်ရာ ဘယ်မှာရမည် ဟောကြလူတို့။

မြင်းဟောပြီး၏။

သက်စားတိုင်အဟော



၎င်း သက်စားတိုင်၌ ဟော လို သော အခါ အသက်ကိုတည်၊ (၇) ခုနှင့် စား၊ အကြွင်းကို မိမိနံဂြိုဟ်ရှိရာက လကျာရစ် လှည့်၍၊ အထက်ကိုထောက်၊ ကျရောက်ရာ အရပ်တွင် မှတ်၍ထား၊ အောက်ပါ လင်္ကာ အတိုင်း ဟောလေ။

ဥပမာ အသက်(၂၅)နှစ်တည်၊(၇)ခုနှင့်စား၊ (၄)ခုကြွင်း တနင်္ဂနွေသားဖြစ်သောကြောင့်၊ မွေးနံဂြိုဟ် ရှိရာက လကျာရစ် ထောက်သော် တိုင်ခြေ အင်္ဂါတွင် ရောက်၏။ ၎င်း အတိုင်း ကြည့်ရှု၍ အဆိုလင်္ကာအတိုင်း ဟောလေ။

ချုပ်ကား "သိ၊ ကုန်း၊ ပြည့်၊ အောင်၊ လှ၊ တန်၊ ဆောင်" ဟု ဆို၍ အထက်သို့ အစဉ်အတိုင်း ချရာ၏။

ဟောရန်လင်္ကာ

ဗုဒ္ဓ သောကြာ ရောက်ရာ လေကား၊ ခြေမှာ နှစ်ချောင်း ခြေလေးချောင်းနှင့်စုက်ကောင်းလည်းရ၊ များစွာဆိုရော်ပူဇော် သကာ မဟာလာလ လာဘ်ကြီးရအံ့။

တိုင်ထက်ဇီဝါ ရောက်သောခါလျှင် ခြေမှာနှစ်ချောင်း ခြေလေးချောင်းနှင့် လာဘ်ကောင်းလိုရာ ရတတ်စွာ၏။

တနင်းလာမှာ ကျပေခါလျှင် ညောင်းညာ ခြေ့လက် ဖျား နာချက်ကြောင့်၊ ကိုယ်လက်မချိ ပင်ပန်းရှိ၏။

ထိုသည့်အောက်က သူရဇ္ဇမှာ ရောက်ကျသောခါ ကြမ္မာ မကောင်း နာဟောင်းပေါ်တုံ ကြေးငွေကုန်အံ့။

ခြေဝံ့စနေ ရောက်လာချေမူ ယွင်းသွေဥစ္စာ ပျောက်ပျက် ကွာ၍၊ မသာနှလုံးကြိမ်မီးအုံးသို့ ညှိုးချုံးဗျာပါ ရှိတတ်စွာ၏။

အင်္ဂါဂြိုဟ်ရပ် ရောက်ပေလတ်မူ စွဲကပ်အထူး သွေးရူးသွေးနာ ဖြစ်တတ်စွာ၏။ ကောင်းရာကောင်းစု ဆေးပင်ကုလည်း လွတ်မူ ခဲအင် လွန်ငြိုငြင်သည်။ ဗေဒင်ဆရာဟောရိုးတည်း။

သက်စားတိုင်အဟော ပြီး၏။

သုံးတန်ပေါ်နိုစ် တွက်နည်းနှင့်အဟော

သုံးတန်ပေါ်နိုစ်ဆိုသည်ကား၊သက်ရောက် ဂြိုဟ်စားတို့ကိုပင် အနုစိတ်၍ ဟောကိန်းတမျိုး မှတ်ရမည်။ အဘယ်သို့နည်းဟူမူ မည်သူမဆို မိမိဂြိုဟ်စားရာက သမသတ်ကျရာကို (ဂြိုဟ်အိပ်)

ဟူ၍မှတ်။ လက်ဝဲဘက်သို့ တခွင်ဆုတ် ၎င်းကို (စန်း)ဟူ၍မှတ်။ ၎င်းစန်းကျရာဂြိုဟ်နံကို တန်းစီးပြု၍ ထူသောတိုင်ကိုဂြိုဟ်တိုင်ဟု ခေါ်သည်။ သက်ရောက်ရာက သမသတ်ကျရာ (လက်)ဟုမှတ်။ တခွင်ဆုတ် လွန်းခေါ်၏။ ၎င်းလွန်းကျရာ ဂြိုဟ်နံကို တန်းစီးပြု၍ ထူသောတိုင်ကို နံတိုင်ဟုခေါ်သည်။ ထိုသို့ဂြိုဟ်တိုင်နံတိုင်ထူသော အခါ တန်းပေါ် ၃-လုံး၊ တန်းအောက် နိစ် ၄လုံး ပေါင်း-၇ လုံးဖြစ်၏။ တန်းထက်ဂဏန်း ၃-လုံးပေါ်၍ နေခြင်းကြောင့် (သုံးတန်ပေါ်) ဟု ခေါ်ဆိုရာ၏။ တန်းအောက် နိစ်(၄)လုံး နေသောကြောင့် နိစ်ဟော နိစ-သဒ္ဒါကို မြန်မာ ပြန်ထား သောကြောင့်(သုံးတန်ပေါ်နိစ်)ဟု အမည်တပ်လျက်ဟောကိန်း တခု သတ်မှတ်၍ ပညတ်သမုတ်ပြီးထားလေသည်။ နိစ်ဂဏန်း ၄-လုံးတွင် အထက်ဆုံးကို တန်းကပ်၊ အောက်ဆုံးဂဏန်းကို တိုင် ခြေ-မြေလူး။ အလည်ဂဏန်း ၂လုံးတွင် အောက်ဂဏန်းသည် မကောင်းကျိုးပေးရာ၌ ထက်သောကြောင့် တိက္ခနိစ်၊ အထက် ဂဏန်းသည် မကောင်းကျိုးပေးရာ၌ နုံ့သောကြောင့် မန္ဒနိစ်ဟု အသီးသီးအမည်တပ်၍ မှတ်ဆိုခဲ့ပြီးသော တန်းအောက်နိစ်မျိုး ချည်းသာ ဖြစ်ကုန်၏။

သတိမူရန် ဗုဒ္ဓဟူးဂြိုဟ် စားသက်ရောက်၏ သမသတ်နောက် တခွင်ကား ရာဟုဖြစ်၏။ စန်းပြတ်၊ လွန်းပြတ် ခေါ်သည်။ သို့ဖြစ်၍ ကြာသပတေးတိုင်ကိုသာ ထူရလေ၏။

တနင်္ဂနွေဂြိုဟ်စား၍ တနင်္လာသက်ရောက်သော တနင်္ဂနွေသား၏ တိုင်ကိုထူဟန် ပုံကား၊

တနင်္ဂနွေဂြိုဟ်စား

ဂြိုဟ်စား		
၁	၂	၃
၆		၄ စန်း +
၈	၅	၀ ဂြိုဟ်အိပ်

တနင်္လာသက်ရောက်

	၂	
	လက်	လွန်း +

တနင်္ဂနွေသားသည် တနင်္ဂနွေမှာ ဂြိုဟ်စားသည့် အတွက် သမသတ်တခွင်ဆုတ်ပြီး၊ စန်းကျရာ ဗုဒ္ဓဟူးကို တန်းစီးပြု၍၊ ၄-၅-၆ ကို အစဉ်အတိုင်း အပေါ်သို့တက်၍ ချပြီးမှ၊ တိုင်ခြေက (၃-၁-၂-၃)ဂဏန်း ၄-လုံးကိုချ၊ ဂဏန်း ၇-လုံးတို့စဉ်လျက် နေသောကြောင့် ဂြိုဟ်တိုင်ဟုမှတ်ရမည်။နံတိုင်မှာလည်း ထို့အတူ လွန်းကျရာ စနေနံကို တန်းစီးပြု၍ ထူပါလေ။

ထူဟန်ပုံစံကို သဘောအချာကြည့်

ဂြိုဟ်		မိတ်	နံ	ရန်	အမည်
ဝင်	၆	၅	၂	၂	တိုင်ဖျား
ထွက်	၅	၄	၁	၁	ပြ
ဝင်	၄	၃	၇	၀	တန်းစီး
ထွက်	၃	၂	၆	၆	တန်းကပ်
နာ	၂	၁	၅	၅	မန္ဒနိစ်
သော	၁	၇	၄	၄	တိက္ခနိစ်
ထွက်	၇	၆	၃	၃	တိုင်ခြေလူး

မူလဖြစ်သောဂြိုဟ်တိုင် နံတိုင်ကိုထူးပြီးသည့်နောက် မွေးနံကို ရှု၍ ခွင်လွှဲထူလျှင် မိတ်,ရန်တိုင် ဖြစ်၏။ ထူပုံမှာ မွေးနံသည် တိုင်ထိပ်,တိုင်ဖျားဖြစ်အံ့။ တန်းစီးပြု၍ခွင်လွှဲထူ။ ပြမှာနေလျှင် ပြချင်းထူ။ တန်းကပ်ဖြစ်အံ့ တိုင်ခြေပြု၍ခွင်လွှဲထူ။ မန္ဒနိစ်ဖြစ်အံ့ တိက္ခနိစ်ပြု၍ထူ။ တိက္ခနိစ်ဖြစ်အံ့ မန္ဒနိစ်ပြု၍ထူ။ တိုင်ခြေဖြစ်အံ့ တန်းကပ်ပြု၍ထူ။ ဤသို့ ခွင်လွှဲထူရသည်ကို သတိပြု။

သုံးတန်ပေါနိစ် တွက်နည်းအဟော

၁။ အင်္ဂဝိဇ္ဇာ ကိန်းဆိုတာ လွန်စွာနက်နဲလှ။
၂။ ပညာလိုလား အမျိုးသား ကျိုးစားပါကုန်ကြ။
၃။ သက်ရောက်ကသော် ထောက်ကာမြော် လက်ပေါ် ရောက်လေစွ။

၄။ လက်ကတခွင် နောက်ဆုတ်လျှင် လွန်းပင်တွေ့ကြုံရ။
၅။ လွန်းတိုင်ကမူ စရှိထူ ယူပါဂြိုဟ်အတ္တ။
၆။ ဂြိုဟ်တိုင်ကယူ ခွင်လွဲထူ ချစ်သူဘာရိယ။
၇။ အိပ်ရာသမသတ် ထိုအရပ် မှတ်ကြဂြိုဟ်စားယူ။
၈။ ဂြိုဟ်စားခွင်ယုတ် နောက်ကိုဆုတ် ထုတ်ခါ စန်းအိမ်ယူ။
၉။ စန်းသို့လှန်ရှု တိုင်တခု ပြုကြဂြိုဟ်ပုဏ္ဏာ။
၁၀။ စန်းကိုတဖန် ဂြိုဟ်လွဲပြန်၊ ဟောရန်မုချ ကလျာဏာ။
၁၁။ အတ္တဆိုရာ ကိုယ်တွက်တာ၊ ဘာရိယာဆိုက မယားပြ။
၁၂။ ပုဏ္ဏတဖြာ သားမည်တာ၊ ဟောရန်မှန်စ ကိန်းအရ။
၁၃။ ကလျာဏအလို ပြင်သူကို ဆိုရန်ကိစ္စ မှတ်လိုက်ပ။
၁၄။ ဂြိုဟ်၊မိတ်၊နံ၊ရန် တိုင်လေးတန် ထူရန်ကိစ္စ ပြီးပြီပ။
၁၅။ ထူပြီးတိုင်မှာ မည်သညာ သည်ခါပေးမည်ပ။
၁၆။ ဝင်ထွက်၊ဝင်ထွက်၊ နာသေထွက်၊ ထောက်လျက် ကြည့်ကြပါ။
၁၇။ ဝင်နှစ်ချက်တွင် မိတ်နံမြင် လွန်လျှင်လာဘ်ကြီးရ။
၁၈။ ထွက်သုံးချက်တွင် ရန်ကိုမြင် ကိုယ်တွင်ဘေးကြီးစွ။
၁၉။ နာသေမွေးနံ ရန်လျှင်ခံ ဧကံမုချ သေကိန်းပ။
၂၀။ နိစ်ပြမွေးနံ ကြုံတွေ့ပြန် မရဏကိစ္စ ဆုံးဖြတ်မှ။
၂၁။ ကိန်းကြီး၌ဝယ် နည်းသွယ်သွယ် သည်ဝယ်ရပ်မည်ပ။
၂၂။ ရှေ့ကိုဆိုရာ ထိုပညာ များစွာရှိသည်ပ။

ပဥ္စမဆိုခန်း၊ နိဂုံတံ

၂၃။ ဒုတိယခန်း ဟောဘိုလမ်း ဖြောင့်တန်းပြမည်ပ။
၂၄။ အတ္တ၊ဘာရိယာ နှစ်တိုင်မှာ များစွာကြည့်၍ ဆိုပါကြ။

၂၅။ သုံ့ဒသန၊ ထက်ရပ် ထိပ် ခွင် ကြုံတွေ့လျှင် ဘုရင်ကာစ
မှ မည်ပ။
၂၆။ ထီး ဒါး ဖလား ခမ်းအနား ကြီးမားတောဇ ဟောပေမှ။
၂၇။ တိုင်ထိပ်တန်းပေါ် အောင်ကျော်ကြာစု ကညာနု ယခု
ရမည်ဟော။
၂၈။ ရလျှင်ကောင်းစွာ အမြဲသာ တည်ပါလိမ့်မည်ပ။
၂၉။ ပစ္စည်းဥစ္စာ ထိုအခါ နှစ်ဖြာမိဘ ချီးမြှင့်မ။
၃၀။ ကျား ပူး ကြုံတွေ့ မြောက်အရှေ့ ရွှေ့ပါရက်သတ္တော။
၃၀။ ရွှေ့လျှင်တဖန် လှူဒါနံ ကြံတိုင်း မြောက်စေသော်။
၃၂။ တိုင်ထိပ်ဖျားတွင်မွေးနံ့မြင်၊ထင်ထင်ဟောပလာဘ်ကြီးရ။
၃၃။ မွေးနံ့မိတ်ကြုံ ဤလူ့ဘုံ ဂုဏ်လျှင်ကြီးစွ တန်ခိုးထ။
၃၄။ တန်းပေါ်ဥပင်မွေးနံ့မြင်၊သည်တွင်မှတ်ပ ကောင်းလေစွ။
၃၅။ ထိုသည့်နေရာ နံ့ဘက်မှာ ကညာရှယ်လှ ရမည်ပ။
၃၆။ မိတ်ဘက်ကြုံရာ မိတ်ကောင်းစွာမကြာခဏရောက်မည်ပ။
၃၇။ တိုင်ထိပ်တန်းပေါ် ရန်မြင်သော် ကြင်ဖော်မိတ်ဟောင်း
ပျက်လေစွ။
၃၈။ မိတ်နှင့်မဆံ၊ ရန်မခံ နံ့တူလာဘ လာဘ်ကြီးရ။
၃၉။ ရသည့်လာဘ်နံ့ ထွက်လေပြန် တဖန်ဝင်မှ မြဲမည်ပ။
၄၀။ နိစ်ကွက်ရှိနံ့ ဝင်ရောက်ပြန် ကောန့်မုချ ဘေးကြီးရ။
၄၁။ နိစ်ကွက်ရှိနံ့ လူဝင်ပြန် မြန်မြန်ဆောစွ ထွက်စေပ။
၄၂။ မထွက်ရှိနေ အမှန်သေ ဆေးတော့ဆုံးလှ ကုမရ။
၄၃။ မှူကြီး မှူငယ် မီးသွယ်သွယ် ကြုံမယ်များစွ ပူလောင်လှ။
၄၄။ ကော်ငွေနှင့်သာ၊ ဒွေတြာ၊ နိစ်ကွက်ပြမှာ တွေ့ပြီလော။
၄၅။ တွေ့လျှင်တမျိုး မယားခိုး လူဆိုးသက်သက်ဟော။

၄၆။ မယားမခိုး၊ ပစ္စည်းခိုး၊ အကျိုးနှံအဲ့ဟော။
၄၇။ လင်ကြီး လင်ငယ် ထိုနှစ်သွယ် မြှောင်တွယ် ရှိသည်ဟော။
၄၈။ ကျားကိုတွေ့မြင် နိုစ်ကွက်မြင် ကျေးလျှင်ဆုံးပြီဟော။
၄၉။ သူတထူးထံ အာမခံ မြန်မြန်စိုက်၍ ဆပ်လေလော။
၅၀။ တန်းအောက်တိုင်ခြေ နဂါးခွေ အိမ်နေမိန်းမသခွေရ။
၅၁။ သခွလည်းရှိ မွှာမိ သိရိရပ်မှ ရွှေ့ပြောင်းကြ။
၅၂။ မပြောင်းရှိနေစင်းစင်းသေလောင်လေမျှားလှမ်းပေါင်းခ။
၅၃။ ဌာန ကာလ သဘာဝနှင့် စာဂကိုယ်ပင် ဉာဏ်ဆင်ခြင်၍ ထွက်လျှင်နာခသ ကြောင်းအခြေကို၊ ဂြိုဟ်သက်နံသက် နံအကွက်တွင် နံ့ဝင်ပစ္စည်း ဤသည့်နည်းဖြင့် ဘုန်းကြီး ဆိုလျှင် ဘီးမဝင်၊ ကုရင်ဆိုက ကြိုင်းမရ၊ မုဆိုးမကား မီးမဖွားဟု နိုးနားရာသာဟောရန်မှာ၏၊ကိန်းကြီးကျယ် စွာ ချုံး၍မှာသည် ပညာဉာဏ်ဖြင့် ဆင်ခြင်လော။

ဒုတိယခန်း နိဋ္ဌိတံ။

၅၄။ တတိယခန်းကို ဆက်ခါဆို လူပိုလ်မျှားစွ မှတ်ပါကြ။
၅၅။ နံတိုင်ရန်တိုင် နှစ်ခုဆိုင် နိုင်နိုင်ကြီးပ ခေတ်ရိုက်ကြ။
၅၆။ အိမ်ပေါ်ရှိနေ ပြင်လူတွေ ပေါင်းထွေမျှားလှ စု၍ပြ။
၅၇။ အတွာထိပ်ခွေ နံထိပ်မွေ မိတ်နေမိဘာ ရမည်ပ။
၅၈။ ရသည့်သားမှာ ဘုန်းတေဇာ အာဏာကြီးလှ တန်ခိုးထ။
၅၉။ ထိုသည့်နေရာ ရန်ခမွာ ဖွားရာကိစ္စ ကြောက်လန့်လှ။
၆၀။ ရန်တိုင်အတွာ ကိုရှာကြ ဝေးရပ်ဌာန မိတ်ကြီးစွ မုချ ရောက်မည်ဟော။

၆၁။ ထိုတိုင်ရင်းမှာ •ရန်ဓမ္မာဝေးစွာဒေသ ရန်ဘယ တွေ့ကြ
မည်ဟုဟော။

၆၂။ ဂြိုဟ်တိုင်ခြေရင်း၊ မိတ်ခြေရင်း၊ .အင်းဝသောကာ ရန်
ဘယာ တွင်းမှာရှိသည်ဟော။

၆၃။ နံနှင့်ရန်တိုင် မွေးနေ့ဆိုင် မိတ်ပြိုင်ထိပ်မှ ပြင်လာဘ
ရသည် မဟုတ်လော။

၆၄။ မ,စမည်သူ ပေါ်မည်ဟူ နံတူရပ်က ကေန္တ လာကြမည်
ဟုဟော။

၆၅။ တန်းအောက်တွေ့ပြန် ချစ်သူရန် အမှန်တွေ့ရ မကြီးလှ၊
မ,သူမရှိဟော။

၆၆။ နိစ်တွင်ဂဠုန်တွေ့ခါကြုံ သိုက်မြုံယွင်းကွက် မယားပျက်
အိမ်မှထွက်ပြီဟော။

၆၇။ မိမိး, ဘမိး လောင်တဲ့မိး ကြီးသူကြောင့်ပ ပူပြင်းလှ ခဏ
မအေးဟော။

၆၈။ ပျား,ဖွတ်,ဂျီပျား ဋွင်းတနား၊ ဗျိုင်းနားဝင်ရောက် ဖိုခ
နောက် ပေါက်သည့်မှိုကြီး မရှိလော။

၆၉။ ကျားမင်းကိုသာ ထိုနေရာ တွေ့ကာပျက်စီး သားသမီး
ငွေလည်း ကုန်ပြီဟော။

၇၀။ ထိုအိမ်၌မှာ ကြောင့်ခွေးသာ သေရှာပြီပ ကေန္တ မုချ
မဟုတ်လော။

၇၁။ ခြသေ့ကိုသာ တွေ့သောခါ ဖျားနာလောင်မီး မင်းရေး
ကြီး မှုကြီးတွေ့ပြီဟော။

၇၂။ မယားနှင့်လင် မယုံချင်၊ လွန်ပင်ခက်လှ၊ ဆင်ခြင်ကြ
ကြားက နှောက်သည်ဟော။

၇၃။ ဗုဒ္ဓတွေကြုံ လေ့လှည်းကုန်၊ ယုံသူအများ လိမ်လှည့်ဖြား တရားတွေ့မည်ဟော။

၇၄။ လေနာ့ရင်နာ ကြီးကျယ်စွာ ရက်မှာရှည်လှ နောက်မြောက်က ရသည် ရောဂါဟော။

၇၅။ ဂုရုဂြိုဟ်ကြီး နိစ်ပြမ္ပီး၊ သွီးငယ်တွက် အလွန်ရှက်ခက်. ပါဘိလေဟော။

၇၆။ မုဆိုးဖို့မ ဝင်ရောက်က မြင်းနှမြေမိန်းမ ရှိသမျှ ယွက်ရှာ ပါပြီဟော။

၇၇။ ဘာရဂုရုသောကြာ တွေ့ကြုံခါ ဉစ္စာကုန်လှ ရွှေ့ပြောင်းရ ဘာမျှ မတည်ဟော။

၇၈။ အလှူလည်းပျက်၊ ခရီးပျက် ရန်ဘက်ကြီးစွ မသွားရဌာနမြောက်ကိုဟော။

၇၉။ သောရီစနေ တွေ့ကြုံလေ ခံစေကျဉ်းစွ ထောင်တန်းကျကြုံရလိမ့်မည်ဟော။

၈၀။ စွယ်ဂြိုဟ်ရှိရန်လက်နက်ရန် မရဏကိစ္စကြုံတတ်လှ ရှောင်ကြ နောက်တောင်ဟော။

၈၁။ တန်းချင်းအတူ ရှောက်ခါမူ၊ ယူပါ သည်နည်းဟော။

၈၂။ မွေးနံနှင့်ဆုံ မမှာကြုံ၊ အကုန်လွတ်၍ဟော။

၈၃။ ကိန်းကြီးကျယ် စွာ အကျဉ်းမှာ ရပ်ခါနိဋ္ဌိတော။

တတိယခန်း နိဋ္ဌိတံ။

၈၄။ စတုတ္ထကိန်းခန်း ရှေ့သို့လှမ်း ဖြောင့်တန်း ဟောရန်ပ။

၈၅။ နံခုနစ်ပါး လူမျိုးခြား မျှားပြားပါလေလှ။

၈၆။ မြင်သည့်နံမှာ၊ လူမျိုးမှာ၊ သေချာခွဲ၍ပြ။

၈၇။ တိုင်ထိပ်မသေ့ တန်းစီးနေ အခြေကြီးကုန်ကြ။
၈၈။ မိတ်လျှင်-မိတ်ချင်း၊ ရန်-ရန်ချင်း၊ ရှင်လင်းဖော်ထုတ်ပြ။
၈၉။ နိစ်ပြရဝိ ရန်ဂြိုဟ်မိ၊ ထွက်၏အဖသာ။
၉၀။ ထိုသည့်နေရာ တနင်းလာ၊ မာတာအမိ ထွက်ပြီပ။
၉၁။ ဘောမ့အင်္ဂါ ကျွန်ကျေးပါ မကွာပေဟာလိုက်ပ။
၉၂။ ဗုဒ္ဓပုတ္တာ သားမိတာ ဖျားနာသေတတ်စွ။
၉၃။ ဗျည်းမှာမိတ္တ ချစ်ခင်စွ၊ ဝင်လျှင်သေတတ်စွ။
၉၄။ ဘရဂု့သောကြာ မယားပါ မကွာမှတ်လိုက်ပ။
၉၅။ သောရီစနေ ပြင်မိတ်ဆွေဝင်ငံလေလာက ကြီးဒုက္ခ။
၉၆။ စန္ဒရနှင့်ဗျဿ တနင်းလာတိုင်ဦးမှာရှမ်းသာမှတ်လိုက်ပ။
၉၇။ ရဝိတနင်္ဂနွေ ယှဉ်းမသေ့ ဝင်လေကိန်းအရ။

တိတျာ— ဂျွမ်းသာ။ ရှမ်းကား စန္ဒရ။ ဘောမ— တလိုင်း၊ အရိုင်း--ကတူး။ ဗုဒ္ဓဟူး-မွန်လှ၊ ဇီဝ-မြန်မာ၊ သောကြာ- သက်ပေ၊ စနေကုလား၊ တိုင်းကား စိုးအုပ်၊ တရုတ်ရာဟု၊ သတိပြုလေ့။

၉၈။ တောဇ၊ သီရိ၊ ပရိဝါရေ တန်းပေါ်နေ၊ ရွှေငွေမဟိသ ရမည်ပ။
၉၉။ ဂဟာပတိ၊ မည်ရှိနဂရ တိုင်ထိပ်ကျ ဆရာမိဘ မ့မည်ပ။
၁၀၀။ ဘုမ္မိဋ္ဌာန၊ နိစ်နှင့်ပြ၊ တွေ့ကြုံကာလ မရဏ။
၁၀၁။ အာယုဂြိုဟ်မင်း နိစ်ပြဆင်း နေရင်းတိုင်ခြေ၊ ကံခေပါ လှ ပျက်ကိန်းကျ။
၁၀၂။ တိုင်ထိပ်မှာသီး အောက်မှာမီး အပြီးမှတ်လိုက်ပ။
၁၀၃။ အဋ္ဌောဂဗ္ဘေ ဝင်စုက်ပေ ရွှေ့ငွေမဆိတ် အတွင်းမိတ်။

၁၀၄။ အောင်ပ, ကုလား၊ ဝင်လာဘ်များ၊ ကျော်ကြားနိမိတ် ပြင်ကမိတ်။

၁၀၅။ ဦးသာ, စိန်ပန်း၊ ထိန်ထိန်လျှမ်း၊ ရှင်လန်းထိုစိတ် ပြင်ကမိတ်။

၁၀၆။ ဦးညို, ခေမာ၊ ပြင်-ရန်သာ၊ ဥစ္စာမနေ ထွက်တတ်လှ။

၁၀၇။ သောက, ဓမ္မာ၊ တွင်းရန်လာ၊ လူပါငွေကျကုန်တတ်လှ။

၁၀၈။ တွင်းမိတ်ပျက်လျှင်တွင်းရန်မြင်ငွေစင်ထွက်မှုကောင်း။

၁၀၉။ တွင်းရန်ပျက်လျှင် တွင်းမိတ်မြင် ငွေစင် ဝင်ကြောင်း ခြေနှစ်ချောင်း။

၁၁၀။ မိတ်ရန်လွတ်ကြိမ် ဥဒါသိန် စိတ် ငြိမ် တည် ကြောင်း ဆိုးအကောင်း။

၁၁၁။ ပြင်မိတ်ပျက်က၊ ပြင်ရန်ကျ ဒေါသကြီးမျက် ကြေးငွေ ထွက်။

၁၁၂။ ပြင်ရန်ပျက်လေ ပြင်မိတ်နေ၊ ဝင်စေမပျက် လာဘ် အတွက်။

၁၁၃။ တိုင်ထိပ် တိုင်ဖျားလာဘ်ဝင်ငြားကောင်းစားအမှန်ပ။

၁၁၄။ ပြခွင်ထက်မှာ ခြေလက်မှာ ရောဂါဖြစ်တတ်စွ။

၁၁၅။ တန်းစီးတထွေလာဘ်ဝင်ပေမှတ်လေကောင်းကြွယ်ဝ။

၁၁၆။ တန်းကပ်တချက်လာဘ်ဝင်ထွက်ဆက်ဆက်တွေ့ကြိမ်ရ။

၁၁၇။ နှစ်ပါးနိစ်မှာ မကျန်းမာ ချုချာတွေ့တတ်လှ။

၁၁၈။ မိတ်ရန်, နှစ်ပါး မြင်သည်များ စဉ်းစားနိုင်းချိန်ဆ။

၁၁၉။ အင္ဂုဒိသာ ရှစ်မျက်နှာ ယှုပါ ဤနည်းပ။

စတုတ္ထခန်း နိဋ္ဌိတံ။

သုံးတန်ပေါ်နိစ် ဟောနည်းသည် ကျယ်ဝန်း များပြားလှပေ၏။ ဤကား အကျဉ်းသခေ်ပ နည်းရရှိမျှသာ အဟောလက်ာများကို ရေးသားဖော်ပြလိုက်ပေသည်။

ဗေဒင်ဟောပြောသည့်အခါသက်ရှိအရင်း သက်ကင်းအဖျားဟု မှတ်သားရာ၏။ ဥပမာ သက်ရှိယောကျ်ား၊ ဗုဒ္ဓဟူးနံကိုယူ၊ လင်ပန်း,ခမောက် သက်မဲ့ဖြစ်၍ အဖျား ကြာသပတေးနံကိုယူ၊ ဤနည်းအတိုင်းချည်းမှတ်။

သုံးတန်ပေါ် နိစ် အကျဉ်းဟောပြီး၏။

တနည်းတန်းစီး၇-ပါးကို ယတြာနှင့်တကွဟောပုံ

တနင်္ဂနွေ ဂြိုဟ်စားအဟော

ဝင်	၆	တိုင်ထိပ်
ထွက်	၅	ပြ
ဝင်	၄	တန်းစီး
ထွက်	၃	တန်းကပ်
နာ	၂	မန္တနိစ်
သေ	၁	တိုက္ခနိစ်
ထွက်	၀	တိုင်ခြေ

ယခုအခါ အထူးထင်ရှား ပေါ်လွင်ခြင်းငှါ တနင်္ဂနွေ, တနင်္လာစသော တန်းစီး(၇)ပါးကို ယတြာနှင့်တကွ တနင်္ဂနွေ ဂြိုဟ်စားသက်ရောက်ကစ၍ ဂြိုဟ်စဉ်အတိုင်း ပြဆို ပေအံ့။

တနင်္ဂနွေ ဂြိုဟ်စား သက်ရောက်ဖြစ်လျှင် ဗုဒ္ဓဟူးတန်းစီး၍ နေသဖြင့် ဗုဒ္ဓဟူးနံ ရွှေ, လှေ, လူ, ခြေလေးချောင်းစသည်ဝင်အံ့။ ဝင်လျှင် လက်ခံလေ ကောင်းသည်။ သောကြာတိုင်ထိပ်ဖြစ်၍ သောကြာနံ သွပ်, သံ, သစ်

စသည်တို့ကို အရောင်းအဝယ်ပြုလုပ်က အကျိုးကျေးဇူး အထူးရှိမည်။ ဝင်းနေ့သားနေ့သမီး၊ ဝင်းနံများနှင့်ပတ်သက်၍ ကောင်းကျိုးရောက်မည်။ တောင်မြောက်အရပ်က ချစ်သူတွေ့မည်။

ကြာသပတေးပြ-ဖြစ်၍၊ ကြာသပတေးနံ မြေ့,မြင်း,မိန်းမ အမွေအနှစ်တို့နှင့် စပ်လျဉ်း၍ အထူး စကားများရတတ်သည်။ မိတ်ဆွေပျက်တတ်သည်၊အတွင်းလူနှင့်သော်သည်း စကားများရမည်။ များရလျှင် တနင်္ဂနွေနံ အိုး,အစ်,အုပ်,စသည်၊ ကြာသပတေးနံဖလ်,မှန်,မြ,စသည်ကိုမထားနှင့်၊ အခြားတစုံတယောက်ကိုပေးလိုက်ပါလေ၊ မပေးနေလျှင် အခြား လူအတွက် ရုံးပြင်ကနားသို့ ရောက်ရတတ်သည်။ သို့ရာတွင် မိမိ နေအိမ်အနီးမှာ သူခိုးခိုးခံရခြင်း၊အမှုအခင်းဖြစ်ပွားခြင်း၊ ကိုယ်ဝန်ဆောင်မိန်းမ ရှိခြင်းများဖြစ်လျှင် မိမိမှာ စိုးရိမ်ရန်မရှိ။ အပြစ်ကင်း၏။ မိမိ နေအိမ်မှာ ကြာသပတေးနံ မှန်အိမ်,မီးခွက်,မီးဖိုက နိမိတ်များပြတတ်သည်၊ ပြလျှင် အခြားအိမ်သို့ (၇)ရက်လောက်ပြောင်း၍ နေလေ၊ မပြောင်းပဲနေလျှင်ဆွေမျိုးအတွက်အပူသင့်မည်။ စနေ တိုင်ခြေခိုသဖြင့် ထိပ်ခတ်,ကြိုးချည် ခံရတတ်သည်၊ နေအိမ်မှာ ကိုယ်ဝန်ဆောင်မိန်းမရှိမည်၊ အနောက်တောင် အရပ်က လင်ရှိမယားနှင့် ညားရတတ်သည် ရှောင်လေ။ ဒူ,သ,နှ,သော ကြွက်ကြွက်လောတို့လို မဖြစ်စေနှင့်၊ နွားသား,နွားနို့,တို့ကိုမစားနှင့်၊ စနေနံ ထီး,ဒါး,ဘိနပ်စသည်တို့ ဝင်မူ ရန်တွေ့ရတတ်သည် လက်မခံနှင့်။ အဝတ်ကို မီးလောင်တတ်သည် သတိထား၊ နတ်များလည်း ဖမ်းစားတတ်သည်၊ သူခိုးသော်လည်း အခိုး ခံရမည်။ တနင်္ဂနွေ တိက္ခနိုစ်ဖြစ်၍ အိမ်အတွက် ကြီးသူ အဘအတွက်

စိတ်လက်မချမ်းသာ ဖြစ်ရတတ်သည်။ တနင်းလာ မန္ဒနိစ်ဖြစ်၍ ငွေအတွက်စကားများရတတ်သည်။ အခြေနှစ်ချောင်း ငွေ့ကြေး ကျောက်ထွက်တတ်သည်။အင်္ဂါတန်းကပ်ဖြစ်၍ တရားတွေ့ရတတ်သည်၊ စကားများရမည်။ စုန်းမများပူစားတတ်သည်။

ယတြာ ဆိုခဲ့ပြီးသော အပြစ်တို့မှ ပပျောက်လွတ်ကင်း၍ ချမ်းသာကောင်းကျိုးပွားတိုးခြင်းသို့ ရောက်စေရန် တန်ခိုးကြီးဘုရားမှာ မြောက်အရပ်ကနေ၍ရွှေ့ရေ သက်စေ့ လှူလေ၊ အကြံအစည်အောင်မြင်လိုသော် ဗုဒ္ဓဟူးသား သောကြာသားများနှင့် ပေါင်းသင်းဆက်ဆံ၍ စီမံ ဆောင်ရွက်ပါလေ။ ဗုဒ္ဓဟူး၊သောကြာနေ့များတွင် သီးညွန့်ကိုဆောင် အောင်အံ့။

တနင်းလာ ဂြိုဟ်စားအဟော

၂ တနင်းလာဂြိုဟ်စားသက်ရောက်ဖြစ်သောအခါ စနေတန်း
၁ စီး၊ တနင်းလာတိုင်ဖျားဖြစ်၍၊ စနေနံ ထီး၊ ဒါး၊ ဘိနပ်၊
၀ သေတ္တာ၊ကုတင်၊ကျောက်နီ၊နွားစသည်၊ တနင်းလာနံငွေ၊
၄ ကြေး၊ကျောက်၊ အခြေနှစ်ချောင်း စသည်များ ဝင်ဘို့ရှိ
၅ သည်။ ၎င်းနံ အဘိုးမတန်သော ဝတ္ထုပစ္စည်းများဝင်လာ
၆ လျှင် လက်မခံနှင့်၊ လာဘ်ပိတ်တတ်သည်။ ခွေး၊ကြောင်၊
၃ ကြက်၊ငှက်များကိုလည်း လက်မခံရာ ရှောင်လေ။တနင်္ဂနွေ

ပြ၊ ဗုဒ္ဓဟူးတိက္ခနိစ်ဖြစ်၍ ကြီးသူ၊ချစ်သူအတွက် ပူဆွေးရတတ်သည်၊ဝမ်းနှင့်ရင်မှာအနာရောဂ်ငြိတွယ်တတ်သည်။တနင်္ဂနွေနံ အုန်း၊ဘဲဥ၊ကြက်ဥ၊စသည်၊ ဗုဒ္ဓဟူးနံ ဝက်သားများကို ရှောင်ကြဉ်လေ။ ဦးခေါင်းမှာ ဥပဒ်စွဲကပ်တတ်သည်၊ အိမ်ဟောင်း

လည်း ပြင်ရတတ်သည်။ အင်္ဂါတိုင်ခြေ ခိုသဖြင့် အရှက်တကွဲ အကျိုးနဲ့ဖြစ်ရတတ်သည်။ ရှုပ်ထွေးသောစကားများကို ပြောဆိုရတတ်သည်၊ ငြင်းခုံခိုက်ရန်ဖြစ်မည်၊ စုန်းပယောဂ တွေ့ရတတ်သည်။

ဗုဒ္ဓဟူး တိကွနိစ်ဖြစ်၍ မိမိနေအိမ်မှာ ခြေလက်ချို့သူရှိတတ်သည်၊ဗုဒ္ဓဟူးနံ ရွှေ့လှေ့လှည်း, အခြေ ၄ချောင်း လူ့လယ်ယာ, ဥယျာဉ် တခုခုတွက်တတ် ပျက်တတ်သည်၊ သို့မဟုတ် အိမ်ထောင်ပျက် ယောကျ်ားသော်လည်းရှိမည်၊ နေအိမ်အနီး ရေတွင်းပျက် ရှိတတ်သည်၊ ဗုဒ္ဓဟူးသားသမီးရှိလျှင် ဝမ်းနှင့်ရင်မှာ အန္တရာယ် ငြိတွယ်တတ်သည်။ သူငယ်များ ရေနစ်တတ်သည် သတိထားရာ၏။ ကြာသပတေး မန္တနိစ်ဖြစ်၍ လင်ကွဲ့လင်ကွာ တခုလပ် မိန်းမ ရှိမည်၊ မြေ့မြင်း,မိန်းမသော်လည်းထွက်မည်။ ရင်းနှံအတွက် အမှုအခင်း ဖြစ်ရတတ်သည်။ သောကြာ တန်းကပ်နေသဖြင့် လူမမာတတ်၊ဝမ်း,ရင်မှာ ဥပဒ်ပေးတတ်သည်၊သောကြာသမီး သောကြာသားနှင့်စပ်လျဉ်း၍ သောကမအေး ပူဆွေးရတတ်သည်၊တနင်္ဂနွေ ဗုဒ္ဓဟူးသားများနှင့် အပေါင်းအသင်း မပြုလေနှင့်။ တနင်းလာ စနေသားများကို ပေါင်းလေ၊ ရင်းနှံများနှင့် အထူး သင့်လျော်သည်။

ယတြာ　ဆိုခဲ့ပြီးသော မကောင်းမှု ဟူသမျှ ပပျောက်၍ ကောင်းကျိုးရောက်စေရန် ယတြာမှာ တနင်းလာနေ့၊ စနေနေ့များတွင် အရှေ့ရပ်သို့သွား၍ ငါး သက်စေလွှတ် ဘုရားမှာအရှေ့ဘက်ကကြာနီပန်း၊တံခွန်၊ဂန္ဓဂေါ်ပန်းသက်စေ့လှူဒါန်း ပူဇော်လေ။

အမှုကိစ္စဆောင်ရွက်ရာ၌ အောင်မြင်လိုသော် ထိနိုပင်, ထန်းပင် အောက်မှာ ကြံကိုစိုက်ရာ၏။ သို့မဟုတ် ကြံသကာကိုသော်လည်း စားလေ၊ ဂန့်ဂေါ်ညွှန့်ကို အဆောင်ပြု၍သွား ဒို့ခွ မျက်မှောက် ကောင်းကျိုးရောက်လိမ့်မည်၊

အင်္ဂါ ဗုဒ္ဓဟူး ဂြိုဟ်အဟော

၀ အင်္ဂါဂြိုဟ်စားသက်ရောက်၊ ဗုဒ္ဓဟူးဂြိုဟ်စားသက်ရောက်
၆ ဖြစ်လျှင်၊ ကြာသပတေး တန်းစီးနေသောကြောင့် ကြာသ
၅ ပတေးနံ မြေ့,မြင်း,မြ,မိန်းမ, အမွေအနှစ်စသည် ဝင်လာ
၄ တတ်သည်။ မိန်းမဝင်သော် လာဘ်များစွာ ရမည်၊ ဆရာ
၃ ကောင်း သမားကောင်း မိတ်ဆွေကောင်းတို့နှင့် ပေါင်း
၂ သင်းရတတ်သည်၊ ပညာကောင်းရမည်၊ မျက်နှာ ပွင့်မည်၊
၁ သောကြာပြ—၌ နေသဖြင့် မသွားရောက်ဖူးသော အရပ်
များသို့ သွားရမည်၊ အိမ်အနီး နာမည်ကြီးပျက်သူ ရှိတတ်သည်၊ သော့ပျက်သေတ္တာရှိမည်။ စနေတိုင်ထိပ် နေသောကြောင့် အထည်ကောင်း အလိပ်ကောင်းဝင်မည်၊ ငွေ့နံ့ထီး, ဘိနပ်, ဒါး ကုတင်,အလင်္ကာရမည်၊ သို့မဟုတ် အဘိုးသက်သာစွာနှင့်ရမည်၊ နွား, ထီး, နွားနက်ကျောက်နီ ဝင်တတ်သည်၊ ဝင်မှု လက်ခံလေ ကောင်းသည်။ ကြာသပတေး-စနေ သားသမီးများနှင့် ပေါင်း သင်း၍ အကြံအစည်ပြုလုပ်လျှင် အောင်တတ်သည်။ တနင်္ဂနွေ တိုင်ခြေခိုသောကြောင့် နေအိမ်ပျက်၍ နေတတ်သည်၊ အိမ်ငှား သော်လည်းဖြစ်မည်၊ ကြီးသူအတွက် စိတ်လက်မချမ်းသာ ဖြစ်ရ တတ်သည်၊ အိမ်နီးချင်း ဆွေမျိုးတို့နှင့် စကားများရတတ်သည်၊

တနေရာမှ တနေရာသို့ ပြောင်းရတတ်သည်။ တနင်းလာ တိက္ခနိစ် ဖြစ်၍ ငွေကြေးကို လူလိမ် လူကောက် ခံရတတ်သည်၊ ငွေအတွက် စကားများရမည်၊ ငွေကုန်ကြေးကျ များမည်။ ခြေမှာ, ခါးမှာ အန္တရာယ်ငြိတတ်သည်၊အိမ်မှာ တနင်းလာသားရှိသော် အမြင့်က ကျတတ်သည် သတိထားစေရာ၏။ အင်္ဂါ မန္ဒနိစ်ဖြစ်၍ အင်္ဂါနံ ဆန်-ဆီ-ဆေး-ဆား-စိန်-စောင်-ပုဆိုး-ဆံစု စသည် အတွက် အပူ သင့်ရတတ်သည်။ ဂုင်းနံ ထွက်မည်၊ ဗုဒ္ဓဟူး တန်းကပ်နေသော ကြောင့် ဆင်းရဲသော လူညှော်သည်များ ရောက်လာတတ်သည်၊ လက်မခံနှင့်၊ ဂုင်းပြင် တောင်အရပ်က လူ, ရွှေ, လှေ, လှည်း, အခြေ လေးချောင်း, ဝက်လက်မခံနှင့်။ လက်ခံလျှင် အိမ်ကလူထွက်တတ် သည်။ အခြေလေးချောင်းအတွက် အထူး စိတ်ညစ်ရတတ်သည်။

ယတြာ　ဆိုခဲ့ပြီးသောအပြစ်တို့မှ ပပျောက် လွတ်ကင်း၍ ချမ်းသာကောင်းကျိုး ပွားတိုးခြင်းသို့ ရောက်စေ ရန် ကြာသပတေး-စနေ တနေ့နေ့တွင် တန်ခိုးကြီး ဘုရားမှာ အနောက်တောင်ဘက်ကနေ၍ ထီးဖြူသက်စေ့ လှူဒန်း ပူဇော် လေ။

အမှုကိစ္စဆောင်ရွက်ရာ အကြံအစည်အောင်မြင်ထမြောက်စေ လိုသော် ကြာသပတေးနေ့၊ စနေနေ့ တနေ့နေ့တွင် ထိုးမုန့်, ပေါက်ပေါက်ကို စား၍ ကြံစည် လုပ်ကိုင် ဆောင်ရွက်ပါလျှင် အောင်ဘို့ရန် အမှန်ရှိပေသည်။

စနေဂြိုဟ်စားအဟော

၁ စနေဂြိုဟ်စားသက်ရောက်၍ သောကြာ တန်းစီး ဖြစ်
၀ သောကြောင့်ခရီးယာယီသွားဘို့ရှိသည်၊ သွားလျှင်ကောင်း
၆ သည်။ သောကြာနံ သံ, သွပ်, သစ်, သောကြာသား
၅ သောကြာသမီး ဝင်ဘို့ရှိသည်၊ စနေ ပြ-ခံသဖြင့် မိမိအိမ်မှာ
၄ တိမ်စဲ့သူ ရှိတတ်သည်၊ သို့မဟုတ် ဆွေမျိုးအတွက် ပူပင်
၃ ရမည်။ စနေနံ ထီး, ဒါး, ဘိနပ်, သေတ္တာ, နွား, ကျောက်နီ
၂ သော်လည်း ထွက်မည်၊ စနေသမီး-စနေသားဖြစ်မူ ချစ်သူနှင့်
ကွဲကွာတတ်သည်။ တနင်္ဂနွေတိုင်ထိပ်နေသဖြင့် ကြီးသူတို့၏
ချီးမြှောက် ထောက်ပံ့ခြင်းကို ခံရတတ်သည်၊ အိမ်အနီး လူပျို
ကြီး အပျိုကြီး ရှိတတ်သည်၊ တအိမ်မှ တအိမ်သို့ ပြောင်းရွှေ့ရ
တတ်သည်။ အိမ်သစ်သော်လည်း ရမည်၊ တနင်္လာသားဖြစ်မူ
မယား နှစ်ယောက် ရတတ်သည်။ တနင်္လာ တိုင်ခြေခိုသဖြင့်
တနင်္လာနံ ခြေကျင်း, လက်ကောက် ပျောက်ရှတတ်သည်။ သူခိုး
သော်လည်း ခိုးမည်၊ ကြွေးတင်တတ်သည်၊ မတင်သော် ငွေကုန်
ကြေးကျ များမည်။ ခွေးကိုက်သော်လည်း ခံရတတ်သည်။ အင်္ဂါ
တိက္ခနိစ်ဖြစ်သောကြောင့် အင်္ဂါနံ စိန်, ပုဆိုး, စောင်, ဆံစု, လက်စွပ်
စသည် ထွက်တတ်သည်။ စုက်ပျက်မည်၊ အင်္ဂါသမီး, အင်္ဂါသား
အတွက် စိတ်ဆင်းရဲတတ်သည်။ စကားသော်လည်း များမည်။
ရင်းနံ အဝင်မခံနှင့်၊ ဗုဒ္ဓဟူး မန္တနိစ် ဖြစ်၍ ဗုဒ္ဓဟူးနံ အခြေလေး
ချောင်း, လယ်ယာ, ရွှေ, လူ, စသည် ထွက်တတ်သည်။ ရင်းနံအတွက်
စိတ်လက်မအေး ပူဆွေးရတတ်သည်။ ကြာသပတေးတန်းကပ်နေ
သဖြင့် ဆရာသမား ဘုရားဂူကျောင်း, တန်ဆောင်း, ဇရပ်များနှင့်

နီးကပ်လျက်ရှိမည်။ မြေ့မြင်း့ မိန်းမမြစသည် ဝင်တတ်သည် လက်မခံနှင့်။ လက်ခံလျှင် ဥပဒ်ပေးတတ်သည်၊ မိတ်ဆွေများ အကောက်ကြံတတ်သည် သတိထား၍ ပေါင်းလေ၊ စနေ့အင်္ဂါ သားများကိုအယုံအကြည်မပြုနှင့် ရှောင်လေ စကားများရတတ် သည်။

ယတြာ ဆိုခဲ့ပြီးသော အပြစ်တို့မှ ပပျောက် လွတ်ကင်း၍ ချမ်းသာကောင်းကျိုး ပွားတိုးခြင်းသို့ ရောက်စေ လိုလျှင် တန်ခိုးကြီးဘုရားမှာ အရှေ့မြောက်ဘက်ကအုန်းသီးကို လှူလေ။

အမှုကိစ္စ ဆောင်ရွက်ရာ အောင်မြင် ထမြောက်စေလိုသော် တနင်္ဂနွေနေ့ သောကြာနေ့ အုန်းသီးကိုစား၊သို့မဟုတ်ကြက်ဥကို စား၍ဆောင် အောင်မြင်တတ်သည်။

ကြာသပတေး ဂြိုဟ်စားအဟော

၃ ကြာသပတေးဂြိုဟ်စားသက်ရောက်၍တနင်္ဂနွေတန်းစီး
၂ နေသဖြင့်ကြီးသူတို့၏စောင့်မကြည့်ရှုခြင်းကိုခံရတတ်သည်၊
၁ အိမ်ဟောင်း ပြင်ရတတ်သည်၊ ကောင်းလျှင် ကြမ်းပျက်၍
၀ နေမည်။ အိမ်ခေါင်မိုးသော်လည်း ပျက်မည်။တနင်္ဂလာ
၆ ပြ-ခံသဖြင့် ငွေကို လူလိမ်လူကောက် ခံရတတ်သည်၊ မြေ
၅ လက်မှာ အနာရောက်တတ်သည်။ အမိအတွက် သို့မဟုတ်
၄ အမိနှင့်တူသူ လူများအတွက် စိတ်လက်ပူပင်ရတတ်သည်။
အင်္ဂါတိုင်ထိပ်နေသောကြောင့် အင်္ဂါနံစိန့် လက်စွပ့် ပုဆိုး

စောင်တခုခုဝင်မည်၊ ဝင်လျှင် အထူးကောင်းမည်။ အင်္ဂါသား အင်္ဂါသမီးတို့၏စောင့်မကြည့်ရှုခြင်းကိုခံရတတ်သည်။ စုက်ကောင်း လာဘ်ကောင်းဝင်မည်၊မိမိနေအိမ်၌နက္ခတ်သီးကောင်းသောမိန်းမ ရှိတတ်သည်၊ ၎င်းမိန်းမဉပဒ်ရတတ်သည်။ တနင်္ဂနွေနံအိုး, အုန်း အစ်,ဉစသည်၊ အင်္ဂါနံ ဆန်,ဆီ,ဆေး, ဆား စောင် ပုဆိုး စိန် စသောကုန်များကို အရောင်းအဝယ်ပြုလုပ်ပါကအကျိုးကျေးဇူး အထူးရှိတတ်သည်။ ဗုဒ္ဓဟူးတိုင်ခြေ မြေလူးဖြစ်၍ ဗုဒ္ဓဟူးနံ ရွှေ-လှေလှည်းလူ အခြေလေးချောင်း လယ် ယာ ဉယျာဉ် တခုခု ထွက်တတ်သည်။ ဝင်သော်လည်းဝင်မည်၊ဆင်းရဲသောညှော်သည် များရောက်လာတတ်သည်။ လက်မခံနှင့်လက်ခံမိလျှင်မိမိအိမ်က ဗုဒ္ဓဟူးနံအခြေလေးချောင်းလူ ရွှေ စသည်ထွက်သွားတတ်သည်၊ ကြာသပတေး တိက္ခနိစ်ဖြစ်၍ မြေ မြင်း မိန်းမ မြ စသည် ထွက် တတ်လည်၊ ထွက်သော် မကြည်မသာ ထွက်မည်၊ မိမိနေအိမ်မှာ အန္တရာယ် ငြိသော မိန်းမရှိတတ်သည်၊ ရှိလျှင် ဝန်လေးလှ၏။ တခြားသို့ပြောင်းရွှေ့နေထိုင်စေ၊ အိမ်ထောင်ပျက် မိန်းမသော် လည်းရှိမည်ကြာသပတေးသားရှိလျှင်ချစ်သူနှင့်ကွဲကွာ၍နေမည် သို့မဟုတ် မိန်းမအို မိန်းမပျက်နှင့် သော်လည်းညား၍ နေတတ် သည်၊ သောကြာမန္ဒနိစ်ဖြစ်၍ယာယီခရီးသွားရတတ်သည်။သား သမီး အတွက် ဒုက္ခရောက်တတ်သည်၊ အပူတွေ့မည်၊ အရှက်တကွဲ အကျိုးနဲသော်လည်း ဖြစ်မည်။ စနေတန်းကပ်ဖြစ်၍စနေနံထီး, ဒါး နွား ကျောက်နိစသည် ထွက်ပြီးမှဝင်လာတတ်သည်၊ ကိုယ် ဝန်ဆောင်မိန်းမ အိမ်မှာဖြစ်စေ အနီးမှာဖြစ်စေ ရှိတတ်သည်။ မရှိလျှင်တရားတခပေါင် တွေ့ရတတ်သည်။ တနင်းလာ ကြာသ ပတေးသားများကို အပေါင်းအသင်း ရှောင်လေ။

ယတြာ　　ဆိုခဲ့ပြီးသော အပြစ်တို့မှ ပပျောက်လွတ်ကင်း၍ ချမ်းသာကောင်းကျိုး ပွားတိုးခြင်းသို့ရောက်စေရန် တန်ခိုးကြီးဘုရားမှာ အရှေ့တောင်အရပ်က ဆွမ်းသက်စေ့ လှူဒါန်း ပူဇော်ပါက ဒိဋ္ဌမျက်မှောက် ကောင်းကျိုးရအံ့။

အမှုကိစ္စဆောင်ရွက်ရာ၌ အကြံအစည် ထမြောက်အောင်မြင်စေလိုသော် အုန်းပင်မှိုရှိ ငါးသီးစား၊ နှင်းဆီပန်းကို ပန်၍သွားရာ၏။

ရာဟုဂြိုဟ်စား အဟော

ရာဟုဂြိုဟ်စား သက်ရောက်သောအခါ၌ တနင်းလာ
၄ တန်းစီးဖြစ်သောကြောင့်၊ တနင်းလာနံ ကြောင်, ခွေး, ငှက်,
၃ ကြက်, ကျောက်, အခြေနှစ်ချောင်းဝင်လာတတ်သည်။ အဖိုး
၂ မထိုက်တန်သော ခွေး, ကြောင်, ကြက်, ငှက်များကို လက်
၁ မခံရာ၊ လာဘ်ပိတ်တတ်သည်။ ငွေကြေး မ,စထောက်ပံ့
၀ မည့်သူ ပေါ်ပေါက်တတ်သည်။ မိုးကြိုး-ကျောက်ကောင်း
၆ အခြေရှစ်ချောင်း၊ တနင်းလာသမီး၊ တနင်းလာသား ဝင်လာ
၅ လျှင် အထူးကောင်းသည်။ ဒါနလည်း ပြုရတတ်သည်။

အင်္ဂါပြ-ခို၍နေသဖြင့် အင်္ဂါနံ ပုဆိုး-စောင်-လက်စွပ်-စုတ်စသည် တွက်တတ်သည်။ မျက်စိမှာ အန္တရာယ်ငြိတွယ်တတ်သည်။ စကားသော်လည်း များရတတ်သည်။ သတိထား၍ ဆင်ခြင်ပါလေ။ ဗုဒ္ဓဟူးတိုင်ဖျားဖြစ်၍ အခြေလေးချောင်း ရွှေ- လှေ- လှည်း- လူ

လယ်,ယာ,ဥယျာဉ် တခုခုဝင်လာတတ်သည်။ လူဝင်မူ လက်မခံရ၊ လာဘ်ပိတ်တတ်သည်။ ဗုဒ္ဓဟူးသားသမီး ဝင်လာမူ အထူးကောင်းသည်။ တောင်အရပ်က လာဘ်ရဘို့ရှိသည်။ လူမျိုးကွဲလူမျိုးခြားနှင့် စပ်လျဉ်း၍ အကျိုးကျေးဇူးအထူးရှိမည်။ တနင်းလာ-ဗုဒ္ဓဟူးသားများနှင့်အပေါင်းအသင်းပြုလုပ်ကကောင်းကျိုးပေးမည်။ ကြာသပတေးတိုင်ခြေ မြေလူး ဖြစ်၍ ကြာသပတေးနံမြေ မြင်း မိန်းမ မြ စသည် ထွက်တတ်သည်၊ မိန်းမထွက်လျှင်မကြည်မသာထွက်ရသည်၊ ဖျားနာတတ်သည်၊ မုဆိုးမနှင့်သော်လည်း အတူတကွ နေရတတ်သည်။ သောကြာ တိက္ခနိစ်ဖြစ်၍သွားမည်ကြံသောခရီးသည် ရှုတ်တရက် အထမမြောက်ပဲရှိမည်။ ကိုယ့်ထက်ကြီးသူများနှင့်စကားများရတတ်သည်။မြောက်အရပ်သို့ ယာယီမသွားရ၊ သွားလျှင် ရောဂါရမည်။ ခရီးသွားလျှင်စီးပွားပျက်မည်၊ စိတ်မတည်ငြိမ်ရှိမည်၊ သောကြာနံ သံ, သွပ်,သစ်, သော့,စသည်ကို လက်မခံရ၊ လက်ခံလျှင် သူခိုးခိုးခံရတတ်သည်။ စနေမန္ဒနိစ်ဖြစ်၍ စနေနံ ထီး, ဒါး, ဘိနပ်, ဒုတ် စသည်တခုခု ထွက်တတ်ပျက်တတ်သည်။ အပူသင့်မည်။ နာဖျားတတ်သည်။ ကိုယ့်အောက်လူများ ဖောက်ပြန်တတ်သည်။ နတ်များဖမ်းစားတတ်သည်၊ သူတပါးက အပြစ်ရှာတတ်သည်၊ ဆင်ခြင်၍နေထိုင်လေ။တနင်္ဂနွေတမ်းကပ်ဖြစ်၍ မိမိနေအိမ်မှာ သူအိုရှိတတ်သည်။ မရှိလျှင်ကောင်းသည်။ တနေရာမှတနေရာသို့ရွှေ့ပြောင်းရတတ်သည်၊ အိမ်ထောင်ပျက်မည်၊ ဆွေမျိုးအိမ်နီးချင်းများနှင့်စကားများရတတ်သည်။ တနင်္ဂနွေနံ အုန်းသီး, ဘဲဥ, ကြက်ဥ,စသည်များကို မစားသောက်နှင့်။ အန္တရာယ်ငြိတွယ်တတ်သည်။ ရင်းနံကိုလည်း လက်မခံရ။

ယတြာ ဆိုခဲ့ပြီးသောအပြစ်တို့မှ ပပျောက် လွတ်ကင်း၍
ချမ်းသာကောင်းကျိုးပွားတိုးခြင်းသို့ ရောက်စေ
ရန် တန်ခိုးကြီး ဘုရားမှာ တောင်အရပ်ကနေ၍ ငွေသက်စေ၊
သို့မဟုတ် ရွှေသက်စေ လှူဒါန်းပူဇော်ပါလေ။

အမှုကိစ္စဆောင်ရွက်ရာ အောင်မြင် ထမြောက် စေလိုသော်
ကုက္ကိုပင်အောက်မှာ စွံပလွံသီးကို စား၍ ဇလပ် ပန်းကို
အဆောင်ပြု၍သွားက ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်
မည်။

သောကြာဂြိုဟ်စား အဟော

၅ သောကြာဂြိုဟ်စား သက်ရောက်သော အခါ၌ အင်္ဂါ
၄ တန်းစီးဖြစ်၍ အင်္ဂါနှံ့ စုက်ဝင်တတ်သည်။ ဝင်မှုကောင်း
၃ သည် လက်ခံလေ။ ၎င်းနံ့ စိန်၊ လက်စွပ်၊ ဆံစု များလည်း
၂ ဝင်မည်။ ဆန်-ဆီ-ဆေး-ဆား-ကုန်များကိုအရောင်းအဝယ်
၁ ပြုလုပ်က အမြတ်အစွန်း များစွာ ရဘို့ရန်ရှိသည်။ ရာထူး
၀ တိုးမည်။ သို့မဟုတ် လခသော်လည်းတိုးမည်။ တရားတွေ့
၆ လျှင် မိမိကနိုင်မည်။ ၎င်းနေ့သား နေ့သမီးနှင့် အပေါင်း
အသင်းပြုက ကောင်းသည်။ ဗုဒ္ဓဟူး ပြ-ခံနေသဖြင့် မိန်းမ
အံ့တွက် စိတ်လက်မကြည်သော ယောကျ်ားရှိတတ်သည်။ အခြေ
လေးချောင်း ရွှေ-လှေ-လူစသည် တခုခုထွက် သွားတတ်သည်။
ဝင်မူလက်မခံနှင့်၊ ဥပဒ်ရောက်တတ်သည်။ ကြာသပတေး တိုင်
များနေသဖြင့် မိတ်ဆွေကောင်း ဆရာကောင်းတွေ့မည်။ ပညာ

ကောင်းရမည်။ မြေ့ မြွင်း မိန်းမ မြ စသည် တခုခု ဝင်လာတတ်သည်၊ ဝင်မူ လက်ခံလေ ကောင်းသည်။ ၎င်းနေ့သား နေ့သိုးနှင့် အပေါင်းအသင်းပြုလျှင် ကောင်းသည်။ မိမိနေအိမ်မှာ မိန်းမ ဩဇာကိုနာခံ၍ နေရတတ်သည်။ မုဆိုးမသော်လည်း ရှိမည်။ အမွေအနှစ်ရမည်၊ မျက်နှာပွင့်လင်းမည်၊ အနောက်အရပ်ကချစ်ခင်သူတွေ့ရှိမည်။ သောကြာတိုင်ခြေခိုသောကြောင့် လင်မယားကွဲပြားတတ်သည်။ မြောက်အရပ်ကို ယာယီခရီးမသွားရာ၊ သွားလျှင် ဆောဂ ရမည်။ မိမိနေအိမ်က အခြေနှစ်ချောင်းအခြေလေးချောင်းထွက်တတ်သည်။ အိမ်အနီးက လူသေတတ်သည်။ လူမမာသော်လည်းရှိမည်။ စနေ တိကျွနိစ်ဖြစ်၍ စနေနံ ထီး ဒါး ဘိနပ် သေတ္တာ ကျောက်နီ နွား တခုခု ထွက်မည်။ နားလေးသောသူရှိမည်။ စနေသားသမီးရှိလျှင် အန္တရာယ်ပြုတတ်သည်။ တနင်္ဂနွေမနုနိစ်ဖြစ်၍ တနင်္ဂနွေနံထွက်မည်။ အိမ်သော်လည်း ပျက်၍နေမည်။ သို့မဟုတ် အိမ်ပျက်နှင့်နီးမည်။ တနင်္လာ တန်းကပ်ဖြစ်၍ တနင်္လာနံ အခြေနှစ်ချောင်း ခွေ့ ကြောင် ကြွက် ငှက် မြွေ ကြွေး ထွက်တတ်သည်။ ၎င်းနံများကို အဝင်မခံရ။

-ယတြာ ဆိုခဲ့ပြီးသော အပြစ်တို့မှ ပပျောက် ကင်းလွတ်၍ ချမ်းသာ ကောင်းကျိုးပွားတိုးခြင်းသို့ ရောက်စေရန် တန်ခိုးကြီးဘုရားမှာ အနောက်ရပ်က မီးသက်စေ့ပူဇော်ပါလေ။

အမှုကိစ္စဆောင်ရွက်ရာ အောင်မြင် စေလိုသော် ပေါက်ပန်းဖြူပင်၊ သို့မဟုတ် ပေါက်ပင်အောက်မှာ ဇီးသီးကိုစား။ သိလရှင်များကို ဆန် ၃-ပြည်လှူပါက ဗိဇ္ဇမျက်မှောက်ကောင်းကျိုးရအံ့။

———

တိုက်ရိုက် ဟောနည်း

ဂြိုဟ်တိုင်, မိတ်တိုင်တို့ကို နံတိုင်, ရင်တိုင်တို့နှင့်ညှိ၍ ဟောသင့်၏။ သို့သော် နံတိုင်, ရန်တိုင်တို့သည် တနှစ်တခါ ဂြိုဟ်ပြောင်း၍ ဟောရသဖြင့် ဂြိုဟ်တိုင်, မိတ်တိုင် တို့ထက် အရေးကြီးလှ၏။ တိုက်ရိုက်အမှန် ဟောရာ၌လည်း ခေတ်ကာလအလို အသုံးပြုကြသော ခေါင်းအုံး, ခေါင်းစွပ်, ခေါင်းပေါင်း, ဆံညှပ်, ဆံထိုး, ဆံစုနားကပ်, နားဍောင်း, ရင်ထိုး, လက်ကောက်, လက်စွပ်, ဖဲထီး, ပုဝါ နာရီ, နာရီကြိုး, ဆွဲကြိုး, ပုဆိုး, လုံချည်, ထမီ, တဘက်, စွပ်ကျယ်, ခြေကျင်း, ခြေအိတ်, ခြေဝှပ်, ဘိနပ်စသော နှစ်လုံးတွဲတို့သည်ကား ယခုကာလ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ် တို့၏ အသုံးများသော ပစ္စည်းများ ဖြစ်ကြ၏။ ၎င်း နှစ်လုံးတွဲ သုံးလုံးတွဲ ပစ္စည်းများကို ရှေးဦးစွာသိအောင် လေ့ကျင့်ထားရမည်။

တိုက်ရိုက် ဟောနည်းမှာ — နံတိုင်နှင့် ရန်တိုင်ကို သမသတ်ကြည့်၍ဟောခြင်းဖြစ်၏။ သို့ရာတွင် ဗေဒင်ပညာကို မလေ့လာဘူးသော်လည်း ဉာဏ် မရှုပ်ထွေးစေခြင်းအလို့ငှါ တိုင်ကူးပုံကို ပမာနထား၍၊ တနင်္ဂနွေတန်းစီးက အစပြု၍ စနေ တန်းစီးအထိ အစဉ်အတိုင်း ပုံစံများကို အောက်ပါအတိုင်း ပြပေအံ့။

တနင်္ဂနွေတန်းစီး သမသတ်ဟောနည်း

ဤနံတိုင် ရန်တိုင် ၂ တိုင်၌ သမသတ် တွေ့သော နံများကိုသာ (*)ခရေပွင့် ပြထား၏။ နောက်၌ ပြလတ္တံ့သော တိုင်များကိုလည်း ဤနည်းအတိုင်း မှတ်အပ်၏။

* ၃ ၅ ၎င်း ၂-နှစ် တိုင်တို့သည် ကြာသပတေးသို့
* ၂ ၄ သက်ရောက်၍ သမသတ်တခွင် ဆုတ်ပြီး ထုထား
၁ ၃ သော အင်္ဂါသားသမီးတို့၏ နံတိုင် ရန်တိုင်ဖြစ်၏။
* ဝ ၂ သို့ဖြစ်၍ ပြ-၌ သမသတ် ၂-၄နံမြင်သောကြောင့်
၆ ၁ ငွေနာရီထွက်အံ့၊ ပျက်အံ့။ တိုင်ထိပ်၌ သမသတ်
* ၅ ဝ ၃-၅နံမြင်သောကြောင့် စိုက်ဘီး,စောင်ဖြူများ
* ၄ ၆ ဝင်အံ့၊စီးပွါးတိုးအံ့။ တိုင်ခြေ၌ သမသတ် ၄-၆
နံ မြင်သောကြောင့် ရွှေကြယ်သီးဝင်ပြီးမှ တုက်

တတ်၏။တိက္ခနိစ်၌သမသတ် ၅-၇နံမြင်သောကြောင့် ဖဲထီးဘိနပ် ပျောက်တတ် ပျက်တတ်၏။ တန်းကပ်၌ သမသတ် ၇-၂နံမြင် သောကြောင့် နာရီကြိုး နားကပ်ဝင်၍ ပြန်ထွက်တတ်သည်။

မည်သည့်လ၌ ဝင်လာပါမည်နည်းဟု မေးလျှင် သူ၏မွေးနံ မြင်ရာကစ၍ တလစီရေတွက်ရမည်။ ဥပမာ အထက်ပါတိုင်သည် အင်္ဂါသားသမီးတို့၏ တိုင်ဖြစ်၏။ ၎င်းအင်္ဂါသားသမီးသည် ပြာသို လဆန်း(၁)ရက်နေ့မွေးဖွားကြသောသူများဖြစ်ကြအံ့၊၎င်းတို့၏ မွေးနံရှိရာတိုင်ထိပ်ကစ၍(၃)ပြာသို၊(၄)တပို့တွဲ၊(၅)တပေါင်း (၆)တန်ခူး၊ (၇)ကဆုန်လသို့ရောက်သောကြောင့် ကဆုန်လမှာ ဝင်မည်ဟုဟော။ ဤနည်းကို မှီး၍ ကြွင်းသောနေ့ သားသမီး၊ ကြွင်းသော တိုင်တို့၌လည်း လ ရက် အဆုံးအဖြတ်ကို၎င်း၊ တိုင် ထိပ် တန်းစီး၊ တိုင်ခြေ တန်းကပ် နိစ်နှစ်ရပ်တို့၏ သဘောအနက်၊ အဟောထွက်သော နံသင့်ပစ္စည်းတို့ကို၎င်း အကျယ်ကို သိကြ ပါလေကုန်။

တနင်္လာတန်းစီး သမသတ်ဟောနည်း

* ၄ ၂ ဤနှစ်တိုင်သည် တနင်္လာတန်းစီးဖြစ်သော
* ၃ ၁ တနင်္လာသားသမီးတို့၏ နံတိုင် ရန်တိုင် ဖြစ်၏။
* ၂ ဝ သို့ဖြစ်၍ တန်းစီးသမသတ် ၂-၇ နံမြင်၍ ကုတင်
၁ ၆ ခြင်ထောင် ကျောက်နီဝင်မည်။ ပြ-၌သမသတ်
* ဝ ၅ ၃-၁နံ ဖြစ်၍ ဆီအိုး, စဉ့်အိုး, ထက်အံ့။ ကွဲအံ့။
၆ ၄ တိုင်ထိပ်၌ သမသတ် ၄-၂ နံမြင်သောကြောင့်
* ၅ ၃ လက်ကောက်၊ လုံချည်၊ ရွှေဆွဲကြိုးဝင်အံ့။ တိုင်
ခြေ၌ သမသတ် ၅-၃နံမြင်၍ပုဆိုးပျောက်တတ်
စုတ်တတ်သည်။ မန္တနိစ်၌ သမသတ် ၇-၅နံမြင်၍ ထမီ၊ တဘက်
ထွက်မည်။

အင်္ဂါတန်းစီး သမသတ်ဟောနည်း

၅ ၅ ဤနှစ်တိုင်သည် အင်္ဂါ တန်းစီး ဖြစ်သော
* ၄ ၄ ဗုဒ္ဓဟူးသားသမီးတို့၏ နံတိုင်ရန်တိုင် ဖြစ်၏။ သို့
* ၃ ၃ ဖြစ်၍ တန်းစီး၌ သမသတ် ၃ ၃ နံမြင်၍ ဆံထုံး
* ၂ ၂ ဆံညှပ်,စိန်,စိန်လက်စွပ်ဝင်မည်။ ပြ-၌ သမသတ်
၁ ၁ ၄-၄ နံမြင်၍ ရွှေနာရီ ထွက်တတ် ပျက်တတ်၏။
* ဝ ဝ တိကျနိစ်၌ သမသတ် ၇-၇ နံမြင်၍ နားဒွောင်း
၆ ၆ ထွက်တတ်၊ ပျက်တတ်၏။ တန်းကပ်၌ သမသတ်
၂-၂ နံမြင်၍ငွေနာရီကြိုး၊ ကတ်ကျေး၊ ခြေကျင်း
ဝင်ပြီးမှ ထွက်တတ်သည်။

ဗုဒ္ဓဟူးတန်းစီး သမသတ်ဟောနည်း

၆　၂　ဤနှစ်တိုင်သည် ဗုဒ္ဓဟူးတန်းစီးဖြစ်သောအင်္ဂါ
၅　၁　သားသမီးတို့၏ နံတိုင် ရန်တိုင်ပင်ဖြစ်၏။ သို့ဖြစ်၍
* ၄　၀　တန်းစီး၌ သမသတ် ၄-၇ နံမြင်၍ ရင်ထိုး ဝင်
၃　၆　အံ့။ တိုင်ခြေ၌ သမသတ် ၇-၃ နံမြင်၍ တိုက်
* ၂　၅　စောင် ဝင်ပြီးမှ ထွက်အံ့။ တိကျွနိစ်၌ သမသတ်
* ၁　၄　၁-၄ နံမြင်၍ အိမ်ယာပြောင်းရွှေ့ရအံ့။ အိပ်
* ၀　၃　ရာသော်လည်း ပြောင်းရွှေ့ရအံ့။ မန္ဒနိစ်၌ သမ
သတ် ၂-၅ နံမြင်၍ ခေါင်းပေါင်းပျောက်အံ့၊
ခင်ပွန်းပျက်အံ့။

ကြာသပတေးတန်းစီး သမသတ်ဟောနည်း

၀　၄　ဤနှစ်တိုင်သည် ကြာသပတေး တန်းစီး ဖြစ်
* ၆　၃　သောတနင်္ဂနွေသားသမီးတို့၏ နံတိုင်ရန်တိုင်ဖြစ်၏
* ၅　၂　သို့ဖြစ်၍ တန်းစီး၌ သမသတ် ၅-၂ နံမြင်၍
၄　၁　ဖလ်ခွက်၊ ပန်းကန်၊ မီးခွက် အလကားရတတ်၏။
* ၃　၀　ပြ၌ သမသတ် ၆-၃ နံမြင်၍ သိုးမွေးစောင်ရှိ
* ၂　၆　လျှင် ထွက်တတ်၏။ စုတ်သော်လည်း နေမည်။
၁　၅　တိကျွနိစ်၌ သမသတ် ၂-၆ နံမြင်၍ ကြယ်သီး၊
ငွေကြယ်သီးများ ပျောက်အံ့။ မန္ဒနိစ်၌သမသတ်
၃-၇ နံမြင်၍ ဆံထိုး ဆံနှိပ် ပျောက်အံ့၊ ကျိုးအံ့။

သောကြာတန်းစီး သမသတ်ဟောနည်း

* ၁ ဝ   ဤနှစ်တိုင်သည် သောကြာတန်းစီးဖြစ်သော
ဝ ၆   အင်္ဂါသားသမီးတို့၏ နံတိုင်ရန်တိုင်ဖြစ်၏။ သို့ဖြစ်
၆ ၅   ၍ တိုင်ထိပ်၌ သမသတ် ၁-၇ နံမြင်၍ ဦးထုပ်,
* ၅ ၄   အင်တုံ ဝင်အံ့။ တိုင်ခြေ၌ သမသတ် ၂-၁
* ၄ ၃   နံမြင်၍ ခြေအိတ်, ခေါင်းအုံးဝင်ပြီးမှထွက်တတ်
* ၃ ၂   ၏။ စုတ်၍ သော်လည်း နေအံ့။ တိက္ခနိစ် သမ
* ၂ ၁   သတ် ၃-၂ နံမြင်၍ ဆွဲကြိုး ထွက်အံ့။ စွပ်ကျယ်
ပျောက်အံ့။ စုတ်၍သော်လည်း နေအံ့။ မန္ဒနိစ်၌ သမသတ် ၄-၃ နံမြင်၍ လက်စွပ်ပျောက်အံ့။ ရိုးစား ပျက်တတ်၏။ သတိထား။ ရှမ်းစောင် သော်လည်း ထွက်တတ်၏။ တန်းကပ်၌ သမသတ် ၅-၄ နံမြင်၍ ပုဝါ, ဖလား, မွေ့ရာများ ဝင်ပြီးမှ ထွက်တတ်၏။

စနေတန်းစီး သမသတ်ဟောနည်း

* ၂ ၃   ဤနှစ်တိုင်သည် စနေ တန်းစီး ဖြစ်သော
* ၁ ၂   ကြာသပတေး သားသမီးတို့၏ နံတိုင်ရန်တိုင်ဖြစ်၏။
ဝ ၁   သို့ဖြစ်၍ ပြ-၌ ၁-၂ နံမြင်၍ အင်္ကျီ ပျောက်အံ့။
* ၆ ဝ   တိုင်ထိပ်၌ သမသတ် ၂-၃ နံမြင်၍ ခြေစွပ်,
၅ ၆   ခေါင်းစွပ်, ချည်စောင်, ဂွမ်းစောင်, ကျောက်စိမ်း,
* ၄ ၅   တခုခုဝင်မည်။ တိက္ခနိစ်သမသတ် ၄-၅ နံမြင်၍
၃ ၄   လင်ပန်းထွက်အံ့။ ပျက်စီး၍သော်လည်း နေအံ့။
တန်းကပ်၌ သမသတ် ၆-၇ နံမြင်၍ သေတ္တာ,

သော့တွဲများ ဝင်ပြီးမှ ထွက်တတ်၏။ သံသေတ္တာ ပျက်သော်လည်း အနီး၌ ရှိတတ်သည်ဟု ဟော၊

ဤ အထက်ပါဟောနည်းနှင့်တကွ တိုင်ထူပုံများကို သဘောကျအောင် အကြိမ်ကြိမ် ကြည့်ရှုပြီးလျှင် ကြွင်းသောတိုင်ကူးပုံနှင့်တကွ သမသတ်ဟောနည်းများကို မှိမိတို့ ဉာဏ်စွမ်းရှိသလောက် ဟောကြပါကုန်။

သုံးတန်ပေါ်နိစ်အဟောပြီး၏။

စီးပွားရှာဖွေရန် အဟော

အသက်တည်ထ၊ နဝစမှာ မြှောက်ပြီးခါမှ၊ အဌတဖန် စားပြန်ရှစ်ခု၊ သေသရှုလော။ တခုသေန်၊ နှစ်တန်ပြုဗ္ဗာ၊ သုံးမှာအဂ္ဂိ၊ ကြွင်းဘိစတုရာ ဒက္ခိဏာတည့်၊ သုညာနရတိ၊ ပစ္ဆိ ပဥ္စ၊ ဆကား ဥတ္တရာ၊ သတ္တာပါယယ်၊ ဤရှစ်ရပ်ကို၊ ရှာအပ်စီးပွား လာဘ်ရများသည်။ မှတ်သားဗိုလ်လူ အကျိုးတည်း။

အဓိပ္ပာယ်မှာ လိုသောသူ၏ အသက်ကို တည်၊ နဝစမှာ ၂၉နှင့် မြှောက်၊ ၈ခုနှင့်စား၊ တခုကြွင်းမူ သေန် အရှေ့မြောက်အရပ်သို့သွား၍ စီးပွားရှာဖွေကလွယ်ကူစွာ ရရှိတတ်သည်။

နှစ်ခုကြွင်းမူ ပြုဗ္ဗာ အရှေ့ရပ်သို့သွား၊ သုံးခုကြွင်းမူ အဂ္ဂိ အရှေ့တောင် အဂ္ဂါထောင့်အရပ်သို့သွား။ ၄ခုကြွင်းမူ ဒက္ခိဏာ တောင်စူးစူးအရပ်သို့သွား။ သုညကြွင်းမူ နရတိအနောက်တောင်

စနေထောင့်အရပ်သို့သွား။ ၅-ခုကြွင်းမူ ပစ္ဆိမ အနောက်စူးစူး အရပ်သို့သွား။ ၆-ခုကြွင်းမူ ဥတ္တရမြောက်စူးစူး အရပ်သို့သွား။ သတ္တ ၇ခု-ကြွင်းမူပါယပ် အနောက်မြောက်ထောင့်အရပ်သွား၍ ဥစ္စာစီးပွား ရှာဖွေငြားက လွယ်ကူစွာရတတ်၏ဟု ဆိုသည်။

တဖန် ဘယ်နေ့သားသည် ဘယ်အရပ်ကိုနေထိုင်၍ လုပ်ကိုင်ရှာဖွေက ချမ်းသာကောင်းကျိုး ပွားတိုးမည်ဟု သိလိုသော်.... တနင်္ဂနွေသားမှာ သာစည်၊ သိမ်ဆိပ်၊ သုံးဆယ်၊ ဟန်စား၊ မလိုင်၊ စသော အရပ်များ၌ နေထိုင်လုပ်ကိုင် ရှာဖွေရာ၏။

တနင်္လာသားမှာ ဒလ၊ ဒေးဒရဲ၊ သပြု၊ သီပေါ အရပ်များ၌ နေထိုင်၍။ အင်္ဂါသားမှာ အုပ်ဖို၊ အောင်ပန်း၊ တောင်သာ၊ တက်သစ် အရပ်များ၌ နေထိုင်ရာ၏။

ဗုဒ္ဓဟူးသားသမီးများမှာ ကသာ၊ ကျီးသဲ၊ အုန်းခြံစသောအရပ်များ၌ နေထိုင်ရာ၏။

ကြာသပတေးသားသမီးများမှာ စစ်တွေ၊ စစ်တောင်း၊ ခင်ဦး စသော အရပ်များ၌ နေထိုင်ရာ၏။

သောကြာသားသမီးများမှာ ရေဦး၊ စစ်ကိုင်း၊ စမ်းချောင်း ဆိပ်ကြီး ဇင်းကျိုက်စသော အရပ်များ၌ နေထိုင်ရာ၏။

စနေသားသမီးများမှာပုဂံ၊မြင်းခြံ၊ပခုက္ကူ၊ပဲခူး၊ပေါက်ခေါင်း ရင်းငြိမ်စသော အရပ်များ၌ နေထိုင်ရာ၏။

(တနင်္ဂနွေ) ဤမြို့ ဤရွာ ဤနေရာမှာနေလျှင် ထီး တံခွန်၊ စက်၊ ရမရကိုတွက်ချက်ရန် သံပေါက်အဟော

(၁) ရွာနဲ့ရင်းဖျား ဂြိုဟ်သက်ထား မမှားတည်လေပါ။
(၂) နေမည့်အမှန် လူတို့နှံ ရေပြန် ဂြိုဟ်သက်ပါ။
(၃) သုံးဘော်ထားကြ စားအင္ဂ သေသရှုဘို့ရာ။
(၄) ငါးခုကြွင်းပြန် ထီးရဟန် အမှန်ဟောလေပါ။
(၅) အလယ်ဗွေမှာ စားသတ္တာ ကောတခုသာ။
(၆) ကျေကြွင်းတု တံခွန်ကြုံ အကုန်ဟောလေပါ။
(၇) အောက်ခြေစတု စားခြေရှု ကြွင်းမှုတြိသာ။
(၈) ထီး၊ တံခွန်၊ စက် သုံးပါးနက် မပျက်ဟောလေပါ။

မှတ်ချက် ထီးရမူချမ်းသာယာစွာရှိမည်။ တံခွန်ရမူအမည်သတင်း ကျော်ကြားခြင်းရှိမည်။ စက်ရမူ ဩဇာအာဏာ ကြီးမားတတ်သည်။

မှ... ကြီးပွားလိုသူတိုင်း အထက်ပါ ထီး-တံခွန်-စက်ရသောမြို့ရွာများ၌နေ၍ ကြံစည် လုပ်ကိုင်ခြင်းအမှု ပြုသင့်လှပေကြောင်း သတိထားရာ၏။

ထီထိုးလိုသည့်အခါ စပ်၍ထိုးက ပေါက်မည်။ သို့မဟုတ် တာယောက်တည်း ထိုးက ပေါက်မည် မပေါက်မည်ကို သိသာရန်

မှန်ကန်သော ထီဟောတေးထပ်

ဖွားကောဇာ တည်ထောင်လှစ်၊ ၂၁-နှောပါ၊ ၄၃ စားခြေ ခါငယ်၊ထားသေသာတည်တော့။ရောက်သက်နှင့် နှောက်စွက်ပြန် လျှင် နှောက်ဆက်ရန် စားသတ္တာနော့၊ ကြွင်းသုည ကြုံသည့်ခါ ဂုဏ်ရှိမှာ မှန်ပေ့၊ နုံချိစွာ ညာဏ်မလျှော့လေနဲ့ မြန်အသော့ စပ်လေ၊ ချစ်မိတ်ဆွေ သူငယ်ချင်းရယ်နဲ့ ဖယ်မယွင်း ထိုးသင့်လှ ပေ။ ငါးပဥ္စ ကြွင်းကာနေလျှင် ယွင်းမှာလေ ဟုတ်ဖူးမို့၊ တဦး ကိုယ့်ချည်းသာ ထိုးလိုက်ဖို့ရာ။ ရွှေငွေမိုး စည်းစိမ်ဟာကို အပြီး မမှိန်စရာ ရွာကိန်းမို့လေး။

ထီဟောတေးထပ် ပြီး၏။

နိုင်ရမည့်နေ့သားကို တွက်နည်းဟောပုံ

အသက်ကိုတဲ့ တည်လို့ပါ၊ သာသနာငါးထောင်နှော ရော လိုက်ကြပါ။ သတ်တဖြာစားပါလေမယိမ်း၊ကြွင်းနံလူ မှီခိုကပ်ပါ လို့ မလပ်အောင် မှူဆောင်ရလျှင် ပြီးနေကျကိန်း။

အဓိပ္ပါယ်မှာ သာသနာငါးထောင်ကိုတည်၊ မိမိတို့ ရောက် သော အသက်ကိုနှော၊ (၇)ခုနှင့်စား ကြွင်း သော နေ့သားသို့တို့ကိုမှီခို၍ ကြံစည်လုပ်ကိုင်ပါက ဘယ်အမှုမျိုး မဆို အောင်မြင်ပြီးစီးတတ်သည်။

မည်သည့်ကုန်ကို ရောင်းဝယ်က
အမြတ်အစွန်း ရ,မရ ကို တွက်နည်းဟောပုံ

အသက်ကိုတွဲ့ တည်လို့သာ၊ ရောင်းလိုရာ ကုန်နံ့နှော သော ဘုဦတာ။ ဖွေ့ပဉ္စာ မမြတ်ကယ်ပါသေး။ တစ်, သုံး, ဆင်နံနှင့် ကြွင်းပြန်လျှင် ထိုကုန်မြတ်မယ် မှတ်တော့သူငွေး။

အဓိပ္ပာယ်မှာ မိမိရောက်သောအသက်ကိုတည်၊ရောင်းလိုရာ ကုန်နံ့နှော၊ ၆-ခုနှင့်စား၊ ၂-ခု ၅-ခု ကြွင်းမူ အမြတ်မရှိ၊ ၁-ခု၊ ၃-ခု၊ ၄-ခုကြွင်းမူ အမြတ်အစွန်းရရှိတတ်သည်။

သူနာအတွက် ယတြာဖြေရန် တွက်နည်းဟောပုံ

ယခုရောက်သော ကောဇာသက္ကရာဇ်ကိုတည်၊ နာသောသူ၏ နံဂြိုဟ်သက်ကိုနှော၊ ၃-ခုနှင့်မြှောက်၊ ၇-ခုနှင့်စား၊ တစ်ခုကြွင်းမူ ဘုရားမှာဆီမီးပူဇော်ရမည်။ နှစ်ခုကြွင်း မူ ဘုရားမှာ ရွှေချရမည်။ သုံးခုကြွင်းမူရုက္ခစိုးနတ်မင်းကိုဆီမီး, သစ်သီးတို့ဖြင့်ပူဇော်ရမည်။ လေးခုကြွင်းမူ ငါးသက်စေ့ လွှတ်ရမည်။ ငါးခုကြွင်းမူ သံဃာတော်များအား ဆွမ်းလုပ်ကျွေးရမည်။ ခြောက်ခုကြွင်းမူ ယာယီ ခရီးသွား၍ နေရမည်။ သုညကြွင်းမူ အခြားအိမ်သို့ ရွှေ့ပြောင်း၍နေထိုင်ရမည်။

ခရီးသွားရှောင်ရန်

နော်ရထာမင်း ကျွဲခတ်ကိန်းတွက်နည်းဟောပုံ

အသက်တည်ရော၊ နှစ်ခုနှော၍၊ စားလောရှစ်ဖြာ၊ ကြွင်းကောကား ပြုမှာ-ရှု့ရပ် သွားအပ်မလျော်။ ဒွိသော်ပါယာပ်။ တိမှတ်

တောင်ခွင်။ လေးလျှင်မြောက်ပါး၊ ငါးကားသေန်၊ ခြောက်တန် အဂ္ဂိ။ မုနိအနောက်။ ငွ့ရောက် နောက်တောင်။ ရှောင်ဘို့မှန်စွာ နေဒ်ရထာကို ဆရာတက္ကသိုလ် မြွက်ဆို ပါလျက် နားမရှက်၍ သက်တော်ယွင်းပြတ် ကျွဲဖြူခတ်သည်။ ထက်ရပ်နတ်ရွာ စံကိန်းတည်း။

ဤသို့ ပြဆိုခဲ့ပြီးသည်ကား မူလဇာတာကို မကြည့်ရှုရဘဲ၊ မဟာဘုတ်သက်ရောက်ဂြိုဟ်စားစသော သာမညဟောကိန်းများ သာဖြစ်၏။ ရှေ့၌ပြဆိုလတံ့သော ဟောကိန်းများကား ၁၂ရာ သီခွင်နှင့်တကွ မူလဇာတ်ဆန်း၊ ဇာတ်ပျက်၊ စုက်ဆန်း- စုက်ပျက် လဂ်၊ စန်း၊ ဥစ်၊ကသစ်၊ ဗြိဂုဏ်းစသော ဟောကိန်းကြီးများကို ထင်ရှားပေါ်လွင်အောင် ရေးသားပြဆိုပေအံ့။

---

၁၂ ရာသီပုံခွင်နှင့် ရင်းတို့၏အမည်



ရင်းပုံစံ အရ ကြက်ခြေပြရာ မိဿ ရာသီမှ၊ လက်ဝဲရစ် ပြိဿ၊ မေထုန်၊ ကြကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်ဟူ၍(၁၂) ရာသီတို့၏ အမည်များကို နေရာနှင့် တကွ ကျေလည်စွာ နှုတ်တက်ရအောင်ကျက်ထား ရမည်။

ရာသီ၏ သဘော အဓိပ္ပါယ်

ရာသီ ပုဗ္ဗောစ၊ မေသာဒေါ။ •

ရာသီ၊ ရာသီသည်။ ပုဗ္ဗောစ၊ အပေါင်းအစုဟူသော အနက်၌ရင်း။ မေသာဒေါ၊ မိဿစသော ရာသီ၌ရင်း။ ဘဝေ၊ဖြစ်၏ဟု အဘိဓာန်၌ လာရှိသောကြောင့်အဇဋ္ဌာကာသ ကောင်းကင်ပြင်၌ အဿဝဏီ, နက္ခတ်အစ ရေဝတီ, နက္ခတ်အဆုံး ၂၇ လုံးသော စက်ဝန်းကို ၁၂-စုပြု၍ တစုကို ရာသီခေါ်သည်။ ဆိုလိုရင်းမှာ အစုအပုံကိုပင် ရာသီဟုမှတ်ရမည်။

ထို ၁၂ ရာသီ၏ သဘောကို ပြဆိုဦးအံ့

မိဿ ရာသီမှာ ဆိတ်ဖြစ်၍ တော, တောင်, ချောက်ကြား, ဇင်္ဂလ အရပ်များ၌ ကျက်စားတတ်၏။ အပူ ကြိုက်တတ်သည်။

ပြိဿ ရာသီမှာ နွားဖြစ်၍၊ တောင်၌ ကျက်စား တတ်၏။ မပူ,မအေး ကြိုက်နှစ်သက်တတ်၏။

မေထုန် ရာသီမှာ အပျိုလူပျိုဖြစ်၍၊အက, အခုန်, အတီး, အမှုတ် ကစားဝိုင်းတို့၌ ကျက်စား ပျော်ပါးတတ်၏။

ကြကဋ် ရာသီမှာ ပုဇွန်လုံးဖြစ်၍၊ လယ်, မြစ်နား, ချောင်းနား, ဆိပ်ငြိမ်ရာ အရပ်တို့၌ ကျက်စား မွေ့လျော်တတ်၏။

သိဟ်　ရာသီမှာ ခြင်္သေ့ကြီး ဖြစ်၍ ဇတာကြီး, တောင်ကြီး, ချောက်ကြား, ဂူလိုဏ်တို့၌ ကျက်စား မွေ့လျော်တတ်၏။

ကန်　ရာသီမှာ အပျိုကညာဖြစ်၍ ပျော်ပါး မြူးတူးရာ အရပ် ပွဲလမ်းသဘင်ရှိရာ အရပ်တို့၌ ကျက်စားမွေ့လျော်တတ်၏။

တူ　ရာသီမှာ ကုန်သည်ဖြစ်၍ ဈေး, ကျီကျတို့၌ ကျက်စား ပျော်ပါးတတ်၏။

ဗြိစ္ဆာ　သီရာမှာ ကင်းမလက်မဲ ဖြစ်၍ တွင်း, လိုဏ်ခြုံရာ အရပ် တောင်ပို့တို့၌ ကျက်စားပျော်ပါးတတ်၏။

ဓနု　ရာသီမှာ ရှေ့ပိုင်းလူ နောက်ပိုင်းမြင်း ဖြစ်သောကြောင့် မြင်းဇောင်း၌ ကျက်စားတတ်၏။

မကာရ　ရာသီမှာ သမင် နှင့် ငါး ဖြစ်၍၊ တော,မြစ်,အိုင်,အင်း, ချောင်း,မြောင်းတို့၌ ကျက်စားတတ်၏။

ကုမ်　ရာသီမှာ ရေရောင်းသော သူဆင်းရဲဖြစ်၍ (ဝါ)ရေထမ်း သမား ဖြစ်၍ သေသောက် အိမ်, ကစားဝိုင်း, စသော ရေများစွာရောင်းရသော အရပ်၌ ကျက်စားတတ်၏။

မိန်　ရာသီမှာ ငါးနှစ်ကောင် ဖြစ်၍ ပင်လယ်, ချောင်း, မြောင်း, အင်း, အိုင် တို့၌ ကျက်စားတတ်၏။

ဤသို့လျှင် ရာသီတို့၏ ကျက်စားရာ အရပ်ကို သိရခြင်း၏ အကျိုးကား ဥစ္စာပျောက်သောအခါ ပျောက်သောဥစ္စာ မည်သည့်အရပ်၌ ရှိသည်ဟု ညွှန်ပြဟောပြောနိုင်လေသည်။ ၎င်းပြင် ဆိုအပ်ပြီးသော ရာသီတို့တွင် အကြင် တခုခုသော ရာသီတို့၌ စန်း, လဂ် တို့ တည်ရှိကုန်မူ့ ထိုရာသီ၏ အလေ့ အကျင့် အတိုင်း ဇာတာရှင်၏သဘောကို ဟောပြောနိုင်လေသည်။

မိဿ က စ၍ စရ, ထိရ, ဒွေဒေဟ အစဉ်အတိုင်း (၁၂)ရာသီကုန်အောင် ထောက်၍မှတ်။

မိဿရာသီဆိတ်ဖြစ်၍ မရပ်မတည် သွားလာ လှုပ်ရှား ကစားမြူးပျော်တတ်သော အလေ့ ကြောင့် (စရ)ဟု ခေါ်ဆို သမုတ်သည်။

ပြိဿရာသီ နွားဖြစ်၍ ခိုင်ခံ့ တည်ကြည်သော အလေ့ သဘောရှိခြင်းကြောင့် (ထိရ)ဟု ခေါ်ဆိုသမုတ်သည်။

မေထုန်ရာသီမှာ မိန်းမယောကျာ်း ကိုယ်နှစ်ခုရှိသောကြောင့် (ဒွေဒေဟ)ဟု ခေါ်ဆိုသမုတ်သည်။ ဤနည်းအတူ အစဉ်တိုင်း (၁၂)ရာသီကုန်အောင် ယူလေ။

စရ-လေးရာသီ၌ လဂ်နေမူ ဥစ္စာရှိသော ယုဂ်၌ ဖွားသော်လည်း မိမိဥစ္စာဟု အတည်အမြဲမရှိတတ်။

ထိရ လေးရာသီ၌ လဂ်နေမူ ဒလိဒ္ဒယုဂ်၌ပင် ဖွားစေကာမူ ရသော ဥစ္စာတည်၏၊ စိတ်နှလုံးချမ်းသာ၏။ အမှုကိစ္စနည်း၏။·

ဒွေဒေဟ ရာသီ၌ လဂ်နေမူ အနာရောဂါ များတတ်၏။ အမြတ်ကိုအလိုရှိ၏။ ကုသိုလ်မလို၊ အလုပ်အကိုင်၌ သဘောမဝင်လှသော်ကြော့ဟု ဆိုလိုသည်။

(၁) မိဿ၊ (၂) ပြိဿ၊ (၃) မေထုန်။ (၄) ကြကင်း၊ (၅) ဓနု၊ (၆) မကာရ။ ဤ ရင်းရာသီများကား ညဥ့်ရာသီဟု မှတ်ယူရ၏။

ဤ (၆) ရာသီတွင် မေထုန်ရာသီမှတပါး ကြွင်းငါးပါးသည် ကျောဖြင့်ထွက်သောကြောင့် ပိဋ္ဌောဒယ ရာသီမည်ကုန်၏။

မိန်ရာသီနှင့် ပိဋ္ဌောဒယ ရာသီတို့မှ ကြွင်းသော ရာသီတို့သည် ခေါင်းကထွက်သောကြောင့် သီသောဒယ ရာသီမည်ကုန်၏။

မိန်ရာသီကား ငါးနှစ်ကောင် ခေါင်းချင်းပြိုင်၍ထွက်သောကြောင့် ဥဘတောဒယ ရာသီမည်၏။

ညဥ့်ရာသီမှကြွင်းသော ရာသီတို့သည် နေ့ရာသီ မည်ကုန်၏။ မိဿကစ၍၊ မ,ကျသော ရာသီသည် ပါပရာသီ။ စုံကျသော ရာသီသည် သောမရာသီမည်၏။ အကျိုးကား ပါပရာသီ၌ စန်း လက်ရှိလျှင် ယုတ်မာဆိုးသွမ်းသောသူ။ သောမရာသီ၌ စန်း,လက်ရှိမူ စိတ်ကောင်းရှိသောသူဟုသိရ၏။ ပါပရာသီသည် ယောကျ်ားရာသီ၊ သောမရာသီသည် မိန်းမရာသီ၊ မိန်းမရာသီ၌ စန်း,လက်ရှိလျှင် နူးညံ့သိမ်မွေ့၏။ ယောကျ်ားရာသီ၌ စန်းလက် ရှိလျှင် သမာဓိမရှိ။ ထိုရာသီ၌ စန်း,လက်ရှိလျှင် ရဲရင့် တည်ကြည်၏။ ဒွေဒေဟ ရာသီ၌စန်း,လက်ရှိလျှင် စိတ်နှစ်ခွ စကားနှစ်ခွ အကျင့်အကြံနှစ်မျိုး ရှိတတ်သည်။

၁။ မိဿ　)
၂။ သိဟ်　) ဤသုံးရာသီတို့သည် အရှေ့အရပ်ကို
၃။ ဓနု　) အစိုးရကြကုန်၏။

၁။ ပြိဿာ)
၂။ ကန်) ဤသုံးရာသီတို့သည် တောင်အရပ်ကို
၃။ မကာရ) အစိုးရကြကုန်၏။

၁။ မေထုန်)
၂။ တူ) ဤသုံးရာသီတို့သည် အနောက်အရပ်ကို
၃။ ကုမ်) အစိုးရကြကုန်၏။

၁။ ကြကဋ်)
၂။ ဗြိစ္ဆာ) ဤသုံးရာသီတို့သည် မြောက်အရပ်ကို
၃။ မိန်) အစိုးရကြကုန်၏။

ဤသို့သိရှိရခြင်းကား ဥစ္စာပျောက်သောအခါ နေရာအရပ်ကို ညွှန်ပြနိုင်ကြောင်း အကျိုးပေတည်း။

ရာသီ၏အဆင်း ဇယား

ရာသီ	အဆင်း	ရာသီ	အဆင်း
မိဿ	နီ	တူ	ပြောက်
ပြိဿ	ဖြူ	ဗြိစ္ဆာ	နက်
မေထုန်	စိမ်း	ဓနု	ရွှေ
ကြကဋ်	နီကြောင်	မကာရ	ဖြူကြောင်
သိဟ်	ညိုမှောင်း	ကုမ်	ကြား
ကန်	ဖျော့တော့	မိန်	မွဲကြောင်ပြာ

ကောင်းကင်(၁၂)ရာသီကို အစိုးရသော ကာလမည်သော ယောကျ်ား၏အင်္ဂါတို့နှင့် ဝေပုံရှုသော်

မိဿရာသီကား	=	ဦးခေါင်း
ပြိဿရာသီကား	=	မျက်နှာ
မေထုန်ရာသီကား	=	နံပါး
ကြကဋ်ရာသီကား	=	ရင်ဘတ်
သိဟ်ရာသီကား	=	ဝမ်းပိုက်
ကန်ရာသီကား	=	ခါး
တူရာသီကား	=	ဆီးချိုင့်
ဗြိစ္ဆာရာသီကား	=	အင်္ဂါဇာတ်
ဓနုရာသီကား	=	ပေါင်နှစ်ဘက်
မကာရ ရာသီကား	=	ဒူးနှစ်ဘက်
ကုမ်ရာသီကား	=	ခြေသလုံးနှစ်ဘက်
မိန်ရာသီကား	=	ခြေနှစ်ဘက်

ဤသို့လျှင် (၁၂)ရာသီတို့ကို ကာလမည်သော လူဖြင့် မှတ်သား၍ သိရင်သော အကျိုးကား ဖွားသောအခါ၌ အကြင်ရာသီတွင် ပါပဂြိုဟ်ရှိ၏။ ထိုအင်္ဂါ အစိတ်၌ စာအမှတ်, အထိ, အခိုက်အမာရွတ်, အနာရောဂါရှိတတ်၏။ အကြင်ရာသီ၌ သောမဂြိုဟ်သည်ရှိ၏။ ထိုရာသီအစိတ်၌ လှပ တင့်တယ်ခြင်း ရှိတတ်၏ ဟုဟောဆိုရလေသည်။

ဂေါဇာမှာရင်း ပါပဂြိုဟ်များကို နိစ်,ပြု,ရန်, ဂြိုဟ် စီးနင်းခြင်း၊ မိတ္တူနက္ခတ်နှင့် ယှဉ်ခြင်းများဖြစ်လျှင် ထိုနေရာတခုခုတွင် ဥပဒ်အန္တရာယ် ငြိတွယ်တတ်သည်။

စတုရပါဒ်နက္ခတ် တည်ဟန် ပုံစကား



နက္ခတ် (၂၇) လုံးကို (၁၂)ရာသီ စက်ဖြင့် ဝေပုံချသော် မိဿရာသီက စ၍ နက္ခတ်(၂၇)လုံးကို ၂-လုံး ၁ပါဒ် အားဖြင့် ဝေပုံချလျှင်—

မိဿရာသီမှာ အဿဝဏီ နက္ခတ်တလုံး၊ ဘရဏီ နက္ခတ်တလုံး ကြတ္တိကာ နက္ခတ် ပထမပါဒ်၊ ဤသို့လျှင် ၂-လုံး ၁-ပါဒ် မှတ်။ အဿဝဏီ နက္ခတ်ကား ပထဝီဓာတ်၊ ဒလိဒ္ဒ, သူဆင်းရဲ။ ဘရဏီ နက္ခတ်ကား အာပေါဓာတ်၊ မဟာဓန, သူဌေး။ ကြတ္တိကာ နက္ခတ် ပထမပါဒ်ကား တေဇောဓာတ်၊ စောရ, သူခိုး။

ပြိဿရာသီမှာ ကြတ္တိကာ သုံးပါဒ်။ တေဇော၊ ဇောရ,သူခိုး။ ရောဟနီနက္ခတ်တလုံး။ ဝါယော၊ရာဇ,မင်း။ မိဂသီနက္ခတ် ၂ပါဒ် အာကာသ၊ ဒေဝီ,မိဖုယား။

မေထုန်ရာသီမှာ မိဂသီနက္ခတ် ၂-ပါဒ်၊ အာကာသ၊ ဒေဝီ, မိဖုယား။ အဒြနက္ခတ်တလုံး၊ သည်းခြေ၊ ယက္ခ,ဘီလူး။ပုဏ္ဏဖုသျှ ၃-ပါဒ်၊ တေဇော၊ အမစ္စ,အမတ်။

ကြကဋ်ရာသီမှာ ပုဏ္ဏဖုသျှ ၁-ပါဒ်၊ တေဇော၊အမစ္စ,အမတ်။ ဖုသျှနက္ခတ်တလုံး၊ အာဟာရ၊ အပုပ်။ ဗြဟ္မဏ,ပုဏ္ဏား။ အဿလိဿ ၁-လုံး၊ ကိုတ်၊ သမဏ,ရဟန်း။

ရင်းကြကဋ်ရာသီ၌ နက္ခတ် ၉)လုံးပြည့်၍ ပါဒ်စွန်းမရှိပြတ်၏ ရင်းပါဒ်စွန်းပြတ်သော အိမ်ကို ပထမကဏ္ဍအိမ်ဟူ၍ မှတ်ရမည်။

(ဂ)လုံးဖြစ်သော ဖုသျှနက္ခတ်ကိုရာဇနက္ခတ်ဟု ဆိုသည်ကား မဟာဇနကစသော ရှေးမင်းတို့ဖုသ်သွင်းရထားလွှတ်သောနက္ခတ် ဖြစ်ခြင်းကြောင့်ဟု မှတ်ယူရမည်။

သိဟ်ရာသီမှာ မာဃနက္ခတ် ၁-လုံး၊ ပထဝီ၊ဒလိဒ္ဒ, သူဆင်းရဲ။ ပြုဗ္ဗာဘရဂုဏ္ဏီ၁လုံး၊ အာပေါ၊ မဟာဒ္ဓန သူဌေး၊ ဥတ္တရာဘရဂုဏ္ဏီ ၁-ပါဒ်၊ တေဇော- ဇောရ,သူခိုး။

ကန်ရာသီမှာ ဥတ္တရာဘရဂုဏ္ဏီ ၃ပါဒ်၊တေဇော၊ဇောရ,သူခိုး။ ဟဿဒနက္ခတ် ၁-လုံး၊ ဝါယော၊ရာဇ,မင်း။ စိတြနက္ခတ် ၂ပါဒ် အာကာသ၊ဒေဝီ,မိဖုယား။

တူရာသီမှာ စိတြနက္ခတ် ၂-ပါဒ်၊ အာကာသ၊ ဒေဝီ,မိဖုယား၊ သွာတိနက္ခတ် ၁-လုံး၊ သည်းခြေ၊ ယက္ခ,ဘီလူး။ ဝိသာခါ၃-ပါဒ် ဓာတ်မီး၊ အမစ္စ,အမတ်။

ဗြိစ္ဆာရာသီမှာ ဝိသာခါနက္ခတ် ၁-ပါဒ်၊ ခတ်မီး၊ အမစ္စ, အမတ်။ အနုရာဓနက္ခတ် ၁-လုံး၊ အာဟာရ၊ အပုပ်၊ ဗြဟ္မဏ, ပုဏ္ဏား။ ဇေဋ္ဌနက္ခတ် ၁လုံး၊ ကိတ်၊ သမဏ, ရဟန်း။

ဝင်းဗြိစ္ဆာရာသီတွင် (၁၈)လုံးပြည့်၍၊ ပါဒ်စွမ်းမရှိသည်ကို ဒုတိယကဏ္ဍအိမ်ဟူ၍ ခေါ်ဆိုကြသည်။ (၁၇)လုံးကိုရာဇနက္ခတ် ဟူ၍လည်း ဆိုသည်။

ဓနုရာသီမှာ မူလနက္ခတ် ၁လုံး၊ ပထဝီ၊ ဒလိဒ္ဒ, သူဆင်းရဲ။ ပုဗ္ဗာသဠ် ၁လုံး၊ အာပေါ၊ မဟာဓနိ, သူဌေး။ ဥတ္တရာသဠ် ၁-ပါဒ် တေဇော၊ စောရ, သူခိုး။

မကာရရာသီမှာ၊ဥတ္တရာသဠ် ၃-ပါဒ်၊ တေဇော၊စောရ, သူခိုး။ သရဝဏ်နက္ခတ် ၁-လုံး၊ ဝါယော၊ ရာဇ, မင်း။ ဓနသိဒ္ဓနက္ခတ် ၂-ပါဒ်၊ အာကာသ၊ ဒေဝီ, မိဖုယား။

ကုမ်ရာသီမှာ ဓနသိဒ္ဓနက္ခတ် ၂-ပါဒ်၊ အာကာသ၊ ဒေဝီ, မိဖုယား။ သတ္တဘိသျှ ၁-လုံး၊ သည်းခြေ၊ ယက္ခ, ဘီလူး။ ပုဗ္ဗာဘဒြပိုဒ် ၃-ပါဒ်၊ ခတ်မီး၊ အမစ္စ, အမတ်။

မိန်ရာသီမှာ ပုဗ္ဗာဘဒြပိုဒ် ၁-ပါဒ်၊ ခတ်မီး၊ အမစ္စ, အမတ်။ ဥတ္တရာဘဒြပိုဒ် ၁-လုံး၊အာဟာရ၊အပုပ်၊ ဗြဟ္မဏ, ပုဏ္ဏား။ ရေဝတီ နက္ခတ် ၁လုံး၊ ကိတ်၊ သမဏ, ရဟန်း။

ဝင်းမိန်ရာသီ၌ နက္ခတ်(၂၇)လုံး ဆုံးသောကြောင့် တတိယ ကဏ္ဍအိမ်ဟုဆိုသည်။ နက္ခတ်(၂၆)လုံးတို့ကို ရာဇနက္ခတ် ဟူ၍ လည်းမှတ်။ ဤကား နက္ခတ် (၂၇)လုံးကို ၂လုံး ၁-ပါဒ်နှင့် ၁၂-ရာသီတွင် ဝေပုံချ၍ ပြဆိုခြင်းပေတည်း။ ထင်ရှားပေါ် လွင်ရန် အောက်၌ရှိသော ဇယားပုံစံကိုကြည့်။

(၉) နိုင်နက္ခတ် ဇယားပုံ

ဒလိဒ္ဒ ပထဝီ တနင်္ဂနွေ ၁၊ ၁၀၊ ၁၉။	သူဌေး အာကာသ တနင်္လာ ၂၊ ၁၁၊ ၂၀။	ဓာရ တေဇော အင်္ဂါ ၃၊ ၁၂၊ ၂၁။
ဗြဟ္မာ အပုပ် သောကြာ ၈၊ ၁၇၊ ၂၆။	ရဟန်း ကိတ် ၉၊ ၁၈၊ ၂၇။	ရာဇာ ဝါယော ဗုဒ္ဓဟူး ၄၊ ၁၃၊ ၂၂။
အမတ် တေဇော ရာဟု ၇၊ ၁၆၊ ၂၅။	ယက္ခ သည်းခြေ ကြာသပတေး ၆၊ ၁၅၊ ၂၄။	မိဖုရား အာကာသ စနေ ၅၊ ၁၄၊ ၂၃။

(၁၂)ရာသီ လဂ်အဟော

လူများမှာ လက်မပါက တစုံတခုသော ဝတ္ထုပစ္စည်းကို ကောက်ယူသုံးစွဲခြင်းငှါ မတတ်နိုင်သကဲ့သို့၊ ထို့အတူ မည်သူ၏ ဇာတာမဆို (၁၂)ရာသီခွင်တွင် မေးဖွားသည့် အချိန်နာရီကို မှတ်၍ တပ်အပ်သောလဂ် မပါမရှိပါက စုက်,ဥပဒ်စသည်တို့ကို ရွေးချယ်၍၊ မုချကေန် မှန်ကန်သော ဟောကိန်းကြီးများနှင့် တွေ့[illegible]ဆုံပြီး မဟောပြောနိုင်သည့်ပြင်၊ အကြြင်သို့သော [illegible]သဘောကိုမျှ မသိကြရဘဲ ရှိပေလိမ့်မည်။ သို့အတွက် မိဿစသော(၁၂)ရာသီအကွက်၌ တည်ရှိသော လဂ်ဟော တေးထပ် စသော(၁၂)ရာသီအကွက်၌ တည်ရှိသော လဂ်ဟော တေးထပ် များကို ရေးသားဖော်ပြ လိုက်ပေအံ့။

မိဿရာသီ၌ တည်သော လဂ်အဟော တေးထပ်

မိဿာခွင်စက်တွင်းမှ လဂ်ဆင်းက ဟောကွယ်၊ ချက်ချင်းပ သဘောလွယ်မည် ပြောဘွယ်လေရှိဘူး၊ ကြောက်လွယ်၍ရဲတတ် ပါသည်၊ ဇွဲကပ်ခါ ငြင်းလိမ့်အထူး။ လုပ်ကိုင်မှုဉာဏ်မှာရည် ကြံ ပါသည်စိတ်ကူး မှန်စွာအတည် သူတဦးကိုဖြင့်အထူးပပြောချင်။ ဤခြင်းရာ ငှင်းစကားငယ်ကြောင့် ပေါင်းအများ သိနှင့်အလျင် သီးအရွက် ချို့အချဉ်ကို နှင့်ကိုရ်ပင်သူကြိုက်လို့ မူစရိုက် ဝါသနာ စားတတ်လှပါ။ မြန်လိုက်တဲ့ သွားအလာမှာ များတကာမှီဘူး ထင့်လေး။

ပြိဿရာသီ၌ တည်သော လဂ်အဟော တေးထပ်

ပြိဿခေါ် ရာသီတွင်းလဂ်ဆင်းလို့ ခိုမူ၊ ဇနက်မင်းထိုသသူလို ကိုယ်အပူခံ၍ ဝိရိယစွမ်းတဲ့အရာမှာ ငန်းဖွဲ့ကာလုပ်တဲ့ အလေ့။ ငြိမ်းချမ်းသာမနေ့ရှာ သေအချာကြံပေ့ ငွေအဿပြာခန် မတွေ့ လျှင်ဖြင့် ယနေ့ပသေစေ၊ အားကြိုးကာ မာန်ပါ တင်းပြီးတော့ မှန်စွာမယွင်း ပြုလုပ်နိုင်ပေ။ မည်သတင်း ချီသင်းပေမယ်၊ ပျို ယမင်းတွေ မြင်ပါကြလျှင်ဖြင့် ကြင်နာလှ သနားပိုတယ် စကား ဆိုလွယ်။ ပူအေးအန္တရာယ်ကို မှန်တကယ် ခံတတ်ကဲ့လေး။

မေထုန်ရာသီ၌ တည်သော လဂ်အဟော တေးထပ်

မေထုန်ာ-လဂ်အရ မြွက်ဟလို့ ဟောပါ၊ ခက်သပသဘော သကာငယ် မပြောရှာအုံ ပုန်း။ ဝမ်းအတွင်းကကြံအစည်ကို မှန်

အတည်ဖွင့်လို့မသုံး။ လေးလေးနှင့်ဖြေးဖြေးကာငယ် ဖြေးဖြေး သာလုပ်တုံး ပြီးမြောက်အောင် သူ့နှလုံးမှာလ ကိစ္စတုံ့အမှန်။ ခဲယဉ်းတာ သူမပြီးနိုင်တော့ မူတနည်း လုပ်မည်ဟုကြံ။ နေမိတဲ့ ဤရပ်ဌာနမှာ မှီကပ်ပြန် ဘယ်မရွှေ့ချင်ဘုငယ်လေ့ကာမဂုဏ် ကြူးလိမ့်အာရုံ။ သူ့ကျေးဇူး ပျက်မဖြုန့်တယ် လင်္ကာကြုံဟော်ရန်ဘို့လေး။

ကြကင်္ကရာသီ၌တည်သော လင်္ကာအဟော တေးထပ်

လင်္ကာတည်ရာ ယူသိမှတ် ဘုရိဒတ်ကာရကာ ကျင့်သီလသည် အရာမှာ အမည်ဟာသာစွ။ အပူများမခံနိုင်တယ် တောအုပ်မြိုင် စိတ်ထဲပျော်လှ။ တိုတောင်းလို့ ကောက်တတ်ပါသည် မောက်ဆတ်တာသူပ၊ နောက်ထပ်ခါ မြူမဆွလေနှင့် ဘသူကဘယ်လို့ ဝမ်းထဲမှာ သွင်းမမှီနိုင်ဘူး ဘွင်းဘွင်းကြီးပြောတတ်သကို။ ပန်းဂနိုင့် စန်းအိုင့်ရှိမှာ စိတ်အလို ရှင်မွေ့လို့ မမေ့နိုင်အောင်ပင် ပျော်မြူးနေချင်၊ အနေးဖြင့်သူကြိုက်ထင်တယ် ပူအိုက်လျှင် ခံဘူးကွဲ့လေး။

သိဟ်ရာသီ၌ တည်သော လင်္ကာအဟောတေးထပ်

သိဟ်ရာသီ လင်္ကာတည်က ထက်မည်ပ စွမ်းအင် ပျက်သီလ မနှမ်းချင်တယ်လမ်းအစဉ်တည်ငြား။ ဝိမုရသုခမိန်လို မှုကြိမ်ကြိမ် ဖြောင့်မတ်စိတ်ထား။ ရဲရင့်လို့ ပွဲသဘင့်အလယ်မှာ ကဲမြင့်ဘွယ် မမှား၊ ကာမဂုဏ်အာရုံများကိုလ ခံစားလို့ပျော်မည်။ အထက်လူ

မင်းအများတို့က ယွင်းမမှား၊ ခြိုးခြောက်တတ်သည်၊ တရပ်ခြား ဝေးတပြည်မှာ ပြေးမိုကာနေငြားလို့ ပေါ့အားတဲ့ ရန်မျိုးကိုပင် မှုန်ချိုးဖို့ချင်။ သိမ်းသွားနည်းမည့်အင်ယယ် ကြီးဘိချင် ဆွေမျိုး ပ့လေး။

ကန်ရာသီ၌တည်သော လဂ်အဟော တေးထပ်

ကန်ရာသီ စက်အတွင်း လဂ်မင်းပခိုလာ၊ ညက် အသခင်း ပျိုကညာလို ချိုဝါစာပျော့ပျောင်း။စိတ်မာန ခက်ထန်ပါတယ် ဆက်ဆံကာ ပေါင်းလို့မကောင်း။လူတဦးလုပ်ပြုတာဟုတ်မှုသာ ခက်တောင်း။ သဘောမှာ ဖယ်စောင်းလို့ ရင်းရဲ့ဖြစ်ထွေ၊ ကိုယ့် ကိုယ်တိုင် သူဟာပြုရလျှင်ဖြင့် ဇမ္ဗူမှာ အတုရှိဘူး ထင်ပေ။ စွမ်းသတ္တိဂုဏ်သရေမှာ အပုံလေပြည့်ငြားလို့ အလေ့ကားဖြစ်တဲ့ စိတ်မှာ ချစ်ကဲ့မိလျှ၊ မိန်းမနှင့် စပ်လျဉ်းလာလျှင် လာဘ်ချင်း ဟာ ပွေရှုပ်လိမ့်လေး။

တူရာသီ၌တည်သော လဂ်အဟော တေးထပ်

တူရာသီ လဂ်ရှိက မျက်စိပလှမယ် ပညာက အလွန်ကြွယ် တန်ခွန်နှယ်ထင်ရှား။မင်းစိုးတို့အပူဇော်ကိုမူမချော်ခံရလိမ့်ငြား၊ မိန်းမက မြတ်ရွှေငွေ လာဘ်ထွေထွေအများ ၄ ပ်လိုင်း ည်န္ဒ မမှားပါဘူး ခံစားရဲ့မေထုန်။ အကြီးနော် ဥက္ကဋ္ဌ အဟုတ်ပ ဖြစ်ကိန်းနှင့်ကြုံ။ စိတ်များက ရွှံ့ကြောက်တုန်မယ် ပညာဂုဏ် မောက်ကဲလို့ မျောက်နဲ့တူ စိတ်ကမငြိမ်ထိတ်လှုကြိမ်ကြိမ်။ချိန်ခွင် ဟော လဂ်နေအိမ်မှာ ကြက်သရေမဗိုန် သည်တိုင်းပလေး။

ဖြိဿာရာသီ၌ တည်သော လင်္ဂအဟော တေးထပ်

ကင်းဖြိဿာရာသီစက် ရွှေလင်္ဂပနေသော်၊ ရွှေအသက်ရာကျော် မယ်သပြာနော်လွန်များ။ အပြောနဲ့ အဆိုဟာမှာ ချိုသာသာ ရှိရဲ့မမှား။ နို့သော်လဲခါတရံ မာန်ဟာမြင့်ထွား၊ ခွါလုံအောင် ဝင့်ကြွားလို့မသင့်ငြားဖြစ်ထွေမဟုတ်တာမပြောစလောက်ကယ် နှင့်ဟော-ကောက်လို့ နေတတ်ကဲ့လေ။ငယ်စဉ်ကရောဂါပွေမယ် ဘောမှာလေပိုက်ငြားတော့ နှစ်ပါးမိဘပင် ကွဲခဲ့လိမ့်ထင်။ ပညာ ရှိသူတော်စင်ကို မခေါ်ချင် နေတတ်ကဲ့လေး။

မေဿရာသီ၌ တည်သော လင်္ဂအဟော တေးထပ်

လေး-ဟောလာ စက်ခနေ လင်္ဂယခုနေပျော်၊ တက်သမှု ပြေ ကျော်အောင် ရွှေငွေနော်ပြည့်လျှမ်း။ ကြီးအမှုသတင်းဂုဏ်မှာ ဖျင်းမသုန် ကျော်မောက်လို့လွှမ်း။ စိတ်ထားက ခက်ထန်ထန် မျက်မာန်ဟာရုန့်ကြမ်းတဖက်ရန်လူအဝှန်းကိုလမ္ဘူချမ်းမျှစိုးပေါင် မျက်နှာချိုသွေးကာပ အေးသာစွာ ပယ်ဘိုရည်ဆောင်။ တွင်း သဘော လွန်ကောက်ကြောင်သည် ရှုံလောက်အောင် မြှုငြား လို့ သူတပါးဒုက္ခဖြစ်ထွေ လုပ်လှည်စ်တေ။ ရှုပ်သမျှစနစ်တွေကို မြစ်အခြေ သူဖုံးရဲ့လေး။

မိဿရာသီ၌ တည်သော လင်္ဂအဟော တေးထပ်

မကာရလင်္ဂသဘော မြွက်ဟောမည်ထင်စွာ ညက်ချောသည် ခင်ကညာကို မြင်ပါလျှင်သူပ။ စုံမက်လို့ နှစ်သက်ကယ်ငယ် ချစ် ၁၀ ဖက်သာ ပြုဘိုရည်ဆ။ ကိုယ်စိတ်များချမ်းသာခါ မနွမ်းရှာသူပ

ပန်းစရာပူမှုဖြင့် တမြူ့မျှမခံချင်။ စန်းရေယဉ် အမေဒတ်ကိုဖြင့် ပြေးကပ်လို့နေရဲ့အစဉ်။ ကျွတ်ဆတ်ဆတ်စိတ်မထင်လျှင်တဆိတ် ပင် သူကောက်လို့ မူမဖျောက် ရသော့ကျော် ခွန်းရွှေမိန့်ဖော် ဒွါရလင်္ကာရ်ပျော်ကို ကျမ်းအကျော် ဟောရန်ဘွဲ့လေး။

ကုမ်ရာသီ၌ တည်သော လင်္ကာဟော တေးထပ်

ကုမ်ရာသီရေထမ်းသမား လင်္ကာနားလို့ တည်လျှင် ရတက်ပွား ကြည်မရွှင်တယ် မဒီခင်-ခင်ခင့်။ မြင်တွေ့တိုင်း သဘောပါမယ် နှမြောရှာခက်တဲ့အကျင့်။ သူတပါးခိုင်းစေလျှင်ဆိုင်းမနေသူဖြင့် မရိုင်းပေကူပင့်လို့ဖြူမြင့်တဲ့စိတ်ပါ။ ဝန်တာဟာ ဘယ်လောက် ကြီးသော်လဲ သူအပြီး ဆောင်ရွက်လိမ့်မှာ။ ရွှေငွေမြ စည်းစိမ် ဟာမှာ ညီးထိန်စွာ ကြွယ်ဝလို့ တကယ်ပအမည်နော် သင်းပျံ့ လို့ကျော်။ ရာသီစက် ကုမ်အပေါ်မှာ ကြုံပျော်လျှင် သည်တိုင်း ပ‌ေ့လေး။

မိန်ရာသီ၌ တည်သော လင်္ကာဟော တေးထပ်

မိန်ရာသီ လင်္ကာနေက ထက်ပေစွပညာ၊တက်နေ့လသွင်ပမာလို အစဉ်သာရွှင်ပြုံး၊ မိမိ၏ကြံအစည်ကိုမှန်အတည်ကွယ်ဝှက်လို့ဖုံး၊ သူတပါးမသိရန် သတိဉာဏ်ယူသုံး၊ ကာမဂုဏ် ဒွာရ ... လ ၌ မုန်းတတ်သူ့မှာ ပေါင်းမိတ်ဆွေ သွေးခေါင်ကြဉ်းလျှင်ဖြင့် ဖယ်မငြင်းလိုက်ကဲ့မှန်စွာ။ယယ်စဉ်ကဝေဒနာ သွေမကွာကပ်ငြား လို့ န ... ဖျ ... ဒ ... နှ ရယ် ငြိတတ်လှတယ်။ ရှယ်ရောက်က ချမ်းသာ ကြွယ်မယ် လ ... းကာကွယ် မည်ကြီးလိမ့်လေး။

ရင်းပြင်　　သူမြတ်တကာ အရိယာတို့ မှတ်ရာတချက် မိသာ လက်ကား၊ ထိပ်ထက်လက်ပြင်နဖူးတွင်၌ မှဲ့ရှင်နှင့် စာ မှတ်ရာတကွ ပြီသာမေးအောက်၊ မပေါက်မေထုန်၊ ခါးပုံလက် ပြင် ပခုံးတွင်၌ ထင်ဖုံ့မချွတ်၊ ကြကင့်လက် ကျောနှစ်ဘက်တည့်၊ သိဟ်လက်တသီး, လက်ကတီး, တတောင်၊ သည်နှောင်ကနူ မှန်လှ အဆုံး၊ ပခုံးနှင့်ခါး၊ တူကားဝမ်းမှာ၊ ဖြိစ္စာကား လက်မောင်း နှစ်ဘက်တည်း။ တချက်စနေ ရှုလောစူးစူး မိုးထူးတင်ဖျား၊ မှတ် သား မကာရ သိုဝယ်ကျ၏။ ကုမ်မှာပေါင်ရင်း၊ မိန်တွင်းထွက်ဝ ဒွါရပါးမှာ ဆယ့်နှယ်ရာဝယ် အနာတွေ့ပြား ယှဉ်းမမှားသည်။ မှတ်သားလက်နေ အဟောတည်း ဟု လင်္ကာလည်းရှိလေသည်။

ဤသည်လျှင် (၁၂)ရာသီခွင်၌ တည်ရှိသော လက်၏သဘော ကို ဟောပြောရန် တေးထပ်များကား ပြီး၏။

မည်သည့်ရာသီမဆို လက်နှင့် တနင်္ဂနွေ တနင်းလာ စသော ဂြိုဟ်များနှင့် ယှဉ်ပူး၍နေလျှင် ဟောဆိုရန် လင်္ကာ

(၁) လက်နှင့် တနင်္ဂနွေ ပူးတုံလေမူ ဆိုးပွေစကား မုသား လိမ်လည် ကောက်ကျစ်သည်တည့် ကြီးသည့်ပညာ သူ့ထက်သာ [illegible] ခြေလက်ကောက်ကျစ် သူ၌ဖြစ်၏။ ဘုန်းသစ် တော်ဇာ ကြီးကျယ်စွာသည် မင်္ဂလာ သိပ္ပ တတ်မြောက်လှ၏။ ရသည့်ရောဂါ ခြေရံမှာမူ များစွာသိန်းသောင်း မယားကောင်း နှင့် စောင်းမြောင်းဖြူစူ ဒေါသမူ၍ ရန်သူအောင်ခြင်း ကောင်း ခေါင်ချင်းသည် မြင့်လျှင်း ထိုသူ့ ဇာတာတည်း။

(၂) လက်နှင့် တနင်းလာ ပူးလေရာကား သံယာစကား လွန်တတ်ငြားဏ်။ မယားသားကောင်း ခြွေရံပေါင်းနှင့် သောင်း ဇမ္ဗူတွင် ကျော်စောထင်အံ့။ ထိုပြင်တတန် ပေးစေဘန်၍ မြဲမြံ သိပ္ပ တတ်မြောက်လှ၏။ ရာဇဆရာ သနင်္ဂါနှင့် ယတြာကိန်းခန်း လွန် တတ်ပြွမ်းလိမ့်။ ဆင်,မြင်း,ကျွဲ,နွား, ကျေးကျွန် များနှင့် တရားစောင့်ထုံး ကြီးနှလုံးဖြင့်။ ဖြောင့်သုံး ထိုသူ့ ဇာတာ တည်း။

(၃) လက်နှင့် အင်္ဂါ ပူးလေရာကား မျိုးမှာယုတ်ဘိ ကျင့်မရှိ တည့်၊ ကြံဘိပြန်ရာ ဆန်းကြယ်စွာသည် အာဏာရဲ့ ရောင်မှုတိုင်း အောင်၍ မှားဆောင်မလပ် ကျိုးများထပ်၏။ ပညတ်မလွဲ ငရဲ သူ့သက် စားသောက်ဖက်၏။ မရှိဥစ္စာ မမြဲရာ၍ သဒ္ဒါတရား လွန်ဝေးငြားသည်။ စော်ကားထိုသူ့ဇာတာတည်း။

(၄) လက်နှင့် ဗုဒ္ဓဟူး တထူးရှင်ပျ ပူးနေကြမူ၊ ထိုသသူကား ကြည်ဖြူရွှင်လန်း ဘုန်းတန်းတေဇာ ကြီးကျယ်စွာ၍ မင်းလျာ ပြည်လှ ပေးကမ်းမ၍ လူများ မိပတိ ကျော်ခေါင်ထိ၏။ ကဝိ သူမြတ် ပေးကမ်းတတ်သည် လူနတ်ဦးညွတ်ရာတည်း။

(၅) လက်နှင့်ကြာသပတေး မနေးလျင်စွာ ပူးလေရာကား ရာဇာမြတ်မင်း ကောင်းခြင်းပညာ ပဒေသာသို့ လိုရာပြည့်စုံအံ့ လွန်ဖိုးကြွယ်လိမ့်။ လူဝယ် လူမြတ် တံခွန်ပတ်သို့ ကျော်လွှတ် သတင်း ကြီးကျယ်ခြင်းဖြင့် ကောင်းခြင်းသီလာ ဇာတာလည်း မြတ် ပေးကမ်းတတ်သည်။ ကျင့်မြတ်ထိုသူ့ ဇာတာတည်း။

(၆) လက်နှင့်သောကြာ ပူးလေရာမူ၊ သာယာစကား ပြော တတ်ငြား၏။ မယားကောင်းရ တတ်လှမေဒင် ဘုန်းအင်ကြီးကျယ် စည်းစိမ်ကြွယ်၍၊ လူဝယ်လူမြတ် ပေးကမ်းတတ်သည်။ ရှည်လတ် အာယု သက်တမ်းတည်း။

(၇) လက်နှင့်စနေ ပူးလျက်နေမူ၊ မရေမရာ ကျင့်မိစ္ဆာနှင့် မူရာယှင်းချွတ် ကျင့်ဝတ်မရှိ ယုတ်မာဘိသား သူ့မယားကို ရည်ပါးခိုးကြောင် တွေ့မရှောင်သည်၊ ကောင်းအောင် သဘော မထားတည်း။

(၈) ရာဟုဂြိုဟ်ပင် လက်၌ဝင်မူ၊ မြတ်အင်တန်ခိုး လေးကျွန်း စိုး၏။ ကဲမိုးအာဏာ များဥစ္စာနှင့် လိုရာမရှား ပြည့်စုံငြားသည် ခန့်ညားလူတို့ ဥသျှောင်တည်း။

မှတ်ချက်။ ။ ဥစ်၊ ကသစ်အိမ်များ၌ လက်တွင် စနေပူးမူ အပြစ်ကို မဟောဆိုရချေ။

လက်ဂြိုဟ်ပူးဟော ပြီး၏။

မိဿအစရှိသော (၁၂)ရာသီ၌ စန်းရပ်တည်ခြင်း အဟော

(၁) မိဿရာသီ၌ စန်းရှိလျှင် ရုပ်လက္ခဏာ ကောင်းမည်။ အနေအထိုင်သန့်ရှင်းမည်။ စကားပြောကောင်းမည်၊ ဘယ်အလုပ် မဆို စေ့စပ်သေချာစွာ လုပ်ကိုင်တတ်မည်။ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာ၍ လှူဒါန်းပေးကမ်းတတ်မည်။ နာမည်ကြီးတတ်သည်။ လျှင်မြန်သော စိတ်ရှိတတ်သည်။

(၂) ပြိဿရာသီ၌စန်းရှိလျှင် စကားနည်းမည်။ အရုပ်အဆင်း တင့်တယ်ခြင်းရှိမည်။ သန့်ရှင်းစွာ နေထိုင်တတ်မည်။ ဘယ်အလုပ် မဆိုကျွမ်းကျင်လိမ္မာ၍ သေချာစွာ လုပ်ကိုင်တတ်မည်။ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာမည် ရတနာသုံးပါးကို အထူး ကြည်ညို တတ်မည်။

(၃) မေထုန်ရာသီ၌ စန်းရှိလျှင် ယဉ်ကျေးသိမ်မွေ့၍ တည် ကြည်ဖြောင့်မှန်မည်။ သူတပါးနားဝင်အောင် ပြောဆိုတတ်မည်။ ဉာဏ်ပညာရှိမည်၊ သူတပါးအကျိုးကိုရွက်ဆောင်၍ပေးတတ်မည်၊ အတီးအမှုတ် ဝါသနာပါတတ်သည်။ စိတ်အနည်းငယ် ကောက် ကျစ်မည်။

(၄) ကြကဋ်ရာသီ၌ စန်းရှိလျှင် ခန့်ညားသော ရုပ်လက္ခဏာ ရှိမည်။ မိမိ၏ အသိဉာဏ်, ပညာ, လုံ့လ, ဝီရိယတို့ဖြင့် စီးပွားဥစ္စာ ရရှိမည်။ အမျိုးအနွယ်ထဲတွင် ထင်ရှား ကျော်စောခြင်းရှိမည်။ ရတနာသုံးပါးကို ကြည်ညိုသောစိတ်ရှိမည်။

(၅) သိဟ်ရာသီ၌စန်းရှိလျှင် ဒေါသမာန်မာနခက်ထန်မည်၊ တောတောင်၌လှည့်ပတ်သွားလာ နေထိုင်တတ်မည်။ ဆွေမျိုးကို မခင်မင်တတ်။ အစားအမျိုးမျိုးကို စားချင်သော စိတ်ရှိမည်။ ဉာဏ်ပညာကောင်းမည်။ မိန်းမ၏အလိုကို လိုက်တတ်မည်။

(၆) ကန်ရာသီ၌ စန်းရှိလျှင် သီလ, သမာဓိနှင့်ပြည့်စုံ၍ သိမ် မွေ့သော ဉာဏ်ပညာရှိမည်။ စာစီစာကုံးတတ်မည်။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမည်။ သူတပါးအကျိုးကိုရွက်ဆောင်၍ပေးတတ် မည်။ တရားကိုစောင့်ရှောက်တတ်မည်။

(၇) တူရာသီ၌ စန်းရှိလျှင် ပုကွဲသောကိုယ် ရှိတတ်သည်။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ၍ ရက်ရောစွာ လှူဒါန်း ပေးကမ်းတတ်မည်။ သူတပါး နားမထောင်ချင်အောင် စကားများတတ်သည်။ ရှေ့ဖြစ်မည့်အရေးကို တွေးတောတတ်သော ဉာဏ်ပညာရှိမည်။ ဆွေမျိုးတို့၏အလိုကို လိုက်ပါတတ်မည်။

(၈) ဗြိစ္ဆာရာသီ၌ စန်းရှိလျှင် ခွန်အား ဗလနှင့် ပြည့်စုံ၍ ခိုင်မာသောစိတ် ရှိတတ်သည်။ သူတပါးတို့ ရဘို့အတွက် မိမိက အပင်ပန်း ခံလိုသောစိတ် ရှိမည်။ ပစ္စည်းရှိသော မိန်းမများနှင့် အိမ်ထောင်ပြုရမည်။ လူအပေါင်းတို့၏ အရှိအသေ ပြုခြင်းကို ခံရတတ်သည်။

(၉) ဓနုရာသီ၌ စန်းရှိလျှင် နာမည်, ဘုန်းတန်ခိုး သတင်းကြီးမည်။ ဘယ်အလုပ်မဆို စေ့စပ်သေချာစွာလုပ်ကိုင်တတ်မည်၊ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာတတ်သည်။ ရတနာ သုံးပါးတို့ကို ကြည်ညိုလေးမြတ်ခြင်းရှိမည်။

(၁၀) မကာရ ရာသီ၌ စန်းရှိလျှင် လင်ရှိ မိန်းမများနှင့် မှားယွင်းတတ်သည်။ သို့မဟုတ် ပစ္စည်းရှိသော မုဆိုးမများနှင့် အိမ်ထောင်ပြုရမည်။ စကားအပြောအဆို စေ့စပ်မည်။ နာမည် တန်ခိုးကြီးမည်။ ဉာဏ်ပညာ အစွမ်းသတ္တိ ရှိတတ်သည်။

(၁၁) ကုမ်ရာသီ၌ စန်းရှိလျှင် စိတ်သဘောကောင်းမည်၊ ကိုယ်ပင်ပန်း စိတ်ပင်ပန်းခံ၍ လုပ်ကိုင်တတ်မည်။ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာတတ်သည်။ အခြွေအရံပေါများမည်။ တခါတရံ စိတ်ကောက် တတ်သည်။ သူတပါးတို့၏ အရှိအသေ ပြုခြင်းကို ခံရမည်။

(၁၂) မိန်ရာသီ၌ စန်းရှိလျှင် ဆွေမျိုးဉာတိ ပေါများမည်။ ခန့်ညားသောရုပ်လက္ခဏာရှိမည်။ ရှေ့နောက်စဉ်းစားတတ်သော ဉာဏ်ပညာရှိမည်။ ရန်ကို အောင်နိုင်မည်။ ပစ္စည်း ချမ်းသာတတ်သည်။ ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံမည်။ မိန်းမအလိုကို လိုက်တတ်မည်။

(၁၂)ရာသီစန်းအဟောပြီး၏။

စန်းစီးသောနက္ခတ်၏အဟော

၁။ အဿဏီ နတ်နက္ခတ်နှင့် စန်းယှဉ်၍ ဖွားလျှင် လှပတင့်တယ်သော အဝတ်တန်ဆာ ဆင်ယင်တတ်၏။ လှပသော ရုပ်ဆင်းရှိတတ်၏။ လူအပေါင်းတို့က ချစ်ခင်တတ်၏။ အမှုခပ်သိမ်းတို့ကို ပြုပြင်ခြင်း၌ လိမ္မာစွာ ပြောဆို စီမံတတ်၏။ ကောင်းသော ဉာဏ်ရှိတတ်၏။ ချစ်ခင်သူ ပေါများတတ်မည်။

၂။ ဘရဏီလူနက္ခတ်နှင့်စန်းယှဉ်လျှင်မိမိပြုလုပ်သောအလုပ်တို့ကို အဆုံးတိုင်အောင် ပြုလုပ် တတ်၏။ မှန်သော စကားကို ဆိုတတ်၏။ ရောဂါဝေဒနာ ကင်းတတ်၏။ အမှုမျိုးတို့၌ လိမ္မာတတ်၏။

၃။ ကြတ္တိကာ ဘီလူးနက္ခတ်နှင့် စန်းယှဉ်လျှင် အစားကြီးတတ်၏။ သူတပါးတို့၏မယားကို ကြိုက်တတ်၏။ ထိုးထွင်းသော ဉာဏ်ပညာရှိတတ်၏။ နာမည်ထင်ရှား ကျော်ကြားတတ်၏။

၄။ ရောဟဏီ လူနက္ခတ်နှင့် စန်းယှဉ်၍ ဖွားလျှင် သန့်ရှင်းစင်ကြယ်စွာနေတတ်၏။ စကား အပြောအဆို ချိုသာသည့်ပြင် ခိုင်ခံ့သော စိတ်နှလုံးရှိတတ်၏။ လှပတင့်တယ်သောရုပ်လက္ခဏာ ရှိတတ်၏။

၅။ မိဂသီ နတ်နက္ခတ်နှင့်စန်းယှဉ်လျှင်မိမိပြုသောအမှုကိုစွဲ ဟူသမျှတို့မှာ မမြဲမတည် ဖြစ်တတ်၏။ စကား အပြောအဆို ကောင်းတတ်၏။ လိမ္မာယဉ်ကျေးတတ်၏။ လူကြီးများကို ရိုသေ တတ်၏။ လုံ့လဝိရိယရှိတတ်၏။ စည်းစိမ်ဉစ္စာနှင့်ပြည့်စုံတတ်၏။ ကာမချမ်းသာကို များစွာခံစားတတ်၏။

၆။ အဒြလုနက္ခတ်နှင့် စန်းယှဉ်လျှင် ကောက်ကျစ် စဉ်းလဲ တတ်၏။ မာနကြီးတတ်၏။ မိမိရှေးပြုပြီးသောအမှုကိုနောက်တဖန် ဖျက်တတ်၏။ သူတပါးတို့ကို ညှဉ်းဆဲတတ်၏။ မကောင်းသော အကုသိုလ်တို့ကို ပြုလုပ်တတ်၏။

၇။ ပုဏ္ဏဖုသျှ နတ်နက္ခတ်နှင့် စန်းယှဉ်လျှင် သည်းခံလေ့ ရှိတတ်၏။ ကောင်းသော အကျင့်သီလရှိတတ်၏။ ရှေ့နောက် စဉ်းစားခြင်းကိုမပြုတတ်။ အနာရောဂါများတတ်၏။ ရရသမျှနှင့် နှစ်သက်ရောင့်ရဲတတ်၏။

၈။ ဖုသျှနတ်နက္ခတ်နှင့်စန်းယှဉ်လျှင် ယဉ်ကျေးနူးညံ့သော စိတ်နှလုံးရှိတတ်၏။ လူအပေါင်းတို့ ချစ်ခင်တတ်၏။ ကျန်းဂန် တတ်၏။ ဉစ္စာပစ္စည်းချမ်းသာခြင်းနှင့် ပြည့်စုံတတ်၏။ တရား၌ မွေ့လျော်တတ်၏။

၉။ အဿလိဿဘီလူးနက္ခတ်နှင့်စန်းယှဉ်လျှင်ကောက်ကျစ် စဉ်းလဲတတ်၏။ ဉစ္စာအရနည်းပါးတတ်၏။ အကုသိုလ်ကို နှစ်သက် တတ်၏။ မိမိပြုသောအမှုကို မိမိပင် ဖျက်ဆီးတတ်၏။ သူတပါး တို့ကို ချစ်ခင်အောင် စကားပြောဆိုတတ်၏။

၁၀။ မာဃ ဘီလူး နက္ခတ်နှင့်စန်းယှဉ်လျှင် များစွာသော ကျေးကျွန်သင်းပင်း ဥစ္စာပစ္စည်းရှိတတ်၏။ စည်းစိမ်ချမ်းသာကို ခံစားလေ့ရှိ၏။ စုန်း၊ တစ္ဆေ၊ အမှောင့် ပယောဂတို့ကို ယုံကြည်တတ်၏။ လုံ့လ ဝိရိယရှိတတ်၏။

၁၁။ ပြုဗ္ဗာဘရဂုဏ္ဏီလူနက္ခတ်နှင့်စန်းယှဉ်လျှင်ချစ်ဖွယ်သော စကားကို ပြောဆိုတတ်၏။ ပေးကမ်း စွန့်ကြဲလေ့ ရှိတတ်၏။ နှစ်သက်ဖွယ်သော ရုပ်အဆင်းရှိတတ်၏။ မရပ်မတည်လှည့်လည်လေ့ရှိတတ်၏။ မင်းခ၊စားသော အလုပ်တို့ကိုပြုလိုတတ်၏။

၁၂။ဥတ္တရာဘရဂုဏ္ဏီ လူနက္ခတ်နှင့်စန်းယှဉ်လျှင် လူအပေါင်းတို့က ချစ်ခင်တတ်၏။ မိမိ၏ အတတ်ပညာဖြင့် ဥစ္စာပစ္စည်းရရှိတတ်၏။ ကာမဂုဏ်ချမ်းသာနှင့် ပြည့်စုံတတ်၏။

၁၃။ ဟဿဒ နတ်နက္ခတ်နှင့် စန်းယှဉ်လျှင် လုံ့လဝိရိယရှိတတ်၏။ သေအရက်ကိုကြိုက်တတ်၏။ လူကိုမသနားတတ်၊ သူခိုးဓါးပြတို့နှင့် ပေါင်းတတ်၏။

၁၄။ စိတြဘီလူးနက္ခတ်နှင့်စန်းယှဉ်လျှင် ဆန်းကြယ်သော အဝတ်ပုဆိုး၊ ပုတီး၊ နားဒေါင်းတို့ကို ဆင်ယင်တတ်၏။ လှပတင့်တယ်သော မျက်လုံး၊ ကိုယ်အင်္ဂါရှိတတ်၏။

၁၅။ သွာတိ နတ်နက္ခတ်နှင့် စန်းယှဉ်လျှင် ယဉ်ကျေးသော စိတ်နှလုံးရှိတတ်၏။ ကုန်စည် ကူးသန်း ရောင်းဝယ်လိုတတ်၏။ သတ္တဝါတို့ကိုသနားတတ်၏။ ချစ်ဖွယ်သောစကားကိုဆိုတတ်၏။ တရားလမ်းရိုးကို မှီဝဲတတ်၏။

၁၆။ ဝိသာခါဘီလူးနက္ခတ်နှင့် စန်းယှဉ်လျှင်ဣဿာမစ္ဆရိယ အားကြီးတတ်၏။ လောဘကြီးတတ်၏။ နှစ်သက်ဖွယ်သော ရုပ်အဆင်းလက္ခဏာရှိတတ်၏။ စကားအပြောအဆိုတို့၌ လိမ္မာတတ်၏။ ငြင်းခုံခိုက်ရန် ဖြစ်လေ့ရှိတတ်၏။

၁၇။ အနုရာဓ နတ်နက္ခတ်နှင့် စန်းယှဉ်လျှင် ဥစ္စာပစ္စည်းရှိတတ်၏။အရပ်တပါး၌နေလေ့ရှိတတ်၏။ အစား စားလိုသည်ကို သည်းမခံနိုင်အောင် ဆာမွတ်တတ်၏။ မရပ်မနေ လှည့်ပတ်သွားလာလိုသော စိတ်ရှိတတ်၏။

၁၈။ ဇေဋ္ဌ ဘီလူးနက္ခတ်နှင့် စန်းယှဉ်လျှင် အဆွေခင်ပွန်းနည်းပါးတတ်၏။ ရရသမျှနှင့် ရောင့်ရဲတင်း တိမ်တတ်၏။တရား၌မွေ့လျော်တတ်၏။ အမျက်ဒေါသ ကြီးတတ်၏။

၁၉။ မူလ ဘီလူးနက္ခတ်နှင့် စန်းယှဉ်လျှင် မာန်မာန ကြီးတတ်၏။ ပစ္စည်းဥစ္စာပေါများတတ်၏။ သူတပါးတို့ကိုမညှဉ်းဆဲတတ်၊ မြဲမြံ ခိုင်ခံ့သော စိတ်ရှိတတ်၏။ ကာမဂုဏ် ချမ်းသာကို ခံစားလေ့ရှိတတ်၏။

၂၀။ ပြုဗ္ဗာသဠ် လူနက္ခတ်နှင့်စန်းယှဉ်လျှင် ကောင်းသောမယားရှိတတ်၏။ မာန်မာနကြီးတတ်၏။ အဆွေခင်ပွန်း တို့ကို ပျက်စီးအောင် ကြံတတ်၏။

၂၁။ ဥတ္တရာသဠ် လူနက္ခတ်နှင့်စန်းယှဉ်လျှင် ကောင်းသောအကျင့်သီလရှိတတ်၏။ တရားကို စောင့်ရှောက်တတ်၏။ အဆွေခင်ပွန်းများတတ်၏။ သူတပါးတို့၏ အကျိုးကျေးဇူးကို ကောင်းစွာသိတတ်၏။ လူအပေါင်းတို့ကို ချစ်ခင်မြတ်နိုးတတ်၏။

၂၂။ သရဝဏ် နတ်နက္ခတ်နှင့်စန်းယှဉ်လျှင် ဘုန်းကြက်သရေရှိတတ်၏။ ကျန်းဂန်တတ်၏။ ကောင်းသော မယားရှိတတ်၏။ ဥစ္စာပစ္စည်းရှိတတ်၏။ နာမည် ထင်ရှားကျော်ကြား တတ်၏။

၂၃။ ဓနသိဒ္ဓဘီလူးနက္ခတ်နှင့်စန်းယှဉ်လျှင်အပေးအကမ်းရဲရင့်တတ်၏။ ဥစ္စာစည်းစိမ် ကြွယ်ဝတတ်၏။ ရဲစွမ်းသတ္တိရှိတတ်၏။ သီချင်းကို ကြိုက်နှစ်သက် တတ်၏။ ဥစ္စာပစ္စည်းကို ချစ်ခင်စုံမက်တတ်၏။

၂၄။ သတ္တဘိသျှ ဘီလူးနက္ခတ်နှင့် စန်းယှဉ်လျှင်ကြမ်းတမ်းသော စကားကို ဆိုတတ်၏။ မှန်သောစကားကိုဆိုတတ်၏။ မိန်းမစသည်တို့ကို ဖျက်ဆီးတတ်၏။ တနည်းကား သူတပါးတို့ဖျက်ဆီးသည်ကို ခံရတတ်၏။ ရန်သူကို နှိပ်စက်နိုင်၏။ မစဉ်းမစား အမှုမျိုးကို အဆောတလျင် ပြုလုပ်တတ်၏။ နှစ်သက်ရန်အလုပ်မျိုးတို့ကို ပြုနိုင်ခဲ၏။

၂၅။ ပြုဗ္ဗာဘဒြပိုဒ်လူနက္ခတ်နှင့်စန်းယှဉ်လျှင်မိန်းမအလိုကိုလိုက်တတ်၏။ ဆင်းရဲသောနှလုံးရှိတတ်၏။ ဥစ္စာပစ္စည်းချမ်းသာတတ်၏။ တနည်းကား ဥစ္စာ ရှားပါးတတ်၏။ မပေးကမ်းလိုဝန်တိုတတ်၏။

၂၆။ ဥတ္တရာဘဒြပိုဒ် လူနက္ခတ်နှင့် စန်းယှဉ်လျှင် ကောင်းသောစကားကိုပြောဆိုတတ်၏။ ချမ်းသာသုခရှိတတ်၏။ သားသမီးပေါများတတ်၏။ ရန်ကိုအောင်မြင်တတ်၏။ တရားစောင့်ရှောက်တတ်၏။

၂၇။ ရေဝတီနတ်နက္ခတ်နှင့် စန်းယှဉ်လျှင် လှပတင့်တယ်သော ကိုယ်၊ လက်၊ အင်္ဂါရှိတတ်၏။ လူအပေါင်းတို့ ချစ်ခင်မြတ်နိုးတတ်၏။ ရဲရင့်တတ်၏။ ဥစ္စာပစ္စည်း၌ လောဘ နည်းတတ်၏။ ပစ္စည်းချမ်းသာ ကြွယ်ဝတတ်၏။

(ဤစန်းယှဉ်သော နက္ခတ်၏ အဟော၌) စန်း အားရှိလျှင် အကျိုးအပြည့်အစုံ ပေးတတ်၏။ စန်း အားမရှိလျှင် အပြည့်အစုံ အကျိုးမပေး။ သို့ဖြစ်၍ မူလစန်းသည် ဥစ်၊ ကသစ်၊ ဩဂုဏ်၊ အိမ်တခုခုတွင်နေသော်ငြား၊ ယခုပြဆိုခဲ့သည့်အတိုင်း စန်းရရှိမူ မိတ်အိမ်၊ သောမအိမ်တွင် နေသော်ငြား၊ သောမဂြိုဟ်၊ မိတ်ဂြိုဟ်တို့မြင်သော်ငြား၊ ဟိန၊ မဟုတ်သော စန်းသည်ငြား၊ ယခုပြဆိုခဲ့သည့်အတိုင်း စန်းရှိမူအားရှိသောစန်းမည်၏။ ယခုပြဆိုခဲ့သည်မှတပါး နိစ်အိမ်၊ ရန်အိမ်၊ ပါပဂြိုဟ်မြင်ခြင်း၊ ဟိနမြင်ခြင်း၊ မကောင်းသော ဌာနတခုခုတွင်နေလျှင် အားမရှိသော စန်းခေါ်၏။ သို့ဖြစ်၍ စန်းအတန် ကောင်းမကောင်းကို ကြည့်ရှု၍ စန်းစီးသော နက္ခတ်တို့ကို ဟောဆိုအပ်၏။

ဤကား စန်းစီးနက္ခတ်အဟောတည်း။

လူနက္ခတ်၊ နတ်နက္ခတ်၊ ဘီလူးနက္ခတ်တို့နှင့် ယှဉ်၍ ဖွားသော အဟော

နတ် နက္ခတ်နှင့်ယှဉ်၍ ဖွားမူ စိတ်ကောင်း ရှိမည်၊ အစားအသောက် ပေးကမ်းလိုမည်၊ ဉာဏ်ပညာနှင့်ပြည့်စုံမည်။ အစားများစွာ မစားတတ်၊ စာပေကျမ်းဂန်တတ်မည်၊ ဥစ္စာကိုစုဆောင်းခြင်း မရှိတတ်၏။

လူ နက္ခတ်နှင့်ယှဉ်၍ ဖွားမူ ကြီးမြင့်သော နေရာကိုရရှိတတ်သည်၊ ရတနာသုံးပါးကို ကြည်ညိုမည်။ ရဲစွမ်းသတ္တိ ရှိမည်။ ရပ်ရွာ၏အားထားခြင်းကို ခံရမည်။ လက်နက်များကို လုပ်ကိုင်တတ်မည်။

ဘီလူး နက္ခတ်နှင့်ယှဉ်၍ဖွားမူ မိမိ အမျိုးထဲက ချစ်ကြောက်ရိုသေခြင်းကိုခံရမည်။ နေရာကောင်းရမည်။ ဉာဏ်ပညာကောင်းမည်။ သီချင်းဆို ဝါသနာပါမည်။ လူဆိုးများကို နှိပ်ကွပ်လိုသော စိတ်ရှိတတ်သည်။

နက္ခတ်သုံးပါး အဟောပြီး၏။

လက်တည်းဟူသော တနင်္ဂနွေ ဖြိုဟ်ရှစ်လုံး ရပ်တည်ခြင်း အဟော

(၁) လက်နှင့် တနင်္ဂနွေပူးမူ အရွယ် ကြီးလျှင် မျက်စိမှာ အန္တရာယ် ငြိတတ်သည်။ အိမ်ခြေမတည် ယာယီသမား ဆင်းရဲနွမ်းပါးမည်၊ ယောကျ်ားမူ မယားမရနိုင်၊ လူပျိုကြီး လုပ်နေရမည်။

(၂) စန်းပူးမူ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမည်၊ လီမှာပြေပြစ် ချစ်နှစ်သက်ဖွယ်သော စကားများကို ပြောဆိုတတ်မည်။ အစားအစာမရှား၊ ပြည့်စုံပေါများမည်။ စိတ်သဘောတည်ကြည်ဖြောင့်မတ်မည်။ ပါပအင်္ဂါပူးမူ ဉာဏ်နဲ၍ ဆင်းရဲဒုက္ခများမည်။

(၃) အင်္ဂါပူးမူ ဝမ်းကိုအနာပေးတတ်သည်။ သွားနာတတ်သည်။ စိတ်မတည်ကြည်။ မကောင်းသောလူများနှင့် ပေါင်းသင်း

ဆက်ဆံလိုမည်။ အစားအသောက် ညစ်ပတ်စုတ်ပဲ့မည်။ အကျင့်မကောင်း၊ ဆင်းရဲတတ်သည်။

(၄) ဗုဒ္ဓဟူးပူးမူ ယဉ်ကျေး သိမ်မွေ့၍ လိမ္မာမည်၊ ပညာတတ်မည်၊ အစားအသောက်များကို သူတပါးအား ပေးကမ်းကျွေးမွေးလိုသောစိတ်ရှိမည်။ပြောမိသောစကားမရွေ့ရှားတတ်၊ ယောကျာ်းဖြစ်မူ မယားများတတ်သည်၊ ပျော်ရွှင်တတ်မည်။

(၅) ကြာသပတေးပူးမူ သန့်ရှင်းသော ကိုယ်အင်္ဂါရှိမည်။ ရွှေ၊ငွေ၊ဥစ္စာ ရတနာ ပေါများမည်၊ မင်းကဲ့သို့ စည်းစိမ်ရှိမည်။ မင်းသော်လည်း ဖြစ်တတ်သည်။

(၆) သောကြာပူးမူရတနာသုံးပါးကိုရိုသေလေးမြတ်မည်၊ လှူဒါန်းပေးကမ်းခြင်းများမည်၊ စာအရေးအသားကောင်းမည်၊ ဉာဏ်ပညာရှိတတ်သည်၊ ခွန်အားကောင်းမည်။ ယောကျာ်းဖြစ်မူ မယားကောင်း ရတတ်သည်၊ တင့်တင့်တယ်တယ် စားသောက်လိုမည်။

(၇) စနေပူးမူ ယုတ်မာဆိုးသွမ်းမည်၊ ဆင်းရဲအမျိုးမျိုးနှင့် တွေ့ကြုံရမည်၊ ဥစ္စာ၊ကသစ်၊အိမ်မှာပူးသော်မထောင်းတာ၊အစားအသောက် ပြည့်စုံမည်၊ ခွန်အားကောင်းမည်။

(၈) ရာဟုပူးမူ အကျင့်အမူ မကောင်းတတ်၊ စိတ်တိုတတ်သည်၊ အကြီးအကဲဖြစ်တတ်သည်၊ ဥစ်အိမ်၌ပူးသော် ပစ္စည်းဥစ္စာလိုရာမရှား နှပေါများပြည့်စုံမည်၊ လူအပေါင်းတို့၏ ရိုသေခန့်ညားခြင်းကို ခံရတတ်သည်၊ ဩဇာရှိမည်။

လဂ်နှင့် ဂြိုဟ်ရှစ်လုံး အပူးဟော ပြီး၏။

ကဋုမ္ဗအိမ်၌ ဂြိုဟ်နေအဟော

၁။ ကဋုမ္ဗအိမ်၌ တနင်္ဂနွေရှိမူ သားမယား မရှိ၊ ကျုံ့သော ကိုယ် ရှိမည်၊ အဝတ်အစား ပါးရှားမည်၊ အကြီးအကဲ ဖြစ်တတ်သည်၊ လက်မှုပညာ ဝါသနာပါမည်၊ ဥစ္စာအိမ်၌တည်မူ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာမည်။

၂။ တနင်းလာရှိမူ အစားအသောက် ကျွေးမွေး ပေးကမ်း လှူဒါန်းလိုသောစိတ်ရှိမည်။ အပြောအဆိုပြေပြစ်မည်၊ ဉာဏ်ပညာ ရှိမည်၊ စိတ်နှလုံး ဖြောင့်မတ်မည်၊ အမည်သတင်း ကျော်ဇော ထင်ရှားခြင်းရှိမည်၊ ပစ္စည်းဥစ္စာကြွယ်ဝပြည့်စုံမည်၊ အရုပ်အဆင်း လှပတင့်တယ်ခြင်းရှိမည်၊ အကြီးအကဲဖြစ်တတ်သည်။

၃။ အင်္ဂါရှိမူ ကုန်သည်ရောင်းဝယ်မှု၌ လိမ္မာတတ်ကျွမ်းမည်၊ တရပ်တကျေး အဝေးမြို့ ရွာများသို့ သွား၍ နေရတတ်သည်၊ လယ်သော်လည်း လုပ်ရမည်၊ အရွယ်ကြီးမှ ကောင်းကျိုး ခံစား ရတတ်သည်။

၄။ ဗုဒ္ဓဟူးရှိမူ ပြောမိသောစကားကို မဖျက်တတ်၊ အပျော် အရွှင် ကြိုက်နှစ်သက်တတ်သည်၊ ဥစ္စာပေါများပြည့်စုံမည်၊ အမိ အစာတို့ကို လုပ်ကျွေးသမှုပြုစုလိုမည်၊ အရပ်တပါးမှာ သွားလာ နေထိုင်တတ်သည်၊ မယားကောင်း ရမည်၊ ဆံပင်ကောင်းမည်၊ တင့်တယ်သော ကိုယ်အင်္ဂါရှိမည်။

၅။ ကြာသပတေးရှိမူ စိတ်ကောင်း၊ နှလုံးကောင်း ရှိမည်၊ အမွှေးအထုံ ကြိုက်နှစ်သက်မည်၊ ဥစ္စာ ပေါများမည်၊ သန့်ရှင်း သော ကိုယ်ရှိမည်။

၆။ သောကြာရှိမူ သူတပါးဥစ္စာကို မိမိဥစ္စာကဲ့သို့ ပြုလုပ်တတ်မည်၊ဆံပင်ကောင်းမည်၊အရုပ်အဆင်းတင့်တယ်ခြင်းရှိမည်၊ အသားဖြူမည်၊အကျင့်ကောင်းမည်၊ ရတနာသုံးပါးကိုကြည်ညိုဆည်းကပ်မည်။

(၀) စနေရှိမူ ထင်းခွေ၍ အသက်မွေးမြူရမည်၊ သူတပါးဥစ္စာကို ခိုးလိုသောစိတ်ရှိမည်၊ သောကများတတ်သည်၊ဥစ်အိမ်၌တည်မူ ခိုးခြင်းမရှိ၊ အရာရာ၌ ပြည့်စုံပေါများမည်။

၈။ ရာဟုရှိမူ သူခိုးဖြစ်မည်၊ သူတပါးအသက်ကို ငဲ့ကွက်ကြင်နာခြင်းမရှိတတ်၊ သတ်ဖြတ်လိုသောစိတ် ရှိမည်၊ ရက်စက်ကြမ်းကြုတ်မည်။

ကဋ္ဌမှုအိမ်ဂြိုဟ်နေဟောပြီး၏။

သဟာဇအိမ်၌ ဂြိုဟ်နေအဟော

(၁) သဟာဇအိမ်၌ တနင်္ဂနွေရှိမူ ညီ,အစ်ကို,မောင်နှမ,မွေးချင်းပေါက်ဖေါ်နည်းမည်၊ သူတပါးတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရတတ်မည်၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမည်၊ စိတ်တည်ကြည်ဖြောင့်မတ်မည်၊ အစားအသောက်၌ လျှပ်ပေါ်ခြင်းမရှိတတ်။

(၂) တနင်္လာရှိမူ မွေးချင်းပေါက်ဖော် ကောင်းမည်။ ဉာဏ်ပညာနှင့်ပြည့်စုံမည်၊ သီချင်းဆိုတတ်မည်၊ စာပေကျမ်းဂန်သင်အံလေ့ကျက်လိုမည်၊ပါပအိမ်၌တည်မူဆင်းရဲမည်၊ညီ,အစ်ကို ၊ မွေးချင်းနှင့် ပညာမရှိတတ်။

(၃) အင်္ဂါရှိမူ မွေးချင်းနည်းမည်၊ လယ်လုပ်ခြင်းအမှုကိုပြုကာ စီးပွားဖြစ်တတ်သည်။ ဥစ်အိမ်၌ဖြစ်မူ အလွန် ကောင်းသည်၊ ရန်အိမ်၌ဖြစ်မူ မကောင်း၊ ဆင်းရဲနွမ်းပါးတတ်သည်။

(၄) ဗုဒ္ဓဟူးရှိမူ ပါပအိမ်က မွေးချင်းမရှိ။ ဥစ်အိမ်၌ဖြစ်မူ အရာရာမှာ ပြည့်စုံပေါများမည်။ ဥစ်အိမ် မဟုတ်သော် ငယ်စဉ် အခါက မကျန်းမမာ ရောဂါဥပဒ် စွဲကပ်ခဲ့မည်။

(၅) ကြာသပတေးရှိမူ ညီ၊ သား၊ အစ်ကိုများမည်။ အမျိုးအားကောင်းမည်၊ စစ်စီနှုမြောတတ်သည်။

(၆) သောကြာရှိမူ မွေးချင်းပေါက်ဖော်များမည်၊ ဝန်တိုသောစိတ်ရှိတတ်သည်၊ မျက်စိနောတတ်သည်၊ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမည်။

(ဝ) စနေရှိမူ ညီ၊ သား၊ အစ်ကို မရှိ။ ဥစ်အိမ် ကသစ်အိမ်ဖြစ်မူ မင်းကဲ့သို့အစားအသောက်ပြည့်စုံပေါများမည်၊ ချမ်းသာစွာ နေထိုင်ရမည်။

(၈) ရာဟုရှိမူ မွေးချင်းပေါက်ဖော် နည်းမည်။ ဥစ်အိမ်၌ ဖြစ်မူ ပစ္စည်းရှင် အခေါ်ခံရမည်၊ အခြွေအရံတို့နှင့် ပြည့်စုံမည်။ ချမ်းသာစွာ နေထိုင်ရမည်။

သဟာဇဂြိုဟ်နေအဟောပြီး၏။

ဗန္ဓုအိမ်၌ ဂြိုဟ်နေအဟော

(၁) ဗန္ဓုအိမ်၌ တနင်္ဂနွေရှိမူ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာတတ်သည်။ ညီ၊ အစ်ကို၊ မောင်နှမ ပေါများမည်၊ အရပ်ဘဆင်းတင့်တယ် လှပခြင်းရှိမည်။ အကျင့်အမူကောင်းမည် စွမ်းရည်သတ္တိရှိမည်၊ ဿီချင်းဆို ဝါသနာပါတတ်သည်။

(၂) တနင်းလာရှိမူ ချစ်ခင်သူပေါများမည်၊ ဥစ္စာပစ္စည်းနှင့် ပြည့်စုံမည်။ လှည်းကောင်း လှေကောင်း မော်တော်ကားများကို စီးရမည်၊ ဝမ်းတွင်းရောဂါ အမြဲလိုလို ငြိတတ်သည်၊ အိမ်ကြီး အိမ်ကောင်းနှင့် နေထိုင်ရတတ်သည်၊ အစားအသောက်၌ လျှပ်ပေါ် လော်လီခြင်း မရှိ၊ ရသမျှနှင့် ရောင့်ရဲခြင်းရှိမည်။

(၃) အင်္ဂါရှိမူ ဉာဏ်ပညာနည်းပါးမည်၊ သောကများတတ်သည်။ သား မယား ဥစ္စာ မရှိတတ်၊ ကူလီ အငှါးအရမ်း လုပ်၍ အသက်မွေးရတတ်သည်၊ သူတပါး မယားကို ပြစ်မှားတတ်သည်။ စားမှုသောက်မှုနှင့်စပ်လျဉ်း၍ ဆင်းရဲခြင်းဖြစ်မည်။

(၄) ဗုဒ္ဓဟူးရှိမူ သား, မယား, ကျေးကျွန် အခြွေအရံတို့နှင့် ပျော်ရွှင်စွာ နေထိုင်ရတတ်သည်။ ဉာဏ်ပညာ ဗဟုသုတရှိမည်။ ရတနာသုံးပါးကို ကြည်ညိုလေးမြတ် ဆည်းကပ်လိုသောစိတ် ရှိမည်၊ မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းသင်း ရမည်။

(၅) ကြာသပတေးရှိမူ သူတော်ကောင်းများနှင့်အပေါင်း အသင်းပြုရတတ်သည်၊ အစားအသောက်ကို ကျွေးမွေးပေးကမ်း လှူဒါန်းလိုသောစိတ် ရှိမည်။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမည်၊ အရုပ်အဆင်း တင့်တယ် လှပခြင်း ရှိမည်၊ မင်းကဲ့သို့ အစား အသောက် ပြည့်စုံပေါများမည်၊ အခြွေအရံပေါများမည်။

. (၆) သောကြာရှိမူ မယားကောင်း, သားကောင်း ရမည်။ ပစ္စည်းဥစ္စာ လိုရာမရှား ပေါများပြည့်စုံမည်။ သောက မအေး ပူဆွေးသောစိတ် ရှိတတ်သည်။ ရာထူး ဘွဲ့ထူးများကို ရရှိမည်။ အပေါင်းအပေါ် များတတ်သည်။

(ဝ) စနေရှိမူ ညှို့အစ်ကို မောင်နှမ ပေါမျှားမည်၊ သား ကောင်း မယားကောင်း ရမည်၊ အပေါင်းအသင်း နည်းမည်၊ ဆိတ်ငြိမ်ရာ အရပ်သို့သွား၍ တယောက်တည်း နေလိုသောစိတ် ရှိမည်။

(ဂ) ရာဟုရှိမူ ဥစ္စာမရှိ၊ အပေါင်းအသင်း မရှိ၊ မကောင်း သော လာဘ်ကို အလိုရှိတတ်သည်၊ သူတပါးကို ကဲ့ရဲ့တတ်မည်၊ လူဆိုးသူခိုးများနှင့် ပေါင်းသင်းလိုမည်၊ ဥစ်အိမ်၌ဖြစ်မူ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာမည်၊ အဆွေခင်ပွန်းများမည်၊ ကောင်း ကျိုးချမ်းသာ ခံစားရမည်။

ဗန္ဓုအိမ်၌ ဂြိုဟ်နေဟောပြီး၏။

ပုတ္တရအိမ်၌ ဂြိုဟ်နေအဟော

(၁) ပုတ္တရအိမ်၌တနင်္ဂနွေရှိမူ သားသမီးအသက်မရှည်တတ်၊ စိတ်လည်း များတတ်သည်၊ ပိန်သောကိုယ် ရှိမည်။ အကျင့် အမူ မကောင်းတတ်၊ ဝယ်စဉ်အခါကအနာရောဂါများခဲ့မည်၊ အရွယ် ကြီးမှ ချမ်းသာမည်၊ အစားအသောက် ပြည့်စုံပေါများမည်။

(၂) တနင်္လာရှိမူ မယားကောင်းရမည်၊ သားသမီးများကို မှီခိုအားထားရမည်၊ ပစ္စည်း ဥစ္စာ ကြွယ်ဝ ချမ်းသာမည်။ ထို တနင်္လာသည်အားနည်း၍ ရန်အိမ်၌နေမူကောင်းကျိုးဟူသမျှ ပျက်စီး၍ မကောင်းသာများမည်။

(၃) အင်္ဂါရှိမူ ဆင်းရဲပင်ပန်း၏၊ သားသမီးမရှိ၊ သောကများမည်။ မိမိ၏ ကသစ်အိမ်၌ နေလျှင် ဥစ္စာ ပေါများမည်၊ အရာရာ၌ ပြည့်စုံစွာပေါများသည်။

(၄) ဗုဒ္ဓဟူးရှိမူ သားမယားပေါများမည်။ ရတနာသုံးပါးကိုကြည်ညိုလေးမြတ်မည်။ သူတော်ကောင်းကို ကျွေးမွေးပေးကမ်းလှူဒါန်းလိုမည်၊ ကောင်းကျိုးတရားကိုများစွာခံစားရမည်။

(၅) ကြာသပတေးရှိမူ သားကောင်း၊ သမီးကောင်း ထွန်းကားမည်၊ လှပယဉ်ကျေးမည်၊ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာမည်၊ သူခပ်သိမ်းတို့၏ ရိုသေလေးမြတ်ခြင်းကို ခံရတတ်သည်။

(၆) သောကြာရှိမူ တည်ကြည်ဖြောင့်မတ်သောစိတ်ရှိမည်၊ သူတပါးတို့၏ချစ်ခင်မြတ်နိုးခြင်းကိုခံရမည်။ သားကောင်း၊ သမီးကောင်းထွန်းကားမည်၊ ပစ္စည်းဥစ္စာ လိုရာမရှား ပေါများပြည့်စုံမည်။

(၀) စနေရှိမူ သားသမီးမွေးတိုင်းသေတတ်သည်၊ သတိထားပြုစုလေ၊ ဆင်းရဲဒုက္ခများစွာ တွေ့ရတတ်သည်။ ဥစ္စ ကသစ်ဖြစ်လျှင် သားယောကျ်ား တယောက်သာ မွေးဖွားတတ်သည်။

(၈) ရာဟုရှိမူ တနင်္ဂနွေ တနင်္လာအိမ်မှာဖြစ်ကသားသမီးမထွန်းကားတတ်၊ မွေးဖွားသော်လည်း အသက်မရှည်။ စိတ်တိုတတ်သည်။ အခြားအိမ်များ၌ဖြစ်လျှင်အရာအထူးရတတ်သည်။ အကျင့်အမူ မကောင်းတတ်၊ လျှပ်ပေါ် လော်လီမည်။

ပုတ္တရအိမ်၌ ဂြိုဟ်နေအဟော ပြီး၏။

အာရှိအိမ်၌ ဖြိုဟ်နေအဖော

၁။ အာရှိအိမ်၌ တနင်္ဂနွေရှိမူ ဘေးရန်မရှိ၊ ဉာဏ်ပညာဗဟုသုတနှင့် ပြည့်စုံမည်၊ ဂါထာမန္တရား ဆေးဝါး စသည်တို့၌ ဝါသနာပါရှိတတ်သည်၊ အရုပ်အဆင်းလှပတင့်တယ်ခြင်းရှိမည်။ သို့သော် ကြုံလှီသော ကိုယ်ရှိမည်။ အကြီးအကဲ ဖြစ်တတ်သည်။ အသက်ရှည်မည်။

၂။ တနင်္လာရှိမူ အားမရှိသော်ငြား၊ ရန်အိမ်၌သော်ငြား ဖြစ်လျှင်လူအပေါင်းတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းများကိုခံရတတ်သည် ပင်ပန်းဆင်းရဲမည်၊ ဥစ္စ အိမ်၊ ကသစ်အိမ်၌ဖြစ်မူရန်ကင်း၍ ဥစ္စာ၊ စီးပွား ပေါများပြည့်စုံမည်။

၃။ အင်္ဂါရှိမူ နိစ်အိမ်၌ဖြစ်သော်သူတပါးနှင့် ရန်များတတ်သည်။ နှုတ်စဉ်သော်လည်း စကားများရတတ်သည်။ မိမိ ကသစ်အိမ်၊ဥစ်အိမ်၌ဖြစ်လျှင် ခပ်သိမ်းသော ရန်အပေါင်းတို့ကို မိမိကအောင်နိုင်တတ်သည်။

၄။ ဗုဒ္ဓဟူးရှိမူ ရန်ရောဂါများမည်၊ သောမ အိမ်ဖြစ်သော်ငြား၊ သောမဂြိုဟ်ပူးသော်ငြား၊ ကသစ်အိမ်၊ ဥစ်အိမ်၊ မိတ်အိမ်ဖြစ်သော်ငြား ဆိုခဲ့ပြီးသော အပြစ်တို့ ပပျောက် လွတ်ကင်း၍ ချမ်းသာကောင်းကျိုး ပွားတိုးခြင်းရှိမည်။ ခွန်အားကြီးမည်။

၅။ ကြာသပတေးရှိမူ ရန်အပေါင်းကိုဖြိုဖျက်နိုင်မည်၊စည်းစိမ်ရှင်ဟုအခေါ်ခံရတတ်သည်။ မယားကောင်း သားကောင်း ရရှိမည်။ ဆွေမျိုးဉာတိတို့၏ ရိုသေလေးမြတ်ခြင်းကို ခံရမည်။

၆။ သောကြာရှိမူ လူအပေါင်းတို့၏ ရန်မူခြင်းကို ခံရတတ်သည်။ ဥစ်အိမ်ဖြစ်လျှင် ကျေးကျွန်တို့၏ အရှင်ဖြစ်မည်၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာစွာရှိမည်။

၀။ စနေရှိမူ နိစ်အိမ်, ရန်အိမ်ဖြစ်ကရေနစ်၍သေရတတ်သည် ရေနစ်၍မသေသော်ရန်သူတို့၏လက်၌သေရတတ်သည်၊မကောင်းသတိကြီးစွာထားလေ။

၈။ ရာဟုရှိမူ ရန်အပေါင်း ကင်းကွာမည်။ သားကောင်း၊ သမီးကောင်း ထွန်းကားမည်။အနာရောဂါ အမြဲစွဲကပ်တတ်သည်။ သိဟ်မှာ လဂ်ရှိသောသူ ဖြစ်က များစွာသော ကောင်းကျိုးကို ခံစားရရှိတတ်သည်။

အာရိအိမ် ဂြိုဟ်နေအဟော ပြီး၏။

ပထနီအိမ်၌ ဂြိုဟ်နေအဟော

၁။ ပထနီအိမ်၌တနင်္ဂနွေရှိမူ ဥစ္စာပါးရှား၍မယားမရတတ်ဆင်းရဲဒုက္ခများမည်၊ မနိမ့်မမြင့်သောအရပ်ရှိမည်၊ ဆံပင်နီတတ်သည်၊ မျက်စိသော်လည်း စွေစောင်းမည်။

၂။ တနင်္လာရှိမူ အရပ်အဆင်း လှပတင့်တယ်ခြင်းရှိမည်။ အားခွန်ဗလကောင်းမည်၊ မယားကောင်းရတတ်သည်။ ၎င်းဂြိုဟ်အားနည်း၍ ပါပအိမ်၌နေသော် ရောဂါစွဲသော မိန်းမကို ရတတ်သည်။ ဆင်းရဲဒုက္ခ သောကများရမည်။

၃။ အင်္ဂါရှိမူ နိစ်အိမ် ပါပအိမ်ဖြစ်လျှင် မယားဦးသေတတ်သည်၊ ကသစ်အိမ် ဥစ်အိမ်ဖြစ်မူ မယားနှစ်ယောက် ရတတ်သည်။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမည်။ စိတ်တည်ခြင်း မရှိတတ်။

၄။ ဗုဒ္ဓဟူးရှိမူ သားမယားများတတ်သည်။လူဆိုးလူပျက်ကို နှိပ်စက် ဖျက်ဆီးတတ်မည်၊ ရွှေ၊ ငွေ၊ ဥစ္စာ ပြည့်စုံ ပေါများမည်၊ ရတနာသုံးပါးကို ကြည်ညို လေးမြတ် ဆည်းကပ်ခြင်းရှိမည်။

၅။ ကြာသပတေးရှိမူ မယားကောင်းရတတ်သည်၊မင်းကဲ့သို့ စည်းစိမ်ကို ခံစား ရတတ်သည်၊ တည်ကြည် ဖြောင့်မတ်သော စကားရှိမည်၊ ပညာ ဗဟုသုတနှင့် ပြည့်စုံမည်။ စကားအပြော အဆိုကောင်းမည်။

၆။ သောကြာ ရှိမူ သား, မယား, ကျေးကျွန် များနှင့် ပျော်ပါးစွာ နေထိုင်ရမည်။စကားတတ်မည်၊ ဉာဏ်ကောင်းမည်။ လူတကာ ရန်မမူနိုင်။ များစွာသော စည်းစိမ်ချမ်းသာကို ခံစား ရမည်။

၀။ စနေရှိမူ နှုတ်သီးကောင်းမည်၊ အနာရောဂါငြိကပ်မည်၊ ကသင်အိမ်,ဥစ်အိမ်ဖြစ်လျှင် စည်းစိမ်ချမ်းသာကို များစွာခံစား ရမည်။ မိတ်အိမ်၌နေက အလတ်သော ကောင်းကျိုး များကို ခံစား ရရှိတတ်သည်။

၈။ ရာဟုရှိမူ သား,မယား သေကြေ ပျက်စီး တတ်သည်။ ရောဂါအနာများမည်။ အကျင့်ဆိုးသွမ်း ညစ်ညမ်းယုတ်မာမည်။ ကိုယ်၌ အဖု၊ အပိမ့် အနာများဖြစ်ပွားတတ်သည် သတိထား။

ပထနီအိမ် ဂြိုဟ်နေအဟော ပြီး၏။

မရဏအိမ်၌ ဂြိုဟ်နေအဟော

(၁) မရဏအိမ်၌ တနင်္ဂနွေရှိမူ၊ အဖျားအနာ ရောဂါဥပဒ်စွဲကပ်ခြင်းများမည်။ စိတ်တည်ကြည်ခြင်း မရှိတတ်။လူဆိုး,သူခိုးလူပျက်များနှင့် ပေါင်းသင်းဆက်ဆံလိုမည်။ခဏခဏစကားများတတ်သည်။ အလှူအတန်း အပေးအကမ်းများမည်။ ပျော်ရွှင်တတ်မည်။ ရန်အိမ်မှာနေက သေခြင်းဆိုးနှင့် သေရတတ်သည်။ ဥစ်အိမ်,ကသစ်အိမ်ဖြစ်မူ ဆိုခဲ့ပြီးသော အပြစ်များ မဖြစ်နိုင်၊ ချမ်းသာကောင်းကျိုးများကို ခံစားရမည်။

၂။ တနင်္လာရှိမူ၊ မါပအိမ်ဖြစ်လျှင် ချောင်းဆိုးရောဂါစွဲကပ်တတ်သည်။ မဝလွန်း, မပိန်လွန်း ရှိမည်။ ဝမ်းမှာအနာပေးတတ်သည်။သေခြင်းမလှသေရတတ်သည်။ ကသစ်အိမ်သော်ငြင်း၊ကြာသပတေး,သောကြာအိမ်၌သော်ငြင်း၊စန်းအားရှိသော်ငြင်း၊ များစွာသော စည်းစိမ်ချမ်းသာတို့ကို ခံစားရတတ်သည်။ သေခြင်းဆိုးနှင့် မသေနိုင်။

၃။ အင်္ဂါရှိမူ၊ ပါပအိမ်၌ဖြစ်လျှင်ဝမ်းရောဂါငြိတွယ်တတ်သည်။ ထုံနာ ကျင်နာအရောင်,အဖေါ,အဖု၊အပိမ့်ရောဂါများလည်း စွဲကပ်တတ်သည်။ သေခြင်းမလှသေရတတ်သည်။ကသစ်အိမ်သော်ငြင်း၊ကြာသပတေး,သောကြာ အိမ်များမှာသော်ငြင်းရှိလျှင် ကောင်းသောသေခြင်းဖြင့်သာ သေရမည်။

၄။ ဗုဒ္ဓဟူးရှိမူ၊ ပါပအိမ်၌ နေက ကြောက်ရွံ့တတ်မည်။ ရန်သူ့လက်တွင်သေရတတ်သည်။ သောမအိမ်၌ဖြစ်မူ မိတ်အိမ်၌ ကြာသပတေး သောကြာယှဉ်မူ အထူးကောင်းမည်။

၅။ ကြာပတေးရှိမူ၊ အရပ်တပါးသို့ လှည့်ပတ် သွားလာခြင်းများမည်။ အဝေးရပ်သို့သွား၍ ကျောင်း, ဘုရား, ကုသိုလ်များကိုလည်း ပြုလုပ်တတ်သည်။ စရ-ရာသီဖြစ်မူရဟာန်းဖြစ်မည်။ ထိရ-ရာသီဖြစ်မူ ရွာတွင်း၌သာ လှည့်လည်၍ နေတတ်သည်။ ရဟာန်းမဖြစ်နိုင်။

၆။ သောကြာရှိမူ၊ ရတနာသုံးပါးကို ယုံကြည်လေးမြတ်ဆည်းကပ်မည်။ မင်းစိုးတို့၏မြတ်နိုးခြင်းကိုလည်းခံရတတ်သည်။

၀။ စနေရှိမူ၊ သူခိုး,ဓားပြ ဖြစ်မည်။ ဉာဏ်ပညာမရှိတတ်။ မကောင်းမှုကိုနှလုံးသွင်း၍ အရပ်တပါးမှာ သေခြင်းမလှသေရတတ်သည်။ စိတ်ကောင်းထားမှ သင့်လျော်မည်။

၈။ ရာဟုရှိမူ၊ ဥပဒ်အန္တရာယ် ငြိတွယ်ခြင်းများမည်။လူဆိုးသူခိုးဓားပြဖြစ်မည်။ မကောင်းမှု၌ မွေ့လျော်သော စိတ်ရှိတတ်သည်။ အတင်းစကား အဖျင်းစကားများကို ပြောကြားတတ်သည်။

မရဏအိမ်၌ ဂြိုဟ်နေအဟော ပြီး၏။

သုဘအိမ်၌ ဂြိုဟ်နေအဟော

(၁) သုဘအိမ်၌ တနင်္ဂနွေရှိမူ၊ ရတနာသုံးပါး ရဟာန်း, ပုဏ္ဏားတို့ကိုကြည်ညိုလေးမြတ် ဆည်းကပ်ခြင်းရှိမည်။ ပြောမိသောစကား မဖျက်တတ်။ ပေါက်ဖော်ဆွေမျိုးကို ထောက်ပံ့ကြည့်ရှုလိုသောစိတ်ရှိမည်။ငယ်စဉ်အခါကအဖျားံ, အနာရောဂါများခံမည်။ အရွယ်ကြီးကချမ်းသာမည်။ ပစ္စည်းဥစ္စာနှင့် ပြည့်စုံစွာရှိမည်။ အသက်ရှည်ကြာနေရမည်။

(၂) တနင်းလာရှိမူမယားကောင်းရမည်၊ရတနာသုံးပါးကို အထူးကြည်ညိုမည်၊ စည်းစိမ်ချမ်းသာရှိမည်။ စန်းအားနည်း၍ ပါပအိမ်ကြုံမူ မယားအမြဲမရှိ၊ ဆင်းရဲနွမ်းပါးမည်။

(၃) အင်္ဂါရှိမူ ရောဂါဥပဒ် စွဲကပ်ခြင်းများမည်၊ ကိုယ်ရေသန့်၍ မျက်လုံးလှမည်၊ သူတပါးတို့၏မုန်းထားခြင်းကို များစွာခံရတတ်သည်၊ ပန်းချီပညာ ဝါသနာပါတတ်သည်။

(၄) ဗုဒ္ဓဟူးရှိမူ သောမအိမ်ဖြစ်က သား,မယားများမည်။ ပါပအိမ် ရန်အိမ်ဖြစ်လျှင် ရန်အပေါင်းကို အောင်မြင် ဖြိုဖျက်နိုင်မည်။

(၅) ကြာသပတေးရှိမူ၊ စိတ်ကောင်း နှလုံးကောင်းရှိမည်။ မင်းကဲ့သို့ စည်းစိမ်ချမ်းသာရှိမည်။ စာပေကျမ်းဂန် သင်ကြားတတ်မြောက်မည်၊ သူတပါးတို့၏စိတ်နှလုံးကို ယူကြုံးနှစ်သက်နိုင်အောင် ဟောပြောတတ်မည်။

(၆) သောကြာရှိမူ ကျောင်းတကာ, ဘုရားတကာ ခေါ်ခံရမည်၊ အပြောအဟောကောင်းမည်၊ ရတနာသုံးပါးကိုကြည်ညိုမည်၊ မိမိအတွက် တစုံတရာ စိုးရိမ်ရန်မရှိ၊ ပြည့်စုံပေါများမည် သန့်ရှင်းစင်ကြယ်မည်။

(၀) စနေရှိမူ စိတ်နေမြင့်မည်၊ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်ခြင်း မရှိတတ်၊ ငယ်စဉ်အခါက အဘနှင့် ကွဲခွဲမည်၊ အားခွန်နည်းမည်။

(၈) ရာဟုရှိမူ စိတ်ကောင်း,နှလုံးကောင်းမရှိတတ်၊ လူဆိုး ဖြစ်မည်၊ သူတပါးအား ကဲ့ရဲ့စကား ပြောကြား တတ်မည်။ ဆင်းရဲဒုက္ခ များစွာ ခံစားရတတ်သည်။

သုဘအိမ် ဂြိုဟ်နေအဟော ပြီး၏။

—— ——

ကမ္မအိမ်၌ ဂြိုဟ်နေအဟော

(၁) ကမ္မအိမ်၌ တနင်္ဂနွေရှိမူ ဥစ္စာ ပေါများမည်၊ အရာ အထူးနှင့် မင်း,မှူး,မတ်ဖြစ်မည်၊ လိမ္မာယဉ်ကျေးမည်၊ သီချင်း သံကို နာခံလိုမည်၊ အရှယ်ကြီးအောင် နေထိုင်ရမည်။ အစား အသောက် ကျွေးမွေးပေးကမ်း လှူဒါန်းလိုမည်။

(၂) တနင်းလာရှိမူ များသော ဥစ္စာ၏ အရှင် ဖြစ်မည်။ သူတော်ကောင်းတို့နှင့် အပေါင်းအသင်း ပြုလုပ်လိုမည်။ မယား ကောင်းရမည်၊ ရန်အိမ်၌ ပါပဂြိုဟ် ယှဉ်သော်ငြား၊ စန်းအား နည်းသော်ငြား၊ မယားဦးနှင့်ကွာရမည်၊ ပန်းနာစွဲကပ်မည်၊အမိ အဘ,သေမည်။

(၃) အင်္ဂါရှိမူ ရန်သူကို နှိမ်နင်းနိုင်မည်၊ စဉ်းလဲ နှမြော တတ်သည်၊ ကျောက်ကဲ့သို့မာဆာသောစိတ်နှလုံးရှိမည်။ ရတနာ သုံးပါး၌ ကြည်ညိုမည်၊ ချစ်ခင်သူ ပေါများမည်၊ အလတ်စား ဆင်းရဲ ချမ်းသာရှိမည်။

(၄) ဗုဒ္ဓဟူးရှိမူ၊ သူတော်ကောင်းတို့ကိုကျွေးမွေးပေးကမ်းလှူဒါန်းလိုမည်။ မိမိအိမ်ဖြစ်က ပစ္စည်းဥစ္စာ များစွာကြွယ်ဝချမ်းသာမည်။ စွမ်းရည်သတ္တိနှင့် ပြည့်စုံမည်။ ဆင်,မြင်းတို့၏ သခင်ဖြစ်မည်။

(၅) ကြာသပတေးရှိမူ၊ ပစ္စည်း,ဥစ္စာ, ရတနာ,ရွှေ,ငွေ, ဆန်ရေ,စပါး၊ ကျွဲ,နွား,ဆင်,မြင်း၊ လုပ်ခင်း,လယ်ယာများစွာရှိမည် ဖြောင့်မတ်တည်ကြည်သော စကားရှိမည်၊ သားကောင်း မယားကောင်း ရမည်။ အလိမ္မာ ဉာဏ်ပညာရှိမည်။

(၆) သောကြာရှိမူ၊ စိတ်တိုတောင်းမည်၊ ဥစ္စာ ပေါများမည်။ ကြီးမြင့်သော အရာအထူးကိုရ၍ မင်းကဲ့သို့ စည်းစိမ် ချမ်းသာ ရှိမည်။

(၀) စနေ ရှိမူ၊ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာစွာ ရှိမည်။ လိမ္မာသော အသွားအလာရှိမည်။ရဲစွမ်းသတ္တိရှိမည်။ မင်းစိုးရာဇာတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရတတ်သည်။

(၈) ရာဟုရှိမူ လူပေါ့လူသွမ်းဖြစ်မည်။ သူတပါး၏ဥစ္စာကို လိုချင်မျက်စိ ရှိတတ်သည်။ သူ့မယားကိုသော်လည်း ပြစ်မှားလွန်ကျူးလိုမည်။ သတိထား၍ ရှောင်ကြဉ်ရာ၏။

ကမ္ဘာ့အိမ်၌ ဂြိုဟ်နေအဟောပြီး၏။

လာဘအိမ်၌ ဂြိုဟ်နေအဟော

၁။ လာဘအိမ်၌ တနင်္ဂနွေရှိမူ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာမည်၊ မင်းကဲ့သို့ အစားအသောက် ပေါများပြည့်စုံမည်၊ ဉာဏ်ပညာ ဗဟုသုတရှိမည်၊ သူတပါးတို့၏စိတ်နှလုံးကို သိမ်မွေ့နူးညံ့အောင် ဟောပြောတတ်မည်၊ မိမိအမျိုး၌ အကြီးအကဲ ဖြစ်မည်၊ စိတ်နှလုံး တည်ကြည်ဖြောင့်မတ်မည်။

၂။ တနင်္လာ ရှိမူ စွမ်းရည်သတ္တိ ရှိမည်၊ ဥစ္စာ ပစ္စည်းနှင့် ပြည့်စုံမည်။ သား ၊ မယား ၊ ကျေးကျွန် အခြွေအရံတို့နှင့် ပျော်ပါးစွာ နေထိုင်ရမည်၊ ရောဂါ အမြဲစွဲကပ်မည်၊ ဉာဏ်ပညာ နည်းပါးမည်။

၃။ အင်္ဂါရှိမူ ခပ်သိမ်းသော သူတို့ကို ချစ်ခင်တတ်သည်၊ ရတနာသုံးပါးကို ရိုသေလေးမြတ်နိုးခြင်းရှိမည်၊မင်းကဲ့သို့ အစားအသောက် ပေါများမည်၊ ရွှေငွေ ဘဏ္ဍာ လိုရာမရှား ပေါများပြည့်စုံမည်။

၄။ ဗုဒ္ဓဟူး ရှိမူ စိတ်များတတ်သည်၊ စိစစ်နှမြောမည်၊ သားကောင်း ၊ မယားကောင်း ရမည်။ ဥစ္စာပစ္စည်းနှင့် ပြည့်စုံမည်။

၅။ ကြာသပတေးရှိမူ မင်းကဲ့သို့ စည်းစိမ်ရှိမည်၊ အမျိုး၌ ပုဏ္ဏမိလကဲ့သို့ ထွန်းပတတ်သည်၊ သူတပါးကို ချစ်ခင် သနားတတ်သည်၊

၆။ သောကြာရှိမူ မိမိအိမ်ဖြစ်လျှင် ဉာဏ်ပညာနှင့် ပြည့်စုံသော သူတော်ကောင်းဖြစ်၍ ဆွေမျိုးတို့ကို လုပ်ကျွေးသမှု ပြုစုလိုမည်၊ ပျော်ရွှင်တတ်မည်၊ အမှုကိစ္စ ဟူသမျှတို့၌ စီမံလိုသော စိတ်သဘောရှိမည်။

၀။ စနေရှိမူ၊ ရွှေ,ငွေ,ဘဏ္ဍာ ရတနာတို့နှင့်ပြည့်စုံပေါများမည်၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာမည်၊ သီချင်းဆိုသံကိုနာခံလိုမည်၊ အပြောအဆို သာယာချောင်စွာရှိမည်၊ အရွယ်ကြီးလျှင် ရောဂါ အနာ ကပ်ငြိတတ်သည်။

၈။ ရာဟုရှိမူ၊ သူတပါးကို အစားအသောက်ပေးကမ်းတတ်သည်၊ အလိမ္မာ ဉာဏ်ရှိမည်၊ အရပ်တပါး၌ သွားလာ နေထိုင်ရတတ်သည်၊ ဆံပင်နည်းမည်။

လာဘအိမ် ဂြိုဟ်နေအဟော ပြီး၏။

ဗျာယအိမ်၌ ဂြိုဟ်နေအဟော

၁။ ဗျာယအိမ်၌ တနင်္ဂနွေရှိမူ၊ စိတ်ပေါ့သွပ်မည်၊ ဆိုးသွမ်းသော လူဆိုးသူခိုးများနှင့် အပေါင်းအဖော်ပြုလုပ်လိုမည်၊ ဆင်းရဲပင်ပန်းမည်၊ မစ္ဆရိယရှိတတ်သည်၊ ငရဲမကြောက်တတ်။

၂။ တနင်္လာရှိမူ၊ ဥစ်အိမ်ဖြစ်က များစွာ ချမ်းသာမည်။ သားကောင်း မယားကောင်းရမည်၊ ပါပအိမ်ဖြစ်မူ အားနည်းသောရောဂါ စွဲကပ်တတ်သည်။

၃။ အင်္ဂါရှိမူ သူတပါးဉစ္စာကို လိုချင်တတ်သည်၊ မာနနှင့်ကြည့်ရှုတတ်သည်၊ အစားအသောက် ပေါများ ပြည့်စုံမည်၊ ခွန်အားကောင်းမည်၊ မေ့လျော့ပေါ့ဆတတ်သည်၊

၄။ ဗုဒ္ဓဟူးရှိမူ၊ ပါပအိမ် ဖြစ်က လူဆိုး ဖြစ်မည်၊ မိမိအိမ်ဖြစ်က ပစ္စည်းဉစ္စာ ကြွယ်ဝ ချမ်းသာမည်၊ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ် လေးမြတ်မည်။

၅။ ကြာသပတေးရှိမူ၊ အရာရာအမှုကိစ္စဟူသမျှ၌ မပျင်းမရိ-လုံ့လဝီရိယရှိတတ်သည်၊ စိတ်သောကကြောင့်ကြများမည်။

၆။ သောကြာရှိမူ၊ ယယ်စဉ်အခါက အဖျားအနာရောဂါ ဥပဒ်စွဲကပ်ခြင်းများခဲ့သည်၊ ကိုယ်၏ သန့်ရှင်းခြင်းမရှိတတ်။

၀။ စနေရှိမူ၊ မိန်းမပေါ်နှင့် တွေ့မည်၊ သောကများမည်၊ ခြေသလုံး၌ အနာကပ်ငြိတတ်သည်၊ ငှက်စာကလေးများကို ဖမ်းဆီးတတ်မည်၊ မကောင်းမှုကို များစွာပြုလုပ်တတ်မည်။

ဂ။ ရာဟုရှိမူ၊ တောတောင်၌ နေလိုသောစိတ်ရှိမည်၊ စိတ်နှလုံး မြင့်မည်၊ မာနကြီးမည်။

ဗျာယအိမ် ဂြိုဟ်နေအဟောပြီး၏။

ဤသို့လျှင် (၁၂)ရာသီ၌ ဂြိုဟ်ရှစ်လုံးအဟောပြီး၏။

လဂ်ကစ၍ တနု,ကဋုမ္ဗစသော (၁၂)ရာသီတို့၏ ဆောင်စွမ်းနိုင်ခြင်းသဘောကို ပြဆိုချက်

(၁) တနုအိမ်သည် အနာရောဂါကင်းခြင်း၊ ကိုယ်ကိုစောင့်ရှောက်ခြင်း၊ အသက်ရှည်ခြင်းများကို ဆောင်စွမ်းနိုင်၏။

(၂) ကဋုမ္ဗအိမ်သည် ဥစ္စာ,ဆွေမျိုးတို့နှင့် စပ်လျဉ်းခြင်းကို ဆောင်စွမ်းနိုင်၏။

(၃) သဟာဇအိမ်သည် အားခွန်ဗလ၊ ရဲစွမ်းသတ္တိ၊ ညီအစ်ကို မွေးချင်းပေါက်ဖော်တို့၏ အကြောင်းကို ဆောင်စွမ်းနိုင်၏။

(၄) ဗန္ဓုအိမ်သည် မိတ်ကောင်း ဆွေကောင်းတို့နှင့်ပေါင်းဖော်ရခြင်း၊ ဆင် မြင်း ရထား လှည်း လှေ စသည်တို့ကို စီးနင်းရခြင်း၊ စိုးရိမ်ကြောင့်ကြ တောင့်တမှုမရှိ ချမ်းသာစွာ နေရခြင်းများကို ဆောင်စွမ်းနိုင်၏။

(၅) ပုတ္တရအိမ်သည် ဉာဏ်ပညာ ဂါထာမန္တရား၊ ဘုရား၊ တရား စသည်ကို သရဇ္ဈာယ် ရွတ်ဘတ်ခြင်းတို့ကို ဆောင်စွမ်းနိုင်၏။

(၆) အာရီအိမ်သည် ကြေမွပြုန်းတီး ပျက်စီးခြင်း၊ ရန်ဖြစ်ခြင်းများကို ဆောင်စွမ်းနိုင်၏။

(၇) ပထနီ အိမ်သည် ကာမဂုဏ် အာရုံများ၌ စိတ်ဝင်စားခြင်း၊ သားကောင်း မယားကောင်းရရှိခြင်း၊ နည်းလမ်းမှန်ခြင်းများကို ဆောင်စွမ်းနိုင်၏။

(၈) မရဏအိမ်သည် အားယုတ်လစ်ဟင်းခြင်း၊ မည်ကဲ့သို့ သေမည့် အကြောင်း၊ မဖျားနာဘဲ သေမည့်အကြောင်းများကို ဆောင်စွမ်းနိုင်၏။

(၉) သုဘအိမ်သည် မျက်နှာပွင့်လန်းခြင်း၊ ရတနာသုံးပါးကို ကြည်ညိုခြင်း၊ စကားအစီအစဉ်ကိုခွဲဝေနိုင်ခြင်း၊ ကံကောင်းထောက်မခြင်း၊ စိတ်နှလုံးခိုင်ခံ့ တည်ကြည်ခြင်းတို့ကိုဆောင်စွမ်းနိုင်၏။

(၁၀) ကံမ္မအိမ်သည် မိတ်ဆွေကောင်းနှင့် တွေ့ရှိရခြင်း၊ စကားကောင်းကို ပြောဆိုခြင်း၊ အလှူအတန်း ပေးကမ်းရခြင်း၊ ခပ်သိမ်းသောအမှုကို ပြုလုပ်ခြင်းတို့၌ ဆောင်စွမ်းနိုင်၏။

(၁၁) လာဘအိမ်သည် အလိုရှိသည်ကိုရခြင်း၊ရစေနိုင်ခြင်း ကောင်းသောဥစ္စာကို ပေးဝေခြင်းတို့ကို ဆောင်စွမ်းနိုင်၏။

(၁၂) ဗျာယအိမ်သည် ရန်မမူနိုင်စေခြင်း၊ သူတပါးက မဖျက်ဆီးခြင်းများကို ဆောင်စွမ်းနိုင်၏။

၁၂-ရာသီတို့၌ သောမဂြိုဟ်ရပ်တည်ခြင်းအဟော

သောမဂြိုဟ်သည် တနုအိမ်၌ရှိမူ ခွန်အားကြီး၏။ကဋုမ္ဗအိမ်၌ ရှိမူ ဥစ္စာရှိ၏။ သဟဇအိမ်၌ရှိမူ သားချင်းများ၏။ ဗန္ဓုအိမ်၌ရှိမူ အပေါင်းအသင်းများ၏။ ပုတ္တရအိမ်၌ရှိမူ သားသမီးများ၏။အာရိ အိမ်၌ ရှိမူ ရန်ကို အောင်နိုင်၏။ ပဌနီ အိမ်၌ ရှိမူ တင့်တယ်စွာ သေရ၏။ သုဘအိမ်၌ရှိမူ ရတနာသုံးပါးကို ကြည်ညို၏။ ကမ္မအိမ် ရှိမူ ကောင်းသောအမှုကို ပြုတတ်၏။ လာဘအိမ်၌ရှိမူ ခပ်သိမ်း သော အမှုပြီးစီး၏။ဗျာယအိမ်၌ရှိမူ ရရှိသောဥစ္စာသည် သူတထူး ခံစားရအံ့၊မိမိအကျိုးမရှိတတ် ပါပဂြိုဟ်များ ထိုရာသီ၌ရပ်တည်မူ မြန်သော မကောင်းကျိုးကို ဟောဆိုရ၏။

(၁၂)ရာသီတို့၏ သဘောအကြောင်းကား ပြီး၏။

အရွယ်သုံးပါးကိုခွဲခြား၍ဟောရန်

ပဌမ အရွယ် ကောင်းစားမည်၊ မကောင်းစားမည် သိရန် (ဆီ၊ ဆန်၊ အုန်း၊ သီး၊ လက်၊ ပြည့်၊ သိုး၊ တူ၊ ရိး၊ တ၊ အန်၊ အန်) ၎င်းလက္ခဏာကို မိဿရာသီကစ၍ လက်ဝဲရစ် ထောက်ကြည့်၊ အဆိုပါဂြိုဟ်များကိုတွေ့ရှိလျှင် ပဌမ အရွယ်မှာ ချမ်းသာ ကြွယ်ဝမည်ဟု ဟောရာ၏။

ဒုတိယအရွယ်၌　(ဥ၊ဒေါင်း၊ ရင့်၊ ကြွား၊ ဆီ၊ ဦး၊ဖော်၊စ၊ ကာ၊လ၊တန်၊ရှုံ) ၎င်း လက်ခကို ယခင်နည်းအတိုင်း မိဿရာသီကစ၍ လက်ဝဲရစ်ထောက်၊ လက်ခတွင်ပါသော ဂြိုဟ်များနှင့် တွေ့ရှိထပ်မိလျှင် ဒုတိယအရွယ်မှာ ချမ်းသာ ကြွယ်ဝမည်ဟု ဟောဆိုရာ၏။

တတိယအရွယ်၌　(သ၊ရက်၊သိီး၊လှ၊ တော၊ ဝက်၊မ၊ဆိတ်၊ အ၊ အူး၊ လေ၊ ပြီ)၎င်းလက်ခကိုလည်း မိဿရာသီကစ၍ လက်ဝဲရစ်ချမိမိဇာတာခွင်ရှိဂြိုဟ်များနှင့်ထပ်တူထပ်မျှတွေ့ရှိပါက တတိယအရွယ်မှာ ကောင်းစားကြွယ်ဝမည်ဟု ဟောဆိုရာ၏။

မှတ်ရန်　ဂြိုဟ်တလုံးတွေ့လျှင်ကောင်း၏။နှစ်လုံးတွေ့လျှင် အထူးကောင်း။ သုံးလုံးတွေ့လျှင် ကောင်းသည်ထက်ကောင်း၏။ဂြိုဟ်အများတွေ့လျှင် အလွန်အကြူး ကောင်းသည်ဟု မှတ်ယူရမည်။

၎င်းပြင်　(မိုး၊ စ၊ သီ၊တာ၊ ချမ်း၊ တုံး၊ ခါ၊ သစ်၊ စာ၊မ၊ တော်၊ လှ) မိဿရာသီက စ၍ချ။ တလုံးတွေ့မှုမကောင်း။နှစ်လုံး သုံးလုံးစသည်တွေ့မှု သာ၍မကောင်းဟုဆို၏။

မူလဖြစ်သော ဇာတာခွင်ကို ကြည့်ရှု၍ ဟောပြောရာသည် ကား သုံးပါးရှိသည်။ သုံးပါးဟူသည်ကား....

၁။ မူလဘူတဟောနည်း။
၂။ မူလပဝတ္တိဟောနည်း။
၃။ မူလ အနာဂတ ဟောနည်း။

ဟူ၍ သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် မိမိမွေးဖွား သော အချိန်ကာလကိုမှတ်၍ မူလဇာတာ၌ လဂ်၏အနေ စန်း၏ အနေ ဂြိုဟ်နေ့ဂြိုဟ်တိုင်ခွာတ်ဆန်း, ခွာတ်ပျက်,စက်ဆန်း, စက် ပျက်,စမ္မခဏ်း, ယမ္မခဏ်း,ဥစ်,ကသစ်, တြိဂုဏ်း, နိစ်,ပြ,အဓိပတိ တိုင်ဆယ်ပါးဟု ဆိုအပ်သောကိန်းတို့နှင့်ရွေးချယ်၍မင်းဖြစ်ထိုက် သော ဇာတာ၊ ရဟန်းဖြစ်ထိုက်သော ဇာတာ၊ သူဌေးဖြစ်ထိုက် သော ဇာတာ၊ ကုန်သည် ဖြစ်ထိုက်သော ဇာတာ၊ တောင်သူ လယ်ယာလုပ် ဖြစ်ထိုက်သော ဇာတာ၊ ကျီးအံ့သော ဇာတာ၊ ကန်းအံ့သောဇာတာ၊ ရူးသွပ်အံ့သောဇာတာ၊ အပျိုကြီးဇာတာ၊ လူပျိုကြီးဇာတာ၊ လင်သေ လင်ကွာ မယားသေ မယားကွာ များအံ့သော ဇာတာဟူ၍ ဖွားစအခါကသည် သေသည့်တိုင် အောင် ဆုံးဖြတ်ဟောပြောခြင်းသည် မူလ ဘူတဟောမည်၏။

မိမိဖွားစအခါက ရွေးချယ် တွက်ဖွဲ့သော ဇာတာတွင်စင် နက္ခတ်၊ ဦးနက္ခတ်၊ ခွာတ်တိုင်,စက်တိုင်, ပုညတိုင်,လ္လာဿရိယတိုင် အစရှိသောတိုင်တို့နှင့်တကွ အဓိပတိနက္ခတ်,မူလရတနာပုံနက္ခတ် တို့ကို ထုတ်နှုတ်၍ ကောဇာပဥ္စန်း, ကောဇာအဓိပတိ, ကောဇာ ရတနာပုံ,ကောဇာဂြိုဟ်စီး ဂြိုဟ်နင်းတို့နှင့် ရောနှော တွက်စစ်ပြီး လျှင် မည်သည့်အခါ အကျိုးပေးမည် မည်သည့်အခါ ပျက်စီး မည်ဟု ရွေးချယ်ဆုံးဖြတ်၍ ဟောပြောခြင်းသည် မူလကိုအဓိက ပြု၍ ကောဇာ ဂြိုဟ်သွား ကောဇာ နက္ခတ်တို့နှင့် ရွေးချယ်ရာ ဖြစ်သောကြောင့် မူလပဝတ္တိဟောမည်၏။

မူလပဝတ္တိဟောနည်းကို အရင်းပြု၍ အသက်မည်မျှ ရှိသော အခါ မည်သည့် ကောဇာဂြိုဟ်တို့နှင့်တကွ နဝင်းဆယ်ပါး ကြိမ်သည်၊အာယုစန်းဆယ်ပါးကြိမ်သည်၊အာယုစန်းကြီး၌လည်းစုက်ကြိမ်သည်၊ ဥပဒ်ကြိမ်သည် စသည်တို့ဖြင့် မည်ကဲ့သို့အကျိုးပေးလိမ့်မည် အပြစ်ရောက်လိမ့်မည်။လာလတံ့သော အခြင်းအရာကို ဟောပြောခြင်းသည် မူလအနာဂတဟော မည်၏။

ဆိုခဲ့ပြီးသော အဟောသုံးပါးတို့တွင် အရင်း အစ မူလဘူတ ဟော၌ ခေတ်ဆန်း,ခေတ်ပျက်,စုက်ဆန်း, စုက်ပျက်တို့ကို ဖော်ပြလိုက်ပေအံ့။

ခေတ်ဆန်း, ခေတ်ပျက်,စုက်ဆန်း, စုက်ပျက်တို့ကိုမတွက်မီရှေးအဘို့၌ ထင်ရှားလွယ်စေရန်ခေတ်ကြီးလေးပါးတို့၏ဇယားပုံစံကို ချ၍ ပြဆိုပေအံ့။

ခေတ်အိမ်ပုံ

	သူရဇ္ဇ ၁၂	
အမြိတ္တ ၁၆	ကမ္ဘာ ခေတ်	ကောလိ ၃၀
	ပါပ ၂၂	

ဓာတ်ဆန်း၊ ဓာတ်ပျက်၊ ရုက်ဆန်း၊ ရုက်ပျက် တွက်နည်းကား

မတွက်မီ အရင်တင်ကူး၍ သိထားရန်မှာ....

ပါပဓာတ်သက်	၂၂-နှစ်။
သူရဇ္ဇဓာတ်သက်	၁၂-နှစ်။
အမြိတ္တဓာတ်သက်	၁၆-နှစ်။
ကောလီဓာတ်သက်	၃၀-နှစ်။
ပေါင်းအသီတိဓာတ်	၈၀-ဖြစ်၏။

တွက်ပုံကား

လိုသော သက္ကရာဇ်ကိုတည်၊ ၂၀၅-နှုတ်၊ အကြွင်းကို ၈၀-နှင့်စား၊ လာဒ်ကိုမလို၊ အကြွင်းဓာတ်သက်ပေါင်းဖြစ်၏။ဂင်းဓာတ်သက်ပေါင်းတွင် ပါပဓာတ် ၂၂-နှုတ် မနှုတ်လောက်လျှင် ပါပဓာတ်ဆန်း၏။ နှုတ်လောက်၍ အကြွင်းရှိလျှင် သူရဇ္ဇဓာတ်သက် ၁၂-နှုတ်၊ မနှုတ်လောက်လျှင် သူရဇ္ဇဓာတ်ဆန်း၏။နှုတ်လောက်၍ အကြွင်းရှိလျှင် အမြိတ္တဓာတ်သက် ၁၆-နှင့်နှုတ် မနှုတ်လောက်လျှင် အမြိတ္တဓာတ် ဆန်း၏။ နှုတ်လောက်လျှင် ကောလီဓာတ်ဆန်း၏ဟုမှတ်။ အကြွင်းသည် ဆန်းသောဓာတ်ကိန်းဝင်ဖြစ်၏ဟု မှတ်၍ထားလေဦး။

ဂင်းဓာတ်ဆန်းသော ကိန်းဝင်နှစ်ကိုတည် ပါပဓာတ် ဆန်းမူ ပါပဓာတ်အတွက် ကိန်းစိတ် ၅-နှစ် ၆-လနှင့်ချေ။ သူရဇ္ဇဓာတ်အတွက် ၅-နှစ် ၆-လနှင့်ချေ။ အမြိတ္တဓာတ်အတွက် ၅-နှစ် ၆-လနှင့်ချေ။ ကောလီဓာတ်အတွက် ၅-နှစ် ၆-လချေ၊ မချေနိုင်ရာဓာတ်ပျက်၏။

သူရဇ္ဇခေတ်ဆန်းမှု ဇင်းခေတ်ဆန်းသောကိန်းဝင်နှစ်ကိုတည်၊ သူရဇ္ဇခေတ်အတွက် ကိန်းစိတ် ၃-နှစ်နှင့် နှုတ်။ အမြိတ္တခေတ်၏ အတွက် ၃နှစ်နှင့်နှုတ်။ ကောလီခေတ်၏ အတွက် ၁နှစ်နှင့် နှုတ်။ ပါပခေတ်၏အတွက်၃နှစ်နှင့်နှုတ်၊ မနှုတ်လောက်ရာခေတ်ပျက်၏။

အမြိတ္တခေတ်ဆန်းမှုဇင်းခေတ်ဆန်းသောကိန်းဝင်နှစ်ကိုတည်၊ အမြိတ္တခေတ်၏ အတွက်ကိန်းစိတ် ၄-နှစ်နှင့်နှုတ်၊ ကောလီခေတ် အတွက် ၄-နှစ်နှင့်နှုတ်၊ ပါပခေတ် အတွက် ၄-နှစ်နှင့်နှုတ်၊ သူရဇ္ဇ ခေတ်အတွက် ၄နှစ်နှင့်နှုတ်၊ မနှုတ်နိုင်ရာ ခေတ်ပျက်၏။

ကောလီခေတ်ဆန်းမှု ဇင်းခေတ် ဆန်းသော ကိန်းဝင်စိတ်ကို တည်၊ ကောလီခေတ်၏အတွက် ကိန်းစိတ် ၇ နှစ် ၆ လနှင့် နှုတ်၊ ပါပခေတ်အတွက် ၇ နှစ် ၆လနှင့် နှုတ်၊ သူရဇ္ဇ ခေတ်၏အတွက် ၇နှစ် ၆လနှင့် နှုတ်၊ အမြိတ္တ ခေတ်အတွက် ၇နှစ် ၆လနှင့် နှုတ်၊ မနှုတ်နိုင်ရာ ခေတ်ပျက်၏ဟု မှတ်လေ။

ကိန်းစိတ်တွက်နည်း

ပါပ, သူရဇ္ဇ, အမြိတ္တ, ကောလီ, ခေတ်သက် ၄-ပါး တို့၏ အသီးသီးကိုတည်၊ ၄-ခုနှင့်စား လာဒ်ကားနှစ်၊ ထိုအကြွင်းကို ၁၂-ခုနှင့်မြှောက် စားမြဲစား လာဒ်ကားလ၊ ခေတ်၄-ပါးအသီး သီး တို့၏ ကိန်းစိတ်ဖြစ်၏။

ခေတ်ငြိနှုတ်ကိန်း ဇယား

ခေတ်စဉ်	ပါပ	သူရဇ္ဇ	မြို့တွ	ကောလီ
ခေတ်သက်	၂၂	၁၂	၁၆	၃၀
နှစ်	၅	၉	၄	၇
လ	၆	၀	၀	၆

စက်ဆန်း၊ စက်ပျက် တွက်နည်း

မူသသက္ကရာဇ်ကိုတည် ၂၀၅-နှုတ်၊ ၁၂၀-နေ၊ အသိတိ ခေတ်သက် ၈၀ နှင့်စား လာပ်ကိုမလို အကြွင်းတွင် ပါပ၊သူရဇ္ဇ အမြို့တ္တ၊ကောလီဟူ၍ ပါပခေတ်က စပြီးလျှင် ခေတ်သက် အစဉ်အတိုင်းချေ။ မချေနိုင်ရာ စက်ဆန်း၏၊ အကြွင်းကိန်းဝင်၏။

၂၂-ရာသီကို ခေတ် ၄ပါးဖြင့် ဝေသော် တူ၊ ကုမ်၊ မေထုန် ဤသုံးရာသီတို့သည် ပါပခေတ်အိမ်ဖြစ်ကုန်၏။ မိဿ၊ သိဟ်၊ ဓနု ဤသုံးရာသီတို့သည် သူရဇ္ဇခေတ်အိမ် ဖြစ်ကုန်၏။ ကြကဋ်၊ ဗြိစ္ဆာ မိန်၊ ဤသုံးရာသီတို့သည် အမြို့တ္တခေတ်အိမ်ဖြစ်ကုန်၏။ မကာရ၊ ပြိဿ၊ကန်၊ ဤသုံးရာသီတို့သည် ကောလီ ခေတ်အိမ် ဖြစ်ကုန်၏။ ၎င်းသုံးရာသီတို့တွင် ပထမရာသီအိမ်ကို အာဒိအိမ်၊ ဒုတိယ ရာသီအိမ်ကို မဇ္ဈုံ အိမ်၊ တတိယရာသီအိမ်ကို အဝသာန်အိမ် ဟူ၍လည်း ခေါ်ဆိုကြ၏။ အာဒိကား ပထမ အရွယ်၊ မဇ္ဈုံကား ဒုတိယ အရွယ်၊ အဝသာန်ကား တတိယ အရွယ်ဟု မှတ်ယူရမည်။

ခေတ်ဆန်း၊ ခေတ်ပျက် ရာသီအိမ်၌ မိမိ၏ လဂ်၊ စန်း တနင်္ဂနွေ မွေးနံတို့ကိုတွေ့လျှင် ဟောဆိုရန် ဂါထာပါဌ်အနက်သော်ကား။

စန္ဒသူရိယလဂ္ဂေ ခေတု၊
မဟိဒ္ဓိကော မဟာတေဇော။
သုဝဏ္ဏပါသာဒ ဂေဟော၊
ရာဇာ ဟောတိ နသံသယော။　။

ယောဇာတသာမိကော- အကြင်ဇာတာရှင်သည်၊ စန္ဒသူရိယ-လဂ္ဂေ-စန်း၊ တနင်္ဂနွေ၊ လဂ်တို့သည်၊ ခေတုဌ်တေ-ခေတ်ဆန်း၊ ခေတ်ပျက် ရာသီအိမ်၌ တည်အံ့။ (ဝါ) တည်ခဲ့သည် ရှိသော်၊ သောဇာတသာမိကော- ထိုဇာတာရှင်သည်၊ မဟိဒ္ဓိကော- အရာရာမှာ ပြည့်စုံ ပေါ်များတတ်၏၊　မဟာတေဇော - နာမည် ဘုန်းတန်ခိုး သတင်းကြီးတတ်၏၊ သုဝဏ္ဏပါသာဒဂေဟော- ရွှေအိမ်ရွှေနန်း၌၊ ဝသန္တော-နေထိုင်လျက်၊ ရာဇာ-မင်းသည်၊ ဟောတိ-ဖြစ်တတ်၏၊ န သံသယော - ယုံမှားမရှိရာ။　။

ထိုသို့ စန်းပျက်သော ရာသီသုံးပါးတို့တွင် တပါးပါး၌ မူလ-စန်း၊ လဂ်၊ တနင်္ဂနွေ၊ မွေးနံ မူလရတနာပုံများ တပါးပါးကြုံတွေ့မှု အမျိုးအလိုက် ထိုက်သည့်အားလျော်စွာ ကောင်းကျိုးကို ပေးတတ်သည်။

ပစ္စုပ္ပန်အခါ ကောဇာ၊ ရတနာပုံ၊ အာယုစန်း နက္ခတ်တို့နှင့် ကြုံတွေ့မှုကား နာမည်ဘုန်းတန်ခိုးတိုးတက်၍ ကောင်းမြတ်သော အကျိုးတို့ကို ခံစားရရှိတတ်သည်။

မှတ်ချက် လက်၊ စန်း၊ မွေးနံ့၊ တနင်္ဂနွေ တို့သည် ဓာတ်ဆန်း၊ ဓာတ်ပျက် အာဒိအိမ်၌တွေ့မှုအမြွက်၊ မဇ္ဈိုင်အိမ်၌ တွေ့မှု အလတ်၊ အဝသာန်အိမ်၌ တွေ့မှု လျစ်လျူသော ကောင်းကျိုးတို့ကို ပေးတတ်၏ဟု ဟောဆိုရလေသည်။

စုက်ဆန်း စုက်ပျက် အဟော

စန္ဒသူရိယလဂ္ဂေဟိစ၊
လက္ခဏာသာမိကော စန္ဒရံ။
တတော လဘတိ ဗဟုလာဘံ၊
ယတြဇာတကေ စုက္ကဂတေ။

ယတြဇာတကေ- အကြင် ဇာတာရှင်၌၊ စန္ဒသူရိယ လဂ္ဂေဟိစ - စန်းလက်၊ တနင်္ဂနွေ ဂြိုဟ်တို့သည်လည်းကောင်း၊ လက္ခဏာသာမိကောစ - လက်၏သခင်သည်လည်းကောင်း၊ တတော ဣ ထိုနောက်၊ စန္ဒရံ-စန်း၏သခင်သည်လည်းကောင်း၊ တေ – ထို လက် စန်း တနင်္ဂနွေ လက်၏ သခင် စန်း၏သခင် ဂြိုဟ်တို့သည်၊ စုက္ကဂတေ - စုက်ဆန်း စုက်ပျက်သော ၆-ရာသီ တို့၌ ရောက်သည်ရှိသော်၊ သော- ထိုကဲ့သို့ဇာတာရှင်သည်၊ ဗဟုလာဘံ- များစွာသော လာဘ်ကို၊ လဘတိ - ရတတ်၏။

မှတ်ချက် စုက်ဆန်းသော ရာသီ သုံးပါးတွင် လက် စန်း တနင်္ဂနွေ လက်သခင် စန်းသခင်ဂြိုဟ်တို့ကို တွေ့လျှင် အဟောအတိုင်း အကျိုးပေးမည်။

စုက်ပျက် သုံးရာသီတွင် စန်း, လဂ်, တနင်္ဂနွေ၊ လဂ်၏သခင် စန်း၏သခင်တို့ကိုတွေ့မူ သာမန်အကျိုးမျှသာပေးမည်ဟု ဟောဆိုရာ၏။

ခေတ်ဖို ခေတ်မ နံခေတ်ရာသီအဟော
နံခေတ်ပုံ



မိဿရာသီကစ၍ လက်ဝဲရစ်အတိုင်း၊ မိန်ရာသီတိုင်အောင် (အန္တော, ဂဗ္ဘော, စရေ, ဝံသေ) ဟူ၍ ၁၂-ရာသီ ပတ်မိအောင် တရာသီ တရာသီလျှင် ဂြိုဟ်နှစ်လုံး,နှစ်လုံးစီ ချရမည်။

ဥင်း ၂-လုံးအနက် မိဿရာသီတွင် ပထမ တနင်္ဂနွေဂြိုဟ်သည် ခေတ်ဖိုမည်၏။ ဒုတိယ စနေဂြိုဟ်သည် ခေတ်မမည်၏၊ ပြိဿရာသီတွင် ပထမ တနင်္ဂလာဂြိုဟ်သည် ခေတ်ဖိုမည်၏။ ဒုတိယ ကြာသပတေးဂြိုဟ်သည် ခေတ်မ မည်၏။ မေထုန်ရာသီတွင် ပထမ

အင်္ဂါဂြိုဟ်သည် ခေတ်ဖိုမည်၏။ ဒုတိယ ရာဟုဂြိုဟ်သည် ခေတ်မ မည်၏။ ကြကင်္ခရာသီတွင် ပထမဗုဒ္ဓဟူးဂြိုဟ်သည် ခေတ်ဖိုမည်၏။ ဒုတိယ သောကြာဂြိုဟ်သည် ခေတ်မ, မည်၏။ ရှေ့ သိဟ်ရာသီက စ၍ မိန်ရာသီတိုင်အောင် ဤနည်းအတိုင်း ခေတ်ဖို, ခေတ်မကို ယူပါလေ။

တနင်္ဂနွေ,စနေသားတို့သည် မိဿရာသီကို နံခေတ်ဦး။ သိဟ်ရာသီကို နံခေတ်လယ်။ ဓနုရာသီကို နံခေတ်ဆုံးဟူ၍မှတ်။

တနင်္လာ, ကြာသပတေးသား တို့သည် မကာရ ရာသီကို နံခေတ်ဦး။ ပြိဿရာသီကို နံခေတ်လယ်။ ကန်ရာသီကို နံခေတ်ဆုံးဟူ၍မှတ်။

အင်္ဂါ,ရာဟုသားတို့သည် တူရာသီကိုနံခေတ်ဦး။ ကုမ်ရာသီကို နံခေတ်လယ်။ မေထုန်ရာသီကို နံခေတ်ဆုံးဟူ၍မှတ်။

ဗုဒ္ဓဟူး,သောကြာသားတို့သည် ကြကင်္ခရာသီကို နံခေတ်ဦး။ ဗြိစ္ဆာရာသီကို နံခေတ်လယ်။ မိန်ရာသီကို နံခေတ်ဆုံးဟူ၍မှတ်။

နံခေတ်မိပုံကို ပြခြင်း

တနင်္ဂနွေ,စနေသားတို့သည် မိဿ,သိဟ်,ဓနု ဤသုံးရာသီတို့၌ မွေးနံနေလျှင် နံခေတ်မိ၏။

တနင်္လာ,ကြာသပတေးသားတို့သည် မကာရ,ပြိဿ, ကန် ဤသုံးရာသီတို့၌ မွေးနံနေလျှင် နံခေတ်မိ၏။

အင်္ဂါ,ရာဟု သားသမီးတို့သည် တူ,ကုမ်,မေထုန် ဤသုံးရာသီတို့၌ မွေးနံနေလျှင် နံခေတ်မိ၏။

ဗုဒ္ဓဟူး, သောကြာ သားသမီး တို့သည် ကြကင်း, ဖြိစ္ဆာ, မိန်, ဤသုံးရာသီတို့၌ မွေးနံနေလျှင် နံမခတ်မိ၏။

ပါပခတ် ဆန်းဆဲအခါ၌ အင်္ဂါ, ရာဟု သားလည်း ဖြစ်စေ၊ ပါပမှာလည်း စုက်ပျက်စေ၊ တူ, ကုမ်,မေထုန်, သုံးရာသီတို့၌ လဂ်, စန်း, မွေးနံ, တနင်္ဂနွေ ဂြိုဟ်တို့လည်း နေစေ။

သူရဇ္ဇခတ်ဆန်းဆဲအခါ၌ တနင်္ဂနွေ, စနေသားလည်းဖြစ်စေ သူရဇ္ဇမှာလည်း စုက်ပျက်စေ၊ မိဿ,သိဟ်,ဓနု, ဤ သုံးရာသီတို့၌ လဂ်,စန်း, မွေးနံ, တနင်္ဂနွေလည်းနေစေ။

အမြိတ္တခတ် ဆန်းဆဲအခါ၌ ဗုဒ္ဓဟူး, သောကြာသားလည်း ဖြစ်စေ၊ အမြိတ္တခတ်မှာ စုက်ပျက်စေ၊ ကြကင်,ဖြိစ္ဆာ,မိန် ဤ သုံးရာသီတို့၌ လဂ်,စန်း,မွေးနံ,တနင်္ဂနွေဂြိုဟ်တို့လည်း နေစေ။

ကောလိခတ် ဆန်းဆဲအခါ၌ တနင်္လာ, ကြာသပတေး သားလည်းဖြစ်စေ၊ ကောလိမှာလဲ စုက်ပျက်စေ။ မကာရ,ပြိဿ, ကန် ဤသုံးရာသီတို့၌ လဂ်, စန်း, မွေးနံ, တနင်္ဂနွေဂြိုဟ်တို့လည်း နေစေ။

ဤ အင်္ဂါများနှင့် ညီညွတ်သော ဇာတာရှင်မှာ မင်းမျိုး သူဌေးမျိုးကိုမဆိုထားဘိ ကျွန်၏သားပင် ဖြစ်စေကာမူ မြို့,ရွာ ကျေးလက်နှင့်တကွ ကြီးစွာသောအကျိုးကို ပေးတတ်၏ ဟော ဆိုရာ၏။

ဂြိုဟ်တို့၏အားငါးပါးကို ခွဲခြား၍ပြဆိုချက်

ဂြိုဟ်တို့၌ ဌာနဗလ၊ ဒိသာဗလ၊ စေဋ္ဌဗလ၊ ကာလဗလ၊ နေသဂ္ဂိကဗလဟူ၍ အားငါးပါးရှိကုန်၏။

ထိုငါးပါးတို့တွင် ဌာနဗလဟူသည် ဂြိုဟ်တို့၏ တည်ရာဌာန အားပင်တည်း။

အဘယ်၌တည်လျှင် အားရှိသနည်းဟူမူ ဂြိုဟ်တို့သည် ဥစ် အိမ်၌တည်ခြင်း၊ တြိဂုဏ်းအိမ်၌တည်းခြင်း၊ ကသစ်အိမ်၌ တည် ခြင်း၊ မိတ်အိမ်၌တည်ခြင်း၊ မိတ်ဂြိုဟ်မြင်ခြင်း၊ မိတ်ဂြိုဟ်၌ ယှဉ် ခြင်း စသည်ဖြင့် အစဉ်လိုက် အားရှိကြကုန်၏။

ထို့ကြောင့် ဥစ်ဂြိုဟ်သည် အားအကြီးဆုံး ဖြစ်၏။ ဥစ်၊ တြိဂုဏ်း၊ကသစ်အိမ်တို့နှင့်၊ လက်ဝဲလကျာနီးတိုင်း တိုး၍ ဂြိုဟ်တို့ အားရှိ၏။ ဝေးတိုင်း အားယုတ်၏။ သမသတ်အိမ်၌ကား အား အလျှဉ်းမရှိဟုမှတ်။လက်ဝဲလကျာနှစ်ရပ်တွင်လက်ဝဲဘက်အနီးက လကျာဘက်အနီးထက် အတက်ဖြစ်၍ အားသာသည်ဟု မှတ်ရ မည်။ ဤကား ဌာနဗလ အားမှတ်ပုံတည်း။

ဒိသာဗလ အားဟူသည်ကား အရပ်ရှစ်မျက်နှာ အားတည်း။ ရာသီစက်၌ လဂ်ရာသီသည် အရှေ့မှ ထွက်ဆဲ ရာသီ ဖြစ်သော ကြောင့် အရှေ့အရပ်ဟူ၍မှတ်၊ လဂ်မှ ၁၀ တန့်ရာသီသည် တောင် အရပ်ဟုမှတ်၊ လဂ်မှ ၇တန့်ရာသီသည် အနောက်ရပ်ဟု မှတ်၊ လဂ် မှ ၄-တန့် ရာသီသည် မြောက်အရပ်ဟု မှတ်။

ဤသို့မှတ်သားပြီးလျှင် ဗုဒ္ဓဟူး၊ ကြာသပတေး ဂြိုဟ်တို့သည် အရှေ့အရပ်၌နေမူအားရှိကုန်၏။တနင်္ဂနွေ-အင်္ဂါတို့သည် တောင် အရပ်၌ အားရှိကုန်၏၊စနေသည်အနောက်အရပ်၌အားရှိကုန်၏။ သောကြာ-တနင်းလာ တို့သည် မြောက်အရပ်၌ နေမူကား အား ရှိကုန်၏။ ဤကား ဒိသာဗလ အားမှတ်ပုံတည်း။

စေဋ္ဌဗလဟူသည်ကား ဂြိုဟ်တို့၏ အားထုတ်ခြင်း ဗျာပါရ အတိုင်း ဖြစ်ပေါ်လာသောအားတည်း။ တနင်္ဂနွေ တနင်္လာတို့ သည် မကာရ၊ ကုမ်၊ မိန်၊ မိဿ၊ မေထုန် ဟူသော ဥတ္တရာယာဉ် ၆-ရာသီတို့၌ အားရှိကုန်၏။ အင်္ဂါစသော ကြွင်းဂြိုဟ် ၆-လုံး တို့သည် ကောင်းကင်၌ သိမ်မွေ့စွာ ထင်မြင်သောအခါ၌အရောင် များစွာ ထင်ပေါ်သောအခါ၌၊ အကောက်သွားသောအခါ၌၊ စေဋ္ဌဗလသွားခြင်း ဗျာပါရ အားရှိကုန်၏။ ဤကား စေဋ္ဌဗလ အားမှတ်ပုံတည်း။

ကာလဗလ အားဟူသည်ကား အချိန်ကာလ အားတည်း။ တနင်္ဂနွေ ကြာသပတေး သောကြာဂြိုဟ်တို့သည် နေ့အခါ၌ အား ရှိကုန်၏။ တနင်္လာ အင်္ဂါစနေဂြိုဟ် ဤ၃လုံးတို့သည် ညအခါ၌ အားရှိကုန်၏။ ခပ်သိမ်းသောဂြိုဟ်တို့သည် မိမိကိုယ်နေ့၊ မိမိနှစ်၊ မိမိလ၊ မိမိကာလ၊ မိမိရက်၊ မိမိဟူးရား၌ အားရှိကုန်၏။ သောမ ဂြိုဟ်သည် လဆန်းပက္ခ၌ အားရှိကုန်၏။ ပါပဂြိုဟ်တို့သည်လဆုတ် ပက္ခ၌ အားရှိကုန်၏။ တနင်္လာသည် လဆန်း ၁ရက်မှ လဆုတ် ၈-ရက်တိုင် အားရှိ၏။ ဤကား ကာလဗလ အားမှတ်ပုံတည်း။

နေသဂ္ဂိက အားဟူသည်ကား၊ မမှတာ ထုံးစံအတိုင်း ကြီးမြဲ ကြီးသော အားတည်း။ စနေသည် အယုတ်ဆုံးအားရှိ၏။ စနေ ထက် အင်္ဂါ၊ အင်္ဂါထက် ဗုဒ္ဓဟူး၊ ဗုဒ္ဓဟူးထက် ကြာသပတေး၊ ကြာသပတေးထက် သောကြာ၊ သောကြာထက် တနင်္လာ၊ တနင်္လာထက် တနင်္ဂနွေ။ အဆင့်ဆင့် အားကြီးသည်ဟု မှတ်ရ မည်။ ဤကား နေသဂ္ဂိကဗလ အားမှတ်ပုံတည်း။

ပကတိသဘောအားဖြင့် အမြဲစားနေသော နေသင်္ဂြိုဟ်ကဒ္ဒသာပုံ။

နေသင်္ဂြိုဟ်ကဒ္ဒသာစဉ်	၂	၃	၄	၆	၅	၁	၀	လ
စားမြဲအသက်	၁	၂	၉	၂၁	၁၈	၂၀	၅၀	*
လူ၏အသက်	၁	၃	၁၂	၃၂	၅၀	၇၀	၁၂၀	*

ယ·ဝန မည်သော တူရကီဆရာကြီးက
အသက်တရာကကျော်လျှင် လဂ်,ဒသာ စား၏ဟု
မိန့်မှာတော်မူခဲ့သည်။

တနည်း ဂြိုဟ်တို့၏အားကို ပြဆိုခြင်း

စေဋ္ဌဗလကား မကာရကာစ၍ မေထုန်တိုင်အောင် ခြောက်ရာသီ၌(၁၂၃၅၆) ဤဂြိုဟ်ငါးလုံးနေသော် စေဋ္ဌဗလ။ စနေကား ကြကဋ်ကစ၍ ဓနုတိုင် ခြောက်ရာသီ၌နေသော် စေဋ္ဌဗလ။ ဗုဒ္ဓဟူးကား နှစ်ပါးလုံး၌ အားရှိ၏။ စေဋ္ဌဗလ ဟူသည်ကား– စိတ်အားကို ဆိုလိုသည်။

အယဉ်ပိုင်းခြားခြင်းကြောင့် ဖုဋ္ဌဂြိုဟ်တွင် တွက်ရ အယနံ့ အသံ့ကိုရော၍ ယူရာ၏။ ဋ္ဌာနဗလကား ဇေဋ္ဌ အာသဠ နှစ်ရာသီ၌ တနင်္ဂနွေ၊ အင်္ဂါ သရဝဏ် အဒြ တနင်္လာ။ အဿဝဏီ ကြတ္တိကာ ဗုဒ္ဓဟူး–မိဂသီ–ဖုဿ ကြာသပတေး။ မာဃ ဖဂ္ဂုဏ စနေ။ စိတြ ဝိသာခါ သောကြာ အားရှိ၏၊

တန်ခူးစိတြကိုမယူ။ မိန်ကာစ၍ ယူရခြင်းကြောင့် တနင်္ဂနွေ မိဿတွင်ရှိလျှင် ဇေဋ္ဌဟုသိလေ။ ဒိဝါရတြဗလ အားကား နေ့ ညဉ့်နာရီကို ဒွေးချိုးချိုး၍ ရှေ့ထက်ဝက် သောမဂြိုဟ်အားရှိ၏။ နောက်ထက်ဝက်ပါပဂြိုဟ်အားရှိ၏။ နေ့ညဉ့် ဘောဂဗလ အား နေ့ နာရီကို သုံးခုစား၊ ပထမအဖို့၌ ဗုဒ္ဓဟူး၊ အလယ် တနင်္ဂနွေ၊ အဆုံး စနေအားရှိ၏။ ည၏အစတနင်္လာ၊ အလယ်သောကြာ၊ အဆုံးအင်္ဂါရှိ၏။ ကြာသပတေးမှာ နေ့ည နှစ်ပါးလုံးပင် အားရှိ၏။

ကာယဗလကား နေ့ဗဟိုရ်၌ ပထမဗဟိုရ် တနင်္ဂနွေ၊ ဒုတိယဗဟိုရ် ဗုဒ္ဓဟူး၊ တတိယဗဟိုရ် ကြာသပတေး၊ စတုတ္ထဗဟိုရ်တွင် သောကြာအားရှိ၏။ ည ၄-ဗဟိုရ်၌ ပထမ-တနင်္လာ၊ ဒုတိယ အင်္ဂါ၊ တတိယ စနေ၊ စတုတ္ထ ဗုဒ္ဓဟူးဂြိုဟ်အားရှိ၏။

သမဝိသမ ဗလကား သမရာသီ၌ တနင်္ဂလာ, သောကြာ၊ ဝိသမ၌တနင်္ဂနွေ, အင်္ဂါ, ကြာသပတေး, ဗုဒ္ဓဟူး, စနေ, ဂြိုဟ်ငါးလုံး အားရှိ၏။

တြင်းဗလကား ယောကျ်ားဖြစ်သော တနင်္ဂနွေ, အင်္ဂါ, ကြာသပတေးဂြိုဟ်သုံးလုံးသည် အစတြင်း၌အားရှိ၏၊ဂြိုဟ်မိန်းမ-များဖြစ်သော တနင်္ဂလာ, သောကြာနှစ်ပါးသည်တြင်း အဆုံးအားရှိ၏။ နပုန်းဂြိုဟ်ဖြစ်သော ဗုဒ္ဓဟူး, စနေဂြိုဟ် နှစ်ပါးသည် တြင်းအလယ်၌ အားရှိ၏။ သောမဂြိုဟ်မြင်သော်ရင်း၊ယှဉ်သော်ရင်း အားရှိ၏။ ဥစ်၌နေလျှင် လေးဘို့အားရှိ၏။ မူလတြိဂုဏ်မိမိကာသစ် အလတ်ဖြစ်သောအား၊ မိတ်အိမ်နေသော်ရင်း၊ မိတ်ဂြိုဟ်သော်ရင်းဖြစ်မူ တစိတ်တဒေသသော အားရှိ၏။

ဝကျ သွားသောဂြိုဟ်၊ တနင်္ဂလာ ပူးသော ဂြိုဟ်တို့သည် အောင်သဗဂြိုဟ်ဖြစ်၍ ယုဒ္ဓဗလအားရှိ၏။ လဆန်း၌သောမဂြိုဟ် လဆုတ်၌ ပါပဂြိုဟ် အားရှိ၏၊ စစ်အောင်ခြင်းတည်း၊ စန်း၏အားကားလ၏အစ ၁၀ရက်ကားမခုအား၊ ၁၁ရက်မှ ၂၁တိုင် ၁၀ရက်ကား အတိဗလဝ အားရှိ၏။ ၂၁-ရက်မှ ၃၀-ရက်တိုင် ၁၀ ရက်ကား တစိတ်သာ အားရှိ၏။ သောမဂြိုဟ်မြင်မူ အခါခပ်သိမ်း အားရှိ၏။

တနင်္ဂနွေအစရှိသော ဂြိုဟ်တို့၏မြင်သော အတန့်ကို ပြခြင်း

တနင်္ဂနွေ, တနင်္ဂလာ, ဗုဒ္ဓဟူး, သောကြာဂြိုဟ်တို့သည် ၃တန့် ၁၀တန့် တ-ါဒ်မြင်၏။ ၅တန့် ၉ တန့် ၂ပါဒ်မြင်၏။ ၄တန့် ၈တန့် ၃ပါဒ်မြင်၏။ ၇တန့် ၄ပါဒ်မြင်၏။

အင်္ဂါဂြိုဟ်သည်

၇-တန့် တပါဒ်မြင်၏။ ၃-တန့် ၁၀-တန့် ၂-ပါဒ်မြင်၏။ ၅-တန့် ၉-တန့် ၃-ပါဒ်မြင်၏။ ၄-တန့် ၈-တန့် ၄ ပါဒ်မြင်၏။

ကြာသပတေးဂြိုဟ်သည်

၄ တန့် ၈တန့် တပါဒ်မြင်၏။ ၇ တန့် ၂ ပါဒ်မြင်၏။ ၃တန့် ၁၀ တန့် ၃ ပါဒ်မြင်၏။ ၅တန့် ၉တန့် ၄ပါဒ်မြင်၏။

စနေဂြိုဟ်သည်

၅တန့် ၉တန့် တပါဒ်မြင်၏။ ၄တန့် ၈တန့် ၂ပါဒ်မြင်၏။ ၇တန့် ၃ပါဒ်မြင်၏။ ၃တန့် ၁၀တန့် ၄ပါဒ်မြင်၏။

ရာဟုဂြိုဟ်သည် ၁တန့် ၁၁တန့် တပါဒ်မြင်၏။ ၃တန့် ၄တန့် ၆တန့် ၈တန့် ၂ပါဒ်မြင်၏။ ၂တန့် ၁၀တန့် ၃ပါဒ်မြင်၏။ ၅တန့် ၇တန့် ၉တန့် ၁၂တန့် ၄ပါဒ်မြင်၏။

ဤကားဂြိုဟ်တို့မြင်သော အတန့်ကိုပြခြင်းတည်း။

ဂြိုဟ်မြင်ဇယား

ဂြိုဟ်	၁၂၄၆	၀	၅	၃	အမြင်
အမြင်ဖွဲ့	၃ ၁၀	၅ ၉	၄ ၈	၇	၁,ပါဒ်
	၅ ၉	၄ ၈	၇	၃ ၁၀	၂,ပါဒ်
	၄ ၈	၇	၃ ၁၀	၅ ၉	၃,ပါဒ်
	၇	၃ ၁၀	၅ ၉	၄ ၈	၄,ပါဒ်

မှတ်ချက် ဂြိုဟ်မြင်ကို ကြည့်ရာ၌ မိမိရပ်တည်သောရာသီမှ အတန့်တို့ကို ကြည့်ရှုရ၏။ မည်သည့်ဂြိုဟ်က မည်သည့်ဂြိုဟ်ရာသီကို မြင်သည်ဟု ဆိုခြင်းမှာ ကြည့်မြင်သောဂြိုဟ်ကစ၍ အမြင်ခံရသော ရာသီဂြိုဟ်တို့ကို ကြည့်ရှုရလေသည်။

သာမညဟောသံပေါက်

ပါပကောင်းကျိုး၊ ကြမ်းတမ်းမိုး၊ ငရဲမလွတ်နိုး။
သောမကောင်းခြင်း၊ သိမ်မွေ့ခြင်း၊ တာရှည် ငရဲကင်း။
ဤနှစ်ဆိုကို၊ ခွက်သိပ်မျိုး၊ ဘဝင်ကြအောင်ကြို။
ထိုဂြိုဟ်ကောင်းကျိုး၊ ပေးစရိုး၊ ရှေးရိုးပေါ်စဉ်ဆို။

မင်း၊ သူဌေး၊ အမတ်၊ ရဟန်း၊ ဖြစ်တွက်ပုံအဟော

အလွန်တရာ ရခဲလှစွာသော မနုဿတ္တဒုလ္လဘတ္တဲကို ရရှိ၍၊ လူအဖြစ်ချင်း တူကြငြားသော်လည်း အချို့ကားမင်း၊ အချို့ကား သူဌေး အချို့ကားအမတ်၊ အချို့ကားရဟန်းစသည်ဖြင့် နာနာကမ္မာက ကမ္မပစ္စည်း အားလျော်စွာ အကျိုး ခံစားလျက် ရှိကြကုန်၏။

ဤသို့လျှင် တဦးနှင့်တဦး အကျိုးပေးမတူ ကွဲလွဲကြပုံ တို့ကို လောကီဗေဒင်ကျမ်းအလိုအားဖြင့် မဆွက တင်ကြိုတွက်ချက်၍ ကြည့်က သိနိုင်ရာသောအကြောင်း ရှိပေသည်။ တွက်ချက် ဘို့ရာ မှာမူကား။

မိဿဆာသတ္တာ၊ ပြိဿဝီသနှင့်၊ ကန်ဆ, မေ-တူ၊ အဌယူလော၊ သိဟ်မှ ဒသ၊ နံ-နဝတည့်၊ ကြကင့် ဇော, ကုမ်-တယော၊ ကာ, မိန်ိ နှစ်အိမ်မှာ သက္ကရာဇ်နှင့်ရောဖျော် နှစ်ဖော်တည်ထား၊ ထက်ဖျား ဇယျ၊ အောက်ကတြိန်း၊ မြောက်ကိန်းသတ်ခွင်း၊ ဒွေးဗျည်းကြွင်းမူ မင်းကေရာဇ် ဖြစ်မည်မုချ၊ ဇော်, ဆ, သူဌေး၊ တေဇော-အမတ်၊ နှစ်ထပ်သုည၊ မြင်ကရဟန်း၊ လင်္ဂကိန်းခန်းကို၊ ထောက်လှမ်း တွက်စစ် ဟောရန်သော်။

ချုပ်ဇယား



အဓိပ္ပါယ်မှာ

ဆယ့်နှစ်ရာသီခွင်တွင် မိဿာနှင့် ဗြိစ္ဆာမှာ ၇။ ပြိဿမှာ ၂၀၊ ကန်မှာ ၆။ မေထုန်နှင့် တူမှာ ၈။ သိဟ်မှာ ၁၀၊ ဓနုမှာ ၉။ ကြကင့်မှာ ၄၊ ကုမ်မှာ ၃။ မကာရနှင့် မိန်မှာ ၁, စီ၊ ဤသို့ဂဏန်းချ၍ထားပါ

ထိုသူ၏ မူလ သက္ကရာဇ်တွင် မိမိလက်ရှိရာ ရာသီက ၈ဏန်းကို ယူ၍ ပေါင်းပြီးလျှင် နှစ်ဖော်ထား၊ အထက်ကို ၄-ခုမြှောက်၊ အောက်ကို ၃ ခုမြှောက်၊ ၇-ခုချည်း စား၊ ၂-နှင့် ၅-ကြွင်းမူ မင်းဇာတာဟုမှတ်၊ ၁-နှင့်ဝ ကြွင်းမူသူဌေးဖြစ်ထိုက်သောဇာတာ ဟုမှတ်၊ ၃ နှင့် ၄ကြွင်းမူ မင်းအမတ်၊ သူတပါးကို မှီခိုရသော ဇာတာဟုမှတ်၊ သုညနှစ်ခုစလုံးကြွင်းမူ ဤသူကားရဟန်းဇာတာ ဟု မှတ်ရ၏။

ဤတွက်နည်းဖြင့် မိမိကိုယ်ကိုမည်သည့်အတန်းအစားထဲကဟု ခွဲခြားသိရှိရန် ပဋိဘာန် ရွေ့ထားပြီး မမှားအောင် တွက်ချက် ကြည့်ရှုသင့်လှပေ၏။

ဗေဒသိယုဂ် ရခြင်းနှင့် ရင်းတို့အဟော

စန်းကိုကြည့်၍တနင်္ဂနွေမှ ၁၂-တန့်၌ ဂြိုဟ်တလုံးတလုံး နေ လျှင် ဗေဒသိယုဂ်မည်၏။ ထိုယုဂ်ရသူကား အနည်းငယ် မျက်စိ သီတတ်၏။ စကားလည်း တည်ကြည်ခြင်း မရှိတတ်။ သူတပါး ပင်ပန်းသည်ကို နားမလည်၊ မိမိထင်ရာကို ခိုင်းစေမည်။

တနင်္ဂနွေမှ ၂-တန့်၌ ဂြိုဟ်တလုံးနေမူ ဝသိယုဂ်မည်၏။ ထို ယုဂ်ရသူကား စကားများစွာမပြောတတ်၊ အဆင်ခြင် အလိမ္မာ ဉာဏ်ရှိတတ်၏။ အမှုခပ်သိမ်းကို ပြီးစီးအောင်ဆောင်ရွက်နိုင်၏။ ဖြေးညှင်းသိမ်မွေ့စွာ သွားလာနေထိုင်တတ်၏။

တနင်္ဂနွေမှ ၂တန့်၊ ၁၂တန့် နှစ်ပါးစုံ၌ ဂြိုဟ်နေလျှင် ဥဘယ စရိယုဂ်မည်၏။ ထိုယုဂ်ရသူကား ရုပ်အဆင်း တင့်တယ်ခြင်း ရှိမည်။ များသော စည်းစိမ်ရှင်ဖြစ်၍ ဘွဲ့ထူးဂုဏ်ထူးရမည်။ လူအပေါင်းတို့၏ မှီခိုအားထားခြင်းကို ခံရမည်။ မင်းနှင့်တူသော စည်းစိမ်ကို ခံစားရမည်၊ ပျော်ရွှင်စွာ နေထိုင်မည်။ လုပ်ဆောင်ကြံစည်သမျှ ပြီးစီးအောင်မြင်တတ်သည်။

ဥစ္စာရှိ,မရှိ အဟော

ဤသူကား ဥစ္စာရှိ,မရှိကို သိလိုမူ၊ ၎င်း၏ဇာတာတွင် မိဿက စပြီး လက်ယာသို့ ရေ၍တည်၊ ၎င်းကို လဂ္ဂဏာသခင် အသက်နှင့် မြှောက်၊ ၇ ခုနှင့်စား၊ ပါပကြွင်းမူ ဥစ္စာရှိအံ့ မချွတ်တည်း။ သောမကြွင်းမူ ဥစ္စာများစွာမရှိဟု ဟောဆိုရာ၏။

သုနဘာယုဂ်,အနဘာယုဂ်,ဒူရုဒူရယုဂ် ကေမဒုမယုဂ်တို့ အဟော

တနင်္ဂနွေကို ကြည့်၍ စန်းမှ ၂တန့်၌ ဂြိုဟ်တလုံးလုံး နေလျှင် သုနဘာယုဂ်မည်၏။ ထိုယုဂ်ရသူကား သန့်ရှင်းစွာ နေထိုင်တတ်မည်၊ အစားအသောက်အတွက်ပင်ပန်းခြင်းမရှိတတ်။ မင်းစိုးတို့၏ သူကောင်းပြုခြင်းများကို ခံရမည်။ နာမည်ထင်ရှား ကျော်ကြားမည်။ စိတ်သဘောကောင်းမည်။ ဘွဲ့ထူးဂုဏ်ထူးရမည်။

စန်းမှ ၁၂-တန့်၌ ဂြိုဟ်တလုံးလုံး နေလျှင် အနဘာယုဂ် မည်၏၊ ထိုယုဂ်ရသူကား ဉာဏ်ပညာကောင်းတတ်သည်။ နာမည် တန်ခိုး သတင်းကြီးမည်။ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာမည်။ ကိုယ့်ဒူးကိုယ်ချွန်အကျိုးပေးမည်၊ အနာရောဂါကင်းမည်၊ ဇာတာ ရိယာဂုဏ်နှင့် ပြည့်စုံတတ်သည်။

စန်းမှ ၂တန့် ၁၂တန့် နှစ်ပါးစုံ၌ဂြိုဟ်နေလျှင် ဒုရာဒုရယုဂ် မည်၏။ ထိုယုဂ်ရသူကား မင်းနှင့်တူသော ဘွဲ့အမည်များကိုရ၍ နာမည် ဘုန်းတန်ခိုးသတင်း ထင်ပေါ် ကျော်ကြားခြင်း ရှိမည် လူအပေါင်းတို့၏ မှီခိုအားထားခြင်းကိုခံရမည်။ ပစ္စည်းဥစ္စာပြည့် စုံ၍ တပည့်လက်သား သားသမီး အခြွေအရံများနှင့် တင့်တယ် ပျော်ရွှင်စွာ နေထိုင် ရမည်။ စိတ်နှလုံး ကြည်ဖြေ ချမ်းသာမည်။ လှူဒါန်းပေးကမ်းလိုသောစိတ် ရှိတတ်သည်။

စန်းမှ ၂-တန့် ၁၂-တန့်နှစ်ပါးစုံ၌ ဂြိုဟ်တလုံးမျှ မရှိလျှင် ကေမဒုမယုဂ်မည်၏။ ထိုယုဂ်ရသူကား ကိုယ်စိတ်နှစ်ဖြာ လွန်စွာ ပင်ပန်းဆင်းရဲတတ်၏။ ရဟန်းသော်လည်း ဖြစ်တတ်၏။

သုနဘာယုဂ်အဟော တေးထပ်

သုနဘာရွှေယုဂ် ကေဝုစ် ရပြန်၊ ပွေမရှုပ် မြသဟန်လို၊ ရာဇာတတန်ထင်ရှား၊ မန်နှင့်သိပ္ပဂုဏ်မှာ စိတ်ချပုံ အေးမည့်အလား၊ မင်းမျိုးပဖြစ်ပြန်လျှင်၊ ကာသစ်စ် ရွှင်အား၊ ရိန္ဒမာလှ ထားနှင့် မင်းမြွက်စား တန်ဆာ၊ ဇာနေယျ သိန္ဓဝ၊ ချိန်အကျဆက်သ မည်သာ၊ မျှူးမတ်သား မျိုးတကာမှာ၊ ရိုးအရာမှန်ကြောင်းပ၊ မနှောင်းထိန်သရေ တိုးလိမ့်ကမ္ဘေ၊ ပစ္စက္ခ ဤလောကေမှာ စော တရမ ထုံထူးမို့ လေး။

အနဘာယုဂ်နှင့်ဒွာရ ဒွာရယုဂ်ဟော တေးထပ်

အနဘာ ဒွာရဆင့် နှစ်ဖြာရင့်ယုဂ်နေ။ မာလာပွင့် ရနံ့ ငွေလို၊ နံ့တမြေအလုံး။ ပန်းသကာ့ မဥ္ဇူခွေငယ်၊ ဆယ်ကုဋေ လိုက်တော့မဆုံး။ ဘောဂနှင့် လောကကြွယ်တယ်၊ ပြောပတ္တယ် တန္ခုန်း၊ စောမြမယ်တဖုန်းနှင့်၊ ခိုင်ဂမုန်းအသွင် လူတကာပြုငှါ ကြ၊ ကညာပကဲလိမ့်အသွင်၊ မလွဲဘူးတနဲထင်၊မြဲအစဉ်ရွှေကျမ်း မို့ တခန်းတဖုံဆင်၊ ဟောလောက်သည့်အင်။ သပြေမြ ညာ တခွင်မှာ ဇာတာတွင် ခေါင်ချုပ်မို့လေး။

ကေမဒုမယုဂ်ဟော တေးထပ်

ပါရမီအခြေခံ၊ ကေမဒုရုပ်ပုံ၊ အပေ့မှုအုပ်စုံ အရုပ်ပုံ ထောင် သောင်း၊သပွတ်နှင့်ရွှေကလိန်တွင်၊ နေမငြိမ် ပင့်ကူထိပ်ဆောင်း။ ဖွတ်များက ညွတ်တွားဆင် ထွင့်ထားပင် ခေါ်ကြောင်း။ ဝတ် စားအင် မကောင်းလို့ အကြောင်းက သေးသိမ်၊ နေအိမ်မှာ ပြာတောင်ပေါက်၊ ရာထောင်လောက် ကဲလိမ့်အရှိန်၊ ဖွဲ့ချက်က ကဲထက်ပိန်တယ် ကူလီအိမ်အသော့ထပ်လို့ တော်ဇောကတလေးပို ရွေးကကုသိုလ်၊ ကေမဒု ပေ့မှုဂြိုဟ်ငယ်- ဖေပုကို ဆွေးအောင် လို့လေး။

ယုဂ်လေးပါးအဟောပြီး၏။

ကသစ်အကြောင်း

ကသစ်ပြည်ရွာ၊ ဥစ်ကား ဆင့်မြင်း၊ ခေတ်ကား မင်းဟု ဆိုသော စကားအတိုင်း ကသစ်ဂြိုဟ်သည် နဝင်းစောင့် ဂြိုဟ်ဟု ဆိုအပ်သော ၁၂ရာသီတို့၌ ပါဒ်အားဖြင့် (၁၀၈)ပါဒ် ရှိသော နက္ခတ်(၂၇)လုံးတို့တွင် မည်သည့်နက္ခတ်ထွန်းပသည်ဟုပြဆိုအပ်သော ကောင်းကျိုးကို ပေးစွမ်းနိုင်သည့် ဂြိုဟ်များပင် ဖြစ်လေသည်။

ရင်းကသစ်ချရန် လက်ခမှာ

မိဿရာသီက စ၍ (စ,သာ,ရွှေ,ကူ,အင်း,ဝ,သူ,ဆန်,ဖြူ,တတင်း,ပေး) ဟူ၍ လက်ဝဲရစ် ချရ လေသည်။ ချပုံနည်း ပုံစံကို အောက်တွင် ကြည့်ရှုပါလေ။

အပြင်ကသစ်ပုံ



အတွင်းကသစ် ချရန်လက်ခ

(ဝေ၊သာ၊လီ၊ပြည်၊ အုံ၊ထူး၊လည်၊ကျောက်၊ ဆည်၊ရွှေ၊မြို့၊နန်း၊) ဟူသော လက်ခကို အပြင် ကသစ်ချပုံနည်း၊တူ မိဿ ပြိဿ စသည်ဖြင့် လက်ဝဲရစ်အတိုင်းချရလေသည်

အတွင်းကသစ်ပုံ



အပေါ်မှာ အတွင်း ကသစ်, အပြင်ကသစ် နှစ်ပါး ထူးခြားခြင်းမရှိ အတူတူပင် ဖြစ်သည်။

ဂင်းကသစ်လင်္ကာကို ပင် တူရာသီကစ၍ ဗြိစ္ဆာ ရာသီသို့ အစဉ်အတိုင်း စ,သာ,ရွှေ,ကူ,အင်း,ဝ, သူ,ဆန်,ဖြူ,တာ,တင်း, ပေး,ချလျှင် ပြဟုဆိုလေ သည်။

ပြအိမ်ပုံစံ



(မှတ်ချက်)

တနင်္ဂနွေ ဂြိုဟ်သည် သိဟ်ရာသီ၌ ရှေ့အံသာ ၂၀ တို့သည်မူလတြိဂုဏ်း မည်၏။ နောက်ကျန် အံသာ ၁၀ သည် ကသစ် မည်၏။ စန်းသည် ပြိဿ ရာသီ၌ ၃ အံသာသည် ဥစ်မည်၏။ ကျန် ၂၇-

အံ့သာသည် မူလတြိဂုဏ်းမည်၏။ အင်္ဂါဂြိုဟ်သည် မိဿရာသီ၌ အစ ၁၂အံ့သာတို့သည် မူလတြိဂုဏ်းမည်၏။ ကျန် ၁၈အံ့သာသည် ကသစ်မည်၏။ကန်ရာသီ၌ ဗုဒ္ဓဟူးဂြိုဟ်အစ ၁၅အံ့သာသည် ဥစ်မည်၏။ နောက်ကျန် ၅အံ့သာတို့သည် မူလတြိဂုဏ်းမည်၏။ နောက်ကျန် ၁၀ အံ့သာတို့သည် ကသစ်မည်၏။ ကြာသပတေးဂြိုဟ်သည် ဓနုရာသီ၌အစ၁၀အံ့သာတို့သည် မူလတြိဂုဏ်းမည်၏။ နောက်ကျန်အံ့သာ ၂၀တို့သည် ကသစ်မည်၏။ သောကြာဂြိုဟ်သည် တူရာသီ၌ အစ ၁၅ အံ့သာတို့သည် မူလ တြိဂုဏ်း မည်၏။ ကျန် ၁၅အံ့သာ တို့သည် ကသစ်မည်၏။ စနေဂြိုဟ်သည် ကုမ်ရာသီ၌ အစ အံ့သာ ၂၀တို့သည် မူလ တြိဂုဏ်း မည်၏။ နောက်ကျန် ၁၀အံ့သာတို့သည် ကသစ်မည်၏ဟု မှတ်လေ။

ဤသို့ ရွေးချယ်စီစစ်၍ ကသစ်ဂြိုဟ်များ ရလျှင် ဟောရန် လင်္ကာ စသည်များမှာ....

ကသစ်(၁၂)ပွင့် အဟောလင်္ကာ

နောင်သား နောင်လာ၊ မျိုးလေးဖြာတို့၊ မှတ်သားစေဘွယ်၊ နိဒါန်းသွယ်ပိန့်၊ မကျယ်စေ့ရေ၊ ဆိုတုံ့ပေအံ့။

၁။ တနင်္ဂနွေကသစ်၊ ရသည်ဖြစ်မူ၊ ရပ်သူခပဲ၊ မညှဉ်းဆဲနိုင်၊ ကြီးခိုင်မြဲစွာ၊ မြတ်ဥစ္စာနှင့်၊ မကွာတူကာ၊ ချမ်းသာရ၏။

၂။ စန္ဒရမှာ၊ မှန်စွာစင်စစ်၊ မင်းမျိုးဖြစ်မူ၊ ထီးဖြူဆောင်းမြင်း၊ ယာဉ်သံလျဉ်းနှင့်၊ စီးလျှင်းတာဝ၊ ကျော်စောလှ၏။

၃။ တောမတထွေ၊ ကသစ်နေမူ၊ ပညာကြီးကျယ်၊ ကုန်လျှင်သွယ်တတ်၊ မင်းမျိုးစပ်မူ၊ ထီးဖြူလည်းရ၊ လွန်ကြွယ်ဝအံ့။

၄။ ဗုဒ္ဓတထွေ၊ ကသစ်နေမူ၊ ကြီးပေပညာ၊ မင်းရာဇာသို၊ များစွာမယား၊ ခင်ပွန်းထား၏။

၅။ ဂုရုတထွေ၊ ကသစ်နေမူ၊ များပေဥစ္စာ၊ ပြည့်စုံစွာနှင့် မင်းလျာစင်စစ်၊ အမှန်ဖြစ်အံ့။

၆။ ကသစ်သောကြာ၊ ဆန်းကြွယ်စွာလျှင်၊ ပညာလက်စွမ်း၊ ကုန်စည်ပြွမ်း၍၊ ပြည့်လျှမ်းရွှေငွေ၊ ပေါများချေအံ့။

၇။ စနေကသစ်၊ ရသည်ဖြစ်မူ၊ ထစ်သည်စကား၊ ရှိတတ်ငြား၏။ ကြီးမားမျက်မာန်လွန်ခက်ထန်၍၊ ခြံရံခြွေရွေ၊ ပေါ်တတ်ချေသည်၊ ကဝေပဏ္ဍိ၊ ဟောရိုးတည်း။

ကသစ်ဟော ဂါထာပါဌ်အနက်

၁။ ရဝိ ပရမော ကောဓော၊
　　သသိ သခ်ါရယုဇ္ဇိတော။
　　ဘုမ္မော သေနာပတျာမစ္စော။
　　ဗုဓော ကတျာဏပူဇိတော။　။

၂။ ဂုရု ဒီဃာယုကော ဟောတိ၊
　　ဘရဂု ပိယဘာသနော။
　　သောရီ သေဋ္ဌော နရပ္ပတိ၊
　　ပဏ္ဍိတောဟိ ဝိဇာနေယျ။　။

၁။ ရဝိ၊ တနင်္ဂနွေ ကသစ်ရသောသူကို။ ပရမောကောဓော၊ စိတ်ထက်မြက်၏။

၂။ သသိ၊ တနင်္လာ ကသံစ်ရသော သူကို။ သခ်ီရယုဇ္ဇ်တော၊ အပြုအပြင် အသွင်အမူအရာ သပ်ရပ် ကောင်းမွန်စွာ ရှိတတ်၏။

၃။ ဘုမ္မော၊အင်္ဂါကသစ်ရသောသူကို။သေနာပတျာမစ္စော၊ အမတ်,စစ်သူကြီး,ဖြစ်တတ်၏။ ဝါ၊ စစ်ဘက် ဆိုင်ရာနှင့်ပုလိပ်, စာသင်, ရာဇဝတ်အုပ် စသည်ဖြင့် ဖြစ်တတ်၏။

၄။ ဗုဓော၊ဗုဒ္ဓဟူးကသစ်ရသောသူကို၊ကလျာဏပူဇိတော၊ လူကြီးလူကောင်း မိတ်အပေါင်းတို့၏ ပူဇော်ခြင်းကိုခံရတတ်၏။

၅။ ဂုရု၊ ကြာသပတေးကသစ်ရသောသူကို။ဒီဃာယုကော၊ အသက်ရှည်ကြာ ချမ်းသာစွာ နေရတတ်သည်။ ဟောတိ၊ဖြစ်၏။

၆။ ဘရဂု၊သောကြာကသစ်ရသောသူကို။ပိယဘာသနော၊ အပြေအပြစ်ချစ်နှစ်သက်ဖွယ်သောစကားကို ပြောကြားတတ်၏။

၀။ သောရီ၊စနေကသစ်ရသောသူကို။သေဋ္ဌော၊မြတ်သော။ နရပ္ပတိ၊ လူတို့အရှင် ဖြစ်တတ်၏။ ဣတိ၊ ဤသို့။ ပဏ္ဍိတေဟိ၊ ဗေဒင်အရာ ကောင်းစွာမြင်သိ ပညာရှိတို့သည်။ ဝိဇာနေယျံ၊ ဟောဆိုအပ်၏။

ကသစ်ဟောရ စကားပြင်

၁။ တနင်္ဂနွေ-ကသစ်ရမူ၊ အဘအမျိုးကောင်းမည်။ အဘ၊ သို့မဟုတ် အဘနှင့်တူသူ လူအများနှင့်ပတ်သက်၍ အကျိုးကျေးဇူးများမည်။ အမည်သတင်း ကျော်စော ထင်ရှားခြင်းဖြစ်မည်။ စွမ်းရည်သတ္တိ ရှိမည်။ အနေအထိုင် သန့်ရှင်း စင်ကြယ်မည်။

မိန်းမဖြစ်မူ လင်,သား,အဘ, မောင်တို့၏ တန်ခိုး ဂုဏ်ကို ခိုလှုံ ရတတ်သည်။

၂။ တနင်းလာ ကသစ်ရမူ ပစ္စည်း ဥစ္စာ လိုရာမရှား ပေါ များ ပြည့်စုံလွယ်မည်။ အမိ,မိန်းမ,သမီး,ကောင်းမွန်မည်။ ငွေရ လွယ်မည်။

၃။ အင်္ဂါ ကသစ်ရမူ ရဲရင့်မည်၊ မည်သည့်အလုပ်မဆို မဆုပ် မနစ် ရဲဝံ့စွာ ပြုလုပ်တတ်သည်။ ငရဲနံနှင့် စပ်လျဉ်းသောဆန်,ဆီ ဆေး,ဆား ကုန်များကို အရောင်းအဝယ် ပြုလုပ်က အကျိုးပေး မည်။ ရန်ကိုအောင်နိုင်မည်။

၄။ ဗုဒ္ဓဟူး ကသစ်ရမူ သားကောင်း သမီးကောင်းထွန်းကား မည်။ မိတ်ဆွေကောင်းများနှင့် ပေါင်းသင်းရတတ်သည်။ ပြက် ရယ်စကားများ ပြောကြားတတ်မည်။ ပျို့,ကဗျာ,လင်္ကာ,ရတု, စာစီကုံးခြင်း အမှု ရှိတတ်မည်။ ငင်းနံနှင့်စပ်လျဉ်း၍အကျိုး ပေးမည်။

၅။ ကြာသပတေး ကသစ် ရမူ ဉာဏ်ပညာ အထူးကောင်း မည်။ သီလအကျင့် ကောင်းစွာရှိမည်။ သူတပါးအားကရုဏာ မေတ္တာထားတတ်မည်။ ပညာရှိသူတော်ဦကောင်းများနှင့်ပေါင်း သင်း ဆက်ဆံလိုမည်။ ငင်းနံနှင့်စပ်လျဉ်း၍ အကျိုးပေးတတ်၏။

၆။ သောကြာ ကသစ်ရမူ မယားကောင်း ရတတ်သည်။ သို့မဟုတ် မယားတွေ့မှုပေါက်နေမည်။ သွားလေရာရာမှာမျက်နှာ ပွင့်လင်းမည်။ လိမ္မာပြေပြစ်ချစ်နှစ်သက်ဖွယ်သော စကားများကို ပြောကြားတတ်မည်။ ငင်းနှင့်စပ်လျဉ်း၍ အကျိုးပေးတတ်၏။

၇။ စနေ ကာသစ်ရမှု မင်းစိုးရာဇာတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရမည်။သို့မဟုတ် လူမျိုးကွဲ လူမျိုးခြားတို့၏ ခြီးမြှောက်ခြင်းကိုသော်လည်း ခံရတတ်သည်။ စနေနံနှင့် ပတ်သက်၍ အကျိုးကျေးဇူး အထူးရှိတတ်သည်။

ကာသစ်ဖြိုဟ်

၁—ပွင့် ရလျှင် အမျိုးနှင့် တန်းတူမည်။
၂—ပွင့် ရလျှင် အမျိုးတို့၏ အကြီးအမှူးဖြစ်မည်။
၃—ပွင့် ရလျှင် ဆွေမျိုးတို့၏ ပူဇော်ခြင်းကို ခံရမည်။
၄—ပွင့် ရလျှင် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမည်။
၅—ပွင့် ရလျှင် စည်းစိမ်ချမ်းသာကို ခံစားရမည်။
၆—ပွင့် ရလျှင် မင်းကဲ့သို့ စည်းစိမ်ချမ်းသာရှိမည်။
၇—ပွင့် ရလျှင် မင်းဖြစ်တတ်သည် ဟူလို။

မိတ်အိမ်၌ ကာသစ်ဖြိုဟ်

၁—ပွင့် ရလျှင် စည်းစိမ်ကို ခံစားရအံ့။
၂—ပွင့် ရလျှင် ဆွေမျိုးတို့၏ ယုယခြင်းကို ခံရအံ့။
၃—ပွင့် ရလျှင် သားချင်းတို့၏ မြတ်နိုးခြင်းကို ခံရအံ့။
၄—ပွင့် ရလျှင် အပေါင်းအသင်း များအံ့။
၅—ပွင့် ရလျှင် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာအံ့။
၆—ပွင့် ရလျှင် အရာရာမှာ အကြီးအကဲလုပ်ရအံ့။
၇—ပွင့် ရလျှင် မင်းဖြစ်အံ့၊ သို့မဟုတ် မင်းနှင့်တူစွာ စည်းစိမ်ကို ခံစားရအံ့။

နေသင်္ဂြိုဟ် မိတ်,ရန်,ဥဒါသိန် သုံးပါးကို ခွဲခြား၍ ပြဆိုချက်

တနင်္ဂနွေဂြိုဟ်သည် တနင်္လာ,အင်္ဂါ, ကြာသပတေး တို့နှင့် မိတ်။ သောကြာ,စနေတို့နှင့်ရန်။ ဗုဒ္ဓဟူး ဥဒါသိန် မည်၏။

တနင်္လာဂြိုဟ် စသော ဂြိုဟ်တို့မှာလည်း အောက်ပါ အင်း ဇယားတွင် ပြထားသည့်အတိုင်း မိတ်,ရန်,ဥဒါသိန်တို့ကို ကြည့်ရှု ပါလေ။

မိတ်,ရန်,ဥဒါသိန် ကြည့်နည်း

ဂြိုဟ်စဉ်	၁	၂	၃	၄	၅	၆	၀
နေသင်္ဂြိုဟ်က မိတ်	၂ ၃ ၅	၁ ၄	၁ ၂ ၅	၁ ၆	၁ ၂ ၃	၄ ၀	၄ ၆
နေသင်္ဂြိုဟ်က ရန်	၆ ၀	မ	၄	၂	၄ ၆	၂ ၁	၁ ၂ ၃
နေသင်္ဂြိုဟ်က ဥဒါသိန်	၄	၃ ၅ ၆ ၀	၆ ၀	၃ ၅ ၀	၀	၃ ၅ ၀	၅

မှတ်ရန် ဆောင်ပုဒ်လင်္ကာ

အောင်ကျော်စံမှူး၊ ငါ့အိမ်ဝေး၊ ငြိမ်းအေးခါပင် လဆသွင်ဘုန်းအင်ကြီးစွာ့ သီလနှင့်နတ်ဝင်သား မမှား ခင်ပွန်းမှတ်။ အသေနံ စလှဝက်ကို မသတ်လို သူအိုကောင်းထိန်းကျောင်းအုပ်စု ရန်လျှင်ရှု။ ။မိတ်ရန်စုတွင်မဝင်မကြိမ် မှတ်ရန် ဥဒါသိန်။ ။

ဤသို့နဂိုရ်မိတ်,ရန်,ဥဒါသိန်တို့ကို သိရာ၏။ နေသင်္ဂကမိတ်ရန် ဥဒါသိန်လည်း မည်၏။

တက္ကာလ မိတ်ရန်ကား မိမိဂြိုဟ်မှ ၂-တန့်၊ ၃-တန့်၊၄-တန့်၊ ၁၀-တန့်၊ ၁၁-တန့်တည်သော ဂြိုဟ်သည် တက္ကာလမည်၏။

ဥစ်ရသော ဂြိုဟ်နှင့် ရာသီ,အံသာ,လိတ္တာ, တူလျှင်တူသော ဂြိုဟ်နှင့် ထိုဥစ်ဂြိုဟ်သည် မိတ်မည်၏။ အံသာတူသည်ကိုယူ၏။

တက္ကာလရန်ကား မိမိဂြိုဟ်နေအိမ်က ၁တန့်၊၅တန့်၊၆တန့်၊ ၇တန့်၊ ၈တန့်၊ ၉တန့်၊ လင်္ဂနေသော ဂြိုဟ်သည် တက္ကာလရန်မည်၏။

မူလမိတ်နှင့် တက္ကာလမိတ်နှစ်ပါးစုံမူ အမိ မိတ်မည်၏။ မူလရန်နှင့် တက္ကာလရန် နှစ်ပါးစုံမူ အမိရန်မည်၏။

ရန်နှင့်မိတ် မဖြစ်မူ ဥဒါသိန်။ မိတ်နှင့် ဥဒါသိန်ဖြစ်မူ မိတ်သာမန်။ ရန်နှင့် ဥဒါသိန်ဖြစ်မူ ရန်သာမန်ဟု မှတ်ထားရာ၏။

ဥစ်,နိစ်,တြိဂုဏ်းဂြိုဟ်များမှာ အောက်ပါဇယားတွင်ပြသော ရာသီ အံသာတို့ကို မှတ်သားသိရှိရာ၏။

ဥစ်၊ နိစ်၊ တြိဂုဏ်း ပုံစံဇယား

၁	၂	၃	၄	၅	၆	၇	၈	၉	ဂြိုဟ်စဉ်
၀ ၁၀°	၁ ၃°	၉ ၂၈°	၅ ၁၅°	၃ ၅°	၁၁ ၂၇°	၆ ၂၀°	၆ ၂၀°	၀ ၆	ဥစ်ရာသီ အံသာ
၆ ၁၁°	၇ ၃°	၃ ၂၈°	၁၁ ၁၅°	၉ ၅°	၅ ၂၇°	၀ ၂၀°	၀ ၂၀°	၂ ၉°	နိစ်ရာသီ အံသာ
၄ ၂၀ ၀	၁ ၂၇ ၀	၀ ၁၂ ၀	၅ ၂၀ ၉	၈ ၁၆ ၀	၆ ၁၅ ၀	၁၀ ၂၀ ၀	၉ ၂၁ ၀	၄ ၆ ၀	မူလတြိဂုဏ်း ရာသီအံသာ

တနင်္ဂနွေ ဗုဒ္ဓဟူးဂြိုဟ် နှစ်လုံးမှာ ဥစ်အံသာ အလွန် တြိဂုဏ်းယူရာ၏။

ဂြိုဟ်တို့သည် ဥစ်အိမ်၌နေ ဘုန်းကြွက်သရေမင်္ဂလာ ကြီးမား ထွန်းကားတတ်သော ဇာတာရှင်ဟုမှတ်။

နိစ်အိမ်၌နေမူ အကျင့်အမူ မကောင်းတတ်။ ယုတ်မာ ဆိုး သွမ်းတတ်လေသည်။

ဤကား ဂြိုဟ်တို့၏ အကျင့် သဘောကို ဟောပြောဘို့ရာ အချက်အမြွက်မျှ ပြခြင်းဖြစ်သည်။

ဥစ်္စ အသ်ာ ရပုံ
အကျဥ်းမှတ်ရန် ဆောင်ပုဒ်လင်္ကာ

ဂဠုန်တဆယ်၊ ကျားဝယ်တြို၊ အင်္ဂဒွိအင်္ဂါ၊ ပန္နရာဗုဒ္ဓ၊ ပဥ္စဇီဝါ၊ သောကြာသတ်ဒွ၊ ဝီသစနေ၊ တထေ့ဝဟိုင်း၊ နောက်ပိုင်းကိတ်မှာ၊ ခြောက်အသ်ာ၊ မှတ်ပါဥစ်္စနိုစ်မူတို့တည်း။

တြိဂုဏ်း အသ်ာရပုံ
အကျဥ်းမှတ်ရန် ဆောင်ပုဒ်လင်္ကာ

တြိဂုဏ်း အင်းဝ ထောက်ရှာ(၁၊ ၄၊ ၇၊ ၈)။ အံသာဝီသစန္ဒသတ်ဒွါ၊ ဘောမာဒွါဒသ်၊ ဒသဇီဝါ၊ သောကြာဆယ့်ငါး၊ ကိတ်ကား ခြောက်သာ၊ မှတ်ကြပါ အသ်ာတြိဂုဏ်း။

ကာသစ်အသ်ာရပုံ ဆောင်ပုဒ်

သတ္တာဒသ၊ ကူမှာချ၊ ဝကို ငါးအသ်ာ။ ။
တြိဂုဏ်းမှာ၊ ကျန်သမျှ၊ အံသာကာသစ်ပါ။ ။

ဥစ်အကြောင်း ဟောဆိုရန်

ဥစ်ဟူသည် ဌာနဗလအားဖြင့် လေးစိတ်အား ရှိသည်ကို စွဲ၍ ရာသီစေ့အောင်မထားဘဲ ရှစ်ခွင်သာ ထားရလေသည်။ ဥစ်ချရန်လင်္ကာမှာ- (ကောင်း၊ အောင်၊ သာ၊ ဘယ်၊ ညာ၊ လင်္ဂ နှင့် ရွှေး)ဟု ပြီးသအိမ်ကာစ၍ လင်္ကာလိုက် အစဉ်အတိုင်း ချရလေသည်။

ဥစ်ဂြိုဟ်ချရန် ပုံစံကား



နိစ် ဆိုသည်ကား ကောင်း, အောင်, သာ ဘယ်,ညာ,လက်,နှင့်ရွေး ဟူသော ဥစ်ဂြိုဟ်လင်္ကာ ကိုပင် ပြိဿာရာသီကစ၍ လက်ျာလိုက်တစဉ်တည်း ပြောင်းပြန် ပြန်၍ ချရ လေသည်၊

နိစ်ဂြိုဟ် တည်ဟန်ပုံစံကား



ဇင်း နိစ် ၃-ချက်၊ ပြ ၃-ချက် မိသော ဇာ တာများမှာ သူတပါးတို့ ၏ အခိုင်း အစေများကို ခံရ တတ် ၏ ဟု ဟော လေ။

မှတ်ချက် ဥစ်မရှုံဘဲ၊ နိစ်ပြဿထဲတွင်စန်း လင်္ဂဝင်မှု ကြီးအင် ဂုဏ်မြောက်၊ သူ့မရောက်တည့်၊ လူ့အောက်က သာ ကြိုးနွံ ရှာလိမ့်။ ဟု အဟောရှိလေသည်။

အတွင်းဥစ် တည်ပုံအကြောင်း

အတွင်းဥစ်ဇယားပုံစံ



သိဟ်ရာသီ၌ စနေ၊ တူရာသီ၌ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာ၊ ဗြိစ္ဆာရာသီ၌အင်္ဂါ။ မိန်ရာသီ၌ရာဟု။ မိဿရာသီ၌ တနင်္လာ။ ကြကင့်ရာသီ၌ ကြာသပတေးတို့ကို ထားရသည်။

တွက်ပုံကား မူလသင်္ကြန်ရာဇ်ကိုတည်၊ ၁၂-ခုစား၊အကြွင်းကို ဥစ်အိမ်ရင်းကစ၍ လက်ဝဲရစ်ရေချ။ ဆုံးသော ရာသီ၌ ရင်းဂြိုဟ်များတွေ့လျှင် အတွင်းဥစ်ရသည်ဟုမှတ်ယူရမည်။

အတွင်း ဥစ်ချရန် တေးထပ်

ရွှေသိဟ်မှာ မီးတောက်လို့၊ ခြသေ့်ဟောက် ဗြိစ္ဆာ၊ ဆင်ပူးမင်း တိတျာငယ် တူရာသီမှန်လှ။ နောက်ဆုံးက မိန်စက်ခွင်မှာ

ချိန်လျက်ပင် ဟိုင်းရာဟုချ၊ ရွှေဗျဂ္ဂမိဿစံသည်၊ စိတ်ချရန်ဆိုက ဝိဇ္ဇာဉာဏ် ထိုဤပြုလိုက်တော့ ဂြိုဟ်ဇိဝ ကြကင်္ခဝင်၊ ချပြီးကာမှ မယုတ်စေနှင့် သူအဟုတ် ဥစ်အိမ်သာရှင်၊ ဖွားမူလ သက္ကရာဇ် အမြင်ကို ဆယ့်နှစ်ပင်ဖြိုစားလို့ အပိုများ ကြွင်းအကျန် ရှိခဲ့လေပြန်။ အိမ်ရှင်းက လက်ဝဲမှန်အောင် တချက်မလွဲရန် ဆိုထောက်ပါတော့လေး။ ။

ဥစ်ရ၍ ကောင်းကျိုးပေးပုံအဟော

၁။ တနင်္ဂနွေ ခေါ်ထွေဥစ်လျှင် ရတ္တိုကျင်မှုများဖြင်ရတနာ ဥစ္စာပြည့်စုံ ကျူသို့ရုံလျက်၊ ရောက်တုံအကျယ် သုံးဆယ့်နှင့်ကိုး နှစ်ကဖြိုးသော် စိုးမင်းရာဇာ ဖြစ်တို့ရာ၏။

၂။ တနင်းလာကား မှန်စွာစင်စစ် သုံးဆယ့်နှစ်ကျော် ပေါ်သည့်ရွှေကျိုး အမျိုးများမှာ မှီခိုရာ၏။

၃။ အင်္ဂါတမူ လိုက်ဆူမြေပြင် ပေါက်ပြထင်လျက်၊ စစ်လျှင်ထိုးသော် အကျော်တစော တန်ခိုးပြောလစ် သူရဲဖြစ်အံ့၊ အနှစ်သုံးဆယ် ရှစ်နှစ်ကယ်သော် များကြွယ်ဥစ္စာ လူတကာတို့ မှီလာကပ်ပူး လွန်ကြည်နူးအံ့။

၄။ ဗုဒ္ဓဟူးမှာ ရတနာဆင်မြင်း ပြည့်စုံခြင်းတည့်၊ သတင်းနီးဝေး ပန်းသို့မွှေးလိမ့်။

၅။ ကြာသပတေးမူ ကြီးထူပညာ ချမ်းသာရလစ်၊ ခြောက်ဆယ်ကကျော် ခုနစ်ဖော်လျှင် သင့်လျော်ထိုက်တန် ကျိုးရောက်ပြန်အံ့။

၆။ ခြောက်တန် သော်ကြာ၊ စောင့်သီလာနှင့် သတ္တာဗိုသ-လွန်လေကမူ များလှအဆွေ ပေါများပေအံ့။

၀။ စနေမှာကား၊ ဆန်းပြားဆန်းကြယ် ပြည့်စုံကြွယ်၍၊ လူဝယ်ခေါင်ဖျား ဖြစ်တတ်ငြားသည်။ ဤကား ဥစ်နေ အဟော-တည်း။

တနည်း ဥစ်ဟောလင်္ကာ

၁။ တနင်္ဂနွေ ဥစ်ရပေမူ၊ ထိုသူဖွားခါ ကြမ္မာဆောင်သည့်-ဘေးထိတတ်သည်၊ နားလည်မှတ်ယူ ထိုသူငယ်ကား၊ မိဲးများ-လောင်ရာ၊ မလောင်ပါမူ အနာပေါ်တတ်၊ အရပ်တပါး ကြီးမြင့်-ငြားလည်း မင်းသားသော်မူ မင်းဖြစ်ယူမြဲ၊ ဆင်းရဲသားမှာ ဟူး-ရား သမား မြောက်မြားတတ်ဖွေ မျိုးဆွေ ရှိညှတ်၊ မြတ်သော-စည်းစိမ် ရိပ်ငြိမ်ပွင့်လင်း ယာဉ်သံလျှင်းစီး ခရီးသွားရန် ချင်းတ-မှန်ပေ ရှေးဦးသေအံ့၊ မှတ်လေကုန်မင်း အဆင်းလည်းလှ လာဘ-လာဘ်ပေါ၊ မြတ်သောစရိုက် ကောင်းထိုက်လှစွာ၊ အနာလည်း-ရှင်း တုဘက်ကင်း၏။ ဥစ်မင်းတနင်္ဂနွေ အဟောတည်း။

၂။ တနင်္လာ ဥစ်ရပါမူ၊ ဖွားရာထိုသူ သေမည် ဟူရှင့်၊ မသေမူကား ဘေးများ သင့်ဘိ၊ သတိအပ်ရာ မှည့်၊ အမာရွတ်-ရှိမလွတ်တည့်၊ မြတ်အံ့မိမျိုး၊ ဘမျိုးတမူ ယုတ်သည်ဟူ၏။ယူခြင်း-ပေးခြင်း ရှိခြင်းနှလုံး မြတ်ဆုံးရောင်ဆင်း ကောင်းခြင်းတင့်တယ်-ပေါကြွယ်ရွှေငွေ ဆန်ရေစပါး များအံ့မယွင်း၊ ယာဉ်သံလျှင်းနှင့်-ဆင်မြင်းမကွာ လူတကာတို့ ပူဇာကြီးမြတ် စုက်လာဘ်ပြန့်ပြော-မှန်သဘောရှင့်၊မနောစိတ်မှာ ယွင်းမကွာသည်။တနင်္လာဟော-ဥစ်ရတည်း။

၃။ ဘောမအင်္ဂါ ဥစ်ရပါမူ၊ ဖွားခါကာလ မိဘတို့မှာ မသာနှလုံး ဖြစ်ထုံးမချို့၊ သို့မဟုတ်က သည်းလှုထန်စွာ မိုးသည်း ကြီးရွာအံ့။ မဟာမေန သမ္ပုန္နနှင့် အဿဟာတ္ထိရှိသည်ဥစ္စာ၊ သွား ရာရာလည်းများစွာလာဘ်ရ၊ များလှမယားများစွာသားတည့်၊ ထူးခြားရသာ ပြန့်ပြောစွာလျက်၊ မဟာသူဌေး အမည်ပေးရာ ချင့်ဇာတာသည်။ မှန်စွာအဟော ထွက်ကြောင်းတည်း။

၄။ ဗုဒ္ဓဟူးဥစ်မှာဟောထိုက်ရာသား၊ သံသရာကျိုးဆောင်နှိုး ကုသိုလ် ကောင်းမှုလိုလား လာဘ်များရန်အောင် ရည်ဆောင် ပြီးစီး၊ ကြီးသည်ချမ်းသာ မုတ္တာရဇတ သုဝဏ္ဏနှင့်ပြည့်ဝမောက် လျှမ်း ညှိုးနွမ်းကင်းကွာ ကျော်ကြားရာသည်။ ဗုဒ္ဓါဥစ်မင်း အဟောတည်း။

၅။ ဇီဝါဂုရု ဥစ်ကိုရှုသော်၊ မြတ်သုခမိန် လိမ္မာ, သိကြား များသည့်ခြံရံ၊ ကျော်လွှန်တန်ခိုး၊ မျိုးလည်းမြတ်စွ လှပရောင် ဆင်း၊ ဆင်မြင်းကျေးကျွန် ရေ, ဆန်, စပါး များသည်ရွှေ,ငွေ သွားလေရာရာ မှန်မကွာသည် လျှံဖြာဂုရု ဥစ်ဟောတည်း။

၆။ ဘာရဂုသောကြာ ဥစ်ရမှာမူ၊ များစွာမိန်းမ၊ ရှည်လှ အသက် ရန်ဘက်နိုင်နင်း စောင့်ခြင်းသီလ၊ မိန်းမခြံရံရှင်စံမညှိုး မိန်းမကျိုးကို ပြည့်ဖြိုးမှန်စွာ ခံစားရာသည်။ သောကြာဥစ်မင်း အဟောတည်း။

၀။ ဂြုဟာသောရာ ဥစ်ရပါမူ၊ ရတနာ,ထီးစည်,ရမည်မချွတ်၊ ယာဥ်မြတ်စီးမှူ သူ့ကိုညှဉ်းဆဲ၊ လည်ရှဲသက်ထား မယားနှင့်မုန်း မင်းရုံးစိုးဆီ ယှဉ်မိဆက်ဆံ ဂုဏ်မာန်လည်းတက်၊ ထက်မြက် ပညာ ကြီးရာလို့လ၊ တရားလည်းကင်း ရှက်ခြင်းမရှိ ဖြစ်တုံ ဘိသည်။ မှန်၏ သောရီ ဥစ်ဟောတည်း။

၈။ ရာဟုမှာကား ဖွားခါခဏ မိဘအနာ ကြီးသင့်ရာ၏။ မနာမူကား ဆေးမျိုးများနှင့်ရန်ကားဖြစ်မည်။ လျှို့ဝှက်သည်မှာ အမာရွတ်ရှိ ချစ်ဘိ သက်ထား မယားများအံ့။ တပါးရပ်ရွာ ကျော်ညာထင်ရှား အများခိုရာ ထိုဇာတာရှင် ဖြစ်မြဲပင်တည့်၊ ဤလျှင်စကား မှတ်သားစရာ ဥစ်ဟောရာ၌ ဇာတာနှိုင်းညှိရေးစီဘိ၏။ ကပိလက္ခဏာ လိမ္မာယဉ်ကျေး မွေးမဥူခိုင် သင်းပျံ့လှိုင်သည် ပိုင်ပိုင်ရွှေနားဆင်ဘို့တည်း။

ဥစ်ဇဟာ ဂါထာပါဠိအနက်

၁။ ရဝိဥစ္စော နရာဓိပေါ၊ စန္ဒြရဥစ္စော ယာနကော၊
ဘောမဥစ္စော ရာဇသုခေါ၊ ဗုဓဥစ္စော မဟာဒ္ဓနော။ ။

၂။ ဂုရုဥစ္စော ရာဇာဘဝေ၊ သောကြာဥစ္စော မဟာဗ္ဗလော၊
သောရိဥစ္စော မဟာပုညော။ ပဏ္ဍိတေဟိ ဝိဇာနေယျံ။

(၁) ရဝိဥစ္စော၊ တနင်္ဂနွေ ဥစ်ရသောသူကို။ နရာဓိပေါ၊ လူများအပေါ်၌ အုပ်စိုးပိုင်သ ထွန်းပတတ်၏။

(၂) စန္ဒြရဥစ္စော၊ တနင်းလာဥစ်ရသောသူကို။ယာနကော၊ ရတနာဆင်မြင်း ယာဉ်သံလျင်းနှင့် ပြည့်စုံခြင်းရှိတတ်၏။

(၃) ဘောမဥစ္စော၊ အင်္ဂါဥစ် ရသောသူကို။ ရာဇသုခေါ၊ ရာဇမင်းစိုး ခြီးမြှောက်ခြင်းအကျိုးကို ခံစားရရှိတတ်၏။

(၄) ဗုဒ္ဓဥစ္စော၊ ဗုဒ္ဓဟူးဥစ် ရသောသူကို။ မဟာဒ္ဓနော ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတတ်၏။

(၅) ဂုရုဥစ္စော၊ ကြာသပတေးဥစ် ရသောသူကို။ ရာဇာ ဘဝေ၊ မင်းဖြစ်တတ်၏။

(၆) သောကြာဥစ္စော၊ သောကြာဥစ် ရသောသူကို၊ မဟာဗ္ဗလော၊ ကိုယ်နှင့်၊ ပညာ၊ ဥစ္စာ၊ များပြား ကြီးကျယ်ဖွံ့ထွားသော ခွန်အားနှင့် ပြည့်စုံတတ်၏။

(၀) သောရီဥစ္စော၊ စနေဥစ်ရသောသူကို။ မဟာပုညော၊ ကြီးကျယ်ဖွံ့ဖြိုး ကောင်းမှုကုသိုလ်မျိုးကို စိုက်ပျိုး ရတတ်၏။ ဣတိ၊ ဤသို့။ ပဏ္ဍိတေဟိ၊ ဗေဒင်အရာ ကောင်းစွာမြင်သိ ပညာရှိတို့သည်။ ဝိဇာနေယျံ၊ ဟောဆိုအပ်၏။

၁။ ကေဥစ္စော အဓိပတိ၊ ဒွေဥစ္စော ပဏ္ဍိတော ဘဝေ။
တြိဥစ္စော အမစ္စော စ၊ စတုဥစ္စော မဟာရာဇာ။

၂။ ပဥ္စဥစ္စော စက္ကဝတ္တိ၊ ဆဥစ္စကော အရဟန္တော။
သတ္တဥစ္စော ပစ္စေကဗုဒ္ဓေါ၊ အဋ္ဌဥစ္စော သမ္မာသမ္ဗုဒ္ဓေါ။

ရင်းပါဠိ၏အဓိပ္ပါယ်ကား

၁။ ဥစ်တချပ်ရမူ အကြီးအမှူးဖြစ်မည်။
၂။ ဥစ်နှစ်ချပ်ရမူ ပညာရှိ သုခမိန်ဖြစ်မည်။

၃။ ဥစ်သုံးချပ်ရမှူ မှူးမတ်, မင်းတိုင်ပင်ဖြစ်မည်။
၄။ ဥစ်လေးချပ်ရမှူ ဘုရင်မင်းမြတ် ဖြစ်မည်။
၅။ ဥစ်ငါးချပ်ရမှူ စကြာဝတေးမင်းဖြစ်မည်။
၆။ ဥစ်ခြောက်ချပ်ရမှူ ရဟန္တာပုဂ္ဂိုလ်ဖြစ်မည်။
၇။ ဥစ်ခုနစ်ချပ်ရမှူ ပစ္စေကဗုဒ္ဓါဖြစ်မည်။
၈။ ဥစ်ရှစ်ချပ်ရမှူ ဘုရားဖြစ်အံ့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပေတည်း။

တြိဂုဏ်း အကြောင်း

တြိဂုဏ်းဟူသည်ကား အား (၇)ပါး တို့တွင် ၃-စိတ်အား ရှိသောကြောင့် ဌာနဗလကိုစွဲ၍ တြိဂုဏ်းဟုခေါ်ဆိုရသည်။ ထို တြိဂုဏ်းဂြိုဟ်မှာ သာမည တြိဂုဏ်း, မူလ တြိဂုဏ်းဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတွင် လဂ်မှ ၅တန့်၊ ၉တန့် ဂြိုဟ်များကို သာမညတြိဂုဏ်းဟု ခေါ်ဆိုသည်။

၎င်းသာမည တြိဂုဏ်းကား ကြီးစွာသောအကျိုးကို မပေး စွမ်းနိုင်။ မူလတြိဂုဏ်းမှသာလျှင် ကြီးစွာသော အကျိုးကို ပေး စွမ်းနိုင်လေသည်။

မူလတြိဂုဏ်းအိမ်များကား

မိဿရာသီမှာ အင်္ဂါဂြိုဟ်တည်ရှိခြင်း၊ ပြိဿရာသီမှာ တနင်း လာဂြိုဟ်တည်ရှိခြင်း၊ သိဟ်ရာသီမှာ တနင်္ဂနွေ၊ ကန်ရာသီမှာ ဗုဒ္ဓဟူး၊ ဓနုရာသီမှာ ကြာသပတေး။ မကာရ ရာသီမှာ ရာဟု၊

ကုမ်ရာသီမှာစနေဂြိုဟ်တည်ရှိခြင်းသည်မူလတြိဂုဏ်းမည်၏။ ထိုသို့ ပင် ဇာတာခွင်၌ တည်နေပြွားသော်လည်း အသံကို ရွေးချယ်၍ ညီညွတ်မှုသာ အဆိုးအကောင်းကို ဟောပြောရာ၏။

တြိဂုဏ်း အသံကို ဇယားအချုပ် ပြုလုပ်၍ နောက်ကပြဆို ခဲ့ပြီးဖြစ်သည်။

တြိဂုဏ်းဂြိုဟ်များ တည်ဟန် ပုံစံ

တြိဂုဏ်း ဂြိုဟ်နေဟော တေးထပ်။

သိဟ်ဘုံမှာ ဂဋုန် နတ်၊ ယုန်ပြသာဒ်ပြိသာ မိဿမှာ ကေ သ ရ ပ၊ ပြောင်ရာဇာ ကန်တွင်း၊ နန်းမနုရွှေဇိဝါငယ် ရွှေ ညီလာ ထွန်းပလို့ဆင်း။ တူသောကြာ၊ ကုမ်စနေ၊ ကိန်း ပုံ သေ မ ယွ င်း၊ တြိဂုဏ်းဂြိုဟ်မင်းနေခြင်း၏ လက္ခဏာ၊ ဥစ်၊ ကသစ်၊ လဂ်၊ စန်းနှင့် စက်ခန်းမှာတွေ့ကြုံသောအခါ၊ ရာဇယုဂ်လူမဟာ ဇမ္ဗူမှာကျော် ကြားလို့၊ ယောကျ်ားမြတ် အာဇာနီ ဟောသင့်လှပြီ။ ရွှေဗြို့ ဟပ် ကျမ်းလာညီတယ် ပါရမီကံထူးမို့လေး။

စမ္မခဏ်း ၊ ယမ္မခဏ်းနက္ခတ်ရွေးချယ်ရန်



၁။ ရဝိမှိ ဒသောကာဒသ၊ စန္ဒရေ အဋ္ဌနဝမံ။
ဘောမေဧကေ သတ္တရသ၊ ဗုဓေ ဆ တေရသ မတံ။

၂။ ဂုရုံသုညေ ကူနဝီသံ၊ သုက္ကေ စတုပန္နရသ။
ဗာဝီသံ စတုဝီသဥ္စ၊ သောရီယံ စမ္မယမ္မကံ။

ရှင်းပါဠိ၏ အဓိပ္ပါယ်သော်ကား

တနင်္ဂနွေမှာ စမ္မခဏ်း နက္ခတ် ၁၀-လုံး၊ ယမ္မခဏ်း နက္ခတ် ၁၁-လုံး။

တနင်္လာမှာ စမ္မခဏ်း နက္ခတ် ၈-လုံး၊ ယမ္မခဏ်းနက္ခတ် ၉-လုံး

အင်္ဂါမှာ စမ္မခဏ်း နက္ခတ် ၁-လုံး ယမ္မခဏ်း နက္ခတ် ၁၇-လုံး။

ဗုဒ္ဓဟူးမှာ – စမ္ဗခဏ်း, နက္ခတ် ၆ – လုံး၊ ယမ္ဗခဏ်း နက္ခတ် ၁၃-လုံး။

ကြာသပတေးမှာ – စမ္ဗခဏ်း နက္ခတ် ၁၉-လုံး၊ ယမ္ဗခဏ်း နက္ခတ် ၂၇-လုံး။

သောကြာမှာ - စမ္ဗခဏ်း နက္ခတ် ၄-လုံး၊ ယမ္ဗခဏ်း နက္ခတ် ၁၅-လုံး။

စနေမှာ – စမ္ဗခဏ်း နက္ခတ် ၂၂-လုံး၊ ယမ္ဗခဏ်း နက္ခတ် ၂၄-လုံးဟူ၍ နားလည်သိရှိ မှတ်မိစေရမည်။

တနင်္ဂနွေစသော ဂြိုဟ်တို့၏ စမ္ဗခဏ်း,ယမ္ဗခဏ်း နက္ခတ်များကို မှတ်သားရန် သံပေါက်

၁။ ရဝိ-စမ္ဗ၊ တဆယ်ပြ၊ ယမ္ဗဆယ့်တစ်သာ။
၂။ ငွေယုန်-စမ္ဗ၊ ရှစ်ခုရ၊ ယမ္ဗ ကိုးနဝါ။
၃။ ဘောမာ ကော၊ သတ္တရ၊ ယူကြစဉ်တိုင်းသာ။
၄။ ဂြဟာဗုဒ္ဓ၊ စမ္ဗာ ဆ၊ ယမ္ဗ တေရသာ။
၅။ ဆယ်ကိုးစမ္ဗ၊ ဂြိုဟ်ဇီဝ၊ ယမ္ဗ သတ်ဗီသာ။
၆။ စတု သောကြာ၊ စမ္ဗာပြ၊ ယမ္ဗ ပန္နရာ။
၇။ ဗာဝီသ–ရေး၊ နှစ်ဆယ်လေး၊ ကြံတွေးစနေမှာ။

စမ္ဗခဏ်း,ယမ္ဗခဏ်း နက္ခတ်အကြောင်း ပြီး၏။

၁၂-ရာသီခွင်၌ ယူပုံမှာ

ကသစ်ဂြိုဟ်အတိုင်း စဟူသော မိဿရာသီ၌အင်္ဂါ၏စမွခဏ်း ဖြစ်သော စတုရပါဒ်နက္ခတ် ခ လုံး၊ ဆန္ဒ ဟူသော ဖြိဿာရာသီ၌ အင်္ဂါ၏ ယမွခဏ်းဖြစ်သော စတုရပါဒ်နက္ခတ် ၁၇-လုံး၊ သာ ဟူ သော ပြိဿရာသီ၌ သောကြာ၏ စမွခဏ်းဖြစ်သော စတုရပါဒ် နက္ခတ် ၄-လုံး၊ သူ ဟူသော တူရာသီ၌ သောကြာ၏ ယမွခဏ်း ဖြစ်သော စတုရပါဒ် နက္ခတ် ၁၅-လုံး၊ ဤကဲ့သို့ ကသစ်ဂြိုဟ် အတိုင်း မှတ်သားယူလေ။

နက္ခတ်အစဉ်မှာ ပုံအတိုင်း။ ဆိုအပ်ပြီးသော စမွခဏ်း၊ ယမွ ခဏ်းရာသီ၌ စန်း၊ လက်၊ မွေးနံ၊ တနင်္ဂနွေတို့ကို တွေ့မူ အကျော် ငါးပါးတွင် အပါအဝင်ဖြစ်၍ ကြီးစွာသော အကျိုးကို ခံစား ရတတ်၏ဟု မှတ်ယူဟောဆိုရာ၏။

အကျော်ငါးပါး သဘောနှင့်အဟော

မိမိတို့၏ မူလဇာတာခွင်တွင် မိမိမွေးနံဂြိုဟ်၏ စမွခဏ်းရာသီ တပါး၊ ယမွခဏ်းရာသီတပါး၊ မိမိ၏နံ့ဝတ်ရာသီ အာဒိ၊ မဇ္ဈ၊ အဝသာန်တွင် စန်း၊ လက်၊ တနင်္ဂနွေတည်ရှိခြင်းတပါး။ ဥစ်ရခြင်း တပါး၊ ပေါင်း ငါးပါးကို အကျော် ငါးခွင် ဟု ခေါ်ဆိုလေ သည်။

ထိုအကျောင်းခွင်တွင် လက်, စန်း, မွေးနံ, တနင်္ဂနွေ ဂြိုဟ်တို့ကို တိုင်ဦး အစရှိသော ဆယ်ပါးသော တိုင်တို့နှင့်ပါဒ်, နဝင်း မခြား တူငြားသောဇာတာရှင်ကို အသရေမင်္ဂလာနှင့် ပြည့်စုံ၍ နာမည် ဘုန်းတန်ခိုး, သတင်းကြီးတတ်သည်ဟု အဟောရှိသည်။

ထို့ကြောင့် "စမ္မခဏ်း, ယမ္မခဏ်း၊ ခေါ်မှန်းနှစ်ပါး၊ ဖွား ဇာတ်, နံဇာတ် ပညတ်နှစ်ဖော်၊ဥစ်နှင့်သော်လျှင်၊ အကျောင်းခွင် ရာသီတွင်၌၊ နံပင်တနင်္ဂနွေ၊ စန်း, လက်နေ၍၊ ဆယ်ထွေ တိုင်ဦး၊ ပြိုင်ယှဉ်ပူးမူ၊ ကျေးဇူးနက္ခတ်၊ ကျော်ကိတ္တိနှင့်၊ သီရိမြူတော၊ တက် ဖြိုးဝေလိမ့်"ဟုပညာရှိမင်းတိုင်ပင်အမတ်ကြီးမဘဲမြို့စား မင်းလှ ကျော်ထင် စီရင်ရေးသားခဲ့လေသည်။

ထို့ပြင် "စမ္မခဏ်း, ယမ္မခဏ်း၊ ကောင်းမှန်းတစ် လူမသိ" ဟူ၍၎င်း၊ "ဆယ်တန်တိုင်ထက်၊စန်း, လက်, မွေးနံ၊ ပြိုင်စံတု လျှင်း၊ ကောင်းခြင်းစင်စစ်၊ မင်းလျှင်ဖြစ်အံ့"ဟူ၍၎င်း။ "ဥစ်၏အကျိုး တန်ခိုးနက္ခတ် တုမရှိ"ဟူ၍၎င်း။ စန္ဒသူရိယလင်္ကာစသော အဟော ဂါထာအတိုင်းသော်၎င်း၊ဗေဒင်ကျမ်းကြီးများ၏အထွက်စကား ရှိသည်များကြောင့် အမျိုးအလိုက် အထိုက်အလျောက် စည်းစိမ် ချမ်းသာများကို ခံစားရရှိတတ်လေသည်။

ပြဆိုခဲ့သော အကျောင်းခွင် ရာသီ၌ လက်, စန်း, မွေးနံ, တနင်္ဂနွေ ဂြိုဟ်များရပ်တည်၍ တိုင်ဆယ်ပါးတို့နှင့် ပါဒ်, နဝင်း မခြား တူငြားသည့်အပြင် ထိုတိုင်ဆယ်ပါးထက် လွန်မြတ်သော အဓိပတိ နက္ခတ်သည် မိမိ၏မွေးနံဂြိုဟ်နှင့် ဥပါဒ်, မိတ္တ, ကာန ကြိုက်၍ စမ္မခဏ်း, ယမ္မခဏ်း ကုံပြီးလျှင် ဖွားသော ပြည့်စန်း

 နက္ခတ်နှင့် တူညီမူ ထိုဇာတာရှင်မှာ မင်းဖြစ်တတ်သည်ဟု –

"မသေ့တူညီ၊ ထိုရှုံသီဝယ်၊ ဆယ်လီမည်လျှင်း၊ တိုင်ခပင်းထက်၊ မြှတ်ခြင်းလွန်ဘိ၊ မိပတိမည်မှတ်၊ တိုင်နက္ခတ်သည်၊ ဥပါဒ်၊ ကာန၊ မိတ္တာကျ၍၊ စမ္မ ယမ္မ၊ ခဏ္ဍာနှစ်ပါး၊ ကြိုက်သော်ငြားလည်း၊ ပွားခါပြည့်လတ်၊ စန်းနက္ခတ်လည်း၊ ပါဒ်နဝင်းတိုင်၊ ဆယ်ပါးတိုင်တို့၊ အပြိုင်ညီစွာ၊ ဆိုင်မိပါမူ၊ ရာဇာမင်းစော၊ ဖြစ်မည်ဟောလော့" ဟူ၍ ပညာရှိမင်းတိုင်ပင် အမတ်ကြီးပင် အဟော လင်္ကာရေးသားတော်မူခဲ့လေသည်။

ဤ၌ တိုင်ဆယ်ပါးနှင့် အဓိပတိတိုင် နဝင်းမခြား တူရန်ခဲယဉ်း၍ တတိုင်ဖြစ်စေတူမူ စမ္မခဏ်း ယမ္မခဏ်း တခုခုသော နက္ခတ်နှင့် စန်း၊ လဂ်၊ မွေးနံ့၊ တနင်္ဂနွေဂြိုဟ်တို့သည် တူလျှင်သာ၍ ကောင်းသည်။

၎င်း အကျော်ငါးခွင်၌ မွေးနံ တနင်္ဂနွေ စန်းနေ၍ ဆယ်ပါးသော တိုင်တို့နှင့် ပူးယှဉ်ပြီးလျှင် အဓိပတိနက္ခတ် ဥပါဒ် မိတ္တာကာန စမ္မခဏ်း ယမ္မခဏ်း ကြိမ်စေ၊ အဓိပတိနက္ခတ်နှင့် ပြည့်စန်းနက္ခတ်မှစ၍ နက္ခတ်တိုင်ဟူသမျှတို့သည် မရဏသုံးပါးဟု ဆိုအပ်သော မူလဇာတာ၏ လဂ်မှ အာရီ မရဏ ဗျာယအိမ်တွင်နေသော ဂြိုဟ်၊ ၎င်းရာသီ၏အိမ်ရှင် ကသစ်ဂြိုဟ်၊ ၎င်းရာသီ၏ ဓာတ်ဂြိုဟ်၊ ၎င်းရာသီတို့သည် ဥစ်ရာသီကြုံမူ ဥစ်ဂြိုဟ်၊ ဤ လေးဌာနတို့နှင့် ဥပါဒ် မိတ္တာ ကာန ကြိမ်စေ၊ ဤကဲ့သို့ ညီလျှင် "ဥပါဒ် မိတ္တာ သူကောင်းပြု၊ အဓိပတိ·တန်ခိုးရှိ" ဟူသော အဟောစကားများအတိုင်း ဘုန်းတန်ခိုး အာဏာနှင့်တကွ ရေမြေအသျှင်နင်း ပြည့်ရှင်မင်း ဖြစ်အံ့ဟု ဟောခဲ့ရာသည်။

ဇာတာကောင်းများ ဟောဆိုရန်လက်ာ

လက်မှ ၃-ခွင်၊ ၆-ခွင်သတ္တ၊ နဝ အမှန်၊ ၁၁-တန့်တွင် အမှန်သောကြာ အင်္ဂါရာဟု တစုနေခြင်း၊ မင်း၏ဇာတာ ဟူပေရာသည် ကျမ်းလာ ရာဇမတ္တန်တည်း။

ဒွါရလေးခွင်၊မြင်သည့်ဇီဝါ၊ တနင်းလာနှင့်ဟုဉ်ခါနေလျှင်း မင်းဖြစ်ခြင်းတည်း။ (စန္ဒရာ ဇီဝယှဉ်ကို ရသည်လည်းဟူ၏)။

ဒွါရလေးခွင်၊ ဇာတာပြင်ဝယ် ရောင်ထင်တွန်းပြာ၊ ကြူဟ် ဇီဝါနှင့် သောတာလနတ်၊ ထွန်းလင်းပတ်သော် ရောင်လျှပ် ညီးညီး မင်းလည်းမသုံ၊ ဖြစ်လျှင်းတုံဟုံ။

မေထုန် သိဟ်တွင်၊ မိန်တခွင်၌ ဆင်နှင့် ခြင်္သေ့ ပျံ့ဝေ့ တောင်ဟုန်၊ ဂဠုန်နဂါး၊ တပါးပါးမျှ နေလာကလျှင်၊ တေဇကျော်ဟိုး၊ ဘုန်းတန်ခိုးနှင့် မင်းစိုးရာဇာ၊ ဖြစ်တတ် စွာသည်။ မှတ်ရာ အခေါ်အဖျားတည်း။

မိဿ စတေ၊ တူနေသိဟ် မကာရနှင့်၊ ကုမ္ဘ ကြကဋ္ဌ မှတ်လောအညီ၊ ခြောက်ရာသီ၌ အညီလဂ်မင်း၊ နေလာ လျှင်းသော်၊ ကောင်းခြင်းပြည့်ဖြိုး ရေမြေစိုးတည်း။ မင်းမျိုးသူကြွယ်ဇာတာတည်း။

လက်နှင့် ကြူဟ်ကွာ အဟော

တနင်္ဂနွေ ဆာ၊ စန်းသတ္တတည့်၊ ဘောမ စနေ၊ ဆယ်ခွင်နေ၍ ဗုဒ္ဓစတု၊ ရာဟုံဗျည်းဒွါ၊ ၂-ခွင်မှာ၌ သောကြာအင္ဂ ကိန်းမည် ရ၏။ နေကြသောအား၊ တပါးပါးမျှ ကြုံလေကမူ၊ ဂြိုဟ်စနေ၊ နေ ၄ထမ၊ အစိုးရ၏။ ထွန်းပ ရောင်ဝါ၊ ကြွယ်တကာတွင်

လသာစိုးပိုင် ထွန်းလင်းနိုင်၏။ စုံမြိုင်တောခြေ၊ ဆင်ကုဋေဝယ် ကေသရာအုပ်၊ တခုချုပ်က တုန်လှုပ်မနိုင် ကောင်းခေါင်တိုင်သည် ကျော်လှိုင်ထိုသူ့ဇာတာတည်း။

စန်းနှင့်ပါပ၊ တကွမသွေ လက်တွင်နေ၍၊ တထွေနှိုင်းမှတ် သမသတ်တည့်။ ဇာတ်၌အညီ၊ ထိုရာသီဝယ် အာရီဗျာဃ မရဏ၌ သောမအပေါင်း တကြောင်းပါပ ကိန်းတည်းရမူ အရိဋ္ဌမည်သာ ဤဇာတာကား အာဏာပြင်းထန်၊ ဒေါသမာန်နှင့် ရန်ကိုရှာလေ့ ပျက်စီးလေ့၏။ မွေ့မွေ့သိမ်သိမ် ချမ်းရိပ်ငြိမ်၍။ စည်းစိမ်တိုး တက် ပွားလိမ့်သော်။

ဥစ္စာရမှုနှင့် အလုပ်အကိုင်အဟော

ဖြို့ဟပ်ကျမ်းလာ ဥစ္စာရမှု၊ အလုပ်အကိုင် ရှာဖွေမှုကို ထုတ်ဖော်ရေးသား၍ ပြဆိုပေအံ့။

မည်သူမဆို မူလ ဇာတာ၏ လက်၊ စန်းမှ ၁၀-တန့်ရာသီ၌၊ တနင်္ဂနွေရှိမူ အဘထံမှ ဥစ္စာရမည်။ သို့မဟုတ် အဘနှင့်တူသူ ဘကြီး, ဘထွေးများထံမှ ဥစ္စာရမည်။ ရင်းနှံ အုန်း, အိုး, အစ်, စသော ကုန်များကို ရောင်းဝယ်က စီးပွားဥစ္စာ ဖြစ်ထွန်းမည်။

တနင်္လာရှိမူ အမိထံမှ၊ သို့မဟုတ် အမိနှင့် တူသူမိကြီး, မိထွေးများထံမှ ဥစ္စာရမည်။ရင်းနှံငွေတိုးချေးငှားခြင်း၊ကျောက်ကုန်၊ ငါးခြောက်ကုန် ကူးခြင်းဖြင့် ဥစ္စာပစ္စည်းရမည်။

အကြိမ်) ဥစ္စာရမှုနှင့် အလုပ်အကိုင်ဟောကိန်းပြဆိုချက် (၂၂၉)

အင်္ဂါရှိမူ မိမိနှင့် ရန်သူ ရန်ဘက်ဖြစ်သော လူများထံမှ မိန်းမ ဖြစ်လျှင် ခင်ပွန်းယောကျ်ားထံမှဥစ္စာများကိုရမည်။ ၎င်းနံ့ ဆန်, ဆီ, ဆေး, ဆား, စိန်, စက် စသည်တို့နှင့် ပတ်သက်၍ စီးပွား ဥစ္စာ ဖြစ်မည်။

ဗုဒ္ဓဟူးရှိမူ အပေါင်းအသင်း မိတ်ဆွေများထံမှ ဥစ္စာရမည်။ ၎င်းနံ့ ရွှေ, လယ်, ယာ, အခြေလေးချောင်း စသည်တို့နှင့်ပတ်သက် ၍ စီးပွားဥစ္စာ ရမည်။

ကြာသပတေးရှိမူ သားချင်း သားချင်းနှင့်တူသူ လူများထံမှ ဥစ္စာရမည်။ ၎င်းနံ့ ပိုး, ဖဲ, စပါး, ဉာဏ်ပညာများနှင့် ပတ်သက်၍ စီးပွားဥစ္စာ ရမည်။

သောကြာရှိမူ မယားထံမှ ဥစ္စာရမည်။ ၎င်းနံ့ သံ, သွပ်, သစ် စသော ကုန်များကို ရောင်းဝယ်၍ စီးပွားဥစ္စာ ဖြစ်ထွန်းမည်။

စနေရှိမူ အမှုလုပ် ကျေးကျွန် အောက်လူများ ထံမှ ဥစ္စာ ရမည်။ ၎င်းနံ့ ထီး, ဘိနပ်, အထည် စသော ကုန်များကို ရောင်း ဝယ်၍ စီးပွားဖြစ်မည်။

မှတ်ချက် . လက်, စန်းမှ ၁၀-တန့်၌ ဂြိုဟ်တလုံးမျှ မရှိလျှင် မည်သူ့ထံမှဥစ္စာမရတော့ပြီ။ မိမိဘာဝလျှောက် လုပ်ကိုင်ရှာဖွေမှ ရရှိပေတော့မည်။

အကယ်၍ လက်, စန်းတို့မှ ၁၀-တန့်၌ ဂြိုဟ်မရှိငြားအံ့ မိဘ အစရှိသောသူတို့မှ အမွေအနှစ်အစရှိသော ဥစ္စာတို့ကိုဇရပြီ။ မိမိ ဘာဝ အလျှောက် ကူးသန်း ရောင်းဝယ် ရှာဖွေရတော့မည်။ ဤကဲ့သို့မိမိအလျှောက်ဥစ္စာပစ္စည်းရအောင်ရှာဖွေရမည်ဆိုသော်

မည်သည်ကို အကြောင်းပြု၊ မည်သည်ကိုစွဲ၍ ရှာဖွေရမည်နည်း ဟူမူ ဖွားဇာတာတွင် လဂ်မှုရင်း စန်းမှုရင်း၊ တနင်္ဂနွေ တည်ရာ အိမ်မှုရင်း ထောက်၍ ၁၀-တန့်ကျသော အိမ်ရှင်ဂြိုဟ်တည်သော နဝင်း၊ ထိုနဝင်း၏ သခင်ဂြိုဟ်ကို အစွဲပြု၍ ဥစ္စာပစ္စည်း ရှာမှီး အပ်ကုန်၏။

ဂြိုဟ်တို့၏ နဝင်းစီးကိုရှာပုံ

လိုသောဂြိုဟ်၏ အသံ့ လိတ္တာကိုတည်- အသံ့ကို ၆၀ နှင့် မြှောက်၊ လိတ္တာ တက်၊ ၎င်းကို ၂၀၀-စား၊ အကြွင်း ရှိလျှင် လာဒ်သို့တခုတက်၊ ၎င်းရလာဒ်ကို မှတ်၍ထား။

မိဿကစ၍လိုသောဂြိုဟ်တိုင်အောင်(ဘော, သော, သု, စ) ဟု၍ထောက်၊ ဘော,ကား မိဿပိုင်၏။ သော,ကား မကာရ ပိုင်၏။ သု,ကား တူပိုင်၏။ စ,ကား ကြကဋ်ပိုင်၏ဟု မှတ်။

ပိုင်သောအိမ်ကစ၍ ယခင်တွက်ရသော နဝင်းသင်္ချာ အတိုင်း သွား၊ ထိုရာသီ၏ပိုင် ကသစ်ဂြိုဟ်သည် နဝင်း သခင်ဟု မှတ်ရ မည်။ အကယ်၍ ထိုနဝင်း သခင်ဂြိုဟ်သည် တနင်္ဂနွေ ဖြစ်အံ့။ အမွေးမျိုးတို့ကိုရင်း၊ မြက်မျိုးတို့ကိုရင်း၊ ကျင်သီကြေးနီဓာတ်မျိုး တို့ကိုရင်း၊ ရွှေဓာတ်မျိုးတို့ကိုရင်း၊ သားမွေးတို့ဖြင့် ပြုအပ်သော အထည်အလိပ် ကမ္ဗလာတို့ကိုရင်း၊ ဗိန္ဓောပယော ဂဆေးဝါးမျိုး တို့ကိုရင်း ရရှိအံ့။ သို့မဟုတ် ထိုဆိုအပ်ကုန်သော ဝတ္ထုတို့ဖြင့်ရင်း၊ အတတ်ပညာတို့ဖြင့်ရင်း ဥစ္စာပစ္စည်းတို့ကိုရရှိကုန်ရာ၏။ ၎င်းဝတ္ထု အတတ်ပညာတို့ကို ရောင်းဝယ် ဖောက်ကား သင်ကြားပြသခြင်း တို့ကို ပြုလုပ်၍ ဥစ္စာပစ္စည်းတို့ကို ရရှိကုန်ရာ၏။

တနင်းလာဖြစ်မူ ရေမှ ဖြစ်သော ပုလဲ ခရု ယောက်သွား သန္တာ ငါးအစရှိသော ဝတ္ထုတို့ဖြင့်၎င်း။ ဥစ္စာရှိသောမိန်းမကို ရှာ၍ မိုခိုကပ်ရပ်ခြင်း မယားပြုလုပ်ခြင်းတို့ဖြင့်၎င်း၊ လယ်-ယာ ကိုင်း-ကျွန်းတို့ကိုထွန်ယက်လုပ်ဆောင်ခြင်းဖြင့်၎င်း၊ ဥစ္စာပစ္စည်းကို ရရှိရာ၏။

အင်္ဂါဖြစ်မူ ဆေးဒါန်း ကန့် မြင်းသီလာ အစရှိကုန်သော ဓာတ်မျိုးတို့ဖြင့်၎င်း။ သူတပါးတို့ကိုအနိုင်အထက်နှိပ်စက်ရသော ဓားပြ လက်ဝှေ့ သမားထောင်မှူးအစရှိသောအလုပ်တို့ဖြင့်၎င်း၊ မီးနှင့်စပ်၍ လုပ်ဆောင်ရသော ပန်းထိမ် ပန်းပဲ သံကိုကျိချက်ခြင်းစသော အလုပ်တို့ဖြင့်၎င်း။ ဓားလှံ - သေနတ်အစရှိကုန်သော လက်နက်မျိုးတို့ဖြင့်၎င်း ဥစ္စာပစ္စည်းတို့ကို ရရှိကုန်ရာ၏။

ဗုဒ္ဓဟူးဖြစ်မူ သီချင်း-ရတု-ကဗျာ-လင်္ကာတို့ကို ဖွဲ့ဆိုရေးစပ်ခြင်းအလုပ်တို့ဖြင့်၎င်း၊ ဂဏန်းကျမ်းဂန်အတတ်တို့ကိုသင်ကြားပြသခြင်းတို့ဖြင့်၎င်း၊ စာရေးစာချီအလုပ်အစရှိသည်တို့ဖြင့်၎င်း၊ ပန်းချီ-ပန်းပု လက်သမား အစရှိသော အလုပ်တို့ဖြင့်၎င်း ဥစ္စာပစ္စည်းတို့ကို ရရှိကုန်ရာ၏။

ကြာသပတေးဖြစ်မူ အလှူပေးခြင်းစသောအမှုမှ၎င်း၊ရဟန်း ပုဏ္ဏားစသော ပညာရှိပုဂ္ဂိုလ်တို့ကိုမှီဝဲဆည်းကပ်ခြင်းတို့ဖြင့်၎င်း၊ နတ်တို့အား ပူဇော်ပသရသော ပယောဂ - မှော်ဆရာ - နတ်ဝင် နတ်ထိန်း အစရှိကုန်သော အလုပ်တို့ဖြင့်၎င်း၊ ရှေ့နေ ရှေ့ရပ် တရားသူကြီး စသည် ပြုလုပ်ခြင်းတို့ဖြင့်၎င်း၊ ဥစ္စာပစ္စည်းတို့ကို ရရှိရာ၏။

သောကြာဖြစ်မူ ကျွဲ၊ နွား၊ ဆင်၊ မြင်းအစရှိသည်တို့ကိုကူးသန်းရောင်းဝယ်ခြင်းအလုပ်တို့ဖြင့်ရင်း။ ပတ္တမြား၊ စိန်၊ ကျောက်နီ အစရှိသော အမျက်ကျောက်အမျိုးမျိုးတို့ကို ကူးသန်း ရောင်းဝယ်ခြင်း အလုပ်တို့ဖြင့်ရင်း၊ ဒင်္ဂါး၊ ငွေတို့ကို ချေးငှါး လဲလှယ်ခြင်း အလုပ်တို့ဖြင့်ရင်း ဥစ္စာပစ္စည်းတို့ကို ရရှိကုန်၏။

စနေဖြစ်မူ သူခိုးဓါးပြတို့၏အလုပ်တို့ဖြင့်ရင်း၊ ဖါး၊ ငါး၊ ကြက်၊ ဝက်အစရှိသည်တို့ကို နှိပ်စက် သတ်ဖြတ်ရသော အလုပ်အကိုင်မျိုးတို့ဖြင့်ရင်း၊ ကူလီဝန်ထမ်း အပင်ပန်းခံရသော အလုပ်တို့ဖြင့်ရင်း၊ သူတပါးတို့ အစေအပါးကို ခံရသော လှေထိုး သူရင်းငှါး အလုပ်တို့ဖြင့်ရင်း ဥစ္စာပစ္စည်းတို့ကို ရရှိကုန်ရာ၏။

ဤဘဝမှာ ဤမျှ အသက်ရှည်မည်ဟု တွက်နည်းအဟော

မိမိဇာတာတွင် မူလ လဂ်မှ အာရီ၊ မရဏ၊ ဗျာယ၊ သုံးအိမ်၊ မူလတိုင်ဦး၊ တိုင်လယ် တိုင်ဆုံးသုံးအိမ်၊ ၎င်း ၆ ပါးသောအိမ်ရှင်ဂြိုဟ်သက်သချာသည် နေရလတံ့သော အသက်မည်၏။ ပဌမ၊ ဒုတိယတတိယ အရွယ်သုံးပါးကိုသိလိုလျှင် ၎င်းတွက်ရအသက်ကို ၃-ခုနှင့်စား၊ ပဌမအပုံသည်ပဌမအရွယ်။ ဒုတိယအပုံသည်ဒုတိယအရွယ်။ တတိယအပုံသည် တတိယအရွယ်ဟု မှတ်ယူရမည်။

ရတနာစုက်တိုင်ဟုခေါ်ဆိုအပ်သော မူလရတနာပုံ တွက်နည်းနှင့် အဟော

မူလ သက္ကရာဇ်ကိုတည်။ ၁၀၈-ခုနှင့် စား။ အကြွင်းတွင် မိမိဂြိုဟ်သက်ရော။ သတ္တမီသချေ။ စတုရပါဒ်တူရာ ကြက်ခြေပြ။ ၎င်းက ၅-တန့် လှည့်၍ ခတ်။

၎င်းကြက်ခြေသုံးပါးထက် စန်း, လဂ် မွေးနံဂြိုဟ်တို့ကို တွေ့မူ ဂုဏ်အားလျော်စွာ အကျိုးပေးတတ်၏။ အချိန်အရွယ်မှာ ပဌမ ကြက်ခြေ၌ကျသော် ပဌမအရွယ်မှာ အကျိုးပေးတတ်၏။ ဒုတိယ ကြက်ခြေ၌ကျသော် ဒုတိယအရွယ်မှာ အကျိုးပေးတတ်သည်။ တတိယကြက်ခြေ၌ကျသော် တတိယအရွယ်မှာ အကျိုးပေးတတ်သည်။

ထို့ကြောင့် ဟောဆိုရန်လင်္ကာမှာ ရတနာစုက်၊သမုတ်စွဲသုံး ဟောရိုးထုံးနှင့်၊ ပေါင်းရုံး ရောယှက်။ရှေးကျိုးဆက်ကို ကိုးမြက်ရောင်ရှိန်တောက်လောင် ထိန်သို့၊ အချိန်ဘယ်နံ့ပွင့်လတံ့ဟု လင့်ငံ့မြော်ဆ၊လူတို့မျှဝယ် ဆန္ဒအလိုဟောနည်းဆိုပိမ့်၊ နဂိုသက္ကရာဇ်မူလနှစ်ကို ရာရှစ်နှင့်စား ကြွင်းငြားသေသ၊ မြင်သမျှငယ် နာမအာယု ရောစုပေါင်းညီ၊ သတ္တမီဖြင့် ယှဉ်မှီဖွဲ့လတ် ကျန်နက္ခတ်သည် ပညတ်ရတနာ စုက် တိုင်သာတည့်။ ရာသီဆယ့်နှစ်ဆူ၊ စတုရပါဒ် ခတ်လေသုံးပါး ကြက်ခြေထွားလေ၊။ ပတ္တမြားရောင်လင်း လနတ်မင်းနှင့်မူရင်း လဂ်နံ၊ ကြက်ခြေပုံထက်စံစံပယ်ပယ် မြူးတင့်တယ်က လေးသွယ် အရိုး၊ အမျိုးအလျောက်အထောက်တော်သင့်၊ ဘုန်းတန်းပွင့်၍

မြင့်မည်အနေ ဟောပါဝံလေလော့။ ။တထွေမှတ်ရာ အရှယ်မှာ ကား၊ ဦးစွာကြက်ခြေ တွေ့လေပဌမ၊ အလယ်ကျမူ ဒုတိယတွင်၊ နောက်ဆုံးမြင်မူ ဆင်းအင်ရှယ်ကျ တတိယနှိုက် တာရာ့အလယ် လ,မင်းနှယ်သို့ စမွယ်စံတင့် ဘုန်းတန်းပွင့်သည် ဆောင်ပင့်ကုသိုလ် အကျိုးတည်း။ ဟူ၍ ရှေးပညာရှိများ စပ်ထားလေသည်။

မင်းဖြစ်အဟော တေးထပ်

အဘိဇိမည်မှတ် နက္ခတ်၌ဖွားမူ၊ ဘုန်းရောင်တောက် ညွန့်လူ မင်းဖြစ်သူမှတ်သား၊ ချန်ပျော်မွေ့ရသေ့ ကျော်ကျမ်းထုတ်ဖေါ် ဟောခဲ့မိန့်ကြား။ လက်ကမှဝေပြိုင် လေးတန့်ဆိုင်မခြား၊ ဂြိုဟ် မပျက် တည်ငြားက ထင်ရှားလိမ့်လူ့ဘုံ။ ချမ်းရိပ်ငြိမ် ထိန်ထိန်ပ၊ ဏ္ဍခြွေယုဂ်ရတဲ့ဂုဏ်၊ ရှေးကမ္ဘာ့အရှိန်ဟုန်၊ သိန်တဂုဏ် ကွန့်မြူးလို့ ညွန့်ဖူးမြဝေဝေဖြာ၊ ကြီးတဲ့အာဏာ။ လောကဓာတ်လူ့ရွာမှာ တုစရာရှားပါလိမ့်လေး။

အဓိပ္ပာယ်မှာ　အဿဝဏီအစ၊ ရေဝတီအဆုံး နက္ခတ်-၂၇ လုံးတွင် အဘိဇိ နက္ခတ် ဟူ၍ မပါရှိချေ။ သို့သော် ဥတ္တရာသဠ်နက္ခတ် အဆုံးတပါဒ်နှင့် သရဝဏ်နက္ခတ်အစ ၄ ဆဋီဟူ၍ မှတ်ယူရမည်။ ၎င်းနက္ခတ်နှင့် စန်းယှဉ်၍ ဖွားသော သူသည် "ဘုန်းရောင်တောက် ညွှန့်လူ မင်းဖြစ်သူမှတ်သား" ဟု ဟောဆိုရမည်။

၎င်းပြင် လက်မှုစ၍ လေးတန့်တိုင်တိုင် အစဉ်မပြတ်ဂြိုဟ်များ ရပ်တည်၍ နေငြားက "ဏ္ဍခြွေယုဂ်"ကို ရသောကြောင့် လူ့ဘုံ

အတွင်းမှာ နာမည်ဘုန်းတန်ခိုးသတင်းကြီး၍ပစ္စည်းဥစ္စာကြွယ်ဝ ချမ်းသာတတ်သည်။ ဩဇာအာဏာကြီးတတ်သည်။ တူပြိုင်ဘက်ကင်းသောသူဟူ၍ပင် ဟောဆိုရလေသည်။

မင်းကတော်ဖြစ်ဟော တေးထပ်

မွေးလဂ်မှ၄-တန့်ရောင်ပြန့်လို့ တူစုံ၊မြွေ့၊ခြသေ့်၊ ကြွက်၊ဂဠုန် စန်းငွေယုန်ပျော်ပါး၊ မင်းကတော့်ဇာတာမှန်၊ ဝေကန် ဟော တော့ မမှား။ ယာဉ်စီးလို့ ထီးကာ ကြီးတေဇာ မောက်ကြွား၊ ရာဇယုဂ်ရငြားဟု ဈာန်ပျော်ပါးရသော့မှာ ငါးတန့်ဝယ်ဥန္ဒြေရ၊ ဆယ်တန့်ကရေနတ်ရာဇာ၊ ကြီးနှိုင်မျှသူ့ပညာ နှိုင်းမစာ ဝေဖြိုး လို့ ခြိုးခြံတဲ့ဣန္ဒြေ မြဲသီလပေ။ ဤလောက လူတို့ ပြေမှာ ဂုဏ်သရေ ထွန်းပါလိမ့်လေး။

အဓိပ္ပါယ်မှာ မိမိမွေးလဂ်မှ ၄တန့်ရာသီတွင် မြွေ့၊ခြသေ့်၊ ကြွက်၊ ဂဠုန် စန်း ငွေယုန် တည်းဟူသော (၁၊၂၊၃၊၅၊၀) ဂြိုဟ်တို့သည် အစဉ်မပြတ် ရပ်တည်၍ နေသော ဇာတာရှင် သတို့သမီးမှာ ယာဉ်စီး, ထီးကာ ကြီးမားသော ဘုန်းတေဇာနှင့် ပြည့်စုံတတ်သောရာဇယုဂ်ကိုရသောကြောင့် ဝေကန် မင်းကတော်ဖြစ်အံ့။

ဇင်းပြင် လဂ်မှ ငါးတန့်၌ ကြာသပတေး ရပ်တည်၍ ဆယ်တန့်ဝယ် ရေနတ်တည်းဟူသော စနေရပ်တည်လျှင် ထိုဇာတာရှင်မှာ ဘုန်းတန်ခိုးတေဇာ ဉာဏ်ပညာ ကြီးတတ်လေသည်။ ဣန္ဒြေ

စောင့်စည်း၍ အဓိသိဏ သိက္ခာကြီးများကို လုံခြုံစွာစောင့်ထိန်း နိုင်သော သီလဝန္တ ပုဂ္ဂိုလ်တဦးဟု အထူးပင် ခြီးမွမ်းခြင်းများ ခံရတတ်လေသည်။

ခင်ပွန်းကောင်း ရ,မရဟော တေးထပ်

ကံဖူးစာပြိုင်ခွင့် ဆိုင်သင့်တဲ့အရာ၊ မိန်းမတို့ဇာတာမှာ ဂြိုဟ်သီဟာခြသေ့်၊ ကျားမင်းနှင့်ရွှေဂဠုန် နန်းရိပ်စုံမြူးပျော်စံမွေ့။ သည်ကိန်းနှင့်ဆုံပါမူ မှုံနံ့သာမသွေ့၊ စိတ်တိုင်းကျ ပျော်တော် ရွှေ့လင်ကလေ့ကြင်ဖော်။ ဆင်နှင့်မြွေ ရာသီတွင်း ခြသေ့်မင်း စံကိန်းမှသော်။ရှယ်တူမျှလင်ရသော် ကြွက်ပူးပေါ်ခြသေ့်မြူးက ရှယ်ကြူးတဲ့အဖိုးအိုပေါင်းရလိမ့်ကို၊ ရှယ်မမျှ ကံနဂိုယ် အလို တော်ကြည်ဘူးပလေး။

အခိုပွါယ်မှာ သတ္တိုသွီး၏ ဇာတာမှာ အင်္ဂါ တနင်းလာ တနင်္ဂနွေဂြိုဟ်တို့သည် တရာသီတွင်ယှဉ်ပူး၍ ရပ်တည်အံ့။ နံ့သာ ပန်းမာလ်တို့ကို အမြဲလိမ်းကျံကာ များစွာ သော ကြင်ဖော်တို့နှင့် ရှင်ပျော်ရတတ်သည်။

အင်္ဂါ,ဗုဒ္ဓဟူး,ကြာသပတေးဂြိုဟ်၃လုံးပူးသော သတ္တိုသွီးမှာ ရှယ်တူသော ခင်ပွန်းများနှင့် ပေါင်းဖော်ရတတ်သည်။

အင်္ဂါ,ကြာသပတေး,သောကြာ ဂြိုဟ်၃လုံးပူးသော ဇာတာ ရှင် သတ္တိုသွီးမှာ သက်ရှယ်ရင့်ပြီး အဖိုးကြီးများနှင့် အိမ်ထောင် ဘက် ပြုရတတ်သည်။

မိန်းမများကိုဟောဆိုရန် တေးထပ်

ပင်လက်ပံပိုင်သ ပြည်ဘောဂစိုးခြုံ ယှဉ်ပြိုင်ပခိုလှုံလျှင် လင်သေပုံသူများ။ရွှေသီဟ ဆဒ္ဒန်ဆင်မှာ တလင်သာမြဲတဲ့ညာဘွား ကျား ခြသေ့ တူစံလျှင် အာရုံခံသူများ။ မြင်းသမျှ ယောကျ်ားကို ကပ်ပွားငံ့ စေတနာ။သွင်ချိုမူရူပနှင့်ပုရိသဖမ်းတဲ့ကညာ။ငွေယုန်လ သော်တာငယ် ပြည်ဘောဂါ ယှဉ်တွဲက မမြဲတဲ့ သူ့ချစ်လင် ထုံးကေကြော့ရှင်။ ခက်ရချည့်ငွေသဇင်ငယ် လင်သေပုံများတတ်ကဲ့လေး။

အဓိပ္ပါယ်မှာ　အကြင်သတ္တိုသ္မီး၏ဇာတာတွင် ၁၂ရာသီစက် တကွက်ကွက်မှာ တနင်္ဂနွေဂြိုဟ်နှင့် စနေဂြိုဟ် ယှဉ်ပူးရပ်တည်၍နေက ထိုဇာတာရှင် သတ္တိုသ္မီးမှာ လင်သေများ ပြား၍ မကြာမကြာ မုဆိုးမဖြစ်ရတတ်လေသည်။

အင်္ဂါနှင့်ဗုဒ္ဓဟူးယှဉ်ပူး၍ ရပ်တည်နေသော ဇာတာရှင်သတ္တိုသ္မီးမှာ ခင်ပွန်းယောကျ်ားတယောက်တည်းနှင့် ထင်းပုံခေါင်းချ ပေါင်းရတတ်သည်။

တနင်းလာ အင်္ဂါ ယှဉ်ပူးသော ဇာတာရှင် သတ္တိုသ္မီးမှာ ခင်ပွန်း ယောကျ်ားဟူ၍ အတည်တကျ မရှိတတ်။ မြင်းသမျှ ယောကျ်ားများနှင့် ပျော်ပါးဆက်ဆံ၍ နေရတတ်လေသည်။

တနင်းလာ စနေပူးသော ဇာတာရှင် သတ္တိုသ္မီးမှာ အတည် တကျ ပေါင်းပါတော့မည်ဟု သန္နိဋ္ဌာန် ချပြီးလျှင် ခင်ပွန်း ယောကျ်ားယူပါငြားသော်လည်းတနည်းနည်းဖြင့် ကွဲကွာရတတ်

သည်။ သို့မဟုတ် ခင်ပွန်းယောကျ်ားသော်လည်း သေကျေပျက်စီး၍သွားတတ်လေသည်၊သို့ကြောင့်တပင်လဲမှုတပင်ထူဟူသကဲ့သို့ ပူစရာအလုပ်ကို မကြာမကြာ ပြုလုပ်ရတတ်လေသည်။

အပျိုကြီးဇာတာဖော တေးထပ်

ကြင်သက်လျာ လင်နှင့်ဝေး၊ယဉ်ကျေးသည့်ကညာ၊ ခင်လေး၏ ဇာတာကို ငါဆရာ အသိ။ ရေးလိုက်သည့် နဖူးစာမှာ၊ သတ္တာဘာ လွှဲဘို့မရှိ။ သိသာဖွင့်ထက်ရပ်ဖွေလျှင်။ ထက်ကြပ်လေမြင်သိ၊ လဂ်သတ္တေခွင်ကိုကြည့်လျှင် ခင်တမိဇာတာ၊ စန်း,ဂဠုန်ရွှေခြသော်,ငယ်တို့၊ ခွင်မရွေ့ ရာဟုနှင့်သာ၊ မြင်အတွေ့ ကိန်းအလာကို၊ တိမ်းပါလျှင်မောင်းခတ်တော့၊ကြောင်းမစပ်လူပျိုစင်မဲ့တဲ့ဖြစ်အင် အပျိုကြီးလို့ ဆရာထင်တယ်၊ မလာချင် ပြန်အုံးတော့လေး။

အဓိပ္ပါယ်မှာ အကြင်သတို့သမီး ဇာတာတွင် လဂ်မှ ၇တန်မြောက် ပထနီအိမ်မှာ တနင်းလာ,တနင်္ဂနွေ, အင်္ဂါ,ရာဟုတည်းဟူသော ၁၊၂၊၃၊၈ ဤကဲ့သို့ ဂြိုဟ် ၄-လုံးစု၍ ရပ်တည်နေလျှင်ထိုဇာတာရှင်သတို့သမီးမှာ နတ်နှယ်တမျှဘယ်လိုပင် လှသော်လည်း တသက်ပန် ဤဘဝတွင် လင်ရဘို့အကြောင်း မောင်းကြေးနင်း ခတ်ငြားသော်လည်း လပ်အားသော လူပျိုစင်တို့နှင့် ချစ်ကြင်ဘို့အရေး ကြာလေလေဝေးပြီး မင်္ဂလာဆောင်ဘို့တနည်း ဇာတာရှင် ထိုသတို့သမီးမှာ အပျိုကြီး ဘဝနှင့်ပင် အရိုးထုတ်ရ တတ်လေသည်။

အိမ်ထောင်ဘက် တေးထပ်အဟော

ဒွါဒရီ ရာသီစက်၊ ဖြို့ဟပ်ထွက် ကျမ်းလာ၊ ယောကျ်ားတို့ ဇာတာမှာ၊ ပူးရာဇာလျှံ ဝင်း၊ တူ့ ပြိဿ့ ကာသစ်စံမူ၊ မယားကံ ထူးလိမ့်မယ်ခွင်း။ မိန်းမတို့ ဇာတာမှာ၊ ဂြိုဟ်သီဟာ ရောင်လင်း၊ မိဿနှင့်ဗြိစ္ဆာတွင်း၊ သူတမင်း ကာသစ်စံပျော်၊ ယောကျ်ားကံ သွေမစောင်း၊ မိတ်ဆွေကောင်း ရကြလိမ့်နော်။ ဝေ ဟာ သ ကောင်းကင်ပျော်ဝယ် ဈာန်မွေ့ လျော် ရသေ့တို့ ကျမ်းစာတွေ မိန့်ခဲ့မှာ ဟောတော့သေချာ၊ မှန်တတ်လှ သူ့ပညာကို လူ့ခွင်မှာ သုံးကြဘို့လေး။

အခိပ္ပါယ်မှာ

အကြင် သတို့သားတို့၏ ၁၂-ရာသီ စက်တွင်၊ တူရာသီနှင့် ပြိဿရာသီတို့၌ ပူးရာဇာ တည်း ဟူသော သောကြာဂြိုဟ်မင်းသည် ကာသစ်မူ၍ ရပ်တည်နေက ထို ဇာတာရှင် သတို့သားမှာ လိမ္မာပြေပြစ် ချစ်နှစ်သက်ဖွယ်ရှိသော သတို့သမီးများနှင့် အိမ်ထောင်ပြုရတတ်၏။

အကြင်သတို့သမီး၏ ဇာတာမှာလည်း မိဿရာသီနှင့် ဗြိစ္ဆာ ရာသီ၌ ဂြိုဟ်သီဟတည်းဟူသော အင်္ဂါသည် ကာသစ်မူ၍ ရပ်တည် နေက ထိုဇာတာရှင် သတို့သမီးမှာ မှီခို အားထားလောက်သော ခင်ပွန်းယောကျ်ားကောင်းများနှင့် ပေါင်းသင်း ဆက်ဆံမှု အိမ် ထောင်ဘက် ပြုရတတ်သည်ဟု လောကီဈာန်ရ တာပသ ရသေ့ ကျော်တို့ ရေးသားတော်မူလေသည်။

ရင်းဟောတေးထပ်

သောကြာဂြိုဟ်,နိစ်,ပြ၊ ဟိတ်အရကျမ်းလာ၊ ယောက်ျားတို့ ဇာတာမှာ ချစ်ကြင်ရာမယား၊ ဂုဏ်ဒြပ်မကျော်ထင်၊ အပေါ်လွင် မိန်းမနှင့်ညား။ မိန်းမတို့ဇာတာမှာ ဂြိုဟ်အင်္ဂါ ထို့လား၊ နိစ်,ပြ အိမ် ကြိမ်ငြားက ယောက်ျားကောင်းမရရှာ။ စပါယ်ဖြူ မပန်ရ ဟန်မကျ ရွယ်ကြီးနှင့်သာ။ စိတ်မချ ဆရာမှာတွေ့တရာရှိတတ်ဟု ဟူးရူးတတ်ရသေ့မှာမမေ့ကြရာ။ ဖူးစာပြ ဖန်အရာကိုကံသမ္ဘာ နတ်ညွှန်းတဲ့လေး။

အဓိပ္ပါယ်မှာ — အကြင်သတို့သား၏ဇာတာမှာ၊ သောကြာ ဂြိုဟ်သည် မိဿ,ဗြိစ္ဆာရာသီတို့၌ ပြခံ၍ ရပ်တည်နေက ထိုဇာတာရှင် သတို့သားမှာ မယားကောင်း မရ။ ပေါ့ဆဆမိန်းမများနှင့် အိမ်ထောင်ပြုရတတ်သည်။

အကြင်သတို့သမီး၏ ဇာတာမှာ အင်္ဂါဂြိုဟ်သည် ပြိဿနှင့် တူရာသီတို့၌ ရပ်တည်အံ့ ထိုဇာတာရှင်သတို့သမီးမှာ မှီခိုအားထားလောက်သော ယောက်ျားကောင်းကို မရတတ်။ အလွန်ဆိုးဝါးသော လူတေလူပေများနှင့် အိမ်ထောင်ပြုရတတ်သည်။ သို့မဟုတ် သက်ရွယ်ရင့်ပြီး အဖိုးကြီးများနှင့် သော်လည်း အိမ်ထောင်ပြုရတတ်သည်။

၎င်းပြင် အကြင်သတို့သား၏ဇာတာတွင် လဂ်,စန်း,မှ ၇ တန့်ဖြစ်သော ပထနီအိမ်၌ သောမဂြိုဟ်တလုံးလုံးတည်စေ၊ လဂ်သခင် စန်းသခင်ဂြိုဟ်တို့သည် ထိုပထနီအိမ်ကို မြင်စေ၊ သို့တည်းမဟုတ် ပထနီအိမ်မှာသော်လည်း ရပ်တည်၍နေစေ၊ ဤသို့ ညီညွတ်သော ဇာတာရှင်သတို့သားမှာမယားကောင်းများကိုရတတ်လေသည်။

ထိုလဂ်သခင် စန်းသခင်ဂြိုဟ်တို့သည် တလုံးမျှ ပထနီအိမ်ကို မြင်ခြင်းယှဉ်ခြင်းမရှိက ထိုဇာတာရှင်သတို့သားမှာ ဤဘဝတွင် ခြိုးမွမ်းလောက်သော မယားကောင်း များကို ရရှိလိမ့်မည်ဟု ဟောဆိုရန် အကြောင်းမရှိပေ။

ထို ၇တန့်ရာသီ၌ သောမဂြိုဟ်တလုံးလုံး ရပ်တည်၍လေးပါဒ် အားဖြင့် အပြည့်မြင်သော် အပျိုစစ်သော မိန်းမကိုရတတ်၏။ ထိုပထနီအိမ်ကို ပါပဂြိုဟ်၃-လုံးတို့သည်ယှဉ်သော်၎င်း၊ မြင်သော် ၎င်း၊ အိမ်ထောင်ဦးမယား ပျက်ပြားတတ်၏။

ကျိုး၊ကန်း၊ဆွံ့၊အ၊ခြင်းစသော ဂြိုဟ်တို့၏ မကောင်းကျိုးအဟော

မိဿရာသီတွင် တနင်္ဂနွေနှင့် ငနေပူးမူ မျက်စိချို့တတ်၏။ ကြကဋ် လဂ်တွင် စနေပူးမူ မိန်ရာသီတွင် သောကြာ၊တနင်းလာ ဂြိုဟ်နှစ်ပါး ပူးလျက်တွေ့မူ ဇော်ဂနီဇာတာ ဟူ၍မှတ်။ ကာဝေ ဇာတာလည်း ဟူ၏။

ပြိဿရာသီတွင် သောကြာ၊ ဗုဒ္ဓဟူး၊ စနေဂြိုဟ် သုံးလုံးစုမူ ကျိုးကန်းတတ်သော ဇာတာဟူ၍မှတ်။

သိဟ်ရာသီတွင် ဗုဒ္ဓဟူး၊ အင်္ဂါ၊ သောကြာ ဂြိုဟ်သုံးလုံးစုမူ ရူးတတ်သော ဇာတာဟူ၍မှတ်။

ဗြိစ္ဆာရာသီတွင် တနင်္ဂနွေ၊တနင်းလာ၊စနေ ဂြိုဟ်သုံးလုံးစုမူ ၁၆ နူတတ်သော ဇာတာဟူ၍မှတ်။

မိန်ရာသီတွင် တနင်းလာ,သောကြာ,ဗုဒ္ဓဟူးဂြိုဟ် သုံးလုံးစုမူ ကဝေပညာ တတ်မြောက်မည်၊ ကျားကိုက်၍သေမည်၊ မြွေသော် လည်း ကိုက်၍သေမည်။

လဂ်မှ ၄-ခွင်၌ စနေ,အင်္ဂါ ပူးလျက် တွေ့မူ ခြေမ,လက်မ တိုတတ်သည်။ မတိုသော် နားပင်း တတ်သည်။ ၎င်းအခွင်၌ တနင်္ဂနွေ,ရာဟုတွေ့မူ ကျွေးခြင်း၊ အင်္ဂါချို့တဲ့ခြင်း ဖြစ်တတ်၏၊ ၎င်းအခွင်၌ တနင်္ဂနွေ,အင်္ဂါ,ရာဟု တခုခုတွေ့မူ စွေစောင်းချို့တဲ့ သော မျက်စိရှိတတ်သည်။

နိစ်အိမ်,ပြအိမ်၌ တနင်္ဂနွေရန်ဂြိုဟ်ခံမူ အဘ ဦးစွာသေတတ် သည်၊ အဘအမွေကို မခံစားရတတ်။

တနင်းလာ ရန်ခံမူ အမိသေတတ်သည်။ အင်္ဂါတွေ့မူ ကျေး ကျွန်များစွာ မရှိတတ်။ ဗုဒ္ဓဟူးတွေ့မူ သား,မြေး နည်းတတ်၏၊ ကြာသပတေးတွေ့မူပညာသေးနုတ်၏။မိတ်ဆွေနည်းပါးတတ်၏၊ ဆရာကောင်း မတွေ့ရှိတတ်။

သောကြာတွေ့မူ မယားများတတ်၏။ စနေတွေ့မူ အဆွေ အမျိုးအရိပ်ကိုမမှီခိုရ။ ရာဟုတွေ့မူ အခြေလေးချောင်းလယ်ယာ တို့နှင့် စီးပွားမဖြစ်နိုင်။

ဆိုခဲ့ပြီးသော ဂြိုဟ်(၈)လုံးတို့၏ အပြစ်သည် နိစ်,ပြအိမ်၌ ရန်ခံသောဂြိုဟ်တို့သည် ဥစ်အိမ်,ကသစ်အိမ်တို့၌မိတ်ဘက်တွေ့မူ ဒုစရိုက် ၁၀-ပါးရှောင်ကြဉ်က သုစရိုက် ၁၀ ပါး ဖြစ်သကဲ့သို့ တည်း။

ရန်ခံသည်ဟူသောစကားမှာ မိမိလဂ်က တနု,ကဋ္ဌမွှထောက်သော် အာရိ, ဗျယ, မရဏာအိမ်လည်းဖြစ်စေ၊ နိစ်ပြအိမ်လည်းဖြစ်စေ၊ ထိုရာသီ၌ တည်သော ဂြိုဟ်သည် မကောင်း၊ ရန်ခံသည်မည်၏။

တနည်းလည်း စုက် ၆ အိမ်လည်း ဖြစ်စေ၊ ဥစ်,ကသစ် အိမ်လည်းဖြစ်စေ၊ ထိုရာသီ၌နေသော ဂြိုဟ်သည် ကောင်းကျိုးပေးတတ်သည်။ မိတ်ဂြိုဟ်ဖြစ်မူ အလွန်ကောင်း၏။

သည်ကိုရည်၍ "မိဿ"ဟူသည်၊ တရာသီတွင်၊ သောရိ,ရဝိ၊ အတူရှိက၊ မျက်စိကန်းတတ်၊ ကြကဋ်,လဂ်၊ ပူးလျက်စနေ၊ မိန်နေသောကြာ၊ စန္ဒရာ မူ၊ အာကာပျံချီ၊ ဇော်ဂနိပေ၊ ကဝေ စုန်းမ၊ ပြိဿတစ်၊ ပူးဟတ္တိနှင့်၊ သောရိ-စံမြန်း၊ ဂြိုဟ်သုံးခန်းကား၊ ကျိုးကန်းကိန်းပြ၊ သိဟ်ဂေဟာတွင်၊ ဗုဒ္ဓဘောမာ၊ သောကြာ တမူ၊ ရှူးအုံ့ဟူ၏။ အတူပြိဿာ၊ သူရဇ္ဇာက၊ စန္ဒာ,စနေ၊ နူဝဲချေရှင့်၊ မှတ်လေတလီ၊ မိန်ရာသီမှ၊ စန္ဒိသောကြာ၊ ဂြိုဟ်ဗုဒ္ဓါလျှင်၊ပညာမမျှော်၊ ကဝေကျော်ဟု၊ သေသော်ဗျဿ၊ ဥမ္မာဒတည့်၊ လဂ်မှစတု၊ ၅-ခွင်စု၌၊ နာဂ,သိဟ၊ ရောင်စုံပမူ၊လက်မ-ခြေမ၊ပြတ်ထမယွင်း၊ နားပင်းသွင်း လော့၊ ထွန်းဝင်း တိတျာ၊ အသူရာမှာ၊ ကြုံစွာ ကျေးလို၊ ဆင်းမည်နှင့်။ ထိုပြိတ်တျာ၊ ဘောမှာရာဟု၊ ဂြိုဟ်သုံးခုတွင်၊ တခုထင်ထင်၊ ရှိလျှင်တုံမူ၊ သူ,စကျွကား၊ ရှုကြည့်မကောင်း၊မျက်စောင်းခတ်မှို၊ချို,သည်ဟောလေ၊နိစ်ပေပြကွက်ရာသီစက်တွင်၊ထွန်းထွက်သူရို၊ရန်လျှင်ခံက၊ တဖန်ရှေးဦး၊ ဘဝကူး၍၊ ကျေးဇူးအဖ၊ မွေမရတည့်။ စန္ဒအမိ၊ ယင်းပင်သိလော့၊

ဘောမိဘညွန့်၊ ကျေးကျွန် မလျော်၊ ထိုရော်ဗုဒ္ဓ၊ သားမြေးစသား ဂုဏမရှု၊ ဂြိုဟ်ဂုရုလျှင်၊ သေးနုပညာ၊ မိတ်သဟာနှင့်၊ ဆရာမကောင်း၊ သောကြာချင်းသော်၊ သက်နှင်းမယား၊ လေး ငါးမတည်၊ သောရီ အမျိုး၊ ရန်နှိမ်ချိုးကြ၊ နိစ်ပြ ရာဟု၊ သတ္တရုဟူ၊ စတုပဒါ၊ မပွား ရာဟု၊ ကြည်သာမြွက်ဟ၊ ကယ်ဟောကြလော့။ ကောင်းစွာကျိုး ရှည်၊ ခံရမည်ကား၊ ထင်သည်ကသစ်၊ ဥစ်ကိန်းဖြစ်၍ မိတ်ချစ် နှစ်ဘက်၊ အတူစက်သော်၊ အသက်မိန့်သား၊ လျော်ကြောင်း အားကို၊ ကျော်ငြားတချက်၊ မိတ်ဝင်ဘက်သည်၊ ကျမ်းထွက်လင်္ကာ မကြျုးတည်း" ဟူ၍ ပညာရှိအပေါင်း ဆရာကောင်းတို့ စပ်ဆို လေသည်။

အာရိအိမ်၌ ဂြိုဟ်နေအဟော

လက်ရာသီမှအစပြု၍ တနင်္ဂနွေမှစသော အားဖြင့် ခြောက်ခွင် မြောက်သော အာရိအိမ်၌ တနင်္ဂနွေဂြိုဟ်ချည်းသက်သက် ဂြိုဟ်ပူး ဂြိုဟ်ကပ်မရှိကြုံလင့်မူ မျက်စိအင်္ဂါ ချို့ယွင်းတတ်၏။ ထို့အတူ တနင်္လာချည်းရှိနေမူ လက်ညှိုး လက်မအင်္ဂါချို့ယွင်းတတ်၏။ အင်္ဂါဂြိုဟ်ချည်းသက်သက်နေမူ ခြေသလုံးခွင်ခြင်း၊ ကောက်ခြင်း၊ သိမ်ခြင်းရှိမည်။ ဗုဒ္ဓဟူးဂြိုဟ်ချည်းရှိမူ ခါးကုန်းခြင်း၊ ခါးခွင်ခြင်း ဖြစ်တတ်၏။ ကြာသပတေး ဂြိုဟ်ချည်းရှိမူ ဆရာ အဖြစ်ကို ဤ တသက်လျှာ၌ မဖြစ်ရာဟူ၏။ သောကြာဂြိုဟ်ချည်းရှိမူ ဥပါဒ် အမြဲရှိတတ်သည်။ စနေဂြိုဟ်ရှိမူ မွတ်သိပ်ခေါင်းပါးအစားဆန်ရေ ရှားပါးတတ်၏။

ထို့ကြောင့် — လူတို့ဖွားမြင်၊ ဇာတာပြင်ဝယ်၊ လက်ခွင်ကရွှေ၊ တနင်္ဂနွေ၊ စဉ်ရေပေါ၊ အာရိမှာဉ်၊ ရှိန်စေါ်တနင်္ဂနွေ၊ ခံတို့ပေမှု၊ ပုံသေမကွက်၊ စက္ကျပျက်အံ့။ တချက်စန္ဒြာ၊ တနင်္ဂလာမူ၊ ကြံမှာ ယိုယွင်း၊ လက်ရင်းညှိုးမ၊ ပျက်တတ်လှ၏။ ဘောမဉ်မှာ၊ ခြေသာ ခွင်ငြား၊ ဗုဒ္ဓအားမူ၊ အလားထွန်ကိုင်း၊ နှိုင်းခိုင်းပမာ၊ ခါးကိုင်း ရာ၏။ ဇီဝါတလိုက်၊ နေတုံကြိုက်မူ၊ လူ့ဉ်ဆေးဝါး၊ မကုစားရာ။ ဂြိုဟ်သောကြာမူ၊ ဥပါဒ်ထူလျက်၊ ယှဉ်တူသောရီ၊ နေခိုက်မှီမူ၊ အာရိရန်ဓာတ်၊ မှတ်သိပ်တတ်၏။ မှတ်လော့ဝိဇ္ဇာ အဖွင့်တည်း။ ဟူ၍ ဆိုလေသည်။

မိန်းမတို့၏ ဇာတာကိုဟောရန်

လက်နှင့်တနင်္ဂနွေပူးမူ ဉာဏ်ပညာ အဆင်အခြင်ရှိမည်။ အင်္ဂါ ပူးမူ မုဆိုးမဖြစ်မည်။ ရာဟုပူးမူ အမြဲ့သားဖွားခြင်း မရှိတတ်။ စနေပူးမူ ဆင်းရဲပင်ပန်းမည်။

တနင်္ဂလာ၊ ကြာသပတေး၊ သောကြာ ပူးမူ စိတ်နှလုံး တည် ကြည် ဖြောင့်မတ်မည်။ ဗုဒ္ဓဟူး ပူးမူ အသက်ရှည်မည်။

လက်မှ ၂-တန့်၌ တနင်္ဂနွေ၊ စနေ၊ အင်္ဂါပူးမူ စိတ်သောက များရတတ်သည်။ ကြာသပတေး၊ သောကြာ၊ ဗုဒ္ဓဟူးပူးမူ ပစ္စည်း ဥစ္စာပေါများ လင်နှင့်အတူချမ်းသာစွာနေထိုင်ရမည်။ စနေပူးမူ သွီးဦး ဖွားမည်။

၃တန့်၌ အင်္ဂါ၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ပူးမူ စိတ်သဘောကောင်းမည်၊ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမည်၊ သားသွီး ထွန်းကားတတ်သည်။ စနေရှိမူ သွီးဦး ဖွားမည်၊ ရာဟု ရှိမူ သေတတ်လေသည်။

၄-တန့်၌ စနေရှိမူ ပစ္စည်းဥစ္စာပေါများတတ်သည်။ တနင်္ဂနွေ ရှိမူ လင် အသက်ရှည်မည်။ ဗုဒ္ဓဟူး ရာဟုရှိမူ အစားကြီးမည်။ ဆင်းရဲမည်၊ သားဖွားခြင်း မရှိတတ်၊ ကြာသပတေး သောကြာ ရှိမူ စည်းစိမ်ချမ်းသာကို များစွာခံစားရမည်။

၅-တန့်၌ တနင်္ဂနွေ၊ အင်္ဂါ ပူးမူ စိတ်သဘော မကောင်း၊ ဆိုးသွမ်းမည်၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ပူးမူ သားသမီး များတတ်သည်။ ရာဟုနေမူ သောက များမည်။ စန်းရှိမူသားသွီး များတတ်သည်။

၆-တန့်၌ တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး၊ စနေ၊ ရာဟု ရှိမူ လင်နှင့်တကွ အသက်ရှည်ကြာ ချမ်းသာစွာ နေထိုင်ရမည်။ စန်း ရှိမူ မုဆိုးမ ဖြစ်မည်။ သောကြာရှိမူ ဆင်းရဲပင်ပန်းမည်။ ဗုဒ္ဓဟူးရှိမူ မေ့လျော့ ပေါ့ဆတတ်သည်။ စိတ်နေမြင့်မည်။

၇-တန့်၌ တနင်္ဂနွေရှိမူ အနာရောဂါ များမည်၊ စန်းရှိမူ လင် အဝေးမှာနေ၍ ကွဲကွာမည်။ အင်္ဂါရှိမူ အနှောင်အဖွဲ့ ခံရမည်။ ဗုဒ္ဓဟူးရှိမူ ပူပူဆူဆူနေရတတ်သည်။ ကြာသပတေးရှိမူ စိတ်နေ မြင့်မည်။ သောကြာရှိမူ လင်ရလျှင်သေမည်။ စနေရှိမူ လင်သေ တတ်သည်။ ရာဟုရှိမူ ဆင်းရဲပင်ပန်းမည်။

၈တန့်၌ တနင်္ဂနွေရှိမူ လင်သေ မုဆိုးမ ဖြစ်မည်။ တနင်းလာ သောကြာ၊ ရာဟုတို့ရှိမူလင်ရလျှင်သေမည်။ အင်္ဂါရှိမူစိတ်သဘော ကောင်းမည်။ ဗုဒ္ဓဟူး ကြာသပတေးရှိမူ လင်ကွာတခုလပ်ဖြစ်မည် စနေရှိမူ လင်ချစ်၍ ဥစ္စာပေါများမည်။

၉တန့်၌ တနင်္ဂနွေ, အင်္ဂါ, ကြာသပတေး, သောကြာ, ရာဟု တို့ရှိမူ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်ခြင်းရှိမည်။ စန်းရှိမူ စိတ်သဘောဖြောင့်မတ်မည် သိမ်းဦးဖွားမည်၊ ဗုဒ္ဓဟူးရှိမူ ရှန်ကင်းမည်၊ စနေရှိမူ သားဦးယောကျ်ားဖွားမည်။

၁၀တန့်၌ တနင်္ဂနွေ စနေရှိမူ ဖြောင့်မတ်သောစိတ်မရှိတတ်၊ တနင်းလာရှိမူ သတိမေ့လျော့တတ်သည်။ အင်္ဂါရှိမူ ကိုယ်သေးသွယ်မည်။ဗုဒ္ဓဟူး ကြာသပတေး, သောကြာ ရှိမူ လင်၏ ချစ်မြတ်နိုးခြင်းကို ခံရ၍ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာမည်။ ရာဟု ရှိမူ အကျင့်ဆိုး၍ လင်သေတတ်သည်။

၁၁တန့်၌ တနင်္ဂနွေရှိမူ မယားများမည်။ တနင်းလာ, အင်္ဂါ ရှိမူ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာမည်၊ ဗုဒ္ဓဟူး, ကြာသပတေး ရှိမူ အသက်ရှည်ကြာ ချမ်းသာစွာ နေထိုင်ရမည်။ သောကြာရှိမူ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမည်။ စနေရှိမူအိမ်ကြီးရှင်ဖြစ်မည်။ ရာဟုရှိမူ လင်သေမည်။

၁၂-တန့်၌ တနင်္ဂနွေရှိမူ ပင်ပန်း ဆင်းရဲမည်။ တနင်းလာရှိမူ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာမည်။ အင်္ဂါရှိမူ အလိမ္မာ မရှိ။ ပင်ပန်း ဆင်းရဲမည်။ ဗုဒ္ဓဟူး, သောကြာရှိမူ သား မြေး များမည်။ ကြာသပတေးရှိမူ ပစ္စည်းဥစ္စာ ပေါများမည်။ စနေရှိမူ အစားအသောက် အကျွေးအမွေး ပေးကမ်းလှူဒါန်းတတ်မည်။ ရာဟုရှိမူ မေ့လျော့ ပေါ့ဆတတ်မည်။

မိန်းမတို့၏ ဂြိုဟ်နေအဟော ပြီး၏။

တနင်္ဂနွေ မိန်းမများကိုသာ ဟောဆိုရန်

စန်းလက် နှစ်ပါးစုံ အားရှိလျှင် အရုပ်အဆင်း အလွန်လှပ တင့်တယ်ခြင်းရှိမည်။ စန်းမှရင်း၊ လက်မှရင်း ၇တန့်၌ အင်္ဂါဂြိုဟ် ရှိလျှင် ငယ်စဉ်အခါက မုဆိုးမဖြစ်မည်။ တနင်္ဂနွေရှိလျှင် လင်၏ စွန့်ပစ်ခြင်းကို ခံရမည်။ စနေရှိ၍ ထိုစနေကို ပါပဂြိုဟ် တလုံးလုံး မြင်လျှင် လင်ယူ၍အမြဲမရှိ၊ ယောကျ်ားတိုင်းလိုလိုလင်ပြုတတ်၏၊ လက်မှရင်း၊ စန်းမှရင်း၊ သောမဂြိုဟ် ဖြစ်စေ၊ ပါပဂြိုဟ်ဖြစ်စေ၊ ၈တန့်၌ရှိမူမုဆိုးမဖြစ်ပြီးမှတဖန်အိမ်ထောင်ပြုရမည်၊ သောမဂြိုဟ် ၂လုံးရှိလျှင် လင်နှစ်ယောက်၊ ၃လုံးရှိလျှင် လင် သုံးယောက်၊ ၄လုံးရှိလျှင် လင် ၄ယောက်၊ ရတိုင်းသော လင်များ သေမည်။ ဤမှလွန်သော်ပြည့်တန်ဆာဖြစ်မည်။လက်မှရင်း၊စန်းမှရင်း ၂တန့် ၌ သောမဂြိုဟ်နေမူ လင်ရလျှင် သေတတ်သည်။

ဝိသမရာသီ၌ လက်, စန်းနေသော် စိတ်သဲသော ကောက်ကျစ် စဉ်းလဲမည်။ လက်မှ ၇တန့်စရရာသီဖြစ်မူ မင်း၏ အစေအပါးဖြစ် သော လင်ကိုရမည်။ ပြိဿ,ကန်,ဗြိစ္ဆာ,မိန်,လေးရာသီတို့၌ ဂြိုဟ် တပါးပါးနေလျှင် ထိုမိန်းမသည် ယဉ်ကျေးသိမ်မွေ့မည်။ ၃လုံး ရှိမူ ဘုန်းကံရှိသော ယောကျ်ား၏ မယား ဖြစ်မည်။ ၄လုံး ရှိမူ မင်းကတော် စိုးကတော်ဖြစ်မည်။ ထိုလေးရာသီ၌ဂြိုဟ်ရှိမူ မုချ မင်းကြီးကတော် ဖြစ်မည်။သီဟာသနယုဂ်ရသောဟူ၏။ ထိုလေး ရာသီ၌ ဂြိုဟ်တလုံးမျှမရှိသော မိန်းမကို မယူအပ်။

လက်မှ ၇တန့် ၂တန့်မှာ စန်းရှိလျှင် အိမ်ကြီးရှင်ဟု အခေါ် ခံရမည်။ လက်မှ ကိန်း၄ခွင် တခွင်ခွင်တွင် ဗုဒ္ဓဟူး,ကြာသပတေး သောကြာ စန်းတို့၌ ပါပဂြိုဟ် မပူးဘဲ နေခဲ့သော် ထိုမိန်းမသည် စိတ်သဘော ဖြောင့်မတ်တည်ကြည်မည်။

မိန်းမတို့၏ မူလဇာတာ ဂြိုဟ်နေအဟော

မိန်းမတို့၏ မူလဇာတာ၌ လဂ်မှ သမသတ်ဖြစ်သော ပထနီ အိမ်တွင် တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ရာဟု ဂြိုဟ်လေးလုံးစုမူ အပျိုကြီးဖြစ်၍နေမည်။ ဘယ်နည်းနှင့်မှ လင်မရနိုင်။ ၎င်းရာသီ၌ စနေ, တနင်္လာပူးမူ လင်ကိုရိုသေမြတ်နိုးခြင်း မရှိတတ်။ မိုက်တိ မိုက်ကန်းဖြစ်မည်။ တနင်္လာ, အင်္ဂါရှိမူ မြင်ရာ ယောကျ်ားကို ချစ်ကြိုက်တတ်သည်။ အင်္ဂါတလုံးတည်းရှိမူ မုဆိုးမ ဖြစ်မည်။ တနင်္လာ, ကြာသပတေးပူးလျက်ရှိမူ လင်, အတည်တကျ မရှိဘဲ နှင့် သားသမီးတွေ မွေးဖွားမည်။

တနင်္ဂနွေနှင့် စနေသော်၎င်း၊ တနင်္ဂနွေနှင့် တနင်္လာသော် ၎င်း ပူး၍နေမူ ယောကျ်ားတပါးတို့နှင့် ကာမရှင်မြူး အထူးပင် ဟော့ရမ်းတတ်သည်၊ အင်္ဂါ, ရာဟုတွေ့မူ မူရာ မာယာ များမည်။ မိန်းမတို့ဂုဏ်ခြွေမရှိတတ်၊ တွေ့ရာယောကျ်ားနှင့် ပျော်ပါးတတ်၏။ တနင်္ဂနွေ, အင်္ဂါ ပူးလျက်တွေ့မူ မာနကြီးမည်။ စိတ်နေမြင့်မည်။ ခက်ထန်ကြမ်းကြုတ်မည်။ အတင်းစကား ပြောကြားတတ်မည်။

သည်ကိုရည်၍ ရှေးပညာရှိများ စပ်ဆိုသော လင်္ကာမှာ–

"မိန်းမဇာတာ၊ လဂ္ဂဏာမှ၊ သတ္တရာသီ၊ ပထနီတွင်၊ စန္ဒီ, ဘောမာ၊ အာဒိစ္စာဟိုင်း၊ တူစံနှိုင်းမူ၊ မြင်တိုင်းရှုတွယ်၊ ခြောက်ပြစ်ပယ်လျက် တင့်တယ်ရှုပ၊ အင်စုံခ, လည်း၊ ဘဝဤတွင်၊ လင်မမြင်တည့်။ ပြည့်ရှင်ဘဝ၊ ယုန်နန်းလှကား၊' ငယ်ကကြင်ဖော်၊ လင်မျက်ဖျော် ကို၊ ရှိန်စော်မာန်ပြင်း၊ နှလုံးသွင်းအံ့။ ကျားမင်းသီဟ၊ ပူရိသမြင်၊ မြတ်နိုးချင်လိမ့်။ ထိုပြင်ဘောမ၊ မုဆိုးမသာ၊ ယုန်မှာရွှေကြက်၊ ရောင်ပြိုင်ဖက်သော်၊ နှစ်သက်မရှည်၊ လင်မတည်၍၊ ပြည့်မှိုပုတ္တာ၊

ပွားများရာရှင့်၊တပြာခြသေ့်၊ ဘောမဝ္ဝေ့မူ၊ ဤနည်းယူမှာ၊ ရှိန်ပူ ထံပြင်း၊နဂါးမင်းနှင့်၊ထွန်းဝင်းဂဠုန်၊ အခွေ့ာစုံမူ၊ မယုံသင့်ပေ၊ ပုရိသေတို့၊ ခွင့်နေသာက။ မျက်ကွယ်မျှတွင်၊ ကာမရှင်မြူး၊ သူ တထူးနှင့်၊ ညစ်ကြူးလော်မာ၊ စန္ဒာသူရိ၊ ယင်းပင် သိလေ၊ ဘောမိ,ရာဟု၊ ဂြိုဟ် ၂-ခုကား၊ ချစ်မှုမာယာ လွန်ကဲစွာလျက်၊ ကြိုက်ရာတွေ့သိ၊ မရှိဏ္ဍန္ဒြေ၊ မှန်စွာပေတည့်။ ဗီဝေ,ဂဠုန်၊ မိတ် ရောင်စုံမူ၊ ဆေးစုံအနု၊သူဆောင်ပြုသို့။ မျက်ရှုကြင်နာ၊လူတကာ ပင်၊ မေတ္တာဝင်လိမ့်။ထိုပြင်တိတျ၊ဂြိုဟ်သီဟာလျှင် မာနရှိန်သွင်း၊ ခက်ထန်ပြင်း၍၊သတင်းစကား၊တဆင့်ပွားလျက်၊တရားမခေလျှာ်၊ နှုတ်မောင်းဆော်သည်၊ အာဘော်ခက်ထန်၊ မာန်ရူးတည်း”ဟူ၍ စပ်ဆိုကြကုန်၏။

မိန်းမတို့၏ မူလလဂ်မှ ထောက်၍ ဂြိုဟ်အတန့်ရေ ဟောရန်

မူလ လဂ်မှ ဂတန့်၌ တနင်္ဂနွေရှိမူ မုဆိုးမ ဖြစ်တတ်သည်။ ၂တန့် ၄တန့် ၅တန့် ၇တန့် ၁၂တန့်နေမူ ဆင်းရဲပင်ပန်းမည်။ ထိုမှကြွင်းသော အတန့်များ၌ နေမူ ကြက်သရေမင်္ဂလာ ရှိသော မိန်းမပေတည်း။

မူလ လဂ်မှ မူလစန်းသည် ၄တန့် ဂတန့် နေမူ မုဆိုးမ ဖြစ်တတ်သည်။ ၃တန့် ၆တန့် ၇တန့် ၁၀တန့် ၁၁တန့်နေမူ စီးပွား ဥစ္စာ ချမ်းသာပေါများသော မိန်းမပေတည်း။ လဂ်၏စင်ကြယ် ခြင်းမှာ ၂တန့် ၅တန့် ၉တန့်တို့၌ နေသော စန်းသာလျှင် ဥစ္စာ စည်းစိမ်နှင့် ပြည့်စုံ၍ နာမည် ဘုန်းတန်ခိုး တိုးတက် အံ့သော မိန်းမဖြစ်သည်။

မိန်းမတို့၏ ဇာတာ၌ တူ့မိသ အိမ်နေသော လဂ်စသည် အဟော

၁။ တူ့မိဿမှာ၊ ထိုဇာတာ၊ ဖွားကာလဂ်တည်ရှိ။
၂။ ရူပကလျာ၊ လှကညာ၊ ကြင်ရာသုံးယောက်မိ။
၃။ ထိုနှစ်ခွင်တွင်၊ အင်္ဂါမြင်၊ ကြင်ရာဘက်မရှိ။
၄။ ရေနတ်ဂဠုန်၊ နှစ်ပါးကြုံ၊ နေတုလင်စောင်မိ။
၅။ စန္ဒသီဟာ၊ မြင်သောခါ၊ လင်သာများတတ်၏။
၆။ စန်း၊ ဂြိုဟ်၊ နဂါး၊ တွေ့ကြုံငြား၊ များလှမျက်နှာရှိ။
၇။ ဂုရုစန္ဒေ၊ မြင်လတ်ပေ၊ လင်သေများတတ်၏။
၈။ မှတ်လောကျမ်းလာ၊ မြဲသေချာ၊ ဝိဇ္ဇာဉာဏ်သို့သိ။

နရ၊ ပသွ၊ ကီတ၊ အမ္ဗု လဂ် ၄ ခုတို့၏ တည်ရာ အဟော

လဂ်(၄)ပါး တည်ဟန်စေးထပ်

ဓနု၊ ကုမ်၊ မေထုန်မျှ၊ ကန်၊ တူလ ငါးဖြာ၊ နရလဂ်အမည်သာသည်၊ သိဟ်၊ ပြိဿာနှစ်ပါး။ စိတြ မိဿခွင်၊ ပသွလျှင်ဟောတော့မမှား။ ကက္ကဋ၊ မိန်နေ၊ မကာရေဆင့်ပွား၊ သုံးရာသီ လဂ်များကို အမ္ဗုငြားမည်ခေါ်။ ဗြိစ္ဆာမှာ၊ ကီဋာဖွင့်ပါလို့၊ သိလာခွင့်လဂ်ရစ်သော်။ နရမှာ တူပျော်တယ်၊ ပသွခေါ် ဆယ်ခွင် ရစ်ပေပ၊ အမ္ဗုမှတ် စတုခွင်မှန်၊ ကိန်းရဇကန်။ ခုနစ်တန် ကီဋာမှန်တယ်၊ ကိန်းလာဘာ ဂြိုဟ်မင်းတို့လေး။

အခိပ္ပါယ်မှာ မနုရာသီ၊ ကုမ်ရာသီ၊ မေထုန်ရာသီ၊ ကန်ရာသီ၊ တူရာသီ၊ ဤငါးရာသီတို့၌ တည်သောလက်ကို နရလက်ဟုခေါ်သည်။ ထိုလက်နှင့် တနက်နွေစသော ဂြိုဟ် ၇ လုံးတို့ ယှဉ်ပူး၍ရပ်တည်လျှင် ကိန်းရ၍ အထက်ပါတေးထပ်အတိုင်း ဟောဆိုရာ၏။

သိဟ်ရာသီ၊ ပြိဿရာသီ၊ မိဿရာသီ၊ ဤ ၃ ရာသီ၌ တည်သောလက်ကို ပသု လက်ဟု ခေါ်သည်။ ထိုလက်မှ ၁၀ တန့်၌ ဂြိုဟ် ၇ လုံးတို့ ရပ်တည်လျှင် ကိန်းရ၍ ကောင်းကျိုးပေးတတ်သည်။

ကြကဋ်ရာသီ၊ မိန်ရာသီ၊ မကာရရာသီ၊ ဤ ၃ ရာသီ၌ တည်သော လက်ကို အမ္ဗုစရ လက်ဟု ခေါ်သည်။ ထိုလက်မှ ၄ တန့်၌ တနက်နွေစသောဂြိုဟ်တို့ရပ်တည်လျှင်ကိန်းရ၍ ကောင်းကျိုးပေးတတ်သည်။

ဗြိစ္ဆာ ရာသီ၌ တည်သော လက်ကို ကိဋ လက်ဟု ခေါ်သည်။ ထိုလက်မှ ၇ တန့်၌ တနက်နွေစသော ဂြိုဟ်ရှစ်လုံးတို့ တလုံးလုံး တည်လျှင် ကိန်းရ၍ ကေန် ကောင်းကျိုးပေးတတ်သည်။

လဂ် (၄) ပါး တည်ဟန်ပုံစံ



မူလ လဂ်ကိန်းအရ ဂြိုဟ်နေအဟောတေးထပ်

ဖလ်ရဝိန် စံအိမ်ခ၊ အောင်ဇေယျ မင်္ဂလာ၊ စန်းငွေပွင့် သော်တာမှာ မြတ်သုခါပြန့်ပွား။ ကောသရကိန္နကြုံမူ၊ ဖြူရှစ်စုံ စိုးမဲ့မြတ်ဖျား။ ဆဒ္ဒန်ကြော့ သခင်မှာ၊ ရှင်မဟာ မြွောက်စား၊ သူငွေးကျော် ရေးဖော်ကြွားပါလိမ့်၊ ဂုရုအားကြုံလျှင်၊ လျှံ အာသရေ စံရွှေကျောင်းငယ်နှင့် သံဃာအပေါင်း မှူးမဲ့သခင်။ ဘာရဂု, ပူးမြတ်ရှင်မှာ၊ ထူးလာဘ်ရှင် ဝေဖြိုးလိမ့်၊ ရေနတ်မျိုး နာဂိန္ဒာ၊ လော်င်းမြတ်ရာဇာ၊ အသူရာ့ဓိပတျာမှာ၊ ဘုန်းသမ္ဘာ ထိန်တောက်လိမ့်လေး။

အဓိပ္ပါယ်မှာ လက်အား လျော်စွာ တနင်္ဂနွေ ကိန်းရလျှင် အရာရာမှာ အောင်မြင်တတ်၏။ တနင်္လာ ကိန်းရလျှင် စည်းစိမ် ချမ်းသာနှင့် ပြည့်စုံတတ်၏။ အင်္ဂါ ကိန်းရလျှင် မင်းစိုးရာဇာ ဖြစ်တတ်၏။ ဗုဒ္ဓဟူးကိန်းရလျှင် မင်းစိုးတို့၏ သူကောင်းပြုခြင်းကို ခံရတတ်၏။ သူဌေးသော်လည်းဖြစ်တတ်၏။ ကြာသပတေးကိန်းရလျှင် တပည့်လက်သား အခြွေအရံပေါများ တတ်၏။ ရဟန်းဖြစ်မူ သံဃရာဇာ သာသနာပိုင် ဖြစ်တတ်၏။ သောကြာကိန်းရလျှင် လာဘ်အဝင် များပြား၍ စီးပွားဥစ္စာ ပြည့်စုံစွာ ရှိတတ်၏။ စနေကိန်း ရလျှင် မင်းဖြစ်တတ်၏။ ရာဟု ကိန်းရလျှင် နာမည် ဘုန်းတန်ခိုး သတင်းထင်ပေါ် ကျော်ကြား ခြင်း ရှိတတ်၏။

အာယုစန်းနက္ခတ် တွက်နည်းနှင့်အဟော

ဗေဒင်လက်ရိုး အမျိုးမျိုးသော ကျမ်းတို့၌ ကောင်းကျိုး, မကောင်းကျိုးကို သိစေရန် အခြေခံနည်းလမ်းတခုကို ထောက်ရှု စူးစမ်းသည့်အခါ အာယုစန်းနက္ခတ်သည်ဇာတ်လိုက်၏ပမာကဲ့သို့ အရာရာဟောနည်း သူပါမှ ပြီးသည်ဟု ရှေးဆရာကြီး များနှင့် တကွ ယခုအခါ ဆရာအပေါင်း တို့သည် ကောင်းကောင်းကြီး သိရှိကြကုန်ပြီး ဖြစ်ပေသည်။

ထို့ကြောင့် အာယုစန်း နက္ခတ်၏ အဓိပ္ပါယ်ကို နားလည်ရိပ်မိ တတ်သိကြလေအောင် ဆည်းပူးအားထုတ်ကြကုန်ရာသည်။ ရှေး ဆရာတို့သည် အာယုစန်းနက္ခတ်သည် လွန်စွာကျယ်ဝန်းလှသော ကြောင့် ဗေဒင် ဟောပြောလိုသူ တို့သည် အာယုစန်း တလုံးကို နိုင်စေရမည်ဟု မိန့်မှာတော်မူခဲ့ကြကုန်သည်။

အာယုစန်း နက္ခတ် တွက်နည်းကား.... ယခုရောက်သော နှစ်, လ,ရက်၌ ရသည့် ပဉ္စန်းနက္ခတ်တွင် လိုသောသူ၏ စင်နက္ခတ်ကို ရော၊ ရောသည့်အခါ နက္ခတ်ကို နက္ခတ်ချင်း၊ ပါဒ်ကို ပါဒ်ချင်း၊ ဗီဇနာကို ဗီဇနာချင်းရောပြီး ၁၅ ဗီဇနာပြည့်လျှင် ချေ၍၊ ပါဒ်သို့ တခုတင်၊ လေးပါဒ်ပြည့်လျှင် ချေ၍ နက္ခတ်သို့ တခု တင်၊ နက္ခတ်(၂၇)လုံးပြည့်လျှင် ချေ၍ အကြွင်းကိုထား၊ ၎င်းသည် လိုသောသူ၏ အာယုစန်းနက္ခတ်ဖြစ်၏။ဆယ့်နှစ်ရာသီတွင် စတုရ, ပါဒ်တူရာ ကြက်ခြေပြု၍ထား။

စတုရပါဒ် နက္ခတ်ပုံစံ



ယခင်က ကြက်ခြေခတ်၍ မှတ် ထား သော နေရာရောက်အောင် ဇာတာခွင်တွင် လဂ်ရှိရာက စ၍တနု,ကဋုမ္ပ,သဟာဇ, ဗန္ဓု,ပုတ္တ,အာရိ,ပတ္တနိ မရဏ,သုဘ,ကမ္မ,လာဘ ဗျာယဟူ၍အစဉ်အတိုင်း လက်ဝဲရစ် ထောက်လေ။

တနု ဟူသည် ကိုယ်တိုင် ကောင်းခြင်း၊ မကောင်းခြင်း၊ အသက်ရှည်ခြင်း အသက်တိုခြင်း၊ ကျန်းမာခြင်း၊ မကျန်းမာခြင်း များကို ဟောဆိုအပ်၏။

ကမ္မှုဟူသည် ဥစ္စာ စည်းစိမ် ဉာဏ်ပညာ တို့ကို ဟောဆို အပ်၏။

သဟာဇ ဟူသည် သားချင်း ပေါက်ဖော်၊ ယောကျ်ား တို့၏ အစွမ်းသတ္တိကို ဟောဆိုအပ်၏။

ဗန္ဓုဟူသည် ညီအစ်ကိုမောင်နှမ တဝမ်းပေါက်မှတပါးသော ဆွေမျိုး, မိတ်ဆွေ, နေအိမ်၊ ချမ်းသာ သုခ၊ ဆင်-မြင်း-ရထား စသည်များကို ဟောဆိုအပ်၏။

ပုတ္တရဟူသည် သားသမီး၊ အတတ်ပညာ ဉာဏ်တို့ကို ဟောဆို အပ်၏။

အာရိ ဟူသည် ပေါက်ရောက်သော အနာ၊ ရန်သူ ရန်ဘက် ဘေးအန္တရာယ်တို့ကို ဟောဆို အပ်၏။

ပထနီဟူသည် မယား၊ ကာမဂုဏ်၊ စည်းစိမ် ဥစ္စာ ချမ်းသာ တို့နှင့် စပ်လျဉ်း၍ ဟောဆိုအပ်၏။

မရဏ ဟူသည် မကောင်းခြင်း၊ သေအံ့သော ရောဂါအနာ၊ သေခြင်းတို့ကို ဟောဆိုအပ်၏။

သုဘ ဟူသည် မိဘ, ဆရာ, ရတနာသုံးပါး၊ တင့်တယ်ခြင်း၊ ဘုန်းသမ္ဘာ စိတ်တည်ကြည်ခြင်းတို့ကို ဟောဆိုအပ်၏။

ကမ္မ ဟူသည် ပြောဆိုမှုတို့၌ လိမ္မာခြင်း၊ ကုသိုလ် အလုပ်၊ အသက်မွေးမှု အလုပ်စသော အလုပ်အကိုင်ဟူသမျှတို့ကို ဟောဆို အပ်၏။

လာဘဟူသည် လာဘ်သပ္ပကာ၊ စည်းစိမ်ချမ်းသာ၊ အကျိုးစီးပွားတို့ကို ဟောဆိုအပ်၏။

ဗျာယဟူသည် ပျက်စီး ဆုတ်ယုတ်ခြင်း၊ ကိုယ်စိတ် နှစ်ဖြာမချမ်းသာဖြစ်ရခြင်းများကို ဟောဆိုအပ်၏။

သာမည အာယုစန်း အဟောလက်ာ

တနင်္ဂနွေ၊ ကဋ္ဌမ္ဘ၊ သဟဇ အဟော

ကောဇာသက္ကရာဇ်၊ တည်လစ်ပြီးမှ၊ တရာ့ရှစ်ဖြတ်၊ ထိုသေသတ်ကို၊ လေးပါဒ်စားမူ၊ လာဒ်မူ နက္ခတ်၊ အကြွင်း ပါဒ်တည့်မည်မှတ်ခေါ် တွင်၊ဇာတာပြင်မှာ၊ စင်နက္ခတ်နှင့်၊ ရောလတ်ပြီးမှ၊ ပညတ်စတု၊ ပါဒ်ကိုရှု၍၊ ဗိန္ဒုထားလေ၊ လင်္ဂကရေသော်၊ ရွှေစင်လျှံဝင်း၊ ထိုစန်းမင်းလည်း၊ ပွင့်လင်းတနင်္ဂနွေ၊ပြိုင်မူတကွ၊ကဋ္ဌမ္ဘနှင့်၊ သဟဇမှန်၊ ဤသုံးတန်တွင်၊ ဗိမာန် သူ့ဖွဲ့၊ ပျော်နေ ခဲ့သော်၊ နွဲ့နွဲ့ညိုစင်၊ပန်းကြာပင်သို့၊ရွှယ်လျှင်မကြီး၊သွီးကညာ၊ရတနာကို၊ ရရာမချွတ်၊ ထမိဝတ်လျှင်၊ ထွတ်ထွတ်ငယ်ကြင်၊ လင်ကောင်းမြင်၏။ သည်ပြင်ရွှေငွေ၊ ဆန့်ရေ့စပါး၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ လာဘ်မကင်းတည့်၊ ပွင့်လင်းရိပ်မြိုင်၊ ချမ်းသာလှိုင်အံ့။

ဗုဒ္ဓဟူး၊ ပုတ္တရ၊ ကမ္မ အဟော

မခိုင်အာယု၊ ဗုဒ္ဓဟူးတကွ၊ ပုတ္တရနှင့်၊ ကမ္မစတော၊ ထိုစန်းနေမူ၊ လုပ်ချေစပါး၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ခန္ဓာကင်းလျက်၊ ထုံးအင်း
၁၇ လယ်ယာ၊ များစွာမိုးမြေ၊ ရှိလေသမျှ၊ စီးပွားကျသို့၊ ရန်စမကွာ၊

ကိုယ်တွင်းမှာလည်း၊ ဖျားနာမလပ်၊ ဘေးဥပဒ်နှင့်၊ စုန်းနတ်သူ ယုတ်၊ တစ္ဆေဖုတ်တို့၊ မျက်ကြုတ်နှိပ်စက်၊ စီးပွား တက်လည်း၊ ပျက်အံ့ဥစ္စာ၊ လက္ခဏာသခင်၊ မွေးနံရှင်တို့၊ ရန်ခွင်ပတ်သန်း၊ စမ္မခဏ်းနှင့်၊ မှတ်စန်းငါးတန်၊ နက္ခတ်မှန်က၊ ကေန်မချွတ်၊ မြစ်မလွတ်သည်၊ ရွှတ်ရွှတ်ဟောဘွယ် ထိုစန်းတည်း။

အာရိ၊မရဏ၊ဗျာယ အဟော

အာရိ၊မရဏ၊ ဗျာယဠတွင်၊ ထိုစန်းဝင်၍၊ ရပ်လျှင်နက္ခတ်၊ ကြုံပြန်လတ်မူ၊ မှတ်လေထိုနှစ်၊ သက်ဆစ်၊ သက်ပိုင်း၊ တံတိုင်းစောင်းရမ်း၊ ဆီးတားသန်းလည်း၊ မကျန်းမမာ၊ ဝေဒနာနှင့်၊ ရောဂါကပ်စွဲ၊ လွန်ဆင်းရဲလျက်၊ အမြဲဒုက္ခ၊ ကြောင့်ကြကြီးသုံး၊ ဗျာပါဖုံး၍၊ နှလုံးနှောင့်နှေး၊ ကျွန်သားမြေးတို့၊ ထွက်ပြေးကင်းပျောက်၊ ဗျာပါရောက်၍၊ သေလောက်ဖျားနာ၊ မသာမလန်း၊ ပင်ပန်းညှိုးကြုံ၊စိတ်မှုမရွှင်၊ကြွေးတင်မြီထူ၊ ရန်သူညှဉ်းဆဲ၊နတ်ရဲ စုန်း၊ဖုတ်၊ကျင့်ညစ်ယုတ်တို့၊ကြမ်းကြုတ်မချွတ်၊မလွတ်လေတတ် ပြုစားတတ်၏။

ပထနီ၊သုဘ၊လာဘ အဟော

မှတ်လေသည်၊ ပထနီနှင့်၊ တူပြီလာဘ၊ သုဘအိမ်တွင်၊ စန်းကိုမြင်သော်၊စိတ်ရွှင်စိတ်လန်း၊ပွင့်သစ်ပန်းသို့၊ဖြန်းဖြန်းကြွယ်ဖြိုး စည်းစိမ်တိုးလျက် ပြည့်ဖြိုးဥစ္စာ၊ ရတနာရွှေ၊ငွေ၊ဆန်၊ရေ၊စပါး၊ ကျွဲ နွား ဆင်မြင်း၊ပြည့်စုံလျှင်း၍၊လာဘ်ချင်းမစဲ၊ တသဲသဲတည့်၊ ဆင်းရဲဒုက္ခ၊ ကြောင့်ကြမရှိ၊ မထိဘေးဘျမ်း၊ ငြိမ်းချမ်းသာယာ၊ ဖျားနာပျောက်ကင်း၊လွန်သန့်ရှင်း၍၊ သတင်းဂုဏ်နံ့၊ ပန်းသို့ပျံ့

လျက်၊ မွေးအံ့ထင်ပေါ်၊ ကောင်းခြီးကျော်လိမ့်။ နံပေါ်မည်ပင်၊ လက်အိမ်ရှင်တို့၊ စုက်လျှင်ကြိုက်လစ်၊ ဥစ်ကသစ်မူ၊ မင်းစစ်ကေန်၊ ဟောမြဲမှန်သည်၊ စန်းလျှ ရွှေသွယ်၊ နတ်ပန်းတည်း။

ဤကား အာယုစန်းရောက်ရာကြည့်၍ သာမညဟောသော လက်ာမျှသာလျှင် ဖြစ်၏။

ဤသို့ ပြဆိုခဲ့သော (၁၂) ပါးတို့တွင် စုက်အိမ် (၆) ပါး၊ ဥပါဒ်အိမ်(၆)ပါး သာမညအားဖြင့် ခွဲခြား မှတ်သား၍ ထား ရမည်။

တဖန် စုက်အိမ် ၆ ပါးတွင် စုက်ကြီးအိမ် ၃ ပါး၊ စုက်ငယ် အိမ် ၃ ပါး။

ဥပါဒ်မှာလည်း ဥပါဒ်ကြီးအိမ် ၃ ပါး၊ ဥပါဒ် ငယ်အိမ် ၃ ပါးဟု ပိုင်းခြားဝေဘန်ရလေသည်။

ရှင်းလင်းရန် အောက်ပုံစံကိုကြည့်ပါ။

၁။ ပထနီ ၂။ သုဘ ၃။ လာဘ	၎င်းကို စုက်ကြီး အိမ်(၃)ပါးဟု မှတ်။
၁။ တနု ၂။ ကဋုမ္ဗ ၃။ သဟဇ	၎င်းကို စုက်ငယ်အိမ်(၃)ပါးဟု မှတ်။

၁။ အာဒိ
၂။ မရဏ
၃။ ဗျာဒယ

} ၎င်းကို ဥပါဒ်ကြီးအိမ် ၃ ပါးဟု မှတ်။

၁။ ဗန္ဓု
၂။ ပုတ္တာရ
၃။ ကမ္မ

} ၎င်းကို ဥပါဒ်ငယ်အိမ် ၃ ပါးဟု မှတ်။

အာယု၊ စန်း၊ ၎က်၊ ဥပါဒ် ရွေးနည်း

အာယုစန်း နက္ခတ်ကိုတည်၊ အောက်က ပါဒ်၊ ဆင့်၍ အတွက် တလုံးတိုး၊ ၎င်းအာယုစန်း ရပ်တည်ရာ ရာသီ၏ ကသစ် သချ်ာ အတိုင်း နက္ခတ် (၂၀)က မကျော်လျှင် (သီ၊ ကုံး၊ ပြည့်၊ အောင်၊ လှ၊ တန်၊ ဆောင်)ကိုရော၊ ၂၀က ကျော်လျှင် (နောင်၊ ဆို၊ သည်၊ ကား၊ မြ၊ အ၊ လား)ကို ရောရမည်။

ရောဘို့ရာ ပုံစံဇယားကား

နက္ခတ်(၂၀) မကျော်လျှင် ရောရန်

သီ	ကုံး	ပြည့်	အောင်	လှ	တန်	ဆောင်
၆	၂	၅	၁	၄	၇	၃

နက္ခတ်(၂၀)ကကျော်လျှင် ရောရန်

နေ့ာင်	ဆို	သည်	ကား	မြ	အ	လား
၇	၃	၆	၂	၅	၁	၄

ထိုသို့ရောပြီးလျှင် ၇ခုစား၊ တခုကြွင်း ဥပါဒ်။ ၂ ခုကြွင်း မိတ္တ။ ၃ ခုကြွင်းကာန စသည်ဖြင့် မှတ်ရသည်။ ထင်ရှားရန် ဥပမာကား အာယုစန်း မိဿရာသီ၌ ရပ်တည်ဆဲ ဖြစ်အံ့။ အင်္ဂါ ကသစ်ဖြစ်၏။ ၃ခုသချာအတိုင်း(ပြည့်)ကို ရောလေ။ ဤကဲ့သို့ ကသစ်သချာအတိုင်း ရောကိန်းပြုရသည်ဟု သတိမူရာ၏။ရောရန် ကိန်းကို ၇-ခုစား။ အကြွင်းကိုရှု။

တခုကြွင်း ဥပါဒ်။ နှစ်ခုကြွင်း မိတ္တ။ သုံးခုကြွင်း ကာန။ ဤသို့ကြွင်းမူကား မကောင်း ဥပါဒ်ရန်ဟု မှတ်ယူရမည်။

လေးခုကြွင်း အမြိတ္တစုက်။ ငါးခုကြွင်း လာဘစုက်။ ခြောက် ခုကြွင်း သိဒ္ဓိစုက်။ ၇ခုကြွင်း ဝရစုက်။

ဤသို့ကြွင်းမူ စုက်ဖြစ်၍ အထူးကောင်းသည်ဟုမှတ်။

စုက်အိမ်၌ စုက်ကြိုက်က ကောင်း၏။ ဥပါဒ် အိမ်၌ စုက် ကြိုက်ခြင်း၊ စုက်အိမ်၌ ဥပါဒ် ကြိုက်ခြင်းတို့ကား မကောင်းဟု မှတ်ရမည်။

အာယုစန်း,စုက်,ဥပါဒ် ဝိသေသ အဟော

အာယုစန်းမြတ်၊ ထိုနက္ခတ်သည်၊ ဥပါဒ်လိုရာ၊ စုက်ထွက်လာ လျှင်၊ စုက်သာလိုလျက် ဥပါဒ်ထွက်က၊ဟောရမည်မှာ၊ဥပါဒ်သာ လျှင်၊ထွက်လာလေတုံ၊ ဘေးတွေ့ကြုံ၍။ ငြင်းခုံစကား၊ ခိုက်

များလိမ့်။တခြားမိတ္တူ၊ ထွက်သည့်မှုမှာ၊သေတတ်စွာ၏။ တဖြာ ကာန၊ရောဂအနာစွဲကာကပ်ငြိ၊ ဘေးကြီးထိလိမ့်။ သိကြတခန်း၊ စမ္မခဏ်းအိမ်၊ ကြိမ်သည်မှာကား၊ ကွဲပြားပျက်စီး၊ဖြစ်သည်ချည်း တည့်။ ထိုနည်း ယမ္မခဏ်း၊ မည်မှန်းနက္ခတ်၊ ကြုံကြိုက်လတ်က၊ အရပ်တပါးထွက်ပြေးသွား၍၊ယောကျ်ားမသေ့၊ဖြစ်တတ်ချေ၏။

တထွေစားနဝင်း၊ရောက်ခြင်းအာရီ၊အိမ်ဆီရပ်မှာ၊ဝင်ရောက် လာက၊ ပုတ္တာဒါသ၊ ဘရိယနှင့်၊ ခနွ့ကျွဲ့နွား၊ ပျက်စီးများအံ့။ မမှားထို့တူ၊ချစ်သူမိတ်ဆွေ၊ကိုယ်နှင့်နေလည်း၊ ကွေ့ကွင်းတတ် စွာ၊မိမိမှာလည်း၊သေရှာတတ်စွ၊မရဏာကို၊ပုညကြောင့်သာ၊လွတ် ငြိမ်းပါလည်း၊ ဗျာပါကြီးသည်၊မီးနှင့်တူအံ့ သဏ္ဌာန်တည်း။

စန်းမြတ်အာယု၊ လေးခုကာယ၊ ထိုငါးဝလည်း၊ လာဘအိမ် တွင်၊ ရောက်လျှင်တထွေ၊ စန်းနေလင်္ဂပေါ်၊ ရောက်သော်တလီ၊ ပထနီ့သုဘ၊ရောက်ထတခြားမိတ်ဂြိုဟ်များနှင့်၊ယှဉ်ငြားသောခါ မြို့ရွာအမည်၊ ထီးစည်လာဘ်များ၊ဝတ်စားရွှေငွေ၊ ကျွန်-ကျေး- နွား-ကျွဲ ရစမြဲတည်း။ တတွဲထိုမှ၊ မရဏာသုံးလီ၊ ရာသီဘာဝ၊ စမ္မ ယမ္မ၊ ခဏ္ဍနှစ်ပါး၊ ထိုငါးပါး၏၊ ပိုင်းခြားရာသီ၊ ငါးခွင်ဆီ၌၊ ရောက်သည်အာယု၊စန်းဣန္ဒုလည်း၊ဥပါဒ်ကြိုက်ခါ၊ဇာတာအရှင် ဂုဏ်အင်အလျောက်၊ ရမြောက်ရွှေငွေ၊ မြို့ရွာပေတည့်၊ ငါးထွေ ရပ်မှာ၊ စုက်ထွက်လာ၍၊ သူ့မှာနက္ခတ်၊ မြတ်သောနဝင်း၊တြင်း လည်းကုန်၊ ဤသို့ကြုံမူ၊ ထိုသူအသက်၊ ပျက်မည်မှန်စွာ၊ ဟောပါ လေလော၊ ဆရာမိန့်၏ မယွင်းတည်း။

အာယုစန်းအဟော လက်ာပြီး၏။

အကြိမ်) မူလလက်စန်း ဂြိုဟ်တို့နှင့်အာယုစန်းယှဉ်ဟော(၂၆၃)

မူလ လက်စန်းဂြိုဟ်တို့နှင့် အာယုစန်းယှဉ်ခိုက် ဟောဆိုရန် လင်္ကာ

၁။ အာယုစန်းမြဲ မူလဂဠုန်၊ တွေ့ဆုံသည်မှာ၊ ဖျားနာမကင်း၊ ဘေးလျှင်းရန်သူ၊ နှိပ်သူတွေ့လာ၊ ပျောက်ဥစ္စာနှင့်၊ ချမ်းသာမတည်၊ မအီမသာ၊ စိတ်ညစ်ရာ၏။

၂။ စန္ဒာ့လထိပ်၊ နှင်းနှိပ်ကျသော်၊ ဣသာရသော၊ ကျော်စောထွေထွေ၊ လာဘ်မိုးစွေအံ့။

၃။ စက်နေအင်္ဂါ၊ ဖျားနာဆင်းရဲ၊ ပူစွဲများပြား၊ တရားမအောင်၊ဖွဲ့နှောင်ခြေကျဉ်း ထိပ်သွင်း ကြိုးချည်၊ မတည်ဥစ္စာ၊ ဆရာသမား၊ဘိုးဘွားတသွန်၊ ကျေး၊ ကျွန်၊ ဆွေသား၊သားမယားနှင့်၊ ကွဲပြားသမှု ယာယီပြုက၊ ချမ်းသာရအံ့။

၄။ ဗုဒ္ဓဂြိုဟ်ပြိုင်၊ ရာသီဆိုင်သော် မပိုင်ရေးက မိဘဥစ္စာ လယ်ယာမိုးမြေ၊ လေးခုခြေနှင့်၊ ရွှေငွေကျောက်မြတ်၊ ရမြဲမှတ်လော။

၅။ တရပ်ဇီဝါ သီးစွာလာဘ်ကြီး ရမှီးမှန်စွာ ထိုဥစ္စာကြောင့်၊ မသာမကြည်၊ ပြန်လည်စေမှု၊ တခုရန်မှာ တွေ့တာတ်စွာ၏။

၆။ သောကြာယှဉ်မှီး၊ မြှောက်ချီးထိုးတက်၊ဖြိုးလျက်ဥစ္စာ၊ ရှင်မှာရွှေကျောင်း၊ မင်းလောင်းမင်းဖြစ်၊ နှသစ်ပျိုရွှယ်၊သွီးငယ်မှာ၊ သူငယ်ဖော်များ အချစ်ပွား။

၇။ တပါးသောရိ၊ယှဉ်မှီထိခိုက်၊ကိုယ်ကိုစောင့်ထိန်း၊ ပူရှိန်းသောက၊ ဗျာပါရနှင့်၊ ဒါသ ကျွန်နွား၊ ပြေးပျောက်သွားလျက်၊ တရားဖြစ်ရာ၊ ခြေပါဒရက်၊ နှိပ်စက်ကပ်တွယ်၊ ချစ်သူကွယ်လိမ့်။

၈။ ရာဟုစန်းယှဉ်၊ ဝင်လာလျှင်မူ၊ ဝမ်းတွင်ရောဂါ၊ စိတ်ပူရာ၏။ သည်းချာချစ်လှ၊ မင်းမိန်းမကြောင့်၊ ဒုက္ခတွေ့ပြား၊ ခိုက်ရန်ပွားအံ့။

၉။ တက်နေလက်မှာ၊မဟာလာဘာ၊ရအံ့ကေန်၊အထီးကျန်၏။ လွန်းပြန်ကြွားမတ်၊ သမသတ်မှာ၊ နည်းတူလာသည်၊ မှတ်ပါ အာယုစန်းမြှတ်အဟောတည်း။

မူလ လက်ႇစန်းႇဂြိုဟ်များနှင့် အာယုစန်းယှဉ်အဟောပြီး၏။

အာယုစန်းႇစုက်ႇဥပါဒ် အဟော

အာယုစန်း နက္ခတ်သည် အာရီႇမရဏႇဗျာယဟု ဆိုအပ်သော ဥပါဒ်ကြီး သုံးအိမ်၌ အမြိတ္တႇသိဒ္ဓိႇလာဘႇဝရ စုက်ကြိုက်ခဲ့လျှင် ထိုဇာတာရှင်မှာ သေတတ်သည်။ မသေမူ သေရ မလောက်ကြောက်မက်ဖွယ်ရာ ဘေးရောဂါအနာများနှင့် ကြုံတွေ့ရတတ်သည်။ ထို့ကြောင့် အဟောဂါထာရှိသည်ကား....

အာရီ မရဏ ဗျာယဋ္ဌာနံ၊
နက္ခတ္တယံ အမြိတ္တဇံ။
မရဏဥ္စ နသံသယော၊
အထော ဘယံပိ ဇာယတိ။

အာရီ မရဏ ဗျာယဋ္ဌာနံ၊အာရီအိမ်ႇမရဏအိမ်ႇဗျာယအိမ်၌။ နက္ခတ္တယံ၊ အာယုစန်းနက္ခတ် သုံးပါးအပေါင်းသည်။ အမြိတ္တဇံ၊ အမြိတ္တစုက် စသည်ကြိုက်၍ နေမူကား။ မရဏဥ္စ၊ သေတတ်သည်လည်း။ ဟောတိ၊ဖြစ်၏။ နသံသယော၊ယုံမှားမရှိရာ။ အထော၊

ထိုသို့မသေမူကား။ ဘယံပိ၊ ကြောက်မက်ဖွယ်ရာ ဘေးအနာများနှင့်လည်း။ ဇာယတိ၊ တွေ့ကြုံဖြစ်ရှိရတတ်၏။ (ဤကား ဥပါဒ်ကြီးသုံးအိမ်၌ စုက်လေးပါးကြိုက်လျှင်မကောင်း ဟောဆိုခြင်းကိုပြသည်။)

ရင်းဥပါဒ်ကြီး သုံးအိမ်၌ ဥပါဒ်, မိတ္တု, ကာန, စမ္မခဏ်း, ယမ္မခဏ်း, ကြိုက်မူကား မင်းဖြစ်တတ်သည်။ သို့မဟုတ် မင်းနှင့်တူစွာ စည်းစိမ် ချမ်းသာများကိုခံစားရတတ်သည်။ ထို့ကြောင့် အဟောဂါထာ ရှိသည်ကား....

အာရိ မရဏ ဗျာယဋ္ဌာနံ၊
နက္ခတ္တယံ ဥပဒ္ဒကံ။
ရာဇာ ဟောတိ နသံသယော၊
အထော သုခမ္ပိ လဘတိ။　။

အာရိ မရဏ ဗျာယဋ္ဌာနံ၊အာရိအိမ်,မရဏအိမ်,ဗျာယအိမ်၌။ နက္ခတ္တယံ၊ အာယုစန်း.နက္ခတ်သုံးပါး အပေါင်းသည်။ ဥပဒ္ဒကံ၊ ဥပါဒ်, မိတ္တု စသည် ကြိုက်၍ နေမူကား။ ရာဇာ၊ မင်းသည်။ ဟောတိ၊ဖြစ်၏။ နသံသယော၊ ယုံမှားမရှိရာ။ အထော၊ မင်းမဖြစ်မူ ထိုသည့်သူကား၊သုခမ္ပိ၊ မင်းနှင့်တူစွာ စည်းစိမ်ချမ်းသာကိုလည်း။ လဘတိ၊ မုချမသွေ ရတတ်ပေအံ့။

ဤကား ဥပါဒ်ကြီးသုံးအိမ်၌ ဥပါဒ်၊ မိတ္တု, ကာန စသည် ကြိုက်သော် မင်းဖြစ်မည်ဟု အကောင်း ဟောဆိုခြင်းကိုပြသည်။ သို့သော် မူလာ ရာဇယုဂ်ရရှိခဲ့မှ မင်း ဖြစ်နိုင်သည်။ ရာဇယုဂ် မရရှိမူကား မင်းမဖြစ်နိုင်၊ ချမ်းသာ ကောင်းကျိုးများ ကိုသာ ခံစားရတတ်လေသည်။

ဇာတ်ရှင်မြင်း အာယုစန်းနက္ခတ်သည် စုက် ၆ အိမ်၌ ဥပဒ်ငါးပါးကြိုက်မူ ထိုက်သည်အားလျော်စွာ အောက်ပါအတိုင်း ဟောဆိုရလေသည်။

ဥပဒ္ဒံ ကာလဟံ ဟောတိ၊
မိတ္တာဂုဏံ မရဏံ ဘဝေ၊
ကာနကံ ရောဂ ပီဠိတံ၊
စမ္မခဏ္ဍံ ဘိန္နံ ယောဝ၊
ယမ္မခဏ္ဍံ ပလာယန္တိ။ ။

ဥပဒ္ဒံ၊ အာယုစန်း နက္ခတ် စုက်အိမ်၌ ဥပါဒ်ကြိုက် မူကား၊ ကာလဟံ၊ ငြင်းခုံ စကား ခိုက်ရန်များတတ် သည်။ ဟောတိ၊ ဖြစ်၏။ မိတ္တာဂုဏံ၊ မိတ္တာကြိုက်၍ နေမူကား။ မရဏံ၊ သေတတ်သည်။ ဘဝေ၊ ဖြစ်၏။ ကာနကံ၊ ကာန ကြိုက်၍ နေမူကား။ ရောဂပီဠိတံ၊ အနာရောဂါ နှိပ်စက်၍ နေတတ်သည်။ ဟောတိ၊ ဖြစ်၏။ စမ္မခဏ္ဍံ၊ စမ္မခဏ်းကြုံ၍နေမူကား။ ဘိန္နံ ယောဝ၊ ဖရိုဖရဲ ပြိုကွဲ ပျက်စီးတတ်သည် သာလျှင်တည်း။ ယမ္မခဏ္ဍံ၊ ယမ္မခဏ်းကြုံ၍နေမူကား။ ပလာယန္တိ၊ ထွက်ပြေး တိမ်းရှောင်၍ နေရတတ်၏။

ဤကား စုက်အိမ်၌ ဥပါဒ်စသည်ကြိုက်၍ မကောင်းဟောဆိုခြင်းကို ပြသည်။

ထိုမှတပါး စုက်အိမ်၌ ဥပါဒ်ငါးပါး ကြိုက်သည့်အခါ ထိုက်သည့်အားလျော်စွာ ဟောဆိုရသည်။ အဘယ်သို့ ဟောရသနည်းဟူမူကား ပထနီအိမ်၌ မယား၊ ပုတ္တာရအိမ်၌ သားသမီး၊ အောက်လူ၊

ကာဠမှုအိမ်၌ စည်းစိမ်ဥစ္စာ၊ ဗန္ဓုအိမ်၌ အဆွေအမျိုး, တနုအိမ်၌ မိမိကိုယ် စသည်တို့ ပျက်စီးတတ်သည်ဟု ဟောဆို ရလေသည်။

ဘရိယာ ပုတ္တ ဒါသဥ္စ၊
မနဥ္စာပိ ဝိနဿတိ။
ပိယေဟိ ဝိပ္ပယောဂဥ္စ၊
သယံဝါပိ မရိဿတိ။ ။

ဘရိယာ ပုတ္တ ဒါသဥ္စ၊ မယား, သား, ကျေးကျွန် တို့သည် ၎င်း။ မနဥ္စာပိ၊ ဥစ္စာစည်းစိမ်သည်၎င်း။ ဝိနဿတိ၊ ဆုံးပါးပျက်ကြေ ရှိတတ်ပေ၏။ ပိယေဟိ၊ ချစ်မြတ်နိုးသော သူတို့နှင့်။ ဝိပ္ပယောဂဥ္စ၊ ကွေကွင်းရခြင်းသည်၎င်း။ သယံဝါပိ၊ မိမိသော်၎င်း မရိဿတိ၊ သေရလတံ့။

ဤကား အသီးသီး ထိုက်သည် အားလျော်စွာ စုက်, ဥပါဒ်ကြိုက် အဟောတည်း။

အာယုစန်း စားနဝင်းအဟော

အာယုစန်း နက္ခတ်ကိုတည်၊ သုံးကြောင်းနှင့် စား၊ အကြွင်းကို "ကြကဠ်ကော၊ဒွေးဗြိစ္ဆာ၊သုံးသော်မိန့်မှာထား" ဟုဆိုအပ်သော လင်္ကာအတိုင်း တခုကြွင်းလျှင် ကြကဠ်၊ နှစ်ခုကြွင်းလျှင် ဗြိစ္ဆာ၊ သုံးခုကြွင်းလျှင် မိန်မှာချ၊ ၎င်းဖြင့် တပါဒ်ရှိလျှင် တခွင်တိုး၊ နှစ်ပါဒ်ရှိလျှင်နှစ်ခွင်တိုး၊ သုံးပါဒ်ရှိလျှင် သုံးခွင်တိုး၊ ဗိဇနာရှိလျှင် တခွင်တိုး၊ ထိုသို့ရောက်ရှိသောနေရာကို မှတ်၍ထား။

လက်ကစ၍တနင်္ဂနွေ၊ကဋ္ဌမ္ဗ၊သဟာဇစသည်ဖြင့်ဆို၍ ထောက်သော် ကဋ္ဌမ္ဗ၊ပထန်၊သုဘ၊လာဘအိမ်များသို့ရောက်လျှင်ထိုနှစ်ထိုအခါ မှာ လိုလိုရာရာ လာတ်သပ္ပကာမျာ းကိုရရှိ၍ စီးပွားဥစ္စာတိုးတက် လာတတ်သည်။ နာမည်ဘုန်းတန်ခိုး တိုးတက် လာတတ်သည်၊ ရာထူး၊ဂုဏ်ထူးများလည်း တိုးတက် လာတတ်သည်။

အာရီ၊မရဏ၊ဗျာယအိမ်များ၌ စားနဝင်းရပ်တည်လျှင်၎င်း၊ တိုင်၊ဆည်၊မိတ္တတို့၌ ရပ်တည်လျှင်၎င်း စည်းစိမ်ဥစ္စာ ပြုန်းတီး ပျက်ပြား၍ နာဖျားသေပျောက် အပြစ်များ ရောက်ရှိတတ်သည်။ ၎င်းစားနဝင်းကို ရန်ဂြိုဟ်စီးနင်းသော် နှလုံးမသာယာ ကြောင့် ကြစွာ ရှိတတ်သည်။ ပစ္စည်းဥစ္စာ များကို လူလိမ်၊ သူခိုး၊ ခိုးခံရ တတ်သည်။

စားနဝင်းကို မိတ်ဂြိုဟ်များနင်းသော် လာဘ်အဝင်များပြား ၍၊စီးပွားဥစ္စာတိုးတက်၍ လာတတ်သည်။ ရန်အပေါင်းကိုအောင် နိုင်တတ်သည်။ မိတ်ဆွေပေါင်းများနှင့် ပေါင်းရတတ်သည်။

အာရီအိမ်၌ ဂြိုဟ်(၇)လုံးတို့၏ နဝင်းကို ဟောဆိုရန် လင်္ကာ

အာရီနဝင်း၊ ဂြိုဟ်ခပင်းကား၊ ကြိုက်သူကြားအံ့။ ထင်ရှား ပြင်းစွာ၊ သူရိယာကား၊ကြွင်ရာသက်ထား၊ သွီးသားနှင့်၊ စပ်ငြား မျိုးဆွေ၊ ရုံအရွေ့တို့၊ စိတ်နေ စိုးမှောင့်၊ တကြောင့်ကြောင့်နှင့်၊ မဖြောင့်နှလုံး၊ ကြိမ်မီးအုံးသို့၊ပျက်ပြုန်းပူဆာ၊ ရှိတတ်စွာအံ့။

တနင်းလာနဝင်း၊ စားတုံ့လျှင်းကာ၊ ဆွေးရင်းမျိုးပင်၊ ရန်သူထင်၍၊ ငြိုငြင်မုန်းထား၊ ပြုလုပ်ငြားအံ့။

နဝင်းအင်္ဂါ၊ စားပေလာမူ၊ ဥစ္စာစီးပွား၊ ပျက်စီးငြား၍၊ အများရန်မူ၊ မကြည်ဖြူပဲ၊ ကလူနှိပ်စက်၊ မိန်းမဖျက်အံ့။

ဗုဒ္ဓဟူးပေ၊ စားတုံ့လေမူ၊ မျိုးဆွေကစ၊ ရန်လုပ်ကြ၍၊ သောကကြီးစွာ၊ ဖြစ်လိမ့်သာတည်း။

ဇီဝါနဝင်း၊ စားလာလျှင်းမူ၊ သားရင်းသမီး၊ ချစ်ဇနီးတို့၊ ရန်ကြီးလုပ်ခါ၊ နေတတ်စွာအံ့။

နဝင်း သောကြာ၊ စားသော ခါလျှင်၊ ကြင်ရာ မယား၊ ကြီးသူများက၊ မုန်းထားငြူစူ၊ ပြုလိမ့်ဟူ၏။

နဝင်းစနေ၊ စားလာချေမူ၊ ဝေးမြေမှိုရွာ၊ သွားရောက်ခါဖြင့်၊ ဖျားနာကပ်ငြိ၊ ရောဂါဖိ၍၊ မခါ့ထန်ပြင်း၊ ဆင်းရဲခြင်းနှင့်၊ ကျွန်ရင်းကျွဲနွား၊ ပြေးထွက်သွားအံ့။

မရဏအိမ်၌ ဂြိုဟ်(၇)လုံးတို့၏ စားနဝင်းကို ဟောဆိုရန် လင်္ကာ

တနင်္ဂနွေနဝင်း၊ စားတုံ့လျှင်းမူ၊ ပျက်ခြင်းဥစ္စာ၊ ဂုဏ်တေဇာသည်၊ လျော့ကင်းကွာပ၊ အရှက်ရအံ့။

စန္ဒမူကား၊ သမီးသားကြောင့်၊ နည်းများစိတ်နှောင့်၊ ခင်ပွန်းကြောင့်လည်း၊ ပူထောင့်ပူဆာ၊ ဖြစ်တတ်ရာ၏။

အင်္ဂါနဝင်း၊ စားတုံ့လျှင်းမူ၊ ပျက်ခြင်းမိမိ၊ ဥပါဒ်ထိအံ့။

နဝင်းဗုဒ္ဓ၊ စားလေကမူ၊ ပေးထရောဂါ၊ ဝမ်းအနာနှင့်၊ သေရွာရောက်နီး၊ ရောဂါကြီးအံ့။

နဝင်းဇီဝါ၊ စားပေလာမူ၊ ခန္ဓာကိုယ်တွင်း၊ ရောဂါညှင်း၍၊ သေမင်းလက်သို့၊ ရောက်ရတို့အံ့။

သောကြာနဝင်း စားလာလျှင်းမူ၊ ချစ်ခြင်းမယား၊ သူ့တွက်များကြောင့်၊ ဖြစ်ပွားဒုက္ခ၊ ဂုဏ်ကင်းပလျက်၊ သွားကာယာဃီ၊ ပျက်စီးမည်တည်း။

နဝင်းစနေ၊ စားလာချေမူ၊ များပေဒုက္ခ၊ တွေ့ကြုံကြလျက်၊ မုချမသွေ၊ သေတတ်ဖွေချေ၏။

ဗျာယအိမ်၌ ဂြိုဟ်(၇)လုံးတို့၏ စားနဝင်းကို ဟောဆိုရန် လင်္ကာ

ရဝိမှာကား၊ နဝင်းစားမူ၊ တပါးသူတို့၊ ရန်မူပြစ်ရှာ၊ မှုထွက်လာက၊ မသာနှလုံး၊ အမှန်ရှုံးအံ့။

နဝင်းစန္ဒာ၊ စားပေလာမူ မာတာမိရင်း၊သားသက်နှင်းနှင့်၊ ကွေကွင်း၏ဆို၊ မိမိကိုယ်လည်း၊ ငြိုငြင်ဒုက္ခ၊ တွေ့ကြုံရအံ့။

ဘောမနဝင်း၊စားလာလျှင်းမူ ပျက်ခြင်းမိမိ၊နေမချိအောင်၊ ကိုယ်ထိလက်ပါး၊ကျေးကျွန်များနှင့်၊ရှေးကားပူပန်၊နေ့င်တော်လှန်အံ့။

နဝင်းဗုဒ္ဓ၊စားလေကမူ၊ ဒုက္ခမကင်း၊ဝမ်းရင်တွင်း၌၊ဖြစ်ခြင်းအနာ၊ ဘရိယာကြောင့်၊ ပူဆာသောက၊ တွေ့ကြုံရဇာံ့။

ဇီဝါနဝင်း၊ စားတုံလျှင်းမူ၊နေရင်းမြို့ရွာ- ကွေကွင်းကွာ၍၊ ကိုယ်မှာအပြင်၊ ဖြစ်တုံလစ်အံ့။

နဝင်းသောကြာ၊ စားသောခါလျှင်၊ ကြင်ရာ သူ့တွက်၊ အနေခက်အောင်၊ စိတ်လက်ညှိုးစွာ၊ ပူပန်ခါဖြင့်၊ မကြာမုချ၊ ကြီးသူ မ,အံ့။

နဝင်းစနေ၊ စားလာချေမူ၊ ကိုယ်သေချင်ဘွယ်၊ ရောဂါ တွယ်လည်း၊ လွဲဖယ်ရှောင်ရှား၊ မလွတ်ငြားပဲ၊ မယားသားကုန်၊ ဖျားနာကြုံ၍၊ ရှိတုံ ဥစ္စာ၊ ပျက်စီးရာသည်၊ ကြမ္မာလွန်လှ၊ အဆိုး တည်း။

ဤကား အာရီ, မရဏ, ဗျာယ အိမ်တို့၌ နဝင်းစားလျှင် ပြဆိုခဲ့သော လက္ခဏာများအတိုင်း ဟောဆိုရသည်။

ထိုသုံးအိမ်ရှင် ဂြိုဟ်တို နဝင်းစားသော အခါမှာလည်း ဤ အတိုင်း ဟောရမည်။

အာယုစန်းနက္ခတ် ပါဒ်ခိုက် အကြောင်းတေးထပ်

တေဇောအိမ် အစပါဒ်၊ အာပေါဓာတ် နဝမံ၊ယင်းခြောက်ခု မြွေပွေးမှန်၊ သေဘေးဒဏ်ကြုံရ။ မြေဓာတ်ဆုံးသုံးထွေ လေရာသီ သုံးပါဒ်အစ၊ မိတ္တုဟု-ဝေဘာန်ဖြာကေန်သာ ယှဉ်ကြ သွေလှန်ခါ မှုမခွစေနှင့် ဘူဇဂဝိသံ။ ကြွင်းရာသီခြောက်ခု ထောက်ရှု၍ ဆုံးစ ယှူရန်၊ ဆ,အဋ္ဌ-ဗျာယ ခံလျှင် ဒါနကံညီမျှလို့ သီလကို မြဲစေ ကွယ်၊ ကဲ့ကြေတတ်တယ်၊ မှုပွေတဲ့ လူ့ပြည်နယ်မှာ စုတေဘွယ် သည်ကိန်းပလေး။

အစိုပ္ပါယ်မှာ "ပါဒ်ပါဒ်ခြောက်ခု။ မြွေပွေးတု၊ တဆယ့်နှစ်ခု နဂါးတု။ တဆယ့်ရှစ်ရပ် မိတ္တုနတ်" ဟူသော လင်္ကာအရ စလေဦးပုညက တေးထပ်ဖြင့် ရေးစပ်ခြင်းပင်ဖြစ်လေသည်။ ထိုတေးထပ်၏ နက္ခတ်ပါဒ်ခိုက်သဘောကား ဤသို့တည်း။

၁၂-ရာသီခွင်တွင် မြေဓာတ်ဟု ဆိုအပ်သော ပထဝီသုံးအိမ်၊ မီးဓာတ်ဟုဆိုအပ်သော တေဇောသုံးအိမ်။ ရေဓာတ်ဟု ဆိုအပ်သော အာပေါသုံးအိမ်။ လေဓာတ်ဟုဆိုအပ်သော ဝါယောသုံးအိမ် ပေါင်း (၁၂)အိမ်ဖြစ်သည်။

မိဿ, သိဟ်, ဓနု ဤသုံးအိမ်သည် မီးဓာတ်ဟု ဆိုအပ်သော တေဇောသုံးအိမ်ဟု မှတ်ရမည်။

ပြိဿ, ကန်, မကာရ ဤသုံးအိမ်သည် မြေဓာတ်ဟု ဆိုအပ်သော ပထဝီသုံးအိမ်ဟု မှတ်ရမည်။

မေထုန်, တူ, ကုမ် ဤသုံးအိမ်သည် လေဓာတ်ဟု ဆိုအပ်သော ဝါယောသုံးအိမ်ဟု မှတ်ရမည်။

ကြကဋ်,ဗြိစ္ဆာ,မိန် ဤသုံးအိမ်သည် ရေဓာတ်ဟုဆိုအပ်သော အာပေါသုံးအိမ်ဟု မှတ်ရမည်။

နက္ခတ်(၂၇)လုံးကို ပါဒ်အားဖြင့် ၁၂-ရာသီခွင်၌ ဝေပုံချသော်(၁၀၈) ပါဒ်ဖြစ်သည်။ တရာသီလျှင် ၉-ပါဒ်ရသည်။ ထိုသို့ရရှိသောပါဒ်များအနက် တေဇောသုံးအိမ်၌ အစ တပါဒ်စီယူ ၃-ပါဒ်။ အာပေါသုံးအိမ်၌ ၉-ခုမြောက် အဆုံး တပါဒ်စီယူ ၃-ပါဒ်။ ၂-ရပ်ပေါင်း ၆-ပါဒ်။ ၎င်း(၆)ပါဒ်သည် မြွေပွေး၏ အဆိပ်နှင့် တူသောကြောင့် "ယင်းခြောက်ခု မြွေပွေးမှန် သေဘေးဒဏ်ကြုံရ" ဟူ၍ စလေဆရာ စပ်ဆိုလေသည်။

ထိုပါဒ် ခြောက်ပါးကို ထင်ရှားပြဦးအံ့

မိဿရာသီ၏ အဆုံးဖြစ်သော ကြတ္တိကာ တေဇောနက္ခတ် ပထမ ၁ပါဒ်၊ ကြကင်္ကရာသီ၏ အစဖြစ်သော ပုဏ္ဏဖုသျှ ဓာတ်မီး နက္ခတ် စတုတ္ထ ၁-ပါဒ် သိဟ်ရာသီ၏ အဆုံးဖြစ်သော ဥတ္တရ ဘရဂုဏ္ဏီ တေဇောနက္ခတ် ပထမ ၁ပါဒ်၊ ဗြိစ္ဆာရာသီ၏ အစဖြစ်သော ဝိသာခါ ဓာတ်မီး နက္ခတ် စတုတ္ထ ၁ ပါဒ်၊ ဓနုရာသီ၏ အဆုံးဖြစ်သော ဥတ္တရာသဠ် တေဇော နက္ခတ် ပထမ ၁-ပါဒ်၊ မိန်ရာသီ၏ အစဖြစ်သော ပြုဗ္ဗာ ပရပိုဒ်နက္ခတ် စတုတ္ထ ၁ပါဒ်၊ ဤပါဒ်ပေါင်း(၆)ပါဒ်သည် မြွေပွေး၏ အဆိပ်နှင့် တူသောကြောင့် "ပါဒ်ပါဒ်ခြောက်ခု မြွေပွေးတု" ဟု လင်္ကာစကား ပြုထားပေသည်။ ထိုနက္ခတ် ပါဒ်များနှင့် အာယုစန်းကျသော ဇာတာရှင်များမှာ မြွေပွေးကိုက်သကဲ့သို့ ဆိုးဝါးတတ်သဖြင့် ညံ့၏ဟု မှတ်ယူ ဟောဆိုရမည်။

---

၁၂ ခု နဂါးတုံ ဟူသည်ကား

ပြိဿရာသီ မိဂသီနက္ခတ်၏ ပထမ, ဒုတိယ ၂-ပါဒ်၊ မေထုန်ရာသီ ရှင်းနက္ခတ်၏ တတိယ, စတုတ္ထ ၂ ပါဒ်၊ ကန်ရာသီ စိတြ နက္ခတ် ပထမ, ဒုတိယ ၂ ပါဒ်၊ တူရာသီ ရှင်းနက္ခတ်၏ တတိယ စတုတ္ထ ၂ပါဒ်၊ မကာရရာသီ ဓနသိဋ္ဌနက္ခတ် ပထမ, ဒုတိယ ၂ပါဒ် ကုမ်ရာသီ ရှင်းနက္ခတ်၏ တတိယ,စတုတ္ထ ၂ ပါဒ် ဤ ၂-ပါဒ် ပေါင်း ၆-လီ ၁၂ပါဒ်သည် နဂါး၏အဆိပ်နှင့် တူသောကြောင့်

 "၁၂-ခုနဂါးတု"ဟု အဆိုလင်္ကာ ရှိလေသည်။

ထိုနက္ခတ်ပါဒ်များနှင့်အာယုစန်းတူသောဇာတာရှင်များမှာ နဂါး အဆိပ်သင့်သကဲ့သို့ ဆိုးဝါးတတ်သဖြင့် ညံ့၏ဟု မှတ်ယူ ဟောဆိုရမည်။

---

၁၈ ရပ် မိတ္တုနတ် ဟူသည်ကား

ပြိဿရာသီ ကြတ္တိကာနက္ခတ်၏ ဒုတိယ, တတိယ, စတုတ္ထ သုံးပါဒ်၊ မေထုန်ရာသီ ပုဏ္ဏဖုသျှ နက္ခတ်၏ ပထမ, ဒုတိယ, တတိယ ၃ပါဒ်၊ ကန်ရာသီ ဥတ္တရာဘာဒြပုဏ္ဏ နက္ခတ်၏ ဒုတိယ, တတိယ, စတုတ္ထ ၃ပါဒ်၊ တူရာသီဝိသာခါနက္ခတ်၏ ပထမ,ဒုတိယ,တတိယ ၃ပါဒ်၊ မကာရရာသီဥတ္တရာသဠ်နက္ခတ်၏ဒုတိယ,တတိယ,စတုတ္ထ ၃ပါဒ်၊ ကုမ်ရာသီ ပြုဗ္ဗာပရပိုဒ်နက္ခတ်၏ ပထမ, ဒုတိယ, တတိယ ၃ပါဒ်။ ထို ၃ပါဒ်ပေါင်း ၆ လီ ၁၈ ပါဒ်သည် နတ် ဖမ်းစားသကဲ့သို့လတ်တလောသေတတ်သောကြောင့်"၁၈ရပ်မိတ္တုနတ်" ဟု လက်ာစကား ပြုထားလေသည်။

ထိုနက္ခတ်ပါဒ်များ နှင့် အာယုစန်း တူညီသော အခါ နတ် ဖမ်းစားသကဲ့သို့ လတ်တလောသေစေတတ်သောကြောင့် အလွန် ဆိုးဝါးတတ်၏ဟု မှတ်ရမည်။

မှတ်ချက် ဆိုပြီးခဲ့သော ရင်းနက္ခတ်,ပါဒ်များနှင့် ကြုံတွေ့တိုင်း ဆိုးဝါးသည်ကား မဟုတ်။ မိမိ၏ အာရှိ, မရဏ,ဗျာယသုံးအိမ်၌ပါဒ်ခိုက်ကြုံမှသာလျှင်ညံ့၏ဟုမှတ်ရမည်၊ ထို့ကြောင့် "ဆ,အဋ္ဌ, ဗျာယခံလျှင် ဒါနကံ ညီမျှလို့၊ သီလနှင့် မြဲစေကွယ်၊ကံကြေတတ်တယ်၊ မှုပေ့တဲ့လူ့ ပြေနယ်မှာ စုတေဘွယ် သည်ကိန်းပေါ့လေး"ဟု စလေဆရာကြီး ဦးပုည က တေးထပ်ဖြင့် ရေးစပ် မိန့်မှာတော် မူခဲ့လေသတည်း။

ရှင်းပြင်"မိတ္တာ့ဟု ဝေဘန်ဖြာ၊ ကောန်သာသယူကြ" ဟူသည်မှာ ဘုရားဟောသင် မဟာတ်ငြားသော်လည်း ဗေဒင်ကျမ်းအရှိ ကောန္တ မှတ်ထိုက်သော ပါဒ်ခိုက်တို့ပင်တည်းဟု ဆိုလိုသည်။

နက္ခတ် (၉) ခိုင်ပုံ

ဒလိဒ္ဒ ၁၉ ၁၀ ၁	မဟာဒ္ဓန ၂၀ ၁၁ ၂	စောရ ၂၁ ၁၂ ၃
အမစ္စ ၈ ၁၇ ၂၆	သမဏ ၉ ၁၈ ၂၇	ရာဇ ၄ ၁၃ ၂၂
ဝါကိုဇ ၇ ၁၆ ၂၅	ဒေဝီ ၆ ၁၅ ၂၄	ဒေဝန္ဒြ ၅ ၁၄ ၂၃

နက္ခတ် (၉) ခိုင် အကြောင်း

နက္ခတ်(၉)ခိုင်သည် တခွင်တခွင်၌ သုံးလုံးစီနေသဖြင့် အစဉ် အတိုင်း (၉)ဖါးသော နဝလက်တွင် တည်နေ၍၊ ၂၇ လုံးသော နက္ခတ်တို့ပင် ဖြစ်သည်။ နက္ခတ် ၂၇ လုံးကို ၉ ပုံပုံ၍ တပုံလျှင် နက္ခတ်၃လုံးကျထားခြင်းပင်ဖြစ်သည်၊အလွယ်တကူမှတ်သားရန်၊

နက္ခတ် ၁ လုံး၊ ငင်းတွင် ၉ လုံးရော ၁၀ လုံး၊ ငင်းတွင် ၉ လုံးရော ၁၉ လုံး၊ ထို့ကြောင့် နက္ခတ် ၁ လုံး၊ ၁၀ လုံး၊ ၁၉ လုံး တို့သည် ဆင်းရဲခြင်းသဘောရှိသော ဒလိဒ္ဒ နက္ခတ်ဟု မှတ်သား ရာ၏။

နက္ခတ် ၂ လုံး၊ ငင်းတွင် ၉ လုံးရော ၁၁ လုံး၊ ငင်းတွင် ၉ လုံး ရော ၂၀ လုံး၊ ထို့ကြောင့် ၂ လုံး၊ ၁၁ လုံး၊ ၂၀ လုံး နက္ခတ် တို့သည် ဥစ္စာများပြားခြင်း သဘောရှိသော မဟာဒ္ဓန နက္ခတ်ဟု မှတ်။ ဤနည်းတူ အစဉ်အတိုင်း ၉ လုံး ၉ လုံးစီ ရောသွားခြင်းကို သတိမူပါလေ။

၃ လုံး၊ ၁၂ လုံး၊ ၂၁ လုံး နက္ခတ်တို့သည် လျှပ်စား ဖြတ်စား ခိုးစားခြင်းသဘော စောရနက္ခတ်ဟုမှတ်။

၄ လုံး ၁၃ လုံး၊ ၂၂ လုံး နက္ခတ်တို့သည် မင်းဖြစ်ခြင်း၊ သို့မဟုတ် မင်း၏ မ, စ ချီးမြှောက်ခြင်း သဘော ရှိသော ရာဇ နက္ခတ်ဟုမှတ်။

၅ လုံး၊ ၁၄ လုံး၊ ၂၃ လုံး နက္ခတ်သည် သူတောင်းစား ယုတ်ခြင်းသဘောရှိသော ဒေသန္တြိနက္ခတ်ဟုမှတ်။

၆ လုံး၊ ၁၅ လုံး၊ ၂၄ လုံး နက္ခတ်တို့သည် မိဖုရား မင်း မိန်းမတို့၏ မ, စခြင်း သဘောရှိသော ဒေဝီနက္ခတ်ဟုမှတ်။

၇ လုံး၊ ၁၆ လုံး၊ ၂၅ လုံး နက္ခတ်တို့သည် ကူးသန်း ရောင်း ဝယ်မှုကို ပြုလုပ်ခြင်း သဘောရှိသော ဝါဏိဇ္ဇ နက္ခတ်ဟုမှတ်။

၈ လုံး၊ ၁၇ လုံး၊ ၂၆ လုံးနက္ခတ်တို့သည် စစ်သူကြီး၊ မှူးမတ် သို့မဟုတ် ငင်းတို့၏ မ, စခြင်းကို ခံရခြင်းသဘောရှိသော အမစ္စ နက္ခတ်ဟုမှတ်။

၉ လုံး၊ ၁၈လုံး၊ ၂၇ လုံး နက္ခတ်များသည် ရဟန်း, ပုဏ္ဏား သို့မဟုတ် ရဟန်း,ပုဏ္ဏား ကဲ့သို့ စိတ်သဘော နူးညံ့ သိမ်မွေ့ခြင်း သဘောရှိသော သမဏ,ဗြဟ္မဏ နက္ခတ်ဟုမှတ်။

ဤ ၉ ပါးသော အစဉ်တို့ဖြင့် မှတ်သားလျက် ကျရောက်ရာ တို့၌ ဖော်ပြလတံ့သော အဟော အတိုင်း ဟောပြောရာ၏။ ဟောပြောမည့်အခါ စင်နက္ခတ်ကို ပါဒ်,သင်္ချီကို ပယ်၍ နက္ခတ် တွင် တလုံးတိုး၍ ဟောပါလေ။

---

၁ လုံး၊ ၁၀ လုံး၊ ၁၉ လုံး၊ ဒလိဒ္ဒ နက္ခတ် အဟော

ဒလိဒ္ဒနက္ခတ်နှင့် ယှဉ်၍ မွေးဖွားသော သူသည် အမိ ဝမ်းမှ မွေးဖွားစဉ်ကပင် ငြိုငြင်စွာ ရှိခဲ့ရတတ်သည်။ ကိုယ်ပင်ပန်း စိတ် ပင်ပန်းခံ၍ ပင်ပန်းဆင်းရဲစွာအသက်မွေးရတတ်သည်။အကယ်၍ စည်းစိမ်ဥစ္စာ ပြည့်ဖြိုး၍ နာမည် ဘုန်းတန်ခိုး ရှိသူဖြစ်စေကာမူ ဘာမဆို မိမိကိုယ်တိုင် အပင်ပန်းခံ၍ လုပ်ကိုင်ရမှ ကြေနပ်သော စိတ်သဘော ရှိတတ်သည်။ ပဝတ္တိအခါ အာယုစန်းနက္ခတ်နှင့် တူ ညီနေသည့်အခါ ဤအဟောနှင့် လိုက်လျောညီစွာ ကိုယ်စိတ် နှစ်ဖြာ မချမ်းမသာ ဖြစ်နေတတ်သည်ဟု ဟောဆိုရာ၏။

---

၂ လုံး၊ ၁၁ လုံး၊ ၂၀ လုံး မဟာဓန နက္ခတ် အဟော

မဟာဓန နက္ခတ်နှင့်ယှဉ်၍ မွေးဖွားသောသူသည် ပစ္စည်းဥစ္စာ လိုရာမရှား ပေါများပြည့်စုံတတ်သည်။ အလွန်ဆင်းရဲသော မိဘ နှစ် ပါးကဖွားမြင်သောသားဖြစ်စေကာမူအလွယ်တကူနှင့်ပစ္စည်း

ဥစ္စာရှိတတ်သည်။ ထိုသူသည် ကတိမ်းကပါး မဖြစ်နိုင်၊ အကယ်၍ ရောဂါဝေဒနာ နှိပ်စက်နေစေကာမူ မ,စ ထောက်ပံ့မည့်သူ ပေါ် ပေါက်၍ လာတတ်သည်။ ပစ္စတ္တိ အခါဖြစ်မူ စုဆောင်းပြီး ဥစ္စာ ပစ္စည်းကို ရရှိတတ်သည်။ ထီသော်လည်း ပေါက်တတ်သည်။

---

၃ လုံး၊ ၁၂ လုံး၊ ၂၁ လုံး စောရနက္ခတ်အဟော

ဇုင်းနက္ခတ်နှင့်ယှဉ်၍ မွေးဖွားသောသူသည် သူတပါးပစ္စည်း ကို လိုချင်မျက်စိ ရှိတတ်သည်။ အရှင်မပေးသောဥစ္စာကို ခိုးယူ ဝှက်ကဲ့လိုသော စိတ်သဘောရှိတတ်သည်။ မိကောင်းဖခင် သား သမီးပင် ဖြစ်စေကာမူ ဝါသနာစရိုက်ဆိုး သူခိုးအလုပ်ကိုနှစ်သက် တတ်သည်။အကယ်၍ဆရာကောင်းတို့၏ဆုံးမခြင်းကိုခံယူရသဖြင့် အဒိန္နာဒါန်မှ ကင်းလွတ်သူ ဖြစ်ခဲ့ပါလျှင် မိမိဥစ္စာကို သူတပါး ခိုးယူတတ်ခြင်း၊ ဖဲရိုက်မြင်းလောင်း၍ ဥစ္စာပျက်ပြုန်း ဆုံးရှုံးရ ခြင်းများ ဖြစ်တတ်သည်။ ပစ္စတ္တိအခါ ဖြစ်မူ သူတပါး ဥစ္စာကို မိမိသော်လည်း ခိုးယူမိမည်။ သို့မဟုတ် မိမိဥစ္စာကို သူခိုး ခိုးခြင်း ခံရတတ်သည်ဟု ဟောဆိုရာ၏။

---

၄ လုံး၊ ၁၃ လုံး၊ ၂၂ လုံး ရာဇနက္ခတ် အဟော

ရာဇနက္ခတ်နှင့် ယှဉ်၍ မွေးဖွားသော သူသည် မင်းဖြစ်တတ် သည်။ သို့မဟုတ် မင်းနှင့်ထူစွာ စည်းစိမ်ချမ်းသာကို ခံစားရတတ် သည်။ ဩဇာအာဏာရှိတတ်သည်။ တပည့်လက်သား အခြွေအရံ ပေါများတတ်သည်၊ မင်းစိုးတို့၏ ချီးမြှောက် ထောက်ပံ့ခြင်းကို

သော်လည်းခံရတတ်သည်။ ပစ္စတ္တိအခါဖြစ်မူ "အမျိုးအလိုက်၊ အထိုက်တန်သင့်၊ဘုန်းတန်းပွင့်" ဆိုသည့်အတိုင်း မင်းဖြစ်တတ်သည်။ သို့မဟုတ်မင်းနှင့်တူစွာစည်းစိမ်ရှိတတ်သည်။ မင်းစိုးတို့၏မှ စခြင်းကိုသော်လည်း ခံရတတ်သည်ဟု ဟောဆိုရာ၏။

———

၅လုံး၊ ၁၄လုံး၊ ၂၃လုံး၊ ဓနသွိဋ္ဌနက္ခတ်အဟော

ဓနသွိဋ္ဌနက္ခတ်နှင့်ယှဉ်၍ မွေးဖွားသောသူသည်ယုတ်ညံ့သော အမှုအရာဖြင့် သွားလာနေထိုင်မှုကို ပြုလုပ်တတ်သည်။ ကိုယ်စိတ်နှစ်ဖြာလွန်စွာပင်ပန်း ဆင်းရဲတတ်သည်။ ကြွယ်ဝ ချမ်းသာသောသူပင်ဖြစ်စေကာမူ မိမိမှိခိုလိုက်ကပျက်စီးဆုံးရှုံး၍ဆင်းရဲပင်ပန်းခြင်းသို့ရောက်တတ်သည်။ အကယ်၍စီးပွားဥစ္စာ လာဘ်သပ္ပကာပေါများသော်လည်း ဘုရားကျောင်းကန်စသည်တို့နှင့် ပတ်သက်သောပစ္စည်းဖြစ်တတ်သည်။ သူတော်ကောင်းများ စက်ဆုပ်အပ်သော ပစ္စည်းတို့ကိုသာ ရရှိတတ်သည်။ အထူးရှောင်ကြဉ်သူဖြစ်သော်လည်း အမှတ်မဲ့ သိမ်မြေ့ သံဃိကကျောင်းမြေစသည်တို့၌ နေထိုင်မိတတ်ခြင်းများ ဖြစ်တတ်လေသည်။ ပစ္စတ္တိ အခါဖြစ်မူ ကျောင်းပစ္စည်း ဘုရားပစ္စည်းများနှင့် မကင်းတတ်။ ယုတ်ညံ့သော အလုပ်အကိုင်များကိုသော်လည်း လုပ်ကိုင်ရတတ်သည်ဟု ဟောဆိုရာ၏။

———

၆ လုံး၊ ၁၅လုံး၊ ၂၄လုံး ဓေဝီနက္ခတ် အဟော

ဓေဝီနက္ခတ်နှင့်ယှဉ်၍ မွေးဖွားသောသူသည် မင်းမိန်းမတို့၏ ချီးမြှောက်ထောက်ပံ့ခြင်း၊ ခင်မင်မြတ်နိုးခြင်းများကို ခံရတတ်

သည်။ မိန်းမဖြစ်မူ မင်းကတော် စိုးကတော် ဖြစ်တတ်သည်။ ပဝတ္တိအခါဖြစ်မူ မင်း မိန်းမစသော အရာအထူး ဂုဏ်ထူး ရှိသူတို့၏ချီးမြှင့်ခြင်းကို ခံရတတ်သည်။ မိန်းမဖြစ်မူ မင်းစိုး ရာဇာတို့၏ချစ်ခင်မြတ်နိုးခြင်း၊ ၎င်းတို့နှင့်ပတ်သက်၍ ကျေးဇူးများခြင်းရှိမည်ဟု ဟောဆိုရာ၏။

၇လုံး၊ ၁၆လုံး၊ ၂၅လုံး ဝါဏိဇ္ဇနက္ခတ် အဟော

ဝါဏိဇ္ဇနက္ခတ်နှင့် ယှဉ်၍ မွေးဖွားသောသူသည် ကူးသန်းရောင်းဝယ်မှုကို ပြုလုပ်လိုခြင်း၊ စိတ်သဘော ဖြောင့်မတ် တည်ကြည်ခြင်း၊ မြဲမြံခိုင်ခံ့သော စိတ်နှလုံးရှိခြင်း၊ လိမ္မာရေးခြားစကားရည်ငံစွာ ပြောဆိုတတ်ခြင်း၊ အဆင်ခြင် ဉာဏ်ပညာနှင့် ပြည့်စုံခြင်းများ ရှိတတ်သည်။ ပဝတ္တိ အခါဖြစ်မူ အခြားသော မင်းမှုထမ်း လယ်သမားများပင် ဖြစ်စေကာမူ ကူးသန်းရောင်းဝယ်မှုကိုပြုလုပ်လိုသောစိတ်သဘော ဖြစ်ပေါ်၍ လာတတ်သည်။ ၎င်းအမှုပြုကဉစွာနေ ကြွယ်ဝချမ်းသာတတ်သည်ဟု ဟောရာ၏။

၈လုံး၊ ၁၇လုံး၊ ၂၆လုံး အမစ္စနက္ခတ်အဟော

အမစ္စနက္ခတ်နှင့်ယှဉ်၍ မွေးဖွားသောသူသည် သူတပါးတို့၏အကျိုးစီးပွားကို ဆောင်ရွက်လိုခြင်း၊ သူတပါး တို့၏ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံစွာနေသည်ကို ဝမ်းမြောက် ဝမ်းသာရှိခြင်း။ စိတ်နှလုံးဖြောင့်မတ် ခိုင်ခံ့ခြင်းများရှိတတ်သည်။ ပဝတ္တိအခါ၌ ဖြစ်မူ မှူးမတ်လူကြီးသူမတို့၏ ပေးကမ်းချီးမြှောက် ထောက်ပံ့ခြင်းကို ခံရတတ်သည်။ သို့မဟုတ် မင်းတိုင်ပင်အမတ်သော်လည်း ဖြစ်တတ်သည်ဟု ဟောဆိုရာ၏ ။

၉ လုံး၊ ၁၈လုံး ၂၇ လုံး
သမဏာဖြဟ္မဏာနက္ခတ် အဟော

သမဏာဖြဟ္မဏာနက္ခတ်နှင့် စန်းယှဉ်၍ မွေးဖွားသော သူသည် နူးညံ့သိမ်မွေ့သော ကိုယ်အမူအရာ နှုတ်အမူအရာရှိတတ်သည်။ ရတနာသုံးပါးဂုဏ်၌မတုန်မလှုပ် ကြည်ညိုသက်ဝင်သော စိတ်ရှိတတ်လေသည်။ သံသရာမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း သူတော်ကောင်းတရားများကို ဆည်းပူးရှာမှီးတတ်သည်။ ပစ္စတ္တိအခါဖြစ်မူ တစုံတခုကိစ္စကြောင့် ရဟန်းသူမြတ်အဖြစ်ကို တောင့်တဆဲ တောင့်တ၍နေမည်ဟု ဟောဆိုရာ၏။

တနည်း စားနဝင်းတွက်နည်း ဟောပုံ

စားနဝင်းဟူသည် အာယုစန်းစီးသော နဝင်းကို ခေါ်ဆို၏။ တွက်ပုံမှာ–အာယုစန်း နက္ခတ်ကိုတည်၊ ၃-နှင့်စား၊ ၁-ကြွင်းလျှင် ကြကဠ၊ ၂-ကြွင်းလျှင် ဗြိစ္ဆာ၊ သုညကြွင်းလျှင် မိန်ဟုမှတ်ပြီးမှ အာယုစန်းတွင် ၁-ပါဒ်စွန်းလျှင် ရှေ့တခွင်၊ ၂-ပါဒ်စွန်းလျှင် ၂-ခွင်၊ ၃-ပါဒ်စွန်းလျှင် ၃-ခွင်ထောက်၍သွား။ ဿငိ္ဂစွန်းလျှင် နောက်ထပ်တခွင်သွား၊ ကျရာအိမ်၌ပိုင်သော ရာသီစောင့်ကသစ်ဂြိုဟ်သည် စားနဝင်းဂြိုဟ်ဟူ၍ မှတ်ယူသိရှိရမည်။

ထိုစားနဝင်းသည် လဂ်, စန်း, ပထနီ, လာဘ, သုဘ, ဥစ်အိမ်, မိတ်အိမ် စသည်ကြုံသော် ကောင်းမြတ် စင်ကြယ်သော အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်၏။

လာဘ်လာဘများခြင်း၊ ကျော်စောထင်ရှားခြင်း၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းတို့ကို ဖြစ်စေတတ်၏။

အာရိ,မရဏ,ဗျာယအိမ်တို့က ပိုင်သော နဝင်းစားလျှင် ရန်များခြင်း၊အမှုရောက်ခြင်း၊ပျက်စီးပူပန်ခြင်းတို့နှင့် ရောဂါရောက်ခြင်း၊ သေခြင်းစသည် မကောင်းကျိုးများကို ပေးစေနိုင်၏။

ထို့ကြောင့်"စားနဝင်းနှင့်၊စန်းမင်းလဂ်မှာ၊ ဝင်လာတကြိမ် ဉစ်အိမ်, မိတ်အိမ်၊ ကြံ့မ်သည်တလီ၊ ပထနိ, သုဘ၊ လာဘအိမ်မှောက်၊ ရောက်သော် တခြား၊ ဤသုံးပါး၌၊ ဆိုလေကြိုက်မူ၊ ကောင်းထိုက်ကြွယ်ဝ၊ သုခရိပ်ငြိမ်၊ စည်းစိမ် တိုးတက်၊ ဘုန်းကြက်သရေ၊ ရှိန်ဝေထွန်းပ၊ ပြည့်စုံလှသည်၊ မိုးဝ,လနှယ် ဆန်းဆန်းတည်း"ဟု အဟောလာရှိလေသည်။

တဗန် ရက်စားနဝင်း အဟောကို ပြဆိုခြင်းအကြောင်း

ရက်စားနဝင်းဟူသည်ကား တနဝင်း,တနဝင်း၌ ရက်ပေါင်း (၄၀)နေ၍၊ နဝင်းပေါင်း ၉-နဝင်းစေ့လျှင် တရာသီရောက်သဖြင့် ရက်ပေါင်း(၃၆၀)စေ့ရကား တရာသီသို့ ပြောင်း၏။ ထိုနဝင်းစား၏ မူလအရင်းကို သိရန် ကသစ်ဂြိုဟ်အိမ် အတိုင်းလိုက်၍ သိရ၏။ ကသစ်ဂြိုဟ်အိမ်ကို "စ၊သာ၊ရွှေ၊ကူ၊အင်း၊ဝ၊သူ၊ဆန်၊ဖြူ၊တ၊တင်း၊ပေး" ဟူ၍ မိဿရာသီကစပြီး လက်ဝဲရစ်ချရလေသည်။

ကသစ်ဂြိုဟ်အိမ်ပုံ



ဤသို့ပေါ်ပြအပ်သော ကသစ်ဂြိုဟ်အိမ်ပုံကား(၁၂)ရာသီ၌ ပါဒ်အားဖြင့်(၁၀၈)ပါဒ်ရှိသော နက္ခတ်တို့၏ ထွန်းပရာအစဉ် ကို ပြအပ်သောဟူ၏။

ဤကသစ် ဂြိုဟ်အိမ်အတိုင်းတရာသီလျှင် ရက်ပေါင်း(၄၀) ဆုံးဖြတ်၍၊ ကျရာ ဂြိုဟ်အိမ်အတိုင်းမှာပင် ၉-နဝင်း စေ့အောင် ချရမည်။ ချအပ်ပြီးသော အစင်အကြွယ် ပုံကား အောက်ပါ အတိုင်းပင်တည်း။

စားနဝင်းကြိုက် တည်နေပုံ



ထင်ရှားပေါ်လွင်စေရန် ဥပမာနှင့်တကွပြဆိုဦးအံ့

မိဿရာသီ အင်္ဂါစားနဝင်း အိမ်သို့ ရောက်၍ တည်သော ဇာတာတွင် အကြွင်းဗီဇနာ ၅-ခုရှိသည်ဟူက ၎င်းဗီဇနာ ၅-ခု တည်၊ ၂၄-နှင့်မြှောက်၊ ၁၂၀-ရ၏။ ၎င်း(၁၂၀)ကိုနဝင်းရက် ၄၀နှင့်စား၊ လာဒ် ၃ခုရ၏။ ရသော လာဒ်အတိုင်း အင်္ဂါမှစ၍ ရေ၊ ၃-ခုရသောကြောင့် ရာဟု စားနဝင်းသို့ ရောက်သည်ဟု သိရ၏။ အကြွင်း မရှိသောကြောင့် တနင်္ဂနွေ စားနဝင်းသို့ မရောက်သေး၊ အကြွင်းရှိလျှင် တနင်္ဂနွေနဝင်းသို့ ကူးပြီဟု သိ အပ်၏။ ဤဥပမာကို နည်းမှီ၍ သိသင့်လောက်စရာ အကြောင်း ရှိပေပြီ။

အဟော ထုတ်သောအခါ

ပါပ စားနဝင်းစားမှု မကောင်း။ သောမ စားနဝင်းစားမှု ကောင်း၏ဟူ၍ သာမညအဟောထုတ်ရာ၏။ ထိုထက်လည်း စား နဝင်းအိမ်သည် လဂ်ပေါ်၊ စန်းပေါ်၊ အာယုစန်းပေါ်၊ရတနာပုံ အိမ်ပေါ်၌ ရောက်သောအခါ အထောင့်, အသောင်း မကသော အကျိုးစီးပွားနှင့် စပ်လျဉ်းသည်တို့ကို အဟောထုတ်ရာ၏။ ထို့မှ တပါးလည်း စားနဝင်းဂြိုဟ်သည် မွေးနံဂြိုဟ်နှင့် မိတ်ဖြစ်သည်၊ ရန်ဖြစ်သည်၊ ဥဒါသိန်ဖြစ်သည် တို့ကိုရင်း၊ ဥစ်,တြိဂုဏ်း၊ ခေါ် နှုန်းကသစ်၊ မိတ်စစ်ဂြိုဟ်များ၊ နဝင်းစားမှု ကောင်းကျိုးယူ ဟူ သည်တို့ကိုရင်း ဆင်ခြင်၍ ဉာဏ်ရှိသမျှ ထိုးထွင်း၍ ဟောဆို ရာ၏။

အကျဉ်းအားဖြင့် ဟောဆိုပုံမှာ

၁။ တနင်္ဂနွေ စားနဝင်းစားမူ နေရာဟောင်းမှနေရာသစ်သို့ ရွှေ့ပြောင်းရမည်၊ စိတ်နှလုံး နှောက်ကျို ပူပန်ရတတ်သည်၊ ရက်ပေါင်း (၄၀)လွန်မှ လွတ်မည်၊ သို့တည်းမဟုတ် ရက်ဝင် (၁၅)ရက်ရှိလျှင်လည်း နောက် (၂၅)ရက် လွန်မှ လွတ်မည်ဟု ဟောဆိုရာသည်။

၂။ တနင်္လာစားနဝင်းစားမူ ရက်ပေါင်း (၄၀)အတွင်း ဖြူသောလာဘ်များ ရဘို့ရန်ရှိသည်။ ၎င်းရာသီအိမ် ခိုင်သဖြင့် အကောင်းများလျှင်များရာအလိုက်အမိ အဘတို့၏အမွေအနှစ်ကို ရမည်။ အခြွေအရံ ကျေးကျွန်တို့နှင့် ပြည့်စုံမည်၊ ပစ္စည်းဥစ္စာ ရတနာများ တိုးတက်လာမည်ဟု ဟောဆိုရာသည်။

၃။ အင်္ဂါစားနဝင်းစားမူ မိမိအောက် ငယ်သူ့သေးနုတ်သူ များက တော်လှန်ခြင်းကို ခံရတတ်သည်၊ ရက်ပေါင်း(၄၀)တွင်း မှာ အမှောင့်ပယောဂ စုန်း, နတ်, တစ္ဆေတို့၏ ဖမ်းစားခြင်းကို ခံရတတ်သည်၊ သတိထား၍ နေလေဟု ဟောဆိုရာသည်။

၄။ ဗုဒ္ဓဟူး စားနဝင်းစားမူ ရက်ပေါင်း (၄၀)အတွင်း အိမ်သစ်ယာသစ် တက်ရတတ်သည်။ သူတပါးအိမ်ကိုသော်လည်း ခေတ္တသွား၍ နေရတတ်သည်ဟု ဟောဆိုရာသည်။

၅။ ကြာသပတေး စားနဝင်းစားမူ သိမ်းကညာရတတ်သည်၊ လာဘ်သပ္ပကာများ မကြံမစည်ဘဲနှင့် အလိုအလျောက် ပေါ် ပေါက်လာရတတ်သည်၊ ကြာသပတေးနံမြေ့မြင်း မိန်းမမိတ်ဆွေ အမွေအနှစ်စသည်တို့ကို ရက်ပေါင်း (၄၀)အတွင်း ရရှိတတ်၏။ ထိုရာသီအိမ်ကို ဆင်ခြင်၍ ဟောဆိုရာသည်။

၉။ သောကြာ စားနဝင်း စားမူ လိုက်ကြီးမိဘ ဆရာသမား တို့၏ မ စခြိုးမြှောက်ထောက်ပံ့ခြင်းကိုခံရတတ်သည် စသည်ဖြင့် ဟောဆိုရာသည်။

၀။ စနေ စားနဝင်းစားမူ မီးဘေး၊ ခိုးသူဘေး၊ မင်းဘေး စသော ဘေးဟူသမျှတို့ ရက်ပေါင်း (၄၀) အတွင်း ရရှိတွေ့ကြုံ တတ်သည်။

ဂ။ ဟုရာ စားနဝင်းစားမူ ရက်ပေါင်း(၄၀)အတွင်း မိမိ၏ သား မယားများနှင့် အငြင်းအခုံ ရန်ခိုက်ဒေါသ ဖြစ်ရတတ်၏။ ကွဲသော်လည်း ကွဲသွားမည်ဟု ဟောဆိုရာသည်။

ဤသို့စသည်ဖြင့် ရောက်ရာ စားနဝင်း အိမ်၏ ကောင်း မကောင်းကိုလည်း ရှေးဦးဆင်ခြင်လျက် ခိုင်သည် မခိုင်သည် တို့ကို စူးစမ်းဟောမြွက်ပါက ရက်(၄၀) ပိုင်းခြား အပ်သော နဝင်းဟောသည် မှန်ကန်ညီညွတ်ကြောင်းကို ဆရာမြတ်တို့သည် ဝန်ခံကြသည်။

စားနဝင်းအဟောပြီး၏။

ရှစ်ပင်စန်းနက္ခတ်တွက်နည်းအဟော

ရှင်ပင်စန်း နက္ခတ် တွက်နည်းမှာ မူလဇာတာရှိ အဓိပတိ တိုင်ဦးနက္ခတ်တွင် ၁လုံး ၂ပါဒ် တိုးကာတိုးကာ အလယ်ချက်က စ၍ အောက်ပါပုံစံဇယားတွင် ပြထားသည့်အတိုင်း ချရမည်။

ထိုသို့ချပြီးလျှင် မိမိ၏အာယုစန်းနက္ခတ်နှင့် တူရာကို ကြည့်၍ ဟောဆိုရာလသည်။

ရှဒ်ပဒ်စန်၊ ပုံစံဇယား



ဟောရန်လင်္ကာမှာ

ရှစ်ရပ်,ရှစ်ခွင်၊ တိုင်တို့တွင်ဝယ်၊ အကြွင်အာယု၊ စန်းကိုရှု၍၊ နှစ်ခုအာဒိ၊ လက်ချက်ထိသော်၊ သိရိကြက်သရေ၊ တက်ဖြိုးဝေသား၊ စံနေသုခ၊ ဘုန်းလျှံပသည်။ ကာယသုခိ၊ ကောင်းခေါင်ထိအုံ။

မဇ္ဈဘော့လယ်၊ ထိုစန်းဝယ်ကား၊ ကြည့်ဘွယ်တချက်၊ ပြင်မထွက်ကြောင့်၊ တိုးတက်ဥစ္စာ၊ ရန်မျိုးကွာ၍၊ ဥစ္စာစည်ပင်၊ မဆန့်ကျင်တည့်။

သည့်ပြင် ထောင့်နေ၊ စန်းလေးထွေကား၊ သွေးလေရင့်သည်၊ နားပင်စည်၍၊ ရှိသည်မနေ၊ ပျောက်ရှာဥစ္စာ၊ ခွါဆုတ်ပါ၍၊တရားတဘောင်၊ တွေ့မအောင်တည့်၊ ချည်နှောင်တုပ် ဆွဲ၊ ခေါင်းကွဲသွေးထွက်၊ရိုက်နှက်ခံရ၊ ဘေးရန်ရှလိမ့်။

ပြင်ပလေးရပ်၊ ဒွါရကပ်မူ၊ မလပ်ကိုးဆယ်၊ ခြောက်ပါးကယ်တို့၊ငြိတွယ်အပြင်း၊သံခြေကျဉ်းနှင့်၊ ထောင်သွင်းချည်နှောင့်ကြံမှောင့်မသာ၊ မင်းရာဇာလည်း၊ ပြင်းစွာ အမျက်၊ ရန်ကြီးထွက်သည်၊ အသက်သေဆုံးတတ်ပါသတည်း။

ရှင်ပင်စန်းအဟော ပြီး၏။

သက်ဆစ်, သက်ပိုင်း တွက်နည်းအဟော

ဘူမိ,သက်ဆစ်,သက်ပိုင်း နက္ခတ်ကြုံသော ဇာတာရှင်များမှာ အညံ့ကိန်းကြုံတတ်လေသည်။ ထို့ကြောင့် သက်ဆစ်, သက်ပိုင်း နက္ခတ် တွက်နည်းဟောပုံမှာ အောက်ပါအတိုင်းမှတ်ရမည်။

အတီတျာံ ဗုဒ္ဓရာဟုစ၊ ကေနက္ခတ္တံ မရဏံ။
စန္ဒရံ သောကြ သောရီစ၊ ဒွယနက္ခတ္တံ မရဏံ။
ဘောမ ဂုရု ကေတုစ၊ သုညနက္ခတ္တံ မရဏံ။

အတိတျာဗုဒ္ဓရာဟုစ၊ တနင်္ဂနွေသား,ဗုဒ္ဓဟူးသား,ရာဟုသားတို့သည်။ ကေနက္ခတ္တံ၊ နက္ခတ်တလုံးကြွင်းမူကား။ မရဏံ၊သေတတ်၏စန္ဒရံသော်ကြာသောရိစ၊ တနင်္လာသား၊သော်ကြာသားစနေသားတို့သည်။ ဒွယနက္ခတ္တံ၊ နက္ခတ်နှစ်လုံး ကြွင်းမူကား။ မရဏံသေတတ်၏။ဘောမကုရုကေတုစ၊အင်္ဂါသား,ကြာသပတေးသား ကိတ်သားတို့သည်ကား။ သုညနက္ခတ္တံ၊ သုညကြွင်း၍ခနေမူကား။ မရဏံ၊ သေတတ်၏။

အဓိပ္ပါယ်မှာ အာယုစန်းနက္ခတ်ကိုတည်၊ သုံးကြွင်းနှင့်စား၊ တခုကြွင်းမူ တနင်္ဂနွေ,ဗုဒ္ဓဟူး၊ ရာဟုသားတို့မှာ သက်ဆစ်ကြုံ၍ သေတတ်သည်။ မသေမူ သေလောက်သောရောဂါအနာကပ်ငြိတတ်သည်။ နှစ်ခုကြွင်းမူတနင်္လာ, သော်ကြာ စနေသားတို့မှာ သက်ဆစ်ကြုံ၍ သေတတ်သည်။ မသေမူ သေလောက်သောရောဂါကပ်ငြိတတ်သည်။ သုညကြွင်းမူအင်္ဂါ, ကြာသပတေး,ကိတ်သားတို့မှာ သက်ဆစ်ကြုံ၍ သေတတ်သည်၊ သို့မဟုတ် သေလောက်သော ဝေဒနာသော်လည်း ကပ်ငြိတတ်သည်။

တနည်း သက်ဆစ်,သက်ပိုင်းမှာ

၁လုံး၊ ၁၀လုံး၊ ၁၉လုံးတနင်္ဂနွေနက္ခတ်။ ၂လုံး၊ ၁၁လုံး၊ ၂၀လုံး တနင်္လာနက္ခတ်။ ၃လုံး၊ ၁၂လုံး၊ ၂၁လုံး၊ အင်္ဂါနက္ခတ် စသည်တို့ကို ၃ခုစား၍၊ပါဒ်ကြွင်းကိုသက်ဆစ်,သက်ပိုင်းဟုဆိုသည်။

ပါဒ်ကြွင်း ယူပုံကား.... တနင်္ဂနွေ, ဗုဒ္ဓဟူး, ရာဟု သားတို့မှာ တပါဒ်ကြွင်း ခိုက်တတ်သည်။ တနင်းလာ,သော ကြာ,စနေသား တို့မှာ ၂ပါဒ်ကြွင်း ခိုက်တတ်သည်။ အင်္ဂါ, ကြာသပတေး, ကိတ် သားတို့မှာ သုံးပါဒ်ကြွင်း ခိုက်တတ်သည် ဟူ၍လည်း အဆိုရှိ၏။

တိုင်,ဆည်,မိတ္တူ အဟော

မူလ သက္ကရာဇ်ကိုတည် ၁၀၈ နှင့်စား၊ အကြွင်းကို ၄ နှင့် စား၊ လဒ်ကားနက္ခတ်၊ အကြွင်း ပါဒ်၊ ၎င်းကို ပြည့်စန်း နက္ခတ် ဟု ခေါ်သည်။ ပဋိသန္ဓေ နက္ခတ်လည်း ဟူ၏။

၎င်းပြည့်စန်းနက္ခတ်နှင့် မိမိတို့ဇာတာရှိ စင်နက္ခတ်ကို နက္ခတ် ချင်း၊ ပါဒ်ကို ပါဒ်ချင်း၊ ဗီဇနာကို ဗီဇနာချင်းရော၊ များလျှင် သတ္တဗီသချေ၊ အကြွင်းတိုင်ဦးနက္ခတ်ဖြစ်၏။ ဦးတိုင်နက္ခတ်လည်း ဟူ၏။

၎င်းဦးတိုင် နက္ခတ်တွင် ၉လုံးရောက ဆည်တိုင်ဟုခေါ်သည်၊ တိုင်လယ်လည်းခေါ်ကြ၏၊ ၎င်းတိုင်လယ်နက္ခတ်တွင်၉လုံးရောက မိတ္တူနက္ခတ်ခေါ်သည်။ တိုင်ဆုံးလည်း ဟူ၏။

၎င်းတိုင်ဦး၊ တိုင်လယ်၊ တိုင်ဆုံး၊ (ဝါ) ဦးတိုင်၊ ဆည်တိုင်၊ မိတ္တူတိုင်များနှင့် လဂ်,စန်း,မွေးနံများကိုတွေ့ရှိသော ဇာတာရှင် များအား အောက်ပါ အဟောလင်္ကာအတိုင်း ဟောဆိုရလေ၏။

အဟောလင်္ကာများကား

တိုင်ဦးမည်ရ၊ ဆည်ကမိတ္တူ၊ သုံးခုတိုင်ရင်း၊ လဂ်တွေ့လျှင်းမူ၊ ကောင်းခြင်းစင်စစ်၊ မင်းလျှင်ဖြစ်အံ့။

ထုံသစ်စန္ဒာ၊ တွေ့သည်မှာကား၊ ဖွယ်ရာလျော်ကပ်၊ မျိုးမတ်သူငွေး၊ ကြေးငွေသခင်၊ ဥစ္စာရှင်တည်း။

ထိုပြင်မွေးနံ့၊ ခိုပျော်စံမူ၊ သက်နှုံညာထား၊ မိဖုရားတည့်၊ ယောကျ်ားအာဇာ၊ဖြစ်ပြန်ပါလျှင်၊ ယှဉ်ခါယူမူ၊ဟောပုံပြုလော၊ ဘိက္ခုမည်မှန်း၊ ထေရ်ရဟန်းကား၊ ကျင့်စွမ်းသိက္ခာ၊ သိမ်မွေ့စွာနှင့်၊ မဟာဂုဏ္ဍြေ၊ကြီးမြတ်ပေ၍၊ ဝေနေများစွာ၊ ခိုကိုးရာဘည်း။

ဥစ္စကသစ်ခတ်၊ တွေ့ကြုံလတ်မူ၊ ကောင်းမြတ်မှန်စွာ၊ သူ့ဇာတာသည်၊ ပြည်ရွာကျော်လိမ့်၊ လျှမ်းလျှမ်းတည်း။

တိုင်ဦးရွယ်ဝယ် တိုင်လယ်သူလတ်၊ သိမွတ်တိုင်ဆုံး၊ ခါးကုန်းအိုခါ၊ ရွယ်တို့သာ၌၊ချမ်းသာပွားစည်းရမည်တည်းဟု၊ကျမ်းကြီးဟောထုံးအလာတည်း။

အဓိပ္ပါယ်ဖော်ပြချက်

ဦးတိုင်၊ ဆည်ဘိုင်၊ မိဿာတိုင်များနှင့် လက်ကိုတွေ့မူ မင်းဖြစ်တတ်သည်။ သို့မဟုတ် မင်းနှင့်ဘူစွာ စည်းစိမ်ချမ်းသာကို ခံစားရတတ်သည်။ စန်းကိုတွေ့မူ ကြက်သရေဆောင် ဘွဲ့ထူး ဂုဏ်ထူးများကို ရရှိတတ်သည်။ ကြေးငွေသခင် ဥစ္စာရှင်ဟု အခေါ်ခံရတတ်သည်။ မွေးနံကိုတွေ့မူ ယောကျ်ားမူ မင်း၊ မိန်းမမူ မင်းကတော်ဖြစ်မည်။ ရဟန်းသော်ကား သိက္ခာကာမ လဇ္ဇီပေသလဗုန္ဒြယသံဝရနှင့်ပြည့်စုံ၍ လူအပေါင်းတို့၏ ကြည်ညို ဆည်းကပ်ခြင်းကို ခံရတတ်သည်။

ဂေါဇာမှာ တိုင်ဦးနက္ခတ်ဖပါ၌ အင်္ဂါဂြိုဟ်စီးမူ တိုင်ယိမ်း၏။ ကိုယ်စိတ်နှစ်ဖြာ ပူပန်ရတတ်သည်။

တိုင်လယ် နက္ခတ်ပေါ်၌ ကြာသပတေးဂြိုဟ် စီးနင်းမူ တိုင်လဲ၏။ ကြောင့်ကြသောက များရတတ်သည်။

တိုင်ဆုံးနက္ခတ်ပေါ်၌ ဂေါ်ဇာစနေ၊ ရာဟုစီးနင်းမူ တိုင်ကျိုး၏၊ ကိုယ်လက်နာကျင်ကိုက်ခဲ၍ စိတ်နှလုံး ပူပန်နောက်ကျိ ဖြစ်ရတတ်သည်။

တိုင်ကျိုး၊ ဆည်ပေါက်၊ မိဿလောင်

မိမိတို့၏ ဂေါ်ဇာအာယုစန်းနက္ခတ်သည် မိမိတို့၏ မူလတိုင်ဦးနက္ခတ်နှင့် နက္ခတ်၊ ပါဒ်၊ နဝင်းတူညီသောအခါ တိုင်ကျိုးသည်ဟုခေါ်ဆိုရသည်။ ထိုသို့ တိုင်ကျိုးသောအခါ "တိုင်ကျိုးချေမူ၊ ထိုသူ သည်နှစ်၊ သစ်ပင်ထက်က၊ ကျလျက်ဇောက်ထိုး၊ ကျိုးတတ်ပဲ့တတ်၊ ဖြစ်တတ်လေရာ၊ ကိုယ်မှာသွေးသံ၊ ထွက်တတ်ပြန်၍၊ တဖန်ဥစ္စာ၊ ပျောက်ရာခိုးသူ၊ ယူ၏မမှား၊ သတိထားလော့" ဟု အဟောရှိသည်။ ၎င်းပြင် သေတတ်၏။ မသေကြွင်းကျန်၊ နေရပြန်မူ၊ မိမိ၏ခင်ပွန်း၊ သား၊ သမီး၊ ပစ္စည်း၊ အသုံးအဆောင် အိုးအိမ်ထောင်၊ ပရိဘောဂများသည် ပျက်ပြား၍ ယုတ်လျော့ဆုံးကုန်တတ်ချေသည်။

အာယုစန်းနက္ခတ်သည် တိုင်လယ်နက္ခတ်နှင့် နက္ခတ်၊ ပါဒ်၊ နဝင်းမခြား တူညီသောအခါ ဆည်ပေါက်သည်ဟု ခေါ်ဆိုရလေသည်။ ထိုသို့ ဆည်ပေါက်သောအခါ "ဆည်ပေါက်ပေမူ၊ တွေ့လေတရား၊ စကားစ၊ မည်၊ ဖြစ်သည်ခိုက်ရန်၊ ထွက်ပြန်ဥစ္စာ၊

ကြေးငွေသာလျှင်၊ကုန်ရာသမှု၊သတိပြုလော့’’ဟုအဟောရှိသည်။ ၎င်းပြင် မိမိမှာသေတတ်၏။ သို့မဟုတ် သေလောက်သော အနာရောဂါ ကပ်ငြိတတ်သည်။ သို့မသေရခဲ့မူ မိမိနှင့် စပ်လျဉ်းသော သား၊မယား၊ဥစ္စာခမ်းနားများ ယုတ်လျော့ပျက်ပြား၍ကုန်ဆုံးတတ်လေသည်။

အာယုစန်းနက္ခတ်သည် တိုင်ဆုံးနက္ခတ်နှင့် နက္ခတ်၊ ပါဒ်၊ နဝင်းမခြား တူခဲ့သော် မိတ္တုလောင်သည်ဟု ဆိုသည်။ ထိုသို့ မိတ္တုလောင်သောအခါ “မိတ္တုတိုင်လဲ၊ မလွဲတွေ့ပြန်၊ ကာရန်ပြောင်းအိ၊ ရှိသည် မှန်စွာ၊ နာ ရောဂါများ၊ သတိထားရာ၊ သေတတ်စွာ၏’’ဟု အဟောရှိသည်။ ၎င်းပြင် မိမိကိုယ်ကာစ၍ သားမယား၊ကျေးကျွန်၊ပစ္စည်းဥစ္စာ၊ လယ်၊ယာ၊ကျွဲနွား စသည်တို့သည် ပျက်ပြားကုန်ဆုံး၍ သွားတတ်လေသည်။

ယင်းသို့လျှင် တိုင်ကျိုး၊ဆည်ပေါက်၊ မိတ္တုလောင်များနှင့် တွေ့ကြုံငြားသော်လည်း “ယတြာကောင်း၊ အင်း-အိုင်-စောင်း၊ မင်·လောင်းသော်မှ၊ ပြေပျောက်ရ’’ဟု ဆိုသော စကားအတိုင်း ‘‘အနာနှင့်ဆေးကိုက်အောင်ပေး၊ပျောက်ရေးမခက်ပါ’’ လက်ာ စကားအရ တိုင်ကျိုးကြုံမူ ဘုရားအို ကျောင်းပျက်ကိုပြင်၊ ဇေယာမိပင်ကိုထောက်။ ဆည်ပေါက်ကြုံမူ မိမိကြည်ညိုရာ သံဃာအား ဆီသက်စေ့လှူ၊ ပုတီးကို အမြဲဆောင်။ မိတ္တုလောင်ကြုံမူ မိဘ ဆရာ ရတနာသုံးပါးတို့ကို အထူးကြည်ညို ဆည်းကပ်ခြင်းအမှုကို ပြုလုပ်ပါက အညံ့သက်သာ၍ ကောင်းကျိုးကို ပေးစွမ်းနိုင်လေသည်။

ကိုယ်လေးပါး သဘောနှင့်အဟော

ဗေဒင်ကျမ်းကြီးများတွင် မသေချာကေန် ဆိုတိုင်းမှန်သော ကိုယ်လေးပါး ဟောကိန်းကြီးဟူသည်ကား။

၁။ ဘွားနဝင်း တပါး။

၂။ စားနဝင်း တပါး။

၃။ လင်္ဂအိမ်ရှင် တပါး။

၄။ ဒသာစား ဂြိုဟ်တပါး။

ဤလေးပါးကို ဗေဒင်ကျမ်းကြီးများ၌ ကိုယ်လေးပါးဟု အမည်တပ်၍ ဟောစမှတ် ပြုကြကုန်သည်။ အဘယ်သို့ ဟောရ သနည်းဟူမူကား၊ ထိုကိုယ်မည်သော လေးပါးသောဂြိုဟ်တို့သည် အာရီ မရဏ ဗျာဃ အိမ်သို့မူလည်း ရောက်ကုန်အံ့၊ ထိုအာရီ မရဏ ဗျာဃ အိမ်ရှင်ဂြိုဟ်တို့သည်လည်း လင်္ဂမှ ၆တန့်၊ ၈တန့်၊ ၁၂တန့်သို့ ဂေါစာအားဖြင့် သွားလာရပ်တည်နေအံ့။ တနင်္ဂနွေ အင်္ဂါ စနေ ရာဟု တည်းဟူသော ပါပဂြိုဟ်ကြီးများလည်း ထို ကိုယ်မည်သော စန်း,လင်္ဂ တို့၏အပေါ် စီးနင်း၍ နေကုန်အံ့။ ထိုသို့ကြုံတွေ့သော ဇာတာရှင်မှာ ခန္ဓာချုပ်ငြိမ်း လူဇာတ်ကို သိမ်းကြရ ကုန်သည်။ ဥပမာသော်ကား အလျှံ ပြောင်ပြောင် တောက်လောင်၍နေသောဆီမီးကိုလေကြမ်းကြီးတိုက်ခတ်သဖြင့် ငြိမ်းပျောက်ခြင်းသို့ ရောက်သကဲ့သို့ တည်းဟု မှတ်ရမည်။ ထို ကြောင့် ဗေဒင်ကျမ်းကြီးများ၌—

၁။ နဝဂ္ဂဒ္ဒယဇာတာနိ၊
လက္ခဏာသာမိ အတ္တာ ဘဝေ။
ဒသာဓိပ္ပာ မရဏဂါ၊
မရဏေစတရိ စဂါ။ ။

၂။ တေ ဂေါစရာ ပါပဂ္ဂဟာ၊
တပ္ပဘူတံ ဘင်္ဂေါ ဘဝေ။
ဒီပိတော ဇလိတော ဟောတိ၊
ဝါတေန ပဟာတော ယထာ။ ။

နဝဂ္ဂဒ္ဒယဇာတာနိ၊ ဘွားနဝင်း၊ စားနဝင်း နှစ်ပါးတို့သည် ဖွင်း၊ လက္ခဏာသာမိ၊ လက်အိမ်ရှင် ဂြိုဟ်သည်ဖွင်း၊ ဒသာဓိပ္ပာ၊ ခစားသောဒသာဂြိုဟ်သည်ဖွင်း။ အတ္တာ၊ ကိုယ်မည်သည်။ ဘဝေ၊ ဖြစ်၏။ တေ၊ ထိုကိုယ်မည်သော ဂြိုဟ်တို့သည်။ မရဏဂါ၊ မရဏသုံးအိမ်တည်းဟူသောအာရီ၊ မရဏ၊ ဗျာယ အိမ်သို့မူလည်းရောက်ကုန်အံ့။ မရဏေစတရိ၊ မရဏသုံးပါးအိမ်ရှင် ကာသစ်ဂြိုဟ်တို့သည်လည်း။ စဂါ၊ လက်မှ ၆တန်၊ ၈တန်၊ ၁၂တန်သို့ မူလည်းရောက်ကုန်အံ့။ ဂေါစရာ၊ ဂေါစာအားဖြင့် သွားလာလျက် ရှိကုန်သော။ တေပါပဂ္ဂဟာ၊ ထိုပါပဂြိုဟ် လေးလုံးတို့သည်လည်း။ တပ္ပဘူတံ၊ ထိုကိုယ်မည်သော စန်း၊ လင်သို့မူလည်း။ ဂတာ၊ ရောက်ရှိ၍နေကုန်အံ့။ ဘင်္ဂေါ၊ လူ၏ခန္ဓာ ချုပ်ခြင်းသည်။ ဘဝေ၊ ဖြစ်၏။ ကိမိဝ၊ အံ့ဘယ်ကဲ့သို့နည်းဟူမူကား။ ဇလိတော၊ ပြောင်ပြောင်တောက်သော။ ဒီပိတော၊ ဆီမီးကို။ ဝါတေန၊ လေကြမ်းကြီးသည်။ ပဟာတော ယထာ၊ တိုက်ခိုက်၍ ငြိမ်းလေသကဲ့သို့တည်း။

ဤသို့လျှင် ကိုယ်လေးပါးတို့၏ မကောင်းကျိုး ဟောပုံကို ပြပြီး၍၊ ကောင်းကျိုးကို ဟောဆိုရန်ကား ဤသို့တည်း။

ကိုယ်လေးပါးမည်သော ဂေဇာ ဂြိုဟ်တို့သည် မူလ လက် မူလစန်း,ဘွားနဝင်း,စားနဝင်းအိမ်သို့ နင်း၍နေကုန်အံ့၊ကဋ္ဌမူ, ပထနို,သုဘ,လာဘ အိမ်ရှင်ဂြိုဟ်တို့နှင့်လည်း ဂေဇာ အားဖြင့် တွေ့၍နေကုန်အံ့ဥစ်,ကသစ်အိမ်သို့ရင်း၊မိတ်အိမ်သို့ရင်း၊ရောက်၍ နေကုန်အံ့၊ ဤကဲ့သို့ညီညွတ်မူ မြို့ရွာ ဘုံ အမည်များကို ရရှိတတ် ကုန်၏ဟု အောက် အဟောပါ ဂါထာပါဌ် အတိုင်း မှတ်ယူ ဟောဆိုကြကုန်ရာသည်။

၁။ ပဋိပါတိစရာရိက္ခာ၊
အတ္တာ ဂတာ နဝဂ်ကာ။
တေ လာဘံ စန္ဒြလက္ခဏံ၊
ဥစ္စခေတြ သုမိတ္တကံ။

၂။ သဟာမိတ္တာ တဒါကာလေ၊
ဂါမံ နာမဉ္စ လာဘဉ္စ။
ဝတ္ထုံ ဒါသံ မနံ ဒိန္နာ၊
ဂေါမဟိံ သာစ လဗ္ဘန္တိ။ ။

ပဋိပါတိစရာရိက္ခာ၊ အစဉ်အတိုင်း သွားလာ ကုန်သော။ နဝဂ်ကာ၊ ဘွားနဝင်း,စားနဝင်းတို့သည်။ အတ္တာ၊ ကိုယ်မည်သည်၊ ဘဝေ၊ ဖြစ်၏။ ယဒါကာလေ၊ အကြင်အခါ၌။ တေ နဝဂ်ကာ၊ထိုဘွားနဝင်း စားနဝင်းတို့သည်။လာဘံ၊ လာဘအိမ်

သို့ဝင်၊ စန္ဒြလက်ာ၊ စန်း လဂ်သို့ဝင်။ ဥစ္စာခေတ္တ၊ ဥစ်ကသစ် အိမ်သို့ဝင်။ သုမိတ္တာကံ၊ ကောင်းသော မိတ်အိမ်သို့ဝင်။ ဂတာ၊ ရောက်ကုန်အံ့။ သုမိတ္တာ၊ မိတ်ဂြိုဟ်နှင့် မူလည်း ယှဉ်ကုန်အံ့။ တဒါကာလေ၊ ထိုအခါ၌။ ဂါမဋ္ဌ၊ မြို့ရွာကိုဝင်။ နာမဋ္ဌ၊ ဘွဲ့အမည်ကိုဝင်။ လာဘဋ္ဌ၊ ရွှေငွေစသော လာဘ်ကိုဝင်။ ဝတ္ထုံစ၊ ကောင်းမြတ်သော အဝတ်ပုဆိုးကိုဝင်။ဒါသဋ္ဌ၊ ကျွန်ယောကျ်ား ကျွန်မိန်းမကိုဝင်၊ ဓနဋ္ဌ၊ ဥစ္စာစပါး ရွှေငွေများကိုဝင်။ ဒိန္နာ၊ ပေးလာကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဂေါမဟိံသာစ၊ နွား ကျွဲစသည်တို့ကိုလည်း၊ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

ဤကား ကိုယ်လေးပါးကောင်းကျိုးကို ဟောပုံတည်း။

ဒိဋ္ဌဓမ္မစန်းအဟော တေးထပ်

ဒီပါမှာ ဖီလာခတ်၊ ငှီကာမြတ် စန်းကျော်၊ မိုရာမှတ် မန်းမဟော်ငယ်၊ နန်းတော်မှာလက်သုံး။ သက်မွေးမှု တွက်ရေး လွယ်တယ်၊ ငှက်ကျေးဝယ် သိလောက်တဲ့ထုံး။ မေးသူ၏ သက် ဇိဝါကို၊ လ ရက် ပါတည်အုံး၊ နှစ်ဆယ်သာ ခုနစ်လုံးရယ်နှင့်၊ နုတ်ကြုံး၍ဖြတ်ပယ်။ ကြွင်းသေသာ ဟူသမျှကိုလ စတုရပါဒ်၌ ကြည့်ဘွယ်၊ စန်းကျတဲ့ဂေဟာနယ်မှာ၊ မေးရှာတယ် နေ့သားနှင့် ကသစ်ဖွား ဥစ်မှာကြိမ်၊ တိုးလိမ့်စည်းစိမ်။ အနိဋ္ဌ-နိစ် ပြအိမ်မှာ ကြာနေရှိန် ရောင်မီးသို့လေး။

(အမိပ္ပါယ်ဖေါ်ပြချက်မှာ)

လိုသောသူ၏ နှစ် လ ရက်ကိုတည်၊ ၂၇ ခုနှင့်စား၊ အကြွင်း ကို စတုရပါဒ် တူရာစန်းတပ်။ မိမိ၏ ဥစ် ကသစ် အိမ်၌ ကြုံမူ

စည်းစိမ်ဥစ္စာတိုးတက်၍အကြံအစည်များအောင်မြင်တတ်သည်။ မိမိ၏ နိစ္စ, ပြု, ရန်အိမ်၌ ကြုံမူ အရာရာမှာ ကြောင့်ကြ မအေး ပူဆွေး သောက ဗျာပါရများ၍ ကြာပန်းကို နေလှန်းသကဲ့သို့ ရှိတတ်လေသည်။

ဒိဋ္ဌဓမ္မစန်းရပ်တည်ခြင်းအဟောတေးထပ်

စန်းဒိဋ္ဌဓမ္မ ဝေါဟာရမည်ခေါ်၊ ဩကာရ ပြည်ပေါ်မှာ၊ မော်ထက်မော် မောက်ကဲ။ ဟောသမျှ နယ်တကာမှာ ဘယ်အခါ ရွေးမျှ မလွဲ။ စန်းရောက်သည့် ရာသီခွင်မှာ၊ နှစ်လဝင် ရက်စွဲ၊ တခွင်တွင်နေမြဲပ စန်းတနဲမှတ်ပါ။ နှစ်လမှာ ခုနစ်ရက်ကယ်နှင့် နာရီဝက် သုံးဆယ်မသာ။ ဒုတိယစန်းတဖြာမှာ ပထမာမူလနှင့် ဧသေဝ မသွေလှန်၊ ဟောလိုက် တိုင်းမှန်။ တဆယ်နှစ် သံဒေါင်း ပျံ့လို ဘယ်နိုင်ငံ ရှိဘူးပလေး။

(အဓိပ္ပါယ်ဖော်ပြချက်)

ဒိဋ္ဌဓမ္မစန်းသည် တရာသီ၊ ၂ နှစ် ၃ လ ရပ်တည်၍ နေ၏။ ၎င်းကို ၁၂ ရာသီနှင့် ဝေပုံချသော် တရာသီ၌ ၂ လ ၇ ရက် နာရီ (၃၀) နေ၏။ ရာဟုဂြိုဟ်ကြီးမှထွက်သော သံဒေါင်းသည်တရာသီ လျှင် ၄၅ ရက်သွားသလို ဤဒိဋ္ဌဓမ္မ စန်းသည်လည်း သွား၏ဟု မှတ်ယူရမည်။

ဒိဋ္ဌဓမ္မစန်းအဟောပြီး၏။

သုံးပင်တိုင် သဘော်အဟော



စစ္စလီ သုံးပင်တိုင်ပုံ

စစ္စလီတိုင်ချပုံစံမှာ ဤအတိုင်းပင်ဖြစ်သည်။

နက္ခတ် ၈ လုံး၊ ၁၇ လုံး၊ ၂၆ လုံးသည် အကောင်းကြီး ဖြစ်သည်။ နက္ခတ် အတက်ဖြစ်လျှင် အလက်ကောင်းဟု မှတ်ရမည်။

နက္ခတ်အဆင်း ဖြစ်လျှင် အလတ်ညံ့၏။ ၃ လုံးနှင့် ၄ လုံး အကူး၊ ၁၂လုံးနှင့် ၁၃လုံး အကူး၊ ၂၁လုံးနှင့် ၂၂လုံး အကူး၊ ဤအကူးသုံးပါးတို့သည် ဆိုးဝါးသော ဘေးဒုက္ခများနှင့် ကြုံတွေ့ရတတ်လေသည်။

၎င်းအကူးသုံးပါး အဟောတေးထပ်

သုံးပင်တိုင်သဘော်၊ အကျဉ်းဟောမှတ်ပါ၊ အာယုစန်း တူရာမှာ၊ ယူပါလေမတိမ်း။ ရာမနှင့် ဗျတ္တာစွန်၊ နေ ခက်ဖက်လွန်မင်း

ပျက်သည့်ကျိန်း။ ဆယ့်နှစ်နှင့် ဆယ့်သုံး ကြုံမူရန်သူပုန် မငြိမ်း၊ တရုတ်တွေရောက်ကိန်းမို့ မှောက်တိမ်းတဲ့ဇာတာ။ ကေဝီ ဗါဝီကူး ကြာပြီဘူး ဟောပဆရာ။ သတိုးဖျား စက်ရာဇာ ပျက်ရှာတော် မူရလို့ ပူလက်စမဆုံးနိုင်၊ ချုံးချလို့မှိုင်။ ရွှေတောဇာဘုန်းမလှိုင် တယ်၊ သုံးပင်တိုင် အကူးမို့လေး။ အဓိပ္ပါယ်မှာ ထင်ရှားပြီ။

ရင်း သုံးပင်တိုင် အဟောလက်ာ

စစ္စလီနတ်၊ တိုင်သုံးရပ်တွင်၊မှတ်လေ့တခန်း၊အာယုစန်းနှင့် ထက်တန်းအောက်ခွင်၊ ရှုဆင်ခြင်သော်၊ ထက်ခွင်သုံးပါး၊ တိုင် ထိပ်ဖျားတွင်၊ တပါးပါး၌၊ အာယုကြိုက်မူလူ၌တန်ခိုး၊ ကောင်း ကျိုးချမ်းသာ၊ ရတနာဖြိုးမောက်၊ မင်းချီးမြှောက်အံ့။

ထိုနောက်တခန်း၊ နက္ခတ် တန်းပေါ်၊ တူငြားသော်မူ၊ အကျော်အကြား၊ပေါမျှားခနေ၊ မင်းဝယ်ခ မူမုချမမှား၊တိုးပွား အရာ၊ ရရှိခါဖြင့်၊တန်ဆာဆင်မြင်း၊ပေါမျှားခြင်းနှင့်၊သင်းပင်း ခြွေရံ ပြည့်စုံပြန်အံ့။

ဆိုရန်မယွင်း၊ အဆင်းသုံးဦး၊ အံကူးသုံးချက်၊ ပျက်အံ့ဥစ္စာ၊ ရောဂါနှိမ်နင်း၊ချစ်သူကင်း၍၊မင်းလည်းဖျက် ဆီးယာယီကြီးအံ့။

တသီးအဖေါ်၊ သုံးလုံးခေါ်မြောက်၊ ထိုသို့ရောက်၍၊ ထို နောက်ပါဒ်ဝင်၊လေးလုံးမြင်မူ၊သုံးပင်တိုင်ကြူး၊ပင်လယ်ကူးဟု အထူးမှတ်လေ၊ ပျက်စီးချေအံ့။

မှတ်လေထို့ပြင်၊ တန်းအောက်ခွင်ကား၊ ချစ်ခင်လှငြား၊ သားမယားနှင့်၊ ကွဲပြားပြီးခါ၊ ရှိဥစ္စာလည်း၊ မှန်စွာပျက်ပြုန်း၊ ကြိမ်မီးအုံးသို့၊ နှလုံးနောက်ကျို၊ ရောဂါဖိလျက်၊ လက်ရှိအရာ၊ လျှောကျကွာသည်၊ ကျမ်းလာ ဟောကိန်းမလွဲတည်း။

မှတ်ချက် အထူး သုံးပါးနှင့် ကြုံတွေ့နေခိုက်မှာမူ ညုံ့၏။ ၎င်းပြင်မူလလဂ်,စန်း,မွေးနံ့,အာယုစန်းပေါ်မှာ ဂေါဇာပါပဂြိုဟ်ကြီးများ စီးနင်းခိုက်လည်းကြုံစေ၊ စစ္စလီအကူး သုံးပါးလည်းကြုံစေ၊ ထိုအခါမူ သေတတ်သည်။ အနာရောဂါ မငြိ ပကတိ ကျန်းမာစဉ်ပင်နေရသော်လည်းအမူအခင်းကြီးစွာ ဖြစ်ရတတ်သည်။ ဥစ္စာပစ္စည်း ပြုန်းတီး ပျက်ပြား တတ်သည်။ ရောဂါဥပဒ်ကပ်ငြိတတ်သည်။ တပါဒ်တနှစ် ဖြစ်သောကြောင့် ၃နှစ်ကကျော်မှ ကောင်းသည်မှတ်ရမည်။

၎င်းအကူးသုံးပါးနှင့် ဂေါဇာပဥ္စန်းနက္ခတ် တပါးပါးကြုံမူ ပြည်ရွာချောက်ချား၍ အမူအခင်းကြီးစွာ ဖြစ်တတ်လေသည်၊ နက္ခတ်တလုံး ၄နှစ်ရှိသောကြောင့် ၄နှစ် ၅နှစ်အတွင်း ရန် မငြိမ်မသက် ရှိတတ်သည်။

သာဓကပုံစံကား

၃လုံးနှင့် ၄လုံးအကူး၊ အနောက်ဖက်လွန် မင်းတရားကြီး ပြည်ရွာ မြို့ပြအရေး များစွာရှုပ်ထွေး၍ နတ်ရွာစံတော်မူရလေ သည်။

၁၂လုံးနှင့် ၁၃လုံးအကူး ပုဂံပြည်တွင် တရုတ်စစ်သည်တွေ ရောက်၍၊ ပြည်,ရွာ,မြို့ပြ မငြိမ်မသက်ဖြစ်ရလေသည်။

၂၁လုံးနှင့် ၂၂လုံးအကူး သတိုးဖျား မင်းတရား နတ်ရွာ စံတော်မူရသည်။ ၎င်း နတ်ရွာစံသည်မှစ၍ ကာလရှည်မြင့်စွာ တိုင်း,ပြည်,မြို့ရွာ မငြိမ်မသက် ဖြစ်ရဘူးလေသည်၊

စစ္စလီ သုံးပင်တိုင်အဟော ပြီး၏။

ဗြိုဟ်ယက်မစန်း တွက်နည်းနှင့် ဟောပုံတေးထပ်

ခွင်မိဿာ သတ္တရနှင့် သောဠသ ပြိဿာ၊ ဗာဝီသ မေထုန္နာ ကာရကာ ဆယ်ထား။ သိဟ်စတု ကန်တေဝီ၊ ပန္နရသိ တူဟုမှတ်သား။ ဆဗ္ဗီသ ဗြိစ္ဆာ၊ ဓနုမှာဆယ့် ငါး၊ မကာရာဆယ့် ရှစ်ထား၍ ကုမ်မှုကား ဒွယေ။ ဗြိန်းမိန်လက်ဌာန တွက်ရာပြ ကိန်းရမသွေ။ သက်ရောလို့ သတ်ဗီချေလျှင် ကြွင်းအနေ တုရပါဒ်ကယ်နှင့် ရာသီမြတ်ကြက်ခြေသာ ခတ်တော့မကြာ။ ဗြိုဟ်ယက်မ စန်းရောက်ရာမှာ မှန်းထောက်ခါ သိကြောင်းပလေး။

အဓိပ္ပါယ်မှာ (၁၂)ရာသီခွင်တွင် မိဿ၌ ၁၇ ခုထား၍ ပြိဿ၌ ၁၆ ခုထား၊ မေထုန်၌ ၂၂ခုထား၊ ကြကဋ်၌ ၁၀ခုထား၊ သိဟ်၌ ၄ခုထား၊ ကန်၌ ၂၃ခုထား။ တူ၌ ၁၅ခုထား။ ဗြိစ္ဆာ၌ ၂၆ခုထား။ ဓနု၌ ၁၅ ခုထား။ မကာရ၌ ၁၈ခုထား။ ကုမ်မှာ ၂ခုထား။ မိန်မှာ၃ခုအမြဲတမ်းချထားရာ၏။

ချပြီးပုံကိုကြည့်



ဤသို့ ချထားပြီးလျှင်ဇာတာရှင်၏ လက်တည်ရာ ဂဏန်း နှင့် ရောက် သက်ကို ဓရော။ များလျှင် သတ္တဗီသ ၂၇-ခုချေ။ အကြွင်းကို စတုရပါဒ် တူရာ ကြက်ခြေသုံးတန်ပြရင်းမှငါး တန် ထောက်၍ ကြက်ခြေသုံးတန်ပြလေဦး။

အဝေဟာ ၁မှာ

ပြထားသော ကြက်ခြေတို့နှင့် လင်ကိုတွေ့မှု "လနတ်မင်းနှင့် ပူးရင်းလင်တွင် နားသည် မြင်မှု သရဖူရောင်မောင်း ရွှေထီး ဆောင်း၍ အလောင်းရွှေနန်း ဘိသိက်သွန်းအံ့" ဟု အဟော လက္ခာရှိသောကြောင့် ရာထူး,ဂုဏ်ထူး တိုးတက်မည်။ ရန်ကို အောင်နိုင်တတ်သည်။ အမှုအခင်း သော်လည်း နိုင်တတ်သည်။ မျက်နှာအထူးပွင့်လင်းလာမည်။ အလုပ်ထူးလုပ်ရမည်။ နာမည် ကောင်းလာမည်။ ကုသိုလ်ထူးပြုရမည်။

စန်းကိုတွေ့မှု "စန်းကိုထိလာ ကျေးရွာပြည်ထဲ မလွဲရရာ" ဟု အဟောရှိသောကြောင့် စုက် အခြေနှစ်ချောင်း တနင်းလာ သားသမီးများနှင့် ပတ်သက်၍ ကျေးဇူးများတတ်သည်။ဘွဲ့အမည် ပစ္စည်းဥစ္စာများ တိုးတက်တတ်သည်။

တနင်္ဂနွေတွေ့မှု "တိတျာကား ဒသာမကောင်း နာဟောင်း လည်းမြုံ့ ဥစ္စာကုန်အံ့" ဟု အဟောရှိသဖြင့် အမှုဟောင်း အနာ ဟောင်းများပြန်၍ ပေါ်ပေါက်လာတတ်သည်။ငွေကုန်ကြေးကျ ဖြစ်၍ စိုးရိမ်ကြောင့်ကြ သောကရတတ်သည်။

အင်္ဂါတွေ့မှု "ရောင်ဟုန်ဘောမ ဒေါသအမျက် ထွက်ရအမှန် ကျေးကျွန်ထွက်ပြေး ကြေးလည်းကျတတ်" ဟု အဟောရှိသဖြင့် အောက်လူ မိန်းမ,ယောကျ်ားတို့၏ ရန်လုပ် နှောင့်ယှက်ခြင်းကို ခံရ၍ ဒေါသအမျက်ထွက်ရတတ်သည်။ငွေကုန်ကြေးကျ များရ တတ်သည်။ စုန်း, နတ်, မိရိုးဖလာစသော နတ်များ ဖမ်းစား တတ်သည်။

ဗုဒ္ဓဟူးတွေ့မူ "ဖြူထွက်ရောင်မြူး၊ ဗုဒ္ဓဟူးကား၊ အထူးမြတ်ခြင်း၊ ခင်ပွန်းရင်းနှင့်၊ လက်ငင်းကြုံတွေ့၊ သိမ်မွေ့ပညာ၊ လယ်ယာကျွဲနွား၊ စပါးဆန်ရေ၊ ပြည့်စုံပေအံ့" ဟု အဟောရှိသဖြင့်ပညာရှိသူတော်ကောင်း မိတ်ဆွေကောင်းများနှင့် ပေါင်းရတတ်သည်။ ပစ္စည်းဥစ္စာ လယ်ယာ, ကျွဲ, နွား စပါးဆန်ရေ ရွှေငွေဘဏ္ဍာများ တိုးတက် ပွင့်လင်းလာတတ်သည်။ ဉာဏ်ပညာ ဗဟုသုတ သော်လည်း တိုးတက် ပွင့်လင်းလာတတ်သည်။ ပစ္စည်းရှာဖွေရာ အရလွယ်ကူ၍ လာတတ်သည်။

ကြာသပတေးတွေ့မူ "ဇီဝါမှာမူ၊ ဖြူစူမျက်မာန်၊ ခိုက်ရန်ဒေါသ ဖြစ်ကုန်ရအံ့" ဟုအဟောရှိသဖြင့် ၎င်းနံ မြေ, မြင်း, မိန်းမ မိတ်ဆွေစသည်တို့နှင့်ပတ်သက်၍ ခိုက်ရန်ဒေါသဖြစ်ရတတ်သည်၊ မင်းဘေး, မင်းဒဏ်, မကင်းတတ်။ မိတ်သော်လည်း ပျက်မည်။

သောကြာတွေ့မူ "မှောင်လွင့် သောကြာ၊ ရတနာရောင်တောက်၊ ဆိုက်ရောက်ပုဆိုး၊ မြတ်နိုးအနေ၊ ရတတ်ချေ၏" ဟု အဟောရှိ၍ အဝတ်အထည်ကောင်းများ ဝင်လာရှိတတ်သည်၊ မိန်းမ မိတ်ဆွေတွေ့တတ်သည်။ ရွှေငွေစသော ဥစ္စာစီးပွားများ တိုးတက်လာတတ်သည်။ နာမည်တန်ခိုးတိုးတက်လာတတ်သည်။

စနေတွေ့မူ "စနေယှဉ်တွဲ၊ သူစွပ်စွဲ၍၊ မလွဲမှန်မူ၊ သတိပြုလေ" ဟု အဟောရှိသဖြင့် ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ၊ သူတပါးတို့၏ မကောင်း ပြောဆိုခြင်းကို ခံရတတ်သည်။ ရန်သူရန်ဘက် ပေါ်ထွက်လာတတ်သည်။ ကိုယ်မှာသော်လည်း ဥပဒ်

၂၀ ပေးတတ်သည်။ စိတ်သောကများရတတ်သည်။

ရာဟုတွေ့မူ "ရာဟုံမျက်မာန်၊ ခိုက်ရန်နှောင့်ယှက်၊ နိုင်ထက်ကလူ၊နှိပ်စက်မှုဖုံ့"ဟု အဟောရှိ၍၊ သူတပါးတို့၏ အနိုင်အထက် နှိပ်စက်ရန်လုပ်ခြင်းကို ခံရတတ်သည်။ လူကြီးမိဘ စသည်တို့နှင့် ပတ်သက်၍ တာဝန်မကင်းတတ်။

၎င်း တြိယင်္ဂမစန်း၊ အာရီ ဗျာဃ-မရဏ သုံးပါးတွင် တပါးပါးကြုံစေ၊ အာယုစန်းနှင့်တွေ့စေ၊ တိုင် ဆည် မိတ္တု တခုခုနှင့် တွေ့ကြုံ၍နေစေ၊ ဤအင်္ဂါများနှင့် ညီညွတ်၍နေမူ အောက်ပါ အတိုင်း ဟောဆိုရာ၏။

"ရန်သူရာသီ၊ အာရီ ဗျာဃ၊ မရဏခွင်၊ တွေ့လျှင်တခန်း၊ အာယုစန်းနှင့်၊ ရှက်သန်းတူပင်၊ နားလာမြင်မူ၊ ကိုယ်လျှင်ပျက်ပြုန်း၊ခန္ဓာဆုံးခဲ၊ ကိုယ်လုံးမသော၊ လွတ်လေတုံငြား၊ သားမယား နှင့်၊ ကျွန်ွားဥစ္စာ၊ဝေးစွာရပ်ခြား၊ စွန့်ပစ်ထား၍၊ သွားရတတ်စွာ၊ ညှိုးကြမ္မာသည်၊ ဖန်လာဆိုးညစ် ကျွမ်းကျွမ်းတည်း။"

၎င်း တြိယင်္ဂမစန်း၏ ပါဒ် ဗိဇနာကို တွက်လိုသော်၊ ယခုဂေါ်ဇာ တနင်္ဂနွေ၏ ရာသီ အသ်ာကိုတည်၊ ရာသီကို (၃၀)နှင့်မြှောက်။ အသ်ာတက် ခြောက်ခုစား၊ လာဒ်ကား ဗိဇနာ။ ၎င်း ဗိဇနာကို ၁၅-နှင့်စား၊ လာဒ်ကားပါဒ်။ အကြွင်း ဗိဇနာဖြစ်၏ ဟုမှတ်လေ။

မှတ်ချက် ၎င်း တြိယင်္ဂမစန်းသည် တရာသီလျှင် ၂-နှစ် ၃လ ရပ်တည်၍နေ၏။ ထိုအတွင်းမှာ ကောင်းကျိုး,ဆိုးကျိုးကို ဟောဆိုရလေသည်။ သို့သော်"အောင်စံအဝင် သာပင်အလယ်၊ ထွန်းကြွယ်အဆုံး၊ ရွှေရသုံးချက်လုံး"ဟူသည်ကို လည်း သတိမူရာသည်။

———

အဓိပတိတိုင်နှင့် အာယုစန်းအဟော



၁—အဓိပတိ။ ၂—အဓိပတိယောဂ။ ၃-ရာဇယောဂ။ ၄-ပုတိ၊ ၅-ဘင်္ဂ၊ ၆-မရဏ ၇-သောက။ ၈-ယသ။ ၉-သီရိ ဟူသော အဓိပတိတိုင်တွင် အာယုစန်း ရောက်ရာ ကြည့်၍ ဟောဆိုရမည်။

ဟောဆိုရန် လင်္ကာ

အခေါင်ထိပ်တန်း၊ အာယုစန်းသည်၊ ရှင်လန်းဓိပတိ၊ ရောက်လာဘိမူ၊ မရှိပြစ်တင်၊ ငြိုငြင်ကင်းပျောက်၊ ချမ်းသာရောက်၍၊ စိုးကြောက်ကင်းကွာ၊ သတင်းဖြာသည်၊ နာမကျော်လိမ့် လျှမ်းလျှမ်းတည်း။

အဓိပတိယောဂါ၊ ရောက်လာပေမူ ချမ်းသာတိုးလျက်၊ စည်းစိမ်တက်၍၊ နှစ်သက်ဝမ်းသာ၊ ကြီးမြင့်ရာသည်၊ သမ္ဘာသူ့ထက် ကြီးလိမ့်တည်း။

ရာဇယောဂါ၊ ရောက်လာပေမူ၊ ကြင်နာသနား၊ သူတပါးက၊ မြှောက်စားမ,စ၊ ပေးဝေငှ၍၊ ကင်းထရောဂါ၊ လွန်ချမ်းသာ၍၊ သဒ္ဒါကြည်နူး၊ သူ့ကျေးဇူးကို၊ အထူးသေချာ၊ သိတတ်စွာသည် တေဇာပြည့်စုံစေတတ်တည်း။

ပုတိမှာကား၊ တပါးရပ်ရွာ၊ ရှောင်ရှားခွာ၍၊ ကြင်ရာမယား၊ သိမ်းသားနှင့်၊ တခြားနေရန်၊ ကွဲဘို့မှန်သည်၊ ကေန်ဒိဋ္ဌ မလွဲတည်း။

ဘင်္ဂမှာပင်၊ ရောက်လာလျှင်မူ၊ ပူပင်နောက်ကျိ၊ စိုးရိမ်ဖိ၍ မချိထန့်ပြင်း၊ အိုးအိမ်ကင်းလျက်၊ မိရင်း, ဘပေ၊ ပျက်တတ်ချေသည်၊ ပြေးလေကျွန်တို့ မလွဲတည်း။

မရဏထဲ၊ ဝင်လာစွဲမူ၊ ကပ်စွဲဖျားနာ၊ ရန်ရောဂါကြောင့်၊ ခန္ဓာပျက်ကြေ၊ သေတတ်ချေ၏၊ မသေကြွင်းကျန်၊ နေရပြန်မူ၊ ဧကန်မလွဲ၊ သူစွပ်စွဲ၍၊ နှောင်တဲ့ကြိုးချည်၊ ခံရမည်ဟု၊ တလိဒုက္ခ တွေ့ကြုံရသည်၊ မုချပုံသေ မမှားတည်း။

သောကဍ်မှာ၊ ရှေးကံသာ၍၊ မကွာတူပြီ၊ စုံစီသုံးဆောင်၊ အိမ်ထောင်ကြွယ်ဝ၊ ချမ်းသာရမည်၊ ရှေးကကုသိုလ်အကျိုးတည်း

ယသဍ်ကား၊ စိတ်ထားကြည်ဖြူ၊ ကောင်းရာမူ၍၊ လှိုင်ကြူ သုံးဖြာ၊ သရဏာကို၊ မကွာဝေးခြား၊ လားပြန်ကင်းစင်၊ ရောက်တုံ့ကျင်သည်၊ သာရှင်ငြိမ်းချမ်း သာယာတည်း။

သီရိထက်မှာ၊ ရောက်ပေလာမူ၊ ချမ်းသာအေးကြည်၊ စည်းစိမ်တည်၍၊ ဂုဏ်ရည်တိုးပွား၊ စိုးမင်းလားသို့၊ ကြီးမား ကြွက်သရေ၊ ပြည့်စုံစေသည်၊ ကဝေပဏ္ဍိတ်၊ ဟောကိန်းတည်း။

မှတ်ချက် — အဓိပတိ အဟောမှာ အထွန်း ငါးချက်တွင် ဥပါဒ်ကြိုက်က အကောင်းဟောဆိုရသည်။

အပုပ်လေးချက်တွင်စုက်ကြိုက်ကအကောင်းဟောဆိုရသည်။

စုက်,ဥပါဒ် တွက်နည်းမှာလည်း အာယုစန်းကဲ့သို့ မဟုတ်ဘဲ နက္ခပ်(၂၀) မကျော်လျှင် နေ့သားအလိုက် (သီ, ကုံး, ပြည့်, အောင်, လှ, တန်, ဆောင်)ကို တနင်္ဂနွေကစ၍ ရေရသည်။ နက္ခတ်(၂၀)က ကျော်မူ (နောင်, ဆို, သည်, ကား, မြ, အ, လား) ကို တနင်္ဂနွေကစ၍ ရေရသည်။

ဥပမာ　တနင်္ဂနွေသားဖြစ်မူ၊ နက္ခတ် (၂၀) မကျော်လျှင် သည်ကိုရော။ နက္ခတ်(၂၀)ကကျော်လျှင် နောင်ကို ရောရလေသည်။

အာယုစန်း တွက်နည်းကဲ့သို့ ကသစ်ဂြိုဟ် သင်္ချာကို မယူရ။ တနင်္ဂလာ၊ အင်္ဂါ နေ့သားများကိုလည်း ဤနည်းအတိုင်း၊ ရောကိန်းကို သိပါလေ။

နက္ခတ် (၆)ပါး အဟော

မူလ စင်နက္ခတ်ကို ဇနမ-နက္ခတ်ဟု ခေါ်ဆိုမှတ်သားရမည်။ ၎င်းဇနမ နက္ခတ်တွင် (၉)လုံးရောက ကမ္မနက္ခတ်ဖြစ်၏။ များလျှင် သတ္တဗိဒျော။ အကြွင်းကို ယူရာ၏။

ယင်းကဲ့သို့ ဇနမ-နက္ခတ်ကို တည်၍ (၉)လုံးရောက ကမ္မနက္ခတ်ဖြစ်၏။ (၆)လုံးရောက သံဃာဒိက နက္ခတ်ဖြစ်၏။ ၂လုံးရောက သမုဒ္ဒါယ နက္ခတ်ဖြစ်၏။ ၅လုံးရောက ဝိသာန နက္ခတ်ဖြစ်၏။ ၂လုံးရောက မာနသိကနက္ခတ်ဖြစ်၏။ ဤကား နက္ခတ် ၆ ပါး၏ ဖြစ်ပေါ်လာပုံ အခြင်းအရာပေတည်း။

ထိုနက္ခတ်(၆)ပါးအပေါ်သို့ စနေ၊ ရာဟု စသော ဂေါဇာ ပါပဂြိုဟ်ကြီးများ စီးနင်း ထွင်းပေါက်သည့်အခါ အောက်ပါ အဟောဂါထာအတိုင်း ဟောရမည်။

၁။ ဇနမေ မိတ္တု ဝိဒ္ဒေ သျှတ်၊
• ကလောသ ဧဝ ကမ္မတော။
မာနသိကေ စိန္တ ဘိန္ဒေ၊
ဝိနာသေ ဗျာဓိ ပီဠိတော။

၂။ အနိဋ္ဌံ သမုဒါယကော၊
သံဃာဒိကေ တထာ ဟာနိ။
တတ္ထ သောမဂ္ဂဟော ဝိဒ္ဓေ၊
ဒဒေယျံ ဟိတသုန္ဒရံ။ ။

ဇနမေ၊ ဇနမ-နက္ခတ်၌။ ဝိဒ္ဓေ၊ ပါပဂြိုဟ် ထွင်းသည်ရှိသော်။ မိတျု၊သေတတ်သည်။ သျတ်၊ ဖြစ်၏။ ကမ္မတော၊ ကမ္မနက္ခတ်ကို ထွင်းသည်ရှိသော်။ ကလောသ ဧဝ၊ အလုပ်ပျက်၍ ကိုယ်စိတ် နှစ်ဖြာ ပင်ပန်းသည်သာလျှင် ဖြစ်အံ့သတည်း။ မာန သိကော၊ မာနသိက နက္ခတ်ကို ထွင်းသည်ရှိသော်။ စိန္တ၊အကြံအစည်သည်။ ဘိန္ဒေ၊ ပျက်အံ့။ဝိနာသေ၊ ဝိနာသနက္ခတ်ကို ထွင်းသည်ရှိသော်။ ဗျာဓိပိဠိတော၊ အနာရောဂါနှိပ်စက်အံ့၊ သမုဒါယကော၊ သမုဒါယ နက္ခတ်ကိုထွင်းသည်ရှိသော်။ အနိဋ္ဌံ၊ အမြင့်မှအနိမ့်သို့ လျှောကျခြင်း စသော မကောင်းကျိုးရောက်အံ့။တထာ၊ ထိုမှတပါး။သံဃာဒိကော၊ သံဃာဒိကနက္ခတ်ကို ထွင်းသည်ရှိသော်။ ဟာနိ၊ အပေါင်းအသင်း ပျက်ပြား၍ ဥစ္စာစီးပွါး ယုတ်လျော့ နွမ်းပါးအံ့။ တတ္ထ၊ထိုနက္ခတ်(၆)ပါးအပေါ်၌။ သောမဂ္ဂဟော ဝိဒ္ဓေ၊ သောမဂြိုဟ်များ စီးနင်း ထွင်းဖေါက်သည်ရှိသော်။ ဟိတ သုန္ဒရံ၊ကောင်းမြတ်သောအကျိုးကို၊ ဒဒေယျံ၊ထိုက်သည်အား လျော်စွာ ပေးစွမ်းမည်ဖြစ်အံ့။

အဓိပ္ပါယ်မှာ ဇနမနက္ခတ်ပေါ်၌ ဂေါဇာ၊ ရာဟု၊ စနေဂြိုဟ်ကြီးများစီးနင်းမူ သေတတ်သည်။ သို့မဟုတ် သေလောက်သော အနာရောဂါ ကပ်ငြိတတ်သည်။

ကမ္မ နက္ခတ်ပေါ်၌ ဂေါဇာ, ပါပဂြိုဟ်ကြီးများ စီးနင်းမူ အလုပ်ပျက်တတ်သည်၊ ကိုယ်စိတ်နှစ်ဖြာပင်ပန်းဆင်းရဲတတ်သည်၊

မာနသိက နက္ခတ်ပေါ်၌ ပါပဂြိုဟ်ကြီးများ စီးနင်းမူ အကြံအစည်များ ပျက်ပြားတတ်သည်။

ဝိနာသ နက္ခတ်ပေါ်၌ ပါပဂြိုဟ်ကြီးများ စီးနင်းမူ ကိုယ်မှာ အနာရောဂါ ကပ်ငြိတတ်သည်။ တရားသော်လည်း တွေ့ရတတ်သည်။

သမုဒါယ နက္ခတ်ပေါ်၌ ပါပဂြိုဟ်ကြီးများစီးနင်းမူ အရာရာမှာ ကြောင့်ကြ သောက များရတတ်သည်။ အမြင့်မှ အနိမ့်သို့ လျှောကျ၍ အကြံအစည်များ ပျက်ပြားတတ်သည်။

သံဃာဒိက နက္ခတ်ပေါ်၌ ဂေါဇာ, ပါပဂြိုဟ်ကြီးများ စီးမူ အပေါင်းအသင်းပျက်ပြား၍ ဥစ္စာစီးပွား ယုတ်လျော့ ပျက်ပြားတတ်သည်။

ထိုနက္ခတ်(၆)ပါးအပေါ်၌ ဂေါဇာ, သောမ ဂြိုဟ်များစီးမူ ကောင်းမြတ်သောအကျိုးကို ထိုက်သည်အားလျော်စွာ ပေးစွမ်းတတ်လေသည်။

ဇင်းနက္ခတ် (၆)ပါးတို့နှင့် ယှဉ်၍ နေ့သော်ဇင်း၊ လသော်ဇင်း ကြတ်မူ ဇာတာရှင်မှာ ၆-လတိတိ ညှိုးတတ်၏။

ဂေါဇာရတနာပုံ တွက်နည်းနှင့် အဟောပုံ

ဂေါဇာသင်္ကြာရာဇ်ကိုတည်၊ လိုသောသူ၏ မွေးနံ ဂြိုဟ်သက်ရော။ ၎င်းကို သတ္တဗိသ ၂၇လုံးဖြို။ အကြွင်းဂေါဇာ ရတနာပုံနက္ခတ်ဖြစ်၏။ ၎င်းနက္ခတ်သည် တနှစ်လျှင် ၁လုံးကျ တိုးခြင်းကြောင့် ၁ ပါဒ်လျှင် ၃လ ထိုက်၏။ သို့ဖြစ်၍ သင်္ကြန်လွန်ပြီးကာ ၃လလျှင် ၁ပါဒ်ကျဖြင့် နက္ခတ်၏ အောက်၌ ပါဒ်ထားရမည်။ ၂လ တပါတ်ကျလျှင် တလအတွက် ၅ဗိဇနာ ကျသဖြင့် လ ကိုရေပြီးလျှင် နက္ခတ်, ပါဒ်, ဗိဇနာဟု ထားရမည်။ ၎င်းကိုစတုရပါဒ် တူသောရာသီ၌ ကြက်ခြေပြ။ ၎င်းကြက်ခြေမှ ၅တန့် ကြက်ခြေတခုပြ။ ၎င်း ၅တန့် ကြက်ခြေ တခုပြ။ ပထမ ကြက်ခြေ၌ စန်း, လင်္ဂ, မွေးနံတွေ့လျှင် ၉လအတွင်းအကျိုးပေးမည်။ ဒုတိယ ကြက်ခြေ၌ စန်း, လင်္ဂ, မွေးနံ တွေ့လျှင် ဒုတိယ ၉လ၌ အကျိုးပေးမည်။ တတိယကြက်ခြေ၌ စန်း, လင်္ဂ, မွေးနံတွေ့လျှင် တတိယ ၉လ အတွင်း အကျိုးပေးမည်။ ထို့ကြောင့် "စတုရပါဒ်၊ မှတ်လောမသွေ၊ ၅တန့်ရေ၍၊ ကြက်ခြေသုံးတန်၊ ခတ်ရန်ဆက်ဆက်၊ စန်း, လင်္ဂ, နံကြုံ၊ ဤလူ့ဘုံတွင်၊ ထင်ထင်ပေါ်ပေါ်၊ ကျော်ကျော်စောစော၊ အံ့ဩထူးထွေ၊ ရွှေငွေ ရတနာ၊ တိုးတက်ရာဟု၊ ပညာရှိများ၊ ဟောဖော်ကြားသည်၊ မှတ်သားစဉ်လာမော်ကွန်းတည်း" ဟု အဟောလင်္ကာရှိလေသည်။

မှတ်ချက် ဂေါဇာ ရတနာပုံနက္ခတ်သည် တရာသီတွင် ၂နှစ် ၃ လကြာနေ၍ ၃ ပုံပုံလျှင် ၉ လစီ ကျသောကြောင့် ပထမ, ဒုတိယ, တတိယဖြင့် ပိုင်းခြား၍ သော်၎င်း။ ရတနာပုံအားဖြင့် အမြတ်, အလတ်, အယုတ် ထား၍ ဟောပြောသောအခါ ဆင်ခြင်၍ ဟောအပ်ပေသည်။

အကြိမ်) အာယုစန်း၁၀ပါးနှင့် နဝင်း၁၀ပါးအဟော (၃၁၃)

ရတနာပုံ နဝင်းမှာ ၃-လလျှင် ၁°-ပါဒ် ကျသောကြောင့် ၁-နဝင်းလျှင်၃-လ၃-လပိုင်းလျက်ရောက်သောရာသီ၏၉-နဝင်းတွင် ကျရာနဝင်းဖြင့်ဆိုင်သော နဝင်းကိန်းအရ အဆင်းနှင့် တူသော ဥစ္စာများရအံ့ဟူ၍လည်း ဟောပြောရာသည်။

ထိုရတနာပုံသည် လဂ်စန်းတို့၏ သမသတ် ရပ်တည်၍နေအံ့၊ ထိုက်သင့်သော ကောင်းကျိုးတို့ကို ဖပေးစွမ်းနိုင်သည်။

ဧင်းပြင် အာယုစန်းနက္ခတ်သည် စုက်ကြီးအိမ်၌ စုက်ကြိုက်၍နေခြင်း၊ ဉာဏ်ကြီးအိမ်၌ ဥပဒ်ကြိုက်၍နေခြင်းများ ကြုံခဲ့သော် ရတနာပုံ၏ ထင်ရှားကြီးမြတ်သော အကျိုးထူးတို့ကို မချွတ်လျှင် ပေးစွမ်းနိုင်သည်။

အာယုစန်းနက္ခတ်သည် အာရိ, မရဏ, ဗျာယအိမ်၌, စုက်ကြိုက်လျက်၊ စမ္မခဏ်း, ယမ္မခဏ်းကြုံဆဲတွင် ရတနာပုံ နက္ခတ်နှင့် လဂ်, စန်း, ဓမ္မနံတို့ကို တွေ့ငြားသော်လည်း ထင်ရှား ကောင်းမြတ်သော အကျိုးထူးတို့ကို မပေးစွမ်းနိုင် ကြောင်းများကိုလည်း ဆင်ခြင်၍ ဟောပြောသင့်လှပေသတည်း။

ဂေါဇာရတနာပုံအဟောပြီး၏။

အာယုစန်း(၁၀)ပါးနှင့်နဝင်း(၁၀)ပါးအဟော

ယခုရောက်သော အသက်ကိုတည်၊ ၄ ခုနှင့်စား၊ လာဒ်ကားနက္ခတ်။ အကြွင်းပါဒ်။ ဧင်းကို တိုင်(၁၀)ပါးရော၊ မျှားလျှင် သတ္တဗိသံချေ၊ စတုရပါဒ် တူရာ ကြက်ခြေပြ၊ အာယုစန်း (၁၀)ပါးဖြစ်၏။

ဇင်းအာယုစန်း (၁၀)ပါးကိုတည်၊ ၃-ခုနှင့်စား၊ ကြွင်ကြွ ကော၊ ဒွေးဗြိုစ္ဆာ၊ သုံးသော် မိန်မှာထား၊ ၁-ပါဒ်ရှိလျှင် တခွင် တိုး။ ၂-ပါဒ်ရှိလျှင် ၂-ခွင်တိုး။ ၃-ပါဒ်ရှိလျှင် ၃-ခွင်တိုး။ဗိဇနာ ရှိလျှင် တခွင်တိုး ဇင်းကို နဝင်း (၁၀)ပါးဟုခေါ်သည်။

ဤသို့ရရှိသော အာယုစန်း (၁၀)ပါး၊ နဝင်း(၁၀)ပါးတို့ သည် ခေတ်ဆန်း၊ ခေတ်ပျက်၊ စုက်ဆန်း၊ စုက်ပျက်၊ ရာသီသို့ရောက် စေ၊ ဆယ်ထွေသော တိုင်ဦး နက္ခတ်နှင့်လည်း တူစေ၊ အဓိပတိ၊ အထွန်း၊ ငါးချက်သို့လည်းရောက်စေ၊ စန်း၊ လက်၊ မွေးနံ တို့လည်း တွေ့စေ၊ စုက်အိမ်သို့လည်းရောက်စေ၊ ဂေါဇာ၊ သောမဂြိုဟ်များ လည်း နင်းစေ။

ထိုသို့စုံညီသော နှစ်၌ မင်းညီမင်းသားဖြစ်မူ ရွှေနန်းစည်းစိမ် ကို ခံရတတ်၏။ သူဌေး၊ သူကြွယ် ကုန်သည် အမျိုးသားတို့မှာ ဂုဏ်အားလျော်စွာ အကျိုးပေးတတ်လေသည်။

ထို့ကြောင့် ဖွားခါမူလ၊ တိုင်ထိုမျှတို့၊ ကိန်းရစုံလင်၊ဇာတာ ရှင်သည်၊ ရွှယ်လျှင်ဘယ်လောက်၊ အချိန်ရောက်မှ၊ ထောက်ပံ့ ကံပင့် ကုသိုလ်မြင့်၍ ကြီးမြင့်ဝှန်းဝါ၊ အာဏာတန်ခိုး၊ တိုးမည် အကြောင်း၊ ကောင်းမည်နှစ်လ၊ သိလိုကမူ၊ ရောက်သမျှသက်၊ တည်လျက်ပေါင်းထား၊ လေးခုစား၍၊ ရငြားနက္ခတ်၊ အကြွင်း ပါဒ်ကို၊ စုက်ခေတ်မူလ၊ စသည်ဆယ်ဖြာ၊ တိုင်တို့မှာ၌၊ တူရာ မသွေ၊ရောက်ပါလေ၍၊မနေရာဝယ်၊ဖြိုလိုက်ပယ်သော်၊တိုင်ဆည် အာယု၊ ဖြစ်မှုမှန်လှ စန်းလျှင်ရ၏။ ရာမနှင့်ဖြတ်၊။ ကြွင်ကြွကော၊ စသည်မယွင်း၊ နဝင်းဆယ်ခု၊ရောက်ရာရှုလော့၊ အာယုစန်းမင်း၊ ဆယ်နဝင်းတို့၊ ချင်း၏စုက်ခေတ်၊ စားမှတ် ဆန်းပျက်၊ သုံးချက်

အာဒိ၊ မဇ္ဈိအဝသာ၊ ရာသီမှာနှင့်၊ ဖွားကာဆယ်ပါး၊ တိုင်တွင်နားလျက်၊ထွန်းပြောမိပတိ၊ငါးခွင်ရှိ၍၊ ဇာတိမည်မှန်း၊စန်းထက်လင်ထက်၊ယှဉ်လျက်တူကွ၊ ကဋ္ဌမူမှီ၊ပထနီသုဘ၊ လာဘအိမ်မှာ၊ ခိုဝင်လာစဉ်၊ဂေါဇာဂြိုဟ်မင်း၊ထွင်းစေသောမ၊စုက်ယုဂ်ရသော် ထိုလရာသီ မလွန်ပြီတည့်၊ သိင်္ဂီမင်းစံ၊ရွှေအလျှံဝယ်၊ စံဝဇီရ၊ ထွန်းတောက်ပသို့၊ ရာဇာသနင်း၊ မင်းတည်းဖြစ်မူ၊ ဆင်ဖြူမြင်းပုံ၊ လှံ့ရိန္ဒမာ၊ ကညာစက်အောက်၊ ဆက်လာရောက်အံ့။ ပေါက်နဲ့ထွားထွား၊ မင်း၏သားနှင့်၊ မင်းပါးနေသူ မှူးမတ်မူလည်းထီးဖြူမြောက်စည်၊မည်ရည်ဆင့်လောင်း၊မင်တင့်တောင်းတည့်။တကြောင်းဆိုရေး၊သူဌေးပုဏ္ဏား၊အမျိုးသားမူ၊ဂုဏ်အားထိုက်လျော်၊ ကောင်းကျိုးပေါ်သည်”ဟူ၍ ပညာရှိမင်းတိုင်ပင်အမတ်ကြီးမင်းလှကျော်ထင်ရေးသားစပ်ဆိုခဲ့လေသတည်း။

အာယုစန်းပေါ်သို့ဂေါဇာဂြိုဟ်စီးအဟောလင်္ကာ

၁။ အာယုစန်းမင်း- ရပ်တည့်ရင်းသို့၊ စီးနင်းတနင်္ဂနွေ၊ ဆိုက်ရောက်လေသော်၊ရွှေငွေဥစ္စာ၊လျောကွာကုန်စင်၊ စိတ်ငြိုငြင်၍၊ မရွှင်မကြည်၊ ဖြစ်တတ်သည်တည်း။

၂။ တလီတနင်းလာ၊စီးနင်းလာမူ၊ ဥစ္စာပစ္စည်း၊စုက်လာဘ်ကြီးကို၊ အပြီးရလွယ်၊ ပေါများကြွယ်လိမ့်။

၃။ တသွယ်ဂြိုဟ်မင်း၊အင်္ဂါနင်းသော်၊ရှိရင်းဥစ္စာ၊လျောကွာပျက်ပြုန်း၊ ကြိမ်မီးအုံးသို့၊နှလုံးပူပင်၊ မရွှင်သောကာ၊ ဖြစ်တတ်လှ၏။

၄။ တဝဗုဒ္ဓဟူး၊ စီးလာမြူးသော်၊ မွှားလူခြွေရွှေ၊ ရွှေငွေကစ၊ ကျွန်ဒါသနှင့်၊ လာဘမိုးစွေ၊ အလှူမျိုးကို၊ စိုက်ပျိုးထွေထွေ၊ ပြုရချေအံ့။

၅။ တထွေကြာသပတေး၊ မနေးလျင်စွာ၊ စီးနင်းလာသော်၊ ရာဇာနှိမ်နင်း၊ လွန်သိမ်ဖျင်း၍၊ သတင်းအရှိန်၊ မှေးမှိန်ဟိုက်ပန်း၊ လွန်ညှိုးနွမ်းအံ့။

၆။ တခန်းသောကြာ၊ စီးနင်းလာသော်၊ ကြီးစွာဂုဏ်သိမ်၊ အရှိန်ရနံ့၊ ပန်းနှယ်ပျံ့လျက်၊ တိုင်းမြန်ကြက်သရေ၊ တက်ဖွံ့စေလိမ့်။

၀။ စနေရောက်က၊ ဒေါသအမျက်၊ ထွက်ရမမှား၊ သူတပါးနှင့်တရားမှုခင်း၊ ခုံငြင်းမြူစူ၊ ရန်သူပွားတိုး သူခိုးလုယက်၊ ဥစ္စာပျက်အံ့။

၈။ တချက်ရာဟု၊ စီးလာပြုသော်၊ ပွားမှုရန်သူ၊ လောင်ပူဆူငြား၊ ဆွေမျှားတကာ၊ မေတ္တာမဲ့ခြင်း၊ ပြစ်မကင်းသည်၊ ဂြိုဟ်နင်းအာယု စန်းမှာတည်း။

အာယုစန်းဂြိုဟ်စီးအဟောပြီး၏။

မူလလက်ဖဝါးတွင် ဂေါဇာ တနင်္ဂနွေ ဂြိုဟ်ကြီး အစီးအနင်းဟော တေးထပ်

လက်ဖဝါးမှာ ဖလ်ရဝိ စံထိလို့စီးမူ မခံချိ သည်းအူမှာ မီးအတူပူလှ ရန်သူနှင့် မီးဘေးဟာကို ကြီးလေးစွာခံရမည်ပ။ တရပ်ခြား ဝေးတရွာ ရေးမသာမှန်စွ နွေးမကြာ အမြန်ကြွရလိမ့် အနန္တစိုးပူ။ ခြေမတည် နေမကျ အောင်ပ ပွေသမျှ သောက

လောင်ဆူ။ မြတ်ကာဝိ မတ်ဝိမူကို သတ်မည့်သူ ပုဏ္ဏကာရယ်က ဂုဏ်ပြလို့ ဘော၌ကြိမ်းဆင် ဟောထိုက်ကိန်းပင်။ ကျိန်းကျေဘို့ ဘုရားရှင်ကို မျှားအစဉ် ခိုကိုးပလေး။

မူလလက်ပေါ်မှာ ဂေါ်ဇာတနင်းလာဂွိုဟ် အစီးအနင်းဟော တေးထပ်

ယုန်စန္ဒာ စီးပြန်က သင်းမှန်လှဟောလို။ တွင်းရန်ပ တလော ဆို သောနတ္ထိ မုဆိုး။ ဆဒ္ဒန်ဆင့် ဘေးဖြစ်စရာကို လေးပစ်ခါ သတ်တဲ့ကိန်းမျိုး။ စိန်ကျောက်နှင့် မြတ်ရွှေငွေ လာဘ်ထွေထွေ ဖွံ့ဖြိုး။ မြတ်သရေတကာယ်တိုးလို့မို့ နယ်တရိုးပေါ်လွင်။ မသွေ မှန်ကေန္တပါပဲ စေခံပ ရလိမ့်မည်ထင်။ဘယာဆိုက်လို့နာခိုက်ကြွ လျှင်ဗျာလိုက်တုန်ပူပွား၍ မူခြားသည့်သေနယ်ရွာ ပြောင်းတတ် လှပါ။ စန်းယုန်မင်း နင်းလာလျှင် ယင်းကဗျာ ဆိုတိုင်းပလေး။

မူလ လက်ပေါ်မှာ ဂေါ်ဇာအင်္ဂါဂွိုဟ်စီး အဟောတေးထပ်

ကေသရာ ဘောမက ဆောမကြွလက်မှာ။ ဒေါသနှင့် တက် လာလျှင် ရတက်ဟာပွေလို့။ မင်းဒသ ဆယ်ခေါင်းကြွေသလို တကာယ်မကောင်းသလေကိန်းဆိုက်ပြီမို့။ လေးမြတ်သည့် တဖက် လူတောင် အမျက်ယူဆူဘို့ အသက်တူ မူမချို့တဲ့ ဖြူအပျို့ တွက် တာ။ထိပ်သွင်းကာကြိုးချည်ဖွဲ့ပါလို့ မျိုးမည်ကွဲ့ ကိုယ့်အောက် ယုတ်စွာ။ ငဇ်းတို့နှိပ်စက်မှာကို စိတ်ပျက်ခါ မောင်မငြိုးနှင့်တော့ နောင်အပြီး လွတ်စရာတမင် ထွင့်ဘဂဝါအရှင်။ ညွှတ်တွားလို့ ဆုပန်ဆင်လျှင် ခုရန်ပင် အို....ငြိမ်းလိမ့်လေး။

မူလ လင်္ကာမှာ ဂေါဇာ ဗုဒ္ဓဟူးဖြိုဟ်ကြီး အစီးအနင်းဓဟော တေးထပ်

ပြောင်နာဂါဆင်မင်းက၊ ထင်အလင်းလင်္ကာခွင်။ ဝင်ချဥ်းလို့ တကျွယ်ဥ်လျှင် တသက်တွင် မေဘ်တို့၊ ဝိဇယ မင်းရာဇာလို ယင်း အခါ ကိန်းဆိုက်ပြီမို့၊ သင်းဗိုလ်ထု ရွှေအညီ၊ မဟောသိဖြူပျို့။ ဆွေလီလီ သူတို့နှင့် မူမချို့ တွေ့ဟန်။ မြတ်၊ ရွှေ၊ ငွေ၊ လယ်၊ ယာ များကိုဖြင့်၊ တကယ်သာ မမှား ရလိမ့်ထင်ပြန်။ နောက်ခါ ပျောက်တာ မှန်လျှင်၊ ရောက်လာရန် ကုသိုလ် ကောင်းပြီဟု မနှောင်း လောကပြေရွှာ ဟောပသေချာ။ ဆင်ဗုဒ္ဓ ယှဥ်လို့ လာ လျှင် ဝင်ဘို့ရာ လာဘ်ကြီးပေပလေး။

မူလ လင်္ကာမှာ ဂေါဇာ ကြာသပတေးဖြိုဟ်ကြီး စီးနင်းခြင်း အဟော တေးထပ်

ဂုဏ်ကြိုဟ် ကြွက်ရာဇ လင်္ကာန ပြောင်းသော်၊ မျက်ရှာသပ အလောင်းတော်ကို၊ ပေါင်းအဖော်ဆွေမျိုး။ မင်း ဝေသန် ခင် မဒ္ဒီမှာ၊ ရှင်မကြည် စိတ်က လွန်ညှိုး။ သွားရမည် လမ်းတာ ကြမ်းတမ်းကာလွန်ဆိုး၊ ဝက်ပါတောင်တော်ရိုးဆီသို့ဇွတ်တိုးလို့ လှမ်းကာ။ ပရိက်အခြေပြုပါလို့ နေသမျှပြုသည့်အခါ။ ဘိုးဘွား တို့ ရှုစားလာသော် ကရုဏာလွန်ပွားလို့ တိုင်းကားပြည်ရွာ၊ တယန် အပ်တဲ့ကြပြန်။ သည်ကိန်းသို့ ကျလို့မှန်လျှင်၊ ရဘို့ရန် လာဘ်ကြီးနှင့်လေး။

မူလ လက်ပေါ်တွင် ဂေါဇာ သောကြာဂြိုဟ်ကြီး အစီးအနင်းဟော တေးထပ်

ဂြိုဟ်သောကြာ ပူးရာဇ၊ ကူးလာက လက်မှာ၊ ထူးစွာပ တသက်လျှာတွင် မက်စရာစုက်ကြီး၊ မင်းမနဲ့ လေးဆရာလို၊ နွေး မကြာ ကိန်းဆိုက်တဲ့နည်း။ ချစ်သူနှင့် စုံဖက်ခါ၊ ဘုံထက်မှာ ပျော်မိုး။ ဘ ရိပ်ရာ ရွှေထီးကို အပြီးပရဘွယ်။ ကြံအစည် လုပ်သမျှကိုဖြင့်၊ အဟုတ်ပပြီးလိမ့်ထင်တယ်။ ဤလောကလူ့ဘုံနယ်မှာ စုပုံဘွယ် ရွှေ့ငွေ့လာဘ်ကိုလ၊ ခါမပြတ် ဝင်လို့ရဘွယ်၊ ရှင်ဘို့ လ နှယ်။ ကောင်းလိုက်တဲ့ မင်းဇာတာငယ်၊ မြင့်ရာကိုရောက်ထုံး မို့ လေး။

မူလ လက်ပေါ်တွင် ဂေါဇာ စနေဂြိုဟ်ကြီး အစီးအနင်းဟော တေးထပ်

ဂြိုဟ်သောရီ ရေနာဂ၊ ခွေခါပ လက်ဝယ်၊ ပွေကာပ တက်ကျယ်လျှင် ခက်စဘွယ်ထင်သေး။ ပေါရိသာဒ် ပြည်ကနှင်သလို မကြည်သပအစဉ် စိတ်ကပူဆွေး။ အိမ်တွင်းရှိဥစ္စာ၊ ကျွန်ကျေးပါ မနေး၊ မယားပါထွက်ပြေးလို့ ရောဂါဘေးအတန်တန်၊ ဖိစီးရန် ဒုက္ခများကိုဖြင့် မုချမမှားတွေ့လိမ့်ထင်ပြန်။ နေရင်းစွဲရပ်ဌာန်မှာ မကပ်ပြန် ယာယီမြူးပါလို့ ကြာပြီဘူး ဝေးမြို့ပြေရွာ ပြေးလို့ နေမှာ။ ဆွေမျိုးနှင့် ကင်းကွာမယ် မင်းနာဂါ ဂြိုဟ်ဆိုးကြောင့် လေး။

မူလ လက်ပေါ်တွင် ဝေါဇာ ရာဟုဂြိုဟ်ကြီး အစီးအနင်းဟော တေးထပ်

ရာဟုဂြိုဟ် ဟိုင်းရာဇ၊ ရှိင်းစွာပ လက်မှာ၊ ဆိုင်းမကြာပ တက်လာလျှင် အထက်ရှာ ဝတိန်နန်း။မင်းသူရာ့ တပါးဘုရင်ကို သိကြားအရှင် တွန်းတဲ့ကိန်းခန်း။ အောက်ကျတော့ ကြောက်ရ ရှာတယ်၊ ထောက်ဆပါတခန်း၊ ပျောက်ရခါ စည်းစိမ်နွမ်းပြီး တော့ စိုးရိမ်လမ်း အသွယ်သွယ်။ လေးခုမြေ သူ့အတွက်ကယ် ကြောင့် မှုရတက်ပွားတတ်လှတယ်။သို့ပြီးတော့သိမ်ညှိုးငယ်မယ် ကြိမ်ကြိုးကွယ် မြေကျဦးနှင့် သေမယွင်းနှောင်ဖွဲ့ချည်မှာ ရှောင် ကွဲ့သည်ခါ။ ကိုက်ခဲလို့ လှိုက်လဲလာမယ် ဘိုက်ထဲမှာ နာတတ် ကဲ့လေး။

တနင်္ဂနွေနှင့် အင်္ဂါဂြိုဟ်ချင်း အစီးအနင်းဟော တေးထပ်

ဘာနုမာရာဇနှင့်သီဟကွဲ့ပူးလျှင် တည်မကျမြူးမရွှင်အောင် အထူးပင်ရန်များ။ မြင့်ရာက လျှောကျလာမည်။ ဘောဂသပြာ ပျက်လိမ့်စီးပွား။ မသင့်မြတ် မဟုတ်တာကို နှုတ်ကသာပြောမှား ကျွန့်ကျေးတွေ ထွက်သွားလို့ အခက်သားဖြစ်မည်။ခေါင်းကိုက် ခါ ခြေပါအေးပြီးတော့ဝေဒနာဘေးငြိလိမ့်ထင်သည်။ကျောင်း အိမ်ပ နေမတည်အောင် ပွေလီလီ ပျက်ပြုန်းလို့ အခက်ဆုံး မကောင်းစကားပင် ကြားလိမ့်မည်ထင်။ ရှေ့မြောက်နှင့် ရှေ့ တောင်ခွင်ကို သွားဆင်ခြင် ရှောင်ဦးမှလေး။

တနင်းလာ ကြာသပတေးရန်ဖြိုဟ်ချင်း အစီးအနင်းအဟောတေးထပ်

သီတဂူ ကြွက်မင်းတို့၊ ပျက်မယွင်း တွေ့သော်၊ ရှက်ကင်းမဲ့ တာမေ့ဇော်သည်၊ ယနေ့နေ့်သူက၊ ကျိုးနဲ့ဘို စွပ်စွဲလာမည်၊ လွှတ်ခဲ့မှာ စိတ်၌ထင်လှ။ လာဘ်ဝေးမှု ဖြိုးဝေဖြာ၊ မျိုးဆွေညာ အစ၊ ဆိုးမှေ့စွာ ငြင်းခုံကြလို့ မို့၊ သင်းကြုံရ တဖန်။ မယားမေ သားတွေ ကင်းပြီးတော့၊ ခြားမြေ အတွင်း နားလိမ့် အမှန်။ စိုးရိမ်ဘို့ ကြိုးကြိမ်ဒဏ်ကို၊ မိုးတိမ်ယံ နတ်မင်းက၊ ကပ်ချဉ်းလို့ မ့စေခါပင် လွတ်လိမ့်မထင်။ ရှိသမျှ ဥစ္စာအင်သည်၊ အဟုတ် မကြာခင် ပျက်စီးမည်ပလေး။

သောကြာနှင့် စနေ ရန်ဖြိုဟ်ချင်း အစီးအနင်းဟော တေးထပ်

နဂါးနှင့် ပူးယှက်က၊ ဆူးဖက်သို့ သဏ္ဍာန်၊ ဘုရင်မင်း သား ချစ်မှန်တောင်၊ မျှားစစ်ရန် ပိုလို့။ ပျက်စီးမြဲ သည်အခါမှာ၊ မကြည်သာကိန်းဆိုက်ပြီမို့။ ခြေလေးခု အသားဟာ၊ မှားအစာ ဆိုစို့၊ ဖျားအနာ ပိုကာခို့ပြီးတော့၊ အိုချာဘို့ ဖြစ်လာ။ သား မြေးကို ကြင်နာငြားသော်လဲ၊ လျင်စွာမမှား သောကွဲရှင်ကွာ။ ဖြစ်တတ်လှ ရေ့မီးဘယာငယ်၊ လေကြီးပါ မင်းစိုးနှင့် တမျိုး မှန်မသွေ၊ နှိပ်စက်တတ်ချေ။ မြတ်ရဟန်းသော်မှ မူချွတ်သွေမယ် ၂၁ လူဝတ်လေ လဲတတ်လှလေး။

ဗုဒ္ဓဟူးနှင့် ရာဟုဂြိုဟ်ချင်း
အစီးအနင်းဟော တေးထပ်

ပြောင်နာဂါ ဟိုင်းရှက်က၊ ရှိုင်းချက်ဖြင့်ပေလည်၊ ကိုင်း
တသက် နေမကြည်အောင်၊ဝေရီလေရန်ကြီး။တရားမ ခုမအောင်
တယ်၊ မှူတထောင် ဝမ်းနာလို့ငြိုး။ ရှက်ကွဲဘို့ စွပ်စွဲတာကို၊
လွှတ်ခဲမှာတနည်း။ ဝေးရပ်ရွာ သည်ခရီးဖြင့် အပြီးပသွားရှန်။
လေးခုခြေ သူ့အတွက်ကယ်ကြောင့်၊ မှူရတက် ပွားလိမ့်ထင်ပြန်။
နောက်မြောက်နှင့် တောင်ရပ်ဌာန်ကို၊ ရှောင်အပ်ပြန် သည်ရပ်
များဆီက၊ စကားအ,မင်္ဂလာ ကြားတတ်လှပါ။ စောင့်စည်းမှ
ခုအခါမှာ အမှုဟာ လွတ်ကင်းလိမ့်လေး။

တနင်္ဂနွေနှင့် ကြာသပတေးမိတ်ဂြိုဟ်ချင်း
အစီးအနင်းအဟော တေးထပ်

အောင်,ပခေါ် မိတ်ဂြိုဟ်ချင်း စီးနင်းလို့လာမူ၊ ထီးကင်းမဲ့
ရာတဆူတောင်၊သမ္ဘာဖြူထိန်လင်း။မှူးမတ်နှင့်ပြည်သူတကာပါ
ကြည်ဖြူစွာကပ်လို့ဝင်ချဉ်း၊ ကံအားကြောင့် ရန်များကွာမည်၊
စံစားကာ ပြည်တွင်း၊ လှ,ထားပါ ဗိုလ်တသင်းရယ်နှင့်၊ အို....
သတင်းကျော်မှာ။ များလူဗိုလ် ရှင်ရဟန်းငယ်တို့၊ ပွင့်လန်းဘို့
ကိန်းဖြင့်ဆိုက်လာ။ သူဌေးသား ကုန်သည်ဟာမှာ၊ ဂုဏ်ကြွယ်ရာ
ခါကောင်းလို့၊ ကြာမနှောင်း ကြေး,ရွှေ,ငွေ ရလိမ့် ကုဋေ။
ဘေးရန်ပေါင်းကင်းကွာသွေမယ်၊ လင်းသမ္ဘာ အခြေ ထောက်
တုံးမို့လေး။

တနင်းလာနှင့် ဗုဒ္ဓဟူး မိတ်ဂြိုဟ်ချင်း အစီးအနင်းဟော တေးထပ်

မိတ်ဂြိုဟ်တွင် သည်ကူ့လား ထိပါးလို့ နင်းလာ၊ မိဖုရား မင်းရာဇာမှာ၊ လင်းသမ္ဘာတောက်ထွန်း။ ကြီးမားမြင့် ရွှေဘွဲ့ချီ၊ ပြေနဲ့စည် ခတ်လို့ဆော်ရှန်း။ ဘေးမကာပ် ရန်မသီ၊ မှန်အတည် ပျော်လွန်း၊ ဇမ္ဗူဒီ တောင်မြေကျွန်းမှာလ၊ အောင်ရေသွန်းသည့် အခါ။ ခံစားဘွယ် ဘယ်မငြိုးအောင်လို့၊ တကာယ်အပြီး ကိန်း ဆိုက်လို့လာ။ ကုန်သည်နှင့် သူဌေးဟာမှာ နေ့မကြာအင်အား နှင့်၊ လျှင်မမှားဥစ္စာ့ ရွှေ့ငွေ ရလိမ့်ပုံသေ။ စီးပွားမိုးယံ ဖြိုးကာ စွေမည်၊ မျိုးညာဆွေ ချစ်ကိန်းပလေး။

ဆွေသားတော်ရင်း၊ မိတ်ဂြိုဟ်ချင်းလည်း၊ စီးနင်းဝင်လာ၊ အဟောမှာကား၊ တူစွာထပ်မျှ မှတ်ကုန်ကြလော့။

တရာသီတွင် ဂြိုဟ်ကြီးရှစ်လုံးတို့ တည်နေကြဟန် မှတ်သားရန် တေးထပ်

ဂြိုဟ်ရှစ်လုံး ပျော်သမျှ၊ ဖော်ပြမည်မှန်မှာ၊ သော်ကြသည့် စန္ဒာမှာ၊ နှစ်အသံာတမွန်း။ ဆင့်ပူးမင်း သုပဏ္ဏာ၊ တမာသာ မြဲစေ့မယွန်း၊ ရွှေခြသေ့်ကေသရာ၊ နှစ်မှာသာမစွန်း၊ လသုံးဆယ် ထိန်ထိန်ထွန်း၊ ရှိန်ရှိန်ဝန်းသောရီ။ ဂုရုဂြိုဟ် တနှစ်ဆင်း၊ ရာဟု မင်း ဆယ့်ရှစ်လမို့။ ပျော်ကြသည့် ရာသီမှာ၊ ခါအညီစံကြလို့၊ မှန်နိစ္စရေ့နောက်ပင် လွဲသွေခဲ့လျှင် နိယတနှင့်၊သီဟာဆင်၊ဗျဂ္ဃပင် ကျင့်ဦးအံ့လေး။

မူလ တနင်္ဂနွေဂြိုဟ်ပေါ်သို့ ဂေါစာရ တနင်္ဂနွေဂြိုဟ် စီးနင်းသည့်အခါ ဟောဆိုရန်

ဂေါစာရ တနင်္ဂနွေဂြိုဟ်သည် မူလ တနင်္ဂနွေပေါ်သို့ စီးနင်း ရောက်သည့်အခါမီးလျှံခြစ်ခြစ်၊စိတ်ညစ်သောက၊ဒုက္ခလောင်မီး ကြီးစွာသော ဗျာပါရတို့နှင့် ကြုံတွေ့၍ ငယ်သော သူတို့အတွက် နှောက်ရှက်ငြိုငြင်ဖြစ်ရတတ်သည်။ လင်မယားစိတ်ဝမ်းကွဲပြား၍ ရန်ခိုက်ဒေါသ ဖြစ်ရတတ်သည်။

ရင်းဟော တေးထပ်

ဥဏှာဂူ မူလနှင့်၊ ဂေါစာရက သူရကန်၊ ဂြိုဟ်နှစ်ခု တူစုံလျှင်၊ အပူလျှံနေမီး။ စိတ်သောက ရတက်ကြွယ်၊ ခက်စဖွယ် ခိုက်ရန် အကြီး။ ငယ်သူကြောင့် အမျက်ပိုမယ်၊ အခက်ကိုမဆီး၊ မရှက်လူ တသီးပ၊ ဇနီးနှင့်လမ်းဖယ်။ ကွဲမယောင်ကွာမဟဲ့လို့ ငါကတဲ့ ကြံတတ်လှတယ်။ ကိုယ်မအေး စိတ်ဆွေးဘွယ်၊ မှိုက်မေ့းတယ် ဖြောင့်ဘူးပ၊ ငြောင့်ဆူးသို့သွင်ပမာ ရောက်ရဗျာပါ။ ပွေ့သမျှ ဖြေမသာတယ်၊ နေနှစ်ဖြာ တောက်ထွန်းသို့လေး။

မူလ စနေပေါ်သို့ ဂေါစာရစနေ စီးနင်းသည့် အခါ ဟောဆိုရန်

မူလစနေပေါ်သို့ ဂေါစာရစနေ နှစ်ရက် တမွန်းတည့် တည်နေ စီးနင်းခိုက် အခါ စိတ်ကြည်လင် ရွှင်ပျစွာ နေထိုင် ရမည်။ အကြံအစည်အောင်မြင်ထမြောက်၍ လိုရာဆန္ဒပြည့်ဝတတ်သည်။ ဝတ်စားတန်ဆာရွှေ ငွေ စသော ရတနာတို့ကိုအလွယ်တကူရနိုင် ခြင်း စသော ကောင်းကျိုးချမ်းသာတို့နှင့် ပြည့်စုံတတ်သည်။

အကြိမ်)မူလနှင့်ဂေါဇာအင်္ဂါချင်းအစီးအနင်းအဟော(၃၂၅)

၎င်းဟော တေးထပ်

ငွေသော်တာ ယုန့်မင်းတို့၊ တခွင်ချင်း ယှဉ်လာ၊ ထင်အလင်း မြင်ပါလျှင်၊ ယှဉ်ကညာနှဲ့ နှောင်း။ စန်းနှစ်ပွင့် တန်ခိုးသန်တယ်။ အမျိုးမှန် ရလိမ့်စုက်ကောင်း။ ရွှေ, ငွေ, မြ,ရတနာ၊ ခါမကြာ မနှောင်း၊ဆုပဏ္ဏာလာဘ်ကောင်းနှင့်၊ထပ်လောင်းဆင့်တန်ဆာ။ ရလိမ့်မည် သွေမဆုတ်သာပ၊ ကေဝုစ်ဟောသင့်လှပါ။ မြိန်သြဇာ့ အရသာမှာ၊ ထူးထွေစွာ တပုံတင့်ပါလိမ့်၊ ယုန်နှစ်ပွင့် စန်းသော် တာ၊ ထွန်းသည့်အခါ။ သွေမပျက် ငွေစက်ညှာလို ရွှေမျက်နှာ ပွင့်ပါလိမ့်လေး။

မူလအင်္ဂါပေါ်သို့ ဂေါဇာအင်္ဂါ စီးနင်းလျှင် ဟောဆိုရန်

မူလ အင်္ဂါပေါ်သို့ ဂေါဇာအင်္ဂါ စီးနင်းသည့် အခါ မိမိ အောက် ငယ်သူများက တော်လှန်တတ်သည်။ ခိုက်ရန် ငြင်းခုံ ဖြစ်ရတတ်သည်။ စုန်း, နတ်, တစ္ဆေတို့ ဖမ်းစားသည့် အလား သွေးလေ ချောက် ချား၍ နာဖျား မကင်း ရှိရတတ်သည်။ တကြောင့်ကြကြ စိုးရိမ်သောက များနေရတတ်သည်။

၎င်းဟောတေးထပ်

ဒေသစာ ခင်းကြွေ့လို့၊ မင်းခြသေ့် ကေသရာ၊ တဂူတည်း စံပါလျှင်၊ ရှန်ဆိုတာမလွဲ။ သွေးလေကြောင့် ဖြေမသာတယ်၊ ဝေဒနာငြိလိမ့်အမြဲ။ ပူသောက နှောင့်ဗျာပါ၊ကြောင့်ကြရတနဲ၊ ထောင့်ပါပါဂိုဟ်မွဲမို့ အို–ကဲလို့ဖန်လာ။ ပွေပလေဖြေမရနိုင်ဘူ

နေသမျှ ကံမောက်လို့သာ။ မွေ့လိုက်တဲ့ ဂြိုဟ်ဒုက္ခာငယ်၊ အို—
ဆုတ်ခွာ သူဆင်းမှ ပူပြင်းတဲ့ ဝေဒနာ၊ ကင်းပျောက်မည်သာ။
ရွှေခြင်္သေ့ မူနှစ်ဖြာငယ်၊ တဂူဟာ စံခိုက်မို့လေး။

မူလ ဗုဒ္ဓဟူးပေါ်သို့ ဂေါစာဗုဒ္ဓဟူး စီးနင်းသော အခါ ဟောဆိုရန်

မူလ ဗုဒ္ဓဟူးပေါ်သို့ ဂေါစာ ဗုဒ္ဓဟူး စီးနင်းသည့်အခါ ထူးမြတ်သော နေရာသစ်ရမည်။ အိမ်သစ်, ရာသစ်, ဟာက်ရတတ်သည်၊ အရာအထူး ဘွဲ့အမည်အရည် တိုးတက်မည်။ ဥစ္စာရတနာ များစွာသော လာဘ်သပ္ပကာတို့ ရရှိတတ်သည်။ ဘေးအန္တရာယ် မရှိ ပကာတိကျန်းမာ၍ ချမ်းသာစွာ နေထိုင် ရတတ်သည်။

ရှင်းအဟော တေးထပ်

မူလမှာ ဆင်မြတ်နှင့်၊ ဂေါစာရပ် ဆဒ္ဒန်၊ ထိုနှစ်ခုထပ်ပြန် လျှင်၊ လာဘ်ကေန်စွေ့မိုး။ ခြိမ့်မစဲ တိမ်မဲလျှံ။ သိမ့်သဲညံသွန်းရွာ လို့ဖြိုး။ ရွှေငွေမြဂေါ်မုတ္တာ၊ ဖေါ်ဥစ္စာမည်ပြိုး၊ ကျော်ချုပ်ချာ ဆက်ပျိုးလို့ တက်တိုးလိမ့်ရတနာ။ တောင်ဒက္ခိ ရန်တကျေးက လာဘ်မနှေး ရတော့မည်သာ။ ဘေးဥပဒ်အန္တရာ၊ စင်ကြယ်စွာ ကိုယ်မှာရှိပါလိမ့်၊ ဆင်ဟတ္ထိ ဖြူစွယ်စုံ၊ ထွန်း ခိုက် နှင့် ကြုံ၊ ယောကျ်ားမြတ် ငါတဂုဏ် ဘာမဖြို့ ကြောက်ဖူးပလေး။

မူလ ကြာသပတေးပေါ်သို့ ဂေါစာကြာသပတေး စီးနင်းသည့်အခါ ဟောဆိုရန်

မူလကြာသပတေး ပေါ်သို့၊ ဂေါစာ ကြာသပတေးစီးနင်းသည့်အခါ ပညာရှာမှီး ဆည်းပူးခြင်းတို့၌ လိုလားတတ်သည်။

ကြာသပတေးနံ မြေ့မြင်း မြွေ့သွီးကည၅ စသော လာဘ်လာဘ တို့ကိုရရှိတတ်သည်။ စိုးရိမ်ကြောင့်ကြ သောကဟူသမျှ ကင်း ရှင်း၍ ရန်အပေါင်းကို အောင်နိုင်တတ်သည်။

ငှင်းဟော တေးထပ်

ဂုရုဂြိုဟ် ကြွက်မင်းတို့၊ ပျက်မယွင်း ကြုံလာ၊ တကွက်ချင်း ဆုံပါလျှင်၊ ဂုဏ်တေဇာပွင့်လန်း။ ရွှေ့ငွေ့မြ လှကညာ၊ ရစရာ ထူးတဲ့လာဘ်ဆန်း၊ ဆင့်မြင်းနှင့် အဿတိုရ် ကျွဲ့နွားဆိုတခန်း နဲ့မျိုးကို မွစမ်းနှင့်၊ မှန်းလိုက်တိုင်း ပေါက်တယ်။ ကျော်အသံ တော်လှန်ကဲတယ်၊ ဖော်ရှုံမြဲ နွဲ့စေဘို့ချယ်။ သက်နှင်းက လက် ငင်းတွယ်၊ ကြွက်မင်းကွယ် ယှဉ်ခိုက်မို့ ယဉ်လိုက်တဲ့၊ မှုံကညာ စွဲလိမ့်မှန်စွာ။ ဂြိုဟ်ဂုရု အို-စုလာတယ်၊ လိုဆုသာ အောင်မြဲပ လေး။

မူလ သောကြာပေါ်သို့ ဂေါဇာသောကြာ စီးနင်းသည့်အခါ ဟောဆိုရန်

မူလ သောကြာပေါ်သို့ ဂေါဇာသောကြာစီးနင်းသည့်အခါ အကြီးအကဲတို့၏ မ့စခြီးမြှောက်ခြင်းကို ခံရတတ်သည်။ လာဘ် လာဘပေါများမည်။ အလိုဆန္ဒ စိတ်နှလုံး ပြည့်ဝချမ်းသာမည်။ အခြေနှစ်ချောင်း စုက်ကောင်းများ ဝင်လာတတ်သည်။မယား နှင့် အမျက်ပွားရမည်။

ငှင်းဟော တေးထပ်

သောကြာဂြိုဟ်ထူးမြတ်၊ ကူးမပြတ် သောကြာ၊ ပူးနတ်ကဲ့ ရောက်ရာကို ထောက်စာလို့ရှုအုံး။ တခွင်တည်း ပေါင်းဆဲလျှင်

အသောင်းကုန် ဟောလို့မဆုံး။ ခြေနှစ်ချောင်းစုက်ကောင်းဝင် မိတ်ကောင်းပင်အလုံး၊ စိတ်ပြောင်းလျှင် ချိုပြုံးလို့ ဆိုသုံးနှစ် တဆယ်ကျော်။ အရွယ်မှန်ကညာကလေးကို ကြာမနှေးရကိန်း ကပေါ်။ ကျွဲနွားနှင့်ရွှေပေါ်မှာ စွေမနော် တန်ဆောင်မိုးသို့ ဖြိုးမောက်လိမ့်ခါခါပင်၊ ထူးတဲ့စုက်ဝင်။ လမ်းမကြီးခရီးမြင်တယ် ဇနီးခင် မျက်ပွားလိမ့်လေး။

မူလ စနေပေါ်သို့ ဂေါဇာစနေစီးနင်းသည့်အခါ ဟောဆိုရန်

မူလ စနေပေါ်သို့ဂေါဇာစနေ စီးနင်းသည့်အခါ မီးဘေး ခိုးသူဘေးစသော ရန်အပေါင်းတို့နှင့် တွေ့ကြုံရတတ်သည်။ မီး လောင်ခြင်း၊ ရေဖျက်ခြင်း၊ မိန်းမများနှင့် စပ်လျဉ်း၍ အရှက် တကွဲ အကျိုးနဲ့ ဖြစ်ရတတ်သည်။ ငွေကုန်ကြေးကျ ကိုယ်လက် ထိခိုက်ရှနာခြင်းစသော ဘေးရန်အပေါင်းတို့နှင့် တွေ့ကြုံရတတ် သည်။

ရင်းဟော တေးထပ်

ဘူဇဂါ နာဂကို၊ ကာလကြိုက် ဟောမယ်၊ ဗျာယဆိုက် သောကကြွယ်၊ သဘောဝယ် ပိုက်စမ်း။ မြွေမင်းတဲ့ စနေဂြိုဟ်၊ မသေလို ထူးတဲ့ကံဆန်း။ တဆိတ်မှ မိုတ်မပြေတယ်၊ စိတ်အထွေ ထွေရောင်ရမ်း။ ကြိတ်လေလေလောင်နွမ်းလို့ မောင်မချမ်းပူပုံ။ ပွေပလေဖြေမအားနိုင်ဘု၊ မြွေနဂါး ထွန်းခိုက်နှင့်ကြုံ။ မိန်းမမှု ကိန်းခုဆုံတယ်၊ နှလုံမယ်တင်တပါးကြောင့် ထင်ရှားလိမ့်ပုံသေပါ ရှက်ပွဲနှင့်သာ။ ကြေးငွေကျ ကုန်တာမှာ ဆုံဆယ်ရာ ထောင် သောင်းပလေး။

မူလရာဟုပေါ်သို့ ဂေါ်ဇာရာဟုစီးနင်းသည့်အခါ ဟောဆိုရန်

မူလ ရာဟုပေါ်သို့၊ ဂေါ်ဇာရာဟု စီးနင်းသည့်အခါ အသူရာနှင့် သိကြား စစ်တိုက်ကြရာ အသူရာရှုံးသောကိန်းနှင့်ကြုံကိုက်၍၊ တရားတပေါင် တွေ့မအောင်ဘဲ ရှိတတ်သည်။ လင်မယားခိုက်ရန်ပွား၍ကွဲသွားတတ်သည်။ကြောင့်ကြောင့်ကြကြ သောကမအေး ပူဆွေးရခြင်းများ ဖြစ်ရတတ်သည်။

ဝှင်းဟော တေးထပ်

အသူရိန် မိုးဃ်းနတ်တို့၊ စိုးမှတ်တဲ့ ဗိမာန်၊ ခိုကပ်လို့ ချဲ့ပြန်လျှင် အုတန်တန်ပူရေး။ သိကြား မတားသာ ဘုရားလျှာတိမ်းရှောင်ရသေး။ သခွတ်ပွင့် သူ့အခါ၊ မတုံသာ သက်ဝေး၊ လူ့ရွာတွင် ခက်ရေးမို့၊ ပျက်ဆွေးဘို့ တွေ့ကြုံ။ ဆိုးတေကာ လွန်စွာဆုံး၊ ကွန်ချာကုံး ဖုံးအုပ်လို့ခြုံ။ သူရိန်နတ် သူဆိုးပုံကို ပူမျိုးစုံကုန်သိလို့ ဂုဏ်မရှိပါပဂြိုဟ်၊ စီးခိုက်မို့ညို၊ ကြမ္မာအစ အဟောဆိုမယ်၊ မကောင်းဂြိုဟ် လွန်လွန်းလို့လေး။

မူလနှင့် ဂေါ်ဇာဂြိုဟ် အစီးအနင်းဟော လက်ာ

၁။ မူလအပြင်၊ ရဝိခွင်ထက်၊ ထက်ခွင်ဂေါ်ဇာ၊ ရဝိလာမူ၊ ပညာတတ်မူ၊ ဂုဏ်တခုကြောင့်၊ သတ္တရှုစစ်၊ ခိုက်ရန်ဖြစ်အံ့။

၂။ ယှဉ်လျက်စီးကာ၊ စန်းချင်းမှာကား၊ သုဝဏ္ဏာ ရဇတ၊ ရွှေငွေရအံ့။

၃။ ဘောမချင်းမှာ၊ သွေးအနာကြောင့်၊ ပူဆာဒုက္ခ၊ တွေ့ကြုံရအံ့။

၄။ ဗုဒ္ဓချင်းမူ၊ ဓနတောင်တူရှုက၊ ဖြူသည့်ဥစ္စာ၊ လာဘ်မိုးရွာအံ့။

၅။ ဇီဝါချင်းချင်း၊ ထပ်လာနင်းမူ၊ ဆင့်,မြင်း,ကျွဲ,နွား၊ အသစ်ပွားအံ့။

၆။ နှစ်ပါးယှဉ်လို၊ သောကြာဂြိုဟ်မူ၊ အပျိုအရွယ်၊ ခြောက်သွယ်ပြစ်ကင်း၊ သွယ်နွဲ့ရှင်းနှင့်၊ စီးမြင်းအသာ၊ ကျေးကျွန်ရအံ့။

၇။ နာဂမှန်ကင်း၊ စနေချင်းမူ၊ ရန်းရင်းခပ်မျှ၊ ရန်ကြီးထလျက်၊ မိန်းမအမှု၊ တရားပြုလိမ့်။

၈။ ရာဟုချင်းမှာ၊ မီးထက်သာသည်၊ ပူဆာပြင်းပြ၊ စိတ်ဒုက္ခနှင့်၊ သောကရောဂါ၊ ဖြစ်တတ်စွာအံ့။

ဂေါဇာ ဂြိုဟ်စီးနှင်းသည့်အခါ ဟောဆိုရန်များ
တနင်္ဂနွေ ဂြိုဟ်စီးအဟော

၁။ ဂေါဇာတနင်္ဂနွေသည် မူလ တနင်္ဂနွေပေါ်သို့ စီးလျှင် ပညာနှင့် ပတ်သက်၍ စကားများရတတ်သည်၊ စကား အပြော အဆို ဆင်ခြင်လေ။

၂။ တနင်းလာပေါ်သို့ စီးလျှင်၊ လင်မယား မသင့်မတင့် ရှိရတတ်သည်။ မိမိဝတ္တရားအတိုင်း ဆောင်ရွက်ရမည်။ အောက်လူများ ထွက်သွားရမည်၊ ယာယီခရီး ရှောင်၊ ဥပဒ်ပေးမည်။

၃။ အင်္ဂါပေါ်သို့စီးလျှင်၊ မယားလှ လင်လုဖြစ်ရတတ်သည် သူတပါးအစွပ်အစွဲ ခံရတတ်သည်။ အသွားအလာ ဆင်ခြင်လေ။

၄။ ဗုဒ္ဓဟူးပေါ်သို့စီးလျှင်၊ အဝေးရပ်က လာဘ်ကို ရတတ်ခြင်း၊ ကြွေးဟောင်း, မြှီဟောင်း သော်လည်း ရတတ်ခြင်းများ ဖြစ်မည်။

၅။ ကြာသပတေးပေါ်သို့ စီးလျှင်၊ အခြေ လေးချောင်း သက်ရှိသတ္တဝါများ ဝင်လာတတ်သည်။ ရန်ကင်း၍ လာဘ် အထူး ဝင်မည်။

၆။ သောကြာပေါ်သို့ စီးလျှင်၊ မယားကောင်း ရတတ်သည်။ လာဘ်သပ္ပကာရှင်မည်။ အပျိုလူပျိုဖြစ်မူ အခြားသော ယောကျ်ား မိန်းမတို့ကလာ၍ ချစ်စဖွယ်သော စကားများ ပြောကြားခြင်းကို ခံရမည်။

၇။ စနေပေါ်သို့ စီးနင်းလျှင်၊ စိတ်ပူပင် သောကဖြစ်ရတတ်သည်။ အတွင်းလူနှင့် စပ်လျဉ်း၍ ကိုယ်စိတ်နှစ်ပါး လွန်စွာ ဆင်းရဲတတ်သည်။

၈။ ရာဟုပေါ်သို့စီးလျှင်၊ အထက် လူကြီးများနှင့် ရန်ခိုက် ဒေါသ ဖြစ်ရတတ်သည်။ ချေင်စွာ ပြောဆို၍ ဝတ္တရားအတိုင်း ဆောင်ရွက်လုပ်ကိုင်ရမည်။

• တနင်္ဂနွေ ဂြိုဟ်စီးအဟောပြီး၏။

တနင်္ဂနွေလာဂြိုဟ်စီးအဟော

၁။ တနင်္ဂနွေလာသည် တနင်္ဂနွေပေါ်သို့ စီးလျှင် လင်မယား မသင့်မတင့်ဖြစ်ရတတ်သည်။

၂။ တနင်္ဂနွေလာပေါ်သို့ စီးလျှင် လာဘ်သပ္ပကာ ရွှင်ပျစွာ ရှိမည်၊ အယုတ်သဖြင့်ကောင်းမြတ်သောဘောဇဉ်အစာအာဟာရ ကိုလည်း စားရတတ်သည်။

၃။ အင်္ဂါပေါ်သို့စီးလျှင် မယားငယ် လင်ငယ် ယူရတတ်သည်၊ ၎င်းစီးနင်းသော အတွင်း၌ မနေခက်ဖြင့်လည်း များစွာ ကြံစည်မိတတ်သည်။ စိတ်နှလုံးပူပန်ရမည်၊ သွေးသားနှင့်စပ်သော ရောဂါမကင်းတတ်။

၄။ ဗုဒ္ဓဟူးပေါ်သို့ စီးလျှင် ထွက်ပြေး တိမ်းရှောင် ရတတ်သည်၊ ၎င်းနှင့်စပ်လျဉ်း၍ မကောင်းသတင်းကြားရမည်။

၅။ ကြာသပတေးပေါ်သို့စီးလျှင် လင်မယား မသင့်မတင့် ဖြစ်မည်။ ချစ်ကြောက် ရိုသေခြင်းကင်းမည်။

၆။ သောကြာပေါ်သို့စီးလျှင် ရွှေ, ငွေ, ရတနာ ဝင်လာ တတ်သည်။ မဝင်က သောကမအေး ပူဆွေးရတတ်သည်။

၇။ စနေပေါ်သို့စီးလျှင် အခြေနှစ်ချောင်း၊ အခြေ လေး ချောင်း ရတတ်သည်။ ကျွဲ, နွား, လူ ဝင်လာတတ်သည်။

၈။ ရာဟုပေါ်သို့စီးလျှင် ကွဲကွာနေသော မိန်းမယောကျ်ား တို့နှင့် ပေါင်းရတတ်သည်။ အိမ်ယာသော်လည်း ပြောင်းရမည်။

တနင်္ဂနွေလာဂြိုဟ်စီးအဟောပြီး၏။

အင်္ဂါဂြိုဟ်စီး အဟော

၁။ အင်္ဂါဂြိုဟ်သည် တနင်္ဂနွေပေါ်သို့ စီးလျှင်၊ မယားလု လင်လု ဖြစ်ရတတ်သည်။ သူတပါးအစွပ်အစွဲကို ခံရတတ်သည်။ အောက်လူ အစေခံများလည်း ဝင်လာရရှိတတ်သည်။

၂။ တနင်းလာပေါ်သို့စီးလျှင်၊ မယားငယ်၊ လင်ငယ်နေရတတ်သည်။ ၎င်းစီးနေသောအတွင်း၌မနောကံဖြင့်လည်းများစွာကြံစည်မိမည်။

၃။ အင်္ဂါပေါ်သို့စီးလျှင်၊ သွေးထွက်သံယို ရှိတတ်သည်။ ခရီးယာယီသွားခြင်းကို အထူးသဖြင့် ရှောင်ကြဉ်ရမည်။

၄။ ဗုဒ္ဓဟူးပေါ်သို့စီးလျှင်၊ ထိတ်ခတ် ကြုံးချည် ခံရမည်။ အဝေးရပ်က မိတ်ဆွေများလည်းဒုက္ခနှင့် ရောက်လာတတ်သည်။ အတွင်းလူများ မှိုခိုရန် ရောက်လာတတ်သည်။

၅။ ကြာသပတေးပေါ်သို့စီးလျှင်၊ လူ့လ လူလွင့်တို့ မှီခိုလာတတ်သည်။ မိမိလည်း မင်းပူဇော် ခံရတတ်သည်။ အခြေလေးချောင်းလည်း ထွက်သွားမည်။

၆။ သောကြာပေါ်သို့ စီးလျှင်၊ သူတပါး ဂုဏ်းချောခြင်းကြောင့် ချစ်သောသူနှင့် ကွဲရတတ်သည်။ သူတပါးယုံ၍ မပုံနှင့် သတိထား၍ ဆင်ခြင်။

၇၊ စနေပေါ်သို့စီးလျှင်၊ ပြောမရ ဆိုမရလူ ပေါက်လာခြင်း၊ ကိုယ်စိတ်နှစ်ပါး မချမ်းသာခြင်းများ ဖြစ်ရတတ်သည်။

၈။ ရာဟုပေါ်သို့ စီးလျှင်၊ သဘောတူ မကောင်းကြံစည်တတ်ခြင်း၊ မကောင်းမှုပြုရန် လူများလာ၍ ခေါ်တတ်ခြင်းများ ဖြစ်ရတတ်သည်၊ ဆင်ခြင်လေ။

အင်္ဂါဂြိုဟ်စီးအဟောပြီး၏။

ဗုဒ္ဓဟူးဂြိုဟ်စီးအဟော

၁။ ဗုဒ္ဓဟူးသည် တနင်္ဂနွေပေါ်သို့စီးလျှင်၊ အဝေးရပ်ကလာဘ်လာဘရတတ်ခြင်း။ ကြွေးဟောင်း, မြီဟောင်းရခြင်းများဖြစ်တတ်သည်။

၂။ တနင်္လာပေါ်သို့စီးလျှင်၊ ရှေးကမရဘူးသောလာဘ်အထူးများကို ရရှိမည်။

၃။ အင်္ဂါပေါ်သို့စီးလျှင်၊အဝေးရပ်ကမိတ်ဆွေများဒုက္ခနှင့်ရောက်လာတတ်သည်။ အတွင်းလူများ လာ၍မှီခိုတတ်သည်။

၄။ ဗုဒ္ဓဟူးပေါ်သို့စီးလျှင် ချစ်သောမိတ်ဆွေတို့၏ သတင်းစကား ကြားရတတ်သည်။

၅။ ကြာသပတေးပေါ်သို့စီးလျှင်၊နှုတ်ဆင်ခြင်၍ နေလေ။ စကားပြောလျှင် ရန်ဖြစ်ရတတ်သည်။

၆။ သောကြာပေါ်သို့စီးလျှင်၊ စုက်ကောင်း ရတတ်သည်။ မိန်းမများက ပိယဝါစာပြောလာခြင်းကို ခံရတတ်သည်။

၇။ စနေပေါ်သို့စီးလျှင်၊ မိတ်ကောင်း, ဆွေကောင်း လာရောက်ဖတ်သည်။သို့မဟုတ် ဆွေမျိုး ဉာတိသော်လည်း ရောက်လာတတ်သည်။

၈။ ရာဟုပေါ်သို့စီးလျှင်၊ အောက်လူများ တော်လှန်တတ်သည်။ လူကြီး ဖြစ်သော်လည်း အာဏာပြ၍ မပြောမဆိုနှင့်၊ အရာရာဆင်ခြင်၍ သတိနှင့်နေထိုင်ပါလေ။

ဗုဒ္ဓဟူးဂြိုဟ်စီးအဟောပြီး၏။

ကြာသပတေး ဂြိုဟ်စီးအဟော

၁။ ကြာသပတေးသည် တနင်္ဂနွေပေါ်သို့ စီးလျှင် အခြေလေးချောင်း သက်ရှိသတ္တဝါများ ဝင်လာတတ်သည်။ ရန်သူရန်ဘက် ပေါ်ထွက်လာတတ်သည်။

၂။ တနင်းလာပေါ်သို့ စီးလျှင် လင်မယား မသင့်မတင့်ဖြစ်ရတတ်သည်။ တဦးနှင့်တဦး ချစ်ကြောက် ရှိသေခြင်း သော်လည်း နည်းမည်။

၃။ အင်္ဂါပေါ်စီးလျှင် လူလေလူလွင့်တို့ မှီခိုလာတတ်သည်၊ မိမိလည်း မင်းပူဇော်ခံရတတ်သည်။ လာဘ်ကြီးရမည်။

၄။ ဗုဒ္ဓဟူးပေါ်စီးလျှင် နှုတ်ဆင်ခြင်၍နေ၊ စကားပြောမှား၍ ရန်ဖြစ်ရတတ်လေသည်။

၅။ ကြာသပတေးပေါ်စီးလျှင် အဟောင်းအမင်းဖြစ်သောမြေများ ဝင်လာတတ်သည်။ မိန်းမသော်လည်း ဝင်လာမည်။ အနောက်အရပ်က လာဘ်အထူးရတတ်သည်။

၆။ သောကြာပေါ် စီးလျှင် အောက်လူများ အတွက် မင်္ဂလာပြုရတတ်သည်။ ထိမ်းမြားမင်္ဂလာသော်လည်း ပြုရမည်။ သို့သော် လာဘ်အဝင်နည်း၍နေမည်။

၇။ စနေပေါ်စီးလျှင် အကြံအစည်ပျက်တတ်ခြင်း၊ မကြည်စိတ်ထား လွင့်ပါး၍နေတတ်ခြင်းများ ဖြစ်ရတတ်သည်။

၈။ ရာဟုပေါ်စီးလျှင် လေနာ, ရင်နာ ရောဂါဥပါဒ် စွဲကပ်တတ်သည်။ ခါးခ်သာအစာအာဟာရများကိုရှောင်လေ မစ ားဥ။

ကြာသတေး ဂြိုဟ်စီးအဟောပြီး၏။

သောကြာဂြိုဟ်စီးအဟော

၁။ သောကြာသည် တနင်္ဂနွေပေါ် စီးလျှင် စက်ကောင်း လာဘ်ကောင်း ရတတ်သည်။ မိန်းမ ယောကျ်ားတို့၏ ချစ်ခင် ကြည်ညိုခြင်း ခံရတတ်သည်။

၂။ တနင်္လာပေါ် စီးလျှင် ရွှေ ငွေ ရတနာ ဝင်လာတတ် သည်။ မဝင်လျှင် သောကမအေး ပူဆွေးရတတ်သည်။

၃။ အင်္ဂါပေါ် စီးလျှင် သူတပါး ဂုံးချော စကားကြောင့် ချစ်သူများနှင့် ကွဲကွာရတတ်သည်။ လူကိုယုံ၍ မပုံနှင့် လိမ်တတ် သည်။

၄။ ဗုဒ္ဓဟူးပေါ် စီးလျှင် စက်အထူးရတတ်သည်။ မိန်းမများ က ပီယဝါစာ ချိုသာစကား ပြောကြားခြင်းကို ခံရမည်။

၅။ ကြာသပတေးပေါ် သို့စီးလျှင် အောက်လူများ အတွက် မင်္ဂလာမှုကို ပြုရတတ်သည်၊ အစပ်အဟပ်သော်သည်း ခံရမည်။ လာဘ်အကြီးအကျယ်ရမည်။

၆။ သောကြာပေါ် သို့စီးလျှင် ထွက်ပြီးသောပစ္စည်း ပြန်၍ ရတတ်သည်။ ခရီးသွားသူ ပြန်လာမည်၊ အရပ်တပါးက သုံး တောင်ဝတ်မိန်းမများလည်း ရောက်လာတတ်သည်။

၇။ စနေပေါ် သို့ စီးလျှင် မယားနှင့် ရန်ဖြစ်ရတတ်သည်။ ကြီးသူမှာ ဥစ္စာပစ္စည်းနှင့်စပ်လျဉ်း၍ဖြစ်မည်၊ ငယ်သူမှာ မတော် လော်လီ ပလီဆန်းပြား ရမ်းကားသည့်အတွက်ကြောင့် ဖြစ်မည်။

၈။ ရာဟုပေါ် စီးလျှင် ကောင်းသော ခရီးကို သွားရတတ် သည်။ အပေါင်းအဖေါ် တို့နှင့် ပျော်ပျော်ကြီးနေရမည်။

သောကြာဂြိုဟ်စီးအဟော ပြီး၏။

စနေဂြိုဟ်ကြီး စီးနင်းခြင်းအဟော

၁။ စနေသည် တနင်္ဂနွေပေါ်သို့စီးလျှင် စိတ် ပူပင် သောက ရောက်ရတတ်သည်။ အတွင်းလူများကြောင့် ကိုယ်စိတ်နှစ်ဖြာ မချမ်းမသာ ဖြစ်ရတတ်သည်။ သတိထား၍ ဆင်ခြင်လေ။

၂။ တနင်းလာပေါ်သို့စီးလျှင် အခြေနှစ်ချောင်း၊ အခြေ လေးချောင်း ဝင်လာတတ်သည်။

၃။ အင်္ဂါပေါ် စီးလျှင် ပြောမရ ဆိုမရ နားမထောင်သူ လူများ ရောက်လာတတ်သည်။ မိန်းမနှင့် စပ်လျဉ်း၍ အမှုအခင်း ဖြစ်ရမည်၊ ကိုယ်စိတ်နှစ်ဖြာ မချမ်းမသာ ဖြစ်ရတတ်သည်။

၄။ ဗုဒ္ဓဟူးပေါ်သို့ စီးလျှင် မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းရတတ်သည်။ ဆွေမျိုး ဉာတိတို့နှင့်သော်လည်း တွေ့ ရမည်။

၅။ ကြာသပတေးပေါ် စီးလျှင် မိမိအကြံအစည် ပျက်မည်၊ စိတ်မကြည်အေး၊ ဟိုပြေးသည်ရောက် ကမောက်ကမဖြစ်၍ နေရ တတ်သည်။

၆။ သောကြာပေါ်သို့ စီးလျှင် မယားနှင့် ရန်ဖြစ်ရတတ် သည်။ ကြီးသူမှာ ဥစ္စာနှင့်စပ်လျဉ်း၍ ငယ်သူမှာ လော်လီခြင်း ကြောင့် ဖြစ်ရတတ်သည်။

၇။ စနေပေါ် စီးလျှင် အိမ်ပေါ်၌ အမှုတက်လာတတ်ခြင်း
 အတွင်းလူတို့ ပြုစုစောင့်ရှောက်ခြင်းကို ခံရတတ်သည်။

၈။ ရာဟုပေါ်စီးလျှင် ကွဲပြီးသော မိန်းမနှင့် ပြန်၍ပေါင်းရ တတ်သည်။ မြေဆိပ်တက်သလို ဥစ္စာ ကုန်ကျတတ်သည်။ စနေ ဂြိုဟ် နင်းသောအခါ စနေနံဘုရားမှာ မီးထွန်း၊ ထီး, တံခွန်, ကြက်လျှာ, ပန်း, ရေချမ်းတို့ကို လှူဒါန်းပူဇော်ပါလေ။

စနေဂြိုဟ်စီးနင်းခြင်း အဟောပြီး၏။

ရာဟုဂြိုဟ်စီးအဟော

၁။ ရာဟုသည် တနင်္ဂနွေပေါ်သို့စီးလျှင် အထက် လူကြီးများ၏ မုန်းထားခြင်းကို ခံရတတ်သည်၊ ဆင်ခြင်၍ ပြောဆိုနေထိုင်ပါလေ။

၂။ တနင်္လာပေါ်သို့စီးလျှင် ကွဲပြီးသောမိန်းမနှင့် ပြန်၍ပေါင်းရတတ်သည်။ အိမ်ရာသော်လည်း ရွှေ့ပြောင်းရတတ်သည်။

၃။ အင်္ဂါပေါ်စီးလျှင် မကောင်းသော လူများနှင့် ပေါင်းဖော်ရတတ်သည်။ မကောင်းမှုသော်လည်း ပြုရတတ်သည်။

၄။ ဗုဒ္ဓဟူးပေါ် စီးလျှင် အောက်လူများ တော်လှန်တတ်သည်။ လူကြီးများ ဖြစ်သော်လည်း အပြောအဆို ဆင်ခြင်၍ နေရာ၏။

၅။ ကြာသပတေးပေါ် စီးလျှင် မယား သေတတ်သည်။ လေနာ, ရင်နာဖြစ်တတ်သည်။ ခါးသော အစာတို့ကို ရှောင်ကြဉ် ရာ၏။

၆။ သောကြာပေါ် စီးလျှင် ကောင်းသောခရီးသို့ သွားရ တတ်ခြင်း၊ အပေါင်းအဖော်တို့နှင့် ပျော်ပျော်ပါးပါးနေထိုင်ရ တတ်ခြင်း၊ မယားရတတ်ခြင်းများဖြစ်တတ်သည်။

၇။ စနေပေါ် စီးလျှင် ရွှေ့အခါကရောက်ပြီးသော အောက် လူ အစေခံများ ပြန်၍ရောက်တတ်သည်။

၈။ ရာဟုပေါ် စီးလျှင် အိမ်ခြေပြောင်းပြန် တည်ဟန်မကျ တရွာ့ဌာဒေသသို့ရွှေ့ပြောင်း၍ သွားရတတ်သည်။ ၎င်းဂြိုဟ်ကြီး စီးနင်းသောအခါ ရာဟုနံ့ဘုရားမှာ ရေချမ်း,ပန်း,ယပ်တောင်နှင့် တကွ ရွှေသင်္ကန်း လှူဒါန်းပူဇော်ပါလေ၊ မကောင်း ဟူသမျှတို့ ပပျောက် လွတ်ကင်းပြီး ချမ်းသာကောင်းကျိုး ပွားတိုးခြင်းသို့ ရောက်မည်။

ရာဟုဂြိုဟ်စီးအဟောပြီး၏။

ဥဒါါသိန်ချင်း အစီးအနင်း အဟော

မူလကြာသတေးပေါ်မှာ ဇဂါဇာတနင်္ဂနွေဂြိုဟ် စီးနင်းလျှင် ရန်အနှောင့်အယှက်ကင်း၍ လာဘ်အထူးအထွေရရှိတတ်သည်။ ထို့ကြောင့် "ရုဂု ဘာသာ၊ နေလှည့်ရာကို၊ စကြာနေမင်း၊ ထွန်းလာနင်းက၊ ရန်ကင်းပျောက်ပြေ၊ လာဘ်မိုးစွေအံ့" ဟု အဟောရှိသည်။

မူလ တနင်္ဂနွေပေါ်မှာ ဂေါ်ဇာကြာသပတေး စီးနင်းလာ လျှင် ရန်သူရန်စာက် ပေါ်ထွက်လာတတ်သည်။ ထို့ကြောင့် "ထိုနေရှိရာ၊ ဂုရုလာ၍၊ မျက်နှာတူရှု၊ နင်းလာမူကား၊ ရန်သူ လက်သို့၊ ရောက်လေတို့အံ့" ဟု အဟောလက်ာ ရှိသည်။

မူလ အင်္ဂါပေါ်သို့ ဂေါစာ ကြာသပတေး စီးနင်းလျှင်၊ လာဘ်အကြီးအကျယ် ရတတ်သည်။ ထို့ကြောင့် "ထိုမြို့တဆန်း၊ ခြသေ့နန်းကို၊ ကူးသန်းဇီဝါ၊ ထိပါးလာမူ၊ မဟာလာဘ၊ ကေန်ရအံ့" ဟု အဟောလက်ာရှိသည်။

မူလ ကြာသပတေးပေါ်သို့ ဂေါစာအင်္ဂါ စီးနင်းလာလျှင်၊ အခြေလေးခုပျက်စီးတတ်သည်။ ထို့ကြောင့် "ဇီဝါမရွှေ့၊နေမြဲလေ့ကို၊ ခြသေ့ချဉ်းမွေ့၊ နင်းလာပေမူ၊ အခြေလေးခု ပျက်စီးမှုတည်း" ဟု အဟောရှိလေသည်။

မူလ စနေပေါ်မှာ ဂေါစာ ရာဟုကြီး စီးနင်းလာသည့်အခါ ရွေးကထွက်သွားပြီးသော အောက်လူ ကျွန်အစေခံများ တဖန် ပြန်၍ ရောက်လာတတ်သည်။ ထို့ကြောင့် "ရာဟုစိတ်ကောက်၊ နဂါးမောက်ကို၊နင်းဖောက်လာက၊ပေါရာဏသည်၊ ဒါသတခါ၊ ပြန်ရောက်လာအံ့" ဟု အဟောလက်ာရှိလေသည်။

မူလ ရာဟုပေါ်မှာ ဂေါစာစနေ စီးနင်းလာသည့်အခါ မြွေပွေးကိုက်သကဲ့သို့ ကိုယ်ပင်ပန်းတတ်သည်။ ဥစ္စာ ကုန်ကျတတ်၏။ ထိုကြောင့် "သောဗ္ဘာနုထိပ်၊ နဂါးနှိပ်လည်း၊ မွေဆိပ်တက်တုံ၊ ဥစ္စာကုန်အံ့" ဟု အဟောလက်ာ ရှိလေသည်။

မူလ အင်္ဂါပေါ်သို့ ဂေါစာတနင်္ဂနွေ စီးနင်းလာသည့် အခါ စိတ်နှလုံး ပူပန်နောက်ကျိ ဖြစ်ရတတ်သည်။ သွေးသားနှင့် စပ်သော ရောဂါမကင်းတတ်။ သွေးထွက် သံယိုအောင်လည်း ဖြစ်ရတတ်သည်၊ထိုကြောင့်"ဂဠုန်သားမူ၊ခြသေ့ဂူသို့၊ ကျူးရှူထိယှဉ်၊ ချဉ်းလာဝင်မူ၊ ပူပင်ဖတ်ဖတ်၊ သွေးထွက်တတ်၏" ဟုအဟောရှိ၏၊

မူလ တနင်္ဂနွေပေါ်သို့ ဂေါ်ဇာအင်္ဂါ စီးနင်းလာသည့်အခါ အောက်လူ မိန်းမ ယောကျာ်းများ ဝင်လာ ရရှိတတ်သည်။ ထို့ကြောင့် "လှည့်ပတ်မြူးဟုန်၊ ခြသေ့ခုန်၍၊ ဂဠုန်ဦးဖျား၊ နင်းလာငြားက၊ ယောကျာ်း,မိန်းမ၊ ကျေးကျွန်ရအံ့" ဟု အဟော လက်ာရှိလေသည်။

မူလစနေပေါ်မှာ ဂေါ်ဇာဗုဒ္ဓဟူး စီးနင်းသည့်အခါ၊ ရှေးက မရဘူးသော လာဘ်ထူးလာဘ်ထွေများကို ရရှိတတ်သည်။ ထို့ကြောင့် "မိုးလရှိရာ၊ ဆင်ယှဉ်လာမူ၊ ရှေးခါလွန်ကြူး၊ မရဘူးသား၊ လာဘ်ထူး, လာဘ်ထွေ၊ ရမြဲပေတည်း" ဟု အဟောရှိ၏။

မူလ ဗုဒ္ဓဟူးပေါ်မှာ ဂေါ်ဇာစနေ စီးနင်း လာရောက်သော အခါ အကျိုးမများသော အမင်္ဂလာစကားများ ကြားရတတ်သည်။ ထို့ကြောင့် "ဆင်နေရာတွင်၊ သော်တာဝင်မူ၊ အ,မင်္ဂလာ၊ ကျိုးမပါရှင့်" ဟု အဟောလင်္ကာရှိလေသည်။

မူလသောကြာပေါ်မှာ ဂေါ်ဇာကြာသပတေးစီးနင်းလာက လာဘ်အဝင်နည်းပါး၍ နေတတ်သည်။ ထို့ကြောင့် "သောကြာ ရှိရပ်၊ ဂုရုကပ်က၊ ရလာဘ်ဆိတ်ညံ့" ဟူ၍ အဟောလင်္ကာ ရှိလေသည်။

မူလ ကြာသပတေးပေါ်မှာဂေါ်ဇာသောကြာစီးနင်းလာက လာဘ်အကြီးအကျယ်ရတတ်သည်။ ထို့ကြောင့် "ဂုရုယံသို့၊ ဝဲပျံ့ သောကြာ၊ ထိနင်းလာမူ၊ လာဘာ လာဘ၊ ကြေနန်ရအံ့" ဟု အဟောလင်္ကာ ရှိလေသည်။

မူလ ကြာသပတေးပေါ်မှာ ဂေါ်ဇာ ရာဟုစီးနင်းလာသည့် အခါ၊ မယားသက်ဝေ သေတတ်ချေသည်။ ထို့ကြောင့် "ကြာသပတေး၊ ချမ်းကြေည်သာ၊ နေလှည့်ရာကို၊ ဂေါ်ဇာဂိုဟ်မင်း၊ ရာဟုနင်းမူ၊ ချစ်ခြင်းသက်ဝေ၊ မယားသေအံ့"ဟု အဟောရှိ၏။

မူလ အင်္ဂါပေါ်မှာ ဂေါ်ဇာစနေ စီးနင်းလာသည့် အခါ၊ မိန်းမများနှင့်စပ်လျဉ်း၍အမှုအခင်းဖြစ်ရတတ်သည်။ထို့ကြောင့် "စနေဂေါ်ဇာ၊ လွဲဘက်လာ၍၊ အင်္ဂါမူလ၊ အိမ်ထက်ကျသော်၊ မိန်းမနှောင့်ယှက်၊ မှုရာထွက်အံ့"ဟု အဟောရှိသည်။

မူလ ဗုဒ္ဓဟူးပေါ်မှာ ဂေါ်ဇာအင်္ဂါ စီးနင်းလာမူ ထိပ်ခတ်ကြိုးချည် ခံရတတ်သည်။ ထို့ကြောင့် "မုချသွင်သွင်၊ ဆင်၏ဦးကင်း၊ခြသေ့နင်းမူ၊ ခြေကျင်းကြိုးတုပ်၊ နှောင်ချုပ်ထိပ်ခတ်၊ ခံရတတ်၏"ဟု အဟောရှိသည်။

မူလ စန်းပေါ်မှာ ဂေါ်ဇာတနင်္ဂနွေစီးနင်းလာသည့် အခါ၊ အောက်လူ ကျေးကျွန်များ ထွက်သွားတတ်သည်။ ထိုသို့ စီးနင်းစဉ်အခါ ရပ်ဝေးသို့ ခရီးမသွားရာ။ သွားလျှင် လမ်းခုလပ်မှာ ဖျားနာဥပဒ်စွဲကပ်တတ်သည်၊ စိတ်ဆင်းရဲတတ်သည်။ထို့ကြောင့် "စန်းနတ်လမင်း၊ နေထက်နင်းမူ၊ သင်းပင်းကျွန်ကျေး၊လွတ်ရာပြေးအံ့၊ ရပ်ဝေးဒီသာ၊ မသွားရာရှင့်၊ လောင်ဆာပူအပ်၊ ခရီးလပ်တွင်၊ ဥပဒ်ဖြစ်ခါ၊ သေလေရာ၏"ဟု အဟောရှိလေသည်။

မူလ သောကြာပေါ် ဂေါ်ဇာ စနေ စီးနင်းလာသည့်အခါ၊ ရန်သူ-ရန်ဘက် ပေါ်ထွက်လာတတ်သည်။ သို့သော် ရန်ဖြစ်လျှင် မိမိက အောင်နိုင်တတ်သည်။ ထို့ကြောင့် "ပူးမှာနဂါး၊ခွေလာနားမူ၊ ရန်များလည်းသင့်၊ အောင်မည်ခွင့်သည်၊ အချင့်မှန်လှ၊ ထိုကာလ"ဟူ၍ အဟောလင်္ကာရှိလေသည်။

မူလ တနင်္ဂနွေပေါ်မှာ ဂေါ်ဇာစနေ့စီးနင်းလာသည့် အခါ အောက်လူကျေးကျွန်များ ထွက်သွား တတ်သည်။ ကျွဲ၊ နွား၊ ဆင် မြင်းများသော်လည်း သေပျောက်တတ်သည်။ စီးပွားဥစ္စာ ယုတ် လျော့ပျက်ပြား၍ ကိုယ်မှာ ဥပဒ် ပေးတတ်သည်။ ထို့ကြောင့် "ဂဠုန်မည်ဟူ၊ ဥဏှူဂူသို့၊ မြွေဘူဇဂ၊ နင်းလာကမူ၊ မိန်းမ ယောကျ်ား၊ ကျွန်ဒါများနှင့် ကျွဲ နွား တောဝင်၊ မြင်းဆင်ပြေး ပျောက်၊ ကျပျောက်ဥစ္စာ၊ ဖျားနာလောင်ပူ၊ ရန်သူ ရန်ဘက်၊ ပေါ်ထွက်ပြီးခါ၊ နှိပ်စက်လာအံ့" ဟု အဟောရှိလေသည်။

မူလ ရာဟုပေါ်မှာ ဂေါ်ဇာ အင်္ဂါစနေတို့ စီးနင်းလာသည့် အခါ အခြေလေးချောင်းများ ထွက်သွားတတ်သည်။ စိတ်နှလုံး ပူပန်နောက်ကျိ ဖြစ်ရတတ်သည်။ ကိုယ်လက် ထိခိုက် နာကျင် ကိုက်ခဲတတ်သည်။ မြေး-လှံများသော်လည်း ထိခိုက်ရှနာ တတ် သည်။ ထို့ကြောင့် "အသူရာနှင့်၊ သီဟာစနေ၊ လာထိချေမူ၊ အခြေလေးဘက် ပြေးပျောက်ထွက်၍၊ စိတ်လက် ကျဉ်းမြောင်း၊ ဆိုးတောင်းဆင်းရဲ၊ ကိုက်ခဲနာဖျား၊ လှံ မြား၊ ဂန၊ နှောင်ဖွဲ့ ကျအံ့" ဟု အဟောလက်ာ ရှိလေသည်။

လဂ်၊ စန်းစသည့်အပေါ်သို့ဂေါ်ဇာရာဟုသံပေါင်း အစီးအနင်းဟော တေးထပ်

သံပေါင်းဂြိုဟ် လဂ်ထံခ၊ ပျက်ပြန်ရ ကိုယ်ကြေ၊ ကြက်စန္ဒ ခိုနေမူ၊ မလိုဇ်ပွသောမင်း။ အင်္ဂါ၌ မှေးရှက်လာလျှင်၊ ကျေးမက် ကွာ ဘောဂပျက်ယွင်း၊ ဗုဒ္ဓဟူးညှိုးပူ၊ ခိုးသူနှင့် ဝန်မကင်း၊ မျိုးမတူ ကျွန်ရင်းတို့၊ လွန်ကင်း၍ထွက်ခွာ။ ဇီဝါမှာညှိုးခေပွါး

ပေမှဲ့၊ မိုဃ်းမြေများရလိမ့်မှန်စွာ။ သောကြာ၌ ကြီးသူမကွာ၊ မှိုးကူခါ အခြေစိုက်ရလိမ့်၊ စနေ၌စုက်လာဘ်နှင့်ပြင်။ ရဗြားလိမ့်ထင်။ သူရဇ္ဇ တခြားတရွာတွင် သွားလာလျှင် နာကိန်းပလေး။

ထိမ်းမြားကောင်းသောလ, နှင့် မထိမ်းမြားကောင်းသောလ, အဟော

ဝါဆို့ ဝါခေါင် ထိမ်းလျှင်သ၊ သောကိန်းပ ဆွေကြင်ဖော်။ ခံခေါင်းပါးစွာ တော်သလင်းငယ်နှင့်၊ သားပုတ္တာ ခြံရံကင်း ကွင်းကြ နတ်တော်။ လ, ပြာသို ဥစ္စာယွင်းလိမ့်၊ ကွေကွင်းကြ တပေါင်းခေါ်၊ မလျော်တဲ့ခြောက်လ။ ကြွင်းမာသေ၊ ထိမ်းမြားပါလေတော့၊ ရံခြွေရွှေ ရွှေစပါးငယ်နှင့်၊ ပေါများစွာကုံလုံလို့၊ မောင်မယ်စုံ အိုးအောင်ပေါင်းရလိမ့် ကျောင်းကြီးအမ။

အိမ်ထောင်ပြုရန်မသင့်သော လက်နေ့အဟော တေးထပ်

မိဿ, ဓနု သည်နှစ်ရပ်၊ ကွာတတ်လှအမှန်၊ ပြိဿနှင့်မိနခံလျှင် သုခန် ပျက်စီး၊ သိဟ်,ဗြိစ္ဆာ၊ ခြေမသာသည်၊ ပြေမရဏာ၊ ဆိုက်လိမ့်အပြီး။ ကန်,မိန်,လက် ဤနှစ်ထွေ၊ တည်မနေ ပျက်စီး၊ သေလိမ့်မည် မှန်အပြီးဟာမို့၊ ကံနှစ်စီးကြဉ်ဘိယ်။ မရှောင်လျှင် အမှန်တွေ့ပါလိမ့်၊ စံတာမေ့ လွဲလို့ရှောင်ဖယ်။ လက်နှစ်ခုအဆာ ကျယ်သည်၊ ကမ္ဘာဝယ် ရှောင်ကြမှ၊ နောင်လှမည်၌ ကံနှစ်ဖြာ၊ မြဲကြလိမ့်မှာ။ သက္ကရာဇ်နှင့် လက်ရှစ်ဖြာကို၊ တွက်စစ်ခါ ဟောပါတော့လေး။

သတို့သားနှင့် သတို့သမီး ထိမ်းမြားရာသော လဂ်အဟောတေးထပ်

ပြီးသော့ကန် ပေါင်းနှစ်ရပ်၊ ကောင်းမြတ်လှ မှန်စွာ၊ ကြကင့် ဖြိုဆွာမှာ၊ သက်တရာချစ်မြဲ။ သိဟ်ခနေ့ မျှချင်းဆိုလျှင်၊ မြ မြင်းမိုရ် ပျက်တော့မလွဲ။ တူ့လက်နှင့်ကုမ်အိမ်၊ ဆုံကြိမ်လို့ ယှဉ်တွဲ၊ ပုဏ္ဏာမိန် သင့်မလွဲပြီဘူ၊ အစဉ်ဘဲ တင့်ရာ။ မကာရာ့မိန် ဆုံစီးပြန်တော့ စိန်ပုံကြီး တွေ့သည့် ပမာ။ ရွှေဟသာ တူနှစ်ဖြာလို၊ တသူဇာ အချစ်လျှမ်းပါလိမ့်၊ မပစ်တမ်း ကြည်မြနေခဲ့ခါ၊ ပီယအောင် တာ။ ကြားထဲ၌ လေသွေးတာတောင်၊ ရေဝေးကြာ တစ္ဆုံး သို့လေး။

နက္ခတ္တိက မဟာဒသာတွက်နည်းနှင့် အဟော

ဂြိုဟ်နှင့် နက္ခတ်ကပ်ပုံ



ထူလဒသာသက်ပုံ



ကလိယုဂ်ဆုတ်ကပ်အခါ၌ နက္ခတ္တိက မဟာဒသာဖြင့် ဟော ဆိုရမည်ဟု မဏိတ္ထဆရာ၊ ဝရာဟမိဟိရဆရာ၊ ဒဗ္ဗဆရာ၊ ပါယန ဆရာတို့ မိန့်ဆိုတော်မူလေသည်။ ထို့ကြောင့် မူလဇာတာတွင် စင်နက္ခတ်ကို အကြောင်းပြု၍ တွက်ချက်ရာ၏။

ကြတ္တိကာ အစရှိသော နက္ခတ် သုံးလုံးကို တနင်္ဂနွေဂြိုဟ်၊ ၎င်းနောက် နက္ခတ်လေးလုံးကို တနင်းလာဂြိုဟ် ဤသို့အစရှိသည် ဖြင့် ပါပဂြိုဟ်တွင် နက္ခတ်သုံးလုံးစီ၊ သောမဂြိုဟ်တွင် နက္ခတ် လေးလုံးစီဝေရာ နက္ခတ်နှစ်ဆယ့်ရှစ်လုံးကုန်သောကြောင့်နက္ခတ် နှစ်ဆယ့်ခုနစ်လုံးတွင် အဘိဇိနက္ခတ်ကိုထည့်၍ နှစ်ဆယ့်ရှစ်လုံး ယူလေ။ ၎င်းနက္ခတ်ကိုလည်း ဥတ္တရာသဠ် အဆုံးထား၍ ဥတ္တရာ သဠ်၊ အဘိဇိ၊ သရဝဏ် ယူ၍ နက္ခတ်နှစ်ဆယ့်ရှစ်လုံးကို ရေလေ။ ဂြိုဟ်တို့နှင့် နက္ခတ်တို့ကိုကပ်ရာအသာဝဏီ၊ ဘရဏီနက္ခတ်နှစ်လုံးကို ကျော်၍ ကြတ္တိကာကစ၍ ရေတွက်ရသောကြောင့် စင်နက္ခတ် တွင်မူကား အသာဝဏီကစ၍ ထားသောကြောင့် စင်နက္ခတ်ကို တည်၊ နက္ခတ်နှစ်လုံးနှင့် နှုတ်၊ အကြွင်း နက္ခတ်တွင် တနင်္ဂနွေ အတွက် သုံးလုံး၊ တနင်းလာအတွက် လေးလုံးစသည်ဖြင့် အစဉ် အတိုင်း နှုတ်ယူရာ၏။

၎င်းနှုတ်ကြွင်း နက္ခတ် ပါဒ်တို့ကို ဗီဇနာပုံပြု၊ ဗီဇနာရှိလျှင် ရော၊ ၎င်းဗီဇနာပေါင်းကို စောင့်ရင်း ဂြိုဟ်သက်နှင့် မြှောက်၊ ၎င်းကိုပါပဖြစ်မူ ၁၀၈၊ သောမဖြစ်မူ ၂၄၀နှင့်စား၊ လဒ်ကား နှစ်ဖြစ်၏။ အကြွင်းကို ၁၂ နှင့်မြှောက်၊ စားမြဲစား၊ လဒ်ကား လ ဖြစ်၏။ အကြွင်းကို ၃၀ နှင့်မြှောက်၊ စားမြဲစား၊ လဒ်ကား ရက် ဖြစ်၏။ အကြွင်းကို ၆၀နှင့် မြှောက်၊ စားမြဲစား၊ လဒ်ကား နာရီဖြစ်၏။

ထိုသို့ တွက်ရသော နှစ်,လ,ရက်,နာရီများသည် စောင့်ရင်းဂြိုဟ်၏ အတိတ်ကိန်းဝင် နှစ်,လ,ရက်များဖြစ်၏။ ၎င်း နှစ်,လ,ရက်များကို သာဝနအသက်တွင်ရော၊ စောင့်သော ဂြိုဟ်၏ ဂြိုဟ်သက်ကစ၍ အစဉ်အတိုင်းနှုတ်။ မနှုတ်လောက်ရာ ခွင်မှာ သထူလဒသာစား၏ဟူ၍ မှတ်ယူရမည်။

အန္တရဒသာ တွက်နည်းမှာ

၎င်းသထူလ ဒသာအတိတ် နှစ်,လ,ရက်,နာရီတို့တွင် အန္တရဂြိုဟ်သက်များနှုတ်။ မနှုတ်လောက်သော ဂြိုဟ်သည် အန္တရဒသာစားသည်ဟု မှတ်ရမည်။

သာဝနအသက်တွက်ပုံ

ဖွားသောသက္ကရာဇ်နှင့်တကွ တနင်္ဂနွေဂြိုဟ်၏ ရာသီအံသာကို တွက်လိုသောနေ့၏ ဝေါဟာသက္ကရာဇ် တနင်္ဂနွေ ရာသီအံသာတွင်နှုတ်၊ ထိုနှုတ်ကြွင်းသည် အံသာသံဝစ္ဆရ နှစ်,လ,ရက်များဖြစ်၏။

ထိုအံသာ သံဝစ္ဆရ နှစ်,လ,ရက်ကို နှစ်ဘော်ထား။ အထက်တဘော်ကို ငါးခုနှင့်မြှောက်၊ အောက်တဘော်ကို လေးခုနှင့်စား။ သုံးခုကြွင်းမူ လဒ်သို့ တခုတိုး၍ အထက်တွင်နှော။ လ,ရှိလျှင် နှစ်ခုနှင့်စား၍ အထက်တွင်နှော၊ လွန်သော ရက်ပေါင်း ဖြစ်၏။ ထိုရက်ပေါင်းကိုတည်၊ ၃ဝနှင့်စား၊ အကြွင်းရက်။ လဒ်ကားလ။ လများလျှင် ၁၂နှင့်စား၍ နှစ်သို့တက်။ အံသာ သံဝစ္ဆရနှစ်,လ,ရက်တွင်နှော။ သုဒ္ဓသာဝန နှစ်,လ,ရက်များ ဖြစ်၏။ ၎င်းကို အသက်စင်,အသက်မှန် ဟူ၍လည်း ခေါ်သည်။

ဤသို့ တွက်ချက်ပြီးလျှင် နက္ခတ္တကို မဟာဒသာ၏သဘောကို ဟောပြောရာ၏။ သို့ ဟောပြောရမည် ဆိုသော်လည်း ဒသာ၏ ပရိယာယ်ကား များစွာ ကျယ်ဝန်းလှပေ၏။

အကျဉ်းမှတ်ရန်ကား.... ကသစ်အိမ်၌ စားသော ဒသာသည် ပုဏ္ဏာဒသာမည်၏။ ကြံသမျှပြီးစီးအံ့၊ စီးပွားတိုးတက်အံ့။ ဥစ်အိမ်၌ စားသော ဒသာသည် သံပုဏ္ဏာဒသာမည်၏။ အနာရောဂါ ကင်းခြင်း၊ မင်းစသော သူတို့၏ ချီးမြှင့်ခြင်း၊ ရာထူး တိုးတက်ခြင်း၊ အလုပ်လက်မဲ့သူတို့ အလုပ်ရကုန်အံ့။ နိစ်အိမ်၌ စားသော ဒသာသည် ရိတ္တာဒသာမည်၏။ ဥစ္စာစည်းစိမ် ယုတ်လျော့ ပျက်စီးခြင်း မထားသေခြင်း၊ ကြေကွဲပျက်စီးခြင်းများဖြစ်ကုန်အံ့။ နိစ်အံသာသို့ ရောက်သော ဂြိုဟ်ဒသာစားမှု အနိဋ္ဌဖလ ဒသာ မည်၏။ မကောင်းကျိုးများကို အထူးပေးကုန်အံ့။

နက္ခတ္တကို သထူလဂြိုဟ် ဒသာစား အဟော

တနင်္ဂနွေ, အင်္ဂါ, စနေ, ရာဟု, ပါပဂြိုဟ် ဒသာတို့သည် လူတို့အား အလွန် ဆင်းရဲခြင်းကို ပေးတတ်ကုန်၏။ ကြာသပတေး, ဗုဒ္ဓဟူး, တနင်္လာ, သောကြာ ဒသာတို့သည် လူတို့အား အလိုရှိအပ်သောအကျိုးကို ပေးတတ်ကုန်၏။ ဤကား တနင်္ဂနွေ အစ ရှိသော သထူလဂြိုဟ်ဒသာတို့၏ ဣဋ္ဌာနိဋ္ဌဖလကိုသာမညအားဖြင့် ပေါင်း၍ ပြခြင်းတည်း။

•

၁။ တနင်္ဂနွေ၏ သထုလဂ္ဂိုဟ် ဒသာစားမှုလုတို့အား ချစ်သူတို့နှင့် ကွေကွင်းခြင်းကြောင့်ဖြစ်သော ဆင်းရဲတို့မှ တပါးသော ဆင်းရဲတို့ကို ပြုလေ့ရှိ၏။

၂။ တနင်္လာ၏ သထုလဂ္ဂိုဟ် ဒသာစားမှု ချမ်းသာခြင်း၊ ပုရိသတ်ကို ဆည်းကပ်ခြင်း၊ မြတ်သော ယာဉ်ရတနာ၊ ကျော်စောခြင်း၊ဘေးမဲ့ခြင်း၊ အလိုရှိအပ်သော ထမင်း အဖျော် အိပ်ရာနေရာ အစားဘောဇဉ်တို့ကို ရခြင်း၊ ဥစ္စာ ရွှေ ငွေ မြေ ခရသင်း ရခြင်းဟူသော ကောင်းကျိုးကိုပေးတတ်၏။

၃။ အင်္ဂါ၏ သထုလဂ္ဂိုဟ် ဒသာစားမှု ဓါး လက်နက်ဖြင့် သတ်ခြင်း၊ ညှဉ်းဆဲခြင်း၊ မင်း၏အနှောင်အဖွဲ့သင့်ခြင်း၊ နှိပ်စက်ခြင်း၊ ကြံ၍မမြောက်ခြင်း၊ အိမ်၌ချို့တဲ့ခြင်း၊ ခိုးသူ ခိုးခြင်း၊ မီးလောင်ခြင်း၊ ဘေးသင့်ခြင်း၊ ကျိုးပဲ့ပျက်စီးခြင်း၊ရောဂါရောက်ခြင်း၊ အကျော်တစော၊ ဘုန်းတန်ခိုး၊ ဥစ္စာ၏ ယုတ်ခြင်း တို့ကို ဖြစ်စေတတ်၏။

၄။ ဗုဒ္ဓဟူး၏ သထုလဂ္ဂိုဟ် ဒသာစားမှု အလွန် တင့်တယ်သော အိမ်ရာ နေရာ အစာဘောဇဉ်ကိုရခြင်း၊ အထူးထူး အပြားပြား စည်းစိမ်၏ ရောက်ခြင်း၊ ကျီကျဲဘဏ္ဍာ၏ပွားခြင်း၊ ဥစ္စာ၏ ပြည့်စုံခြင်းကို ဖြစ်စေတတ်၏။

၀။ စနေ၏ သထုလဂ္ဂိုဟ် ဒသာစားမှု၊ အချင်းချင်း ကွဲရဲ့ခြင်း၊ သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ အမှု၏ ယုတ်ခြင်း၊ လျှို့ဝှက်အပ်သော မိဘထက် ချစ်အပ်သော ချမ်းသာ ဥစ္စာတို့မှ ယုတ်ခြင်း၊ အမျက်ဒေါသနှင့်ယှဉ်သည်ဖြစ်၍ အဆွေခင်ပွန်းတို့နှင့် ရန်ပြုလုပ်ခြင်းတို့ကို ဖြစ်စေတတ်၏။

၅။ ကြာသပတေး၏ သထူလဂ္ဂိုဟ် ဒသာစားမှု၊ မွေ့လျော်သည်၏အဖြစ်၊ အထောက်အပံ့ရှိသည်အဖြစ်၊ အကျော်အစောအခြံအရံအစု၊ မြတ်နိုးအပ်သော ကျေးဇူး၊ အကျော်အစောအကျိုးစီးပွား၊ ကာမချမ်းသာ စည်းစိမ် အစုနှင့် ယှဉ်ခြင်းသို့ရောက်စေတတ်သည်။

၈။ ရာဟု၏ သထူလဂ္ဂိုဟ် ဒသာစားမှု၊ အသက် ရှည်သည်ဖြစ်အံ့။ အစီးအပွားမှယုတ်ခြင်း၊ အလွန် ပျက်စီးခြင်း၊ တွေဝေဆင်းရဲခြင်း၊ ပြည့်စုံသောဥစ္စာ၏ ပျောက်ခြင်း၊ ဘေးသင့်ခြင်း၊ ကျိုးပဲ့ပျက်စီးခြင်း၊ အဆိပ်သင့်ခြင်း၊ ရောဂါရောက်ခြင်း၊ ပူပန်ခြင်း၊ စိုးရိမ်ခြင်း၊ အရပ်တပါးသို့ ရောက်ခြင်းတို့ကို ပြုတတ်၏။

၉။ သောကြာ၏သထူလဂ္ဂိုဟ် ဒသာစားမှု၊ ပညာ၏ပြန့်ပွားခြင်း၊ နှုးညံ့ခြင်းကိုရခြင်း၊ တင့်တယ်စံပယ်သော မိန်းမကိုရခြင်း၊ ထီးဖြူဆောင်းသော မင်း၏အပူအဇော်ကိုခံရခြင်း၊အရာရခြင်း၊ ဆင်မြင်းရခြင်း၊ ဥစ္စာ၏ပြည့်စုံခြင်း၊ နှလုံးအလို၏ ပြည့်စုံခြင်း၊ မင်း၏ အဆုံးအဖြတ်အမှတ်ရခြင်းတို့ကို ဖြစ်စေတတ်၏။

နက္ခတ္တိက သထူလဂ္ဂိုဟ်ဒသာစားအဓိပ္ပါယ်ပြီး၏။

နိဂုံး

၁။ ရန်ကုန် ဋ္ဌတိပုရေ ရမ္မေ၊
ဝသန္တေန ဟိတေသိနာ။
ဗေဒဝိဇ္ဇာဆရာကြီးတိ၊
ပါကဋေန မဃာ ကတာ။

၂။ ယံ လဒ္ဓံ ဋ္ဌမိနာ ပုညံ၊
အညမ္ပိ သဉ္စိတံ မယာ။
ဋ္ဌဣဣတ္တ မမ သက်ပ္ပါ၊
သဗ္ဗေသဥ္စ အသေသတော။

၁။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ကောင်းသော။ ရန်ကုန်ဋ္ဌတိပုရေ၊ မဟာဒုတိယ ဆံတော်လှသည့် ရန်ကုန်ရွှေမြို့တော်ကြီး၌။ ဟိတေသိနာ၊ လောကုတ် လောကီ နှစ်လီစီးပွါး အကျိုးများကို မနားမနေ ရှာဖွေစုဆောင်းလျက်။ ဝသန္တေန၊ ရှင်ပျော်သမှု နေထိုင်ခြင်းပြုလေ့ရှိသော။ ဗေဒဝိဇ္ဇာ ဆရာကြီးတိ၊ ဗေဒဝိဇ္ဇာဆရာကြီးဟူ၍။ ပါကဋေန၊ သတင်းစာရောက်ရာ နိုင်ငံအရပ်ရပ်တို့၌ပင် ထင်ရှား ကျော်ကြားခြင်း ရှိသော။ မဃာ၊ ယင်းအမည်နှင့် မြန်ပြည်အတွင်း ကျော်ခြင်း, ကျော်လာ အကျွန်ုပ် ဗေဒဝိဇ္ဇာဆရာကြီးသည်။ ကတာ၊ စီစဉ်သမှုစက်တင်ပုံနှိပ်ခြင်းကို ပြုအပ်လေပြီ။

၂။ မယာ၊ ဗေဒဝိဇ္ဇာ သညာတွင်ပြီး အကျွန်ုပ် ဆရာကြီး သည်။ ဣမိနာ၊ ဤ ဗေဒဝိဇ္ဇာလင်္ကာရကျမ်းကို ကြိုးပမ်းသမျှ ရေးသားစီရင်ရသောကောင်းမှုကြောင့်။ ယံပုညံ၊ အကြင်ကုသိုလ် အထူးကို။ လဒ္ဓံ၊ ရအပ်ပေပြီ။ အညမ္ပိ၊ ဤမှတပါး များပြားလှ စွာသော ကုသိုလ်ကောင်းမှု အစုစုကိုလည်း။ သဉ္စိတံ၊ ဆည်းပူး အပ်ခဲ့လေပြီ။ အနေန၊ ဤဆိုခဲ့သမျှ အဝဝသော ကုသိုလ် ကောင်းမှုကြောင့်။ မမ၊ အကျွန်ုပ်ဗေဒဝိဇ္ဇာဆရာကြီး၏။ သက်ပွါ၊ ကောင်းမြတ်သော အကြံအစည်ဟူသမျှတို့သည်။ ဣဇ္ဈန္တု၊ မကြာ မတင် ပြည့်ဝစုံလင် ပါစေကုန်သတည်း။ သဗ္ဗေသဉ္စ၊ ခပ်သိမ်း များစွာ သတ္တဝါဟူသမျှ အနန္တတို့၏လည်း။ သက်ပွါ၊ ကြံစည် သမျှ လိုဆန္ဒတို့သည်။ အသေသတော-အသေသေန၊ အကြွင်း မရှိသောအားဖြင့်။ ဣဇ္ဈန္တု၊ လုံးဝပြည့်မြောက်အောင်မြင်ခြင်းသို့ ရောက်ကြပါစေကုန်သတည်း။ ။

ဗေဒဝိဇ္ဇာဆရာကြီး

ရန်ကုန်မြို့။

မေဒဝီဏ္ဍလက်ာရကျမ်း